


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မင်းသိခ်

## အားပုလင်းနှင်းမောင်

နှင့်

## ဘမျိုး ဘိုးတူ ဘယ်သန်ဘမှန်

(ဒုတိယပိုင်း)

(တတိယအကြိမ်)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၃၄/၂၀၀၃ (၃) |
| ဂ်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၈၁၄/၂၀၀၃ (၇) |
| | | တတိယအကြိမ် |
| | | ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | - | ၅၀၀၀ |
| တန်ဖိုး | - | ၉၉၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |
| အတွင်းပန်းချီ | - | နေကြည် |
| မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း | - | ရဲထွန်း |
| ကွန်ပျူတာစာစီ | - | Deep Blue (၃၃) လမ်း |
| အတွင်းဖလင် | - | မျိုးဝင်းကျော်၊ လမ်း (၄၀) |
| စာအုပ်ချုပ် | - | ရွှေဝါ၊ ၁၁၄ လမ်း |
| ထုတ်ဝေသူ | - | မနောစာရိုတာစဉ် |
| | | ဦးအောင်ထွန်း (မြ-၀၀၉၅၂) |
| | | မြို့မ (၁)၊ ပေါ်တော်မူလမ်း၊ |
| | | မှော်ဘီမြို့နယ်၊ |
| မျက်နှာဖုံး | - | ဦးအောင်မြင့်ဦး (မြ-၀၁၅၀၃) |
| နှင့် | | သိန်းသန်းဦးပုံနှိပ်တိုက် |
| အတွင်းပုံနှိပ် | | ၃၄ လမ်း၊ ရန်ကုန်မြို့။ |




## ထောင်ထဲသို့ပေးပို့သော ဦးလောစံ၏စာများ

မောင်ကောင်းတုံနှင့် မောင်ကောင်းစံတို့မှာ ထောင်ကျသွားကြပြီဖြစ်၏။ မောင်ကောင်းစံမှာမူ ပြစ်မှုများသောကြောင့် ထောင်(၁၀)နှစ်ပင်ကျ၏။ မောင်ကောင်းတုံမှာမူ အမှုနည်းသောကြောင့် ထောင်(၅)နှစ်သာ ကျလေ၏။

ကောင်းစံမှာ အင်းစိန်ထောင်၌သာနေရ၏။ မောင်ကောင်းတုံမှာမူ သာယာဝတီထောင်တွင်နေရ၏။ ၎င်းတို့ဆရာကြီးဦးလောစံမှာကား ပန်းထိမ်အလုပ်ကို လုပ်၍မဖြစ်တော့သောကြောင့် ဝက်သားပေါက်စီ၊ ပဲပေါက်စီ စသည်ဖြင့် ပေါက်စီများလုပ်ကာ ပင်ပန်းဆင်းရဲစွာ အသက်မွေးရရှာလေ၏။

ဦးလောစံသည် ၎င်း၏တပည့်များထံသို့ တစ်နှစ်လျှင် တစ်ကြိမ်ကျ စာပို့လေ၏။ ထိုပို့ခဲ့သော စာများအနက် မောင်ကောင်းတုံရသောစာလေးစောင်ကို ဖော်ပြရန်လိုပေသည်။

လာဘ်ရိုးမွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှုထားလေး ခေါင်တောင်းတုံ

ငါတတော့ ပန်းထိမ်အလုပ်ကို လုပ်လို့မဖြစ်တော့ဘူးကွ။ ငါ့ကို ယ်သူမှလည်း မယုံကြည်တော့ဘူး။ ဒါကြောင့် ငါ အခု ပေါက်စီ ရောင်းနေတယ်။ ငါတတ်ထားတဲ့ ဆေးပညာနဲ့ ဆေးဆိုင်ဖွင့်ပြီး ဆေး ဝရာကြီးလုပ်ရင် ရပါတယ်။ ကြီးပွားမှာလည်း အမှန်ပါပဲ။ ဒါပေမယ့် အဲဒီပညာကို ငါသင်ခဲ့စဉ်ကပင် ကတိတစ်ခု ဆရာ့ဆီမှာပေးထားခဲ့ရ တယ်။ အဲဒီကတိကတော့ အဲဒီပညာနဲ့ ငွေမရှာပါဘူး ဆိုတာပေါ့ကွာ။ တော့ တစ်ဝမ်းတစ်ခါးစားရရုံပဲ ဝက်သားပေါက်စီ၊ ပဲပေါက်စီ လုပ်နေ တယ်ပေါ့။

အဲဒီတော့ မင်းဆီကို ပေါက်စီဆုံးမစာရေးပေးလိုက်တယ်။

၁။ ပေါက်စီဆိုတာ လုပ်ပြီးတာနဲ့ လုပ်တဲ့သူကိုယ်တိုင်က စားကြည့် ရတယ်။ ဒီလိုပဲ ကိုယ်လုပ်တဲ့အလုပ်ကို ဟုတ်-မဟုတ် ဘယ် နေရာမှာပဲဖြစ်ဖြစ် သုံးသပ်ရတယ်။

၂။ ပေါက်စီဟာ သိပ်ပြီးငယ်နေရင် နည်းနည်းကလေး ကြီးကြီး ဖြစ်အောင် လုပ်ရတယ်။ ဒီလိုပဲကွ။ လူဆိုတာ ဝီရိယနည်းနေ တယ်လို့သိရင် နည်းနည်းပိုပြီး ဝီရိယထုတ်ရတယ်။ ဝီရိယ





နည်းတဲ့လူအတွက် အတတ်ပညာလည်း မဖြစ်နိုင်ဘူး။ အတတ်ပညာမဖြစ်တဲ့လူအတွက် စီးပွားဥစ္စာလည်း မဖြစ်နိုင် ဘူး။ စီးပွားဥစ္စာမဖြစ်နိုင်တဲ့လူအတွက် အဆွေခင်ပွန်းကောင်း လည်း မရနိုင်ဘူး။ အဆွေခင်ပွန်းကောင်းမရှိတဲ့လူဟာ ကောင်းမွန်စွာ မတည်တံ့နိုင်ဘူး။

၃။ ကိုယ်လုပ်တဲ့ပေါက်စီဟာ နည်းနည်းကြီးနေရင်တော့ နည်း နည်းသေးအောင် လုပ်ရတယ်။ အဲဒီလိုမလုပ်ရင် အမြတ်ရှိ တော့မှာ မဟုတ်ဘူး။ အဲဒီလိုပဲကွ။ လောကမှာလည်း ‘ဝီရိယ လွန် တွန့်ဖြစ်’ ဆိုတဲ့စကား မင်းကြားဖူးတယ်မဟုတ်လား။ အေး. . ဝီရိယဆိုတာလည်း သူ့နေရာနဲ့သူပဲကွ။

၄။ ကိုယ်လုပ်တဲ့ ပေါက်စီဟာ အချိုးမကျလို့ ပျက်သွားပြီဆိုရင် လွှင့်ပစ်ရတယ်ကွ။ ရောင်းတဲ့အထဲ ထည့်လို့မဖြစ်ပေဘူး။ တော်တော်ကြာ ဝယ်တဲ့လူတွေက ပေါက်စီအပျက်လေးတစ် လုံး စားမိတာနဲ့ “အလကားပါ။ ဒီလူကြီးပေါက်စီတွေဟာ မကောင်းပါဘူး” လို့ ပြောကြလိမ့်မယ်။ ဒီလိုပဲကွ။ လူလောက မှာလည်း မကောင်းတဲ့အကျင့်ဆိုး တစ်ခုတလေ ကိုယ့်မှာရှာလို့ တွေ့ရင် အဲဒီအကျင့်ဆိုးကို အမြန်ဆုံးစွန့်ပစ်ရတယ်။

www.burmeseclassic.com



၅။ အစာနည်းတဲ့ပေါက်စီဆိုရင် လူမကြိုက်ဘူးကွ။ အစာများများ ထည့်ရတယ်။ ဒီလိုပဲကွ။ လောကကြီးမှာလည်း ဘာကိုပဲလုပ်လုပ် ဉာဏ်ကိုဒွာပနာသွပ်ပြီးလုပ်ရမယ်။ ဉာဏ်ဒွာပနာနည်းနေရင်တော့ နေရာမကျပေဘူးပေါ့။

၆။ ပေါက်စီတွေထားတဲ့အခါမှာလည်း တစ်လုံးနဲ့တစ်လုံး သိပ်ပြီးကပ်ထားလို့မရဘူး။ နည်းနည်းခွဲထားရတယ်။ အဲဒီလိုမလုပ်ဘူးဆိုရင် ပေါက်စီတွေဟာ တစ်ခုနဲ့တစ်ခု ပူးကပ်ကုန်ရောကွ။ အဲဒီလိုပဲကွ။ ငလောကကြီးမှာလည်း ဘာကိုပဲလုပ်လုပ် သူ့ကဏ္ဍနဲ့သူ ပိုင်းပိုင်း ခြားခြားရှိရမယ်။ အကုန်လုံးရောပစ်လို့ မရဘူး။

၇။ အလုံးကြီးပြီး မျက်နှာပန်းလှတဲ့ ပေါက်စီတွေကိုတော့ တခြားပေါက်စီတွေနဲ့ရောပြီး ပုံးထဲမှာထည့်ထားလို့မဖြစ်ဘူး။ လူမြင်ကွင်းကို ထုတ်ရတယ်။ ပုံးရဲ့အဖုံးပေါ်မှာတင်ပြီး လူမြင်အောင် တမင်ပြထားရတယ်။ ဒါမှလည်း မြင်တဲ့လူတွေက စားချင်စိတ်ပေါ်လာမှာပေါ့ကွာ။ အဲဒီလိုပဲကွ။ လူ့လောကကြီးထဲမှာလည်း ကိုယ့်မှာရှိတဲ့ ကောင်းမြတ်တဲ့အရည်အချင်းတွေကို တိမ်မြှုပ်အောင် လုပ်မထားရဘူး။ ဖော်ထုတ်ပေးရတယ်။





တဲ. . အဲဒီတော့ ကောင်းတဲ့ရေ။

ကမ္ဘာလောကကြီးကို ဝက်သားပေါက်စီ၊ ပဲပေါက်စီလို သဘောထားစမ်းပါ။

ပေါက်စီသည်ကြီး

ဦးလောစံ

မောင်ကောင်းတုံသည် ၎င်း၏ဆရာကြီးဦးလောစံ၏ 'ပေါက်စီဆုံးမစာ' ကို ကြေကြေညက်ညက် ဖတ်ရှုလိုက်နာခဲ့လေ၏။

*****

နောက်တစ်နှစ်၌မူ ဦးလောစံသည် ပေါက်စီရောင်း၍ မကောင်းသောကြောင့် ကလေးများကို တစ်အိမ်တက်ဆင်းလှည့်လည်၍စာသင်ပေး၏။ ကလေးမိဘများသည် ၎င်းတို့၏ကလေးများကို စာသင်ခိုင်းသော်လည်း ရိုက်နှက်ဆုံးမခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းကို မကြိုက်ရကား "ဦးလောစံကို စာသင်ဖို့တော့ သဘောတူပါတယ်။ ကလေးကို ရိုက်တာလည်း မကြိုက်ဘူး။ ဒဏ်ပေးတာလည်း မကြိုက်ဘူး။ အော်တာ ငေါက်တာလည်း မကြိုက်ဘူး။ ကျွန်မတို့ကလေး ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ကလေးထို အလိုလိုက်ပြီး သင်နိုင်မယ်ဆိုရင် ဦးလောစံကို စာသင်ခိုင်းပါ့မယ်။ ညနေတိုင်းလာပေါ့" ဟု ပြောဆိုတတ်ကြလေ၏။

ထိုအခါ ဦးလောစံက "ဒီလိုဆိုရင်လည်း စိတ်ချပါဗျာ။ ကျုပ်က အလိုလိုက်ပါ့မယ်" ဟု ပြောဆို၍ အလုပ်ကိုလက်ခံလေ၏။ ထိုနှစ်တွင် ဦးလောစံသည် မောင်ကောင်းတုံထံသို့ အောက်ပါစာကို ရေးလိုက်လေ၏။

**လူ့တလေး မောင်ကောင်းတုံ**

ငါ အခု ပေါက်စီမရောင်းတော့ဘူးကွ။ တစ်အိမ်တက်ဆင်းနဲ့ ကလေးတွေကို ကျူရှင်လိုက်ပြီးသင်ပြပေးနေတယ်။ သင်ပြပေးတယ်ဆိုပေမယ့် တကယ်သင်ပေးရတာမဟုတ်ဘူးကွ။ ကလေးမိဘတွေဟာ သူတို့ကလေးကို တကယ်သင်ရင် မကြိုက်သလိုပဲ။ တကယ်သင်ပြီဆိုဘာက ဒီလိုလေကွာ။ တကယ်သင်လို့ တကယ် စာမရဘူးဆိုရင် ကလေးကို ရိုက်သင့်ရင်ရိုက်ရမယ်၊ ဒဏ်ပေးသင့်ရင်ပေးရမယ်၊ အော်သင့်ရင် အော်ရမယ်၊ ငေါက်သင့်ရင် ငေါက်ရမယ်မဟုတ်လား။ ဒါပေမယ့် ကလေးမိဘတွေက အဲဒီလိုလုပ်ရင် မကြိုက်ဘူးကွ။ အဲဒီတော့ တကယ်မသင်ပါနဲ့လို့ ပြောတာနဲ့ အတူတူပေါ့ကွာ။ အဲဒါကြောင့် ငါလည်း ကျူရှင်ဆရာဆိုပေမယ့် တကယ်သင့်တဲ့ဆရာ မဟုတ်ဘူးကွ။ အလိုလိုက်





တဲ့ဆရာကြီးကွ။ ကလေးအလိုလိုက်နည်းကလည်း ကြည့်တော့ လွယ်မလိုလိုနဲ့ အတော်ခက်တယ်ကွ။

အေး. . ငါကတော့ တလေး အလိုလိုက်နည်းကို ပြောပြချင်သေးတယ်။ ကလေးဆိုတာ မိဘအမျိုးမျိုးကဆင်းသက်လာတော့ စရိုက်အမျိုးမျိုး၊ အကျင့်အမျိုးမျိုး ပါတယ်ကွ။ အဲဒီတော့ သူတို့ကို အလိုလိုက်ပုံလိုက်နည်းကလည်း အမျိုးမျိုးပဲကွ။

၁။ တချို့ကလေးကလည်း မိတ်ဆွေနဲ့တူတဲ့ကလေးမျိုးကွ။ ဒုက ဒုက္ခမပေးလှဘူး။ သူ့ကိုတော့ သူသိချင်တာကလေးတေ အမှန်အတိုင်းပြောပြခြင်းနဲ့ပဲ အလိုလိုက်ရတယ်ကွ။ ဒီလိုပေါ့။ လူ့လောကကြီးမှာ သူတစ်ပါးရဲ့အလိုကိုလိုက်ပြီး လုရတဲ့အခါမျိုးလည်း ရှိတယ်ကွ။

၂။ တချို့ကလေးကတော့ လောဘအိုးကလေးကွ။ သူတစ်ခဲဖျက်ကို လိုချင်တယ်။ ခဲတံကို ယူချင်တယ်။ သူတစ်ပါးဆိုဟာဆိုရင် ဘာမဆိုလိုချင်တဲ့ ကလေးမျိုးလည်းပါဘယ်။ အဲလိုလောဘအိုးကလေးမျိုးကိုတော့ စတ္တူအရုပ်လှလှတတေတွေ၊ သကြားလုံးကလေးတွေပေးပြီး အလိုလိုက်ရတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲကွ။ လောကကြီးမှာလည်း ပေးသင့်တာပေး၊ ကျွေးသင့်တာကျွေးပြီး လုပ်ရတဲ့အလုပ်မျိုးလည်း ရှိသေးတယ်။

၃။ တချို့ကလေးကျတော့ သူတစ်ပါးကိုခိုင်းချင်တဲ့ ကလေးမျိုးလည်း ပါသေးတယ်။ စာမရေးတတ်လို့ ရေးပေးပါ၊ မြေပုံမဆွဲတတ်လို့ ဆွဲပေးပါဆိုတာမျိုး လုပ်တတ်သေးတယ်။ အဲဒီကလေးမျိုးကျတော့လည်း ကိုယ်ကပဲ ရေးပေး၊ ဆွဲပေးခြင်းနဲ့ အလိုလိုက်ရတယ်။ ဒီလိုပဲကွ။ လူ့လောကမှာလည်း ခိုင်းတာကို လုပ်ပြီးပေးရတဲ့ အခြေအနေမျိုးရောက်ရင်လည်း ကျကျနပ်နပ်ကြီး လုပ်ပေးရတတ်တယ်။

၄။ တချို့ကလေးကျတော့ သိပ်ပြီး ဒေါသကြီးတယ်ကွ။ သူတစ်ပါးကို ပေတံနဲ့ရိုက်ချင်တယ်၊ ကိုက်ချင်တယ်၊ ကုတ်ဆွဲချင်တယ်ဆိုတဲ့ ကလေးမျိုးလည်း ပါသေးတယ်။ အဲဒီကလေးမျိုးကိုတော့ "ဒီကောင်ကလေး အရင်လိုမဟုတ်တော့ဘူး။ တော်လာပြီ၊ ကောင်းလာပြီနဲ့ မြှောက်ပင့်ပြောဆိုပြီး အလိုလိုက်ရတယ်ကွ။ အဲဒီလိုပဲကွ။ လောကကြီးမှာလည်း အမြှောက်ကြိုက်တဲ့လူတွေက များတယ်။ အဲဒါကို သဘောပေါက်ထားစမ်းပါ။





၅။ တချို့ကလေးကျတော့ တကယ့်ကို စတတ်ချင်တာကွ။ သူတို့ကျတော့ သေသေချာချာသင်ပေးရတယ်။ ဒီကလေးမျိုးကျတော့ ရှားပါးပါတယ်။ အဲဒီလိုပဲကွ။ လောကကြီးမှာ အမှန်အတိုင်း လုပ်ရမယ့်နေရာမျိုးတွေလည်း ရှိတယ်။ အဲဒီအခါမျိုးမှာ အမှန်တကာ့အမှန်ဆုံးကို လုပ်ပေးပါ။

ကလေးတွေကို အလိုလိုက်သလို ဦးစွာသောလူတို့ရဲ့ အလိုကိုလိုက်တတ်စမ်းပါကွာ။

ကလေးအလိုလိုက်သော
ဆရာ ဦးလောစံ

BURMESE CLASSIC .com

*****

နောက်တစ်နှစ်တွင်မူ ဦးလောစံသည် ကျောင်းဆရာလုပ်ကိုမလုပ်တော့ဘဲ ကြုံရာကျပန်းအလုပ်များဖြင့် အသက်မွေးကျောင်းပြုနေလေ၏။ ထိုနှစ်ကလည်း မောင်ဘကောင်းတို့ထံသို့ စာစောင်ရောက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကလေး မောင်တောင်းတို့

ငါကတော့ ဘာမှ မည်မည်ရရမလုပ်တော့ဘူး။ ကြံ့ရာကျပန်း အလုပ်လုပ်စားနေတယ်။ မင်းကို မှာချင်တာကတော့. .

ဆုပ်ကိုင်ထားတာတွေကို လွှတ်ချလိုက်ပါ။

ပေါ့ပါးလွတ်လပ်သွားလိမ့်မယ်။

ဘာမဆို လွှတ်ချနေသူ

ဦးလောစံ

*****

ထိုနှစ်ပိုင်း၌မူ ဦးလောစံသည် မြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ ပန်းထိမ်လုပ်ငန်းကို ပြန်လည်၍လုပ်ကိုင်လေ၏။ အလုပ်သမားတစ်ယောက် ငှားထားပြီးလျှင် ပေါက်စီလုပ်ငန်းကိုလည်း လုပ်ကိုင်လေ၏။ ညနေပိုင်းသို့ရောက်သောအခါ၌မူ အိမ်၌ပင် ညကျောင်းကလေးဖွင့်၍ ကလေးများကို စာပြလေ၏။

ထို့ပြင် တနင်္ဂနွေနေ့တိုင်း အလုပ်များပိတ်၍ လူနာများကို လက်ခံကာ ဆေးဝါးကုသခြင်းလုပ်ငန်းကိုလည်း ဇီဝိတဒါနသဘောဖြင့် လုပ်ကိုင်လေ၏။ ဦးလောစံ၏အိမ်၌ တနင်္ဂနွေနေ့ဆိုလျှင် လူနာများ





ပြည့်ကျပ်နေ၏။ ဦးလောစံသည် အရိုးကျိုး၊ အရိုးကြေ၊ အကြောတင်၊ အကြောကပ်ဝေဒနာများကို နိုင်နိုင်နင်းနင်းကုသနိုင်သည့်အလျောက် တနင်္ဂနွေနေ့တိုင်း ထိုလူနာများ စုပြုံရောက်ရှိနေတတ်၏။

ထိုနှစ်တလည်း ဦးလောစံသည် မောင်တောင်းတို့ထံသို့ စာတစ်စောင်ပို့လိုက်သေး၏။ စာမှာ အောက်ပါအတိုင်းပင် ဖြစ်ပေသည်။

လူကလေး မောင်တောင်းတို့

လွှတ်ချထားတဲ့အရာတွေရှိရင် ပြန်ပြီးကောက်ထားပါ၊ ဒါမှလည်း ကိုယ့်မှာ ပြည့်ပြည့်စုံစုံရှိမှာပေါ့။ အကုန်လုံးလွှတ်ချထားဘယ်ဖြစ်မလဲ။ ဒါကို သဘောပေါက်စမ်းပါ။

ပြီးတော့ ငါဟာ အခုအခါမှာ တစ်ပတ်ကိုတစ်ခါဆိုသလို အရိုးကျိုးတဲ့လူနာတွေကို ကုသပေးနေတာဆိုတော့ မင်းကို အရိုးနဲ့ပတ်သက်တဲ့ ဗဟုသုတကလေး ပေးချင်သေးတယ်။

အရိုးဆိုတာ သူ့ဘာသာသူ တိုးရှည်ထွက်တတ်တဲ့သဘောရှိတယ်။ အင်္ဂလိပ်လိုတော့ *Elongation* လို့ခေါ်တယ်။ သစ်ပင်ကသစ်ကိုင်း၊ သစ်ခက်တွေ ရှည်ထွက်လာသလိုပဲပေါ့ကွာ။ အရိုးကျိုးသွားရင်လည်း အဲဒီအရိုးကျိုးနှစ်ခုကို ထိပ်ချင်းတည့်ပေးလိုက်ရုံပဲပေါ့ကွာ။ သူ့ဘာသာသူ ဆက်သွားတယ်။ ဒီလိုပဲ။ လူ့သဘာဝဟာ သူ့ဘာသာသူ



www.burmeseclassic.com

www.burmeseclassic.com



တိုရှည်ဆန့်တဲ့သဘောရှိတယ်။ အတိတ်နဲ့ အနာဂတ်ဟာ ကျိုးသွားတဲ့ အရိုးနှစ်ချောင်း ဆက်သလိုပဲ။ သူ့ဘာသာသူ ရှည်ထွက်ပြီး ဆက်သွားတယ်၊ ဒါပေမယ့် အရိုးနှစ်ချောင်းရှည်ထွက်ပြီး ဆက်သလိုတော့ အချိန်မကြာဘူး။ သိပ်မြန်လွန်းတယ်။ ဒါကြောင့် တို့တစ်တွေဟာ အဲဒီ အတိတ် အနာဂတ်တို့ရဲ့ တိုးရှည်ထွက်ပြီး ဆက်စပ်နေတဲ့ကြားထဲက ပစ္စုပ္ပန်ခိုင်တာပေါ့။

အရိုးကုဆရာကြီး
ဦးလောစံ

မောင်ကောင်းတုံသည် ထောင်ငါးနှစ်ကျသည်ဆိုသော်လည်း ဗျွှားရက်ရသောကြောင့် လေးနှစ်နှင့်ပင် ထောင်ကလွတ်လေ၏။

ထို့ကြောင့် ဦးလောစံ၏ တစ်နှစ်တစ်ကြိမ်ပေးသော ပေးစာ 'လေးစောင်' ကိုသာ ဖတ်ရလေ၏။ ကောင်းစံမှာလည်း ထိုနှစ်၌ပင် ထောင်က ထွက်ရလေ၏။ ထောင်ကထွက်ရသည်ဆိုသော်လည်း မောင်ကောင်းတုံကဲ့သို့ လျှော့ရက်ဖြင့် လွတ်လာခြင်းမဟုတ်။ ထောင်ကို ဖောက်၍ ထွက်ပြေးခြင်းဖြစ်၏။

ထို့နောက် ကောင်းစံသည် မြစ်ဝကျွန်းပေါ်ဘက်ရှိ စိမ်းလန်းစိုပြည်သောတောအုပ်များ၌ ခိုအောင်းကာ ၎င်း၏စာပည့် လူဆိုးလူမိုက်





များကို ပြန်လည်စုစည်းပြီးလျှင် အစွမ်းကုန် ဆိုးသွမ်းနေလေတော့၏။ အင်္ဂလိပ်အစိုးရသည် ကောင်းစံအတွက် ဝရမ်းထုတ်ထား၏။ အထူးစုံထောက်များလွှတ်၍ ကောင်းစံ၏သတင်းအား စုံစမ်းခဲ့လေ၏။

ကောင်းစံသည် တစ်စတစ်စ အတင့်ရဲလာကာ ဓားပြတိုက်သည့်အခါများ၌ ခါတိုင်းကဲ့သို့ အလစ်ဝင်၍တိုက်ခိုက်ခြင်းမဟုတ်ဘဲ ရပ်ရွာလူထု အားတိုးအားထားပြုနေရသော ပုလိပ်ဂါတ်များသို့ 'ကောင်းစံ ဘယ်နေ့ဘယ်ရက် ဘယ်သူ့အိမ်ကိုတိုက်မည်' ဟူ၍ စာပို့ပြီးမှ တိုက်ခိုက်ကြလေ၏။

အစပထမပိုင်းတွင် ပုလိပ်များသည် ထိုစာကို အယုံအကြည်မရှိ၍ အမှတ်မထင်နေခဲ့ရာ ကောင်းစံက တကယ်ဝင်ရောက်၍ ဓားပြတိုက်သောအခါ၌ ကောင်းစံတို့လူစုအား ဖမ်းဆီးခြင်းမပြုနိုင်ခဲ့ပေ။ နောင်အခါတွင်မူ ကောင်းစံထံမှ စာရလျှင် ဂါတ်များမှ ပုလိပ်များသည် အမှုမဲ့အမှတ်မဲ့ မနေရဲတော့ဘဲ အထူးဝရှုစိုက်ကြရတော့၏။

ထို့ကြောင့် ငွေကြေးချမ်းသာသူတို့သည် ကောင်းစံ၏ ရန်ကို ကြောက်နေကြရလေ၏။ ထိုသို့ ကြောက်နေသည့်လူများထဲတွင် မြစ်ဝကျွန်းပေါ်မြို့ကြီးတစ်မြို့မှ ဦးပြည်စုံဝတူသည့် အရေးပိုင်ဟောင်းကြီးတစ်ဦးလည်း ပါဝေ၏။ ထိုအရေးပိုင်ဟောင်းကြီးသည် အရေးပိုင်ရာထူးရခဲ့စဉ်က မည်မျှရိုင်းသားခဲ့သည် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



**ထိုရာထူးမှ နုတ်ထွက်၍** အနားယူသောအခါတွင် ထိုမြို့၌ **အချမ်းသာဆုံးသောလူတစ်**ယောက် ဖြစ်နေသည်ဟူ၏။ ဦးပြည့်ဝသည်**လည်း ဝရမ်းပြေးဓားပြ**ကြီးကောင်းစံကို ကြောက်လန့်နေပေ၏။ ထိုသို့ **ကြောက်လန့်နေစဉ်**၌ပင် ကောင်းစံသည် မည်သည့်ရပ်ကွက်မှ မည်**သည့်အိမ်**ကို ဓားပြတိုက်မည်ဟု ဂါတ်သို့ စာပို့လေ၏။

ဂါတ်မှပုဂ္ဂိုလ်များလည်း ထိုအိမ်သို့သွား၍ တစ်ညလုံး စောင့်ကြပ်နေရ၏။ သို့ရာတွင် မည်သည့်ဓားပြမှမလာဘဲ အိပ်ရေးပျက်စွာဖြင့် ပြန်လာခဲ့ရလေ၏။

တစ်ဖန် နောက်တစ်နေ့၌လည်း ဂါတ်သို့ စာတစ်စောင်ရောက်နေပြန်၏။ ပုလိပ်များလည်း သွား၍စောင့်ကြရပြန်၏။ ဓားပြများမလာသောကြောင့် အိပ်ရေးပျက်၍ ပြန်ခဲ့ကြရပြန်၏။

ဤသို့လျှင် ကောင်းစံသည် ပုလိပ်များအား တစ်ပတ်တိတိ ညှဉ်းဆဲခဲ့ရာ ပုလိပ်များလည်း ကောင်းစံ၏စာကို အယုံအကြည်မရှိဖြစ်၍လာလေ၏။ ထိုအခါ၌ ကောင်းစံသည် ဂါတ်သို့ စာတစ်စောင် ပို့ပြန်လေ၏။

> ဒီနေ့ည ဦးပြည့်ဝအိမ်ကို **ဓားပြတိုက်မယ်၊ စောင့်နေပါ။**
>
> ကောင်းစံ





ဟူသည့်စာကို ကောင်းစံသည် ဂါတ်သို့ ပို့လေ၏။ ပုလိပ်များလည်း တစ်ပတ်လုံးလုံး အိပ်ရေးပျက်ခဲ့ပြီးဖြစ်သောကြောင့်တစ်ကြောင်း၊ ကောင်းစံ၏စာကို အယုံအကြည်မရှိတော့သည်ကတစ်ကြောင်းကြောင့် ဦးပြည့်ဝအိမ်သို့ သွားရောက်စောင့်ကြပ်ခြင်း မရှိတော့ပေ။

ထိုအခါကျမှပင် ကောင်းစံသည် ဦးပြည့်ဝအိမ်သို့ အမှန်တကယ်ပင် ဓားပြတိုက်လေ၏။ ဦးပြည့်ဝ၏ တစ်သက်ပတ်လုံး အရေးပိုင်မင်းအဖြစ်ဖြင့် ရှာဖွေထားသော စိန်ရွှေပစ္စည်းအားလုံးကို ကောင်းစံက တစ်ခုမကျန်ယူသွားသည့်အပြင် အိမ်ရှိလူများကိုလည်း နှိပ်စက်ညှဉ်းပန်းသွားသေးတော့၏။

ထို့ကြောင့် ဦးပြည့်ဝသည် လွန်စွာစိတ်ဆင်းရဲ၍နေလေ၏။ ဦးပြည့်ဝတစ်ယောက် ဓားပြတိုက်ခံရ၍ မွဲပြာကျသွားသောသတင်းသည် တောမီးပမာ ပျံ့နှံ့သွားလေ၏။

ထိုသတင်းသည် မည်သို့မည်ပုံ ပျံ့နှံ့သွားသည်မသိပေ၊ ဦးပြည့်ဝနှင့် လွန်**စွာဝေးသောမြို့**တစ်မြို့၌ နေထိုင်နေသည့် ဦးလောစံထံသို့ပင် တစ်ဆင့်**တစ်ဆင့် ဇယ်ဆက်သ**ကဲ့သို့ ရောက်ရှိသွားသေးတော့၏။

ထိုအခါ ဦးလောစံသည် **အရေးပိုင်မင်းဟောင်းဦးပြည့်ဝထံသို့** အောက်ပါစာတစ်စောင်ကို **ရေးသားပေးပို့လိုက်လေတော့၏။**



www.burmeseclassic.com

www.burmeseclassic.com



**အရေးပိုင်မင်း ဦးရှည့်ဝခင်ဗျား**

**မိတ်ဆွေကြီးရဲ့**အိမ်ကို ဓားပြတိုက်သွားတယ်လို့ သိရပါတယ်။ **သိရလို့ ဒီစာကိုရေး**လိုက်ပါတယ်။ အခုလောက်ဆိုရင် မိတ်ဆွေကြီးဟာ **ဓားပြခေါင်းဆောင်** ကောင်းစံကို ကျိန်ဆဲနေမှာအမှန်ပဲ။ ကျိန်ဆဲမနေ **ပါနဲ့ခင်ဗျာ။** အဲဒီ ကောင်းစံဆိုတာ ခင်ဗျားရဲ့သားအရင်းပါပဲ။ လောက**ကြီး**မှာ ဒီလို မဖြစ်သင့်တဲ့အဖြစ်အပျက်တွေ ဘာကြောင့်ဖြစ်တယ်ဆို တာတော့ မိတ်ဆွေကြီး သိမှာမဟုတ်ဘူး။ အဲဒီအဖြစ်အပျက်ရဲ့ မြစ်ဖျား ခံရာကို စပြီးပြောရရင် ခင်ဗျားဟာ အရေးပိုင်မင်းရာထူး ရတုန်းက မဏ္ဍပ်ကြီးထိုးပြီး အလှူကြီးတစ်ခုကျင်းပခဲ့တာကို မှတ်မိပါလိမ့်မယ်။ အဲဒီအလှူမှာ ခင်ဗျားမိန်းမဖိတ်ထားလို့ လာပြီးစားတဲ့ ဆင်းရဲနွမ်းပါးတဲ့ လူတစ်ယောက်ကို မောင်းထုတ်ပြီး အရှက်ရအောင်လုပ်ခဲ့တယ်မဟုတ် လား။ အဲဒီလူက ငန်းမြွေလို အငြိုးအမှတ်ကြီးတဲ့သူတစ်ယောက် ဖြစ် လေတော့ ခင်ဗျားရဲ့သားလေးကို ခိုးယူသွားတယ်လေ။

အဲဒီသားကလေးဟာ အခု ခင်ဗျားအိမ်ကို ဖိတ်စာမပို့ဘဲ ရောက်လာတဲ့ ဓားပြခေါင်းဆောင် ကောင်းစံပေါ့ဗျာ။ ဒီဘဝမှာဖြင့် ခင်ဗျားက ကျုပ်ကို တစ်ကြိမ် အရှက်ရစေခဲ့တယ်။ ကျုပ်က ခင်ဗျားကို ပြန်ပြီး ဒုက္ခပေးတယ်။ ကျေပါပြီ မိတ်ဆွေ။ ဒါပေမယ့် ကျုပ် နောက်ဆုံး ပြောချင်တာကတော့ လက်စားချေခြင်းဆိုတာ တိရစ္ဆာန်လောကရဲ့





အမှတ်သညာတ်တာ ဖြစ်တယ်။ လူတွေအနေနဲ့ မလုပ်သင့်ဘူး။

ဒါပေမယ့် ကျုပ်တာတော့ မသိလို့ လုပ်မိခဲ့ပြီ။ ကျုပ်မှားသွား တယ်။ ဒါပေမယ့် နောက်ကျသွားခဲ့ပြီ။ အမုန်တရားဆိုတာမျိုးကလည်း နောက်ကျတတ်တဲ့သဘောရှိတယ် မဟုတ်လား။ ဝဋ်ကြွေးလို့ပဲသဘော ထားလိုက်ပါတော့ မိတ်ဆွေကြီးဦးပြည့်ဝခင်ဗျား။

လွန်ခဲ့သော နှစ်ပေါင်းအစိတ်ကျော်က

သင်၏ရန်သူ

*****



www.burmeseclassic.com

www.burmeseclassic.com



## မောင်ကျောင်းတုံနှင့် သူ၏အိမ်ဂေဟာ

မောင်တောင်းတုံသည်း တောင်ကလွတ်လာသည့်အခါ၌ ၎င်း၏ဆရာကြီးထံသို့ သွားလေ၏။ ဆရာကြီးသည် မောင်တောင်းတုံကို တွေ့လျှင်တွေ့ချင်း အားရဝမ်းသာဖြစ်၍ ကြိုဆိုလေ၏။

"ဝမ်းသာလိုက်တာ မောင်တောင်းတုံရာ။ ကဲ. . ဆိုစမ်းပါဦး။ ရွှေအတိုးဖြိုး အာတွေလုပ်မယ်စိတ်ကူးသလဲ လူတလေး"

ဟု မေးလေ၏။ ထိုအခါ မောင်တောင်းတုံက. .

"ကျွန်တော့်စိတ်ထဲမှာ ထားသည်ရှိတာကိုပြောရရင် ကျွန်တော့်အတွက် အာမှုလေ့ပ်ချင်တော့ဘူး၊ သူတစ်ပါးကောင်းကျိုးကို ဆောင်ရွက်ချင်တယ်။ အဲဒါ အမှန်အတိုင်းပဲဆရာကြီး"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူများအဖို့ ထမင်းအိုးတည်မလို့လား၊ သိပ်ပြီး အဆင့်အတန်းမြင့်တဲ့စိတ်ကူးပဲ။ မင်းဟာ သစ်ပင်ဖြစ်သွားပြီ။ အသီးပဲ သီးမယ်၊ ကိုယ့်အသီး ကိုယ်မစားတော့ဘူး။ မင်းဟာ မြစ်ကြီးဖြစ်သွားပြီ၊ မြစ်ကြီးဆိုတာ သူတစ်ပါးအတွက် ရေတွေစီးပေးမယ်၊ သူကတော့ ရေမသောက်တော့ဘူး။ သိပ်ကောင်းတာပဲ . . ။ လောကကြီးက တကယ်လိုအပ်တဲ့ လူသားဖြစ်သွားပြီ။ မင်းဦးနှောက်ထဲမှာ ကိုယ့်အတွက်ဆိုတဲ့ အောက်တန်းကျတဲ့ စိတ်ကူးမျိုး မရှိတော့ဘူး။ တကယ့်ကို သန့်ရှင်းသွားပြီ။ ဝမ်းသာလိုက်တာ လူကလေးရာ။ မင်းရဲ့ကိုယ်နဲ့စိတ်ကို လောကကြီးကို ပုံအပ်လိုက်ပြီ။ ဒါကြောင့် မင်းဟာ လောကကြီးနဲ့တစ်သားတည်း ဖြစ်သွားပြီ။ ဒါကြောင့် မင်းဟာ သေးသေးကလေးမဟုတ်တော့ဘူး။ လောကကြီးနဲ့အတူပဲ ကြီးမားသွားပြီ၊ ငါ ထင်ပါတယ်။ မင်းဟာ သူတော်ကောင်းဖြစ်သွားပြီ၊ ငါ လိုချင်တဲ့ သူတော်ကောင်းဆိုတာ ဒါမျိုးပဲ။ သူတစ်ပါး အတွက် တော်တဲ့၊ ကောင်းတဲ့လူကိုပြောတာ။ အဲဒီလို မင်းစိတ်ကို မင်းအတွက်မဟုတ်ဘူးလို့ ပစ်ချလိုက်တဲ့အခါ မှာ မင်းရင်ထဲမှာ ဘယ်လိုခံစားရသလဲ လူကလေး"





ဟု ဦးလောစံက နှိတ်နှိက်ချွတ်ချွတ်မေးခွက်မှ မဟုတ်ဘဲ၊ လုပ်

"အဲဒီလိုဆုံးဖြတ်လိုက်တဲ့နေ့မှာပဲ ကျွဲဆီကိုပို့ပေးထားတဲ့ ငွေ သွားတယ်။ လောကကြီးဟာလည်း လှံတစ်ပြားမှမသုံးဘူး။ တော့မျက်စိထဲမှာ ဒုက္ခသည်တွေကို မြင်လာသည်း အမြစ်ခံပြီး ကို အကူအညီပေးချင်တဲ့စိတ်တွေ ပေါ်ပေါက်ိုမှ ပြန်ပေးလို့ အထူးသဖြင့် မိဘမဲ့ဖြစ်နေတဲ့ ကလေးသူတော့ မင်းယူသွား ကို ပိုမြင်လာတယ်။ သူတို့တစ်တွေအတွက်သုံးချပါ"

ပေးချင်တဲ့စိတ်တွေပေါ်လာတယ်၊ ကျွန်တေ

အခက်အခဲတွေ့နေတဲ့သူတွေကိုကူညီဖို့ ကျွန်ခန့်နေပြီးလျှင် အဆင်သင့်ဖြစ်သွားပြီ။ ကျွန်တော်ဟာ အကူအနာကောင်း၊ ဒုက္ခ တဲ့လူ မဟုတ်တော့ဘူး။ အကူအညီပေးတဲ့လူ ဖြစ်ခဲ့လေ၏။ အဲဒီအတွက် အသက်သေမယ်ဆိုရင်တောင် ကျွန်တော်ရပ်၍ သေဝံ့ပြီ၊ ကျွန်တော်ဟာ ရဲရင့်သွားပြီ၊ ရှင်းရှင်းပြောရရင်း ကျွန်တော်ဟာ ကျွန်တော်မဟုတ်တော့ဘူး။ သူတစ်ပါး ဟာလည်း သူတစ်ပါးမဟုတ်တော့ဘူး၊ ကျွန်တော်ဖြစ် သွားပြီ"

ဟု မောင်ကောင်းတုံကပြောလိုက်ရာ ဦးလောစံသည် ထိုင်ရာ မှထ၍ ခါးကိုညွတ်ကာ အရိုအသေပြုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လုပ်တာလဲ ဆရာကြီး"

အတန်ကြောင်းတုံက မေးလိုက်လေ၏။

အား၊ ဦးလောစံက. .

မင်းဟာ ရိုသေထိုက်သူဖြစ်သွားပြီ။ တပည့်မဟုတ်တော့ဘူး။ ဆရာ ဖြစ်သွားပြီ။ ကိုယ့်ကိုယ်ကိုယ် တွေ့ရှိသွားပြီ။ ဒါဟာ လွယ်တာမဟုတ်ဘူး။ ငါလည်းပဲ ကြိုးစားနေတုန်းပဲ။ မရသေးဘူး။ မင်းတို့ငါတို့မှာက ငါ, ငါတွေ အများကြီးဖြစ်နေတာ။ အဲဒီအထဲက ငါအစစ်ကို ရှာဖို့ဆိုတာ သိပ်ပြီးခက်တယ်။ အတုတွေက ရှေ့ကကာနေတယ်။ အဲဒါကို တွေ့ရှိသွားတဲ့လူဟာ ကိုယ့်အတွက်ကိုယ် ဘာမှ မလုပ်တော့ဘူး။ လုပ်ချင်စိတ်လည်း မရှိတော့ဘူး။ သူ တစ်ပါးအတွက်ပဲဆိုတာပဲရှိတော့တယ်။ သူတစ်ပါးအတွက်ဆိုရင် ရေပြည်ကိုတောင် လေချွန်ပြီးသွားနိုင်တဲ့လူတွေ ဖြစ်တယ်ကွ။ မင်းဟာ အဲဒီလိုဖြစ်သွားပြီ။ တကယ်လွတ်ချနိုင်သူဖြစ်သွားပြီ။ ဒါကြောင့် မင်းကို ငါက လေးစားတာ။ မင်းဟာ တပည့်အဆင့်က လွတ်မြောက်သွားပြီ။ မင်းဟာ ဆရာဖြစ်သွားပြီ။ မင်းဟာ သစ်ပင်ဖြစ်သွားပြီ။ မင်းဟာ မြစ်ကြီးဖြစ်သွားပြီ။ မင်း ဘာလုပ်မလဲ။ အကုန်ဖြစ်မှာပဲ။





မင်းလုပ်သမျှဟာလည်းပဲ မင်းအတွက်မှ မဟုတ်ဘဲ။ လုပ်ပေတော့။ တစ်ခါတုန်းက မင်း ငါ့ဆီကိုပို့ပေးထားတဲ့ ငွေ သုံးသောင်းရှိတယ်။ အဲဒီငွေကို ငါတစ်ပြားမှမသုံးဘူး။ သိမ်းထားတယ်။ အဲဒီငွေအတွက် မင်းလည်း အမြစ်ခံပြီးပြီ။ ငါလည်း အမြစ်ခံပြီးပြီ။ ဒီငွေကို ဘယ်ကိုမှ ပြန်ပေးလို့လည်း ဖြစ်မှာမဟုတ်တော့ဘူး။ အဲဒီတော့ မင်းယူသွားပါ။ မင်းရဲ့မွန်မြတ်တဲ့လုပ်ငန်းမှာ အသုံးချပါ"

ဟု ဦးလောစံက ပြောလိုက်လေ၏။

မောင်ကောင်းတုံသည် ဦးလောစံထံ၌ တစ်ပါတ်ခန့်နေပြီးလျှင် အကူအညီလိုသူတို့အား အကူအညီပေးရန်အတွက်လည်းကောင်း၊ ဒုက္ခရောက်နေသူကို ကူညီရန်အတွက်လည်းကောင်း၊ ခရီးထွက်ခဲ့လေ၏။ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့သို့ရောက်လျှင် နောင်ဘိုဟူသောအရပ်၌ နေထိုင်ကာ မိဘမဲ့သောကလေးများအား ရှာဖွေ၍ ၎င်းတို့၏မိဘရင်းသဖွယ် ပြုစုစောင့်ရှောက်လေ၏။

မောင်ကောင်းတုံသည် လွန်စွာကြီးမားသော တဲကြီးတစ်လုံးကို ထိုးထား၏။ မိဘမဲ့ကလေးများသည် တစ်စထက်တစ်စ ရောက်ရှိလာကြကုန်၏။ ကလေးများမှာ အရွယ်အစားအမျိုးမျိုးဖြစ်၏။ တချို့ အလွန်ငယ်၏။ တချို့မှာ လူပျိုပေါက်အရွယ်ပင် ရောက်ရှိနေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကောင်းတုံသည် နည်းနည်းကြီးသောကလေးများကို ခိုင်းသင့်သည့်အလုပ်များခိုင်း၍ ငယ်သောကလေးများအား ၎င်းတို့ထိန်း စောင့်ရှောက်စေ၏။ ၎င်းကမူ ယာခင်းများဝယ်ယူ၍ အလုပ်လုပ်ရလေ၏။

ကလေးကြီးများသည် မောင်ကောင်းတုံ၏လုပ်ငန်းများကို ခိုင်းဝန်းကူညီကြ၏။ ကျောင်းထားသင့်သောကလေးများကို ကျောင်းထားပေး၏၊ လက်မှုပညာသင်သင့်သောကလေးများကို လက်မှုပညာသင်ပေး၏၊ ငွေရှာသောလုပ်ငန်း၌ သုံးသင့်သောကလေးများကိုသုံး၏။

ကလေးတိုင်းလိုလိုသည် မောင်ကောင်းတုံအား 'အဖေကြီး' ဟုခေါ်ကြကုန်၏။ ထို့ကြောင့် ထိုဒေသရှိ လူအပေါင်းသည်လည်း ကလေးများကဲ့သို့ပင် မောင်ကောင်းတုံအား အဖေကြီးဟု ခေါ်ကြကုန်၏။

မောင်ကောင်းတုံကား ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အဖေကြီးဖြစ်၍ နေရှာလေ၏။ ကလေးသုံးယောက်၏ဖခင်တစ်ယောက်မင်လျှင် ပင်ပန်းစွာ ရှာဖွေလုပ်ကိုင်ရ၏။ မောင်ကောင်းတုံမှာကား ကလေးငါးဆယ်ကျော်၏ဖခင်ကြီး သို့မဟုတ် အဖေကြီးဖြစ်၍နေသောကြောင့် မည်မျှပင်ပန်းမည်ကို တော်ရုံတန်ရုံလူအဖို့ တွေးဝံ့မည်မဟုတ်ပေ။

နောင်ဘိုရွာကလေး၌ကား. .





"အဖေကြီးအိမ်ကို သွားချင်လို့ပါ။ တဆိတ် လမ်းကလေး ပြပေးပါ"

ဟု တစ်စုံတစ်ယောက်က ပြောလာငြားအံ့၊ ထိုသူအား မောင်ကောင်းတုံ၏အိမ်သို့ နှပ်ချေးတွဲလောင်းနှင့်ကလေးသူငယ်ကအစ ကောင်းမွန်စွာလမ်းညွှန်ပြပေလိမ့်မည် ဖြစ်ပေသတည်း။

(ဤကား ကောင်းဘိုင်ဇာတ်လိုက်နှင့်တူသော မောင်ကောင်းတုံဆိုသူနှင့် ၎င်းလွန်စွာလေးစားသည့် ၎င်း၏ဆရာကြီးဦးမှလာစံ၏ အဖြစ်အပျက်အလုံးစုံ ဖြစ်ပေတော့သတည်း။

စက်ရှင်တရားသူကြီးဟောင်း
ဦးတံသာ)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## သေတ္တာကလေး အလုပ်ခံရပြန်ပြီ

စက်ရှင်မင်းကြီးဟောင်းတစ်ဦးဖြစ်သော ကျွန်ုပ် ဦးကံသာသည် မောင်ကောင်းတုံဆိုသည့် လူငယ်ကလေးပြောပြချက်များအား မှတ်စုစာအုပ်တွင် ရေးသွင်းမှတ်သားလိုက်လေ၏။ အဘယ်ကြောင့် ရေးမှတ်ရသနည်းဆိုမူ နောင်တွင် ကျွန်ုပ်သည် မှတ်တမ်းစာအုပ် တစ်အုပ်ကို ရေးသားမည်ဟု ကြံရွယ်ထားသောကြောင့်ဖြစ်၏။

၎င်းမောင်ကောင်းတုံသည် ကျွန်ုပ်နှင့်လည်းကောင်း၊ ကျွန်ုပ်၏သမီးကလေး မဥ္ဆာသာနှင့်လည်းကောင်း လွန်စွာရင်းနှီးခြင်းသို့ ရောက်ရှိခဲ့ရလေတော့၏။ မောင်ကောင်းတုံ၏ ဆန့်တုန့်သည်လုပ်ငန်းသည်လည်း သိသိသာသာအောင်မြင်လာလေတော့၏။

ဤသို့နှင့်ပင် ကျွန်ုပ်၏သမီးကလေးမဥ္ဆာသာသည် အသက်အစိတ်တင်းတင်းပြည့်သောနေ့သို့ ရောက်ရှိခဲ့လေတော့၏။ ထိုအခါ၌



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်သည် သမီးကလေး မဥ္ဇူသာအား ၎င်း၏ဖခင်အရင်းဖြစ်သူ မောင်ဘိုးတူအပ်နှံသွားသည့် 'သေတ္တာနီ' ကလေးကို ပေးအပ်၍ သော့ နှင့်ချန် ဖြစ်စေသည်။

ကျွန်ုပ်သည် သမီးကလေးအား. .

"သမီးလေးရေ. .။ ဒီကနေ့ဟာ သမီးကလေး အသက် အစိတ်တင်းတင်းပြည့်တဲ့နေ့ပဲ။ အဲဒါကြောင့် သမီးကလေး ကို ဖေဖေက သေတ္တာနီကလေးအပ်ရမယ်လေ"

ဟုပြောဆိုလိုက်ရာ သမီးကလေးသည် ဝမ်းသာအားရဖြင့်. . .

"ဖေဖေရယ်. .။ ဖေဖေပြောတဲ့ သေတ္တာနီကလေးကို သမီး သိချင်လို့ စောင့်လိုက်ရတာ။ ဒီနေ့တော့ သိရတော့မယ် ပေါ့"

ဟု ဝမ်းသာအားရဖြင့် ပြောရှာလေ၏။

"အေး. . သိရတော့မယ်ကွယ့်။ အခု မကြာခင်ကို သမီး လက်ထဲ ဒီပစ္စည်းအပ်တော့မှာပဲ"

ဟု ကျွန်ုပ်ကပြောဆိုလိုက်လျှင် မဥ္ဇူသာက. .

"ဖေဖေရယ်. .။ သမီး ရေချိုးပါရစေဦး။ ဖေဖေရဲ့ အဖိုး တန်အမွေပစ္စည်းကို လက်ခံရမယ်ဆိုတော့ ကျကျနန ရေမိုးချိုး၊ ဖြီးလိမ်းဝတ်ဆင်ပြီးမှ လက်ခံပါရစေ"

ဟု ဆိုလေ၏။

"ချိုးလေ သမီး. .။ အေးအေးဆေးဆေးလုပ်ပါ။ ဖေဖေ့ မိတ်ဆွေကြီး ဝတ်လုံတော်ရဦးအုံးသန်းကိုတောင် ခေါ်ရဦး မယ်။ ဒီလူကြီးကလည်း အခုလာခဲ့မယ်ဆိုတဲ့စကားကို ပြောပြီးတာတောင် တစ်နာရီလောက်ကြာမှ လာတတ်တဲ့ လူကြီး"

ဟု ကျွန်ုပ်ကပြောဆိုလိုက်ရာ မဥ္ဇူသာက. .

"ဟို အသားမည်းမည်း ဝတ်လုံကြီးကို ပြောတာလား"

ဟု မေးလေ၏။

"ဟုတ်တယ်သမီး။ အသားမည်းပေမယ့် ပတ္တမြားခဲဆိုတာ အဲဒီလိုလူမျိုးကို ပြောတာပဲကွယ့်။ တရားခွင်မှာများ တစ် ဖက်နဲ့တစ်ဖက် သူနိုင်ငါနိုင် အပြိုင်ကြဲရတဲ့ နေရာမျိုးမှာ သူဟာ အသားနက်သလောက် စကားနက်အောင် ပြော တတ်တယ်ကွယ့်။ နိုက်နိုက်ချွတ်ချွတ်ရှိပါပေ့ကွယ်။ တစ်ဖက်ကို ပြန်လှန်မေးခွန်းထုတ်တဲ့နေရာမျိုးများ တစ် ဖက်လူအဖြေရခက်အောင်၊ အကျပ်ဆိုက်အောင် မေးတတ် ပါပေ့ကွယ်။ ဖေဖေ တရားသူကြီးလုပ်လာတဲ့ သက်တမ်း တစ်လျှောက်မှာ အဲဒီဝတ်လုံကြီးနဲ့ မကြာခဏ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လွှဲခဲ့ရတယ်ကွယ့်။ ဥပဒေပိုင်ကတ်အိုးကွဲကြီးတစ်ယောက်ပါပဲ”

ဟု ကျွန်ုပ်တပြောလိုက်ရာ ကျွန်ုပ်၏သမီးကလေးက. .

“ဥပဒေဘာတ်က တော်မတော်တော့ မသိဘူးဖေဖေ။ အသားတတော့ တော်တော်မည်းတယ်”

ဟု ပြောလေ၏။

“သူဝတ်ထားတဲ့ တိုက်ပုံအနက်ထက်တောင် သူ့အသားက ပိုပြီးနက်လိမ့်မယ် ထင်တယ်ကွယ့်။ ဒါပေမယ့် သူ့နှလုံးသားက ဖြူပါတယ်ကွယ်။ တစ်ခါက ဖေဖေဟာ အမှတ်မထင်ဆိုသလို လုပ်လိုက်တဲ့ကိစ္စလေးတစ်ခုဟာ သူ့ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်ကို ထိခိုက်သလို ဖြစ်သွားတယ်ကွယ့်။ ဒါပေမယ့် သူဟာ ဖေဖေ့ကို ခွင့်လွှတ်နားလည်ခဲ့ပါတယ်။ အဲဒီကတည်းကိုက ဒီလူဟာဖြင့် လူကောင်းတစ်ယောက်ပေပဲလို့ သူ့ကိုအမှတ်ပြည့်ပေးထားတယ်ကွယ့်။ ကဲ. . ကဲ. . သမီး ကလေးလည်း ရေချိုးလိုက်ဦး။ ဖေဖေလည်း ဝတ်လုံတော်ရကြီးကို ခေါ်လိုက်ဦးမယ်”

ကျွန်ုပ်ကပြောလိုက်သဖြင့် မချူသာသည် ရေချိုးခန်းသို့ ဝင်လေတော့၏။ ကျွန်ုပ်လည်း ဆန်စက်မှ မန်နေဂျာမောင်စိန်ညိုကိုခေါ်၍





ဦးအုံးသန်းဆီသို့ လွှတ်လိုက်လေ၏။ များမကြာမီ၌ပင် မောင်စိန်ညို ရောက်လာပြီးလျှင်. .

“အခုပဲလာခဲ့မယ်လို့ပြောလိုက်ပါတယ်ဦးလေး”

ဟု ကျွန်ုပ်အား ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

“ဒီလိုဆိုရင် နောက်တစ်နာရီကျမှ သူရောက်လာတော့မှာပဲ”

ဟု စိတ်တွင်း၌ မှတ်ချက်ချမိလေ၏။

မချူသာသည် ရေမိုးချိုး၊ ဖြီးလိမ်းပြင်ဆင်၍နေလေ၏။

တစ်အောင့်မျှကြာလျှင် ပွဲနေပွဲထိုင်သွားသကဲ့သို့ ဝတ်စား ပြင်ဆင်၍ မချူသာသည် ကျွန်ုပ်၏အနီးသို့ရောက်ရှိလာလေ၏။ ထို့နောက်. .

“ဦးအုံးသန်းတစ်ယောက်တည်းလားဖေဖေ။ တခြားလူတွေကိုရော ခေါ်ထားသေးလား”

ဟု မေးလေ၏။

“မဟုတ်ဘူးကွယ့်။ ဖေဖေနဲ့ တရားဆွေးနွေးဖက် မမွှမိတ်ဆွေတွေလည်း ရောက်လာကြလိမ့်မယ်။ သူတို့အားလုံး (၅) ယောက်ပေါ့ကွယ်။ မန်နေဂျာမောင်စိန်ညိုနဲ့ဆိုရင် (၆) ယောက်ပေါ့။ ဖေဖေတို့ သားအဖပါဆိုရင် (၈) ယောက်ပေါ့ကွယ်။ အဲဒီတော့ တော်မီရှစ်ခွက် ဖျော်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်တပြောလိုက်ရာ မဉ္ဇူသာသည် ကော်ဖီဖျော်ရန် နောက်ဖေးသို့ ဝင်သွားလေတော့၏။

မှုအကြာမီ၌ပင် ကျွန်ုပ်၏ မွေ့မိတ်ဆွေလေးဦး ရောက်ရှိလာ၏။ တစ်နာရီတိတိပြည့်သောအခါ၌ ကျွန်ုပ်၏မိတ်ဆွေကြီး ဦးအုံးသန်း ရောက်ရှိလာလေတော့၏။ ထိုအခါ ကျွန်ုပ်က. .

"နောက်ကျလှချည်လား ဦးအုံးသန်းရယ်"

ဟု ပြောလိုက်ရာ ဦးအုံးသန်းက. .

"နောက်ကျတဲ့လူ မိန်းမချောချောရကြေးဆိုရင် ကျုပ်ရပြီ ပေါ့ဗျာ"

ဟု ပြန်၍ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် ဦးအုံးသန်းနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေများအား သမီးကလေး မဉ္ဇူသာကို အမွေပေးမည်ဖြစ်၍ မိတ်ဆွေတို့အား ခေါ်ယူကြောင်း ပြောပြလိုက်လေ၏။

ထိုအခါ ဦးအုံးသန်းက. . .

"မိဘဝတ္တရားတွေထဲက ဝတ္တရားတစ်ခုကို ဆောင်ရွက်လိုက်တာပေါ့ဗျာ။ ဦးကံသာကပေးမယ့်အမွေဆိုတော့ နည်းမှာမဟုတ်ဘူး။ တစ်ဦးတည်းသောသမီးဆိုတော့ မဉ္ဇူသာတော့ ပွတာပဲ"

ဟု ပြောလိုက်လေ၏။





မဉ္ဇူသာလည်း ကော်ဖီ၊ မုန့်၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းစသည်တို့ဖြင့် ဧည့်ခံလေ၏။ ထိုအခါ ကျွန်ုပ်က သံသေတ္တာနီကလေးကို ကျွန်ုပ်၏အိပ်ခန်းအတွင်းမှ သွား၍ယူလိုက်လေ၏။ သေတ္တာကလေးမှာ သံဖြင့်ပြုလုပ်ထားပြီး အနီရောင်ဆေးများသုတ်၍ထား၏။ သေတ္တာကလေး၏အလျားမှာ တစ်တောင်ခန့်ရှိ၍ အနံမှာ တစ်ထွာခန့်ရှိပြီး ပြက်မှာလည်း တစ်ထွာသာသာခန့်ရှိသော ခုံးခုံးလုံးလုံးသေတ္တာနှင့်ရှိလေ၏။

မဉ္ဇူသာအပါအဝင် ကျွန်ုပ်၏မိတ်ဆွေများသည် ကျွန်ုပ်၏လက်တွင်းမှ သေတ္တာနီကလေးကို လှမ်း၍ကြည့်ရှုကြကုန်၏။ ကျွန်ုပ်လည်း သေတ္တာနီကလေးကို လူအားလုံး၏အလယ်ရှိ စားပွဲခုံဝိုင်းကလေးပေါ်သို့ 'ဝွပ်' ခနဲတင်လိုက်လေ၏။ ထိုအချိန်၌မှာပင်. .

"တစ်ယောက်မှမလှုပ်နဲ့၊ အကုန်လုံး ပစ်သတ်လိုက်မယ်"

ဟု ပြောလိုက်သောအသံကို ကြားသဖြင့် ကျွန်ုပ်တို့အားလုံး ကြည့်လိုက်ရာ နှေခင်းခြောင်တောင်ကြီးဖြစ်ပါလျက် မျက်နှာကို ပဝါစည်း၍ ရုပ်ဖျက်ထားသော ဓားပြလေးဦးသည် ကျွန်ုပ်တို့အား သေနတ်များဖြင့်ချိန်၍ လက်မြှောက်ခိုင်းလိုက်ပြီးလျှင် စားပွဲပေါ်မှ သေတ္တာနီကလေးအား တစ်ယောက်သောဓားပြက လာရောက်ကောက်ယူပြီး ကျွန်ုပ်တို့အားလုံးအား လက်ပြန်ကြိုးတုပ်ခြင်း၊ မျက်စိကိုအဝတ်စည်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း စသော တစ္ဆေတို့၏ပြုလုပ်ဖွယ်ရာများကို ပြုလုပ်ဆောင်ရွက်ကြပြီးလျှင် ထွက်သွားကြတုန်၏။

ကျွန်ုပ်တို့လည်း တစ်ဦးနှင့်တစ်ဦး နီးကပ်အောင်ရွေ့သွားကြပြီးလျှင် တစ္ဆေများချုပ်နှောင်ထားသော ကြိုးများကို အချင်းချင်း ဖြေပေးမည် ကြိုးစားနေကြလေ၏။ ထိုအချိန်၌မှာပင် တစ်စုံတစ်ယောက် ခြံဝင်းအတွင်းသို့ဝင်လာသံကို ကြားရလေ၏။ ထို့နောက် ထိုသူသည် အိမ်ခန်းဆီသို့ဝင်လာပြီးလျှင် ကျွန်ုပ်တို့၏အဖြစ်ကိုကြည့်၍ မျက်လုံးပြူးသွားလေ၏။ ထို့နောက် ကျွန်ုပ်ထံသို့ ပြေးလာပြီးလျှင် ပါးစပ်ကိုချည်ထားသောအဝတ်ကိုဖြေပေးရင်း. .

"ဘယ်လိုဖြစ်တာလဲ ဦးလေး"

ဟု မေးလိုက်လေ၏။ ကျွန်ုပ်ကလည်း အဖြစ်အပျက်အလုံးစုံတို တိုတိုနှင့်လိုရင်း ပြောပြလိုက်လေ၏။ ထိုသူလည်း ကျန်သောလူများ၏ ကြိုးများကိုပါ လိုက်လံဖြေပေးလေ၏။ ထိုသူကား ကျွန်ုပ်တို့သားအဖ၏မိတ်ဆွေဖြစ်သော ကောင်းဘွိုင်ဇာတ်လိုက်နှင့်တူသည့် မောင်ကောင်းတုံ့ပင်ဖြစ်ပေတော့၏။ မောင်ကောင်းတုံ့လည်း. .

"သေသေချာချာ ပြောစမ်းပါဦး ဦးလေးရ။ ဘယ်လိုဖြစ်တာတုံး"

ဟု မေးလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း. .





"စောစောတုန်းကတော့ ဦးသမီး မဥ္ဇူသာကို အသက်အစိတ်ပြည့်ရင် အမွေပေးစရာရှိလို့ ဟောဒီက ဦးလေးရဲ့မိတ်ဆွေတွေကို ဖိတ်ကြားထားလိုက်တာပဲ။ အဲဒီအမွေပစ္စည်းကလေးကို ဦးလေးထိန်းသိမ်းလာတာ နှစ်အစိတ်ရှိပြီကွယ်။ အဲဒီအကြောင်းကိုတော့ ဟောဒီက ဦးလေးရဲ့မိတ်ဆွေတွေရော၊ သမီးလေးမဥ္ဇူသာကိုပါ အသေးစိတ်မပြောရသေးဘူး။ ဒီစကားကို အခု ဦးလေးပြောရမှာပဲ။ ဒီစကားတိုးပြောဖို့ကိစ္စဟာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ ဦးလေးအနေနဲ့လည်း မပြောရက်ဘူး။ အထူးသဖြင့် ဦးလေးရဲ့သမီးကို ဒီစကားပြောရမယ့်ရက် နီးလာလေလေ၊ ဦးလေးဝမ်းနည်းလေပဲ။ ဘာဖြစ်လို့လဲဆိုတော့ သမီးကလေးမဥ္ဇူသာဟာ တကယ်တမ်းတော့ ဦးလေးသမီးအရင်းမဟုတ်ဘူးကွယ့်"

ဟု ပြောလိုက်လျှင် ကြားရသူအပေါင်း 'ဟာ' ခနဲ 'ဟင်' ခနဲဖြစ်ကြလေ၏။ မဥ္ဇူသာမှာမူ ပါးစပ်အဟောင်းသားကလေး ဖြစ်သွားပြီးလျှင် မျက်ရည်များ တတွေတွေစီးကျလာလေ၏။ ထို့နောက်. .

"တကယ်ပြောတာလား ဖေဖေ။ သမီးရဲ့အဖေတွေ၊ အသည်းတွေတော့ ပြောင်းပြန်လန်တုန်ပါပြီ။ သမီးကို ကျီစားတာမဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ပြောရှာလေ၏။

"သမီးကလေး အဲဒီလိုမယုံမှာစိုးလို့ ဟောဒီက ဖေဖေ့မိတ်ဆွေ လူကြီးလူကောင်းတွေကို သက်သေအရာထားပြီး ပြောတာပေါ့သမီးရယ်"

ဟု အစချီကာ ကျွန်ုပ်သည် စက်ရှင်တရားသူကြီးအဖြစ်နှင့် မောင်ဘိုးတူအား တစ်သက်တစ်ကျွန်းအပြစ်ဒဏ်ချမှတ်သည်မှအစ မောင်ဘိုးတူ သေတ္တာကလေးနှင့် မဥ္ဇူသာကို တရားရုံး၌ အပ်နှံသွားပုံ၊ သေတ္တာနီကလေးနှင့် မဥ္ဇူသာ အိမ်သို့ရောက်ရှိသည့်နေ့၌ပင် ကျွန်ုပ်၏ ဇနီးသည် သားကလေးတစ်ယောက်မျက်နှာမြင်ပုံ၊ သေတ္တာနီကလေးကို အလိုရှိနေသော ဘမှန်ဆိုသည့် လူဆိုးတစ်ဦးက ကျွန်ုပ်ထံ၌ လာရောက်ခြိမ်းခြောက်တောင်းယူပုံ၊ ကျွန်ုပ်က ထိုသေတ္တာနီကလေးကိုမပေး၍ ထိုလူဆိုးက လက်စားချေသောသဘောဖြင့် ကျွန်ုပ်၏သားကလေးကို ခိုးယူသွားပုံတို့ကိုပါပြောပြရာ ကျွန်ုပ်၏သမီးလေး မဥ္ဇူသာသည် ရှိုက်ကြီးတငင်ငိုကြွေးရင်း နားထောင်နေလေ၏။ ကျန်သောမိတ်ဆွေများမှာလည်း ကျွန်ုပ်ပြောပြသော အဖြစ်အပျက်များကို စိတ်ဝင်စားလွန်းသဖြင့် တုတ်တုတ်မျှပင်မလှုပ်ဘဲ ငြိမ်၍နားထောင်နေကြလေ၏။ အဖြစ်အပျက် ပြီးဆုံးသွားသောအခါ၌မူ ကျွန်ုပ်၏မိတ်ဆွေကြီး ဦးအုံးသန်းက. .





"တော်တော်ဆန်းတဲ့ အဖြစ်အပျက်ပဲ။ စာရေးကောင်းတဲ့ သူတစ်ယောက်ယောက်ကများ ဒီအကြောင်းကို ဝတ္ထုရေးလိုက်ရရင်ဗျာ. . "

ဟု ပြောလိုက်လေ၏၊ ထို့နောက် ဦးအုံးသန်းက ဓားပြတိုက်ခံရခြင်းအတွက် ဂါတ်သို့သွား၍ အမှုဖွင့်သင့်ကြောင်း အကြံပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ဂါတ်သို့သွားကာ ဓားပြတိုက်ခံရပုံကို ပြောပြ၍ အမှုဖွင့်ခဲ့ကြလေတော့၏။

ထို့နောက် ကျွန်ုပ်သည် အိမ်သို့ပြန်လာခဲ့လေ၏။ ကျွန်ုပ်၏ မိတ်ဆွေများမှာ ၎င်းတို့၏အိမ်သို့ အသီးသီးပြန်သွားကြလေ၏။ ကျွန်ုပ် အိမ်သို့ရောက်သည့်အခါ၌ပင် မဥ္ဇူသာသည် ငိုကြွေးလျက်ရှိလေ၏။ ထို့နောက် ကျွန်ုပ်တိုဖက်တာ. .

"ဖေဖေရယ်. . ။ အဖေ့ဝမ်းနည်းတွေ ဓားပြလက်ထဲပါသွားတာ သမီး ဝမ်းနည်းပါဘူး။ သမီးတာ ဖေဖေ့သမီးအရင်း မဟုတ်ဘူးဆိုတာ သိလိုက်ရတော့ သိပ်တိုဝမ်းနည်းသွားတာပဲ။ ပြီးတော့ အားလည်းငယ်သွားတယ်"

ဟု သနားစဖွယ် ပြောလေ၏။

"သမီးကလည်းကွယ်. . ။ အမှန်ကို ဖွင့်ပြောရမယ့်အချိန်ရောက်လို့ ဖေဖေကပြောရတာပဲ။ ဖေဖေ့အဖို့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ မွေးစားသမီးလို့တောင် မထင်မှတ်မိပါဘူးကွယ်။ သမီးအရင်းလို့ပဲထင်နေတာပါ။ စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်"

ဟု ချော့မော့ရလေ၏။

ထိုနေ့တွင် စိတ်မကောင်းသဖြင့် ကျွန်ုပ်ရော၊ ကျွန်ုပ်၏ သမီးကလေးပါ ညစာကိုပင် မစားဖြစ်တော့ပေ။ ညကိုးနာရီထိုးသောအခါ၌ ကျွန်ုပ်၏သမီးကလေးက အခါတိုင်းကဲ့သို့ပင် ကျွန်ုပ်အား ကော်ဖီနှင့်မုန့်များ လာရောက်ချပေးလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ကော်ဖီထပ်ဖျော်ဦးကွာ။ မောင်ကောင်းတုံကိုလည်း တိုက်ရမယ်"

ဟုဆိုသဖြင့် မဥ္ဇူသာလည်း ကော်ဖီနှင့်မုန့်များကို ထပ်မံ၍ စီမံပြန်လေ၏။

ထို့နောက် ကျွန်ုပ်သည် နောက်ဖေးတည်းခိုဆောင်၌ တယော ထိုးနေသော မောင်ကောင်းတုံအား ခေါ်လိုက်လေ၏။ မောင်ကောင်းတုံလည်း ရောက်၍လာပြီးလျှင်. .

"အမိန့်ရှိပါ ဦးလေး။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဟု မေးလေ၏။ ထိုအချိန်၌ပင် ကျွန်ုပ်၏သမီးကလေး မဥ္ဇူသာသည် ကျွန်ုပ်၏အနီးသို့ရောက်လာလေ၏။ ထိုအခါ ကျွန်ုပ်က. .





"သမီးကလေးရေ. . ။ ခဏလာထိုင်ပါဦးကွယ်။ အရေးကြီးစကား ပြောစရာရှိလို့"

ဟု ဆိုသဖြင့် သမီးကလေးမဥ္ဇူသာသည် ကျွန်ုပ်၏အနီး၌ ထိုင်လေ၏။ ထိုအခါ ကျွန်ုပ်က မောင်ကောင်းတုံအား. .

"ဒီလို မောင်ကောင်းတုံရဲ့၊ အဖြစ်အပျက်ကိုတော့ မနက်က ဦးလေးပြောပြလို့ မင်းသိပြီးပြီမဟုတ်လား။ အဲဒီတော့ ဦးလေးမှာက သမီးကလေးမဥ္ဇူသာကို အမွေပစ္စည်းဖြစ်တဲ့ သေတ္တာနီကလေးကို လွှဲအပ်ပေးဖို့တာဝန်က ရှိနေတယ်ကွ။ ဒီပစ္စည်းလေးက သိပ်ပြီးအန္တရာယ်များတယ်။ တခြားလူတွေရှေ့မှာ အပ်လို့တော့ အပိုပဲ။ မောင်ကောင်းတုံရှေ့မှာအပ်မှ သင့်တော်လိမ့်မယ်။ မောင်ကောင်းတုံဟာ သူရသတ္တိနဲ့ပြည့်စုံတယ်။ တိုက်ခိုက်ခုခံတတ်တဲ့ပညာတတ်တယ်။ အဲဒီတော့ မင်းရှေ့မှာအပ်မှ ဖြစ်လိမ့်မယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မောင်ကောင်းတုံက. .

"အဲဒီပစ္စည်းကလေးက ဓားပြတွေလက်ထဲ ပါသွားပြီပဲ"

ဟု မေးလေ၏။

"မဟုတ်သေးဘူး မောင်ကောင်းတုံရဲ့၊ မဥ္ဇူသာအသက်အစိတ်ပြည့်တဲ့နေ့မှာ ဒီပစ္စည်းတို့ ဦးကအပ်လိမ့်မယ်လို့ အတိ



www.burmeseclassic.com

www.burmeseclassic.com



အကျသီထားတဲ့လူတွေက လာပြီးလုချင်လုမှာ မဟုတ်လားဘူး။ အဲဒါကိုတွေးမိလို့ တကယ့်သေတ္တာအစစ်နဲ့ဆင်တူတဲ့ သေတ္တာနီကလေးတစ်လုံးလုပ်ပြီး မနက်က ထုတ်လာတာ။ ဦးထင်တဲ့အတိုင်းပဲ။ ဒါကို သေမတတ်လိုချင်နေတဲ့ လူတွေက ဝင်ပြီးလုသွားကြတယ်လေ။ သူတို့ရသွားတာက အတုကြီးကွ။ အခု ဦးလေးအပ်မှာက အစစ်ကွ"

ဟု ဆိုကာ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ လုံခြုံစွာဝှက်ထားသော သံသေတ္တာနီကလေးကိုထုတ်ယူပြီး စားပွဲပေါ်၌ချလိုက်ပြီးလျှင် . .

"တစ်သက်တစ်ကျွန်းကျသွားတဲ့ မောင်ဘိုးတူကို ပေးထားတဲ့ကတိအတိုင်းပဲ မဥ္ဇူသာအသက်အစိတ်တိတိပြည့်တဲ့ နေ့မှာပဲ ဦးလေးဟာ ဒီပစ္စည်းကို လွှဲအပ်ပေးနိုင်ပြီ။ ဒါကြောင့် ဦးလေးရဲ့ကတိလည်း တည်ပါပြီ။ ဟိုလူဆိုးတွေလည်း ဦးလေးလုပ်ထားတဲ့ သေတ္တာအတုကို အစစ်မှတ်လို့ ယူပြီး ဝေးရာကိုသွားကြပါပြီ။ အဲဒီတော့ သူတို့အန္တရာယ်လည်း ကင်းသွားပြီ။ ကဲ. . သမီးလေး ဖွင့်ကြည့်ပေတော့။ ဘာတွေလဲဆိုတာ ဖေဖေလည်း မသိဘူး။ ဖေဖေကိုယ်တိုင်လည်း သိချင်တာအမှန်ပဲ။ ဖွင့်ပေတော့ကွယ်"

ဟု ပြောဆိုကာ ဖဲကြိုးအနီဖြင့်ချည်နှောင်ထားသော သော့





ကလေးကို မဥ္ဇူသာ၏လက်သို့ ကျွန်ုပ်က အပ်နှံလိုက်လေတော့၏။

မဥ္ဇူသာသည် သော့တံကို သော့ပေါက်အတွင်းသို့ထည့်၍ လှည့်လေလေတော့၏။ သို့ရာတွင် နှစ်ပေါင်းများစွာ ဖွင့်ပိတ်ခြင်းမပြုခဲ့သောကြောင့် သော့ပေါက်အတွင်း၌ သံချေးများကိုက်နေသဖြင့် ဖွင့်၍မရဘဲ ရှိလေ၏။ ထိုအခါ မောင်ကောင်းတို့ က မဥ္ဇူသာ၏ဦးခေါင်းမှ ဆံညှပ်ကိုတောင်းယူ၍ သော့ပေါက်အတွင်းရှိ သံချေးများကို ထိုးထုတ်ပြီးလျှင် မဥ္ဇူသာအား တစ်ဖန် ဖွင့်ခိုင်းလိုက်ရာ မဥ္ဇူသာလည်း သော့ပေါက်အတွင်းသို့ သော့တံကိုထိုး၍ တအားလှည့်လိုက်လေ၏။ သော့အတွင်းမောင်းတံကလေးသည် 'ချောက်' ခနဲ မြည်၍ သော့ပွင့်သွားလေတော့၏။

ထိုအခါ မဥ္ဇူသာသည် သေတ္တာ၏အဖုံးကို လက်နှစ်ဖက်ဖြင့် မ၍ကိုင်၍ ဖွင့်လိုက်လေတော့၏။ အတွင်း၌မူ သေတ္တာနှင့် အံကျ တိုင်းဖြတ်ထားသော စက္ကူများကို တွေ့ရလေ၏။ ထိုစက္ကူများ၏အပေါ်၌ အသက်နှစ်ဆယ်အရွယ် လူငယ်သုံးဦးသည် တစ်ဦး၏လည်ပင်းကို တစ်ဦးဖက်၍ထားကြပုံ ဓာတ်ပုံတစ်ပုံကိုလည်း တွေ့ရလေ၏။ ထိုလူငယ်သုံးဦး၏ဓာတ်ပုံအနက် ညာဘက်အစွန်ဆုံးမှပုံမှာ ဓာတ်ပုံကူးစဉ်က ဟိုက်ပိုဆေးများ စင်ကြယ်အောင်မပြုလုပ်ခဲ့သောကြောင့် မျက်နှာနေရာတွင် ကွက်၍နေသဖြင့် ရုပ်မပေါ်ဘဲရှိလေတော့၏။ ထိုဓာတ်ပုံ၏



www.burmeseclassic.com

[illegible] ဝဲမှယာသို့ဟုရေးထားပြီးလျှင် အောက်ပါ [illegible] တွေ့ရလေ၏။

**ဘမျိုး၊ ဘိုးတူ၊ ဘယ်သန်ဘမုန်**

မဉ္ဇူသာသည် ထိုဓာတ်ပုံကိုကြည့်ပြီးနောက် ကျွန်ုပ်အား လှမ်း၍ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ထိုဓာတ်ပုံကို သေသေချာချာကြည့်လိုက်ရာ အလယ်မှလူကို ကောင်းစွာမှတ်မိလေ၏။ ထို့ကြောင့် . .

"သမီးရေ . . . အလယ်ကလူကတော့ သမီးရဲ့ဖေဖေ မောင်ဘိုးတူဆိုတာပဲကွယ့်"

ဟု ပြောသဖြင့် ကျွန်ုပ်၏သမီးလည်း ဓာတ်ပုံကို တစ်ဖန်ပြန်ယူ၍ ၎င်း၏ဖခင်ဆိုသူအား သေချာစွာကြည့်လေ၏။ ထို့နောက် . .

"အမိပွာယ်ကိုပြောပါဦး ဖေဖေရဲ့"

ဟု မေးလေ၏။

"ဖေဖေစဉ်းစားလို့ရသလောက်ကတော့ သူငယ်ချင်းသုံးယောက် တွဲပြီးရိုက်ထားတဲ့ ဓာတ်ပုံပဲပါကွယ်။ ဘယ်ဘက်အစွန်ဆုံးကလူရဲ့ နာမည်ကတော့ မောင်ဘမျိုးပေါ့။ အလယ်ကလူကတော့ သမီးရဲ့ဖေဖေ မောင်ဘိုးတူပေါ့။ ဟိုဘက်အစွန်ဆုံးက လူကတော့ ပုံပျက်နေတာဆိုတော့ ရုပ်ဖမ်းလို့မရတော့ဘူး။ ဒါပေမယ့် ဖေဖေမှတ်မိတာကတော့ ဖေဖေ့ဆီမှာ ဒီသေတ္တာနီကလေးကို မရမကလာပြီးတောင်းတဲ့လူပဲ ဖြစ်ရမယ်။ အဲဒီလူရဲ့နာမည်ဟာ ဘမုန်တဲ့ကွယ့်။ ဖေဖေဟာ အဲဒီသေတ္တာနီကလေးကို မပေးလိုက်တဲ့အတွက် သမီးထက် နှစ်ရက်ပဲငယ်တဲ့ သမီးမောင်ကလေးကို ဆေးရုံမှာတက်ပြီး ခိုးသွားတဲ့လူဟာ သူပဲဖြစ်ရမယ်"

ဟု ပြောလိုက်ရာ သမီးကလေးက . .

"တော်တော်ရက်စက်တဲ့ လူကြီးပဲနော်။ အဲဒီမောင်လေးဟာ ဘယ်များရောက်သွားပြီလဲ မပြောတတ်ဘူးနော်။ သနားပါတယ် ဖေဖေရယ်။ သမီးကတော့ ဖေဖေ့ဆီကို ရောက်လို့ ကောင်းကောင်းမွန်မွန်နေရတယ်။ ပညာလည်းသင်ခဲ့ရတယ်။ ဖေဖေရဲ့မေတ္တာကြောင့် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေရတယ်။ အဲဒီ မောင်လေးဆိုတာတော့ ဒီလူဆိုးကြီးက ဖမ်းသွားပြီး နှိပ်စက်မှာပဲ။ သတ်ချင်တောင် သတ်ဝစ်ကြမှာပဲ"





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။ ထို့နောက် မောင်ကောင်းတုံအား ဓာတ်ပုံကို

ပေးရင်း -

"ကြည့်ပါဦး ကိုကောင်းတုံရယ်. . .။ တကယ့်အဖြစ်အပျက်ဟာ စိတ်ကူးယဥ်ဝတ္ထုထက် ဆန်းကြယ်တယ်ဆိုတာ မဥ္ဇူတော့ ယုံသွားပြီ"

ဟု ပြောလေ၏။ မောင်ကောင်းတုံလည်း မဥ္ဇူသာပေးသော ဓာတ်ပုံကိုကြည့်ရှုပြီးလျှင် မဥ္ဇူသာ၏လက်သို့ ဓာတ်ပုံပြန်အပ်လိုက်လေ၏၊ ထို့နောက် ဓာတ်ပုံအောက်မှ အထပ်လိုက်ထည့်ထားသော စာရွက်များကို တစ်ရွက်ချင်းယူ၍ ဦးကံသာနှင့်မောင်ကောင်းတုံတို့လည်း ကြားရစေရန် အသံထွက်၍ ဖတ်ပြလေတော့သတည်း။

"သမီးကလေး. . .

သမီးကလေး လူပြည်၊ လူ့ လောကရောက်ရှိပြီး နှစ်နာရီတိတိအချိန်မှာပဲ ဖေဖေဟာ ဒီစာကို ရေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ဖေဖေဟာ အကျဥ်းထောင်ကြီးတစ်ခုအတွင်းက အင်မတန်ကျဥ်းကျပ်တဲ့ အခန်းကျဥ်းကလေးတစ်ခုအတွင်း ကျရောက်နေပါတယ်။

မကြာခင်ရက်ပိုင်းအတွင်းမှာပဲ တရားသူကြီးမင်းက သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းအပြစ် ဒဏ်ကိုဖြစ်စေ၊ အမိန့်ချမှတ်တော့မှာ ဖြစ်ပါတယ်။ ဖေဖေဟာ အဲဒီအမိန့်ကို စောင့်မျှော်နေရတယ်၊





ဖေဖေ့ရဲ့ရည်ရွယ်ချက်ကတော့ သမီးကလေးကို အဲဒီ စက်ရှင်တရားသူကြီးကို အပြီးအပိုင်မွေးစားဖို့ အပ်နှံရစ်ခဲ့ဖို့ပါပဲ။ သမီးရဲ့မေမေဟာလည်း သမီးကိုမွေးပြီး မိနစ်ပိုင်းအတွင်းမှာပဲ အသက်ဆုံးရှုံးသွားခဲ့ပါတယ်။

ကမ္ဘာလောကကြီးမှာ သမီးကလေးကိုထားခဲ့ဖို့ ဆွေမျိုးဆိုလို့ တစ်ယောက်မှမရှိပါဘူး။ တကယ်လို့ ဖေဖေဟာ တစ်သက်တစ်ကျွန်းဒဏ်ကို ကျတယ်ဆိုရင်တောင်မှ သမီးကလေးနဲ့ တွေ့ရဖို့ မလွယ်တော့ဘူး။ သေဒဏ်ကျတယ်ဆိုရင်တော့ လုံးဝကို မျှော်လင့်စရာမရှိတော့ဘူး။

ဒါကြောင့် သမီးကလေးကို စက်ရှင်တရားသူကြီးမင်း ဦးကံသာရဲ့လက်အတွင်းမှာ အပ်နှံသွားခဲ့ပါတယ်။ အဲဒီစက်ရှင်တရားသူကြီးမင်းဟာ ကတိသစ္စာတည်တဲ့ အရည်အချင်းမျိုးရှိတယ်လို့ ဖေဖေသိပါတယ်။ ဒါကြောင့်လည်း ဒီလိုစီစဉ်ခဲ့တာပဲ။

အခု ဖေဖေရဲ့စာကို သမီးဖတ်နေတဲ့အချိန်မှာ သမီးရဲ့အသက်နှစ်ဆယ့်ငါးနှစ်တိတိ ပြည့်နေပါပြီ။ ဒီအချိန်ကို ဘာကြောင့်ဖေဖေရွေးချယ်ရသလဲဆိုတော့ ဖေဖေမှာခဲ့ချင်တဲ့ အရေးကြီးတဲ့တိစ္စရှိလို့ပဲ၊

အဲဒါက ဘာလဲဆိုတော့ သမီးရှေ့မှာရောက်နေတဲ့ သံသေတ္တာနီကလေးကိစ္စပဲ။ ဖေဖေနဲ့ အခြားလူနှစ်ဦးဟာ အလွန်ဝေးလံပြီး သွားရန်လည်း အလွန်ခက်ခဲတဲ့နေရာကနေ အဲဒီသေတ္တာကလေးကို ယူခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဖေဖေရဲ့ဆန္ဒကတော့ ဒီသေတ္တာကလေးကို သူ့နေရာသူ ပြန်ပြီးထားချင်တယ်။ ကျန်နှစ်ယောက်က သဘောမတူကြဘူး။ အဲဒီလို ပြန်ထားမှုလည်း ဖြစ်မယ်ကွယ့်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေတို့က ထားရှားယူခဲ့တာပဲ။ ဒါပေမယ့် ပြန်ထားဖို့ကိစ္စမှာ ဖေဖေ့အနေနဲ့ မစွမ်းဆောင်နိုင်တော့ဘူး။ သမီးကလေးကို အားကိုးရမှာပဲ။

ဘယ်လိုဖြစ်ဖြစ် ဒီပစ္စည်း ကလေးကို သူ့နေရာသူ ပြန်ထားပေးပါ။ သမီးဟာ မိန်းကလေးတစ်ယောက်ဖြစ်နေတော့ အဲဒီကိစ္စကို ဆောင်ရွက်ဖို့ လွယ်မှာမဟုတ်ဘူး။ ဒါပေမယ့် လောကကြီးမှာ သူ့ရဲ့သတ္တိနဲ့ပြည့်စုံပြီး လူတစ်ဖက်သားရဲ့အကျိုးကို အသက်စွန့်ဆောင်ရွက်တတ်တဲ့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေ အများကြီးရှိပါတယ်သမီး။ သူတို့ဟာ ရှက်ပုန်းသီးတွေဖြစ်လေတော့ လူတွေဟာ သူတို့အကြောင်းကို မသိကြဘူး။ သေသေချာချာလေ့လာပြီး ရှာဖွေမှ အဲဒီလို ကျောက်ကောင်းတစ်စေ့နဲ့တူတဲ့ လူမျိုးကို တွေ့ပါလိမ့်မယ်။ တွေ့ပြီဆိုရင် သူ့ရဲ့အကူအညီနဲ့ သေတ္တာနီကလေးကို သူ့နေရာသူ ပြန်ပို့ပေးပါသမီး။

တကယ်လို့များ သမီးအနေနဲ့ ငါ့အဖေဟာ သေဒဏ်ကျခါနီး၊ တစ်သက်တစ်ကျွန်းကျခါနီးလို့ စိတ်တွေကယောင်ချောက်ချားဖြစ်ပြီး





မှာချင်တာတွေ မှာခဲ့တယ်လို့ ထင်ရင်တော့ လူသူမနီးတဲ့ မြစ်ချောင်းထဲမှာ ဒီပစ္စည်းကိုပစ်လိုက်ပါ။ အမှန်ကိုပြောရရင်တော့ ဒီသေတ္တာနီကလေး သူ့နေရာသူပြန်မရောက်သရွေ့ ဖေဖေဟာ သေဆုံးပြီးသည့်တိုင်အောင် မကျွတ်မလွတ်ရပါစေနဲ့လို့ ကျိန်တွယ်ခဲ့တယ်။

ဖေဖေထင်ပါတယ်။ တစ်သက်တစ်ကျွန်းကျရင် ဖေဖေဟာ အသက်ရှည်မှာ မဟုတ်ပါဘူး။ တစ်သက်တစ်ကျွန်းမှာ ဖေဖေနဲ့ မတည့်တဲ့ ရန်သူတွေ ရှိချင်ရှိနေမယ်။ ဖေဖေ အဲဒီကိုရောက်သွားခဲ့ရင်လည်း သူတို့ဟာ ဖေဖေ့အသက်ကို လုပ်ကြကြမှာပဲ။ ဒါကြောင့် စက်ရှင်တရားသူကြီးမင်းဟာ ဖေဖေ့ကို သေဒဏ်အမိန့်ကိုပဲချချ၊ ကျွန်းဒဏ်ကိုပဲချချ တကယ်တော့ ဖေဖေ့အတွက် သေဒဏ်ကြီးပါပဲကွယ်။

ဒါကြောင့် သမီးလေး ဒီစာကိုဖတ်နေတဲ့အချိန်မှာ ဖေဖေဟာ လူ့လောကမှာ မရှိတော့ဘူး။ သမီးကလေးက အဲဒီပစ္စည်းကလေးကို ဖေဖေမှာတဲ့အတိုင်း ပြန်မပို့ဘဲနဲ့တော့ ယောင်လို့များတောင် အမှုမဝေပါနဲ့သမီး။ ဖေဖေ သာခုမခေါ်နိုင်ဘူး။

ပြန်ပို့ပြီးမှ အမှုဝေပါ။

သမီးရဲ့ဖေဖေ
မောင်ဘိုးညွှ

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂုသာသည် ထိုစာကိုဖတ်ပြီးနောက် မျက်ရည်များ တတွေ တွေစီးကျလာ၏။ ထို့နောက် ထိုစာရွက်အား ကျွန်ုပ်လက်သို့ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ထိုစာရွက်ကို လှမ်းယူလိုက်သည့် တစ်ခဏ၌ပင် ချည်သို့ဖြစ်သည်မသိ၊ ကြက်သီးမွေးညင်းများ ထ၍သွားလေတော့၏။

ကျွန်ုပ်လည်း ထိုစာရွက်ကိုဖတ်ရှုပြီးနောက် မောင်ကောင်းတုံအား ဖတ်ရှုရန် ပေးလိုက်ပြန်လေ၏။ မောင်ကောင်းတုံကမူ. .

"မဖတ်တော့ပါဘူး ဦးလေးရယ်။ မဂ္ဂုသာဖတ်ပြလို့ ကြားရပြီးမှပဲ"

ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည်သုံးယောက်သား ခေါင်းချင်းဆိုင်၍ ကျန်သောစာရွက်များကို ဖတ်ရှုကြပြန်လေ၏။ ကျန်သောစာရွက်များမှာမူ လက်ရေးလက်သားအားဖြင့်လည်းကောင်း၊ ရေးပုံရေးနည်းအားဖြင့်လည်းကောင်း လွန်စွာအချိုးကျလှပေ၏။

ထို့ကြောင့် ကျန်သောစာရွက်များသည် အချိန်ယူ၍ရေးသားထားသော စာရွက်များဖြစ်ရပေလိမ့်မည်။ ထိုစာများအား သားရေပြားအနက်နှစ်ချပ်နှင့်ပင်ညှပ်၍ စာအုပ်သဏ္ဌာန် ချုပ်ထားသေး၏။ စောစောက မဂ္ဂုသာဖတ်ပြခဲ့သောစာရွက်မှာမူ ထိုသားရေစာအုပ်၌မပါဘဲ စာအုပ်ပေါ်၌ သီးသန့်တင်ထားသော စာရွက်ဖြစ်သည့်အပြင် လက်ရေး





မှာလည်း လွန်စွာသော့၍ရေးထားသည်ကို တွေ့ရသဖြင့် မောင်ဘိုးတူသည် ထိုစာရွက်အား နောက်ဆုံးအနေနှင့် အချုပ်ခန်းအတွင်း၌ ရေးသားခဲ့သည်ဟု ယူဆဖွယ်ရာရှိလေသည်။

ထို့နောက် မဂ္ဂုသာသည် သားရေပြားနှစ်ချပ်နှင့် ပူး၍ချုပ်ထားသော စာရွက်များ (စာထုပ်) ကို အထပ်လိုက်ဆွဲထုတ်လိုက်လေ၏။ ထိုသို့ဆွဲထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ထိုစာရွက်များအောက်တွင် သေတ္တာနှင့် အံကိုက်တိုင်း၍ ပြုလုပ်ထားသော မိုးကြိုးပြားလေးတို တွေ့ရလေတော့၏။

ထိုမိုးကြိုးပြားများ၏အပေါ်၌ လွန်စွာ နက်မှောင်သော ဆေးတစ်မျိုးဖြင့် ဟိန္ဒူလိုလို၊ ကုလားစာလိုလိုစာများ ပြွတ်သိပ်နေအောင် ရေးထားသည်ကို တွေ့ရလေတော့၏။

ကျွန်ုပ်သည် ထိုမိုးကြိုးပြားများ၌ စိတ်ဝင်စားခြင်းမရှိဘဲ သားရေအနက်ပြားနှစ်ချပ်ဖြင့်ချုပ်ထားသည့် စာထုပ်ကြီးကိုသာလျှင် စိတ်ဝင်စားလျက်ရှိပေ၏။

ထို့ကြောင့် ကျွန်ုပ်က. .

"သမီးကလေး မောပါတယ်တွယ်၊ သမီးရော၊ မောင်ကောင်းတုံပါကြားအောင် ဖေဖေတ ဖတ်ပြမယ်၊ ဖေဖေမောတော့ တစ်ခါ မောင်ကောင်းတုံက ဖတ်လိမ့်မပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

မောင်တောင်းတဲ့မောတော့ တစ်ခါ သမီးကလေးက ဆစ်လှည့်ဖတ်ပေါ့။ ဒီယောက် အထူကြီးကို တစ်ထိုင်တည်းနဲ့ တစ်ယောက်တည်းက ဖတ်ရမယ်ဆိုတာတော့ တယ်ပြီးမလွယ်လှဘူးကွယ်။ ပေး. . ပေး. . ဖေဖေ စ,ဖတ်မယ်”

တု ပြောလိုက်ရာ မဥ္ဇူသာသည် စာထုပ်ကြီးအား ကျွန်ုပ်လက်သို့ ပေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်လည်း စားပွဲပေါ်သို့ချ၍ သားရေဖုံးကိုဖွင့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

## မောင်ဘိုးတူ မှတ်တမ်း

ကျွန်ုပ်သည် ထိုစာရွက်ကို လှန်လိုက်ပြန်ရာ အခြားသော စာမျက်နှာအသစ်၌ လွန်စွာခန့်ညားသောလက်ရေးဖြင့် ‘နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ’ ဟူသော ရတနတ္တယ ပဏာမဖြင့် မှတ်တမ်းကို စ၍ဖွင့်ထားသည်ကို တွေ့ရလေ၏။





(ကျွန်ုပ်သည် ကျွန်ုပ်၏မှတ်တမ်း၌ မောင်ဘိုးတူ၏မှတ်တမ်းကို အစမှအဆုံးတိုင် ကူးရေးထားရန် ဆန္ဒရှိပေသည်။ ထို့ကြောင့် မောင်ဘိုးတူ၏မှတ်တမ်းကို တစ်လှည့်စီဖတ်ရှုကြပြီးနောက် ပြီးဆုံးသွားသော အခါ၌ သမီးကလေးမဥ္ဇူသာထံတွင် အခွင့်တောင်း၍ ထိုမှတ်တမ်းအား ကျွန်ုပ်၏မှတ်တမ်းကြီးထဲတွင် အစမှအဆုံးတိုင်အောင် ရေးကူးခဲ့လေတော့သတည်း။


စက်ရှင်တရားသူကြီးဟောင်း
ဦးတံသာ)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# အဘိုးနှင့်တူသူ  မောင်ဘိုးတူ

ကျွန်ုပ်မောင်ဘိုးတူသည် မျိုးရိုးအားဖြင့် အင်းဝဘုရင်မင်းမြတ်များလက်ထက် ရွှေတိုက်စိုးမျိုးရိုးမှ ဆင်းသက်လာသူတစ်ဦးဖြစ်ပေသည်။ ကုန်းဘောင်ခေတ်တစ်လျှောက်လုံးတွင်လည်း ကျွန်ုပ်၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘွတ်များသည် မှူးကြီး၊ မတ်ကြီး၊ အရာကြီး၊ အထူးကြီးများဖြစ်ကြ၏။ အနီးဆုံးကိုဆိုရပါမူ ဗြိတိသျှအစိုးရများ အုပ်ချုပ်သည့်အချိန်၌ပင် ကျွန်ုပ်၏ဖခင်သည်ပင် တိုက်သူကြီးမျှသော ရာထူးကိုရသေး၏။

ကျွန်ုပ်ဆိုလိုသည်ကား ကျွန်ုပ်၏မျိုးရိုးသည် မြန်မာစစ်စစ်များဖြစ်ကြပြီးလျှင် အဆင့်အတန်းအားဖြင့်လည်း မျိုးကြီးဆွေကြီးများ ဖြစ်ကြလေ၏။

လာဘ်မိုးရွှေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဖခင်မှာ တိုက်သူကြီးဦးမင်းဖြစ်၏။ ကျွန်ုပ်၏မိခင်မှာ မှ ဒေါ်နှမ်းကြီးသမီးဖြစ်၏။ အမည်မှာ မမယ်အိမ်ဟူ၏။ ကျွန်ုပ်၏အဘိုး (ကျွန်ုပ်ခေါင်၏ဖခင်) မှာ မြန်မာမင်းလက်ထက် လက်ဖက်ရည်တော်ဆက် လူပျိုသားတစ်ယောက်ဖြစ်ပေသည်။ အရုပ်အမောင်းကောင်း၏ တူ၏။ ထက်ဇော့လက်ပန်းကောင်းစွာသတ်တတ်၏ဟု ဆို၏။ ကျွမ်းထိုးတိုင်တက်လွန်စွာကျွမ်း၏ဟု ဆို၏။ ရေကူးရေငုပ်ကျင်လည်၏ဟု ဆို၏။ ဤသည်တား အကြမ်းဘက်ကစွမ်းခြင်းဖြစ်၏။ အနုဘက်ကမူ အတီးအမှုတ်ကို မြန်မာသုံးတူရိယာသာမဟုတ်၊ အင်္ဂလိပ်သုံးဘင်ခရာအထိ တတ်၏ဟုဆို၏။ သီချင်းဆိုလည်း လွန်စွာကောင်း၏။ ပန်းချီဆေးရေးအတတ်၌လည်း ပန်းချီတော်ဆရာချုံတို့ကိုယ်တိုင်က ချီးမွမ်း၍ အရေးတယူလုပ်ရသည်ဆို၏။

ထို့ကြောင့် ကျွန်ုပ်၏အဘိုးထက် အသက်အရွယ်ကြီးသောသူတို့က "လူပျိုတော်သား မောင်မြို့ဟာ စွယ်စုံဆင်လိုပဲကွယ့်။ ခဲဘက်ဘက်က စွမ်းဆောင်နိုင်ပါပေသည်" ဟူ၍ ချီးမွမ်းကြရသောဟူ၏။

ကျွန်ုပ်မှာလည်း ဖခင် တိုက်သူကြီးဦးမင်းကဲ့သို့ မိန်းမနားတပ်၍ အေးအေးဆေးဆေးနေတတ်သူမဟုတ်ဘဲ ဟိုစပ်စပ်သည်စပ်စပ်လိုက်စားတတ်သောဝါသနာကြောင့် အကြမ်းဘက်ရော၊ အနုဘက်ကပါ အစွမ်းပြနိုင်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်၏ဖခင်က "ဒီကောင် ငါ





တို့လို အေးအေးနေမယ့်ကောင်စားမဟုတ်ဘူး။ သူ့အဘိုး လူပျိုတော်သားဦးမြို့နဲ့တယ်ပြီးတူတာကိုး" ဟူ၍လည်းကောင်း၊ "အရုပ်အမောင်းကလည်း ဘိုးအေအတိုင်းပါပဲ" ဟူ၍လည်းကောင်း ပြောဆိုတတ်သောကြောင့် ကျွန်ုပ်အား 'အဘိုးနှင့်တူသူ မောင်ဘိုးတူ' ဟူ၍ အနွတ္တအမည်ခေါ်စမှတ်ပြုကြလေတော့၏။

ကျွန်ုပ်၏အဘိုးသည် ကျွမ်းထိုးတိုင်တက်အတတ်မျှလောက်ကိုသာ ကျွမ်းကျင်၏။ ကျွန်ုပ်မှာမူကား ဘားအတတ်၊ မျက်လှည့်အတတ်ကိုပါ သင်ယူလေ့ကျက်ထားပြီးဖြစ်ရာ ကျွန်ုပ်အား ကျွမ်းထိုးတိုင်တက်၊ ဘားမျက်လှည့်အတတ်ကိုကျွမ်းကျင်သည်ဟူ၍ပြောဆိုမှသာလျှင် ကျွန်ုပ်အားချီးမွမ်းရာရောက်ပေလိမ့်မည်။ ကျွန်ုပ်အဘိုးမှာ မြန်မာတူရိယာနှင့်မျက်နှာဖြူတို့၏ ဘင်ခရာအတတ်မျှလောက်ကိုသာ တတ်ကျွမ်းသော်လည်း ကျွန်ုပ်မှာမူ စန္ဒရား၊ ဘင်ဂျို၊ ဂီတာ၊ တယော၊ လတ်ဆွဲဘာဂျာမှအစ ကျွမ်းကျင်စွာတီးမှုတ်နိုင်ရုံမျှမက ကိုယ်တိုင်လည်းသီချင်းဆိုတတ်သည့်အပြင် ကိုယ်တိုင်လည်းသီချင်းရေးနိုင်လောက်အောင် ကဗျာဉာဏ်၊ ဂီတဉာဏ် ရှိပေ၏။

ထို့အပြင် ကျွန်ုပ်အဘိုးထက် ကျွန်ုပ်က သာသောအချက်မှာ ကျွန်ုပ်အဘိုးက ရှင်ဘုရင်၏လက်ဖက်ရည်ဆက်လူပျိုတော်သားရာထူးမျှလောက်ကိုခံ့မင်း၍ ရှင်ဘုရင်ထံ၌ တစ်သက်ပတ်လုံး အမှုထမ်းခဲ့သည်



www.burmeseclassic.com

ထိုသို့ရှင်း ကျွန်ုပ်မှာမူကား အင်္ဂလိပ်-မြန်မာ ခုနစ်တန်းအောင်သည့် နှစ်အထိ ဖခင်ကြီး၏မျက်နှာနှင့် လက်ထောက်မြို့အုပ်ရာထူးကိုပေး သော်လည်း ဝတ်မောခြင်း မရှိခဲ့ပေ။

ကျွန်ုပ်၏ဖခင်သည် လယ်ယာချောင်းမြောင်း မြောက်မြားစွာ ပိုင်ဆိုင်ရကား ကျွန်ုပ်အား မြေပိုင်ရှင်သူကြွယ်ကြီးအဖြစ်ဖြင့် လူ့ဘုံ ခန်းဝယ်၌ ထည်ထည်ဝါဝါကြီးနေနိုင်စေရန် မကြာခဏသွန်သင်၏။ သို့ရာတွင် ကျွန်ုပ်သည် ဖခင်ကြီး၏ပစ္စည်းများနှင့်ပတ်သက်၍ အပ်တို တစ်ချောင်းကိုမျှ မျှော်လင့်ခြင်းမရှိ။ မက်လည်း မမက်မောခဲ့ပေ။ ဤသို့ ရာထူးကိုလည်းမမက်၊ ပစ္စည်းကိုလည်းမမက်ဟုဆိုလျှင် မည်သည့်အရာ ကိုမက်မောပါသနည်းဟု ကျွန်ုပ်အားမေးစရာရှိ၏။ ကျွန်ုပ်မက်မော သည့်အရာကား ရာထူးမဟုတ်၊ ပစ္စည်းလည်း မဟုတ်ပေ။ စွန့်စားခြင်း သာလျှင် ဖြစ်ပေ၏။

သူတစ်ပါးတို့မရောက်မပေါက်ဖူးသောနေရာသို့ ရောက်ပေါက် လို၏၊ သူတစ်ပါးတို့ မစွန့်စားဝံ့သောနေရာများ၌ စွန့်စားချင်၏။ တစ်နေရာတည်း၌ အခြေတကျနေထိုင်ခြင်းကို ကျွန်ုပ်လုံးဝမနှစ်သက် ပေ။ မြန်မာစကား၌ ရိုးရိုးကုပ်ကုပ်ဟု သုံးစွဲလေ့ရှိ၏။ ကျွန်ုပ်မှာမူ ရိုးသားဖြောင့်မတ်ခြင်းရှိသည်ဟု အာမခံနိုင်ပါသည်။ သို့ရာတွင် ကုပ်ကုပ်နေခြင်းကိုမူကား ကျွန်ုပ် လုံးဝမနှစ်သက်ပေ။ ထို့ကြောင့်





ကျွန်ုပ်သည် ရိုးကား ရိုး၏။ ကုပ်ကား မကုပ်ပေ။ ရိုးခြင်းနှင့် ကုပ်ခြင်း ကိုလည်း ဆွေမျိုးညီအစ်ကိုမောင်နှမတော်သည်ဟု ကျွန်ုပ် မထင်မှတ် ပေ။ ဤကား ကျွန်ုပ်၏ပင်ကိုသဘောစိတ်ဖြစ်သကဲ့သို့ စုတေစိတ်လည်း ဖြစ်ဖွယ်ရာရှိ၏။

ကျွန်ုပ်သည် အင်္ဂလိပ်-မြန်မာ (၁၀) တန်းအောင်သည်အထိ ပညာသင်ကြားခဲ့သော်လည်း မျက်နှာဖြူအစိုးရထံတွင် အလုပ်လုပ်မိ မည်စိုးသဖြင့် ထို့ထက်ပို၍မသင်တော့ဘဲ ဆယ်တန်းအောင်သည်နှင့် ပင် ပညာရေးကိုရပ်ဆိုင်းခဲ့လေ၏။ ထို့ပြင် ကျွန်ုပ်၏စိတ်၌ စာသင်ခန်း ၌ သင်ကြားခဲ့ရသောပညာများသည် လူ့လောကကြီး၌ ထိုက်ထိုက် တန်တန်အသုံးဝင်လိမ့်မည်ဟု မယုံကြည်ခဲ့ခြင်းကြောင့်လည်းဖြစ်၏။

ကျွန်ုပ်သည် ဖခင်ကြီးထံ ခွင့်တောင်း၍ ရန်ကုန်မြို့သို့သွား ရောက်ပြီးလျှင် ရန်ကုန်မှတစ်ဖန် ပင်လယ်ကူးသင်္ဘောများဖြင့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘော်နီယို၊ သီဟိုဠ် စသောနိုင်ငံများသို့ လိုက်ပါ ခဲ့လေတော့၏။ ထိုအချိန်က စက်ဖြင့်သွားသော သင်္ဘောများ ရှိသော် လည်း လွန်စွာမှနည်းသေး၏။ ရွက်သင်္ဘောများသာလျှင် ပင်လယ်ပြင် ၌ တွင်ကျယ်၍နေကြလေ၏။

ထိုသို့ ပင်လယ်ပြင်ကိုဖြတ်သန်းခြင်းအလုပ်မှာ မြန်မာလူမျိုး များနှင့် မသက်ဆိုင်သကဲ့သို့ ရှိလေ၏။ သို့ရာတွင် ကျွန်ုပ်ကဲ့သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



'တုပ်' ၍မနေတတ်သော မြန်မာအမျိုးသား လူငယ်နှစ်ဦးကိုမူ ပင်လယ်ပြင်ဘနိုင်၌ သိကျွမ်းခင်မင်ရလေတော့၏။ ၎င်းတို့မှာ ကျွန်ုပ်ကဲ့သို့ဝင်သင်္ဘောသားများ ဖြစ်ကြပေသည်။ ထိုသူတို့မှာ တစ်ဦးက ရုံးစာရေးကြီး၏သား မောင်ဘမျိုးဖြစ်၍ ကျန်တစ်ဦးမှာမူ မိဘမျိုးရိုးအတိအကျမပြောနိုင်သည့် မောင်ဘမှန်ဖြစ်ပေသည်။

ကျွန်ုပ်သည် မိဘများကလည်း ဥစ္စာခံနေ တောင့်တင်းကြွယ်ဝ၏။ အလုပ်လုပ်လိုပါကလည်း မြို့အုပ်ဝန်ထောက် စသောအလုပ်မျိုးကို ခပ်လွယ်လွယ်ပင်ရနိုင်၏။ သို့ရာတွင် 'ကုပ်' ၍ မနေချင်သောကြောင့် သင်္ဘောသားအဖြစ်ဖြင့် ပင်လယ်ပြင်၌ ခြေဆန့်ခြင်းဖြစ်၏။

ထိုနှစ်ဦးမှာမူ ကျွန်ုပ်ကဲ့သို့မဟုတ်ပေ။ ရုံးစာရေးကြီးဖြစ်သူ၏သား မောင်ဘမျိုးဆိုသူမှာ ကျောင်းစာ လေးတန်း၊ ငါးတန်းမျှလောက်သာသင်ဖူး၏။ ၎င်း၏ဖခင်သည်လည်း ဒူလာရောဂါဖြင့် ကွယ်လွန်ခဲ့ပြီဖြစ်၏။ 'စာရေးသေ အမွေမရ' ဟူသောစကားအတိုင်း မောင်ဘမျိုးမှာ မည်သည့်အမွေအနှစ်မျှမရဘဲ မျက်နှာငယ်စွာဖြင့် မိထွေးအိမ်၌နေရလေ၏။ (မောင်ဘမျိုး၏မိခင်မှာ မောင်ဘမျိုးငယ်စဉ်ကပင်ကွယ်လွန်ခဲ့၏ဟု ဆိုသည်။

နောက်ဆုံးတွင် မောင်ဘမျိုးသည် စားရမဲ့သောက်ရမဲ့ဖြစ်ကာ သင်္ဘောပေါ်သို့ တက်၍လာလေတော့၏။





မောင်ဘမှန်မှာမူ မိဘမဲ့တစ်ဦး ဖြစ်ပေ၏။ အကြီးဖြစ်သူ ■တ်သမားတစ်ဦးနှင့် နေထိုင်သည်ဟု သိရလေ၏။ ၎င်း၏အကြီး ကွယ်လွန်အနိစ္စရောက်သွားသောအခါ၌ ဘုန်းကြီးကျောင်း၌ ကပ်ရပ်နေထိုင်လေ၏။ ထိုဘုန်းကြီးမှာလည်း ခွေးအလွန်ချစ်တတ်သောဟူ၏။ မောင်ဘမှန်အား ခွေးများနှင့်အတူ ကျောင်းအောက်၌ ကျွေးမွေးထားလေ၏။ ထိုဘုန်းကြီးသည် မူလအစ၌ သထုံမြို့၌နေထိုင်သော်လည်း နောင်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်ရပ်ရှိ ကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့လာလေ၏။ ထိုသို့ပြောင်းရွှေ့လာရာတွင် ၎င်း၏ခွေးများကိုပါ သယ်ဆောင်လာလေ၏။ ခွေးများနှင့်အတူ မောင်ဘမှန်လည်း လိုက်ပါခဲ့ရလေ၏။ မောင်ဘမှန်သည် ထိုဘုန်းကြီးကျောင်း၌ပင် အတော်အတန်အရွယ်ရောက်သည်အထိ နေထိုင်ခဲ့ပြီးနောက် နောင်တွင် အရက်ဆိုင်၌အမြည်းရောင်းသော မပိုက်ဆိုသည့် မုဆိုးမကြီးတစ်ဦးထံသို့ ပြောင်းရွှေ့နေထိုင်ကာ ထိုမိန်းမကြီးနှင့်ပင် လင်မယားအရာရောက်ကြလေတော့၏။

၎င်းမောင်ဘမှန်သည် အမြည်းရောင်းရင်း အရက်ကို စိတ်တိုင်းကျသောက်ကာနေလေ၏။ ထို့မှတစ်ဖန် အမြည်းရောင်းသောမိန်းမကြီးနှင့်ကွဲကာ ရွက်သင်္ဘောပေါ်သို့ လိုက်ပါလာခဲ့ခြင်းဖြစ်ပေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ပွဲဦးထွက်စွန့်စားခန်း

ဤနေရာတွင် ကျွန်ုပ်တို့၏ ပွဲဦးထွက်စွန့်စားခန်းကို မှတ်တမ်းတင်ရန်လိုအပ်ပေသည်။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်တို့၏ စွန့်စားခန်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ရောင်းရင်းကြီး မောင်ဘမှန်၏ စွန့်စားခန်းပင်ဖြစ်ပေတော့၏။

ကျွန်ုပ်တို့သုံးဦးသားသည် ရွက်သင်္ဘောကြီးတစ်စင်းမှ အခြားသောရွက်သင်္ဘောကြီးတစ်စင်းသို့ ပြောင်းရွှေ့၍အလုပ်လုပ်ကြရလေ၏။ ပြောင်းရွှေ့ရသည့်အကြောင်းမှာ ပထမသင်္ဘောတွင် ဝက်သားလည်းမစား၊ လွန်စွာမှလည်းအယူသီးသော သင်္ဘောသားများနှင့် အလုပ်လုပ်ရသည်ကို မပျော်ပိုက်သဖြင့် သုံးယောက်သားတိုင် ပင်ကာပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ပြောင်းရွှေ့လိုက်ပါမည့် ရွက်သင်္ဘောအသစ်၏အမည်မှာ 'ပိုက်ပါ' ဟူ၍ဖြစ်၏။ သင်္ဘော၌ ကက်ပတိန်ခေါ် မာလိန်မှူး၏အမည်မှာ 'ဇဲဒီး' ဟူ၍ဖြစ်၏။ သင်္ဘောသား တစ်ဝက်ကျော်ကျော်မှာလည်း ပေါ်တူဂီလူမျိုးများသာ ဖြစ်ပေသည်။ ထိုသင်္ဘော၏ထူးခြားချက်မှာ သင်္ဘောထွက်ခါနီး၌ ကက်ပတိန်သည် သင်္ဘောဦးပေါ်တွင် ခေါင်းတစ်ရပ်၍ အရက်အိုးကလေးတစ်အိုးကို ကုန်သည်အထိသောက်ပြီးလျှင် တစ်တောင့်ထိုးသေနတ်ဖြင့် ကောင်းကင်သို့ 'ဒိုင်း' ခနဲ ပစ်ဖောက်လေ့ရှိလေ၏။

ထိုအခါတွင် သင်္ဘောလည်းကမ်းမှခွာ၏။ သင်္ဘောသားအားလုံးလည်း အရက်အိုးများဆွဲယူ၍ အရက်သောက်ခြင်း၊ အော်ခြင်း၊ တစ်ခြင်းများ ပြုလုပ်ကြလေတော့၏။ ကမ်းနှင့်ဝေးသောနေရာသို့ရောက်လျှင် အနက်ရောင်ပေါ်တွင် အဖြူရောင်ဖြင့်ရေးထားသော 'အရိုးခေါင်း' တံဆိပ်အလံကြီးကို တင်လေတော့၏။

ကျွန်ုပ်တို့၏သင်္ဘောတွင် ရွက်တိုင်သုံးတိုင် ပါရှိ၏။ ပုံစံအမျိုးမျိုးသော ရွက်ပေါင်းများစွာရှိ၏။ ရွက်ကြိုးများမှာလည်း အမြောက်အများရှိပေ၏။

ကျွန်ုပ်တို့သင်္ဘောသားများကို ကက်ပတိန်က တိုက်ရိုက်ခိုင်းစေသည်မဟုတ်ပေ။ 'တိုက်ဂါး' ခေါ် လက်ဖတင်နင် ကွန်မင်ဒါတစ်ဦး





ကသာ အမိန့်ပေးခိုင်းစေခြင်း ဖြစ်လေသည်။

၎င်းတိုက်ဂါးသည် အရပ်လည်းမြင့်၍ အသံလည်းကျယ်၏။ အသားလည်းနက်၏။ ရက်လည်း လွန်စွာရက်စက်လေသည်။ ဦးနှောက်ကိုအားကိုးခြင်းမပြုဘဲ ကျာပွတ်ကိုသာအားကိုးလေ၏။ သင်္ဘောသားများကို စကားဖြင့် သေသေချာချာပြောခြင်းမပြုဘဲ ကျာပွတ်ဖြင့်သာလျှင် ရိုက်လေ့ရှိလေ၏။

ကျွန်ုပ်တို့သုံးဦးလည်း ထိုတိုက်ဂါးကြီး၏ အရိပ်အခြည်ကိုကြည့်ကာ အလုပ်လုပ်ရင်း ရွက်များနှင့် ရွက်ကြိုးများကို အလွတ်ရအောင် ကျက်မှတ်ရလေ၏။ အဘယ်ကြောင့် ကျက်မှတ်ရသနည်းဆိုမူ 'တိုက်ဂါး' ကြီးက မည်သည့်ရွက်ကို တင်၊ မည်သည့်ရွက်ကိုချ၊ မည်သည့်ကြိုးကိုတင်၊ မည်သည့်ကြိုးကိုလျှော့ဟူ၍ ညွှန်ပြခိုင်းစေသည်မဟုတ်ပေ။ 'ရွက်' အမည်ကိုလည်းကောင်း၊ ရွက်ကြိုး၏အမည်တို့ကိုလည်းကောင်း အသံနက်ကြီးဖြင့် အော်ဟစ်လေ့ရှိ၏။ ဥပမာ. .

ပထမရွက်တိုင်၏ တတိယမြောက်ရွက်ကို တင်စေလိုသည်ဆိုအံ့။

"ပထမရွက်တိုင်၊ တတိယရွက်ကိုတင်"

ဟု ဆိုလျှင် လူတိုင်းနားလည်၏။ လုပ်လည်း လုပ်တတ်ကြ၏။ အင်္ဂလိပ်စကားဖြင့်အော်လျှင်လည်း သင်္ဘောသားအားလုံးသည် လို



www.burmeseclassic.com

www.burmeseclassic.com



မှုအင်သိမ်တောအကို နားလည်ကြသည်ချည်းဖြစ်ပေ၏။ သို့ရာတွင် တိုးတက်ကြီးသည် ထိုသို့ စိကာပတ်ကုံးပြော၍ ခိုင်းသည်မဟုတ်။ သူသည် အသံနက်ကြီးဖြင့်. .


"ဖိုးတော့ အပ်"

ဟူ၍သာ အော်ဟစ်လေ၏။ ၎င်းနှင့်တွဲဖူးသောသင်္ဘောသားများမှာမူ ၎င်း၏အဓိပ္ပာယ်ကို သိကြ၏။

ကျွန်ုပ်တို့သုံးဦးမှာမူ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေကြလေ၏။ ၎င်း၏ 'ဖိုးတော့ အပ်' ဆိုသည့်အဓိပ္ပာယ်မှာ (Four Upper Top Sail) ပထမရွက်တိုင်၏ တတိယမြောက်ရွက်ကို 'အပ်' ဆိုသည်မှာ တင်ပေတော့ဟူ၍ဖြစ်၏။ ထိုနည်းအတိုင်းပင် အလယ်ရွက်တိုင်၏ အောက်ဆုံးရွက်မကြီးကို တင်ရန်ကိုလည်း 'မိန်းအပ်' ဟူ၍သာ ခိုင်းစေတတ်လေ၏။ ၎င်း၏ဆိုလိုချက်မှာလည်း 'မိန်းဆေး' (Main Sail) ရွက်မကြီးကို 'အပ်' တင်တော့ဟူ၍ပင် ဖြစ်ပေ၏။ ကျွန်ုပ်တို့သုံးဦးသားမှာ ထိုသင်္ဘောသို့ရောက်ခါမှပင် အူကြောင်ကြောင်ဖြစ်ကာ ရွက်များ၊ ကြိုးများသာလျှင်မကပေ။ သင်္ဘော၏ အစိတ်အပိုင်းများကို ပါ အင်္ဂလိပ်ဘာသာဖြင့် ကျက်မှတ်ရလေ၏။ ကျွန်ုပ်တို့ကျက်မှတ်ခဲ့ရသော သင်္ဘောရွက်များ၊ ရွက်ကြိုးများနှင့်ဆိုင်သော အခေါ်အဝေါ်များကို အောက်တွင် ပုံနှင့်တကွ ရေးသားထားပေသည်။








၁။ ဖိုးမတ်
၂။ မိန်းမတ်
၃။ မစ်ဇင်မတ်
၄။ စတေး
၅။ ရှရောင်း
၆။ ယဒ်
၇။ ဘိုးစပရစ်



www.burmeseclassic.com

www.burmeseclassic.com



၈။ စတွဲသားဆေး
၉။ ယား
၁၀။ ဘုမ်း
၁၁။ အောက်တားဂျစ်
၁၂။ အင်နားဂျစ်
၁၃။ ဖိုးတော့မတ်စတေးဆေး
၁၄။ ဖိုးဆေး
၁၅။ ဖိုးလိုးဝါးတော့ဆေး
၁၆။ ဖိုးအပ်ပါးတော့ဆေး
၁၇။ ဖိုးလိုးဝါးတော့ဂါလင့်ဆေး
၁၈။ ဖိုးအပ်ပါးတော့ဂါးလင့်ဆေး
၁၉။ မိန်းဆေး
၂၀။ မိန်းလိုးဝါးတော့ဆေ.
၂၁။ မိန်းအပ်ပါးတော့ဆေး
၂၂။ မိန်းလိုးဝါးတော့ဂါးလင့်ဆေး
၂၃။ မိန်းအပ်ပါးတော့ဂါးလင့်ဆေး
၂၄။ ခရော့ဂျက်
၂၅။ မစ်ဇင်လိုးဝါးတော့ဆေး





၂၆။ မစ်ဇင်အပ်ပါးတော့ဆေး
၂၇။ မစ်ဇင်လိုးဝါးတော့ဂါးလင့်ဆေး
၂၈။ မစ်ဇင်အပ်ပါးတော့ဂါးလင့်ဆေး
၂၉။ စပင့်ကာ

ကျွန်ုပ်တို့သည် တိုက်ဂါးကြီး၏ အခေါ်အဝေါ်များကို နားရည်ဝသွားသောအခါ၌ ကျွန်ုပ်တို့အဖို့ နေရထိုင်ရ လုပ်ရကိုင်ရသည်မှာ အချိုးကျ၍ လာလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်တို့၏သင်္ဘောကြီးသည် လောင်ဂျီတွဒ်ဒီဂရီအားဖြင့် (၁၀၀) ရှိ၍ လတ္တီတွဒ်အားဖြင့် (၅၀) ကျော်ခန့်ရှိသောနေရာတွင် ကျွန်းကလေးတစ်ကျွန်းကိုတွေ့ရှိ၍ ဆိုက်ကပ်လေ၏။ ကက်ပတိန်၏အမိန့်အရ ကျွန်းပေါ်တွင်စခန်းချကာ ရက်အနည်းငယ်ခန့် နားနေကြခြင်းဖြစ်၏။ အဘယ်ကြောင့် ခရီးဆက်မသွားဘဲ နားနေသည်ကို သိလိုလှသော မောင်ဘမှန်သည် ကက်ပတိန်ထံ မယောင်မလည်ချဉ်းကပ်၍ စုံစမ်းမေးမြန်း၏။ ထိုအခါ ကက်ပတိန်က ယခု တစ်ရက်နှစ်ရက်အတွင်း၌ပင် လေမုန်တိုင်း အပြင်းအထန်တျဖွယ်ရာရှိကြောင်း သိရ၍ ကျွန်း၌ခိုကပ်နေကြောင်း မောင်ဘမှန်အားပြောပြလေ၏။ ထိုအခါ မောင်ဘမှန်က လေမုန်တိုင်းတျမည်ကို မည်သို့မည်ပုံသိသနည်းဟု ကက်ပတိန်အား မေးမြန်းလေ၏။ ထိုအခါ ကက်ပတိန်က မောင်

www.burmeseclassic.com



ဘမှန့်အား [illegible]အခန်းတွင်းသို့ ခေါ်သွားပြီးလျှင် အိုးတစ်အိုးကိုပြ ရှာ ထီးထီးအတွင်း၌ မြောက်မြားစွာသော ပင်လယ်မျှော့တို့ကို တွေ့ ရှာသော် တက်ပတိန်က မောင်ဘမှန်အား . .

"ဒီအကောင်တွေ သိပ်ပြီးလှုပ်လှုပ်ရှားရှားဖြစ်ရင် နှစ်ဆယ့် လေးနာရီအတွင်း မုန်တိုင်းကျတယ်ကွ။ နည်းနည်းပါးပါး လှုပ်ရှားရင်တော့ မိုးအကြီးအကျယ်ရွာတယ်။ အခု ဒီကောင်တွေ လှုပ်ရှားနေပြီ။ ငါ့အထင်ပြောရရင်တော့ မုန်တိုင်းကျလိမ့်မယ်။ ဒါကြောင့် ဒီကျွန်းမှာ မုန်တိုင်း ဒဏ်ခိုရတာပဲ"

ဟု ပြောပြလေ၏။ မောင်ဘမှန်လည်း ကက်ပတိန်ထံမှ ကြားရသောစကားကို ကျွန်ုပ်နှင့်မောင်ဘမျိုးအား လာရောက်၍ပြောလေ၏။ ထိုအခါ မောင်ဘမျိုးက. .

"မုန်တိုင်းကျမှာမို့ ကျွန်းပေါ်နားရတော့လည်း ကျုပ်တို့ အဖို့ အနားရတာပေါ့ မောင်ဘမှန်ရယ်။ မဟုတ်ရင်တော့ တိုက်ဂါးကြီးက အော်လိုက် ငေါက်လိုက်နဲ့ ခိုင်းလိုက်တာ များဗျာ။ ရွှေခေတ် အီဂျစ်ပြည်မှာရှိတဲ့ ကျွန်တွေအတိုင်း ပါပဲ။ ကျုပ်တို့သုံးယောက်လည်း စုတ်ပြတ်နေတာ လူရုပ် တောင် မပေါ်တော့ပါဘူး"





ဟု ညည်းတွားလေ၏။

များမကြာမီ၌ပင် ကျွန်ုပ်တို့သင်္ဘောသားအားလုံးသည် ကျွန်း ပေါ်သို့ရောက်ရှိနေကြပြီဖြစ်ရာ တိုက်ဂါးကြီးက ရွက်ဖျင်တဲများထိုး ရန် အမိန့်ပေးလေတော့၏။ ကျွန်ုပ်တို့လည်း ရွက်ဖျင်တဲများကို မြေ၌ ကပ်လျက် ထိုးကြလေ၏။ တိုက်ဂါးကြီးသည် တဲများကို လိုက်လံ စစ်ဆေးပြီးနောက် တစ်လုံးလျှင် သုံးယောက်နေရန်၊ ထိုသုံးယောက် အနက် နှစ်ယောက်သောသူကအိပ်လျှင် တစ်ယောက်သောသူက ကင်း စောင့်ရန် မှာကြားလေ၏။ ထို့နောက် သင်္ဘောတွင်ပါလာသော တော ဆိတ်နှစ်ကောင်ကိုသတ်၍ တံစို့ထိုးပြီးလျှင် အုပ်စုနှစ်စုခွဲပြီး ကင်စေ လေ၏။

အရက်အိုး၊ အရက်စည်များကိုလည်း သင်္ဘောပေါ်မှ ချစေလေ ၏။ ညပိုင်းသို့ရောက်လျှင် တောဆိတ်ကြီးနှစ်ကောင်လည်း ကောင်း စွာကျက်ပြီဖြစ်သည့်အပြင် ၎င်းတို့အဆီများတိုလည်း မီးတောက် မီးလျှံအရောင်ဖြင့် မြင်ရသောအခါ စားချင်စဖွယ်ပင် ဖြစ်နေလေ၏။ ထိုအခါ၌ ကက်ပတိန်က အရက်ကို ကြိုက်သလောက်သောက်၍ ဆိတ် သားကင်ကို ကြိုက်သလောက်စားကာ ကြိုက်သလိုအော်ဟစ်မြူးတူး ပျော်ပါးနိုင်ကြောင်း ပြောလေ၏။ ကျွန်ုပ်တို့လည်း အရက်နှင့် တောဆိတ် ကင်ကိုမြည်း၍ အော်ဟစ်မြူးထူးကြတုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တက်ပတိန်ကိုယ်တိုင်က သုံးယောက်လျှင်တစ်ဖွဲ့ကျ ဖွဲ့ထားသောအဖွဲ့များမှ မဲလိပ်တစ်လိပ်စီနှိုက်ရမည်ဖြစ်ကြောင်း၊ မဲပေါက်သောအဖွဲ့မှ သုံးယောက်သည် မိမိတို့လူမျိုးအလိုက် က,လေ့ရှိသောအကဖြင့် ကျန်သောသူများအား ဖျော်ဖြေရမည်ဟု အမိန့်ထုတ်လေ၏။ ထို့ကြောင့် အဖွဲ့များလည်း ကိုယ်စားလှယ်များရွေးချယ်ကာ မဲနှိုက်ကြလေတော့၏။ ထိုသို့မဲနှိုက်ရာတွင် အဖွဲ့နှစ်ဖွဲ့သည် မဲပေါက်လေတော့၏။ ထိုမဲပေါက်သော အဖွဲ့နှစ်ဖွဲ့မှာ ဂေါ်ရင်ဂျီသုံးယောက်အဖွဲ့နှင့် ကျွန်ုပ်တို့သုံးယောက်အဖွဲ့ဖြစ်ပေ၏။ ထို့ကြောင့် ဂေါ်ရင်ဂျီသုံးယောက်အဖွဲ့သည် ကြေးလင်ဗန်းကလေးကို တုတ်ဖြင့် တနောင်နှောင်ခေါက်ကာ ဂေါ်ရင်ဂျီအကကို ကပြလေတော့၏။

ရင်းတို့ကပြစဉ်အတွင်း ကျွန်ုပ်က မောင်ဘမျိုးအား. .

"ကျုပ်တို့အလှည့်ရောက်ရင် ဘာတွေဆိုပြီး ဘာတွေ က,ကြမှာတုံးဗျ"

ဟု မေးလိုက်ရာ မောင်ဘမျိုးက. .

"မပြောတတ်ပေါင်ဗျာ။ ကျုပ်လည်း မက,တတ်ပါဘူး"

ဟု ညည်းညူလေတော့၏။ ထိုအခါ မောင်ဘမှန်က. .

"ဒီအတွက်တော့ မပူပါနဲ့ဗျာ။ ဒါလောက်တော့ ကျုပ်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရွှေသီချင်းကို ခင်ဗျားတို့က ဆိုပြီး လက်ခုပ်တီးပေါ့ဗျာ။ ကျုပ်က က,ပါ့မယ်။ အဲဒါ တစ်ပင်တိုင်အကပေါ့ ကိုယ့်လူတို့ရဲ့၊ ကျုပ်ဘကြီးက ဇာတ်မင်းသားကြီးဗျ။ အဲဒီတစ်ပင်တိုင်အကမှာတော့ ဝိတ်ချိုး၊ ကျုပ်ကောင်းကောင်းဖြစ်ပါတယ်ဗျာ"

ဟုပြောရာ မောင်ဘမျိုးက. .

"ဟုတ်မှလည်းလုပ်ပါ ကိုဘမှန်ရာ"

ဟုဆိုသဖြင့် မောင်ဘမှန်က. . .

"ကတဲ့အခါကျတော့ ကြည့်ပေါ့ဗျာ။ သီချင်းကိုတေ့ ..... သွက်သွက်ကလေးဆိုပေးဗျ။ လက်ခုပ်ကလေးလည်း ညီညီတီးပေးကြ။ ဒီသီချင်းမျိုးက တစ်ယောက်ဆိုသံကြားရင် ကျန်တဲ့လူတွေဟာ သီချင်းဆိုချင်သလိုလို၊ တချင်သလိုလို သီချင်းမျိုးဗျ"

ဟု အားတက်သရော ပြောလိုက်လေ၏။

ထိုအချိန်၌ပင် ဂေါ်ရင်ဂျီအဖွဲ့၏အကသည် ပြီးဆုံးသွားသဖြင့် ကျွန်ုပ်တို့၏ အလှည့်သို့ ကျရောက်လာလေတော့၏။ ကျွန်ုပ်နှင့် မောင်ဘမျိုးလည်း သီချင်းဆို၍ လက်ခုပ်တီးပေးကြလေ၏။ ကျွန်ုပ်တို့အဆိုနှင့် ကျွန်ုပ်တို့၏လက်ခုပ်သံမှာ အတော်ပင် ညီညွတ်လေ၏။ မောင်ဘမှန်မှာလည်း သီချင်းကို အသံဝါကြီးနှင့် အော်၍ အော်၍ဆိုရင်း







www.burmeseclassic.com

www.burmeseclassic.com



တစ်ဝင်ထိုင်အဘကို က,လေ၏။ မောင်ဘမှန် က,သည်ကို ကြည့်ရသောအခါ၌ ကျွန်ုပ်၏စိတ်၌ ၎င်း၏ဘကြီးသည် ဇာတ်မင်းသားဖြစ်သည်ဆိုသည့်စကားကို ခြွင်းချက်မရှိ ယုံကြည်သွားလေတော့၏။ မောင်ဘမှန်သည် အပျော်ကနေသည်ဟူ၍မထင်မှတ်တော့ဘဲ ၎င်းဘတ်ကျွမ်းသောသဘင်ပညာကို အစွမ်းပြနေသည့်အလား အစွမ်းပြ၍ ကပြလေ၏။

ကျွန်ုပ်တို့ကလည်း သီချင်းဆို၏။ လက်ခုပ်တီးလေ၏။ ကျွန်ုပ်တို့ဆိုပြီးသည့်အပုဒ်ကို မောင်ဘမှန်က တစ်ထပ်ကျော့၍ ဆိုလေ၏။ ကျွန်ုပ်တို့ လက်ခုပ်တီးပေးရလေ၏။ ကျွန်ုပ်တို့က. .

“ဂေါ်ဖီ. . ဂေါ်ဖီ. . ပင်မင်း. . အင် ကြင်း. . ရွှေဝါ. .”

ဆိုပြီးသည်နှင့်တစ်ပြိုင်နက် မောင်ဘမှန်က. .

“ဂေါ်ဖီ. . ဂေါ်ဖီ. . ပင်မင်း. . အင် ကြင်း. . ရွှေဝါ. .”

ဟု တစ်ကျော့ဆိုလေ၏။ ကျွန်ုပ်တို့က. .

“ရင့်မာ. .”

ဟုဆိုလျှင် မောင်ဘမှန်ကလည်း. .

“ရင့်မာ. .”

ဟု တစ်ကျော့ထပ်၍ ဆိုလေ၏။

ကျွန်ုပ်တို့က. .





“ကြိုင်. . ခိုင်. . မြိုင်လုံးရယ်”

ဟုဆိုလျှင်လည်း မောင်ဘမှန်က. .

“ကြိုင်. . ခိုင်. . မြိုင်လုံးရယ်”

ဟု တစ်ကျော့ထပ်၍ဆိုသည်ချည်း ဖြစ်၏။ သီချင်းစာသားပုဒ် ပြီးသွားသောအခါ၌ တီးလုံးပုဒ်ကို ကျွန်ုပ်တို့သည် ပါးစပ်နှင့်ပင်. .

“တိန့်. . နိမ်. . တိန့်. . နိမ်. . တူနယ်. . တူနယ်”

ဟူ၍ ပြုလုပ်ကာ လက်ခုပ်ကိုတီးပေးရလေ၏။ ထိုအခါကျမှပင် မောင်ဘမှန်သည် ကွေးနေအောင် က,လေတော့၏။ တောင်ရှည်ပုဆိုးမရှိသောကြောင့် စောင်ကြီးကို တောင်ရှည်ပုဆိုးကဲ့သို့ ခါး၌ပတ်တော့ က,လေ၏။ ကျွန်ုပ်တို့၏အဆိုနှင့် ကျွန်ုပ်တို့၏ ပါးစပ်ဆိုင်းလည်း အတော်အသင့် နေရာကျပေ၏။

မောင်ဘမှန်၏အကမှာမူကား သဘောသားမလုပ်ဘဲ ဇာတ်မင်းသားလုပ်လျှင် မင်းသားကြီးဦးဖိုးစိန်ကို မမီသည်ပဲထားဦးတော့၊ အတော်အတန်မင်းသားမျိုးကိုမူ အကအရာ၌ မရှုံးနိုင်တဲ့ ကျွန်ုပ်ရော၊ မောင်ဘမျိုးကပါ ခန့်မှန်းမိကြလေ၏။

မောင်ဘမှန်လည်း ကြိုးစား၍ စိတ်ပါဝင်စားစွာ ကလေ၏။ ကျွန်ုပ်တို့သည် မောင်ဘမှန်၏အက၌ နစ်မျောနေကြစဉ်တွင်ပင် ကျွန်ုပ်တို့၏ဆရာ တိုက်ဂါးကြီးသည် ၎င်း၏တျာပွတ်ကြီးကို လေထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း' ခနဲ မြည်လိုက်လေတော့၏။ ကျွန်ုပ်တို့အပါအဝင် သင်္ဘော သားအပေါင်းတို့သည် အံ့ဩစွာ ကြည့်ရှုနေကြလေတော့၏။ မောင်ဘမှုန် သည်လည်း တ,ရင်းနှင့်ပင် ဆတ်တငံ့ငံ့ ရပ်လိုက်ရလေ၏။ ကက်ပတိန် သည်ပင်လျှင် သစ်သားအရက်စည်ပေါ်၌ထိုင်၍ အရက်သောက်နေ ရင်း တိုက်ဂါးကြီးကိုကြည့်လိုက်လေ၏။ တိုက်ဂါးကြီးသည် ကျာပွတ် ကို နောက်တစ်ချက် လေထဲတွင် 'ဖြောင်း' ခနဲရိုက်လိုက်ပြီးနောက်. .

"တော်ပြီ. .။ ငါဟာ အတော့်ကို သည်းခံပြီး မင်းတို့ရဲ့ အကကိုကြည့်ခဲ့တယ်။ ဒါလောက် မျက်စိနောက်တဲ့အက မျိုး ငါ့တစ်သက်မှာ ဘယ်လူမျိုးက,တာကိုမှ မတွေ့ဖူးဘူး။ မင်းတို့လူမျိုးရဲ့အကဟာ မျောက်တစ်ကောင်လို မျက်စိ နောက်ဖို့ကောင်းပြီး အရူးတစ်ယောက်လို သနားဖို့ကောင်း တဲ့ အကမျိုးပဲ။ ခြေထောက်တွေ၊ လက်တွေ ကုပ်ပြီး ကွေး နေတယ်။ ပြီးတော့ ခုန်လည်း ခုန်တယ်။ ငါ လုံးဝ သည်း မခံနိုင်ဘူး။ မင်းတို့ရဲ့ သနားစရာ၊ မျက်စိနောက်စရာ ကောင်းတဲ့အကကို တော်ပြီ။ ရပ်လိုက်တော့"

ဟု ပြောလိုက်ရာ ကျွန်ုပ်တို့လည်း လွန်စွာစိတ်ဆိုးကြရလေ ၏။

ကျွန်ုပ်တို့သဘင်ပညာကို ဤမျှ မှီချိုးမျှစ်ချိုးပြောခြင်းအတွက်





လည်း စိတ်မကောင်းဖြစ်ရလေ၏။ မောင်ဘမှုန်ကမူ ကျွန်ုပ်တို့နှစ်ဦး ဘက်သို့ လှည့်ကာ. .

"ကျုပ်တို့သီချင်းမဆုံးသေးဘူး။ ဆက်ပြီး ဆိုပါ။ ဆက်ပြီး တီးပါ။ ကျုပ် ဆက်ပြီးက,မယ်။ သီချင်းမဆုံးမချင်း က,မယ်။ သီချင်းဆုံးရင်တော့ ရပ်လိုက်မယ်။ ဒီအတွင်းမှာတော့ သိကြားမင်းက မိုးပေါ်ကဆင်းလာပြီး ရပ်ပါဆိုတာတောင် ကျုပ်တို့မရပ်ကြနိုင်။ ဒါဟာ ကျုပ်တို့သုံးယောက်ကိုတင် စော်ကားတာ မဟုတ်ဘူး။ ကျုပ်တို့တစ်မျိုးသားလုံး ဘိုး ဘေးဘီဘင် ထိန်းသိမ်းလာတဲ့ သဘင်အမွေအနှစ်ကို စော် ကားတာဖြစ်တယ်။ ကိုယ့်လူတို့ ဆိုကြပေတော့"

ဟုတပ်လှန့်လိုက်ရာ ကျွန်ုပ်နှင့် မောင်ဘမျိုးလည်း. .

"ကြိုင်. . မြိုင်. . ခိုင်လုံးရယ်. . ခိုင်လုံးရယ်. . မွေး"

ဟုဆိုကာ ပါးစပ်ဆိုင်းနှင့် လက်ခုပ်တီးကြလေ၏။ မောင်ဘမှုန် လည်း ၎င်း၏တောင်ရှည်ပုဆိုး စောင်ကြီးကို မ,တာ မ,တာ တ,လေ တော့၏။

"ဖြောင်း"

ကျာပွတ်သံတစ်ချက် ထွက်ပေါ်လာပြီးနောက် တိုက်ဂါးကြီး က. .



www.burmeseclassic.com

www.burmeseclassic.com

"ရုပ်ပါဆိုတာ မရယ်ဘူးလား"

ဟု အော်ဟစ်လိုက်လေ၏။ မောင်ဘမှန်က ဆက်၍က,လေ၏။

"မြောင်း"

တျာစွတ်သံထွက်ပေါ် လာပြန်၏။ ပြီးလျှင် တိုက်ဂါးကြီး၏ အသံ ထွက်ပေါ် လာပြန်၏။

"ငါအမိန့်ပေးနေတယ်။ ဒါ နောက်ဆုံးပဲ။ ရပ်လိုက်ပါ"

မောင်ဘမှန်သည် မရပ်ဘဲ ဆက်၍က,လေ၏။ ကျွန်ုပ်တို့ လည်း ပါးစပ်ဆိုင်း တီးမြှုတ်ီးပေးနေကြလေ၏။ တိုက်ဂါးကြီးလည်း ကျာပွတ်ကို လေထဲတွင်မရိုက်တော့ဘဲ က,နေသော မောင်ဘမှန်အား လှမ်း၍ရိုက်လိုက်လေ၏။ ကျွန်ုပ်တို့နှစ်ယောက်လည်း 'ဝုန်း' ခနဲ နေရာမှထလိုက်ကြလေ၏။ မောင်ဘမှန်မှာမူ တိုက်ဂါးကြီး၏ကျာပွတ်ကို လက်ဖြင့်ဖမ်း၍ဆွဲထားလိုက်လေ၏။ ထိုအခါ တိုက်ဂါးကြီးက. .

"မင်းကို ငါက ရပ်ခိုင်းနေတာ။ ဘာဖြစ်လို့ မရပ်တာလဲ"

ဟု ဟိန်းဟောက်လိုက်လေ၏။

"ကျုပ်တို့ဟာ မဲပေါက်လို့ က,တာပဲ။ က,ချင်လို့ က,တာမှ မဟုတ်ဘဲ"

ဟု မောင်ဘမှန်က ပြန်၍ပြောလိုက်လေ၏။

"ငါက အမိန့်ပေးနေတာ။ မင်း နားမလည်ဘူးလား"





ဟု တိုက်ဂါးကြီးက မေးလေ၏။

"မင်းအမိန့်ဟာ အရူးတစ်ယောက်လို အမိန့်မျိုးပဲ။ အခုပဲ က,ပါလို့ အမိန့်ပေးတယ်။ အခုပဲ ရပ်ပစ်ပါလို့ ပြောတယ်။ ငါတို့ မနာခံနိုင်ဘူး။ ပြီးတော့ ငါတို့လူမျိုးရဲ့သဘာဝပညာကို မင်းဟာ စော်ကားတယ်။ အဲဒီအတွက် အနူးအညွတ် တို့သုံးယောက်ကို ပြန်ပြီးတောင်းပန်ပါ။ မတောင်းပန်ဘူး ဆိုရင်တော့ တို့သုံးယောက်က မင်းကိုတိုက်ခိုက်ရလိမ့်မယ်"

ဟု မောင်ဘမှန်ကပြောလိုက်ရာ ကျွန်ုပ်နှင့်မောင်ဘမျိုးက. .

"ဟုတ်တယ်. . ဟုတ်တယ်။ တို့မခံဘူး"

ဟု ညာသံပေး၍ အော်ဟစ်လိုက်လေ၏။ ထိုအခါ သစ်သားအရက်စည်အား ရာဇပလ္လင်အမှတ်နှင့်ထိုင်နေသော သင်္ဘောကက်ပတိန်လည်း ထိုင်မနေတော့ဘဲ ထ၍လာပြီးလျှင်. .

"ငါတို့သင်္ဘောမှာ ဥပဒေရှိတယ် ကွ။ အဲဒါက ဘာလဲဆိုတော့ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် အမိန့်ကိုနာခံရမယ်။ တကယ်လို့ အမိန့်ပေးတဲ့လူဟာ တရားသဖြင့်မဟုတ်ဘဲ ညစ်ပတ်ပြီး အမိန့်ပေးခဲ့ရင်တော့ အဲဒီအမိန့်ပေးတဲ့လူကို ရာထူးက ဖြုတ်ချရမှာပဲ။ အဲဒီလို ရာထူးကဖြုတ်ချဖို့ကိစ္စမှာလည်း ငါနဲ့မဆိုင်ဘူးကွ။ အမိန့်ပေးခံရတဲ့လူနဲ့ပဲ ဆိုင်တယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com



ဆိုရှာ တိုက်ဂါးကြီးပေးတဲ့ အမိန့်ဟာ တရားသဖြင့်ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ ဆုံးဖြတ်ရမှာ အင်မတန်ခက်နေတယ်၊ အဲဒီတော့ သင်္ဘောသားအားလုံးကို မေးမယ်။ သင်္ဘောသားအများစုက အမိန့်ဟာ တရားသဖြင့်ဖြစ်တယ်လို့ ထောက်ခံခဲ့ရင် မင်းတို့သုံးယောက်ကို တိုက်ဂါးကြီးက ကြိုက်သလိုဆုံးမခွင့်ရှိတယ်။ သင်္ဘောသားတစ်ဝက်ကိုတိုကဖြစ်စေ၊ အများစုကဖြစ်စေ တိုက်ဂါးကြီးရဲ့အမိန့်ဟာ တရားဘူးလို့ ဆုံးဖြတ်ခဲ့ရင်တော့ တိုက်ဂါးကြီးကို မင်းတို့သုံးယောက် ဖြုတ်ချခွင့်ရှိတယ်။ ဖြုတ်ချခွင့်ရှိတယ်ဆိုတာ ဒီအတိုင်းဖြုတ်ချလို့မရဘူး။ သူနဲ့တိုက်ခိုက်ရမယ်။ သုံးယောက်နဲ့တစ်ယောက်တော့ တိုက်ခိုက်ခွင့်မပေးနိုင်ဘူး။ တစ်ယောက် တစ်ယောက်ချင်းပဲ တိုက်ခိုက်ခွင့်ပေးမယ်။ မင်းတို့သုံးယောက်ထဲက တစ်ယောက်ယောက်က တိုက်ခိုက်ပါ။ တိုက်ဂါးကြီးလည်း သူ့အရင်ကလူကို ဒီနည်းနဲ့ ဖြုတ်ချခဲ့တာပဲ။ မင်းတို့လည်းပဲ ဒီအခွင့်အရေးကို ရပါတယ်။ အခု မဲခွဲမယ်"

ဟုဆိုကာ သင်္ဘောသားများဘက်သို့လှည့်၍. .

"တိုက်ဂါးကြီး မှန်တယ်ဆိုတဲ့လူ ဒီဘက်ကိုလာပါ။ မှား





တယ်ဆိုတဲ့လူ ဟိုဘက်ကိုသွားပါ"

ဟုပြောလိုက်ရာ သင်္ဘောသားများသည် ဟိုရွှေ့သည်ရွှေ့ပြုလုပ်ကြလေတော့၏။ အချို့မှာလည်း ကျွန်ုပ်တို့ကိုထောက်ခံပြီးကာမှ သူ၏အဖော်သည် အခြားဘက်သို့ရောက်နေသောကြောင့် တစ်ဖက်သို့ ပြန်၍ကူးသွားကြသကဲ့သို့ တစ်ဖက်တွင်ရောက်နေသောသူများမှာလည်း ကျွန်ုပ်တို့ဘက်သို့ ကူးပြောင်းလာကြလေ၏။ အချို့သောသူများမှာလည်း မှားသည်မှန်သည်ကိုမစဉ်းစားဘဲ ထိုင်နေရာမှ အခြားဘက်သို့ ရွှေ့ရမည်ကို ပျင်းသောကြောင့် ထိုင်မြဲတိုင်းပင် ဆက်၍ထိုင်နေကြသည်ကို တွေ့ရ၏။ သင်္ဘောသားနှစ်ယောက်မှာမူ အလယ်တွင်ရပ်နေသောကြောင့် ကက်ပတိန်ကိုယ်တိုင်က ကုပ်ကိုဆွဲ၍ ကျွန်ုပ်တို့ဘက်သို့တစ်ယောက်၊ တိုက်ဂါးကြီးဘက်သို့တစ်ယောက် တွန်းထုတ်လိုက်လေ၏။ ဤသို့ ပြုလုပ်ပြီးနောက် ကက်ပတိန်သည် လူများကိုရေတွက်ကြည့်ရာ တိုက်ဂါးကြီးနှင့် ကျွန်ုပ်တို့သည် မဲအရေအတွက်ချင်း တူညီနေကြသည်ကို တွေ့ရလေ၏။ ထိုအခါ ကက်ပတိန်က. .

"တစ်ဝက်စီဖြစ်နေတယ်။ တိုက်ဂါးကြီးကိုတိုက်ဖို့ မင်းတို့သုံးယောက်ထဲက တစ်ယောက်ထွက်ခဲ့ပါ"

ဟုပြောလိုက်လျှင် မောင်ဘမှန်က. .

"ကျုပ်တွယ်ချင်တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုတာ အကျီကို ချွတ်လိုက်လေ၏။ ထိုအခါ ကျွန်ုပ်နှင့် မောင်ဘမျိုးက. .

"ခင်ဗျားရှုံးသွားရင်လည်း ကျုပ်တို့နှစ်ယောက် တစ်လှည့်စီဝင်မယ် ဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဘမှန်က. .

"ဘယ်ကလာ ရှုံးရမှာတုံး။ ကျုပ်တို့ မြန်မာ့ပညာ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ဒီကောင်ကြီးကို ပြခွင့်ရပြီဗျ"

ဟုပြောလေ၏။ ထိုအခါ မောင်ဘမျိုးက. .

"ဟုတ်ပါ့မလား မောင်ဘမှန်ရယ်။ အလုံးအထည်အရပ်အမောင်းချင်းက ဆင်နဲ့ဆိတ်လိုကွာနေတာ။ နိုင် နိုင်ပါ့မလား"

ဟု မေးလိုက်လေ၏။

"သေချာပါတယ် မောင်ဘမျိုးရဲ့။ ကျုပ်က ကျုပ်ဦးလေး သင်ထားလို့ ဗန်တို ဗန်ရှည် ကောင်းကောင်းတတ်ပါတယ်ဗျ။ ကျုပ်ဦးလေးက ဗန်တို ဗန်ရှည် ဆရာကြီးပဲ။ သထုံဘက်မှာ မသိသူ မရှိပါဘူးဗျာ။ ပြောနေကြာပါတယ်ဗျာ။ အခုပဲ ဒီကောင်ကြီးရဲ့မျက်လုံးကို ထိုးဖောက်ပစ်လိုက်မယ်"





ဟု ဆိုကာ ကက်ပတိန်ဘက်လှည့်၍ ခါးညွတ် အရိုအသေပေးပြီးလျှင် လက်ခမောင်းကို တဖြောင်းဖြောင်းခတ်ရင်း တိုက်ဂါးကြီးကို စိန်ခေါ်လိုက်လေတော့၏။

တိုက်ဂါးကြီးသည် ဘမှန်ကိုကြည့်၍ မခိုးမခန့် ပြုံးလိုက်လေ၏။ ၎င်း၏အမြင်အရာမှာ မလောက်လေးမလောက်စား ကောင်ငယ်လေးတစ်ကောင်နှင့် တိုက်ခိုက်ရမည်ဖြစ်သောကြောင့် ရွက်အမ်းအမ်းဖြစ်နေလေ၏။ တိုက်ဂါးကြီးသည် ရှေ့သို့တိုးလာပြီး. .

"ဟုတ်မှလည်း လုပ်ပါကွာ"

ဟု မောင်ဘမှန်အား ပြောလိုက်လေ၏။

"ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ မင်း အခုပဲသိရတော့မှာပဲ"

ဟု မောင်ဘမှန်က ပြောဆိုလိုက်လျှင် တိုက်ဂါးကြီးသည် မောင်ဘမှန်၏လည်ကုပ်ကို ဖမ်းဆွဲလိုက်လေတော့၏။ ၎င်း၏စိတ်၌လည်း ကြွက်ကလေးတစ်ကောင်ကို ဖမ်းသကဲ့သို့ လွယ်လွယ်ကူကူပင် ဖမ်းနိုင်လိမ့်မည်ဟု ထင်လေ၏။ ထိုသို့ဖမ်းပြီးလျှင် လေထဲတွင် တိုင်မြှောက်ကာ အနီးရှိကျောက်တုံးပေါ်၌ ရေအိုးကိုရိုက်ခွဲဘိသကဲ့သို့ 'ဖွမ်း' ခနဲ ရိုက်ခွဲချလိုက်မည်ဟုလည်း စိတ်ကူးထားလိုက်လေ၏။ သို့ရာတွင် ၎င်းထင်သည့်အတိုင်း ဖြစ်မလာပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမှန်၏လည်ကုပ်ကို ဖမ်းကိုင်လိုက်သည့်တစ်ခဏမှာပင် မောင်ဘမှန်သည် အဖမ်းမခံဘဲ ငုံ့၍ရှောင်ကာ ၎င်း၏ဝမ်းဗိုက်အား လက်သီးဖြင့် နှစ်ချက်ဝင်၍ထိုးလေ၏။ ထိုအခါကျမှပင် တိုက်ဂါးကြီးသည် ၎င်းတွေးထင်ထားသလောက် လွယ်ကူခြင်းမရှိသည်ကို ရိပ်မိသည့်အားလျော်စွာ အနည်းငယ်ဝီရိယစိုက်၍ လက်နှစ်ဖက်ဖြင့် မောင်ဘမှန်၏ပခုံးကို 'ဆတ်'ခနဲ ဆုပ်ကိုင်လိုက်လေတော့၏။ မောင်ဘမှန်သည်း ထိုကိုင်သောလက်နှစ်ဖက်အနက် တစ်ဖက်သောလက်ကို ဆွဲလိမ်၍တိုက်ဂါးကြီးအား နာကျင်အောင်ပြုလုပ်လိုက်လေ၏။ တိုက်ဂါးကြီးလည်း နာကျင်၍သွားသောကြောင့် ခြေဖျားကို ထောက်လိုက်လေ၏။ ထိုခဏ၌ပင် မောင်ဘမှန်သည် တိုက်ဂါးကြီး၏ ကိုယ်လုံးအောက်သို့ ငုံ့၍ဝင်ကာ တိုက်ဂါးကြီးအား ဆန်အိတ်ကိုထမ်းသကဲ့သို့ ထမ်းကာ မြေကြီးပေါ်သို့ 'ဗုန်း' ခနဲပစ် ချလိုက်လေတော့၏။

တိုက်ဂါးကြီးသည် မြေကြီးပေါ်သို့ ပက်လက်လန်၍ ကျသွားလေ၏။ ကျွန်ုပ်တို့ဘက်ကိုထောက်ခံသော သင်္ဘောသားများသည် လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြလေ၏။ တိုက်ဂါးကြီးဘက်မှ သင်္ဘောသားများလည်း တိုက်ဂါးကြီးအား အမြန်ပြန်၍ထရန် သတိပေးကြလေ၏။ တိုက်ဂါးကြီးလည်း ကပျာကယာ လူးလဲ၍ထ၏။ ထိုအခါ ကက်ပတိန်က. .





"ဟေ့ကောင်ကြီး. . ။ ကြည့်လည်းလုပ်ဦးနော်။ သူတို့ကတော့ မင်းကို ညှာမှာမဟုတ်ဘူး။ စားဖို့ အခွင့်ရရင်တော့ မဆလာမဖြူးဘဲ စားပစ်ကြလိမ့်မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ တိုက်ဂါးကြီးက. .

"ရပါတယ် ကက်ပတိန်။ ဒီကောင့်ကိုတော့ ဆိတ်ကင်သလို မီးဖိုမှာ ကင်ပစ်လိုက်မယ်"

ဟု ကြိမ်းဝါးကာ ပြန်၍နေရာယူလိုက်လေ၏။ တိုက်ဂါးကြီးသည် မောင်ဘမှန်အား တစ်ချက်တည်းနှင့် အကွက်ကောင်းကိုဖမ်းရန် ကျားချောင်းသကဲ့သို့ ချောင်းနေလေ၏။ ထိုအခါ မောင်ဘမှန်က လက်ခမောင်းတဖြောင်းဖြောင်း ခတ်လိုက်ပြီးလျှင် အောက်ပါဂါထာကို အသံဝါကြီးနှင့် ရွတ်လိုက်လေတော့၏။

ကိစ္စိ၊ ကိစ္စိ၊ စလံ ပတ္တော
သဗ္ဗ သီဟော၊ တယော နာဂေါ
အဋ္ဌမေဝ၊ စလံပတ္တော
ကိစ္စုဘက္ကော၊ ဘဝိဿတိ။

ထိုအချိန်မှာပင် အကွက်ကောင်းကိုချောင်းနေသော တိုက်ဂါးကြီးသည် မောင်ဘမှန်အား အတင်းဝင်ရောက်ထိုးကြိတ်တိုက်ခိုက်လေတော့၏။ မောင်ဘမှန်လည်း ခုန်ပျံ၍ရှောင်လေ၏။ တိုက်ဂါးကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် လက်ချည်းတလာသက်သက်တိုက်ခိုက်နေရာမှ အနီးရှိ သင်္ဘော သားတစ်ဦးထံမှ ပုဆိန်ကိုဆွဲယူကာ မောင်ဘမှုန်၏မျက်နှာသို့ တအား ဆွဲ၍ခုတ်ချလေတော့၏။ ကျွန်ုပ်တို့မှာ 'ဟာ' ခနဲ၊ 'ဟင်' ခနဲ ဖြစ်သွား ကြလေ၏။ မောင်ဘမှုန်မှာမူ ထိတ်လန့်တုန်လှုပ်ခြင်း အလျင်းမရှိဘဲ ရှောင်သည်ဆိုရုံမျှကလေးရှောင်လိုက်ရာ တိုက်ဂါးကြီး၏ပုဆိန်သည် မောင်ဘမှုန်၏နောက်ကျောက်ဘက်တွင်ရှိသော သစ်ပင်ကို ခုတ်မိကာ မြှုပ်နှုတ်၍မရဘဲ ငြိနေလေတော့၏။

ထိုအခါ မောင်ဘမှုန်သည် ခုန်၍ တိုက်ဂါးကြီး၏ ဘယ်ဘက် မျက်လုံးအား လက်ဖြင့်ကုတ်၍ ထုတ်လိုက်လေတော့၏။

တိုက်ဂါးကြီးလည်း တိရစ္ဆာန်ရိုင်းကြီးတစ်ကောင်ကဲ့သို့ အော် ဟစ်ကာ နောက်သို့လန်ကျသွားလေ၏။ ထိုအခါ မောင်ဘမှုန်က သစ်ပင် တွင်စွဲနေသောပုဆိန်ကို လူအားဖြင့်ကိုင်၍ တစ်ကိုယ်လုံးခိုချကာ နုတ် လိုက်ပြီးလျှင် တိုက်ဂါးကြီး၏မျက်နှာအား ပုဆိန်ဖြင့် တအားခုတ်ချ လိုက်လေတော့၏။

တိုက်ဂါးကြီးသည် တစ်ကိုယ်လုံးသွေးခြင်းခြင်းနီကာ မြေပြင် ပေါ်၌ လူးလိမ့်နေလေ၏။ ထိုအခါ မောင်ဘမှုန်သည် တိုက်ဂါးကြီး၏ ရင်ဝအား ဖနောင့်ဖြင့်နင်းပြီးလျှင် ပုဆိန်ကိုမြှောက်ကိုင်၍ သင်္ဘောသား များဘက်သို့လှည့်ကာ "အသေသတ်ပစ်ရမည်လော" ဟု မေးလေ၏။





ကျွန်ုပ်တို့ကိုထောက်ခံသော သင်္ဘောသားများက "ကိစ္စတုံး ပစ်ပါ" ဟု ဘာသာစကားအသီးသီးဖြင့် တောင်းဆိုကြလေ၏။ ကျန် တစ်ဖက်ကမူ မသတ်ရန်ပြောဆိုကြလေ၏။ ထိုအခါ ကက်ပတိန်က. .

"အရှုံးပေးပြီဆိုရင်တော့ မသတ်ပါနဲ့၊ သူ့ကိုယ်တိုင်က အရှုံးမပေးဘူးဆိုရင်တော့ မင်းသဘောပဲ"

ဟု ပြောလိုက်လေ၏။ မောင်ဘမှုန်သည် တိုက်ဂါးကြီးအားမေး ရာ တိုက်ဂါးကြီးက အရှုံးပေးပြီဖြစ်ကြောင်းပြောကာ သတိမေ့မြော သွားလေတော့၏။

ထိုအခါ နှစ်ဖက်သောသင်္ဘောသားများသည် မောင်ဘမှုန်အား ပွေ့ချီကာ တိုက်ဂါးကြီး၏ရာထူးကို ချီးမြှင့်ကြလေ၏။ သင်္ဘောသား များကလည်း "နာမည်အသစ်တစ်ခုပြောပါ" ဟု ဆိုလေ၏။ မောင်ဘမှုန် သည် ထိုအဓိပ္ပာယ်ကို မသိသဖြင့် ပါးစပ်ထဲတွင် အော်မိအော်ရာ "စလံပတ္တော" ဟု အော်လိုက်လေတော့၏။ ထိုအခါ သင်္ဘောသားများ လည်း. .

"စလံပတ္တော. . စလံပတ္တော"

ဟု ဝိုင်းဝန်းအော်ကြလေတော့၏။ နောင်တွင်သိရသည်မှာ တိုက်ဂါးကြီး၏နာမည်အရင်းမှာ 'တိုးမား' တဲ့၍ဖြစ်၏။ ၎င်းသည် 'ရှိုက်တန်' ဟူသော ကုလားကြီးတို့ အနိုင်သတ်၍ 'တိုက်ဂါး' ဟူခေါ်ဘွဲ့



www.burmeseclassic.com

www.burmeseclassic.com

မြင်း ရှာဖွေရှာသောခြင်းဖြစ်ပေ၏။ အခုလည်း ကျွန်ုပ်တို့၏ မောင်ဘမှန်အား သင်္ချိုင်းသားများက နာမည်သစ်ကိုတောင်းဆိုလေ၏။ မောင်ဘမှန်က သူ့ဘေး ဘခေါ်သိန်နှင့် ရင်း၏ပါးစပ်ထဲတွင်ရှိသော 'စလံပတ္တော' ဟူသည့်စကားကို စွတ်ရွတ်အော်လိုက်ခြင်းဖြစ်၏။ ဤသည်ကိုပင် သင်္ဘောသားများသည် မောင်ဘမှန်၏နာမည်ဘွဲ့ထူးသစ်ဟုထင်မှတ်ကာ "စလံပတ္တော . . စလံပတ္တော" ဟု အော်ဟစ်ကြလေရာ ထိုအချိန်မှစ၍ မောင်ဘမှန်၏အမည်သည် 'ဗိုက်ပါ' ရွက်သင်္ဘောကြီးပေါ်၌ 'လက်ဖတင်နင် ကွန်မင်ဒါ စလံပတ္တော' ဟူ၍ တွင်ရစ်လေတော့သတည်း။

❖ ❖ ❖



## လေမုန်တိုင်းကျပြီးနောက်

ဤသို့နှင့်ပင် မောင်ဘမှန်သည် ကျွန်ုပ်တို့၏ 'ဗိုက်ပါ' ရွက်သင်္ဘောကြီးပေါ်တွင် ဒုတိယအကြီးဆုံးရာထူးကို ရရှိလေတော့၏။ တိုက်ဂါးကြီးမှာမူ မျက်နှာကိုလည်း ပုဆိန်ဖြင့် ကန့်လန့်ဖြတ်ခုတ်ခံရသည့်ပြင် မျက်လုံးတစ်ဖက်လည်း ကျွတ်ထွက်သွားသောကြောင့် ဝေဒနာကို သေလုမျောပါး ခံစားရရှာလေတော့၏။ ထိုအချိန်၌ပင် လေသည် တဖြည်းဖြည်းနှင့် ကြမ်းတမ်းစွာ တိုက်ခိုက်လာလေ၏။ ထို့နောက် လေမုန်တိုင်း ကျလာလေတော့၏။

မောင်ဘမှန်သည် . .

"မောင်ဘမျိုးနဲ့မောင်ဘိုးတူရေ . . ။ တော့ာက်ဆောင်ကြီးကြီးနားမှာ ဝပ်နေကြတော့။ သစ်ဝင်တွေလဲပြီး ပိကုန်လိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



တူ ကျွမ်း၍သတိပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် မောင်ဘမျိုးလည်း ကျောက်ဆောင်ကြီးတစ်ခုကိုအကာအကွယ်ယူ၍ ပြားပြားဝပ်ကာ နေကြရလေ၏။ ကျွန်းပေါ်ရှိ သစ်ကိုင်းများမှာ တဖြောင်းဖြောင်းကျိုးလေ၏။ လှိုင်းလုံးကြီးများသည် ကျွန်းပေါ်သို့တိုင်အောင်ထိန်၍ လိမ့်၍ တက်လာလေ၏။ တော်ရုံလူဆိုလျှင် သည်းခြေပျက်ဖွယ်ရာရှိ၏။ ကောင်းကင်တစ်ခုလုံးသည် မင်နီဆိုးထားသည့်အလားနီရဲနီနေလေ၏။ တစ်ဦးကိုတစ်ဦးလည်း မမြင်ကြရတော့ပေ။ တဝုန်းဝုန်းတဒိုင်းဒိုင်းတိုက်ခတ်နေသော လေမုန်တိုင်း၏ ကြောက်မက်ဖွယ်ရာအသံ၊ တဖြုန်းဖြုန်း တဖြင်းဖြင်း အသံထွက်ကာ လဲပြိုကျိုးပဲ့နေသော သစ်ပင်များ၏အသံ၊ တဖာည်းဟည်းမြည်၍ ကျွန်းပေါ်သို့လိမ့်တက်လာသော လှိုင်းလုံးကြီးများ၏အသံသည် တရစပ်ဖြစ်ပေါ်နေလေ၏။

သင်္ဘောသားများသည် ကျွန်ုပ်တို့ကဲ့သို့ပင် လုံခြုံရာကို ရှာကြ၍ ပုန်းအောင်းနေကြပြီဖြစ်၏။ သို့ရာတွင် မောင်ဘမှန်၏အမိန့်ပေးနေသံမှာမူ တစ်ချက်တစ်ချက်၌ ပေါ်ထွက်လာလေ၏။ လေမုန်တိုင်းသည် တစ်နာရီခန့်တိုက်ခတ်ပြီးနောက် တဖြည်းဖြည်း ငြိမ်သက်၍သွားလေ၏။ ထို့နောက် မူလအတိုင်း ပြန်၍ဖြစ်သွားလေ၏။ ထိုအချိန်၌ ကျွန်ုပ်နှင့်မောင်ဘမျိုးသည် အသာအယာ ခေါင်းထောင်၍ကြည့်ရာ ကျွန်ုပ်တို့ရှေ့ တစ်လံလောက်နေရာတွင် မှန်အိမ်ကိုထွန်းညှိချိတ်ဆွဲ





လျက်ကျောက်ဆောင်ကိုမှီကာ အေးဆေးစွာဆေးတံသောက်နေသော သင်္ဘောကက်ပတိန်ကို တွေ့ရလေတော့၏။ ထိုသင်္ဘောကက်ပတိန်၏ အထက်နားရှိ ကျောက်ဆောင်ပုလေးပေါ်၌မူ ကျွန်ုပ်တို့၏မိတ်ဆွေကြီး မောင်ဘမှန်သည် အရက်ခွက်ကြီးကိုတစ်ဖက်၊ တောဆိတ်ပေါင်ကြီးကိုတစ်ဖက် မြိန်ရှက်စွာစားသောက်နေသည်ကို အားရဖွယ်ရာတွေ့ရလေ၏။

များမကြာမီ၌ပင် သင်္ဘောသားများသည် ၎င်းတို့ပုန်းလျှိုးနေသည့်နေရာများမှ အလျှိုလျှိုထွက်လာကြလေ၏။ ထိုအခါ မောင်ဘမှန်က သင်္ဘောသားများအား မီးများပြန်မွှေး၍ တောဆိတ်ကင်များကိုဆက်လက်၍ မီးဖို၌ကင်ကာ လေမုန်တိုင်းမကျမီကအတိုင်း ပျော်ရွှင်စွာ အရက်သောက်နေကြရန် အမိန့်ပေးလိုက်လေတော့၏။

သင်္ဘောသားများသည် မောင်ဘမှန်၏အမိန့်အတိုင်း မီးဖိုများပြန်လည်ပြင်ဆင်ကာ မီးမွှေးကြလေ၏။ ဖုန်များ၊ သဲများကပ်နေသော တောဆိတ်ကင်ကြီးများကိုလည်း ဆေးကြောကာ မီးဖို၌ ပြန်၍ကင်ကြလေ၏။ ထို့နောက် အရက်စည်များကိုဖွင့်ကာ မူလအတိုင်း ပြန်လည်၍ အရက်သောက်ကြရင်း ထိုညကို ကုန်လွန်စေခဲ့လေတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့၏ရွက်သင်္ဘောကို သွားရောက်ကြည့်ရှုရာ အနည်းငယ်စောင်း၍နေသည်မှအပ တစ်စုံတစ်ရာ ထူးခြားသည်ကို မတွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေ၏။ ထိုအခါ ကက်ပတိန်က. .

"ငါတို့လိုပဲ လေမုန်တိုင်းဒဏ်ကို ခိုအောင်းနေတဲ့သင်္ဘောတွေ ဒီအနားမှာရှိနေကြလိမ့်မယ်။ အဲဒီတော့ လက်နက်တွေကို အသင့်ပြင်ထားပါ။ ပထမဆုံးတွေ့တဲ့သင်္ဘောဟာ ငါတို့ရဲ့ လာဘ်ဦးလာဘ်ဖျားပဲ။ သူ့ကိုအလွတ်ခံလို့မဖြစ်ဘူး။ အရအမိတိုက်ခိုက်ရမှာပဲ"

ဟု ပြောလေ၏။ ကက်ပတိန်ပြောပြီးနောက် မောင်ဘမှန်ကလည်း သင်္ဘောသားအားလုံးအား သင်္ဘောပေါ်သို့တက်ရန်၊ လက်နက်ကိုယ်စီဆွဲကိုင်ထားရန် အမိန့်ပေးလေတော့၏။ ထို့ကြောင့် သင်္ဘောသားများလည်း သင်္ဘောပေါ်သို့ တက်ကြလေတော့၏။ ကျွန်ုပ်နှင့် မောင်ဘမျိုးမှာမူ မောင်ဘမှန်အနီးသို့ ချဉ်းကပ်၍. .

"ဘယ်လိုလဲ မောင်ဘမှန်ရဲ့။ ကျုပ်တို့သင်္ဘောက ဘာဖြစ်လို့ တခြားသင်္ဘောကို တိုက်ခိုက်ရမှာတုံး"

ဟုမေးရာ မောင်ဘမှန်က. .

"ခင်ဗျားတို့ အခုထိ မရိပ်မိကြသေးဘူးလား"





ဟု ပြန်၍မေးလိုက်လေ၏။

"ဘာကိုရိပ်မိရမှာတုံး မောင်ဘမှန်ရဲ့"

ဟု ကျွန်ုပ်တို့နှစ်ဦးက မေးမြန်းကြလေ၏။

"ကျုပ်တို့သင်္ဘောဟာ ရိုးရိုးကုန်သည်သင်္ဘောမဟုတ်ဘူးဗျ။ ပင်လယ်ဓားပြသင်္ဘောကြီးပဲ. .။ ဒါကြောင့် ဒီပေါ်မှာ လူကြီးရွေးတာ တခြားသင်္ဘောတွေရဲ့ထုံးစံနဲ့ မတူဘူးလေဗျာ။ တစ်ယောက်နဲ့တစ်ယောက် အသေအလဲသတ်ပုတ်ခိုင်းတယ်မဟုတ်လား။ ဒီလိုသတ်ပုတ်ပြီးမှ လူကြီးလုပ်နေရာရွေးတဲ့သင်္ဘောကို ခင်ဗျားတို့ ဘယ်မှာတွေ့လဲ"

ဟုပြောလေ၏။ ထိုအခါ မောင်ဘမျိုးနှင့် ကျွန်ုပ်က.

"ပင်လယ်ဓားပြသင်္ဘောဖြစ်ကြောင်း မောင်ဘမှန်အချိန်က စပြီးရိပ်မိခဲ့တာတုံး"

ဟုမေးရာ မောင်ဘမှန်က. .

"ဒီသင်္ဘောကြီး စပြီးထွက်ကတည်းက ရိပ်မိတာပါဗျာ။ သင်္ဘောဦးမှာ ကက်ပတိန်က အရုပ်ထုထားပြီး သောက်တယ်၊ မိုးပေါ်ကို သေနတ်တစ်ချက်ထောင်ဖောက်ပြီး ကမ်းကခွာတယ်၊ ပြီးတော့လည်း ပင်လယ်ထဲရောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဇာင်ထားတဲ့အလံကိုလည်း ကြည့်ဦးလေဗျာ။ အရိုးခေါင်း တံဆိပ်ကြီးမဟုတ်လား"

တု ပြောလေတော့၏။

"ကျုပ်တို့ကတော့ ခုကျမှပဲ ခင်ဗျားပြောပြလို့ သိရပါတယ်ဗျာ။ ကျုပ်တို့ဟာ လူကောင်းကနေ ဓားပြ ဖြစ်ရဦးတော့မှာပေါ့။ တော်တော်ကြာ ထောင်တွေ ဘာတွေ ကျနေပါဦးမယ်ဗျာ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မောင်ဘမှန်က. .

"ပင်လယ်ထဲမှာ ပုလိပ်မရှိပါဘူးဗျ။ ပြီးတော့လည်း ကျုပ်တို့ကနိုင်နေသရွေ့ ထောင်ထဲကို မရောက်ပါဘူးဗျ။ ရှုံးလို့ အဖမ်းခံရရင်တော့ တခြားသင်္ဘောကဖမ်းသွားပြီး သူတို့ သက်ဆိုင်ရာတိုင်းပြည်ရဲ့ထောင်ထဲမှာ ထည့်ထားမှာပေါ့ဗျာ။ အဲဒါတွေကို တွေးပြီးကြောက်မနေစမ်းပါနဲ့။ ထောင်ထဲမှာလည်း ဘီလူးတွေ၊ သရဲတွေ ရှိနေတာမှမဟုတ်ဘဲ၊ ကျုပ်တို့၊ ခင်ဗျားတို့လို လူတွေပဲ ရှိနေတာပါ"

ဟု ပြောလိုက်လေ၏။

ထို့နောက် မောင်ဘမှန်သည် ရွက်များလွှင့်ရန် အမိန့်ပေးလိုက်ရာ သင်္ဘောသားများသည် သက်ဆိုင်ရာရွက်ကြိုးများကို ဆွဲတင်





ကြလေတော့၏။ ကျွန်ုပ်တို့၏ရွက်သင်္ဘောကြီးလည်း ကျွန်းကလေး အနီးမှ ပင်လယ်ပြင်သို့ တရွေ့ရွေ့ ထွက်ခွာခဲ့လေတော့၏။

သုံးနာရီခန့် ရွက်လွှင့်ပြီးနောက် သင်္ဘောကက်ပတိန်သည် ၎င်း၏မှန်ပြောင်းရှည်ကြီးဖြင့် တစ်နေရာသို့လှမ်းကြည့်ပြီး မောင်ဘမှန် အား. .

"လက်ဖတင်နင် စလံပတ္တော. . ။ သင်္ဘောတွေ့ပြီ။ ဘယ်ဘက်ကို တည့်တည့်ချိုးပြီးလိုက်ပေတော့"

ဟု အမိန့်ပေးလိုက်ရာ စလံပတ္တောအမည်ခံ မောင်ဘမှန်လည်း သင်္ဘောသားများအား ရွက်ကြိုးများ အလျှော့အတင်းလုပ်ရန် အမိန့်ပေးပြီးလေ၏။ ပဲ့ကိုင်သူလည်း ဘယ်ဘက်သို့ တည့်တည့်တွေ့၍မောင်းလေ၏။

ထိုသို့ကွေ့လိုက်သောအခါ၌ လေကြောင်းတျှသဖြင့် သင်္ဘောသည် အရှိန်ပြင်းစွာပြေးလေ၏။ များမကြာမီ၌ပင် ကျွန်ုပ်တို့သည် 'ရိုစီဖရင်း' ဟု အမည်ပေးထားသော ကုန်သည်ရွက်သင်္ဘောကြီးတစ်စင်း အနီးသို့ ရောက်ရှိကြလေတော့၏။

ထိုအခါ မောင်ဘမှန်သည် ရှည်ရှည်တောတ်တောတ်ဓားကြီးကို ကိုင်မြှောက်၍ တစ်ဖက်သင်္ဘောပေါ်သို့ ချည်သို့ချည်ပုံတိုက်ခိုက်ရမည်တို့ကို ညွှန်ကြားနေလေတော့၏။ ထိုသို့ညွှန်ကြားနေစဉ်၌ပင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သင်္ဘောသည် 'မိုနီဖရင်း' သင်္ဘောနှင့် ဘေးချင်းယှဉ်၍ ကပ်မိ လေတော့၏။

မောင်ဘမှန်သည် တစ်ဖက်သင်္ဘောပေါ်သို့တက်ရန် ဓားကြီး ကိုကိုင်ချီမြှောက်၍ အမိန့်ပေးလေ၏။ ၎င်းကိုယ်တိုင်လည်း တစ်ဖက် သင်္ဘောကုန်းပတ်ပေါ်သို့ခုန်တက်၍ တစ်ဖက်သင်္ဘောသားများအား ဓားဖြင့်ခုတ်ထစ်လေ၏။

ကုန်သည်သင်္ဘောမှ ခရီးသည်များသည် ကယ်ပါ ယူပါ တစာစာ အော်ဟစ်ကြလေတော့၏။ မောင်ဘမှန်သည် 'ရှရောင်း' ဟု ခေါ်သည့် ရွက်တိုင်၌ ဆိုင်း၍ထားသောကြိုးလှေကားမှ တွယ်၍ ရွက် တိုင်ဖျားသို့တက်ကာ ကုန်သည်သင်္ဘောမှအလံကို ဓားဖြင့်ခုတ်ချလိုက် ပြီးနောက် ကြိုးတစ်ချောင်းကိုခို၍ ထိုသင်္ဘော၏ကက်ပတိန်ရှိရာသို့ လွှဲ၍ကူးသွားပြီးလျှင် ကက်ပတိန်၏လက်တွင်းမှသေနတ်ကို ခြေဖြင့်ကန် ထုတ်လိုက်ပြီးနောက် ကက်ပတိန်၏လည်မျိုအား ဓားဖြင့်ထောက်ကာ လက်နက်ချရန် အမိန့်ထုတ်ခိုင်းလေတော့၏။

သင်္ဘောကက်ပတိန်လည်း သူ၏လူများအား လက်နက်ချရန် အမိန့်ပေးရလေတော့၏။ ထိုအခါ၌ မောင်ဘမှန်သည် ၎င်း၏သင်္ဘော သားများအား ရန်သူများ၏လက်နက်များကိုယူ၍ ရေထဲသို့ပစ်ချရန်နှင့် ခရီးသည်များထံမှ ရွှေငွေများကိုယူရန် အမိန့်ပေးလေတော့၏။





ဘုန်းကြီးကျောင်းအောက်တွင် ခွေးများနှင့်အတူ ကြီးပြင်းခဲ့ ရသော၊ အရက်သည်မုဆိုးမကြီးနှင့်ညားကာ အရက်ရောင်းခဲ့သော မောင်ဘမှန်သည် စစ်သူကြီးတစ်ဦးပမာ တိုက်ပွဲ၌အုပ်ချုပ်စီမံသွားပုံကို အံ့ဩမိလေတော့၏။ ကျွန်ုပ်တို့သည် ခရီးသည်များထံမှ လက်ဝတ် လက်စား ရွှေငွေရတနာများကို သိမ်းဆည်းယူငင်ကြရလေ၏။ 'ဗိုဒို' ဟုခေါ်သည့် ပေါ်တူဂီပင်လယ်ဓားပြတစ်ဦးကမူ ပစ္စည်းကိုယူရုံမျှ မက လူများကိုပါ ရက်စက်စွာရိုက်နှက်နေလေ၏။

ဗိုဒိုသည် လူများကိုရိုက်နှက်ရင်း ကျွန်ုပ်အနီးသို့ ရောက်ရှိလာ ပြီးလျှင် ကျွန်ုပ်ရှေ့မှ မုတ်ဆိတ်မွေးဖြူရှည်ရှည်ကြီးနှင့် ကုလားအဘိုး ကြီးအား လှမ်း၍ရိုက်မည်အပြုတွင် ကျွန်ုပ်က အဘိုးကြီးရှေ့မှ ဓားမား ရပ်၍. .

"မရိုက်ပါနဲ့။ သူ့ဆီမှာ ဘာမှပါမှာ မဟုတ်ပါဘူး။ အသက် လည်း ကြီးပါပြီ။ မလုပ်ပါနဲ့"

ဟုပြောရာ ဗိုဒိုသည် ကျွန်ုပ်အား ဓားဖြင့်ခုတ်မည်တု ရွယ် လိုက်လေ၏။

သို့ရာတွင် ကျွန်ုပ်နှင့်မလှမ်းမကမ်းတွင်ရောက်နေသော မောင် ဘမှိုင်းက ၎င်း၏နံကြားကို လက်သီးဖြင့် ဝင်၍ထိုးလိုက်ရာ ဗိုဒို၏ဓား သည် ချွမ်ခနဲလွတ်ကျသွားလေ၏။ ထို့နောက် ဗိုဒိုသည် ဓားကိုပြန်



www.burmeseclassic.com

ကောက်ပြီးနောက် ရှေ့သို့ ထွက်သွားကာ တခြားသောခရီးသည်များကို နှိုက်နှုတ်နေလေတော့၏။

ကျွန်ုပ်ကာကွယ်ပေးလိုက်သော မုတ်ဆိတ်ဖြူကြီးနှင့်အဘိုးကြီးတာ ကျွန်ုပ်အားမော့၍ကြည့်လိုက်၏။ ၎င်း၏မျက်လုံးများသည် ကျွန်ုပ်အား 'ကျေးဇူးကြီးပါပေတယ်' ဟု ပြောနေပုံရလေ၏။

ကျွန်ုပ်တို့ပင်လယ်ဓားပြများသည် ပစ္စည်းများကိုယူပြီးသည့်နောက် မိမိတို့သင်္ဘောဘက်သို့ ပြန်၍ရောက်သောအခါ၌ မောင်ဘမှန်တာ သင်္ဘောကိုရွက်လွှင့်၍ထွက်ခွာရန် အမိန့်ပေးလေတော့၏။ ထိုအခါ သင်္ဘောကက်ပတိန်သည် သင်္ဘောဦးရှိ ရာဇတိုင်အနီးသို့သွားကာ အရက်အိုးလေးတစ်အိုးကို ကုန်သည်ထိသောက်ပြန်၏။ အရက်ကုန်သောအခါ၌ သေနတ်ကို မိုးပေါ်သို့ထောင်၍ 'ဒိုင်း' ခနဲ ပစ်ဖောက်လိုက်လေ၏။ ထိုအခါကျမှပင် သင်္ဘောသည် စတင်၍ထွက်ခွာလေတော့၏။ သင်္ဘောစတင်ထွက်သည်နှင့် မောင်ဘမှန်သည် သင်္ဘောသားများအား အရက်သောက်ခွင့်ပေးလိုက်လေတော့၏။ မောင်ဘမှန်လည်း အရက်အိုးတစ်လုံးကို မ,၍ သောက်လေ၏။ ကျွန်ုပ်တို့ ပင်လယ်ဓားပြလှေကြီးသည် ပျော်ရွှင်မြူးတူးစွာဖြင့် သီဟိုဠ်ကျွန်းဘက်သို့ ရွက်လွှင့်ခဲ့လေတော့၏။





သီဟိုဠ်ကျွန်းအနီးသို့ရောက်သောအခါ၌ မောင်ဘမှန်နှင့်ကက်ပတိန်တို့သည် ဓားပြတိုက်၍ရခဲ့သော ရွှေငွေရတနာပစ္စည်းများကို ခွဲဝေခြင်းပြုလေတော့၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် တစ်နေရာမှ တစ်နေရာသို့ အစဉ်တစိုက် ရွက်လွှင့်ခဲ့ကြလေ၏။

ရိုးရိုးသားသား ကုန်ပစ္စည်းသယ်ယူရောင်းချသည်လည်းရှိ၏။ အထက်ကဆိုခဲ့သည့်အတိုင်း ဓားပြတိုက်သည့်အခါလည်း တိုက်၏။ သို့ရာတွင် ကုန်ပစ္စည်းကို ရိုးရိုးသားသားသယ်ယူရောင်းချခြင်းအလုပ်ကိုမူ ဟန်ပြသက်သက်လုပ်၏။ ပင်လယ်ဓားပြလုပ်ငန်းမှာမူ ပင်မလုပ်ငန်းကြီးဖြစ်ပေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် ပင်လယ်ဓားပြအဖြစ်ဖြင့် ပင်လယ်ထဲ၌ နှစ်နှစ်ကျော်ကျော် ကျက်စားပြီးနောက် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာလေတော့၏။ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်သောအခါ၌ ကျွန်ုပ်တို့သုံးဦးသားသည် ကက်ပတိန်ထံခွင့်ပန်၍ ရန်ကုန်၌ပင် ဈေးရစ်ခဲ့ကြလေတော့၏။

ရန်ကုန်သို့ပြန်ရောက်ပြီးနောက် မောင်ဘမှန်သည် ရင်းနှီးညားဖူးသော အရက်သည်မပိုက်ဆိုသည့် မိန်းမကြီးထံသို့ သွားလေ၏။ သို့ရာတွင် မပိုက်မှာ မြင်းလှည်းသမားတောင်ပေလေးတစ်ယောက်နှင့် အိမ်ထောင်ကျနေပြီဖြစ်ရကား မောင်ဘမှန်တို့မြင်လျှင် "နှင်းဆီတောင်



www.burmeseclassic.com

www.burmeseclassic.com



မိန်းတို့ မသုံးဘူးတဲ့" တု မှိုချိုးမျှစ်ချိုးပြောလွှတ်လိုက်လေ၏။ ထိုအခါ ယျှောကြွင်းထင်းထဲကြွင်းဖြစ်သော မောင်ဘမှန်သည်. .

"ခင်ဗျားကိုသနားလို့ လာတွေ့တာ။ မိန်းမရှားလို့ လာတွေ့တာမဟုတ်ဘူး။ ငွေပေးရင် မိန်းမရတယ်။ တစ်နာရီ တစ်ယောက်လည်း ရတယ်။ ဆယ့်ငါးမိနစ် တစ်ယောက်လည်း ရတယ်"

ဟုဆိုကာ ထိုမိန်းမကြီးထံမှ ပြန်ခဲ့ပြီးလျှင် နေ့ရှိသရွေ့ ပြည့်တန်ဆာမများဖြင့်သာ ပျော်ပါး၍နေလေတော့၏။ နောက်ဆုံးတွင် ပြည့်တန်ဆာခေါင်းလုပ်သော မိန်းမကြီးနှင့် ခင်မင်သွားကာ ထိုအိမ်၌ပင် အပြီးအပိုင်နေလေတော့၏။

မောင်ဘမျိုးမှာမူ ၎င်းအပေါ်၌ လုံးဝ ကြွင်နာခြင်းမရှိသော ၎င်း၏မိထွေးအား အိမ်တစ်လုံးဆောက်ပေးလေ၏။ ၎င်း၏မိထွေးလည်း မောင်ဘမျိုးထံ၌ ရွှေငွေပစ္စည်းပစ္စယ အတော်များများပါကြောင်း ရိပ်စားမိလျှင် ၎င်း၏ညီမနှင့်မျှား၍ မောင်ဘမျိုးပင်လယ်ဓားပြလုပ်၍ ရရှိလာသောပစ္စည်းများကို တစ်ပြားမကျန် ချူချလိုက်သည်ဖြစ်ရာ မောင်ဘမျိုးသည် ဖြူခါပြာခါကျ၍သွားလေတော့၏။

နောက်ဆုံး၌ ၎င်းသည် ၎င်း၏မိတ်ဆွေကြီး ကိုခွေးကြီးဆိုသူ၏ထမင်းဆိုင်၌ စားပွဲထိုးလိုလို၊ ပန်းကန်ဆေးလိုလို အလုပ်မျိုးဖြင့် နေ့စဉ်





ကြုံတွေ့ရမည့် ဆာလောင်မွတ်သိပ်ခြင်းဒုက္ခကို ဖြေရှင်းရလေတော့၏။

ကျွန်ုပ်မှာမူကား 'သူခိုးရွှေရ တပြုံပြုံ' ဆို သည့်အတိုင်း ကျွန်ုပ်၌ပါလာသော ရွှေငွေကျောက်သံပတ္တမြားများကို ကတ္တီပါအိတ်တစ်လုံး၌ထည့်ကာ စိန်ကုန်သည်၊ ကျောက်ကုန်သည်၊ ကျောက်ပွဲစားပဂေးကြီးတစ်ဦး၏ဂိုက်ဖမ်းကာ စိန်ဘာဘူတန်းသို့ နေ့စဉ်နေ့တိုင်း သွားရောက်၍ အရောင်းအဝယ်ပြုလုပ်နေလေ၏။

ကျောက်မျက်ရတနာပစ္စည်းများနှင့်ပတ်သက်၍ နကန်းတစ်လုံးမျှနားမလည်သော ကျွန်ုပ်အား ရတနာကုန်သည်၊ ရတနာပွဲစားထီး၊ ရတနာပွဲစားမ၊ ရတနာပွဲစားနပုလ္လိင်တို့၏ ဝိုင်းဝန်းလိမ်ညာခြင်းကို ခံရလေတော့၏။

ထို့ကြောင့် 'ဗိုက်ပါ' ခေါ် ပင်လယ်ဓားပြရှက်သဘော်ကြီးဖြင့် လိုက်ပါစီးပွားရှာခဲ့သော ပစ္စည်းတန်ဖိုး၏ ဆယ်ပုံတစ်ပုံကိုသာ ကျွန်ုပ် ရရှိလေတော့၏။

ထို့ကြောင့် 'သူခိုးလက်မှ သူဝှက်လု' ဆိုသော မြန်မာစကားလုံး၏ မုန်ကန်ပုံကို ကျွန်ုပ် ကောင်းစွာသဘောပေါက်ရလေတော့၏။

ကျွန်ုပ်သည် ကျန်သောငွေကလေးဖြင့် တာန်းရေတာရှည်ဘက်၌ အိမ်လေးတစ်လုံးကို ဆလာမီဌာရည်နေထိုင်ကာ အရောင်းအဝယ်အမျိုးမျိုးကို ကြိုးစားလုပ်ကိုင်ကြည့်လေ၏။ သို့ရာတွင် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်သာမှုသူပ်နေ့များ၌ မြတ်စွန်းသည်ဟူ၍မရှိဘဲ အစဉ်သဖြင့်လိုလို အချိုးပေါ်ခဲ့ရာ ကျွန်ုပ်၏လက်ကျန်ငွေကလေးသည် ခွေးလျက်ခံရသော တစ်ချောင်းခဲတဲ့သို့ လုံးပါးပါးခြင်းသို့ ရောက်ရှိလေတော့၏။

ကျွန်ုပ်သည် ရှေ့တွင် မည်သို့မည်ပုံလုပ်ကိုင်ရမည်ကို မတွေးတတ်အောင်ရှိသဖြင့် ပင်လယ်ပြင်သို့ထွက်ရန် စိတ်ကူးရမိလေ၏။

ထို့ကြောင့် နေ့စဉ်နေ့တိုင်းလိုပင် ရေဝန်မင်းကြီးရုံးသို့သွားရောက်တာ ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်နေသော သင်္ဘောများ၏ အမည်များကိုလည်းကောင်း၊ ထိုသင်္ဘောများထွက်မည့်ရက်စွဲများကိုလည်းကောင်းဖတ်ရှုကာ သင်္ဘောသား လို့မလို စုံစမ်းရလေတော့၏။

ကျွန်ုပ်စုံစမ်းသမျှသော သင်္ဘောများသည် သင်္ဘောသားအပြည့်အစုံပါသည်ချည်းဖြစ်သောကြောင့် မည်သည့်သင်္ဘောကမျှ ခေါ်ယူခြင်း မရှိခဲ့ပေ။ နဂိုက စွန့်စားလိုသော ကျွန်ုပ်သည် ယခုအခါ စိတ်အားငယ်သကဲ့သို့ ရှိလာလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ရေဝန်မင်းကြီးရုံး၏ ကြော်ငြာသင်ပုန်းကိုဖတ်ရှုပြီး ပြန်လာသောအခါ ဝမ်းဗိုက်၌ ဆာလောင်မွတ်သိပ်ခြင်းဝေဒနာကိုခံစားရသဖြင့် လက်ဖက်ရည်သောက်မည်ဟု အင်္ကျီအိတ်ကို စမ်းလိုက်ရာ ကျွန်ုပ်၏အင်္ကျီအိတ်၌ ပိုက်ဆံဟူ၍ ခြူးတစ်ပြားပင်မရှိတော့ကြောင်းသတိပြုမိသောအခါ ဝမ်းနည်းခြင်းဖြစ်မိလေတော့၏။





ကျွန်ုပ်သည် ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်း၊ အားငယ်ခြင်းတို့ဖြင့် လျှောက်လာခဲ့ရာ မောင့်ဂိုမာရီလမ်းထိပ်သို့ ရောက်သောအခါ၌ မျက်နှာချင်းဆိုင်မှလာသော လူတစ်ယောက်နှင့် တိုက်မိလေတော့၏။ အရှိန်ပြင်းစွာတိုက်မိသောကြောင့် ထိုသူ၏မျက်မှန်သည် ပြုတ်ကျ၍ ကိုင်းကျိုးသွားလေ၏။ ထိုသူလည်း မျက်မှန်ကိုကောက်ယူလိုက်ပြီးနောက်. .

"မနေ့ကမှဝယ်လာတဲ့မျက်မှန်ဗျား ကိုင်းကျိုးသွားပြီ။ အဲဒါကတော့ လျော်မှဖြစ်မယ်ဗျို့"

ဟု ထိုသူက ပြောလေ၏။

"ကျုပ်လည်း ကျုပ်လမ်းလာတာပဲဗျာ။ ခင်ဗျားလည်း ခင်ဗျားလမ်းလာတာပဲဗျာ။ နှစ်ဦးနှစ်ဝ မမြင်ကြလို့ တိုက်မိတာ ဘယ့်အတွက်ကြောင့် လျော်ရမှာတုံး။ ပြီးတော့ ခင်ဗျားကိုလျော်ဖို့မပြောနဲ့။ ကျုပ်မှာ ဒီမနက် ထမင်းစားဖို့တောင် အခက်ကြုံနေတာဗျ"

ဟု ပြောလိုက်ရာ ထိုသူလည်း ကျွန်ုပ်၏စကားဆုံးသည်ထိ မစောင့်နိုင်တော့ဘဲ ကျွန်ုပ်အား ထိုးဖြင့်ရိုက်လေတော့၏။ ကျွန်ုပ်လည်း နဂိုကပင် စိတ်ညစ်လာသည်ဖြစ်ရာ ထိုသူ၏မျက်နှာကို လက်သီးဖြင့် အဆက်မပြတ်ထိုးနှက်လေတော့၏။

ထိုသူသည် ကျွန်ုပ်၏လက်သီးချက်ကို မခံနိုင်ဘဲ ဖင်ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com



[illegible]နေလေတော့၏။ ထို့ရာတွင် ထိုသူသည် ကျွန်ုပ်၏အကျီကို ဆုပ်ကိုင် [illegible]ရာ ကျွန်ုပ်အကျီပါ မြင်၍မကောင်းအောင် ပြိစုတ်ကုန် [illegible]နေလေတော့၏။ ကျွန်ုပ်သည် ထိုနေရာမှ စိတ်ပျက်ခြင်း၊ ဒေါသထွက်ခြင်း၊ ရှုံ့ခြင်း စသော ဝေဒနာများကိုခံစားရင်း ဆက်လက်၍လျှောက်လာရာ [illegible]လမ်းထိပ်သို့ရောက်သောအခါ၌ ကျွန်ုပ်သွားမည့်လမ်းတည့်တည့်တွင် ထုပ်ဆီးတိုးသည့်အလား လက်နှစ်ဖက်ကိုဆန့်တန်း၍ တစ်စုံတစ်ယောက်သည် ကျွန်ုပ်အားလမ်းပိတ်ထားလေတော့၏။

ကျွန်ုပ်အား ဒုတိယအကြိမ် ဒေါသထွက်အောင်ပြုလုပ်သော ထိုသူ၏မျက်နှာအား မော့၍ကြည့်လိုက်မိလေ၏။ ထိုသူသည် အသက်ခြောက် ဆယ်အရွယ်ခန့်ရှိ ကုလားအဘိုးကြီးတစ်ဦးဖြစ်ပေ၏။ ၎င်း၏ ဆံပင်များသည် ဆွတ်ဆွတ်ဖြူ၍နေ၏။ သို့ရာတွင် လွန်စွာရှည်လျားလှပေ၏။ ထိုသူ၏ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများသည်လည်း ဆွတ်ဆွတ်ဖြူနေပြီဖြစ်၏။ သို့ရာတွင် ထိုအရာများသည်လည်း ရှည်လျားလှဘိ၏။

"ဒီမှာ အဘိုးကြီး။ ဘာဖြစ်လို့ ကျုပ်သွားမယ့်လမ်းကို ပိတ်ရတာလဲ"

ဟု ကျွန်ုပ်ကမေးလိုက်လေ၏။ ထိုအခါ အဘိုးကြီးသည် ၎င်း၏ ခါး၌ချိတ်ဆွဲထားသော ရှည်ရှည်လုံးလုံးသဏ္ဌာန်အိတ်ကလေးအတွင်း





သို့လက်သွင်း၍ တစ်စုံတစ်ခုသောပစ္စည်းကို နှိုက်ယူလိုက်လေ၏။ ကျွန်ုပ်လည်း ကျွန်ုပ်အားရန်မူရန်အတွက် တစ်စုံတစ်ခုသောလက်နက်ကိုနှိုက်ယူလိုက်သည်ဟု တွေးမိသောကြောင့် နောက်သို့ ခြေတစ်လှမ်းခုန်၍ဆုတ်ပြီးလျှင် ၎င်းအားတိုက်ခိုက်ရန်အတွက် ကိုယ်နေဟန်ထားအသင့်ပြင်လိုက်လေတော့၏။ ထိုအခါ အဘိုးကြီးသည် အိတ်အတွင်းမှ နှိုက်ယူလိုက်သောပစ္စည်းကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ သီချင်းဆိုလေ၏။

၎င်းကိုင်ထားသောအရာဝတ္ထုမှာလည်း တေးသံစုံများ ထွက်ပေါ်လာလေတော့၏။ ထိုအခါ ကျွန်ုပ်သည် ထိုပစ္စည်းအား ဒုတိယအကြိမ် ဂရုစိုက်၍ကြည့်လိုက်ရာ လက်ဆွဲဘာဂျာတစ်လုံးဖြစ်ကြောင်း သိရလေတော့၏။

ကျွန်ုပ်သည် ထိုမုတ်ဆိတ်ဖြူနှင့်အဘိုးကြီး၏ လုပ်ပုံကိုကြည့်၍ အံ့ဩနေလေ၏။ မုတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်အားကြည့်ရှုခြင်း မပြုဘဲ လက်ဆွဲဘာဂျာကိုဆွဲရင်း သီချင်းကို စိတ်ဝင်စားဖွယ်ရာ သီဆို၍နေလေတော့၏။ သီချင်း၏အဓိပ္ပာယ်ကို ကျွန်ုပ်မသိပါ။ သို့ရာတွင် နားထောင်ရသည်မှာ လွန်စွာနားအရသာရှိလှပေ၏။ အဘိုးကြီးသည် သူတောင်းစားကြီး ဖြစ်တန်ရာ၏။ ထို့ကြောင့် ကျွန်ုပ်ထံတွင် ပိုက်ဆံတောင်းလိုခြင်းကြောင့် လမ်းပိတ်ကာ သီချင်းဆို၍ ပိုက်ဆံတောင်းခြင်း

www.burmeseclassic.com



မြစ်သေသည်။ ထို့ကြောင့် ကျွန်ုပ်က. . .

"အဘိုးကြီးရေ. .။ ခင်ဗျားကိုပေးဖို့လည်း မရှိဘူး။ ကျုပ်စားဖို့လည်း မရှိဘူး"

ဟု ပြောဆိုကာ အဘိုးကြီးအား ကွေ့ရှောင်၍ လျှောက်လေ၏။ သို့ရာတွင် မုတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်သွားမည့်ဘက်သို့ လိုက်၍ပိတ်ကာ သီချင်းဆိုလေ၏။

"ဘယ်လိုလုပ်တာလဲ။ ကျုပ်မှာ ခင်ဗျားကိုပေးဖို့မပြောနဲ့။ ကျုပ်စားဖို့တောင် တစ်ပြားမှမရှိပါဘူးလို့ ပြောနေတာ မကြားဘူးလား"

ဟု ကျွန်ုပ်က အော်လိုက်လေ၏။

ထိုအခါ အဘိုးကြီးက မြန်မာစကားနှင့် အောက်ပါအတိုင်း ပြောလိုက်လေတော့၏။

"ကျုပ်ကိုပေးဖို့မရှိတာ ကိစ္စမရှိပါဘူး။ သင်စားဖို့တောင် မရှိဘူးဆိုတာ အံ့ဩစရာပါပဲ။ သင်တို့ ပင်လယ်ဓားပြတွေ ယူသွားတဲ့ ရွှေတွေ ငွေတွေဟာ မနည်းပါဘူး။ အဲဒါတွေ ဘယ်ကိုရောက်ကုန်ပြီလဲ"

ကျွန်ုပ်လည်း မုတ်ဆိတ်ဖြူကြီး၏စကားကြောင့် လန့်ဖျပ်၍ သွားလေတော့၏။





"ခင်ဗျား ဘယ်သူလဲ"

ဟု ကျွန်ုပ်က ငေါက်လိုက်လေ၏။

"ကျွန်ုပ်ကို သင်မမှတ်မိဘူးလား။ ကျွန်ုပ်ကို ပေါ်တူဂီဓားပြတစ်ယောက် ရိုက်မယ်လို့လုပ်တုံးက သင်က ကာကွယ်ပေးလိုက်တာလေ။ သင် မေ့နေပြီထင်တယ်။ လေမုန်တိုင်းကျပြီးနောက်တစ်နေ့မှာ သင်တို့လှေကြီးက ကျွန်ုပ်တို့လှေကြီးကို ဓားပြတိုက်ခဲ့တယ်လေ"

ဟု မုတ်ဆိတ်ဖြူကြီးက အပ်ကျမပ်ကျ ပြောလိုက်လေ၏။

"ဩော်. . မှတ်မိပြီ. . မှတ်မိပြီ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"လာပါလေ. .။ သင်ဟာ ကျွန်ုပ်ကို ကျေးဇူးပြုဖူးပါတယ်။ သင့်ကို ကျွန်ုပ်က ပြန်ပြီးကျေးဇူးပြုစမ်းပါရစေ။ ရော့. . ဟောဒီလက်ဆွဲဘာဂျာကိုလည်း ကျွန်ုပ်ရဲ့လက်ဆောင်အဖြစ် ယူထားလိုက်ပါ"

ဟုဆိုကာ ကျွန်ုပ်အား လက်ဆွဲဘာဂျာကိုပေးပြီးနောက် မုတ်ဆိတ်ဖြူကြီးသည် စပတ်လမ်းအတွင်းရှိ 'ဘရာမင်' ထမင်းဆိုင်တစ်ဆိုင်သို့ခေါ်သွားလေတော့၏။ ထမင်းဆိုင်သို့ရောက်သောအခါ၌ နှစ်ယောက်သား ထမင်းစားကြလေ၏။ ထမင်းစားပြီးသောအခါ၌လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်တွင်ရှိသော မုန့်အချိုများကို မှာ၍ကျွေးလေ၏။

ထို့နောက် ကျွန်ုပ်သုံးစွဲရန်အတွက်ဟုဆိုကာ ငွေငါးဆယ်ကို ပင် ကျွန်ုပ်၏အိတ်တွင်းသို့ ထည့်ပေးလိုက်သေး၏။

"ဒီမှာအဘိုးကြီး. . ။ ခင်ဗျားနဲ့ကျုပ်နဲ့ မိတ်ဆွေဖြစ်သွားကြပြီ။ ဒါပေမယ့် တစ်ယောက်ရဲ့နာမည်ကို တစ်ယောက် မသိကြသေးဘူး။ နာမည်လေးဘာလေး ပြောပါဦး"

ဟုကျွန်ုပ်ကပြောရာ မုတ်ဆိတ်ဖြူကြီးကရယ်မော၍. .

"ကျွန်ုပ်ကို အားလုံးက မုတ်ဆိတ်ဖြူကြီးလို့ပဲ ခေါ်ကြပါတယ်။ အဲဒီအတိုင်းပဲခေါ်ပေါ့။ သင့်ရဲ့နာမည်ကိုလည်း ပြောစမ်းပါဦး"

ဟု ဆိုလေ၏။

"ကျုပ်နာမည်က မောင်ဘိုးတူလို့ ခေါ်ပါတယ်"

ဟု ကျွန်ုပ်ကလည်း နာမည်ကို ပြောပြရလေ၏။

"ဒီလိုဆိုတော့ အတော့်ကို ရင်းနှီးသွားကြပြီပေါ့"

ဟု မုတ်ဆိတ်ဖြူကြီးကပြော၍ အချိုမုန့်တစ်တုံးကို ကောက်ယူ၍ ဝါးနေလေတော့၏။

"ရင်းနှီးပါပြီ. . ။ ကျုပ်ရဲ့အလုပ်အကိုင်ကိုတော့ မုတ်ဆိတ်ဖြူကြီးသိရပြီပဲ။ ကျုပ်ဟာ သင်္ဘောသားတစ်ယောက်ပဲ။





ပင်လယ်ခရီးပြသင်္ဘောမှာလိုက်မိတဲ့အတွက် ကျုပ်ဟာ ပင်လယ်ခရီးပြတစ်ယောက်ဖြစ်ခဲ့ရတယ်။ မုတ်ဆိတ်ဖြူကြီးရဲ့အလုပ်အကိုင်ကိုလည်း ပြောပါဦး"

ဟု ကျွန်ုပ်က မေးရလေတော့၏။

"ကျွန်ုပ်ဟာ ဆေးဆရာတစ်ယောက်ပါ။ အနယ်နယ်အရပ်ရပ် လှည့်လည်သွားလာနေတာကတော့ မသေဆေးကို ရှာနေတာပဲ"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

"မသေဆေး. . ဟုတ်လား"

ဟု ကျွန်ုပ်က ထပ်မံ၍မေးလိုက်လေ၏။

"ဟုတ်တယ်. . မသေဆေး။ အဲဒီဆေးမျိုး မရှိဘူးထင်လို့လား"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

"အသက်ရှည်ဆေးကို ပြောတာလား"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်မိလေ၏။

"အဲဒီလိုခေါ်မယ်ဆိုရင်လည်း ခေါ်နိုင်ပါတယ်။ ဒါပေမယ့် မသေဆေးလို့ခေါ်တာက ပိုကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသက်က နည်းနည်းရှည်မှာမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



အများကြီးကို ရှည်မှာ။ နှစ်ပေါင်းထောင်နဲ့ချီပြီးနေနိုင်တဲ့ ဆေးမျိုးကို ကျွန်ုပ်ပြောတာ”

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

“ရှိနိုင်ပါ့မလား”

ဟု ကျွန်ုပ်ကမေးရာ မုတ်ဆိတ်ဖြူကြီးက. .

“သင်မယုံဘူးလား”

ဟု ကျွန်ုပ်အား ပြန်၍မေးလေ၏။

“မယုံလို့မေးတာပေါ့ မုတ်ဆိတ်ဖြူကြီးရွယ်။ ယုံရင် ဘာဖြစ်လို့ ထပ်ပြီးမေးမှာလဲ”

ဟု ကျွန်ုပ်ကပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

“ကောင်းတယ်. . ကောင်းတယ်။ သင်ဟာ သိပ်ပြီးရိုးသားတာပဲ။ မယုံတာကို မယုံဘူးလို့ ကျွန်ုပ်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်။ ဟန်မဆောင်ဘူး။ ဒီအချက်ဟာ ရိုးသားမှုကို ပြတာပဲ။ သင့်ကို ကျွန်ုပ် တစ်ခုပြောမယ်။ အသက်ရှည်တဲ့ ဆေးနည်းလောက်ကတော့ အများကြီးရှိပါတယ်။ ဘယ်မှာပဲရှာရှာ ရနိုင်တာပဲ။ လူမျိုးတိုင်း လူမျိုးတိုင်းမှာ သူ့နည်းနဲ့သူ အသက်ရှည်ဆေးတွေရှိကြတယ်။ မြန်မာလို အသက်ရှည်ဆေးပေါ့။ ပါဠိလိုတော့ အာယုဝဍ္ဎနလို့ ခေါ်





မလား မသိဘူး။ အင်္ဂလိပ်လိုတော့ ‘အယ်လီဇား’ လို့ ခေါ်တယ်လေ။ ကျွန်ုပ်တွေ့ဖူးတဲ့ မြောက်မြားစွာသော အသက်ရှည်ဆေးနည်းတွေထဲက နည်းတစ်ခုကိုပြောပြမယ်။ ကျွန်ုပ်ဟာ တစ်ခါတုန်းက ပနားမားဒေသကိုရောက်ခဲ့တယ်။ အဲဒီမှာ ရွာတစ်ရွာက အဘိုးအို၊ အဘွားအိုတွေဟာ အလွန်ကိုအသက်ရှည်တာကိုတွေ့ရတယ်။ ဒါနဲ့ သူတို့ရဲ့ အသက်ရှည်ဆေးနည်းကိုမေးကြည့်တော့ သူတို့ဟာ သင်တို့ ကျွန်ုပ်တို့ မကြာခဏစားလေ့ရှိတဲ့ နာနတ်သီးရဲ့အရည်ကို နေ့တိုင်းလိုလိုသောက်တာပဲ။ ဒါပေမယ့် နာနတ်သီးတစ်လုံးလုံးကအရည်ကိုယူတာမဟုတ်ဘူး။ နာနတ်သီးရဲ့အသားတွေကို နွှားကျွေးပစ်တယ်။ ကျွန်ုပ်တို့လွှင့်ပစ်ခဲ့တဲ့ အခွံနဲ့အူတိုင်လိုဟာမျိုးတွေကို ထုထောင်းပြီး အရည်ညှစ်တယ်။ အဲဒီအရည်ကို နေ့တိုင်းသောက်ကြလို့ အသက်ရှည်တာလို့ ဆိုကြတယ်။ အသက်တစ်ရာ့ခြောက်ဆယ်အဘိုးအိုတစ်ယောက်ဟာ လူငယ်တစ်ယောက်လိုပဲ လေ့ထိုးလှော်ခတ်လုပ်နေတာ တွေ့ခဲ့ရတယ်။ သင်တို့ ကျွန်ုပ်တို့ဟာ အသက်ကလေးတစ်ရာ့နှစ်ဆယ်တော့ရှည်စေဖို့ ဘုရားသခင်ဆီမှာ နားပူအောင်ဆုတောင်းနေကြရတယ်။ သူတို့ရဲ့နည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာ မဟုတ်ပါဘူးလို့ မပြောနိုင်ဘူး။ ဟိုး . . ရေခဲပြင်ဒေသ တစ်ခုကိုလည်း ကျွန်ုပ်ရောက်ဖူးသေးတယ်။ အဲဒီမှာ လည်း အသက်တစ်ရာကျော်တွေ မနည်းဘူးပဲ။ ဘာလို့ အသက်ရှည်တာလဲလို့ မေးကြည့်တဲ့အခါ သူတို့ဟာ ဟင်း ကို ဘယ်တော့မှ အမွှေးအကြိုင်နဲ့မချက်ဘဲ ရေလုံပြုတ်တွေ စားလေ့ရှိလို့ အသက်ရှည်တယ်လို့ ပြောပြန်တယ်။ နောက် ပြီး သင်တို့မြန်မာလူမျိုးမှာလည်း အသက်ရှည်ဆေးတွေ အများကြီးပဲရှိတယ်လေ။ ရွှေပြာကိုစားရင် အသက်ရှည် တယ်လို့ အင်္ဂါရတ်ဆရာတွေက ယုံကြည်နေကြတယ်မဟုတ်လား။ ပြီးတော့ ငုပင်ရဲ့ပဉ္စင်းပါးရယ်၊ အုန်းနှဲပင်ရဲ့ ပဉ္စင်းပါးရယ်၊ ပျားရည်ရယ်၊ ဆ,တူဝေါင်းပြီး တစ်နေ့ ဆီးစာင်း တစ်လုံးစာစားရင် အသက်ရှည်တယ်လို့ ပြောကြသေး တယ်။ တကယ်အသက်ရှည်တယ်၊ မရှည်ဘူးလို့ ကျွန်ုပ် မပြောနိုင်ဘူး။ ဘာကြောင့် ဒီစကားကိုပြောတယ်ဆိုတာ ကျွန်ုပ်ကောင်းကောင်းသိတယ်။ ငုပင်ဟာ တခြားအပင် တွေ လိုမဟုတ်ဘူး။ တခြားအပင်တွေက သင်းသတ်တယ် ဆိုတာ အပင်ရဲ့ပတ်ပတ်လည်မှာရှိတဲ့ အခေါက်တွေကို လှော်ပြီးခုတ်ထားတာကို ပြောတာ။ ဘယ်အပင်မဆို





သင်းသတ်လိုက်ရင် သေသွားတာပဲ။ ငုပင်ကတော့ သင်း သတ်လို့ မသေဘူး။ ပြီးတော့ အုန်းနှဲပင်ဆိုတာ အသက် ဘယ်လောက်ပဲရှိရှိ အရွက်တွေဝေဝေဆာဆာနဲ့ အစဉ် နုပျိုနေတယ်။ ပျားရည်ဆိုတာကတော့ ဘယ်လောက်ပဲကြာ ကြာထားထား ပုပ်မသွားတဲ့ပစ္စည်းတစ်မျိုးပဲ။ အဲဒီတော့ မသေတဲ့အပင်ရယ်၊ မအိုတဲ့အပင်ရယ်၊ မပုပ်တဲ့ပစ္စည်း ရယ်ကို အကြောင်းနိမိတ်ဓာတ်ယူပြီး အသက်ရှည်ဆေး လို့ ယူဆကြတာပါ။ ကျွန်ုပ်ပြောချင်တာကတော့ အသက် ရှည်ဆေးတွေ အများကြီးပါ။ အဲဒါကို မလိုချင်ပါဘူး။ မသေဆေးကို လိုချင်တာ။ ကျွန်ုပ် အခု ကောင်းကောင်း သတင်းရပြီ။ အဲဒီကို ကျွန်ုပ်သွားချင်တယ်"

ဟု ရှည်လျားစွာပြောပြလေ၏။

"စကားဆိုတာ ယုတ္တိရှိအောင်ပြောမယ်ဆိုရင် ပြောသလိုမှန်ပါ တယ် မုတ်ဆိတ်ဖြူကြီးရယ်။ ဒါပေမယ့် အဲဒီစကားဟာ ဟုတ်ချင်မှလည်း ဟုတ်မယ်၊ မှန်ချင်မှလည်း မှန်မယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက . .

"သင်ဟာ သိပ်ပြီး နိုးသားတယ်။ သင့်စိတ်ထဲမှာရှိသည့် အတိုင်း ကျွန်ုပ်ကိုဖွင့်ပြောပုံရတယ်။ အဲဒီအတွက် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်။ သင်ဟာ မသေဆေးကို မလိုချင်ပါဘူး။ သင်ဟာ ရွှေပဲလိုချင်တာပါ"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

"အဲဒါတော့ မုတ်ဆိတ်ဖြူကြီး မှားပြီ။ တကယ်ကတော့ ကျုပ်ဟာ ရွှေကို မလိုချင်ဘူး။ ငွေကိုလည်း မလိုချင်ဘူး။ စွန့်စွန့်စားစားသွားလာ လုပ်ကိုင်နေရရင် ကျေနပ်တာပဲ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"သင်ဟာ သိပ်ပြီး ရိုးသားတယ်။ သင့်စိတ်ထဲမှာရှိတဲ့ အတိုင်း ကျွန်ုပ်ကိုဖွင့်ပြီးပြောပုံရတယ်။ သင်ဟာ စွန့်စားခြင်းကိုအလိုရှိတယ်ဆိုရင် ကျွန်ုပ်နဲ့အတူ စွန့်စားပါလား"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

"ဘာဖြစ်လို့ စွန့်စားရမှာလဲ မုတ်ဆိတ်ဖြူကြီးရဲ့။ ကျုပ်က မှ မသေဆေးကို မလိုချင်ဟာ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"သင်ဟာ သိပ်ပြီး ရိုးသားတယ်။ သင့်ရဲ့စိတ်မှာရှိတဲ့ အတိုင်း ကျွန်ုပ်ကို ပြောပြတယ်။ သင်က မသေဆေးတို့ အလိုမရှိရင် မယူနဲ့ပေါ့။ သင်အလိုရှိတဲ့ စွန့်စားခြင်းတို့ ရမယ်လေ။ ပြီးတော့ သင့်တစ်သက်မှာ ထိုင်ပြီး စားလို့





မကုန်အောင် ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေ ရမယ်"

ဟု မုတ်ဆိတ်ဖြူကြီးကပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"အဲဒါကဘယ်မှာလဲ။ ဘယ်ကိုသွားရမှာလဲ"

ဟု ပြန်၍မေးလိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးက ပြုံးလျက် ကျွန်ုပ်ကိုကြည့်ပြီးလျှင်. .

"သမုဒ္ဒရာထဲမှာပဲ။ ကျွန်းတစ်ကျွန်း ရှိတယ်။ အဲဒီကျွန်းရဲ့ နာမည်က ဘာလဲလို့ ကျွန်ုပ်အတိအကျမပြောနိုင်ဘူး။ ရှိတာတော့ အမှန်ပဲ။ အဲဒီကျွန်းမှာ နွားတွေအများကြီးရှိ တယ်။ အဲဒီနွားတွေဟာ အတော့်ကိုထွားကျိုင်းပြီး အပြေး လည်း အတော့်ကိုသန်တယ်။ မြင်းကိုတောင် နိုင်အောင် ပြေးနိုင်တဲ့ နွားမျိုးတွေပဲ။ အဲဒီကျွန်းကနွားတွေ ပြေးနေပုံ၊ အစာစားနေပုံ၊ တစ်ကောင်နဲ့တစ်ကောင် ဝှေ့နေပုံ ပန်းချီ ကားတွေ၊ ပန်းပုရုပ်တွေ ကျုပ်တွေ့ဖူးတယ်။ ရလည်း ရဖူး တယ်။ နွားပုံစံတွေကြည့်ရတာ အိန္ဒိယပြည်၊ ဆင်းပြည်နယ်၊ ရှေးအခေါ် သိန္ဓုပြည်နယ်ပေါ့။ အဲဒီက သိန္ဓုနွားက သိန္ဓော နွားနဲ့ အတော့်ကိုတူနေတယ်။ ပြီးတော့ အဲဒီကျွန်းက ကျွန်း သားတွေဟာ သားရေပြားပေါ်မှာ ဆေးနဲ့ပန်းချီရေးလို့



www.burmeseclassic.com

www.burmeseclassic.com



ရှိအသည်။ အဲဒီပန်းချီကားတွေထဲမှာ ကျွန်ုပ်တွေ့ဖူးတဲ့ ပန်းချီကားတိုင်းလိုလိုကို ဆိုလိုတာပဲ။ ဟိန္ဒူလို ဘိမသေနီ ခေါ်တဲ့အပင်တွေ အမြဲတမ်းပါတယ်။ မြန်မာလို အဲဒီ အပင်ကို ဖုံးမသိန်လို့ခေါ်မလား မဆိုနိုင်ဘူး။ အဲဒါကြောင့် ကျွန်ုပ်က အဲဒီကျွန်းကို 'ဘိမသေနီဒီပ' 'ဖုံးမသိန်ကျွန်း' လို့ ကျွန်ုပ်နည်း၊ ကျွန်ုပ်ဟန်နဲ့ အမည်ပေးထားတယ်။ အဲဒီကျွန်းကိုရောက်ဖူးတဲ့သူက အတော့်ကိုနည်းတယ်။ လေမုန်တိုင်းဒဏ်ကြောင့် သင်္ဘောပျက်ပြီး မျောသွားတဲ့ သင်္ဘောသားတချို့ ရောက်ဖူးတယ်။ ကျွန်းသားတွေက ကယ်ဆယ်ပြီး ပြုစုစောင့်ရှောက်ပေးတယ်။ ပြီးတော့ ကျွန်ုပ်တို့သွားလာလို့ရတဲ့ အနီးဆုံးကျွန်းတစ်ကျွန်းကိုပို့ပြီး ပြန်သွားလေ့ရှိတယ်။ ရောက်ဖူးတဲ့သင်္ဘောသားတွေရဲ့ ပြောပြချက်အရဆိုရင် ကျွန်းသားတွေဟာ လူရိုင်းတွေ မဟုတ်ဘူး။ သင်တို့ကျွန်ုပ်တို့ထက်တောင် ယဉ်ကျေးချင်ယဉ်ကျေးနေမလား မဆိုနိုင်ဘူး။ စားပုံသောက်ပုံကလည်း သင်တို့ကျွန်ုပ်တို့အတိုင်းပဲ။ နွားသားကလွဲပြီး ကျန်တဲ့အသားတွေဟာ သင်တို့နဲ့အတူတူပဲ။ ပြောတဲ့စကားကလည်း အတော့်ကိုရှေးကျတယ်။ အဝတ်အစားတွေကလည်း သင်တို့





ကျွန်ုပ်တို့လိုပဲ ကျကျနန ဝတ်နိုင်စားနိုင်ကြတယ်။ ယဉ်ကျေးမှုအတတ်လည်း သင်တို့ ကျွန်ုပ်တို့ထက် ပိုပြီး ခေတ်နောက်မကျဘူး"

ဟု မှုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

"အဲဒီကျွန်းက ဘယ်နိုင်ငံရဲ့ ပိုင်နက်ထဲမှာ ပါနေတာတုံး မှုတ်ဆိတ်ဖြူကြီးရဲ့"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဘယ်နိုင်ငံရဲ့ ပိုင်နက်ထဲမှာမှမပါဘူး။ သူဟာ သမုဒ္ဒရာထဲက ကျွန်းကလေးတစ်ကျွန်းပဲ။ မရောက်ဖူးသေးတဲ့လူတို့ ပြောရတာက ဒီကျွန်းကလေးရဲ့အကြောင်းက ဒဏ္ဍာရီလို ဖြစ်နေတာပဲ။ ယုံကြည်ဖို့ အင်မတန်ခက်ခဲပါတယ်။ အဲဒီမှာ မသေဆေးရဲ့သဲလွန်စကို တွေ့နိုင်မယ်။ ဘာကြောင့်သဲဆိုတော့ ရောက်ဖူးခဲ့တဲ့ သင်္ဘောသားတွေရဲ့ပြောပြချက် အရဆိုရင် အသက်တစ်ထောင်ရှည်နေတဲ့ မိန်းမချောလေး တစ်ယောက်ရှိတယ်။ ပြီးတော့ အဲဒီကျွန်းသားတွေဟာ တခြားတိုင်းပြည်နဲ့လည်း အဆက်အသွယ်မရှိကြလေတော့ သူတို့ကျွန်းမှာရှိတဲ့ ရွှေတွေ၊ ငွေတွေ၊ ကျောက်သံပတ္တမြားတွေဟာ သူတို့အတွက် အရေးကြီးပုံမပေါ်ဘဲ သူတို့အတွက် အရှေးကြီးပိုလျှံနေတယ်။ သန္တာ



www.burmeseclassic.com

www.burmeseclassic.com



မြွေ၊ ပုလဲတွေဆိုတာလည်းမနည်းဘူး။ ကမ္ဘာပေါ်မှာ အလွန်ရှားပါးပါတယ်ဆိုတဲ့ 'သီလဂုတ်ကျောက်' ဆိုတဲ့ ကျောက်မျိုးတွေဟာလည်း အဲဒီကျွန်းမှာ ထွက်တယ်ဆိုပဲ။ နောက်တစ်ခုကတော့ မြွေတွေလည်း အများကြီးပဲတဲ့။ ဒါတွေ ထားလိုက်ဦး။ အဲဒီကျွန်းဟာ လူဦးရေတိုးပွားနှုန်း အတော့်ကိုနည်းတယ်။ ကျွန်းဟာ အတော်လေးကြီးတယ်။ လူကနည်းနည်းလေးရှိတယ်။ အဲဒီမှာ တစ်ခု ထူးဆန်းတာက အုပ်ချုပ်တဲ့ဘုရင်လည်း မရှိဘူး။ အမှုလည်း မရှိဘူး။ တစ်ကျွန်းလုံးဟာ မိဘနှစ်ပါးက ဆင်းသက်လာတဲ့ ညီအစ်ကိုမောင်နှမအရင်းတွေလိုပဲ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင်နေကြတယ်။ နောက်တစ်ခုထူးဆန်းတာ ရှိသေးတယ်။ အင်္ဂလိပ်လူမျိုး သင်္ဘောသားတစ်ယောက် သင်္ဘောပျက်ပြီး အဲဒီကိုရောက်သွားခဲ့တယ်။ သူဟာ ငါးနှစ်လောက် အဲဒီမှာနေခဲ့တယ်။ အဲဒါကြောင့် အဲဒီကျွန်းသားအတော်များများဟာ အင်္ဂလိပ်စကားနဲ့ အင်္ဂလိပ်စာကို ဖတ်တတ်ကြတယ်ဆိုပဲ။ ပြီးတော့ ဂျပန်တစ်ယောက်လည်း အဲဒီကို ရောက်သွားဖူးတယ်။ အဲဒီတုန်းကလည်း သူတို့ဟာ ဂျပန်စကားနဲ့ ဂျပန်စာကို သင်လိုက်တယ်"





ဟု မုတ်ဆိတ်ဖြူကြီးကပြောရှာလေ၏။ ထိုအခါ ကျွန်ုပ်က. .

"မယုံနိုင်စရာပဲ"

ဟုပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်အား ပြုံး၍. .

"သင်ဟာ သိပ်ပြီး ရိုးသားတယ်။ သင့်စိတ်ထဲမှာရှိတဲ့ အတိုင်း ကျွန်ုပ်ကိုပြောပြတယ်။ သင်မယုံချင်နေပါ။ နောက်တစ်ခုပြောပါရစေဦး။ အဲဒီကျွန်းကို မြန်မာတစ်ယောက်လည်း ရောက်သွားဖူးသေးတယ်။ အဲဒီကိုရောက်သွားတဲ့လူကတော့ အပေါင်၊ ကျွဲခြံဘက်က လှေသူကြီးကိုအောင်ဖေလို့ ပြောတာပဲ။ အဲဒီလှေသူကြီး ရောက်သွားတဲ့အတွက်လည်း ကျွန်းသားအတော်များများဟာ မြန်မာစကားကို တတ်ရုံတင်မဟုတ်ဘူး။ မင်္ဂလသုတ်ကိုတောင် တတ်တဲ့လူတွေရှိနေတယ်။ ပြီးတော့ လှေသူကြီး ကိုအောင်ဖေဟာ လက်ဝှေ့သမားတစ်ဦးလည်း ဖြစ်လေတော့ ထတ်ဝှေ့ထိုးတဲ့အတတ်လည်း ကျွန်းသားတွေအားလုံးလောက် နီးနီးတတ်ကြတယ်။ လက်ဝှေ့ပွဲတောင် မကြာခဏ ထိုးကြတယ်ဆိုပဲ။ လက်ဝှေ့ပွဲရဲ့စည်းကမ်းကလည်း သင်တို့မြန်မာတွေရဲ့ လက်ဝှေ့စည်းကမ်းအတိုင်းပဲ"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယုံရမှာတော့ ခပ်ခက်ခက်ပဲ မုတ်ဆိတ်ဖြူကြီးရေ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"သင်ဟာ သိပ်ပြီး ရိုးသားတယ်။ သင့်စိတ်ထဲမှာရှိတဲ့ အတိုင်း ကျွန်ုပ်ကို ပြောပြတယ်။ သင်မယုံရင်တော့ ဟောဒီမှာ ပစ္စည်းကလေးတစ်ခုပါတယ်။ အဲဒီကျွန်းသားတွေရဲ့ အနှစ်တစ်ထောင်ကလက်ရာပဲ"

ဟုဆိုကာ မုတ်ဆိတ်ဖြူကြီးသည် ၎င်း၏လွယ်အိတ်အတွင်းမှ အထုပ်တစ်ထုပ်ကို နှိုက်ယူ၍ စားပွဲပေါ်သို့ တင်လိုက်လေ၏။ ပြီးလျှင် ထိုအထုပ်တွင် ချည်နှောင်ထားသော ကြိုးစကို ဖြေ၍ ပတ်ထားသော အဝတ်ကိုဖြန့်လိုက်ရာ အတွင်းမှ လွန်စွာနက်မှောင်သော သစ်ကနက်သားဖြင့်ထုလုပ်ထားသည့် သေတ္တာကလေးတစ်လုံးထွက်၍လာလေ၏။ သေတ္တာလေး၏အရွယ်ပမာဏမှာ အမြင့်အားဖြင့် တစ်မိုက်ခန့်ရှိ၍ ဖြက်အားဖြင့်လည်း တစ်မိုက်ခန့်ရှိပြီးလျှင် အလျားမှာ တစ်ပေခန့်ရှိလေ၏။ သေတ္တာ၏အဖုံးပေါ်တွင် နွားနှစ်ကောင်ဝှေ့နေပုံကို ထုလုပ်ထားလေ၏။ ထိုနွားနှစ်ကောင်၏ဘေး၌လည်း 'ဖုံးမသိန်' ပင် များကိုဝါရောနှောထုလုပ်ထားလေ၏။ သေတ္တာ၏ကိုယ်ထည် ဘေးပတ်ပတ်လည်၌လည်း နွားများပြေးနေပုံ၊ လူများနွားစီးနေပုံ၊ နွားများ အုပ်လိုက်ဖွဲ့၍နေပုံ၊ နွားသားအမိရေသောက်နေပုံ စသည်တို့ဖြစ်၏။





ပန်းပုလက်ရာမှာလည်း လွန်စွာပြောင်မြောက်လှပေ၏။ သို့ရာတွင် သေတ္တာကလေးမှာ အတော်အတန်ဆွေးမြည့်နေပြီဖြစ်၏။ အချို့နေရာများတွင် မီးကျွမ်းထားသောအရာများကိုတွေ့ရလေ၏။ အချို့နေရာများ၌မူ ပွန်းပဲ့နေသောဒဏ်ရာများကို တွေ့ရလေ၏။

"ကဲ. . သင်ယုံပြီလား။ ဒီသေတ္တာဟာ အဲဒီကျွန်းသားတွေ လုပ်တာပဲ။ နှစ်ပေါင်းတစ်ထောင်လောက်က လက်ရာလို့ဆိုတယ်။ သူ့ကို စမ်းသပ်ဖို့က လွယ်ပါတယ်။ အခုလာမယ့် တနင်္ဂနွေနေ့မှာ ရှေးဟောင်းပစ္စည်းပြပွဲနဲ့ ရှေးဟောင်းပစ္စည်း လေလံပွဲတစ်ခု ဂျူးအမျိုးသားကြီးတစ်ယောက်က ဂျူဗလီဟောမှာ ပြုလုပ်လိမ့်မယ်။ အဲဒီတော့မှ ဟောဒီသေတ္တာနက်ကလေးကို လေလံတင်ကြည့်လိုက်တာပေါ့။ ရှေးဟောင်းပစ္စည်းသမားတွေဟာ ပစ္စည်းကိုမြင်ရုံနဲ့ သက်တမ်းဘယ်လောက်ရှိပြီဆိုတာ အနီးကပ်ဆုံး ခန့်မှန်းနိုင်ပါတယ်။ ပြီးတော့ ရှေးဟောင်းပစ္စည်းဟုတ်မဟုတ် စမ်းသပ်တဲ့နည်းတွေကလည်း အမြောက်အမြားရှိတယ်။ သူတို့ပါးစပ်ကနေပြီးတော့ ဒီသေတ္တာကလေးဟာ အသက်ဘယ်လောက်ရှိလာပြီလို့ပြောလိမ့်မယ်။ အဲဒီအခါမှာ သင်ယုံကြည်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"မုတ်ဆိတ်ဖြူကြီးပြောတဲ့အတိုင်းသာမှန်ရင်တော့ ကျုပ်က စွန့်စားပြီး အဲဒီကျွန်းကို အရောက်သွားမှာပဲ။ ကျုပ်ရဲ့ မိတ်ဆွေ မောင်ဘမျိုးနဲ့ မောင်ဘမှန်ဆိုတာလည်းရှိသေးတယ်။ သူတို့ကိုပါ ခေါ်သွားရမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"သူတို့ကို အခုကတည်းက အကျိုးအကြောင်းပြောပြထားပါ။ ကျွန်ုပ်ပြောတဲ့ 'ဘိမသေနီဒီပ' ဆိုတဲ့ကျွန်းဟာ တကယ်ရှိပါတယ်။ အဲဒီသေတ္တာကလေးဟာ အဲဒီကျွန်းကို ရောက်သွားတဲ့ သင်္ဘောသားတစ်ယောက်ဆီကရခဲ့တာပဲ။ အဲဒီ သင်္ဘောသားဟာ ဘုံဘေမှာနေတယ်။ သူဟာ ကျွန်းက ပြန်လာပြီး အတော့်ကို ချမ်းသာနေတာယ်။ နောက်တော့ လောင်းကစားလုပ်တာနဲ့ မွဲသွားတာ။ ကျွန်ုပ်ပြောချင်တာကတော့ သင့်ရဲ့မိတ်ဆွေတွေကိုတွေ့ပြီး အကျိုးအကြောင်း ပြောပြထားပါ။ ဒီသေတ္တာကလေးကိုလည်း သင်ပဲယူသွားပါ။ ပြီးတော့ ဂျူဗလီဟောကလေလံပွဲကိုသွားပြီး လေလံတင်ကြည့်ပါ။ ကျွန်ုပ်လည်း ရောက်လာခဲ့မယ်။ အဲဒီမှာ ကျုပ်ပြောတဲ့အတိုင်း ဒီသေတ္တာကလေးဟာ ရှေးဟောင်း





ပစ္စည်းတစ်ခုဖြစ်နေပြီဆိုရင်တော့ ကျွန်ုပ်တို့ သွားကြဖို့ပဲ။ အဲဒီတော့ အခု သင်နဲ့ကျွန်ုပ် လမ်းခွဲတော့မယ်။ သင်လိုရာကို သွားပါ"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

"ဒီသေတ္တာကလေးကို လေလံတင်တာကတော့ ဟုတ်ပါပြီ။ တန်ဖိုးဘယ်လောက်ကစပြီး ဈေးခေါ်ရမလဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"ငါးထောင်က စပြီးခေါ်ပါ"

ဟု မဆိုင်းမတွ ပြန်၍ပြောလေ၏။

"ခင်ဗျားသေတ္တာအစုတ်ကို ဘယ်လိုလူမျိုးက ငွေငါးထောင် ပေးမှာတုံးဗျ"

ဟုပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"အစုတ်ကိုကြိုက်တဲ့လူက ဒီပစ္စည်းအစုတ်ကို ငွေငါးထောင်မက ပေးပါလိမ့်မယ်။ သင်နားမလည်လို့ပါ။ တချို့လူဟာ စုတ်မှကြိုက်တယ်။ ကဲ. . ကျွန်ုပ်သွားမယ်"

ဟုဆိုကာ မုတ်ဆိတ်ဖြူကြီးသည် ထွက်သွားလေတော့၏။ ကျွန်ုပ်လည်း လက်ဆွဲဘာကျာတစ်ဖက်၊ သစ်ကနက်သား သေတ္တာကိုတစ်ဖက်ကိုင်ကာ ဗဟန်းဘက်ဆီသို့ပြန်ခဲ့လေတော့သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# လေလံပွဲ

နောက်တစ်နေ့တွင် ကျွန်ုပ်သည် မှတ်ဆိတ်ဖြူကြီးပေးခဲ့သော သိန္ဓောနွှေးရုပ်များပါသည့် သစ်ကနက်သေတ္တာကလေးကို ယူဆောင်ကာ ဂျူဗလီဟော့လေလံပွဲဆီသို့ ထွက်ခဲ့လေတော့၏။ လေလံပွဲကို ဂျူးအဘိုးကြီးတစ်ယောက်က ခေါင်းဆောင်၍ ကျင်းပနေလေ၏။ ပစ္စည်းများကို တစ်ခုပြီးတစ်ခု လေလံတင်၍ ရောင်းချနေလေ၏။ ကုလားဒိန် လေးတစ်ယောက်က မောင်းကြီးကို 'တဒူဒူ' ထု၏။ ဂျူးကြီးက ပစ္စည်း တန်ဖိုးကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ကြေညာချက်ထုတ်နေလေ တော့၏။

ကျွန်ုပ်လည်း သေတ္တာကလေးကို လွယ်အိတ်၌ထည့်၍လွယ်ကာ လေလံပွဲ၏ပတ်ဝန်းကျင်တွင် မယောင်မလည် ရပ်၍နေလေ၏။ ကျွန်ုပ်နှင့်မလှမ်းမကမ်းနေရာလောက်တွင် မော်တော်ကားတစ်စီး ရပ်ထားလေ၏။ မော်တော်ကား၏နံဘေး၌ ဥရောပဝတ်စုံကို ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားထားသော လူတစ်ယောက်သည် ကားကိုမှီ၍ ရပ်နေလေ၏။ ထိုသူ၏အနီးတွင် အပတ်အစားနွမ်းနွမ်းပါးပါးနှင့် လူတစ်ယောက် ရပ်နေလေ၏။ မော်တော်ကားကိုမှီ၍ရပ်နေသောသူက အဝတ်အစား နွမ်းနွမ်းပါးပါးနှင့်သူအား အောက်ပါအတိုင်း ပြောလိုက်လေ၏။

"လုပ်စမ်းပါဦး ကိုဖုးညိုရဲ့။ ခင်ဗျားကတော့ ဗဟုသုတ အိုးကြီးဆိုတော့ မေးရဦးမယ်။ အခုလို ဈေးပြိုင်ရောင်းတာကို 'လေလံ' လို့ ခေါ်တယ်ဗျ။ ဒီစကားဟာ ဘာစကားတုံးဗျ။ မြန်မာစကားအစစ်တော့ ဟုတ်ဟန်မတူပါဘူးဗျာ။ ပေါ်ရာဏလား၊ ပါဠိပျက်လား။ လုပ်စမ်းပါဦးဗျာ "

ထိုအခါ ဦးဖုးညိုဟု အခေါ်ခံရသူက. .

"ဒီလို ကိုစိန်သွေးရဲ့။ ဒီစကားဟာ ပေါ်တူဂီစကားကနေ ဆင်းသက်လာတဲ့ ဟိန္ဒူစကားဗျ။ ပေါ်တူဂီလို 'လိုင်လို' လို့ ခေါ်တယ်ဗျ။ ဟိန္ဒူလိုတော့ 'နီလန်' လို့ ခေါ်တယ်ဗျ။ မြန်မာတွေဟာ တခြားလူမျိုးတွေရဲ့ဝေါဟာရကို ဆွဲယူသုံးစွဲတဲ့အခါမှာ တစ်ခါတလေ 'န' ငယ်နေရာမှာ 'လ' ကို အသုံးပြုပြီး အသံပြောင်းတတ်တယ်မဟုတ်လား။ အဲဒီတော့ 'နီလန်' ဆိုတဲ့စကားကို 'လီလန်'လို့ သုံးတာပေါ့ဗျာ။ 'လီလန်' ကနေ 'လေလံ' ဖြစ်သွားတာပေါ့"





ထိုအခါ ကိုစိန်သွေးဆိုသူက ပြုံးလျက်. .

" 'လန်ကွတ်တီ' ဆိုတာကရောဗျာ။ မြန်မာစကားလား၊ ဘာစကားတုံးဗျ။ ဒါလေးပြောပြပြီးရင် လက်ဖက်ရည် သွားပြီးသောက်ကြတာပေါ့ဗျာ"

ဟု ပြောလေ၏။

" 'လန်ကွတ်တီ' ဆိုတာ 'လိင်္ဂသြဋ္ဌ' ဆိုတဲ့ သင်္သကရိုက်စကားက ဆင်းသက်လာပုံရတယ်ဗျ။ လိလင်ကို ဖုံးစရာအဝတ်လို့ အဓိပ္ပာယ်ရတယ်။ 'လိင်္ဂသြဋ္ဌ' ကနေ 'လိင်ဂေါဋ္ဌ' လို့ ပြောင်းလာလိမ့်မယ်။ အဲဒီကနေမှ 'လန်ကွတ်တီ' လို့ ပြောင်းသွားတာ ဖြစ်လိမ့်မယ်"

ဟု ကိုဖုးညိုက ရှင်းပြလေ၏။

"အေးဗျာ။ ခင်ဗျားကတော့ တယ်လည်းသိတာကိုး။ ပညာရှိဖြစ်မယ့် ပုဂ္ဂိုလ်ပေပဲ။ ကဲ. . လက်ဖက်ရည်သွားသောက်တာပေါ့။ မသောက်ခင် ကျုပ်တပည့်ကို မှာခဲ့ရဦးမယ်"

ဟုဆိုကာ ကိုစိန်သွေးသည် လေလံပွဲတွင် အာရုံစိုက်နေသော ၎င်း၏တပည့်ကို လှမ်း၍ခေါ်ကာ. .

"ဟေ့ကောင် မောင်ဆွိ၊ ငါ အပြင်ခဏသွားဦးမယ်၊ ဟောဟိုမှာ ငွေအိတ်၊ မင်း ယူထား၊ ငါ ပြန်မလာသေးခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆောတိုက ကြေးရေတာကောင်းကြီးကို လေလံပစ်ရင် လွှတ်စေနဲ့၊ ငါသွားမယ်"

ဟု မောင်စိန်သွေးက မှာကြားကာ ကိုဖူးညိုအားခေါ်၍ အပြင်သို့လျှောက်သွားလေ၏။ ၎င်းတို့နှစ်ဦးသည် ကျွန်ုပ်၏အနီးမှ ဖြတ်သွားသောအခါ ကိုဖူးညိုဆိုသူသည် ကျွန်ုပ်အား 'ဆတ်' ခနဲ လှည့်ကြည့်လိုက်ရာ ကျွန်ုပ်ကအကြည့်ဖြင့် မျက်နှာချင်းဆုံမိသွားလေ၏။ ထိုအခါ ကိုဖူးညိုက. .

"ဟေ့. . မင်း မောင်ဘိုးတူ မဟုတ်လား"

ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်က. .

"ဟုတ်ပါတယ်။ ကျွန်တော် မောင်ဘိုးတူပါ"

ဟု ပြန်၍ဖြေရာ. .

"မင်း ငါ့ကို မှတ်မဆက်ဘူးလား"

ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ခင်ဗျာ. ."

ဟု ပြောလိုက်ရာ ၎င်း ကိုဖူးညိုသည် စိတ်ဆိုးမာန်ဆိုးဖြင့်. .

"မင်းက ငါ့ကို မမှတ်မိဘူးတဲ့လားကွ။ အံ့ပါရဲ့။ မင်းတို့ ဆယ်တန်းဖြေမယ့်ညက မင်းသူငယ်ချင်း မောင်စိန်ဝင်းကို





အကြောင်းပြုပြီး မင်းနဲ့ မောင်စိန်ဝင်းကို တစ်ညလုံး ငါက စာလာပြပေးခဲ့ရတာလေကွာ"

ဟု ပြောလိုက်သည့်အခါကျမှပင် ကျွန်ုပ်လည်း အားနာခြင်း၊ စိတ်မကောင်းခြင်း စသော ဝေဒနာတို့ကို ခံစားရင်း. .

"စိတ်မဆိုးပါနဲ့ဆရာရယ်။ ကျွန်တော် တကယ်မမှတ်မိလို့ပါ။ အခုတော့ မှတ်မိပါပြီ။ အဲဒီတုန်းက ဆရာ့ရဲ့ ဝတ်ပုံစားပုံနဲ့ အခုနဲ့ အပုံကြီးကွာခြားနေတာကိုး"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆရာကိုဖူးညိုက. .

"လခွမ်း. .။ အဲဒီတုန်းက ငါက ကျောင်းသူလေးတစ်ယောက်ကို ပိုးပန်းနေတာကိုးကွ။ အဲဒီတော့လည်း ဝတ်ပုံစားပုံက သပ်ရပ်ပေမပေါ့ကွာ။ အဲဒီကျောင်းသူလေးလည်း ယောကျ်ားယူသွားရော ငါလည်း မိန်းမယူချင်စိတ်တုန်ပြီး ပညာရှိလုပ်ချင်တဲ့စိတ်ပေါ်လာတော့တာပဲတော့၊ အဲဒီလို ပညာရှိလုပ်ချင်စိတ်လည်းပေါ်လာရော လူလည်း တဖြည်းဖြည်းဆုတ်ပြီးလိုက်လာတော့တာပဲဟေ့။ တကယ့်ပညာရှိတစ်ယောက် ဖြစ်သွားတဲ့အခါမှာ သူတောင်းစားနဲ့များ တူနေမလား မဆိုနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အခု ဆရာကိုဖူးညိုက ရယ်ကာမောကာပြောလေ၏။ ထိုအခါ ကိုစိန်သွေးဆိုသူက . .

"ကဲပါ ကိုဖူးညိုရယ် . .။ ခင်ဗျားတပည့်ကိုလည်း ကျုပ်က လက်ဖက်ရည်သောက် ဖိတ်ပါတယ်။ လိုက်ခဲ့ပါ"

ဟု ဆိုသဖြင့် ဆရာကိုဖူးညိုလည်း ကျွန်ုပ်အား လက်ဖက်ရည်သောက်ခေါ်လေ၏။ ကျွန်ုပ်လည်း အားနာနာနှင့်ပင်လိုက်သွားရလေ၏။

လက်ဖက်ရည်ဆိုင်သို့ရောက်သောအခါ၌ ကိုစိန်သွေးဆိုသူသည် လက်ဖက်ရည်များ၊ မုန့်များ၊ စီးကရက်များကို မှာလေ၏။ ထိုအချိန်၌ပင် ဆရာကိုဖူးညိုက . .

"ကိုစိန်သွေးရေ . .။ ဟောဒါ ကျွန်တော် တစ်ညစာသင်ပေးခဲ့ဖူးတဲ့ မောင်ဘိုးတူပဲ"

ဟု မိတ်ဆက်ပေးလျှင် ကိုစိန်သွေးက သိကျွမ်းရသည်ကိုပင် ဝမ်းသာကြောင်း သွက်လက်စွာပြောလေ၏။ ထို့နောက် ဆရာကိုဖူးညိုကပင် . .

"မောင်ဘိုးတူရေ . .။ ဟောဒါ ကိုစိန်သွေးတဲ့ကွ။ သူဟာ ငှက်တော်တံဆိပ်အထည်ကုမ္ပဏီပိုင်ရှင် ဦးသူတော်ရဲ့ တစ်ဦးတည်းသောသားပေါ့ကွာ။ ဘာအလုပ်မှ မလုပ်ဘူး ရှေးဟောင်းပစ္စည်းတွေကို ဒိုင်ခံဝယ်ပြီး စုတော့တာပဲ





သူ့အိမ်ရဲ့ဧည့်ခန်းမှာ (၁၄)ရာစုလောက်က ပစ္စည်းဟောင်းတွေနဲ့ချည်း တန်ဆာဆင်ထားတယ်ကွ။ ပစ္စည်းဟောင်းဆိုတာကလည်း မင်းသိတဲ့အတိုင်းပဲကွာ။ ပစ္စည်းသစ်ထက် အဆပေါင်းများစွာ ဈေးကြီးတာမဟုတ်လား။ အဲဒီတော့ သူ့အိမ်ရဲ့ဧည့်ခန်းမှာ အလှပြထားတဲ့ ပစ္စည်းတွေရဲ့တန်ဖိုးချည်းပဲ သုံးသိန်းကျော်ဖိုးလောက် ရှိတယ်ကွ။ နိုင်ငံခြားမှာဆိုရင်တော့ ဒီဧည့်ခန်းမျိုးဟာ ကြွားဖို့ အလွန်ကောင်းပေါ့ကွာ။ တို့တိုင်းပြည်မှာကတော့ အဟောင်းရဲ့တန်ဖိုးကို မသိကြလေတော့ ပစ္စည်းအဟောင်းအမြင်းတွေကို ဒီလောက်တောင် ဈေးကြီးပေးဝယ်တာဟာ ရူးလို့ပဲလို့ ကိုစိန်သွေးကို ပြောကြတာပေါ့ကွာ"

ဟု ပြောလိုက်ရာ ကိုစိန်သွေးက . .

"အဲဒီလိုပြောကြတဲ့လူတွေထဲမှာ ကျွန်တော့်အဖေက နံပါတ်တစ်ပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် လက်ဖက်ရည်နှင့်မုန့်များ လာသဖြင့် စားသောက်ကြလေ၏။ ထိုသို့စားသောက်ရင်း ဆရာကို က ကျွန်ုပ်အား . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . မောင်ဘိုးတူ။ မင်းကကော ဘာကိစ္စနဲ့ ပစ္စည်း

ဟောင်းလေလံပွဲကို လာရတာတုံးကွ"

ဟု မေးလေ၏။

"ဒီလိုပါ ဆရာ။ ကျွန်တော်လည်း ရှေးဟောင်းပစ္စည်းတစ်ခု

လေလံတင်မလို့ လာခဲ့တာပဲ"

ဟု ပြောလိုက်ရာ ကိုစိန်သွေးဆိုသူ၏မျက်နှာသည် သားကောင် အနံ့ရသောမုဆိုးကဲ့သို့ ပျာယီးပျာယာ ဖြစ်သွားလေ၏။ ထို့နောက် ၎င်းက . .

"ဘာပစ္စည်းလဲဗျ . . ဘာပစ္စည်းလဲဗျ"

ဟု အငမ်းမရမေးလေ၏။ ထိုအခါ ကျွန်ုပ်က . .

"ဟောဒီမှာဗျာ . . ငွေငါးထောင်နဲ့ လေလံတင်ဖို့ ပစ္စည်း

တစ်ခုပါပါရဲ့"

ဟု ဆိုကာ လွယ်အိတ်အတွင်း၌ အဝတ်နှင့်ပတ်၍ထားသော ကပဝိတ်ဖြူကြီး၏ သေတ္တာကလေးကို စားပွဲပေါ်သို့တင်လိုက်ရာ ...သွေးသည် အဝတ်ထုပ်ကို ဖြည်းညင်းစွာ ဖြေ၍ကြည့်ပြီးလျှင် ...ကိုမြင်တွေ့သွားသောအခါ၌ ၎င်း၏မျက်နှာသည် နေရောင်၌ ...လိုက်သော မှန်ကဲ့သို့ 'ဝင်း' ခနဲဖြစ်၍သွားလေတော့၏။

"ဒီပစ္စည်းကိုလားဗျာ . . ငါးထောင်တည်းနဲ့လေလံတင်





မှာ။ ဒါလောက်တောင်လည်း လျှော့ဈေးမလုပ်ပါနဲ့ မိတ်

ဆွေရာ။ စပြီးခေါ်ကတည်းက တစ်သောင်းလောက်တော့

ခေါ်ပါဗျာ"

ဟု ကိုစိန်သွေးက ပြောလေ၏။ ထို့နောက် ၎င်းကပင် ထိုပစ္စည်း၏ရာဇဝင်အကြောင်းကို မေးလေ၏။ ကျွန်ုပ်လည်း မှတ်ဆိတ်ဖြူကြီး ပြောပြထားသည့် 'ဘီမသေနီဒီပ' ခေါ် ဖုံးမသိန်ကျွန်း၏အကြောင်းကို ပြောပြရာ မောင်စိန်သွေးသည် ကုလားထိုင်မှာထိုင်နေရင်း ဖင်တကြွကြွ ဖြစ်ကာ . .

"မိတ်ဆွေကြီး မောင်ဘိုးတူရယ်၊ အဲဒီကျွန်းကို ခင်ဗျားတို့

သွားရင် ကျုပ်ကိုလည်း ခေါ်ပါဗျာ၊ ကျုပ်တတော့ သွားဖို့

ခရီးစရိတ် တာဝန်ယူပါတယ်"

ဟု ကိုစိန်သွေးကပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် လက်ဖက်ရည်ဆိုင်မှ လေလံပွဲဆီသို့ ပြန်လာခဲ့ကြလေတော့၏။

လေလံပွဲသို့ရောက်သောအခါ၌ ကိုစိန်သွေး၏တပည့် မောင်ဆွိ ဆိုသူသည် ရှေးဟောင်းကြေးရေတကောင်းကြီးကိုပိုက်လျက် ဆီးကြို နေလေ၏။ ထိုအခါ မောင်စိန်သွေးက . .

"ဘယ်လောက်နဲ့ ရလိုက်တာတုံး"

ဟုမေးရာ မောင်ဆွိက . .



www.burmeseclassic.com

www.burmeseclassic.com



"ရှစ်ထောင်နဲ့ရလိုက်တာ ဆရာရဲ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ ရှေးဟောင်းပစ္စည်းဝယ်ယူရာ၌ နှမြောတွန့်တိုခြင်းမရှိလှသော မောင်စိန်သွေးသည်ပင် ရင်ဘတ်ကို လက်ဝါးဖြင့်ဖိ၍. .

"အလိုလေး. . များလှချည်လားကွာ။ ငါက သုံးလေးရာလောက်ပဲ မှန်းထားတာကွ။ အတော့်ကို များသွားတာပဲဟေ့"

ဟု ပြောလေ၏။ ၎င်း၏တပည့်ကျော်မောင်ဆွိကလည်း. .

"ဆရာရယ်. . ဒီဟာကြီးက နှယ်နှယ်ရရမဟုတ်ဘူးဆိုပဲဗျ။ အလောင်းဘုရားရဲ့ယောက္ခမ ရေသောက်တဲ့ ရေကရားဆိုပါလား"

ဟု ပြောလေ၏။

"အဲဒါ မင်းကို ဘယ်သူကပြောတာတုံး"

ဟု မောင်စိန်သွေးက ပြန်၍မေးလိုက်လေ၏။

"ဘယ်သူကပြောရမှာတုံးဆရာရဲ့။ အဲဒီဂျူးကြီးက အဲဒီလိုကြေညာတာပဲ"

ဟု မောင်ဆွိက ပြန်၍ပြောရာ မောင်စိန်သွေးက. .





"သူကတော့ သူ့ပစ္စည်းကို ရောင်းရအောင်လို့ သူ့ပါးစပ်ရှိတာတွေ လျှောက်ပြီးပြောတာပေါ့ကွာ။ အလောင်းရဲ့ယောက္ခမ သောက်တာလား၊ အလောင်းဘုရားကိုယ်ပါသား သောက်တာလား၊ သူတောင်းစားလား ဘယ်သူက အတိအကျသိနိုင်မှာ ကျုပ်လုပ်တတ်ပြီး အံ့ပါရဲ့။ အေးလေ. . ဒါပေမယ့် မင်းမှတ် ခင်ဗျား ကြားရ ငါက ဒီပစ္စည်းကို လက်မလွှတ်စေနဲ့ ကဲ. . ကဲ. . တို့မှာလည်း ငွေက အဲဒါလျှင် ၎င်း၏တပည့် မဟုတ်ဘဲ။ အိမ်ကိုလိုက်ယူဖို့ ဂျူးကြီးကိုလျှင် အောက်ပါ

ဟု ဆိုကာ မောင်စိန်သွေးသည် လေလံပွဲဆီသို့သွား အား. .

"ဝမ်းမိနစ်ပိလိ(စ်)"

ဟု ပြောလိုက်ရာ ဂျူးကြီးလည်း မောင်စိန်သွေးအနီးသို့ ရောက်လာလေ၏။ မောင်စိန်သွေးလည်း ငွေအလုံအလောက်ပါမလာကြောင်း၊ ၎င်းတော်ကုမ္ပဏီသို့ လိုက်၍ယူပါမည့်အကြောင်း ပြောလိုက်ရာ ဂျူးကြီးက. .

"ရပါတယ်. . ရပါတယ်။ မယုံရမယ့်လူတွေမှ မဟုတ်ဘဲ။ မစ္စတာစိန်သွေးတို့က ကျုပ်ရဲ့လေလံပွဲကို အမြဲတမ်း အား



www.burmeseclassic.com

www.burmeseclassic.com



ထေနေတဲ့လူတွေပဲ။ ကျုပ်အနေနဲ့က ဒါလောက်တော့ ထိုက်လျော့ရမှာပေါ့”

ဟု ပြောလေ၏။ ထိုအခါ မောင်စိန်သွေးက. .

“ဟောဒီမိတ်ဆွေဆီမှာ တစ်သောင်းနဲ့စပြီးဈေးခေါ်မယ့် ပစ္စည်းလေးတစ်ခုပါလာတယ်ဗျ။ အဲဒါ ခင်ဗျား လေလံဖွင့်ပေးစမ်းပါ။ ကော်မရှင်ခကတော့ ထုံးစံအတိုင်းပေါ့

ဟု ပြောလိုက်ရာ ဂျူးကြီးသည်. .

“ဘယ်မလဲ ပစ္စည်း”

ဟု မေးလေ၏။ ကျွန်ုပ်လည်း လွယ်အိတ်အတွင်းမှ သေတ္တာကိုထုတ်၍ ဂျူးကြီး၏လက်သို့အပ်လိုက်လေ၏။ ဂျူးကြီးလည်း သေတ္တာကိုပတ်ထားသောအဝတ်ကို ဖြေ၍ကြည့်ပြီးလျှင်. .

“ရပါတယ်. . ရပါတယ်။ အခုပဲ တစ်သောင်းတန်ပွဲကို ဖွင့်လိုက်မယ်။ ဒါနဲ့ နေစမ်းပါဦး။ ဒီပစ္စည်းက နှစ်ဘယ်လောက်ရှိပြီလဲ။ ဘယ်အရပ်ကလဲ”

ဟု မေးလေ၏။

“နှစ်ကတော့ တစ်ထောင်ကျော်လောက်တော့ ရှိပါပြီ။





သမုဒ္ဒရာထဲက ‘ဘီမသေနီဒိပ’ ဆိုတဲ့ကျွန်းက ပစ္စည်းပါ။ အဲဒီကျွန်းမှာက. . ”

ဟု ကျွန်ုပ်က အသေအချာရှင်းပြမည်ဟု အစပျိုးလိုက်ရာ ဂျူးကြီးက လက်ဝါးကိုကာပြ၍. .

“တော်ပြီ. . တော်ပြီ။ ဒါလောက်ဆို ကျုပ်လုပ်တတ်ပြီ။ အင်မတန်လှပတဲ့ ရာဇဝင်လေးတစ်ပုဒ် ခင်ဗျား ကြားရလိမ့်မယ်”

ဟု ဆိုကာ လေလံပွဲဆီသို့ ပြန်၍သွားပြီးလျှင် ၎င်း၏တပည့်အား မောင်းကိုတွင်တွင်ထုစေလျက် ပွဲလှန့်လိုက်ပြီးလျှင် အောက်ပါအတိုင်း ပြောလေ၏။

“လေလံပွဲလာ ရှေးဟောင်းပစ္စည်းကို မြတ်နိုးကြတုန်သော လူယဉ်ကျေးအပေါင်းတို့ခင်ဗျာ။ မိတ်ဆွေတို့ဟာ အလွန့်ကို ကံကောင်းကြပါတယ်။ ကျွန်တော်တို့ရဲ့လေလံပွဲကို ကမ္ဘာလှည့်ပြီးပြန်လာတဲ့ ‘အာကီရိုလောဖျစ်’ တစ်ယောက် ရောက်လာပါတယ်။ သူဟာ သမုဒ္ဒရာအလယ်မှာ ရောက်ပေါက်ရန်ခဲယဉ်းလှတဲ့ ကျွန်းတစ်ကျွန်းကို အောက်စဖို့စ် တက္ကသိုလ်က တာဝန်ပေးချက်အရ သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီကျွန်းရဲ့နာမည်ကတော့ ဘီမသေနီဒိပလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါတယ်။ အဲဒီကျွန်းမှာ ရှေးအထက်ကျော်ကာရီက ဘီမသေနီမင်းကြီး အုပ်ချုပ်စိုးစံတော်မူခဲ့ပါတယ်။ သက္ကရာဇ်အားဖြင့် ပြောရရင် အေဒီ (၁၀၄၄) ခုနှစ်ကပါပဲ၊ အဲဒီအချိန်ကို မြန်မာပြည်နဲ့ နှိုင်းစာပြောရရင်တော့ မြန်မာပြည် မှာ အနော်ရထာမင်းကြီး အုပ်ချုပ်စိုးစံနေတဲ့ အချိန်ပါပဲ။ အဲဒီ ဘီမသေနီမင်းကြီးဟာ ငယ်စဉ်က နွားမကြီးတစ်ကောင်က စောင့်ရှောက်မွေးမြူခဲ့ရတဲ့ မိဘမဲ့ တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် သူဟာ နွားများကို အလွန်ပဲမြတ်နိုးတော်မူပါတယ်။ တစ်နေ့မှာ ဘီမသေနီမင်းကြီးရဲ့သားတော်တစ်ပါးဟာ ဖောင်စကြာနဲ့ တိုင်းခန်းလှည့်လည်ရင်း လေမုန်တိုင်းဒဏ်ကြောင့် သားတော်ရဲ့ဖောင်ဟာ မြန်မာပြည်ကိုရောက်ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ အနော်ရထာမင်းကြီးဟာ ဘီမသေနီရဲ့သားတော်ကို ကောင်းမွန်စွာစောင့်ရှောက်ခဲ့ပါတယ်။ သားတော်ကလည်း အနော်ရထာမင်းကြီးကို ပါလာတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေကို ဆက်သခဲ့ပါတယ်။ အဲဒီတော့ အနော်ရထာမင်းကြီးဟာ သူ့ရဲ့ လူစွမ်းကောင်းများဖြစ်ကြတဲ့ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့





ကို အရပ်လေးမျက်နှာ စေလွှတ်ပြီး ပန်းပုကျော်တစ်ဦးစီ ရအောင်ရှာဖွေရမယ်လို့ ခိုင်းစေလိုက်ပါတယ်။ သူကိုယ်တိုင်လည်း မြင်းတစ်စီးနဲ့ ပန်းပုကျော်တစ်ဦးကို ရှာဖွေခဲ့ပါတယ်။ တစ်နှစ်ကျော်ကြာတဲ့အခါမှာ ၎င်းတို့လေးယောက်စလုံးဟာ ပန်းပုကျော်တစ်ဦးစီပါခဲ့ပါတယ်။ အဲဒီလိုပါခဲ့တော့ ၂ ဘီး သေနီမင်းကြီးရဲ့သားတော် စီးလာတဲ့ဖောင်က သစ်ကနက်တုံးတစ်တုံးကိုဖြတ်ပြီး သေတ္တာလေးတစ်လုံး လုပ်ခိုင်းပါတယ်။ အဲဒီသေတ္တာကလေးရဲ့ လေးဘက်လေးတန်မှာရော၊ အဖုံးပေါ်မှာရော ပန်းပုဆရာတစ်ဦးကို အရပ်တစ်ခုစီ ထွင်းထုခိုင်းပါတယ်။ ဟောဒီမှာ ကြည့်ပါခင်ဗျာ။ (သေတ္တာကို ကိုင်မြှောက်လျက်) အဖုံးပေါ်က ပန်းပုလက်ရာကတော့ အနော်ရထာမင်းကြီးကိုယ်တော်တိုင်ရှာလာတဲ့ ပန်းပုဆရာရဲ့ လက်ရာပါခင်ဗျာ။ ဟောဒီဘေးကတော့ ကျန်စစ်သားရှာလာတဲ့ ပန်းပုဆရာရဲ့ လက်ရာ ခင်ဗျာ။ ဟောဒါကတော့ ငထွေရူးရဲ့ပန်းပုဆရာရဲ့ လက်ရာပါခင်ဗျ။ ဟောဒါကတော့ ငလုံးလက်ဖယ်ရဲ့ ပန်းပုဆရာခင်ဗျ။ ညောင်ဦးဖီးရဲ့ပန်းပုဆရာ လက်ရာခင်ဗျ။ ဟောဒီသေတ္တာကလေးကို ကမ္ဘာလှည့် 'အောက်ရှိ

www.burmeseclassic.com



သောကျစ် တစ်ဦးက သက်စွန့်ကြိုးပမ်း ပြန်လည်ရယူခဲ့ပါတယ်။ ဘောဒိသေတ္တာကလေးကို အခု လေလံတင်ပါမယ် ခင်ဗျား၊ မင်္ဂလာရှိသောဈေးကတော့ တစ်သောင်းခင်ဗျ။ ဲ. . စပြီးခေါ်မယ်။ တစ်သောင်းခင်ဗျ။ ဒီပစ္စည်းမျိုးက ကံထိုက်မှ ရမှာနော့။ ဒီတစ်ခါလွဲသွားရင် နောက်ထပ် (၁၀) ဘဝရှာရင်တောင် ဒီပစ္စည်းမျိုးမရနိုင်ဘူး။ တစ်သောင်းခင်ဗျ"

ဟု အော်လိုက်ရာ မျက်နှာဖြူတစ်ယောက်က တစ်သောင်းပေးသည်တု အော်လိုက်လေ၏။

ထိုအခါ ဂျူးကြီးက. .

"တစ်သောင်း တစ်ကြိမ်ပါခင်ဗျ။ တစ်သောင်း နှစ်ကြိမ် ခင်ဗျ။ ကဲ. . နှစ်ကြိမ်ရှိပြီခင်ဗျ"

"ဒူ"

ဟု မောင်းထုလိုက်လေ၏။ ထိုအခါ ပန်ချာပီတစ်ဦးက. .

"သောင်းတစ်ထောင်"

ဟု ဝင်၍ ဈေးတက်ပေးလိုက်ရာ ဂျူးကြီးက. .

"သောင်းတစ်ထောင် တစ်ကြိမ်"





ဟု အော်လိုက်လေ၏။

မောင်းကိုလည်း 'ဒူ' ခနဲထုလိုက်လေ၏။ ထို့နောက်. .

"သောင်းတစ်ထောင် နှစ်ကြိမ်"

ဟု အော်လိုက်ပြန်၏။

ထိုအခါ မျက်နှာဖြူက. .

"သောင်းနှစ်ယောင်"

ဟု ပြောလိုက်လေ၏။ ဂျူးကြီးလည်း. .

"သောင်းနှစ်ထောင် တစ်ကြိမ်"

ဟု အော်လိုက်လေ၏။

ထို့နောက်. .

"သောင်းနှစ်ထောင် နှစ်ကြိမ်"

ဟု အော်လိုက်လေ၏။

ထိုအခါ ပန်ချာပီသည် တစ်ထစ်ချင်းလိုက်၍မနေတော့ဘဲ. .

"သောင်းငါးထောင်ပေးမယ်"

ဟု ပြောလေ၏။ ဂျူးကြီးလည်း. .

"သောင်းငါးထောင် တစ်ကြိမ်"

"သောင်းငါးထောင် နှစ်ကြိမ်"

ဟု အော်လိုက်သော်လည်း မျက်နှာဖြူ သည် တုတ်တုတ်မျှ



www.burmeseclassic.com

www.burmeseclassic.com

မလှုပ်ဘဲ ငြိမ်ချောက်သားကောင်းနေသည်ကိုတွေ့လျှင် မျက်နှာဖြူဘက်သို့ . .

"အယ်လိုလဲမိတ်ဆွေ . . ။ ငွေသုံးထောင်တည်းနဲ့ အရှုံးပေးတော့မှာလား။ ငွေငါးထောင်နဲ့တစ်ကျပ်ဆိုရင်တောင် ခင်ဗျားကသာသွားမှာနော"

ဟု ပြောလိုက်ရာ မျက်နှာဖြူသည် ပခုံးနှစ်ဖက်ကို 'ဆတ်' ခနဲ တွန့်ပြလိုက်လေ၏။ အမိပ္ပာယ်မှာ အရှုံးပေးလိုက်ပြီဟူ၍ ဖြစ်ပေသည်။

ထိုအခါ ဂျူးကြီးသည် . .

"အနော်ရထာမင်းစောလက်ထက်က ပစ္စည်းကို ဟောဒီ ခေါင်းပေါင်းရှည်နဲ့ မိတ်ဆွေကြီးက ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားပါပြီခင်ဗျာ"

ဟု အော်ဟစ်လိုက်လေ၏။ ထို့နောက် ဂျူးကြီးသည် တစ်ရာလျှင်နှစ်ဆယ်နှုန်းဖြတ်ကာ ငွေသုံးထောင်ယူလိုက်ပြီးနောက် ကျွန်ုပ်အား ငွေသောင်းနှစ်ထောင်သာ ပေးလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က ဂျူးကြီးအား . .

"ကော်မရှင်ကလည်း များလှချည်လားဗျာ"





ဟု ပြောလိုက်ရာ ဂျူးကြီးက . .

"ဟောဒီ မစ္စတာကိုစိန်သွေးရဲ့မျက်နှာနဲ့ အပုံကြီးလျှော့ယူလိုက်တာပါ။ ခင်ဗျားဟာ အခုလို မျက်နှာသိတစ်ယောက်ပါမလာဘူးဆိုရင် ကျုပ်က ကော်မရှင်တစ်သောင်းရအောင်ယူရမယ်။ ခင်ဗျားက ငါးထောင်ပဲရမယ်"

ဟု ပြောလေ၏။

"အမြတ်ကလည်း ယူလှချည်လား"

ဟု ကျွန်ုပ်က ထပ်ဆင့်၍ ပြောလိုက်လေ၏။ ထိုအခါ ဂျူးကြီးက . .

"ကျုပ်ဟာ ဂျူးလူမျိုးတစ်ယောက်ဖြစ်တယ်ဆိုတာ ခင်ဗျား မေ့သွားပြီထင်တယ်"

ဟု ပြန်၍ပြောလိုက်ရာ ကျွန်ုပ်က . .

"သဘောပေါက်ပါပြီဗျာ"

ဟု ပြောလိုက်လေတော့၏။

ထိုအချိန်၌မှာပင် မြင်းလှည်းတစ်စီးရောက်ရှိလာပြီးလျှင် မြင်းလှည်းပေါ်မှ လူဝကြီးတစ်ဦး ဆင်း၍လာလေ၏။ ထိုလူဝကြီးသည် ကိုစိန်သွေးအား စားတော့ဝါးတော့မည်ကဲ့သို့ ကြည့်ရှုကာ . .

"ဒီမှာ ပစ္စည်းဟောင်းလေလံပွဲရှိတယ်ဆိုတာကိုသိတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ချောင်းချောင်း ငါလိုက်လာတာကွ။ မင်း ဘယ်လောက် ဖြုန်းတီးပြီးပြီလဲ"

ဟု မေးလေ၏။

"ဟောဟို ကြေးရေတာကောင်းတစ်ခုပဲ ဝယ်ရပါတယ် ဖေဖေရယ်။ ကျွန်တော်ဟာ တခြားသူဌေးသားတွေလို အရက်လည်းမသောက်ဘူး။ ဖဲလည်းမရိုက်ဘူး။ မိန်းမလည်းမလိုက်ဘူး။ ဝါသနာပါတဲ့ ပစ္စည်းအဟောင်းလေး ဘာလေးဝယ်တာကလွဲပြီး ဘာမျှား မဟုတ်တာလုပ်နေလို့လဲဖေဖေရယ်"

ဟု ကိုစိန်သွေးက ပြန်၍ပြောလေ၏။

"အေး. . အရက်သောက်၊ မိန်းမလိုက်၊ ဖဲရိုက်တဲ့ သူဌေးသားတွေက တော်သေးတယ်ကွ။ ပစ္စည်းဟောင်းဝယ်တဲ့ကောင်က အဆိုးဆုံးပဲ" ဟိုကောင်တွေက မင်းလောက် ပိုက်ဆံမကုန်ဘူးကွ။ မင်းကမှ တကယ်အောက်တန်းကျတဲ့ကောင်။ လူမသုံးတဲ့ ပစ္စည်းအဟောင်းအမြင်း အစုတ်အပြတ်တွေကို မတန်တဆဈေးနဲ့ဝယ်တယ်ဆိုတာ နွားမို့လို့ပေါ့ကွ။ အဟောင်းအစုတ်ကို သုံးတယ်ဆိုတာ သူတောင်းစားမှ သုံးတာကွ။ မင်းလိုကောင်တစ်ကောင်





မွေးထားရတာ ဖွတ်တစ်ကောင်ကို မွေးထားရတာထက် တောင်ဆိုးသေးတယ်။ ငါက မစားရက်မသောက်ရက်နဲ့ ချမ်းသာအောင် လုပ်လာတယ်။ မင်းက ဖြုန်းပစ်တယ်။ ကဲပါ. . ငါ့အလုပ်ခန်းကို လိုက်ခဲ့ပါ"

ဟု ဆိုကာ ကျွန်ုပ်နှင့် ဆရာကိုဖူးညိုကိုပါ ထိုလူကြီးက. .

"မင်းတို့ကကော စိန်သွေးရဲ့အပေါင်းအသင်းတွေပဲ မဟုတ်လား။ တစ်ပါတည်း လိုက်ခဲ့ကြပါ"

ဟု ပြောဆိုကာ လူဝကြီးသည် မြင်းလှည်းပေါ်သို့ ပြန်၍တက်သွားလေ၏။ ကိုစိန်သွေးမှာ ခန့်ညားထည်ဝါလှသော ၎င်း၏မော်တော်ကားပေါ်သို့တက်ကာ ကျွန်ုပ်နှင့်ဆရာကိုဖူးညိုအား. .

"တစ်ဆိတ်ကလေး လိုက်ခဲ့ကြစမ်းပါဗျာ"

ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း ကားကြီးပေါ်သို့ တက်ကြလေ၏။ ကိုစိန်သွေးသည် ကားကို 'ဝူး' ခနဲမောင်းထွက်ကာ မြင်းလှည်းကို ကျော်သွားလေ၏။ ထိုသို့ကျော်သွားသည့်အခါ၌ မြင်းလှည်းမှ တစ်ဦး လူဝကြီးအား လက်ပြနှုတ်ဆက်လေ၏။ ထိုအခါ လူဝကြီးက. .

"အမျိုးယုတ်ကလေး"

ဟု လှမ်း၍ပြောလိုက်ရာ စိန်သွေးက. .

"ဘမျိုးဘိုးတူဆိုတာမျိုးလား မပြောတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်လည်၍ပြောလိုက်ရာ ကိုစိန်သွေး၏ဖခင် လူဝကြီး သည်း ဒေါသထွက်ကာ မြင်းလှည်းသမားထံမှ ကျာပွတ်ကိုဆွဲယူ၍ ကို သွေးအား ကျာပွတ်ဖြင့် 'ရွမ်း' ခနဲ လှမ်း၍ရိုက်လိုက်လေ၏။ သို့ရာတွ ကိုစိန်သွေး၏ကားမှာ လျင်မြန်လွန်းအားကြီးသဖြင့် ကိုစိန်သွေးကို မရိုး မိဘဲ ကား၏နောက်မြီးကိုသာ 'ဖြန်း' ခနဲ ရိုက်မိလေတော့၏။

ထိုအခါ၌ ဂျူဗလီဟော၏ဂိတ်ပေါက်တွင်စောင့်နေသောပု က တွေ့မြင်သွားရာ အဘိုးကြီးထံသို့ လာပြီးလျှင်. .

"ဒီမှာအဘိုးကြီး။ လူကြီးလူကောင်းရဲ့မော်တော်ကာ ခင်ဗျားက ဘာဖြစ်လို့ လက်မနေနိုင်၊ ခြေမနေနိုင် ကျာ နဲ့လှမ်းပြီးရိုက်ရတာလဲ။ ခင်ဗျား ဂါတ်တဲလိုက်ခဲ့ပါ။ ခင် တို့ဟာ သိပ်ပြီးခက်တာပဲ။ လူတစ်ဖက်သား ကောင်း တာကို နည်းနည်းမှ မရှုဆိတ်ဘူး။ သူ့ကုသိုလ်နဲ့သူ တော်ကားစီး ရတာ စီးပါစေပေါ့ဗျာ။ ကိုယ်က ကား နိုင်လို့ မြင်းလှည်းစီးရပြီပဲ။ ဘာဖြစ်လို့ မနာလိုဝန်တို တွေ မွေးနေရတာလဲ အဘိုးကြီးရယ်"

ဟု ပြောလိုက်ရာ လူဝကြီးလည်း လွန်စွာစိတ်ဆိုးလာ





"အဲဒီလူကြီးလူကောင်းဆိုတဲ့ကောင်က ငါ့သားကွ။ နား လည်း မလည်ဘဲနဲ့ မင်းက လျှောက်ပြောမနေနဲ့"

ဟု ပြောလိုက်မှပင် ပုလိပ်လည်း ရှက်ကိုးရှက်ကန်းဖြင့် ထွက် သွားလေတော့၏။

ကျွန်ုပ်တို့ မော်တော်ကားကြီးမှာမူ ထိုအဖြစ်အပျက်ကို မလှမ်း ကမ်းမှကြည့်ရှု၍ ငှက်တော်ကုမ္ပဏီရုံးခန်းဆီသို့ ဆက်လက်မောင်းနှင် လေ၏။ ရုံးခန်းသို့ရောက်သောအခါ၌ ကိုစိန်သွေးသည် ပြာတာ ခင်ဦးကိုခေါ်ယူကာ ဘိလပ်ရည်များ စီမံစေလေ၏။ ထို့နောက်. .

"အမောပြေ သောက်ကြဦး"

ဟု ဆိုကာ ကျွန်ုပ်တို့ကို ညွှေ့ခံလေ၏။

ကျွန်ုပ်တို့ ဘိလပ်ရည်သောက်ပြီးသောအခါ လူဝကြီး၏မြင်း ည်း ရောက်လာလေ၏။ လူဝကြီးသည် ကျွန်ုပ်တို့ရှိရာသို့ တန်းတန်း မတ်လာ၍. .

"ကျုပ်ဟာ ငှက်တော်ကုမ္ပဏီရဲ့ပိုင်ရှင် သူဌေးဦးသူတော် ပါပဲဗျာ။ မောင်ရင်တို့မိတ်ဆွေ စိန်သွေးဟာ ကျုပ်ရဲ့ တစ်ဦး တည်းသောသားပါပဲ။ ကောလိပ်ကျောင်းသားဘဝတုန်း ကလည်း ဖြုန်းလိုက်တာမပြောပါနဲ့တော့။ ကျောင်းက ထွက်လာပြန်တော့လည်း မြင်တဲ့အတိုင်းပဲ ဖြုန်းနေပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြီး တစ်ဆိတ်ကလေး မောင်ရင်တို့က ဝိုင်းပြီးပြောပေး စမ်းပါ။ ဒီခေတ်ကြီးဟာ ငွေသိပ်ရှားတယ်။ ဒါကို ဒီကောင် တ မသိဘူး"

ဟု စကားအစချီလိုက်သောအချိန်၌ပင် ပစ္စည်းဟောင်းရောင်း သောဈေးကြီးလည်း ရောက်ရှိလာလေတော့၏။ ထိုအခါမောင်စိန်သွေးက. .

"ဖေဖေရယ်. .။ အရေးမကြီးတဲ့စကားတွေ နောက်မှပြော စမ်းပါ။ ကျွန်တော်တို့ဟာ ဟောဒီမိတ်ဆွေ ဂျူးအမျိုးသား ကြီးဆီက ကြေးရေတကောင်းကြီးတစ်ခု ဝယ်လာခဲ့တယ်။ အဲဒီငွေကလေးတော့ ရှင်းပေးလိုက်ပါ ဖေဖေရယ်"

ဟု ပြောလိုက်ရာ ဦးသူတော်က. .

"ဘယ်လောက်ရှင်းပေးရမှာလဲ"

ဟု ဂျူးကြီးအား မျက်နှာထိမျက်နှာထားနှင့် မေးလိုက်လေ၏။

"မများပါဘူး။ ရှစ်ထောင်တည်းပါ"

ဟု ဂျူးအဘိုးကြီးက ပြောလေ၏။

"အမယ်လေးဗျာ. .။ ဒီကြေးရေတကောင်းကိုလား။ ငွေရှစ်ထောင်ပေးရမှာလား"

ဟု ဦးသူတော်ကြီးသည် ရင်ဘတ်ကို လက်ဝါးဖြင့်ဖိ၍ ပြောလေ၏။





"ဒီကြေးရေတကောင်းက နှယ်နှယ်ရရတကောင်း မဟုတ် ဘူး သူဌေးမင်းရဲ့။ အလောင်းဘုရားယောကျ်ားမ သောက်တဲ့ ရေတကောင်းဗျ"

ဟု ဂျူးကြီးက ပြောလိုက်လေ၏။

"အလောင်းဘုရားရဲ့ယောကျ်ားမပဲ သောက်သောက်၊ ယောကျ်ားထီးပဲ သောက်သောက်၊ ရေတကောင်းဟာ ရေ တကောင်းပါပဲ။ ဒီထက်ဆယ်ဆမကကောင်းတဲ့ ကြွေရေ တကောင်းမှ ငွေတစ်ဆယ်ပဲ ပေးရပါတယ်။ ခင်ဗျားလိုချင် ရင် ရိုးကုမ္ပဏီမှာ အခုပဲလိုက်ပြီးဝယ်ပေးလိုက်ပါ့မယ်"

ဟု ပြောလိုက်ရာ ဂျူးကြီးက. .

"သူဌေးမင်းပြောတဲ့ ကြွေရေတကောင်းဆိုတာ ဒီထက် ကောင်းချင်ကောင်းမှာပါ။ ဒါပေမယ့် အလောင်းဘုရား ယောကျ်ားမသောက်တဲ့ ရေတကောင်း မဟုတ်ဘူးဗျ။ အဲဒီ တော့ တစ်ဆယ်မဟုတ်ဘူး။ နှစ်ကျပ်နဲ့ရမယ်ဆိုရင်တောင် ကျုပ်က မလိုချင်ပေါင်ဗျာ"

ဟု ပြောလိုက်ရာ ဦးသူတော်လည်း လွန်စွာစိတ်ဆိုး၍ ချက် လက်မှတ်စာအုပ်ကို ထုတ်ပြီးလျှင် ငွေရှစ်ထောင်အား ချက်လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



တင်ဆောင်ရေးသားပေးလိုက်လေတော့၏။ ထို့နောက် မောင်စိန်သွေး ဘက်သို့ လှည့်ကာ. .

"ဟော့. . ဖွတ်ကောင်။ မင်းမျက်နှာ ငါမကြည့်ချင်ဘူး။ အခု ထွက်သွား။ ကဲ. . သူ့အပေါင်းအသင်းဖြစ်တဲ့ မောင်ရင်တို့လည်း ဖွတ်ကောင်တွေပဲ ဖြစ်မှာပေါ့။ သွားကြပေတော့"

ဟု ဆိုကာ သူဌေးကြီးဦးသူတော်သည် ၎င်း၏သားကိုသာမက ကျွန်ုပ်တို့ကိုပါ ရက်စက်စွာ မောင်းထုတ်လိုက်လေတော့၏။

❖ ❖ ❖

ကျွန်ုပ်တို့လည်း ဦးသူတော်၏အခန်းတွင်းမှ ထွက်၍လာကြလေ၏။ အပြင်သို့ရောက်လျှင် ကိုစိန်သွေးက. .

"ဆောရီးပဲဗျာ"

ဟု ကျွန်ုပ်တို့အား တောင်းပန်လေ၏။ ထို့နောက်. .

"ဘယ်ကို လိုက်ပို့ပေးရမလဲ"

ဟု ပြောရာ ကျွန်ုပ်က ရေတာရှည်လမ်းသို့ လိုက်ပို့ပေးရန် ပြောသဖြင့် ကိုစိန်သွေးလည်း ကျွန်ုပ်တို့အား ၎င်း၏မော်တော်ကားဖြင့်ပင် ရေတာရှည်လမ်းသို့ လိုက်၍ပို့လေ၏။ လမ်း၌လည်း ကိုစိန်သွေးသည် ရှေးဟောင်းပစ္စည်းများအကြောင်းကို မမောနိုင်မပန်းနိုင် ပြောလာလေ၏။ ကျွန်ုပ်တို့သွားမည့် 'ဖုံးမသိန်' ကျွန်းသို့ လည်း ၎င်းအနေနှင့် စရိတ်စကအကုန်အကျခံကာ လိုက်ပါမည်ဖြစ်ကြောင်းကိုလည်း တဖွဖွပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်နေထိုင်ရာ ရေတာရှည်လမ်းရှိ အိမ်ကလေးဆီသို့ ရောက်ရှိသွားလေ၏။ ထိုသို့ရောက်ရှိသွားသည့်အခါ၌ အိမ်ရှေ့တံခါးပင်အောက်ဆီ၌ စိတ်အေးလက်အေးထိုင်လျက်ရှိသော မုတ်ဆိတ်ဖြူကြီးကို တွေ့ရလေတော့၏။ ထိုအခါ ကျွန်ုပ်က. .

"ဘယ်လိုလဲမုတ်ဆိတ်ဖြူကြီး။ လေလံပွဲတို့ လာမယ်ဆို၊ ဘာဖြစ်လို့ မလာတာလဲ"

ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"မလာဖြစ်တဲ့ အကြောင်းကလေး ရှိလို့ပေါ့ မောင်ဘိုးတူရာ။ ကျုပ်မလာဖြစ်သော်လည်း သင့်အနေနဲ့ ထိခိုက်မှု မရှိဘူးမဟုတ်လား"

ဟု ပြန်၍ပြောလေ၏။

"နေစမ်းပါဦး. .။ ကျုပ်အိမ်တို ခင်ဗျား ဘယ်လိုလုပ်ပြီး သိနေတာတုံး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. .







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ခုံစမ်းထားတာကြာပါပြီ။ ဒါတွေကိုမေးမနေပါနဲ့။ ဟိုသေတ္တာ ကလေးကို ဘယ်လောက်ရခဲ့သလဲ"

ဟု မေးရာ ကျွန်ုပ်က. .

"တစ်သောင်းနှစ်ထောင်ရခဲ့တယ်ဗျ"

ဟု ဆိုကာ ငွေ သောင်းနှစ်ထောင်ကို မုတ်ဆိတ်ဖြူကြီးအား ပေးလိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးသည် ငွေသောင်းနှစ်ထောင်အား သုံးထောင်စီ ပုံလိုက်လေ၏။ ထိုသို့ပုံပြီးလျှင်. .

"စား၊ ရင်း၊ စု၊ လှူလို့ လူကြီးတွေ ပြောလေ့ရှိတယ်။ အဲဒီတော့ သုံးထောင်ကို သင်စားဖို့ယူပါ။ ဟောဒီသုံးထောင်ကို သေတ္တာကလေးရဲ့အရင်းအဖြစ် ကျွန်ုပ်ကယူမယ်။ နောက်သုံးထောင်ကို စုဖို့ သင်ပဲယူပါ။ ဟောဒီသုံးထောင်ကိုတော့ လှူပစ်ပါ။ လှူပစ်ပါဆိုလို့ တခြားကို သွားမလှူနဲ့။ ဟောဒီမိတ်ဆွေဟာ ဆင်းရဲနွမ်းပါးပုံရတယ်။ သူ့ကိုပဲ လှူလိုက်ပါ"

ဟု ပြောဆိုကာ မုတ်ဆိတ်ဖြူသည် ဆရာကိုဖူးညိုအား ငွေသုံးထောင်ကို ရက်ရောစွာ ပေးလိုက်လေတော့၏။

ပညာရှိ ဆရာကိုဖူးညိုလည်း တုန်ယင်သောလက်များဖြင့် ငွေသုံးထောင်ကိုယူ၍. .



"ဝမ်းသာလိုက်တာဗျာ။ ကျုပ်တစ်သက်မှာ အများဆုံးကိုင်ဖူးတဲ့ ငွေပါပဲ။ ထမင်းလခပေးဖို့ ကြွေးကျန်တာလည်း နှစ်လရှိပါပြီ။ မျက်နှာငယ်ငယ်နဲ့ စားနေရတာ။ ဒီနေ့တော့ ရတနာပုံကြီးဆိုက်ပါပြီ"

ဟု ပြောရှာလေ၏။ ပညာရှိ ကိုဖူးညိုလည်း အတိုင်းမသိဝမ်းသာပျော်ရွှင်နေလေ၏။ ထိုအခါ ကျွန်ုပ်က ကိုစိန်သွေးအားညွှန်ပြ၍. .

"မုတ်ဆိတ်ကြီးရေ. .။ ကျွန်တော်တို့နဲ့အတူ ဖုံးမသိန်ကျွန်းကို ဟောဒီမိတ်ဆွေလည်း လိုက်ချင်တယ်တဲ့။ သူက စရိတ်စကအကုန်အကျခံမယ်လို့ ပြောနေတယ်။ သူ့ကို ခေါ်ခဲ့ရမလား"

ဟု မေးရာ မုတ်ဆိတ်ဖြူကြီးက. .

"သေမှာမကြောက်တဲ့လူမှန်ရင် ရတတ်သမျှ အတူနိသာ ခေါ်ခဲ့ပေတော့။ ဒီ့ထက်အရေးကြီးတာက သင့်ရဲ့မိတ်ဆွေ ဟိုပင်လယ်ဓားပြနှစ်ကောင်ရှိသေးတယ်မဟုတ်လား။ သူတို့ကိုခေါ်ပြီး သွားဖို့လာဖို့ အကျိုးအကြောင်းပြောတော့လေ"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"သူတို့ကိုရှာဖို့က သိပ်မခက်ပါဘူး။ မော်တော်ကားတစ်စီး ငှားပြီး ရန်ကုန်မြို့အနှံ့စုံစမ်းရင်တော့ တွေ့ကောင်းပါရဲ့"

ဟု ပြောလိုက်ရာ ကိုစိန်သွေးက. .

"မဟုတ်တာပဲ မောင်ဘိုးတူရယ်။ ဘာဖြစ်လို့ မော်တော်ကားတစ်စီး ငှားရမှာတုံး။ ကျုပ်မှာ ကားပါလာတဲ့ဥစ္စာပဲ။ ကျုပ်ကားနဲ့ ရှာပေးမှာပေါ့"

ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"နေရာကျတာပေါ့။ အခုပဲရှာကြရအောင်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လေးဦးသည် ကိုစိန်သွေး၏မော်တော်ကားဖြင့် မောင်ဘမျိုးနှင့် မောင်ဘမှန်တို့အား ရှာကြလေ၏၊

များမကြာမီ၌ပင် ခရစ်လမ်းဘက်ရှိကို ခွေးကြီး၏ထမင်းဆိုင်ကို တွေ့ရှိရလေ၏။ ကျွန်ုပ်သည် ထမင်းဆိုင်ရှေ့တွင် မော်တော်ကားကိုရပ်ပြီးလျှင် ထမင်းဆိုင်အတွင်းသို့ဝင်ကြလေ၏။ ထိုအခါ စားပွဲထိုးလုပ်သော မောင်ဘမျိုးက. .

"ဝင်ကြပါခင်ဗျာ. . ဝင်ကြပါ။ ဘာဟင်းနဲ့ သုံးဆောင်ကြမလဲခင်ဗျာ။ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ဆိတ်ကာလီစာ၊ အမဲနှပ်၊ ငါးရှဉ့်ကျပ်တိုက်၊ ငါးသလောက်ပေါင်း၊





ငါးမြင်းဟင်း၊ ငါးပိကြော်၊ ချဉ်ပေါင်ကြော်၊ ပဲပြုတ်ကြော် အစုံရှိပါတယ်ဗျာ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"တောဆိတ်ကင်နဲ့ အရက်ပဲ လိုချင်တယ်ဗျာ၊ ရမလား"

ဟု မေးလိုက်ရာ စားပွဲထိုးမောင်ဘမျိုးလည်း ကျွန်ုပ်အား 'ဆတ်' ခနဲမော့ကြည့်လိုက်ပြီးလျှင်. .

"အလို မောင်ဘိုးတူပါလား"

ဟု ပြောလိုက်လေ၏။

"ဒီမှာမောင်ဘမျိုး။ ထမင်းစားမလို့ လာကြတာမဟုတ်ဘူး။ ခင်ဗျားကို ခေါ်မလို့ လာကြတာ။ ကဲ. . လာ။ သွားကြမယ်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မောင်ဘမျိုးလည်း လက်တွင်ကိုင်ထားသောစားပွဲသုတ်သည့် အဝတ်အား 'ဖုတ်' ခနဲပစ်ချလိုက်ပြီးလျှင် ကျွန်ုပ်နှင့်လိုက်ရန် ဟန်ပြင်လေတော့၏။ ထိုအခါ ၎င်း၏ဆိုင်ရှင်ကိုခွေးကြီးဆိုသူက. .

"ဘယ်ကိုလိုက်သွားမှာတုံး"

ဟု မေးလေ၏။ မောင်ဘမျိုးကလည်း. .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားမယ်ဆိုတာ ခင်ဗျားကိုပြောပြလို့ ဖြစ်မလား ဗျား၊ ကိုယ့်နေရာ ကိုယ်နေစမ်းပါဗျာ"

ဟု ပြန်၍ပြောလိုက်လျှင် ကိုခွေးကြီးကလည်း. .

"ရတယ်. . ရတယ်. . လိုက်သွား။ ဒီတစ်ခါငတ်ရင်တော့ ပြန်မလာခဲ့နဲ့။ လက်ဆံအေးရေတောင်မသောက်ရဘူးမှတ်"

ဟု ပြောလေ၏။ မောင်ဘမျိုးကလည်း ကိုခွေးကြီးအား လှည့်၍မျှပင်မကြည့်ဘဲ ကျွန်ုပ်တို့နှင့် လိုက်ခဲ့လေ၏။။

ထို့နောက် ကျွန်ုပ်တို့ငါးဦးသည် မောင်ဘမှန်နေထိုင်ရာ ပြည့်တန်ဆာခေါင်းအိမ်ကို ရှာဖွေကြရလေတော့၏။ နေရာအတော်များများကိုရှာဖွေပြီးနောက် တဲစုတ်လေးတွင်ရှိသော ပြည့်တန်ဆာခေါင်း၏အိမ်လိပ်စာကို ရရှိလေတော့၏။

ကျွန်ုပ်တို့မော်တော်ကားသည် ထိုအိမ်ရှေ့သို့ ရောက်ရှိသောအခါ၌ ခေါင်းလုပ်သူက ဆင်းလာပြီးလျှင် ကြိုဆိုလေ၏။ ကျွန်ုပ်တို့လည်း ထိုအိမ်ပေါ်သို့တက်သွားလေ၏။ ထိုအိမ်ပေါ်ရှိ ပြည့်တန်ဆာမသုံးလေးဦးက ပြီတီတီနှင့် နှုတ်ဆက်ကြလေ၏။ ထိုအခါ ကျွန်ုပ်က. .

"မောင်ဘမှန် ဒီမှာရှိသလား"

ဟု မေးရာ ပြည့်တန်ဆာခေါင်းက ကွင်းထဲတွင် သီးသန့်ထိုးထားသော တဲကလေးတစ်လုံးအား ညွှန်ပြလေ၏။





ကျွန်ုပ်တို့ငါးဦးလည်း ထိုတဲဆီသို့ သွားကြလေ၏။ တဲအတွင်းသို့ဝင်လိုက်သောအခါ၌ ကွပ်ပျစ်ပေါ်တွင် တုံးလုံးလှဲ၍နေသော မောင်ဘမှန်ကို တွေ့ရလေ၏။ မောင်ဘမှန်သည် အရိုးပေါ် အရေတင်သည့်တိုင်အောင် ပိန်ချုံးနေလေ၏။ ၎င်းကိုမြင်လိုက်ရသည်နှင့်ပင် ကြောက်မက်ဖွယ်ကောင်းသော ဝေဒနာကို ခံစားနေရကြောင်း သိသာပေ၏။ ၎င်းသည် ကျွန်ုပ်နှင့် မောင်ဘမျိုးကို မြင်လျှင်မြင်ချင်း. .

"ကျုပ်ကတော့ မှားမိပြီ မောင်ဘိုးတူနဲ့မောင်ဘမျိုးတို့ရေ။ ကျုပ်လမ်းစဉ်ကို မလိုက်ကြလေနဲ့"

ဟု ပြောဆိုလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ခင်ဗျားလမ်းစဉ်ကို လိုက်မလို့လာကြတာမဟုတ်ဘူး။ ကျုပ်တို့လမ်းစဉ်ကို ခေါ်သွားမလို့ လာကြတာ"

ဟု ပြောလိုက်ရာ မောင်ဘမှန်က. .

"ခင်ဗျားတို့က ဘယ်ကိုသွားကြမလို့တုံး"

ဟု ပြန်၍မေးလေ၏။

"ကျုပ်တို့က ပင်လယ်ပြင်ကို ပြန်ပြီးထွက်မယ်လေ"

ဟု ကျွန်ုပ်ကပြောလျှင် မောင်ဘမှန်သည် အားငယ်သောလေသံဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"အရှင်တို့လည်းကြည့်ပါဦးဗျာ။ ကျုပ်ဘယ်လိုလုပ်ပြီးလိုက်နိုင်မှာတုံး"

ဟု ပြောရာလေ၏။ ထိုအခါ ကျွန်ုပ်က. .

"ကျုပ်နေတဲ့အိမ်ကို ခင်ဗျားကို ခေါ်သွားမယ်လေ။ ပြီးတော့ ဟိုမှာ ဆေးကုပေးမယ်"

ဟု ပြောလိုက်ရာ မောင်ဘမှန်က. .

"ဝမ်းသာလိုက်တာ မောင်ဘိုးတူရာ"

ဟု ဆိုကာ ကျွန်ုပ်အားခို၍ ထလေ၏။ ကျွန်ုပ်နှင့် မောင်ဘမျိုးလည်း ၎င်းအားတွဲကာ တဲအပြင်သို့ထုတ်လေ၏။ တဲအပြင်သို့ရောက်လျှင် ကျွန်ုပ်တို့သည် ကားဆီသို့သွားကြလေ၏။ ထိုအခါ ပြည့်တန်ဆာခေါင်းသည် မောင်ဘမှန်အား. .

"ဟေ့. . မောင်ဘမှန်။ ဘယ်ကိုသွားမလို့တုံး"

ဟု မေးလေ၏။ ထိုအခါ ဘမှန်က. .

"ဘယ်ကိုသွားမယ်ဆိုတာ ခင်ဗျားကိုပြောရမှာလားဗျ။ ခင်ဗျားက ဘာကောင်မို့လို့ စစ်လားဆေးလား လုပ်ရတာတုံး"

ဟု ပြန်၍ပြောလေ၏။ ပြည့်တန်ဆာခေါင်းလည်း သဘောကျသွားရယ်မော၍. .





"ခေါ်သွားကြပါ မိတ်ဆွေတို့ရာ။ ဒီကောင်ကြီးရှိရင် လာဘ်တိတ်တယ်ဗျ။ သူ့ကိုမြင်တာနဲ့ ပျော်ချင်ပါးချင်တဲ့လူတွေတောင် မပျော်ပါးနိုင်တော့ဘဲ သံဝေဂရကုန်ကြတော့တယ်"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့လည်း မောင်ဘမှန်အား မော်တော်ကားဖြင့် တင်ဆောင်ကာ ကျွန်ုပ်နေထိုင်ရာ ရေတာရှည်လမ်းဆီသို့ခေါ်ခဲ့လေတော့၏။ အိမ်သို့ရောက်သောအခါ မုတ်ဆိတ်ဖြူကြီးက သူ ဆေးကုပေးမည်တုဆိုကာ မောင်ဘမှန်၏အနာအား ရေနွေးဖြင့် ဖန်ရည်ဆေးပြီးလျှင် ဆေးထည့်ပေးလေ၏။ စားဆေးများလည်း ကျွေးလေ၏။

မောင်စိန်သွေးသည် ကျွန်ုပ်တို့အားကြည့်ကာ. .

"ခင်ဗျားတို့အဖွဲ့က ပျော်စရာပဲဗျ။ ခင်ဗျားတို့နဲ့ ခရီးထွက်ရရင်တော့ အတော့်ကို ပျော်မှာပဲဗျာ"

ဟုပြောလေ၏။ ဆရာကိုဖူးညိုကလည်း ထိုစကားကို ထောက်ခံသောအားဖြင့်. .

"အစစ်ပဲဗျို့။ ခေါ်မယ်ဆိုရင် ကျုပ်လည်း လိုက်ချင်ပါ့ဗျာ"

ဟု ပြောလိုက်လေတော့၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် ပြောပြီးပါပကောလား။ သေမှာမကြောက်တဲ့လူ ဆိုရင် မည်သူမဆို လိုက်နိုင်တယ်"

ဟု ပြောလိုက်ရာ ဆရာကိုဖူးညိုကလည်း . .

"လိုက်မယ်ဗျာ"

ဟု ကတိပေးလိုက်လေတော့၏။

ထို့နောက် ဆရာကိုဖူးညိုနှင့် ကိုစိန်သွေးတို့သည် ကျွန်ုပ်တို့အားနှုတ်ဆက်ကာ ပြန်သွားကြလေတော့၏။ မုတ်ဆိတ်ဖြူကြီးမှာမူ မောင်ဘမှန်အား ဆေးကုသရန်ဟုဆိုကာ ကျွန်ုပ်တို့နှင့် နေခဲ့လေတော့သတည်း။

❖ ❖ ❖

မုတ်ဆိတ်ဖြူကြီးက ကောင်းစွာဆေးကုပေးခဲ့ရာ မောင်ဘမှန်၌ စွဲကပ်လျက်ရှိသော ရောဂါသည်ပျောက်ကင်း၍ တစ်လအတွင်း၌ပင် ကောင်းစွာနာလန်ထသောဟူ၏။ အချက်အပြုတ်ကောင်းလှသော မောင်ဘမျိုးက ကောင်းမွန်သောဟင်းလျာများကို နေ့စဉ်နေ့တိုင်း ချက်ပြုတ်ကြော်လှော်ကျွေးသည်ဖြစ်ရာ မောင်ဘမှန်သည် မူလခွန်အားများ ပြန်လည်ရရှိလာ၏။ ကျွန်ုပ်တို့မှာမူ အာဟာရဓာတ်ဟူသော အစွမ်းကြောင့် မူလခွန်အားထက် နှစ်ဆမျှတိုးတက်လာကြလေ၏။





ကျွန်ုပ်တို့သုံးဦးသည် ထိုသို့ ခွန်အားများ တိုးတက်လာခြင်းအတွက်ကျေနပ်၍ ပျော်တပြုံးပြုံးရှိကြလေ၏။ မောင်ဘမျိုးသည် မှန်ရှေ့၌မကြာခဏရပ်ကာ . .

"အခုမှ ကျုပ်ရဲ့ကိုယ်လုံးကိုယ်ပေါက်က အချိုးကျတော့တယ်ဗျာ"

ဟု ပြောလေ၏။ မောင်ဘမှန်မှာလည်း ၎င်း၏ကြွက်သားဆိုင်များကို မကြာခဏ ညှစ်၍ ခွန်အားကို စမ်းသပ်နေလေ၏။ ကျွန်ုပ်မှာမူ အိမ်ရှေ့ဗာဒံပင်တွင် ရိန်းဘားကွင်းနှစ်ကွင်းချိတ်ဆွဲကာ မျောက်တစ်ကောင်၏ပေါ့ပါးခြင်းကို အတုယူ၍ လေ့ကျင့်နေလေ၏။ ကျွန်ုပ်တို့သုံးဦးသည် ခွန်အားရှူးများ ဖြစ်နေကြလေ၏။

ထိုအဖြစ်ကိုကြည့်ကာ မုတ်ဆိတ်ဖြူကြီးက . .

"လက်ရုံးအားကိုး၊ လှေထိုးလှော်တိုက်ဆိုတဲ့စကားဟာ သင်တို့သုံးယောက်နဲ့ ကောင်းကောင်းကြီး ပတ်သက်နေပြီ"

ဟု ပြောလေ၏။ ထိုအခါ မောင်ဘမှန်က . .

"ပင်လယ်ထဲမှာ ခွန်အားမရှိရင် ဒုက္ခရောက်မယ်ဗျ။ ခင်ဗျားလည်း ကျုပ်တို့ခွန်အားတို မှီခိုရမှာပါ။ အပြစ်မတင်ပါနဲ့"

ဟု ပြောလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက . .

"ကျွန်ုပ်သည် ခွန်အားကိုအပြစ်တင်သည်မဟုတ်။ ခွန်အား



www.burmeseclassic.com

www.burmeseclassic.com



မှုန်းနေသော သင်တို့၏ ရှုးမိုက်ခြင်းကို ကဲ့ရဲ့ရှုတ်ချနေခြင်း ဖြစ်သည်။ ဤလောက၌ ခွန်အားသည် အကြောင်းမဟုတ်။ ဉာဏ်အားသာလျှင် အကြောင်းဟုတ်၏။ ဆင်ကိုကြည့်လော့။ ဆင်သည် လူထက် အဆပေါင်းတစ်ထောင်ခန့် အားကြီး၏။ သို့ရာတွင် လူတို့၏ခိုင်းစေချက်ကိုသာ ခံရလေ၏။ ခွန်အားသည် ဘာအသုံးကျသနည်း။ သင်တို့လည်း မိုက်မဲသောသူများ ဖြစ်ကြ၏။ ထို့ကြောင့် ခွန်အားကို လွန်စွာမက်မောနေကြသည်။ သင်တို့သုံးယောက်သည် ဆင်လိုအားရှိကောင်းရှိလာမည်။ ထို့နောက် မြည်းသတ္တဝါကဲ့သို့ ဉာဏ်ထိုင်းကြလိမ့်မည်။ သင်တို့သုံးယောက်စလုံးကား ဉာဏ်ပညာနည်းပါးသောသူများဖြစ်ကြသည်။ ဉာဏ်နည်းခြင်းသည် အရာရာနည်းခြင်းပင်ဖြစ်၏။ ဉာဏ်မရှိခြင်းသည် အရာရာမရှိခြင်းပင်ဖြစ်၏။ ထို့ကြောင့် သင်တို့သည် သမုဒ္ဒရာအတွင်းရှိ ဘီမသေနီဇီဗကျွန်းသို့ ရောက်ရှိပြီးနောက် ရွှေငွေအမြောက်အမြားရရှိကာ ပြန်လာကြသည်ထားဦး။ သင်တို့သည် မူလကအတိုင်း ပြန်လည်၍ မွဲတေကုန်ကြလိမ့်မည်။ ပြီးလျှင် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြလိမ့်မည်။ နောက်ဆုံး၌ သင်တို့အားလုံး သေကုန်





ကြလိမ့်မည်။ ဤသည်မှာ သင်တို့၏ ဇာတ်ထုပ်၊ ဇာတ်လမ်းဖြစ်သည်။ သင်တို့သည် ထို့ထက်ပို၍ ထွန်းကားမည့်သူများမဟုတ်ကြ။ သင်တို့၌ ခွန်အားရှိခြင်းသည် ကျွဲရိုင်းတစ်ကောင်၌ အတောင်ပေါက်ခြင်းနှင့်တူ၏။ လူ့လောကအား အကျိုးပြုနိုင်လိမ့်မည်မဟုတ်။ ဖျက်ဆီးရုံသာရှိလေသည်။ ကျွန်ုပ်သည် သင်တို့နှင့်အတူ ထိုကျွန်းသို့သွား၍ မသေဆေးကိုရှာဖွေမည်။ သင်တို့မှာမူကား ဉာဏ်ပညာမရှိသောကြောင့် ဥစ္စာရှူးရူးကာ ရွှေငွေကျောက်သံပတ္တမြားများကို အဟုတ်ကြီးထင်မှတ်ပြီး သယ်ဆောင်လာကြလိမ့်မည်။ ကျွန်ုပ်သည် ထိုကိစ္စအတွက် ကြိုတင်၍ ဆုတောင်းလိုသည်မှာ အပြန်ခရီး၌ မုန်တိုင်းကျပြီး ရွက်သင်္ဘောကြီးပျက်စီးပါစေသတည်း။ ထိုသို့ပျက်စီးသောအခါ၌ ကျွန်ုပ်အသက်ရှင်ရန်အတွက် ပျဉ်ချပ်ကောင်းကောင်းရရှိပါစေသတည်း။ ထိုပျဉ်ချပ်ပေါ်၌လည်း ကမ်းသို့ မရောက်မချင်း ကျွန်ုပ်စားနိုင်ရန်အတွက် စားနပ်ရိက္ခာနှင့် သောက်ရေအလုံအလောက်ပါပါစေသတည်း။ သင်တို့သုံးဦးမှာကား မည်သည့်ဖက်တွယ်စရာကိုမျှမရဘဲ သမုဒ္ဒရာဆားငန်ရေအတွင်း၌ ငါး၊ လိပ်၊ မကန်းတို့၏ရန်ဖြင့် မရှုမလှသေဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပါစေသတည်း။ ကျွန်ုပ်အဖို့မှာမူကား ကမ်းသို့ရောက်ပြီးနောက် နှစ်ပေါင်းတစ်ထောင် အနည်းဆုံးထား၍ အသက်ရှည်ပါစေသတည်း။ သင်တို့မှာမူကား ထိုကျွန်းမှခွာခဲ့ပြီး မကြာမီအတွင်း၌ပင် ဇိဝိန်ချုပ်ပါစေသတည်း။ ထိုသို့ ဇိဝိန်ချုပ်ပြီးနောက်လည်း မဟာအဝီစိငရဲ၌ အနှစ်ရှစ်သောင်း ကျခံရပါစေသတည်း။ ကျွန်ုပ်မှာမူကား အနှစ်တစ်ထောင်ကျော် အသက်ရှည်ပြီးနောက် သေလွန်ရသည် ရှိသော်လည်း ဗြဟ္မာဘုံသို့ ရောက်ပါစေသတည်း”

ဟု ရှည်လျားစွာရေရွတ်၍ သူ့အတွက်ဆုတောင်းကာ ကျွန်ုပ်တို့အတွက်ကျိန်ဆဲလေတော့သည်။

ထိုအခါ ကျွန်ုပ်တို့သုံးဦးသည်. .

“ခင်ဗျားကို အခုကတည်းက လည်ပင်းညှစ်သတ်လိုက်ရင်ကောင်းမယ်ထင်တယ်”

ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

“အသက်အရွယ်ကြီးသော ကျွန်ုပ်အား ဤကဲ့သို့ စော်ကားစွာပြောဆိုခြင်းအတွက် သင်တို့သည် ဗြိတ္တာကဲ့သို့ ဝတ်မွတ်ခေါင်းပါးစေသတည်း။ ကျွန်ုပ်မှာမူကား လှပသောမြင်းရတနာကို ရပါစေသတည်း”





ဟု ပြောပြန်လေ၏။ ထိုအခါ မောင်ဘမှန်က. .

“ခင်ဗျားပြီ့ဟာ မုတ်ဆိတ်မွေးဖြူသလောက် စိတ်ထားအတော်ညစ်တဲ့ အဘိုးကြီးပဲ။ ကျုပ်ကို ဆေးကုသပေးထားတဲ့ ဆရာမို့လို့သာပါဗျာ။ တခြားလူဆိုရင်တော့ ခေါင်းတခြား၊ ကိုယ်တခြားဖြစ်သွားပြီ။ အဲဒီလို မဖြစ်ခင်မှာလည်း ခင်ဗျားရဲ့မုတ်ဆိတ်မွေးကို မီးမြိုက်ပစ်လိုက်မယ်”

ဟု ပြောရာ မုတ်ဆိတ်ဖြူကြီးက. .

“အသက်အရွယ်ကြီးသော ကျွန်ုပ်အား ဤသို့ကြိမ်းမောင်းခြင်းအတွက် သင်တစ်ဦးတည်း မြွေဆိုးသုံးကောင် အကိုက်ခံရပါစေသတည်း။ ကျွန်ုပ်မှာမူကား လှပသော မိန်းမရတနာလာဘ်လာဘကြီးနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကြုံတွေ့ရပါစေသတည်း”

ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ဘမျိုးက. . .

“ဒီအဘိုးကြီးကို ခေါ်သွားလို့မဖြစ်ဘူးထင်တယ် မောင်ဘိုးတူ။ သူဟာ သူတော်စင်တစ်ယောက်မဟုတ်ဘူး။ သူ့မျက်နှာက ဆိတ်နဲ့တူတယ်။ သူ့မုတ်ဆိတ်မွေးတွေက ဆိတ်ရဲ့မုတ်ဆိတ်မွေးတွေလိုပဲ။ တဘယ်လို့ ခေါ်သွားချင်



www.burmeseclassic.com

www.burmeseclassic.com



ညည်း အစာရေစာပြတ်တဲ့အခါမှာ တောဆိတ်အမှတ်နဲ့ သူတို့ မီးကင်ရမှာပဲ။ ဒါကြောင့် အခုကတည်းကိုက အလွန်မွှေးကြိုင်တဲ့ အပွနားမဆလာသုံးထုပ်လောက်ဝယ်ထားမှဖြစ်မယ်"

ဟု ပြောလိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးကလည်း မောင်ဘမျိုးကိုကြည့်ကာ. .

"အသက်ကြီးသော ကျွန်ုပ်အား ဆိတ်သတ္တဝါနှင့် တူသည်ဟု ပြောသောအပြစ်အတွက်ကြောင့်လည်းကောင်း၊ ကျွန်ုပ်အား တောဆိတ်ကဲ့သို့ မဆလာဖြူး၍မီးကင်စားမည် ဟု ကြိမ်ဝါးသည့်အတွက်ကြောင့်လည်းကောင်း၊ သင်သည် သူတစ်ပါး၏ ကလိထိုး၍ သတ်ဖြတ်ခြင်းကို ခံရပါစေသတည်း။ ကျွန်ုပ်မှာမူ မသေဆေးကို ချောမောစွာရပါစေသတည်း"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်လည်း မနေသာတော့သဖြင့်. .

"ဒီမှာမုတ်ဆိတ်ဖြူကြီး. . ။ လူငယ်တွေနဲ့ ခရီးသွားရမယ့်ဥစ္စာ။ ကိုယ်က လူကြီးပဲဗျာ။ ဘာဖြစ်လို့ နိုင့်ထက်စီးနင်းပြောနေရတာတုံး။ သည်းခံမှပေါ့။ ကျုပ်တို့ဟာ တစ်





လမ်းလုံး ခင်ဗျားကိုပြုစုသွားမယ့် ခင်ဗျားရဲ့မြေးလေးတွေလို သဘောထားမှပေါ့ဗျာ။ ဒီလိုဆိုရင် ခရီးတစ်လျှောက်လုံး စိတ်ချမ်းသာ၊ လက်ချမ်းသာ သွားရတာပေါ့"

ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"အသက်အရွယ်ကြီးသောကျွန်ုပ်အား အဆမတန်အသက်အရွယ်ငယ်သော သင်က လူကြီးကဲ့သို့ ဆုံးမဩဝါဒပေးသောအပြစ်ကြောင့် သင်သည် အဆမတန်အသက်ကြီးသောမိန်းမနှင့် ညားပါစေသတည်း။ ထိုမိန်းမမှာလည်း အရွယ်လွန်မှ ကလေးတစ်ယောက် မချိမဆံ့ မွေးရပါစေသတည်း။ မွေးပြီးသွားလျှင်လည်း သင်သည် မုဆိုးဖိုဖြစ်ရပါစေသတည်း။ သင်၏ကလေးလည်း သူတစ်ပါးလက်သို့ ရောက်ပါစေသတည်း။ သင်၏ကလေးအား လက်ခံသောသူလည်း သူ၏သားသမီး အရင်းဆုံးရှုံးပါစေသတည်း။ ကျွန်ုပ်မှာမူကား အစဉ်သဖြင့် ချိုမြိန်သောအရသာများ ရရှိပါစေသတည်း။ သာယာနာပျော်ဖွယ်ကောင်းသောအသံများ ကြားရပါစေသတည်း၊ လှပတောက်ပတယ်သောအဆင်းကို မြင်ရပါစေသတည်း"

ဟု ပြောပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်တို့သုံးဦးသည် အဘိုးကြီးအား စကားနိုင်လှ၍ ထပ်ပြောနိုင်တော့ဘဲ ဝိုင်းဝန်းရယ်မောကြလေတော့သည်။ ထိုအခါ မှတ်ဆိတ်ဖြူကြီးက. .

"သင်တို့သည် ကျွန်ုပ်အား စိတ်ဆိုးကြသလော"

ဟု မေးလေတော့၏။

"ဆိုးတာပေါ့ဗျာ။ ဒါလောက်ကျိန်ဆဲတဲ့လူကိုမှ စိတ်မဆိုးရင် ဘယ်သူ့ကို စိတ်ဆိုးရမှာတုံး"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မှတ်ဆိတ်ဖြူကြီးက. .

"သင်တို့ နည်းနည်းပါးပါးစဉ်းစားဖို့ကောင်းပါတယ်။ ကျွန်ုပ်၏ ချီးမွမ်းခြင်းဖြစ်စေ၊ ကျွန်ုပ်၏ ကျိန်ဆဲခြင်းဖြစ်စေ၊ နှစ်ခုစလုံးသည် လေချည်းသက်သက်ဖြစ်ပါတယ်။ ဆုပ်ကိုင်၍ ရစေကောင်းသောအရာများမဟုတ်ပါ။ ဘယ်အတွက်စိတ်ဆိုးရမည်နည်း"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်တို့သုံးဦးအနက် မောင်ဘမှန်က. .

"သင်မှတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်တို့အား စိတ်ညစ်အောင်လုပ်သောကြောင့် မှတ်ဆိတ်မွေးတစ်မျှင်လျှင် မြွေဆိုးတစ်ကောင်နှုန်းဖြင့် ဝိုင်းဝန်းကိုက်ပါစေသတည်း။ ထို





သို့ကိုက်ပြီးနောက်လည်း ချက်ချင်းမသေဘဲ အဆိပ်တက်သောဝေဒနာကို နှစ်ပေါင်းတစ်ထောင်တိတိ ခံစားရပါစေသတည်း"

ဟု ပြောလိုက်ရာ မှတ်ဆိတ်ဖြူကြီးက. .

"လေမျှသာဖြစ်သည်။ ကျွန်ုပ်အနေနှင့် သင့်အား စိတ်ဆိုးဖွယ်ရာမရှိ"

ဟု ပြောလေတော့၏။

ထို့နောက် မှတ်ဆိတ်ဖြူကြီးနှင့် ကျွန်ုပ်တို့သုံးဦးသားသည် တစ်လှည့်စီ ကျိန်ဆဲတမ်းကစားနေကြလေတော့၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် ပျော်ရွှင်စွာ နေထိုင်လာခဲ့ကြရာ ဆောင်းဦးပေါက်အချိန်သို့ရောက်သောအခါ၌ ခရီးထွက်ရန် ပြင်ဆင်ကြရလေတော့၏။

ကျွန်ုပ်တို့၏အစီအစဉ်များမှာ ကြံ့ရှာရွက်သင်္ဘောဖြင့် ပီနံသို့လိုက်ပါသွားကြမည်။ ပီနံသို့ရောက်သောအခါကျမှပင် ကိုစိန်သွေးထာ ရွက်သင်္ဘောတစ်စီးကို ဝယ်ယူမည်။ ထိုသို့ဝယ်ယူပြီးနောက် မှတ်ဆိတ်ဖြူကြီးပြောသည့်ကျွန်းအား ရှာမည်ဟူ၍ ဖြစ်၏။

ထိုအစီအစဉ်ကို အားလုံးကလည်း သဘောတူ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ရွက်သင်္ဘောအဝင်ကိုစောင့်မျှော်ခဲ့ရာ ကျွန်ုပ်တို့ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါခဲ့ဖူးသော ဗိုက်ပါဆိုသည့်သင်္ဘော ရောက်ရှိလာလေတော့၏။

ထိုအခါ ကျွန်ုပ်တို့သည် ဗိုက်ပါသင်္ဘော ကက်ပတိန် မစ္စတာစပ်ဂိုးနှင့်သွားရောက်တွေ့ဆုံကြရာ မစ္စတာစပ်ဂိုးက ကျွန်ုပ်တို့အား ထိုက်လှဲစွာကြိုဆိုလေ၏။ ကျွန်ုပ်တို့နှင့်ကွဲကွာခဲ့သည်မှာ ငါးနှစ်နီးပါး ဝင်ရှိခဲ့ပြီဖြစ်ကြောင်းကိုလည်း မစ္စတာစပ်ဂိုးက ပြောလေ၏။ ကျွန်ုပ်တို့သည်း တစ်ခုသောဒီဇင်ဘာ (၂၅) ရက်နေ့တွင် ရွက်သင်္ဘောနှင့် လိုက်ပါခဲ့ကြလေတော့၏။

ကက်ပတိန်စပ်ဂိုးသည် သင်္ဘောဦး၌ အရက်သောက်၍ သေနတ်ဖောက်လေ၏။ ထိုအခါ၌ သင်္ဘောသည် ကမ်းမှခွာခဲ့လေတော့၏။ သင်္ဘောသားအများအပြားလည်း အရက်သောက်ကာ ပျော်ရွှင်ကြလေတော့၏။

မောင်ဘမှုန်သည် သင်္ဘောသားများအား အရက်ခွက်များကို ဝေ၍ ဝေ၍ ပေးနေလေ၏။ ထိုအချိန်၌ သင်္ဘောကုန်းပတ်တိုက်သော လူကြီးတစ်ယောက်သည် မောင်ဘမှုန်ထံသို့ အရက်လာ၍တောင်းသဖြင့် မောင်ဘမှုန်က အရက်ထည့်ပေးရင်း ကြည့်လိုက်ရာ ထိုလူကြီးသည် မျက်လုံးတစ်ဖက်အား သားရေပြားအုပ်ထားပြီး မျက်နှာ၌လည်း ကြီးမားသောအမာရွတ်ကြီးကိုတွေ့ရသဖြင့် တိုက်ဂါးကြီးဖြစ်ကြောင်း မှတ်မိလေတော့၏။





သင်္ဘောပေါ်၌လည်း သင်္ဘောသားဟောင်းတချို့သာ ကျန်၍ အများအပြားမှာ သင်္ဘောသားသစ်များ ဖြစ်ကြပေသည်။

သင်္ဘောတွင် မောင်ဘမှုန်လုပ်ကိုင်ခဲ့သော လက်ထောက်ခေါင်းဆောင်နေရာ၌လည်း ပေါ်တူဂီတစ်ယောက် လုပ်ကိုင်နေလေ၏။ ထိုသူ၏အမည်ထူးမှာ 'အိုးဂါးကြီး' ဟူ၍ ဖြစ်ပေသည်။ အိုးဂါးကြီးသည် မောင်ဘမှုန်၏သတင်းကို ကြားရသောကြောင့် မောင်ဘမှုန်အား လွန်စွာဂရုစိုက်လေ၏။ မောင်ဘမှုန်ကမူ မသိလိုက်မသိဘာသာဖြင့် ခိုင်းစေသမျှကို လုပ်ကိုင်လေ၏။

ကိုစိန်သွေးနှင့် ဆရာကိုဖူးညိုတို့မှာ ပင်လယ်ခရီးကို အဆန်းတကြယ်ဖြစ်၍နေကြလေ၏။ မောင်ဘမှုန်၊ မောင်ဘမျိုးနှင့် ကျွန်ုပ်သည် သင်္ဘောသားများအဖြစ် လိုက်ပါခဲ့ကြခြင်းဖြစ်၏။ မှတ်ဆိတ်ဖြူ ကိုစိန်သွေးနှင့် ဆရာကိုဖူးညိုတို့သုံးဦးမှာ သင်္ဘောစီးခပေး၍ ခရီးသည်များအဖြစ်ဖြင့် လိုက်ပါခဲ့ကြခြင်း ဖြစ်ပေသည်။

'အိုးဂါး' ဆိုသည့် လက်ထောက်ခေါင်းဆောင်သည် ကိုစိန်သွေးအား အကြောင်းမဲ့ မျက်မုန်းကျိုး၍နေပုံရလေ၏။ အိုးဂါးသည် ကိုစိန်သွေးတို့သုံးဦးအား သင်္ဘောခန်းအတွင်းမှ အရက်စည်များကို သယ်၍ ခိုင်းလေ၏။

ထိုအခါ ကိုစိန်သွေးက ငင်းသည် သင်္ဘောသားမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]လိုက်ခဲ့သော ခရီးသည်ဖြစ်ခြင်းကြောင့် မလုပ်နိုင် [illegible] အကယ်၍ ပြုလုပ်ပေးစေချင်လျှင် သင်္ဘောစီးခကို [illegible]ရမည်ဟု ဆို၏။ အိုးဂါးကြီးသည် ကိုစိန်သွေးအား မကျေ [illegible]ကာ ရိုက်နှက်မည်ပြုလုပ်၏။ ကိုစိန်သွေးလည်း ပြန်လည်၍ ထိုးကြိတ်ရန် အဆင်သင့်ပြင်ထား၏။

ထိုအဖြစ်အပျက်ကိုကြည့်ကာ မောင်ဘမှန်က. .

"ကျုပ်တို့သူဌေးသားကလည်း အလာကြီးပါလားဗျ။ သတ္တိတော့မခေဘူးနော်"

ဟု ပြောရာ မောင်ဘမျိုးက. .

"မျိုးရိုးသန့်ရင် သတ္တိကောင်းပါတယ်ဗျ"

ဟု ပြန်၍ပြောလေ၏။

လက်ထောက်ခေါင်းဆောင် အိုးဂါးကြီးသည် မုတ်ဆိတ်ဖြူကြီးအား ခိုင်းစေပြန်သည်။ မုတ်ဆိတ်ဖြူကြီးကလည်း ကိုစိန်သွေးပြောသကဲ့သို့ ပြန်၍ပြောရာ အိုးဂါးကြီးက ထိုးကြိတ်ရိုက်နှက်မည်ပြုပြန်၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးကလည်း. .

"မိုးကြိုးပစ်ခံရမယ့်ကောင်. . လာလေကွာ"

ဟုဆိုကာ ပြန်လှန်ခုခံရန်အတွက် တုတ်တစ်ချောင်းကို ကိုင်ထားလေ၏။





ထိုအဖြစ်အပျက်ကို မြင်တွေ့ရသော ကိုဘမှန်က. .

"မုတ်ဆိတ်ဖြူကြီးကလည်း မခေပါလား။ သတ္တိကတော့ ရှိတယ်နော်"

ဟု ပြောလိုက်ရာ မောင်ဘမျိုးက. .

"အသက်ကကြီးပြီဆိုတော့ သေမထူးနေမထူးပဲဗျာ။ သတ္တိက ပေါ်လာတော့တာပေါ့"

ဟု ပြောလေ၏။

အိုးဂါးကြီးသည် ဆရာကိုဖူးညိုအား. .

"ဟေ့. . မျောက်လိုကောင်။ အရက်စည်တွေသယ်ရမယ်"

ဟု ပြောလေ၏။

"ကျွန်တော်က အားမရှိပါဘူးခင်ဗျာ"

ဟု ကိုဖူးညိုက အသနားခံလေ၏။

"မလိုချင်ဘူး"

ဟု ဆိုကာ ကျာပွတ်ဖြင့် 'ရွမ်း' ခနဲ ရိုက်လိုက်ရာ ဆရာကိုဖူးညိုက. .

"ကြောက်ပါပြီခင်ဗျာ. . ကြောက်ပါပြီ။ ဆရာကြီးခိုင်းတာ လုပ်ပါတော့မယ်"

ဟု ပြောဆိုကာ ငိုယိုလေ၏။ ထိုအခါ အိုးဂါးကြီးသည် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုဖူးညိုကလည်း ကုပ်ကိုတိုင်ဆွဲ၍ ခေါ်သွားကာ သင်္ဘောဝမ်းပေါက်အတွင်းသို့ ခေါင်းငိုက်လိုက်လေတော့၏။ ထိုအဖြစ်အပျက်ကို မြင်တွေ့နေရှာသော မောင်ဘမှန်က. .

"ဟော့. . မောင်ဘိုးတူရယ်။ ငါတို့ပညာရှိက တယ်လည်းသတ္တိက နည်းပါလားကွာ။ အိုးငါးကြီးက ကုပ်ကိုဆွဲပြီးခေါ်သွားပြီ"

ဟု ပြောလေ၏။ ထိုအခါ မောင်ဘမျိုးက. .

"သတ္တိနည်းတာပေါ့ဗျာ။ သူက ပညာရှိဆိုတော့ ပညာတွေက များနေတယ်လေဗျာ။ ဟဲ. . ဟဲ. . ပညာရှိ သတိဖြစ်ခဲဆိုတဲ့ စကားပုံဟာ မှန်မယ်မထင်ပါဘူးဗျ။ ပညာရှိ သတ္တိဖြစ်ခဲဖြစ်ပါလိမ့်မယ်ဗျာ"

ဟုပြောလိုက်ရာ ကျွန်ုပ်တို့မှာ ရယ်ရသေးတော့၏။

သုံးရက်မြောက်သောနေ့၌ ထမင်းစားချိန်တွင် ကျွန်ုပ်တို့ခြောက်ဦးသည် ဆုံကြလေတော့၏။ ထိုအခါ ကိုစိန်သွေးက. .

"ဟိုရောက်ရင် သင်္ဘောက ဝယ်လို့လွယ်ပါ့မလား"

ဟု မေးလေ၏။

"ကျုပ်ကတော့ သင်္ဘောမဝယ်ချင်ဘူး။ ကိုယ်ပိုင်လုပ်ချင်တယ်"





ဟု မောင်ဘမှန်က ပြောလေ၏။

"ကိုယ်ပိုင်လုပ်နေရင် ရက်တွေသိပ်ပြီးကြာကုန်မှာပေါ့ဗျာ။ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ"

ဟု ကိုစိန်သွေးက ပြန်၍ပြောလေ၏။

"ကိုယ်ပိုင်လုပ်မယ်ဆိုတာ သင်္ဘောတည်မှာကို ပြောတာမဟုတ်ဘူး။ ဒီကောင်တွေဆီကလုပြီး ဒီသင်္ဘောကြီးကို ယူသွားမယ်လို့ ပြောတာ"

ဟု မောင်ဘမှန်ကပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"သိပ်ပြီးတရားသဖြင့်ကျတဲ့အလုပ်ပဲ။ ဖြစ်မြောက်အောင်လုပ်နိုင်မယ်ဆိုရင် အကောင်းဆုံးပဲ"

ဟု ပြောလေ၏။ ဆရာ ကိုဖူးညိုကမူ. .

"ဟုတ်မှလည်းလုပ်ကြပါဗျာ။ ကျုပ်တို့က ခြောက်ယောက်တည်းရယ်။ အကုန်လုံး သေကုန်ကြလိမ့်မယ်"

ဟု ပြောလေ၏။

"အဲဒီလို ကြောက်တတ်လို့ ခင်ဗျား ပညာရှိဖြစ်နေတာပဲ"

ဟု မောင်ဘမှန်က ပြန်၍ပြောလိုက်ရာ ကျွန်ုပ်တို့မှာ ရယ်မောရသေးတော့၏။

ထို့နောက် ထမင်းစားပြီးသည်နှင့်တစ်ပြိုင်နက် မောင်ဘမှန်



www.burmeseclassic.com

www.burmeseclassic.com



သည် ကက်ပတိန်၏အကျီအဝတ်အစားများကို လျှော်ဖွပ်ပေးပါရစေဟု ဆိုကာ လျှော်ဖွပ်ပေးလေ၏။ အဝတ်အစားများကို နေလှန်းပေးလေ၏။ ကက်ပတိန်၏အခန်းတွင်းသို့ဝင်ကာ ကြမ်းတိုက်ပေးလေ၏။ ကက်ပတိန်၏အိပ်ရာကို သိမ်းဆည်းပေးလေ၏။

ကျွန်ုပ်တို့၏ ရွက်သင်္ဘောကလေးလည်း ကျွန်းတစ်ကျွန်းအနီးသို့ ရောက်ရှိသွားလေတော့၏။ ကျွန်းမှာ အလွန်သေးငယ်လှဘိ၏။ လူနေနိုင်သောကျွန်းမျိုးမဟုတ်ပေ။ ထိုနေရာသို့အရောက်တွင် မိုးသည်း ထန်စွာရွာ၍ လေလည်းပြင်းထန်စွာတိုက်လေ၏။ လျှပ်စီးများလက်၍ မိုးများထစ်ချုန်းကာ မိုးကြိုးများလည်း တချွင်ချွင်ပစ်ခတ်နေလေ၏။ ဆရာကိုဖူးညိုမှာမူ ကြောက်လန့်သွား၍ မျောက်မောင်းမကဲ့သို့ မျက်နှာကိုဝှက်ကာ ဝပ်၍နေလေ၏။

ထိုအချိန်၌ သေနတ်သံ 'ဒိုင်း' ခနဲကြား၍ ကြည့်လိုက်ရာ မောင်ဘမှန်သည် သေနတ်ကိုကိုင်လျက် မိုးပေါ်သို့ပစ်ဖောက်လိုက် ကြောင်း သိရလေ၏။ ထို့နောက် ၎င်းသည် ကက်ပတိန်အား သေနတ် ဖြင့်ချိန်၍ အမိန့်ပေးနေလေ၏။

အိုးဂါးကြီးလည်း ကက်ပတိန်အားကူညီရန် သွားလေ၏။ သို့ရာတွင် လမ်းတစ်ဝက်အရောက်၌ တစ်စုံတစ်ယောက်က အိုးဂါးကြီးအား ရိုက်ချလိုက်လေတော့၏။ ထိုသူမှာ မျက်စိတစ်ဖက်လပ် တိုက်ဂါးဆိုသူ





လူဘီလူးကြီးဖြစ်ပေ၏။ မောင်ဘမှန်သည် ကက်ပတိန်အား သေနတ် ဖြင့်ချိန်၍ သင်္ဘောကိုလုယူခြင်းဖြစ်၏။ ကက်ပတိန်၏တပည့်များသည် ခုခံရန်ကြိုးစားသေး၏။ သို့ရာတွင် မျက်စိတစ်ဖက်လပ်တိုက်ဂါးကြီးက ဆီးကြို၍ တိုက်ခိုက်ခဲ့သည်ချည်းဖြစ်ရာ မလှုပ်နိုင်အောင် ရှိလေတော့၏။

မောင်ဘမှန်က တိုက်ဂါးကြီးအား သင်္ဘောကို ကျွန်း၌ကပ်ရန် အမိန့်ပေးလိုက်လေ၏။ တိုက်ဂါးကြီးလည်း ကျန်သောသင်္ဘောသားများ ကို အမိန့်ပေးလေ၏။ ကျွန်ုပ်တို့လည်း ဝိုင်းဝန်း၍ လုပ်ကိုင်ကြရလေ၏။ သင်္ဘောသားအချို့က ခုခံသေးသော်လည်း ကျွန်ုပ်တို့နှင့် တိုက်ဂါးကြီး တို့ ပူးပေါင်းကာတိုက်ခိုက်ခဲ့သောကြောင့် မခုခံနိုင်တော့ဘဲ ရှိလေ၏။

သင်္ဘောကြီးလည်း ကျွန်း၌ကပ်မိလေ၏။ ထိုအခါ ကုန်းဘောင် ထိုး၍ ကက်ပတိန်ရော၊ သင်္ဘောသားများကိုပါ သင်္ဘောပေါ်မှဆင်းရန် မောင်ဘမှန်က အမိန့်ပေးလေ၏။ ၎င်းတို့သည် အမိန့်အတိုင်း ဆင်းကြရ လေတော့၏။

သင်္ဘောပေါ်တွင် ကျွန်ုပ်တို့ ခြောက်ယောက်နှင့် တိုက်ဂါးကြီး သာလျှင် ရှိလေတော့၏။

"ကျုပ်တို့အားလုံးပေါင်းမှ ခုနစ်ယောက်တည်းရှိတယ်။ ပင်လယ်ထဲမှာ ဒီခုနစ်ယောက်တည်းနဲ့ သွားလို့ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာကိုဖူးညိုက မေးလေ၏။

"သင်ဟာ ဘယ်လိုလုပ်ပြီးကြောက်လန့်ရတယ်ဆိုတာကို လေ့လာထားတဲ့ ပညာရှိတစ်ယောက်ပေပဲ"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။ ထိုအခါ ဆရာကိုဖူးညို က . . .

"ပညာရှိတဲ့လူဟာ တွေးတတ်တယ်ဗျ။ တွေးတတ်တဲ့လူ တိုင်း ကြောက်တတ်တယ်ဗျ။ ကြောက်လန့်ခြင်းဟာ တွေးတောခြင်းနဲ့ ဆက်စပ်နေသလို ပညာရှိခြင်းနဲ့လည်း ဆက်စပ်နေတယ်"

ဟု ပြောလေ၏။

"ဒီလိုဆိုရင်တော့ ကျုပ်ဟာ ပညာရှိမဖြစ်ရတဲ့အတွက် ဝမ်းသာရမှာပဲ"

ဟု မောင်ဘမှန်က ပြောပြီးလျှင် ကုန်းဘောင်ကိုဆွဲတင်ခိုင်း၍ လူခုနစ်ယောက်တည်းနှင့်ပင် ရအောင်သွားမည်ဟုဆိုကာ ကျွန်းမှ ခွာလေတော့၏။

မောင်ဘမှန်သည် သင်္ဘောဦး၌ အရက်အိုးကလေးတစ်အိုး ကုန်အောင်သောက်၍ မိုးပေါ်သို့ သေနတ်ကို ထောင်၍ဖောက်လိုက် လျှင် သင်္ဘောသည် စတင်၍ရွက်လွှင့်လေတော့၏။





ထိုအခါ တိုက်ဂါးကြီးက အားလုံး အရက်သောက်ကြရန် အမိန့် ပေးလေ၏။ ဆရာကိုဖူးညိုသည် ခွက်ကိုကိုင်၍ အရက်ယူရန်အတွက် အစောဆုံးပြေးသွားလေ၏။ ထို့ကြောင့် မုတ်ဆိတ်ဖြူကြီးက. .

"ပညာရှိဆာတော့ အရက်ကိုတယ်ပြီးကြိုက်ပါလား"

ဟု ပြောလိုက်ရာ ဆရာကိုဖူးညိုက. .

"မူးယစ်ခြင်းဟာ ပညာရှိရဲ့ပစ္စည်းဖြစ်တယ်ဗျ။ လောက ကြီးက ဒုက္ခတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာ ပညာရှိဟာ ကျန်တဲ့လူထက် ပိုပြီးသိတယ်ဗျ။ အဲဒီတော့ မူးယစ်ခြင်း ၌ ပုန်းအောင်းဖို့ ပညာရှိဟာ အမြဲတမ်းကြံဆနေတယ်ဗျ"

ဟု ပြောဆိုကာ အရက်ခွက်ကိုယူ၍ မော့လေ၏။ ထိုအခါ သွေးအတော်အတန်ပူသွားပြီဖြစ်သောကြောင့် ဆရာကိုဖူးညိုသည် ရဲစိတ်ဝင်လာလေတော့၏။

"သမုဒ္ဒယောသမင်းသားဟာ သမုဒ္ဒရာကို တစ်ယောက် တည်းဖြတ်ခဲ့တယ်လို့ကြားဖူးတယ်၊ ကျုပ်တို့က ခုနှစ် ယောက်တောင်ပဲ။ ဘာဖြစ်လို့ မပြစ်ရမှာလဲ။ ရွက်တိုင် သုံးတိုင်ရှိတယ်။ မောင်ဘမှန်က ရွက်တိုင်တစ်တိုင်ကို တာဝန်ယူပြီး အလုပ်လုပ်၊ တိုက်ဂါးကြီးက အလယ် ရွက်တိုင်တစ်တိုင်ကို တာဝန်ယူ၊ နောက်ဆုံးရွက်တိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘိုးတူက အပိုင်စားယူထား။ မောင်ဘမှန်က မှန်ပြောင်းတစ်လက်နဲ့ကျွန်းကိုကြည့်။ ကာက်ပတိန်ရဲ့အလုပ်ကိုလုပ်။ ကိုစိန်သွေးကတော့ တောက်တိုမည်ရလုပ်ငန်းတွေ လုပ်ရမယ်။ ရေပက်တာတို့၊ ကုန်းပတ်တိုက်တာတို့ပေါ့ဗျာ။ မုတ်ဆိတ်ဖြူကြီးက ထမင်းချက်"

ဟု အလုပ်တာဝန်များ ခွဲဝေနေလေတော့၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက. .

"ဒီမှာ မောင်ဖူးညိုရဲ့။ အဲဒီအထဲမှာ မင်းအတွက် ဘာလုပ်ရမယ်ဆိုတာ မပါပါလား"

ဟု ပြောလျှင် ကိုဖူးညိုက. .

"အဲဒါကြောင့် ခင်ဗျားမုတ်ဆိတ်မွေးတွေ ဖြူနေတာပေါ့။ ကျုပ်ဟာ ပညာရှိတစ်ယောက်ပဲ။ ဒီသင်္ဘောပေါ် ကိုကျုပ်လိုက်ပါလာတဲ့အတွက် ခင်ဗျားတို့ခြောက်ယောက်စလုံးက တစီမ့်စီမ့်တွေးပြီး ဂုဏ်ယူနေရမှာဗျ"

ဟု ပြောလိုက်ရာ တိုက်ဂါးကြီးက ဆရာကိုဖူးညို၏ကျောကုန်းအား ကျာပွတ်နှင့် ရွှမ်းခနဲရိုက်လိုက်ပြီးလျှင်. .

"ထမင်းချက်"





ဟု စေခိုင်းလိုက်လေတော့၏။ ထိုအခါကျမှပင် ဆရာကိုဖူးညိုသည်. .

"ချက်ပါ့မယ်ဗျာ. . ချက်ပါ့မယ်"

ဟု ဆိုကာ မီးဖိုဆီသို့ ပြေးလေတော့၏။

ကျွန်ုပ်တို့လည်း ၎င်း၏အဖြစ်ကိုကြည့်ကာ ရယ်မောကြလေတော့၏။ ထိုနေ့ နံနက်စာကို ဆရာကိုဖူးညိုကိုယ်တိုင် ချက်ပြုတ်လေတော့၏။ ပညာရှိချက်ပြုတ်သည့် ထမင်းဖြစ်၍လော မပြောတတ်ပေ၊ စား၍မရအောင် ပျော့ပြဲနေလေတော့၏။ ထို့ကြောင့် ကိုစိန်သွေးက. .

"ဆရာသမားရယ် ထမင်းကလည်း ပျော့လှချည်လားဗျာ"

ဟု အပြစ်တင်လိုက်ရာ ဆရာကိုဖူးညိုက. .

"မိန်းမကို အရွယ်လွန်ပြီးကာမှ ချီးမွမ်းရမယ်တဲ့ဗျာ အစား အစာကိုလည်း ကြေညက်ပြီးကာမှ ချီးမွမ်းရမယ်တဲ့ဗျာ အဲဒီတော့ မြန်မြန်ချီးမွမ်းနိုင်အောင် ပျော့ပျော့လေး ချက်ထားတာ"

ဟု ပြောလိုက်လေ၏။

ဆရာကိုဖူးညို၏ထမင်းမှာ လွန်စွာပျော့၏။ ဆိတ်သားဟင်းမှာမူ ဝါး၍မရအောင်မာလေ၏။ မောင်ဘမျိုးသည် ဆိတ်သားကိုဝါးရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်သားကလည်း မာလှချည်လား ဆရာကိုဖူးညို့ရဲ့"

ဟု အပြစ်တင်လိုက်ရာ ဆရာကိုဖူးညိုက. .

"အသားတကာတို့တွင် ဆိတ်သားသည် အမြတ်ဆုံးဖြစ်၏ ဟို ဥတုဘောဇနကျမ်းမှာ ဆိုထားတယ်။ အဲဒီလို အမြတ်ဆုံးဖြစ်တဲ့အသားကို မတရားသဖြင့် မီးမြိုက်အပူတိုက်ဖို့ မသင့်တော်ပါဘူး။ ဒါကြောင့် နွေးတယ်ဆိုရုံလေးမှာ ချလိုက်တာ"

ဟု ပြောလေ၏။

"ဟင်းချိုကလည်း ခါးလိုက်တာဗျာ"

ဟု ကျွန်ုပ်က အပြစ်တင်လိုက်ပြန်ရာ ဆရာကိုဖူးညိုက. .

"ညံ့လှချည်လား ငါ့တပည့်ရယ်။ ပညာရှိဟာ အခါးကြိုက်တယ်ကွ။ ငါ့ကိုချက်ခိုင်းနေသရွေ့တော့ ဟင်းတွေအားလုံး ခါးနေမှာချည်းပဲ"

ဟု ပြောလိုက်လျှင် တိုက်ဂါးကြီးသည် ဆရာကိုဖူးညို၏ ကျောကုန်းအား 'ရွှမ်း' ခနဲ ရိုက်လိုက်ပြီးနောက်. .

"နောက်ကို ဒီလိုမချက်နဲ့။ ကောင်းကောင်းချက်"

ဟု ပြောလိုက်ရာ ဆရာကိုဖူးညိုက. .





"ကောင်းပါပြီခင်ဗျာ. . ကောင်းပါပြီ။ နောက်ကို ဒီလို မဖြစ်စေရပါဘူး"

ဟု ကျိုးနွံစွာ ကတိပေးလိုက်လေတော့၏။

ထိုနေ့မှစ၍ ဆရာကိုဖူးညိုသည် ထမင်းချက်ကောင်းတစ်ယောက် ဖြစ်သွားလေတော့၏။

ရင်းချက်ပြုတ်သော ထမင်းဟင်းများမှာလည်း လွန်စွာစား၍ ကောင်းသောဟူ၏။ ထို့ကြောင့် မောင်ဘမှန်က. .

"ဆရာကိုဖူးညိုရယ်. . ။ တိုက်ဂါးကြီးကလည်း ကျာပွတ်နဲ့ တစ်ချက်ရိုက်လိုက်ရော ခင်ဗျားရဲ့ထမင်းချက်တဲ့လက်ရာတွေဟာ အပုံကြီးပြောင်းသွားတာပဲ"

ဟု ပြောလိုက်ရာ ဆရာကိုဖူးညိုက. .

"ဒီကောင်ကြီးက ကျာပွတ်နဲ့ရိုက်တယ်။ အဲဒါကြောင့် ကျွန်ုပ်မှာ ပညာသုံးခွင့်မရတော့ဘူး။ အခု ခင်ဗျားတို့ စားသောက်နေကြရတာတွေဟာ တကယ်ပြောရရင် ကျွန်ုပ်လေ့လာထားတဲ့ပညာ တစ်စက်မှမပါဘဲ ချက်ပြုတ်ထားတာတွေဖြစ်တယ်ဗျ"

ဟု ပြောလေ၏။

"ကောင်းပါတယ်ခင်ဗျာ. . ။ ဆရာ့ပညာတွေမပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



အဘော်တို့ စားလို့ကောင်းပါတယ်။ ဆရာ့ရဲ့ပညာ ဗဟုသုတတွေအားလုံးနဲ့ ပေါင်းစပ်လိုက်တာနဲ့တစ်ပြိုင်နက် ဖျက်စီးကုန်တော့တာပဲခင်ဗျာ။ ထမင်းဟာ ခွေးအန်ဖတ်လို ဖြစ်သွားတယ်။ ဟင်းဟာ ကျောက်ခဲတုံးလို မာသွားတယ်။ ဟင်းချိုဟာ ဆားခါးလို ဖြစ်သွားတယ်။ အဲဒါကြောင့် ဆရာရယ်. . ရိုးရိုးပဲချက်ပါ။ ဆရာ့ပညာတွေ မထည့်ဖို့ တောင်းပန်ပါတယ်"

ဟု ပြောလိုက်လေ၏။

"ဒီလိုသာ ကျုပ်ဟာ ပညာကိုအသုံးမချဘဲနေရမယ်ဆိုရင် ကြာရင် ကျုပ်ဉာဏ်တွေတုံးကုန်မယ်"

ဟု ဆရာကိုဖူးညိုက ဒေါနှင့်မာန်နှင့်ပြောလေ၏။

"တုံးကုန်ရင် အကောင်းဆုံးပေါ့ဗျာ။ မြန်မြန်တုံးမယ့်နည်းလမ်းကိုရှာပါ ဆရာရယ်"

ဟု မောင်ဘမှုန်က တောင်းပန်လေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့၏ရွက်သင်္ဘောကြီးသည် သမုဒ္ဒရာအတွင်း၌ ချာလည်ချာလည်နှင့် ရွက်လွှင့်နေလေတော့၏။ မုတ်ဆိတ်ဖြူကြီးညွှန်ပြသောကျွန်းများကို တစ်ကျွန်းပြီးတစ်ကျွန်း သွားရောက်ရှာဖွေလေ၏။ အမှန်အားဖြင့် မုတ်ဆိတ်ဖြူကြီးသည်လည်း နေရာအတိအကျ





သိသည်မဟုတ်။ ၎င်းကိုယ်တိုင်ကလည်း ထင်မှတ်သောနေရာများကိုသာ ညွှန်ပြခြင်းဖြစ်၏။ နေရာလည်း အတိအကျမသိ။ အပြောကျယ်လှသော ရေပြင်ကျယ်ကြီးတွင် ကျွန်ုပ်တို့မှာ မျက်ကန်းလမ်းလျှောက်ဆိုသောစကားကဲ့သို့ စမ်းတဝါးဝါးရှိလေတော့၏။ ကျွန်ုပ်တို့၌ပါလာသော စားနပ်ရိက္ခာများမှာလည်း တစ်စတစ်စလျော့ပါးလာပြီဖြစ်၏။ သောက်ရေအတွက်လည်း အခက်အခဲရှိလာပြီဖြစ်၏။ ကျွန်ုပ်တို့သည် မည်သည့်နေရာသို့ ရောက်ရှိနေသည်ဟုလည်း မသိကြ။ မည်သည့်ဘက်သို့ သွားနေသည်ဟူ၍လည်း အတပ်မပြောနိုင်ဘဲလျက် ခရီးသွားနေခြင်းဖြစ်သည်။ လူများသည် အချင်းချင်းတစ်ဦးကိုတစ်ဦး မြူစူ၍ လာလေတော့၏။

မောင်ဘမှုန်ကမူ မုတ်ဆိတ်ဖြူကြီးအား ပင်လယ်ထဲတွင် ချ၍ သတ်ပစ်မည်ဟု ကြိမ်းဝါး၏။ မုတ်ဆိတ်ဖြူကြီးကလည်း မောင်ဘမှုန်အား အရှင်လတ်လတ် မြေကွဲ၍မျိုရန် ကျိန်ဆဲ၏။ ဆရာကိုဖူးညိုကလည်း တိုက်ဂါးကြီးအား မေတ္တာပို့လေ၏။ တိုက်ဂါးကြီးကမူ ကျာပွတ်ဖြင့်ရိုက်၏။ ကိုစိန်သွေးနှင့် မောင်ဘမျိုးလည်း စကားများကြလေ၏။ ဤသို့လျှင် တစ်ဦးနှင့်တစ်ဦး မချေမငံဖြစ်လာ၏။ စည်းလုံးညီညွတ်ခြင်းမရှိဘဲ နေလာခဲ့ရာမှ စည်းလုံးညီညွတ်ရန်အကြောင်းများ ပေါ်ပေါက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညသော်၌ မှန်တိုင်းအနည်းငယ်ကျနေ၏။ သပိတ်လုံးခန့်ရှိသော နီနီရဲရဲမီးလုံးကြီးတစ်လုံးသည် ကျွန်ုပ်တို့၏ရွက်လှေအနီး၌ ထိပ်ပြာပုံသကဲ့သို့ ပျံသန်းနေလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက ဆရာကိုဖူးညိုအား . .

"မောင်ဖူးညို . . ဘာကြီးတုံး"

ဟု မေးလေ၏။

ဆရာကိုဖူးညိုလည်း ထိုမီးလုံးကြီးအားသေချာစွာကြည့်၍ . .

"အင်မတန်ကြီးမားတဲ့ မီးခဲကြီးတစ်ခဲ ပျံနေတာပဲဗျာ။ တခြားဘာမှဟုတ်မယ်မထင်ပါဘူး။ မီးခဲပျံဖြစ်ပါလိမ့်မယ်"

ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက . .

"ကြံကြီးစည်ရာကွာ။ မီးခဲပျံရယ်လို့ မကြားဖူးပါဘူး"

ဟု ပြောလိုက်လေ၏။

"မကြားဖူးရင်လည်း အခု ကြားဖူးပြီမဟုတ်လား။ ဗဟုသုတအသစ်ပေါ့။ မီးခဲဆိုသည်မှာ တစ်ခါတစ်ရံ လိပ်ပြာကဲ့သို့ ပျံတတ်သည်ဟူ၍ တွံသင်မုတ်ဆိတ်ဖြူသည် ဂဏာတီမှတ်လော့"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ပင် နီနီရဲရဲမီးလုံးကြီးသည် အလယ်ရွက်တိုင်၏ထိပ်





ဖျား၌ လိပ်ပြာများနားသကဲ့သို့ နားလေတော့၏။ ထိုသို့နားမိသည်နှင့် တစ်ပြိုင်နက် ရွက်တိုင်ကြီးသည် စတင်မီးကျွမ်းလေတော့၏။ ထိုမီးလုံးကြီးနားသည့်နေရာမှ အစပြု၍ မီးကျွမ်းပြီးလျှင် ပွဲညက်ရည်ကဲ့သို့ ပျစ်ချွဲချွဲအရည်များ ရွက်တိုင်ထိပ်ဖျားတစ်လျှောက် စီးကျလာလေ၏။ ထိုအရည်များသည် သင်္ဘောကြမ်းပြင်တစ်လျှောက်လုံး၌ တစ်စတစ်စများပြားလာလေတော့၏။

ကျွန်ုပ်တို့မှာ ထိုအရည်များကို မည်သည့်အရည်များဖြစ်ကြောင်းမသိသဖြင့် ကြောက်လန့်ကာ ရှောင်ကွင်းကြလေ၏။

သို့ရာတွင် ကျွန်ုပ်တို့အားလုံးသည် ထိုအရည်များကို မရှောင်နိုင်ဘဲ ထိမိကြလေတော့၏။ ထိုသို့ထိမိသည်နှင့်တစ်ပြိုင်နက် အင်အားများကုန်ခန်းကာ လေဖြတ်သူကဲ့သို့ပျော့ခွေသွားကြကုန်၏။ မုတ်ဆိတ်ဖြူကြီးမှာမူ ကြောက်လန့်လွန်း၍ မည်သည့်ဘုရားကိုရှိခိုးသည်မသိ ရှိခိုးနေလေ၏။ ထိုအခါ ကျွန်ုပ်သည် တိုက်ဂါးကြီးကို သတိရမိသဖြင့် . .

"တိုက်ဂါးကြီး . . တိုက်ဂါးကြီး"

ဟု ဟစ်အော်လေ၏။ တိုက်ဂါးကြီးသည် ကြောက်လန့်လွန်း၍ ထောင့်တလေးတစ်ချောင်၌ ပုန်းအောင်းနေလေ၏။ ထိုနေရာမှ ကျွန်ုပ်အား ပြန်လည်၍ထူး၏။ ကျွန်ုပ်လည်း ၎င်းအနားသို့ လူးလိမ့်၍သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးတော်ဂါးကြီး. . ကျုပ်တို့ကိုကယ်ပါဦး"

ဟု ပြောရာ တိုက်ဂါးကြီးက. .

"ငါမကယ်နိုင်ဘူး။ သိပ်ပြီးကြောက်ဖို့ကောင်းတယ်။ သင်နားမလည်ဘူးလား။ ဒီဥစ္စာ ပင်လယ်စုန်းလို့ ခေါ်တယ်။ ရွက်တိုင်ခုတ်ပြီး ရေထဲကိုပစ်ချရမယ်။ ငရုတ်သီးညှော်တွေ အများကြီးလုပ်ရမယ်။ သင့်ဟာသင် လုပ်ပေတော့။ ငါတော့ ကြောက်တယ်"

ဟု ဆိုကာ ပုန်းမြဲပုန်းနေလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရှိသမျှခွန်အားဖြင့် ပုဆိန်ကိုရှာဖွေကာ ရွက်တိုင်၏အရင်းမှ ခုတ်ဖြတ်ကြည့်လေ၏။ သို့ရာတွင် ကျွန်ုပ်မှာ ခွန်အားမရှိသောကြောင့် ကျွန်ုပ်၏ပုဆိန်ချက်သည် အရာမျှပင် မထင်သကဲ့သို့ဖြစ်နေလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် မီးဖိုရှိရာသို့သွားကာ မီးဖိုတစ်ခုပြုလုပ်ပြီးလျှင် ငရုတ်သီးတောင့်များကိုယူ၍ ရွက်တိုင်ဆီသို့ပြန်လာကာ ရွက်တိုင်အောက်ခြေ၌ ငရုတ်သီးများကို မီးရှို့လေ၏။

ထိုအခါကျမှပင် ကျွန်ုပ်လည်း စိတ်ကူးတစ်ခုပေါ်လာ၏။ ထိုစိတ်ကူးမှာ ရွက်တိုင်ကြီးအား မီးရှို့ပစ်ရန်ဖြစ်လေ၏။ ကျွန်ုပ်သည် ရေနံဆီအဝတ်များကိုအသုံးပြုကာ ရွက်တိုင်၏အရင်းမှ မီးတိုက်လေ၏။





ထိုအခါ ရွက်တိုင်ကြီးသည် မီးစွဲလောင်ကာ သဘော်ကြမ်းပြင်သို့ကူးပြန်လေ၏။ ကျွန်ုပ်သည် ကြမ်းပြင်ကိုမီးစွဲရန် အလိုမရှိသောကြောင့် ရေဖြင့်ငြိမ်းသတ်ရပြန်၏။ ထို့ကြောင့် ကြမ်းပြင်၌ မီးမစွဲဘဲ ရွက်တိုင်၌သာ မီးစွဲလေတော့၏။ ထိုသို့မီးစွဲပြီးလျှင် ရွက်တိုင်ကြီးသည် ပင်လယ်တွင်းသို့ ဝုန်းခနဲကျိုးကျသွားလေတော့၏။

ရွက်တိုင်ထိပ်တွင် နား၍နေသော မီးလုံးကြီးလည်း ပျံတက်ကာ အခြားသောရွက်တိုင်သို့ ကူးပြန်လေ၏။ ကျွန်ုပ်သည် ထိုရွက်တိုင်ကို ရှေးနည်းအတိုင်း မီးရှို့ပြန်လေ၏။ ထိုရွက်တိုင်လည်း ပင်လယ်တွင်းသို့ ကျိုးကျပြန်လေ၏။ မီးလုံးကြီးလည်း ကျန်သောရွက်တိုင်သို့ ကူးပြန်လေ၏။ ကျွန်ုပ်မှာလည်း ထပ်မံ၍ပြုလုပ်ရပြန်လေ၏။

ကျွန်ုပ်၏လူများမှာမူ ကျွန်ုပ်အား ကူညီခြင်းမပြုနိုင်ဘဲ အတုံးအရုံးလဲနေကြပြီဖြစ်၏။ ကျွန်ုပ်တစ်ဦးတည်းသာလျှင် ကြိုးစား၍ ရွက်တိုင်များကို မီးရှို့ရလေ၏။ ထိုရွက်တိုင်လည်း မီးကျွမ်း၍ ပင်လယ်တွင်းသို့ ဝုန်းခနဲပြိုကျလေ၏။ ထိုအခါ၌မူ မီးလုံးကြီးသည် ပျံတက်ခြင်းမပြုနိုင်တော့ဘဲ ရွက်တိုင်နှင့်အတူ ပင်လယ်တွင်း၌ ပျောက်ကွယ်၍သွားလေတော့၏။

ထိုအချိန်ကျမှပင် လဲ၍နေသော ကျွန်ုပ်၏လူများလည်း အသိသိထ၍ လာနိုင်ကြလေတော့၏။ ကုန်ခန်းခဲ့သော ခွန်အားများ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်လည်ရရှိကြသောဟူ၏။ ထိုအခါ၌ မောင်ဘမှန်သည် အရောက်အဲ့ဒီဘာလေးကိုယူ၍ သဘော်ဦး၌ အရက်ကိုသောက်ကာ သေနတ်ကိုဖောက်လေ၏။ သေနတ်ကိုဖောက်ပြီးနောက်. .

"ကဲ. . ကျုပ်တို့လူတွေ သဘော်ပေါ်မှာ ရှက်တိုင်လည်း မရှိတော့ဘူး။ ရှက်လည်း မရှိတော့ဘူး။ ရောက်ချင်တဲ့နေရာကိုရောက်ပြီး မှောက်ချင်တဲ့နေရာမှာ မှောက်ပေတော့မယ်။ ဘယ်ကိုသွားပါ၊ ဘယ်မှာရပ်ပါတော့လို့ အမိန့်ပေးလို့လည်း မရတော့ဘူး။ အဲဒီတော့ ဒီသဘော်မှာ ကက်ပတိန်မလိုတော့ဘူး။ ကျုပ်လည်း ရာထူးပြုတ်ပြီး ခင်ဗျားတို့လည်း လုပ်ချင်ရာလုပ်၊ ကျုပ်လည်း လုပ်ချင်ရာကိုလုပ်တော့မယ်။ ဘာမှမထူးတော့ဘူး"

ဟု ဆိုကာ သဘော်ဦးဘက်သို့ လှည့်ကာ မာန်ပါပါဖြင့် အောက်ပါမန္တန်ကို အသံနက်ကြီးဖြင့် ရွတ်လိုက်လေတော့၏။

"ကိဋ္ဌိ စလံပတ္တော
သတ္တ သီဟော တယော နာဂေါ။
အဋ္ဌမေဝ စလံပတ္တော
ကိန္နုဘာကွော ဘဝိဿတိ"

ထိုသို့ရွတ်ဆိုပြီးလျှင် မောင်ဘမှန်သည် ကျွန်ုပ်တို့ရှိရာသို့





လာလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. .

"ဘာတွေရွတ်နေတာတုံးကွ။ အဓိပ္ပာယ်လေးဘာလေး ပြောပါဦး"

ဟု ပြောလေ၏။

"ဒီလိုဗျ။ ကျုပ်ဘကြီးသင်ပေးထားတဲ့မန္တန်ပါ။ အဓိပ္ပာယ်ကတော့ အရင်တစ်ခါ မျက်ခုံးလှုပ်တုန်းက ခြသေ့်ကြီးခုနစ်ကောင်နှင့် ဆင်ပြောင်ကြီးသုံးကောင်ကို ငါစားခဲ့ရတယ်။ အခုတစ်ခါ မျက်ခုံးလှုပ်ပြန်ပြီ။ ဘာတွေစားရဦးမလဲ မသိဘူးလို့ အဓိပ္ပာယ်ရတယ်ဗျ"

ဟု မောင်ဘမှန်ကပြောရာ မုတ်ဆိတ်ဖြူကြီးက. .

"တော်တော်ကောင်းတဲ့ဟာပဲ။ ကိုယ်စားရဖို့ချည်းပဲ ရေးထားတဲ့မန္တန်ပဲ။ ကျုပ်ကတော့ အားကြီး သဘောကျသွားပြီ။ အဲဒီအထဲမှာပါတဲ့ 'စလံပတ္တော' ဆိုတဲ့ စာလုံးကို အဓိပ္ပာယ်ပြောစမ်းပါဦး"

ဟု ဆိုလေ၏။

"စလံပတ္တော ဆိုတာ မျက်ခုံးလှုပ်တာကိုပြောတာ "

ဟု မောင်ဘမှန်ကပြောပြီးနောက် ဂုဏ်တပင်. .

"တိုက်ဂါးကြီးတစ်ယောက် မမြင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ထူး ပြောလိုက်ရာ တိုက်ဂါးကြီးသည် ပုန်းအောင်းနေရာမှ ထွက်လာချိန်တွင်. .

"ကက်ပတိန်စလံပတ္တော၊ ကျွန်တော် ဒီမှာရှိပါတယ်။ ဘယ်မှ လျှောက်မလည်ပါဘူး"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့၏ ရွက်သင်္ဘောမှာမူ သင်္ဘောနှင့်မတူတော့ဘဲ မြစ်ထဲတွင်မျောနေသော ဇလုံပန်းကန်ကဲ့သို့ မျောချင်ရာသို့ မျောပါနေလေ၏။ အရှေ့ဘက်သို့ မျောနေရာမှ အနောက်ဘက်သို့ မျောလေ၏။ တစ်ဖန် တောင်ဘက်သို့မျောချင်လျှင် မျောပြန်၏။ ကျယ်ပြောလှသော သမုဒ္ဒရာ၏အတွင်း၌ ရွက်တိုင်မရှိသော ကျွန်ုပ်တို့၏ ငုံးတိတိရွက်သင်္ဘောကလေးသည် အရပ်လေးမျက်နှာသို့ လွင့်မျောနေလေတော့၏။

ကျွန်ုပ်မှာမူ မည်သည့်အရပ်သို့ ရောက်ရှိနေသည်ကို စိတ်ဝင်စားခြင်းမရှိတော့ဘဲ အစာငတ်၍ သေမည့်အချိန်ကိုလည်းကောင်း၊ သင်္ဘော ပျက်၍ သေမည့်အချိန်ကိုလည်းကောင်း စောင့်မျှော်နေကြခြင်း ဖြစ်၏။

ဆရာကိုဖူးညိုမှာမူ နေ့စဉ်နေ့တိုင်း ထမင်းတစ်နပ်ချက်၍ ကျွေးလေ၏။ ထိုထမင်းတစ်နပ်မှာလည်း တစ်ယောက်လျှင် လေးလုတ်ခန့်သာ စားရလေ၏။ မုတ်ဆိတ်ဖြူကြီးသည် မည်သည့်ဘုရားထံတွင်





ဆုတောင်းသည်မသိ၊ နေ့စဉ်နေ့တိုင်း ဆုတောင်းနေလေ၏။ ကိုစိန်သွေးမှာမူ. .

"ရှေးဟောင်းပစ္စည်းတွေရခါနီးကာမှ ဒီပင်လယ်စုန်းရှုပ်တာနဲ့ မရတော့ပါဘူးဗျာ။ ဒီလိုသာ မဖြစ်ဘူးဆိုရင် ကျုပ်ညှော်ခန်းမှာ ရှေးဟောင်းပစ္စည်းကို တင်းကျမ်းဖြစ်နေမှာပဲ"

ဟု ပြောလေ၏။

ဆရာကိုဖူးညိုနှင့် တိုက်ဂါးကြီးမှာမူ တစ် ယောက်တစ်လှည့် ဘုတ်တလုတ်တောက်တဲ့ဖမ်းတမ်း ကစားနေလေ၏။ ကျွန်ုပ်နှင့် မောင်ဘမျိုးမှာလည်း 'ဒယ်ဒီ' ခေါ်ကြေးကျားထိုင်ထိုးနေကြလေ၏။

မောင်ဘမှန်သည် သင်္ဘောဦးသို့တက်ကာ သူ၏ 'စလံပတ္တော' မန္တန်ကြီးအား နေ့စဉ်နေ့တိုင်း ရွတ်လေ၏။ ၎င်းရွတ်ပြီးသည့်အခါတိုင်း၌ ကျွန်ုပ်တို့သည်. .

"ခြသေ့်ကြီးခုနစ်ကောင်နဲ့ ဆင်ပြောင်ကြီးသုံးကောင်ကို စားရပြီဟေ့"

ဟု နောက်ပြောင်ကြကုန်၏။

ဤသို့နှင့်ပင် ရိက္ခာသည် သုံးရက်စာမျှသာ ရှိလေတော့၏။ ထိုအခါ မောင်ဘမှန်သည် ၎င်း၏ထုံးစံအတိုင်း 'စလံပတ္တော' ကိုရွတ်ပြီးနောက်. .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့အားလုံး လေးလေးနက်နက်နားထောင်ကြပါ။ ရိုက္ခာဟာ သုံးရက်စာပဲရှိတော့တယ်။ သုံးရက်ပြည့်ရင် ကုန်ပြီ။ အဲဒီအခါမှာ ကျုပ်တို့ နောက်ထပ်ငါးရက်လောက် သည်းခံကြပါ။ အဲဒီငါးရက်အတွင်းမှာမှ ကျုပ်တို့သင်္ဘောဟာ အဲဒီကျွန်းကိုမှမရောက်ခဲ့ဘူးဆိုရင် ဟောဒီရာဇဝတ်ိုင် နားမှာ ကျုပ်ကိုယ်ကျုပ် ဓားနဲ့လှီးပြီးသေမယ်။ (ဓားကို မြှောက်ပြလျက်) အဲဒီအခါမှာ ကျုပ်ရဲ့ကိုယ်ကောင်ကြီး ကို ရေထဲမပစ်ပါနဲ့။ အတုံးအတုံးလှီးပြီးနေလှန်းထားပါ။ ကမ်းကိုမတွေ့ ။ နည်းနည်းချင်းမီးကင်စားသွားကြပါ။ ဆရာကိုဖူးညိုရဲ့ချက်ပြုတ်ပုံနဲ့ဆိုရင်တော့ ကျုပ်ရဲ့အသား ဟာ စားလို့မြိန်ကြပါလိမ့်မယ်။ စားကာစမှာ ညှီချင်ညှီ မယ်။ မဆလာကို အသုံးပြုပါ။ အားမနာကြပါနဲ့။ ရဲရဲစား ပါ။ ဒါဟာ ကျုပ်ရဲ့အလှူတစ်ခုပဲ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်တို့မှာ စိတ်မကောင်းဖြစ်ရလေ ၏။ မုတ်ဆိတ်ဖြူကြီးမှာမူ . .

"အင်း . . တစ်သက်လုံးမစားဖူးတဲ့ လူသားတော့ စားရ တော့မှာပဲ။ စိတ်ချပါ။ သင့်ရဲ့အသားကို တခြားလူ မစား ချင်နေပါစေ။ ကျွန်ုပ် ကောင်းကောင်းစားပါမယ်။ အခုလို





လှူဒါန်းကဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အရက် နည်းနည်းကျန်သေးတယ်ဆိုရင်တော့ အတော်ပါပဲ"

ဟု ပြောလိုက်ရာ မောင်ဘမျိုးက . .

"ခင်ဗျားဟာဘီလူးပဲ။ ကိုယ့်အချင်းချင်းပဲဗျာ။ မလွှဲသာလို့ စားရတဲ့ အခါကျတော့လည်း စားပေ့ါ။ အခုတော့ ခင်ဗျား ဥစ္စာက မစားရခင်ကတည်းက သွားရည်ကတများများနဲ့"

ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက . .

"သင်ဘာနားလည်သလဲ။ သူဟာ အစာမစားတာ ကိုးရက် ရှိပြီ။ သင်တို့သတိမပြုမိကြဘူး။ ကျွန်ုပ်တော့ ကောင်း ကောင်းသတိပြုမိတယ်။ သူဟာ ဥပုသ်စောင့်နေတာ။ ဒီနေ့ သူ့ဥပုသ်ပြည့်သွားပြီ၊ အဲဒါကြောင့် သူဟာ သစ္စာ ဆိုတာ။ မကြာခင်မှာ လေမုန်တိုင်းကျမယ်။ ကျုပ်တို့ ကျွန်း တစ်ကျွန်းကို ရောက်လိမ့်မယ်။ ဒါကြောင့် သူ့ရဲ့သစ္စာ အဓိဋ္ဌာန် ပိုမြိုးလေးနက်အောင် စားမယ်လို့ ကျွန်ုပ်က ပြောနေတာ"

ဟု ဆိုလေ၏။

မုတ်ဆိတ်ဖြူကြီးပြောသည့်စကားသည် မှန်တန်၍သွားလေ သို့တည်းမဟုတ် တိုက်ဆိုင်၍သွားလေတော့၏။ စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com



စ၍၌ပင် ခအုံ့မှိုင်းဘဲလျက် မိုးသည် တဖြုန်းဖြုန်း တဖြောင်းဖြောင်း ရွာချလေ၏။ လေသည်လည်း ပြင်းထန်စွာတိုက်လေ၏။ ထို့နောက် လေမုန်တိုင်းကျလေတော့၏။

ကျွန်ုပ်တို့အားလုံးသည် သင်္ဘောကြမ်းပြင်မှာ ပြားပြားဝပ်၍ နေကြလေ၏။ အရပ်ဆယ်မျက်နှာလုံးသည် ပိန်းပိတ်အောင်မှောင်၍ နေလေ၏။ လျှပ်စီးလက်လိုက်သောအခါကျမှပင် တစ်ဦးကိုတစ်ဦး တွေ့ကြလေ၏။ ကျွန်ုပ်တို့သည် လျှပ်စီးလက်သောအခါ၌ မောင်ဘမှန်တို့ကြည့်လိုက်ရာ ကျွန်ုပ်တို့ကဲ့သို့ပင် ကြောက်လန့်ခြင်းမရှိဘဲ ရာဇတိုင်ကိုမှီ၍ တည်ငြိမ်စွာထိုင်နေသည်ကို တွေ့ရလေ၏။ လေမုန်တိုင်းသည် ပြင်းထန်စွာ တိုက်လေ၏။ ကျွန်ုပ်တို့သည် အပေါ်သို့ မြောက်တက်သွားကြ၏။ တစ်ဖန် ပြန်၍ကျကြ၏။ ဘေးသို့စောင်း၍ တစ်ဖန် ပြန်၍တည့်မြန်၏။ ဣန္ဒြေရစွာထိုင်နေသော မောင်ဘမှန်သည်လည်း လဲကျ၏။ သတိလစ်သွားပြီဖြစ်၏။

ကျွန်ုပ်တို့အားလုံးသည် ကိုင်စရာများကို ကိုင်တွယ်၍ ကုတ်ကတ်ကာ နေကြလေသည်။ ထိုလေမုန်တိုင်းသည်လည်းကောင်း၊ မိုးသည်လည်းကောင်း၊ မည်မျှကြာသည်အထိ ကျွန်ုပ်တို့အား ဒုက္ခပေးနေခဲ့သည် မသိပေ။ ကျွန်ုပ် သတိရသောအခါ၌ ကျောက်ဖြင့်ပြုလုပ်ထားသော တစ်ယောက်အိပ်ခုတင်တစ်လုံးပေါ်သို့ ရောက်ရှိနေသည်ကို တွေ့ရလေ





၏။ ကျွန်ုပ်သည် မျက်လုံးကို ဖြည်းညင်းစွာဖွင့်ကြည့်လိုက်ရာ လေးဘက်လေးတန့်အကာရှိ၍ အမိုးမရှိသော အဆောက်အအုံအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့ရလေ၏။ အမိုးမရှိသော်လည်း ကျွန်ုပ်အား နေပူခြင်းမရှိပေ။ ထိုလေးဘက်လေးတန်အကာအရံအတွင်း၌ ပေါက်ရောက်လျက်ရှိသော သစ်ပင်တို့သည် လွန်စွာကောင်းသောအမိုးများ ဖြစ်ကြပေ၏။ ကျွန်ုပ်၏ခုတင်ဘေးမှအစပြု၍ ကျောက်တုံးများစီထားသော လူသွားလမ်းကလေးကို တွေ့ရလေ၏။ ထိုလူသွားလမ်းကလေး၏ တစ်ဖက်တစ်ချက်တွင် လှပသောပန်းပင်ကလေးများ စနစ်တကျစိုက်ပျိုးထားသည်ကိုလည်း သတိပြုမိလေ၏။ မွှေးကြိုင်သောပန်းရနံ့များသည် ကျွန်ုပ်အား လန်းဆန်းစေလေ၏။ ကျွန်ုပ်သည် ဦးခေါင်းကိုထောင်၍ ကြည့်လိုက်ရာ ကျွန်ုပ်၏ခြေရင်း၌ လူတစ်ယောက်မတ်တတ်ရပ်နေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်က ထိုသူအား. .

"ကျုပ် အခု ဘယ်ကိုရောက်နေတာတုံး။ ကျုပ်လူတွေ ဘယ်မှာတုံး"

ဟု ပြောလိုက်လျှင် ထိုသူသည် ကျွန်ုပ်အား လက်ကာပြ၍ ထွက်သွားလေ၏။ တစ်အောင့်မျှကြာလျှင် ထိုသူနှင့်အတူ လူတစ်ယောက်ပါလာ လေ၏။ နောက်မှပါလာသောသူသည် စတားဖြစ်တန်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုလူအား ကျွန့်ပ်က. .

"အချစ် အခု ဘယ်ကိုရောက်နေဘာတုံး။ ကျုပ်လူတွေက ဘယ်မှာတုံး"

ဟု မေးလိုက်ရာ ထိုသူက ပြုံး၍ အောက်ပါစကားလုံးကို တစ်လုံးချင်းပြောလေ၏။

"မိတ်ဆွေဟာ ဦးအောင်-ဖေ-လူမျိုး-ပဲ။ ခင်-ဗျား-လူ-တွေ-အား-လုံး-ရှိ-ပါ-တယ်။ စိတ်-ညစ်-ခြင်း-မ-ရှိ-ပါနဲ့"

ကျွန့်ပ်သည် ထိုသူအား စိန်းစိန်းကြည့် ၍. .

"ကျုပ်ဟာ ဦးအောင်ဖေလူမျိုးမဟုတ်ဘူး။ မြန်မာလူမျိုးပါ"

ဟု ပြောလိုက်ရာ ထိုသူက. .

"အား-ပါး-အ-လွန်-မြန်-တယ်။ ဖြည်း-ဖြည်း-ပြော-ပါ"

ဟု ဆိုလေ၏။

"ခင်ဗျားတို့ ဘာလူမျိုးတွေတုံး။ ဒီနေရာဟာ ဘာလို့ခေါ်တုံး"

ဟု ကျွန့်ပ်က မေးပြန်လေ၏။

"ကျွန့်ပ်-တို့-လူ-မျိုး-မ-ဟုတ်-ဘူး။ အ-သက်-ရှည်-တဲ့-မိန်း-က-လေး- ကို-စောင့်-တဲ့-လူ-တွေ"

ဟု တစ်လုံးချင်းပြောပြန်လေ၏။





"ကျွန်းဟာ ဘာကျွန်းတုံး"

ဟု ကျွန့်ပ်က မေးပြန်လေ၏။

"အ-သက်-ရှည်-တဲ့-ကျွန်း"

ဟု ထိုသူက ပြောလေ၏။ ထိုအခါကျွန့်ပ်က. .

"ခင်ဗျားအဖေရှိသလား"

ဟု မေးလိုက်ရာ ထိုသူက. .

"ဖ-ခင်-ကို-ပြော-တာ-လား"

ဟု ပြန်၍မေးလေ၏။

"ဟုတ်တယ်. .။ ဖခင်ကိုမေးတာ"

ဟု ကျွန့်ပ်ကပြောရာ ထိုသူက. .

"ဖ-ခင်-ကျွန့်ပ်-ငယ်-စဉ်-က-သေ ပြီ"

ဟု ပြောလေ၏။

"အသက်ရှည်တဲ့ကျွန်းဆို၊ ခင်ဗျားဖခင်က ဘာဖြစ်လို့ အစောကြီးသေရတာတုံး"

ဟု ကျွန့်ပ်က မေးလိုက်လေ၏။

"အ-သက်-ရှည်-တာ-ကျွန့်ပ်-တို့- မ-ဟုတ်-ဘူး။ ကျွန့်ပ်-တို့-မင်း-၁၁ မီး-လေး-ရှည်-တာ။ သူ-တစ်- ယောက်-ပဲ-အ-သက်-ရှည်-တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထိုသူက ပြန်၍ဖြေလေ၏။

"အဲဒီမင်းသမီးလေးဆိုတာ အသက်ဘယ်လောက်ရှိပြီတုံး"

ဟု ကျွန်ုပ်ကမေးလိုက်ရာ . .

"နှစ်-ကို-ပြော-တာ-လား။ နှစ်-တစ်-ထောင်-ကျော်-ပြီ"

ဟု ထိုသူက ပြန်၍ဖြေလေ၏။

"ခင်ဗျား ဒီနေရာကနေ ဘယ်ကိုသွားသေးသလဲ"

ဟု ကျွန်ုပ်ကမေးရာ . .

"ကျွန်ုပ်-တို့-ဘယ်-ကို-မှ-မသွား- ဘူး။ ဒီ-ကို-ပဲ-လူ-တွေ-ရောက်-ပြီး-လာ-တယ်။ သူ-တို့-ဒီ-မှာ-အား-လုံး-သေ-တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ကြက်သီးထ၍ သွားတော့၏။

"ဒီကိုရောက်လာတဲ့သူတွေ ဘာဖြစ်လို့သေတာတုံး"

ဟု မေးရပြန်လေ၏။

"ဒီ-မှာ-ပဲ-နေတယ်။ နောက်-တော့-ဒီ-မှာ-ပဲ-သေ-ကြ-တယ်"

"သူတို့ မပြန်ကြဘူးလား"

ဟု ကျွန်ုပ်က မေးလေ၏။





"ဒီ-ကို-ရောက်-ပြီး-ရင်-မ-ပြန်-ရ ဘူး။ ပြန်-မယ်-ဆို-ရင်-ကျွန်ုပ်-တို့ က-သတ်-တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ယောင်၍ 'စလံပတ္တော' တု အော်လိုက်မိလေတော့၏။ ထိုအခါ ထိုသူက . .

"ခင်-ဗျား-ဟို-စ-လံ-ပ-တ္တော- လူ-မျိုး-လား"

ဟု မေးလေ၏။

"ဘာဖြစ်လို့ မေးတာတုံး။ ကျုပ်တို့ မြန်မာလူမျိုးဆိုတာ ပြောပြီးမှပဲ"

ဟု ပြောလိုက်ရာ ထိုသူက . .

"ဟို-ဘက်-မှာ-ခင်-ဗျား-တို့-လူ- တွေ-ရှိ-တယ်။ သူ-တို့-လည်း-ပဲ-ဒီ- စ-လံ-ပတ္တော-ဆို-တာ-ကို-ပဲ-ဆို-နေ-ကြ-တယ်။ ဘာ-အဓိ-ပ္ပာယ်-လဲ"

ဟု မေးလေ၏။

"စလံပတ္တောဆိုတာ စားမယ်လို့ပြောတာ။ စားစရာတစ်ခုခု ပေးပါ"

ဟု ပြောလိုက်ရာ ထိုသူသည် အပြင်သို့ထွက်သွားပြီးလျှင် လွန်စွာလှပသော ခွက်ကြီးတစ်လုံးဖြင့် အသီးအနှံများကိုထည့်၍ ယူလာလေ၏။ ကျွန်ုပ်လည်း ငုံယူလာသော အသီးအနှံများအချို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသောအသီးကို ယူ၍စားရာ လွန်စွာချို၍ လွန်စွာမှလည်းမွှေးသော အသီးဖြစ်လေသတည်း။ ကျွန်ုပ်သည် ထိုအသီးတစ်လုံးကို စားပြီးနောက် အဆောတပြဲ၍သွားကာ နေသာထိုင်သာ ရှိလေတော့၏။

ထို့နောက် ကျွန်ုပ်၏မျက်လုံးများသည် နံရံဘက်ဆီသို့ကြည့် လိုက်ရာ နံရံ၌ကပ်၍ပေါက်နေသော 'ဖုံးမသိန်'ပင်နှင့်တူသော အပင် တချို့ကို တွေ့ရခြင်းကြောင့် မှတ်ဆိတ်ဖြူကြီးပြောသည့်ကျွန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရိပ်စားမိလေတော့၏။

ကျွန်ုပ်သည် ထိုစကားပြန်လုပ်သူနှင့်သာလျှင် လေးဘက် လေးတန်အကာအရံအဆောက်အအုံအတွင်း၌ နေရလေ၏။ ကျွန်ုပ် က ပျင်းသည်ဟုဆိုသောကြောင့် ထိုစကားပြန်က ကျွန်ုပ်ဆော့ရန် အတွက် မျောက်တစ်ကောင် လာ၍ပေးထားလေ၏။ ထိုမျောက်သည် သစ်ပင်ပေါ်သို့တက်၏။ သစ်ကိုင်းခြောက်များကို ချိုး၏။ ကျွန်ုပ်အား ပစ်ပေါက်၏။ ကျွန်ုပ်မှာ အလစ်ပေး၍မနေရဘဲ မျောက်ကို ဂရုစိုက်၍ နေရလေ၏။ ကျွန်ုပ်အိပ်နေလျှင် ကျွန်ုပ်၏ဆံပင်ကိုဆွဲ၏။ ကျွန်ုပ်၏ ကိုယ်ကို ကုတ်ခြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည်စကားပြန်အား . .

"သင်၏မျောက်ကို ပြန်ပြီးခေါ်သွားပါ။ သူဟာ သိပ်ပြီး ဆော့တယ်။ ကျွန်ုပ်အပျင်းပြေရုံထက် ပိုပြီးတောင် ဆော့ သောကြောင့် ကျွန်ုပ်မှာ စိတ်ဒုက္ခရောက်လျက်ရှိသည်"





ဟု ပြောရာ စကားပြန်သည် မျောက်ကို ပြန်၍ယူသွားပြီးလျှင် ကျွန်ုပ်အပျင်းပြေစေရန်အတွက် ဆိတ်တစ်ကောင်ကိုလာ၍ထားပေး လေ၏။

ဆိတ်သည် ကျွန်ုပ်အား မကြာခဏ ပြေး၍ဝှေ့၏။ ကျွန်ုပ်၏ အိပ်ရာပေါ်သို့တက်၍ အိပ်ရာခင်း၊ ခေါင်းအုံး စသည်များကို ဖျက်ဆီး ပစ်၏။ ထို့ကြောင့် ကျွန်ုပ်က စကားပြန်အား ဆိတ်သည် အလွန်ဆော့ ကြောင်း၊ အပျင်းမပြေသည့်အပြင် စိတ်ညစ်ရကြောင်းပြောရာ ထို စကားပြန်က . .

"မြွေကို အလိုရှိပါသလား"

ဟု မေးလေ၏။ ကျွန်ုပ်က အလိုမရှိကြောင်း ကပျာကသီ ပြန်၍ဖြေရလေ၏။ သို့မဟုတ်ပါက မြွေများယူလာမည်ဖြစ်ပေသည်။ စကားပြန်သည် ကျွန်ုပ်က မြွေကိုအလိုမရှိကြောင်း ပြောသောအခါ၌ ဒူးရင်းသီးတစ်လုံးနှင့် နာနတ်သီးတစ်လုံးကို ရွှေလင်ပန်း၌ထည့်ကာ လာရောက်ပေးလေ၏။

ကျွန်ုပ်လည်း ဒူးရင်းသီးကို ခွဲစိတ်စားသောက်လေ၏။ ထိုအခါ စကားပြန်သည် ကျန်သောနာနတ်သီးကိုယူ၍ ထွက်သွားပြီးလျှင် . .

"အသင့်တော်ဆုံးလူကို ခေါ်ခဲ့မယ်"

ဟု ပြောသွားလေ၏။ ထိုနေ့၌ပင် ကျွန်ုပ်ထံသို့ အသက်ငါးဆယ်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ခန့်ရှိ လူကြီးတစ်ဦး ခေါ်လာလေ၏။ ထိုလူကြီး၏ လက်၌လည်း လွန်စွာထက်သော ဓားလေးတစ်ချောင်း ပါလာလေ၏။

"ဘာလဲ"

ဟု ကျွန်ုပ်ကမေးရာ စကားပြန်က. .

"ဆ-တ္တာ-သည်"

ဟု ပြောလေ၏။

ထိုဆတ္တာသည်ကြီးသည် ကျွန်ုပ်၏မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကို ကောင်းစွာရိတ်ပေးလေ၏။

"ကောင်း-ပါ-သ-လား"

ဟု စကားပြန်က မေးလေ၏။ ကျွန်ုပ်ကလည်း. .

"ကောင်းပါသည်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆတ္တာသည်ကြီးသည် ကျွန်ုပ်၏ ဆံပင်ကိုဖြတ်ချလိုက်ပြီးလျှင် ခေါင်းတုံးတုံးလေတော့၏။ ကျွန်ုပ်က တောင်းပန်သော်လည်း မရပေ။ ခေါင်းတုံးမှာ ဖန်ခေါင်းတုံးဟုခေါ်ရလောက်အောင်ပင် ပြောင်ချောသွားလေ၏။

ထိုအခါ စကားပြန်က. .

"ကောင်း-ပါ-သ-လား"

ဟု မေးလေ၏။ ကျွန်ုပ်က. .





"မဆိုးပါဘူး"

ဟု ပြောရာ ဆတ္တာသည်ကြီးသည် ကျွန်ုပ်အား အကျီချွတ်စေပြီးလျှင် ရင်ဘပ်မှအမွေးများကို ဓားဖြင့် တပြင်းပြင်းရိတ်ပြန်လေ၏။ ကျွန်ုပ်မှာ ယားလွန်းသဖြင့် ကိုယ်ကို မတွန့်မိစေရန် သတိထားရလေ၏။ အကယ်၍ တွန့်မိပါကလည်း ဓားမှာ လွန်စွာထက်သောကြောင့် ဒုက္ခဖြစ်ပေလိမ့်မည်။ ထိုသို့ရိတ်ပြီးသောအခါ၌ စကားပြန်က. .

"ကောင်း-ပါ-သ-လား"

ဟု မေးလေ၏။ ထိုအခါတွင် ကျွန်ုပ်သည် သည်းမခံနိုင်တော့သဖြင့်. .

"မကောင်းဘူး"

ဟု အော်၍ပြောလိုက်ရာ စကားပြန်လည်း ဆတ္တာသည်ကြီးကို ခေါ်၍ ပြန်ထွက်သွားလေ၏။

ထို့နောက် ကျွန်ုပ်နှင့် အရပ်အမောင်း အလုံးအထည်အားဖြင့် မတိမ်းမယိမ်းရှိသော ခေါင်းတုံးနှင့်လူတစ်ယောက်ကို ခေါ်လာလေ၏။ ကျွန်ုပ်က. .

"ဘာကြီးကို ခေါ်လာပြန်တာတုံး"

ဟု မေးလိုက်ရာ စကားပြန်က. .

"ခင်-ဗျား-ဖျင်း-တယ်-ဆို-လတ်-ဖွေ့-ထိုး-ဖို့-ခေါ်-ခဲ့-တာ"



www.burmeseclassic.com

www.burmeseclassic.com



ဇာ ပြောလိုက်၍ စကားမဆုံးမီ၌ပင် ထိုခေါင်းတုံးနှင့်လူသည် ကျွန်ုပ်မျက်နှာသို့ လက်သီးဖြင့် လှမ်း၍ထိုးလိုက်လေတော့၏။ ကျွန်ုပ်လည်း မထတ်သာတော့သည့်အဆုံး၌ ထိုခေါင်းတုံးအား ပြန်၍ထိုးရလေ၏။ ထိုသို့ထိုးရင်းနှင့်လည်း တော်ပြီ . . တော်ပြီဟု ပြောရ၏။ သို့ရာတွင် ပြော၍လည်း မရပေ။ ထိုခေါင်းတုံးသည် ကျွန်ုပ်အား အလစ်မပေးဘဲ ထိုးကြိတ်တိုက်ခိုက်နေလေတော့၏။ ကျွန်ုပ်မှာလည်း ပြန်၍ထိုးကြိတ်ရလေ၏။ စကားပြန်မှာမူ ပြန်၍ထွက်သွားပြီ ဖြစ်ပေ၏။ ကျွန်ုပ်တို့ခေါင်းတုံးနှစ်ဦးသာလျှင် လွတ်လပ်စွာ သတ်ပုတ်နေကြရလေ၏။ အတော်အတန် သတ်ပုတ်မိပြီးနောက် တစ်ဖက်သော ခေါင်းတုံး၏လက်သီးသည် ကျွန်ုပ်ခန္ဓာကိုယ်၏ချက်ကောင်းသို့ တည့်တည့်ကြီး ထိုးမိသောကြောင့် ကျွန်ုပ်သည် ဖင်ထိုင်လျက် လဲရလေတော့သည်။

ထိုအခါကျမှပင် ထိုခေါင်းတုံးလည်း ထွက်သွားလေ၏။ နောက်တစ်နေ့၌လည်း ထိုခေါင်းတုံးပင် ရောက်ရှိလာပြီးလျှင် ထိုးနှက်သတ်ပုတ်ပြန်၏။ ထိုအခါ၌လည်း ကျွန်ုပ်သည် မှောက်လျက်လဲသွားသောကြောင့် ပြန်သွားလေ၏။

ထိုခေါင်းတုံးသည် ကျွန်ုပ်နှင့် နေ့စဉ်နေ့တိုင်း လာရောက်သတ်ပုတ်နေလေ၏။ ထိုသို့ နေ့စဉ်နေ့တိုင်း သတ်ပုတ်ခဲ့သောကြောင့် ကျွန်ုပ်မှာ တစ်နေ့တခြား လက်ရည်တက်လျက် ရှိလေတော့၏။ ကျွန်ုပ်





၏လက်သီးများသည် အထိုက်အလျောက် မာကျောလာလေ၏။ ကျွန်ုပ်လည်း အရှောင်အတိမ်း အတော်အတန်တတ်ကျွမ်းလာ၏။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်သည် လက်ဝှေ့မထိုးတတ်သောလူပြိန်းတစ်ဦး မဟုတ်ပေ။ ငယ်စဉ်ကပင် ထိုပညာကို လေ့လာဖူး၏။ သို့ရာတွင် နောင်အခါ၌ အသုံးမပြုရသောကြောင့် ထိုပညာကို မေ့သကဲ့သို့ရှိလေ၏။ ယခုမူ ထိုခေါင်းတုံးက ကျွန်ုပ်အား လက်ဝှေ့ပညာကို ကောင်းစွာ နွှေး၍ ပေးလိုက်ပြီဖြစ်၏။

ကျွန်ုပ်လည်း နေ့စဉ်နေ့တိုင်းလိုပင် ကြိုးစား၍ ထိုးကြိတ်လေ၏။ တစ်နေ့သ၌ ကျွန်ုပ်သည် ထိုခေါင်းတုံးအား ဒူးဖြင့်တိုက်လိုက်ရာ ထိုသူသည် ဖင်ထိုင်လျက်လဲကျသွားလေ၏။ ထိုအခါ၌ ထိုသူသည် ထွက်သွားပြီးလျှင် ၎င်းထက် အလုံးအထည်အားဖြင့် ကြီးမားသော အခြား ခေါင်းတုံးတစ်ယောက်ကိုခေါ်လာကာ ကျွန်ုပ်နှင့်သတ်ပုတ်စေလေ၏။ ကျွန်ုပ်လည်း ထိုခေါင်းတုံးသစ်အား သုံးရက်တိတိရှုံးပြီးနောက် လေးရက်မြောက်သောနေ့၌ ကျွန်ုပ်က အနိုင်ရရှိခဲ့လေ၏။ ထိုအခါ၌ ထိုခေါင်းတုံးသစ်လည်း ပြန်သွားပြီးလျှင် ၎င်းထက်တော်သော လက်ဝှေ့သမားခေါင်းတုံးတစ်ဦးခေါ်လာပြန်၏။ ကျွန်ုပ်လည်း ထိုခေါ်လာသူအား ထိုးကြိတ်ရပြန်လေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်း လက်ဝှေ့ပညာကိုလေ့ကျင့်ရသကဲ့သို့ ရှိလာခဲ့လေ၏။ ကျွန်ုပ်

www.burmeseclassic.com



၏ထိုးလုံးသတ်ခေါက်များသည်လည်း အံ့မခန်းတိုးတက်လာလေ၏။

အစ်လပြည့်မြောက်သောအခါ၌ စကားပြန်သည် ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီးလျှင်. .

"မိတ်-ဆွေ-အ-ပျင်း-ပြေ-ပါ-ပြီ-လား"

တု မေးလေ၏။ ကျွန်ုပ်က. .

"ဟုတ်ကဲ့. . ပြေပါပြီ"

ဟု ပြောလိုက်ရာ စကားပြန်က. .

"ဒီ-လို-ဆို-ရင်-ပ-ညာ-ရှိ-နဲ့-တွေ့ ပါ-ဦး"

ဟု ဆိုကာ ကျွန်ုပ်အား ရေမိုးချိုး၍ အဝတ်သစ်၊ အစားသစ်များလဲစေကာ လေးဘက်လေးတန်ကာရံထားသော ထောင်နှင့် လွန်စွာအလားသဏ္ဍာန်တူသည့်နေရာမှ ကျွန်ုပ်အားထုတ်၍ အခြားသော တစ်နေရာဆီသို့ ခေါ်သွားလေ၏။ ရေကန်လေးတစ်ကန်ကိုဖြတ်၍ ထိုးထားသောတံတားကလေးတစ်ခုကို တွေ့ရလေ၏။ ထိုတံတားလေးကို ကျွန်ုပ်နှင့် စကားပြန်သည် ဖြတ်ကျော်ကြလေ၏။ တံတားလေးကို ဖြတ်ကျော်ပြီးနောက် လွန်စွာစိမ်းလန်းစိုပြည်သော မြက်ခင်းပြင်ကို တွေ့ရလေ၏။ ထိုမြက်ခင်းပြင်၌လည်း သေသေသပ်သပ်ဆောက်လုပ်ထားသော တဲအိမ်ကလေးတစ်လုံးကိုလည်း တွေ့ရပြန်၏။ စကားပြန်သည် ထိုတဲအိမ်တွင်းသို့ ၎င်း၏ကျွန်းစကားဖြင့် တစ်စုံတစ်ခု လှမ်း





၍အော်လိုက်လေ၏။ ထိုအော်လိုက်ခြင်းသည် ဝင်ခွင့်တောင်းခြင်း ဖြစ်တန်ရာ၏။ တဲအတွင်းမှာမူ ကလေးငယ်တစ်ဦး၏ ပြန်၍ဖြေသံကို ကြားရလေ၏။ ထိုအခါ စကားပြန်လည်း တဲအတွင်းသို့ဝင်လေ၏။ ကျွန်ုပ်လည်း နောက်မှလိုက်၍ဝင်ရလေ၏။ တဲအတွင်း၌မူ လွန်စွာလှပသော မြက်ဖျာကြီးတစ်ချပ်ကို ခင်းထားလေ၏။ ထိုမြက်ဖျာပေါ်၌ ကလေးသူငယ်တစ်ယောက် ထိုင်၍နေလေ၏။ စကားပြန်သည် ထိုကလေးသူငယ်အနီး၌ထိုင်ကာ ကျွန်ုပ်အားလည်း ထိုင်ရန်ပြောလိုက်လေ၏။

ထို့နောက် စကားပြန်က ကလေးအား ချစ်ခင်ယုယစွာ နမ်းရှုပ်လိုက်လေ၏။ ပြီးလျှင် တစ်စုံတစ်ခုကို ပြောလိုက်ရာ ကလေးသည် ကျွန်ုပ်အားမော့ကြည့်လေ၏။ စကားပြန်ကလည်း ကျွန်ုပ်အား. .

"မိတ်ဆွေ. . ။ ကျုပ်တို့ဆီမှာ သူဟာ ပညာရှိပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်လည်း ယောင်ယမ်း၍. .

"ပညာရှိကလည်းဗျာ. . ။ ငယ်လှချည်လား"

ဟု ပြောကာ ပြုံးလိုက်မိလေသည်။ ကလေးသည် ကျွန်ုပ်ပြောသောစကားကို စကားပြန်အား မေးလေ၏။ စကားပြန်ကလည်း ထိုကလေးအား ကျွန်ုပ်၏စကားများကို ဘာသာပြန်ပေးလေ၏။ ထို့နောက် ကလေးက ကျွန်ုပ်အားကြည့်၍ ၎င်းတို့၏ကျွန်းစကားဖြင့်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။ ထိုအခါ စကားပြန်က. .

"ဒီ-မှာ-မိတ်-ဆွေ။ ကျုပ်-တို့-ပ-ညာ-ရှိ-က-ပြော-နေ-ပါ-တယ်။ ပ-ညာ-ဟာ-ရေ-လို-မ-ဟုတ်-ဘူး တဲ့။ ရေ-က-တော့-အိုး-အ-ကြီး-ကြီး-ဆို-ရင်-အ-များ-ကြီး-ရှိ-ပြီး-အိုး-ငယ်-ငယ်-ဆို-ရင်-နည်း-နည်း-လေး-ပဲ-ရှိ-နိုင်-တယ်။ ပ-ညာ-က-တော့-ဒီ-လို-မ-ဖြစ်-နိုင်-ဘူး-တဲ့။ လူ-အ-ကြီး-ကြီး-ဆီ-မှာ-လည်း-နည်း-နည်း-လေး-ရှိ-ချင်-ရှိ-တာ-တဲ့။ လူ-ငယ်-ငယ်-လေး-ဆီ-မှာ-လည်း-အ-များ-ကြီး-ရှိ-ချင်-ရှိ-နိုင်-တာ-မျိုး-တဲ့။ အဲ-ဒါ-လောက်-ကို-တောင်-မ-စဉ်း-စား-မိ-ဘဲ-လူ-ငယ်-လေး-ဆို-ရင်-ပ-ညာ-နည်း-နည်း-လေး-ဖြစ်-မှာ-ပဲ-လို့-ထင်-နေ-တဲ့-သူ-ဟာ-အ-တော့်-ကို-ပ-ညာ-နည်း-ရှာ-ပေ-တယ်-လို့-ပြော-တယ်"

ကျွန်ုပ်လည်း ထိုကလေး၏စကားကို အဓိပ္ပာယ်သိရသော အခါ၌ အတော့်ကိုအံ့ဩ၍သွားလေ၏။ ထို့ကြောင့်လည်း. .

"ပညာရှိလေးပြောတာ မှန်ပါပေတယ်"

ဟု ဝန်ခံလိုက်ရလေတော့၏။ ထိုအခါ ပညာရှိလေးက ကျွန်ုပ်အား. .





"သင့်အတွက် ခဲရာခဲဆစ်ဖြစ်နေသောပုစ္ဆာများရှိလျှင် ကျွန်ုပ်အားမေးနိုင်ပါသည်"

ဟု ပြောလေ၏။ ထိုစကားကိုလည်း စကားပြန်က ကောင်းစွာဘာသာပြန်ပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ထိုကလေးတို့သည် စကားပြန်၏အကူအညီဖြင့် အပြန်အလှန်စကားပြောကြလေတော့၏။

"ဒီမှာ တလေး. .။ မင်းကို ဟောဒီက စကားပြန်က ပညာရှိလို့ပြောတယ်။ အဲဒါ ဟုတ်သလား"

"ဒီမှာ လူကြီး. .။ သင့်ကို ဟောဒီစကားပြန်က လူဆိုးလို့ပြောနေပါတယ်။ ဟုတ်သလား"

"ကျုပ်ဟာ လူဆိုးတစ်ယောက်မဟုတ်ဘူး။ ပင်လယ်ထဲမှာ ဒုက္ခရောက်နေတဲ့ ဒုက္ခသည်တစ်ယောက်သာဖြစ်တယ်။ အင်း. . တစ်ခုတော့ ရှိတာပေါ့လေ။ ကျုပ်ကိုဒုက္ခပေးတဲ့ လူနဲ့တွေ့ရင်တော့ ကျုပ်ဟာ လူဆိုးတစ်ယောက် ဖြစ်ချင်ဖြစ်သွားမလား မဆိုနိုင်ဘူး"

"ကျုပ်ဟာ ပညာရှိတစ်ယောက်မဟုတ်ဘူး။ ဒီကျွန်းပေါ်မှာ မွေးဖွားခဲ့တဲ့ ကလေးတစ်ယောက်ပဲ ဖြစ်တယ်။ အင်း. . တစ်ခုတော့ ရှိတာပေါ့လေ။ ကျုပ်ကို ယုံယုံကြည်ကြည်နဲ့ ချဉ်းကပ်ပြီး မရှင်းမလင်းတာလေးတွေ မေးမြန်းတဲ့လူများ



www.burmeseclassic.com

www.burmeseclassic.com



မှီခဲ့ရင်တော့ ကျုပ်ဟာ ရှင်းလင်းအောင် ဖြေကြားနိုင်လိမ့်မယ် ထင်ပါတယ်။ အဲဒီအခါမျိုးမှာ ပညာရှိဖြစ်နေမလား မဆိုနိုင်ဘူး"

"ဒီလိုဆိုတော့ မင်းဟာ အမြဲတမ်း ပညာရှိမဟုတ်ဘူးပေါ့"

"ခင်ဗျားလည်း အမြဲတမ်းလူဆိုးမှ မဟုတ်ဘဲ"

"တော်တော်သဘောကျဖို့ကောင်းတယ်"

"သဘောကျခြင်းဟာ ခင်ဗျားဆီမှာရှိတယ်"

"ဒါပေမယ့် မင်းလို ကလေးလေးတစ်ယောက်က ခုလို စကားကြီးစကားကျယ်တွေ ပြောနေတာကိုတော့ ကျုပ်စိတ်ထဲမှာ မကျေနပ်သလိုပဲ"

"မကျေနပ်ခြင်းဟာလည်း ခင်ဗျားဆီမှာပဲရှိတယ်"

"မင်း... ဘာကိုပြောနေတာလဲကလေး"

"ကျေနပ်ခြင်းရော၊ မကျေနပ်ခြင်းရော ခင်ဗျားဆီမှာပဲရှိတယ်။ သဘောကျတာရော၊ သဘောမကျတာရော ခင်ဗျားဆီမှာပဲရှိတယ်။ ကောင်းတာရော၊ မကောင်းတာရော ခင်ဗျားဆီမှာပဲရှိတယ်။ အဲဒါတွေကို ခင်ဗျားလုပ်နေတာပဲ။ ခင်ဗျားကိုယ်တိုင် ဖန်ဆင်းနေတာပဲ။ ခင်ဗျားဟာ လူဆိုးကြီး ဖြစ်ချင်ဖြစ်သွားတယ်။ ပြီးတော့ တစ်ခါ





လူကောင်းကြီးဖြစ်ချင် ဖြစ်နေပြန်ရော။ ခင်ဗျားတစ်ယောက်တည်းပဲ။ ခင်ဗျားဟာခင်ဗျား လုပ်နေတာ။ အဲဒီလို လုပ်နေတယ်ဆိုတာကိုတော့ ခင်ဗျားကိုယ်တိုင်မသိရှာဘူး။ အဲဒီတော့ ခင်ဗျားဟာ ကိုယ့်ကိုယ်ကိုယ်ဘာမှန်း မသိတဲ့လူကြီးတစ်ယောက်ဖြစ်နေတယ်။ ခင်ဗျားဟာ ခင်ဗျား မျက်စိလည်နေတယ်။ ခင်ဗျားဟာခင်ဗျား ရှုပ်ထွေးနေတယ်။ ခင်ဗျားကိုယ်ခင်ဗျား လိမ်လည်လှည့်ဖြားနေတယ်။ အဲဒီနှစ်ခုရဲ့အကြားမှာ ခင်ဗျားပိတ်မိနေတယ်။ ကျုပ်ပြောချင်တာကတော့ ဒါပဲ"

"ကလေး..။ မင်းပြောတာတွေ ကျုပ်နားမလည်တော့ဘူး။ အဲဒီတော့ ကျုပ်ကို အခုလိုနားရှုပ်စရာကောင်းတဲ့ စကားတွေနဲ့ ဒုက္ခမပေးပါနဲ့တော့။ ကျုပ်တို့က ရှေ့ကိုဘယ်လိုဖြစ်ကြမှာတုံး"

"ကျွန်းပေါ်ကို သင်တို့အားလုံး ဘယ်နှစ်ယောက် ရောက်လာကြတာတုံး"

"အားလုံး ခုနစ်ယောက်ပါ"

"သင်တို့ ဒီကျွန်းက ရွှေတွေငွေတွေနဲ့ တခြားပစ္စည်းတွေ ယူပြီး ထွက်ပြေးကြမှာပေါ့။ ဘာဖြစ်စရာရှိလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



"ထွက်ပြေးလို့ကော လွတ်နိုင်ပါ့မလား"

"လွတ်ပါတယ်။ ဒီကျွန်းမှာက ကျုပ်အပါအဝင် ကျွန်းသားအားလုံး တစ်ရာ့ရှစ်ယောက်ပဲရှိတာ။ အဲဒီ တစ်ရာ့ရှစ်ယောက်မှာ ကလေးက လေးဆယ်ရှိတယ်။ လူကြီးက မစွမ်းမသန်က ဆယ်ယောက်ရှိတယ်။ သန်သန်မာမာ ငါးဆယ့်ရှစ်ယောက်ရှိတယ်။ အဲဒီ သန်သန်မာမာ ငါးဆယ့်ရှစ်ယောက်မှာ ယောက်ျားက အစိတ်ပဲရှိတယ်။ ကျန်တာက မိန်းမတွေချည်းပဲ။ သင်တို့ဟာ မလွဲသာမရှောင်သာ တိုက်ခိုက်ရမယ်ဆိုရင် လူအစိတ်နဲ့ပဲ တိုက်ခိုက်ရမှာ။ အဲဒီ လူအစိတ်ဟာလည်း ဒီကျွန်းကလွဲပြီး ဘယ်ကိုမှမရောက်ဖူးကြဘူး။ အဲဒီတော့ သူတို့ဟာ ခင်ဗျားတို့ယောက် ပါးရည်နပ်ရည်ရှိမှာ မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားတို့ လွတ်မြောက်သွားမှာပါ"

"ကျုပ်တို့ ပင်လယ်ထဲမှာ လေမုန်တိုင်းမိဦးမလား"

"သင်ဟာ ကျုပ်ကို ဗေဒင်ဆရာလို မေးနေတယ်။ ကျွန်ုပ်ဟာ ဗေဒင်ဆရာမဟုတ်ဘူး။ အခု သင့်ကိုပြောပြနေတာတွေဟာ ဗေဒင်ဟောနေတာမဟုတ်ဘူး။ အကြောင်းတရားတွေကိုဆက်စပ်ပြီး အကျိုးတရားတွေကို ပြောပြနေတာ။





ဒါဟာ ပညာလည်းမဟုတ်သေးဘူး။ ရေနွေးအိုးတည်တာလောက်ပဲ ရှိသေးတယ်။ ရေနွေးအိုးတည်တဲ့အခါမှာ မီးများများထိုးပြီး ရေများများထည့်ရင် ရေဟာ မြန်မြန်မဆူနိုင်ဘူးလို့ သိတဲ့အသိလောက်ပဲရှိသေးတယ်။ ဘာများဆန်းလို့တုံး"

"ကောင်းပါပြီ. . ကျုပ်ရှင်းပါပြီ။ နောက်ကိုလည်း မရှင်းတာရှိရင် မေးပါရစေ"

ထိုပညာရှိကလေးသည် ကျွန်ုပ်အား တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ ပြုံးပြလိုက်လေ၏။ ကျွန်ုပ်ကလည်း စကားပြန်အား. .

"ပညာရှိနဲ့ တွေ့ပြီးပါပြီ။ နောက်ထပ် ဘာနဲ့တွေ့ရဦးမလဲ"

ဟု မေးလိုက်ရာ စကားပြန်သည် ကျွန်ုပ်အား. .

"လာခဲ့ပါ"

ဟု ဆိုကာ နေရာတစ်နေရာသို့ ခေါ်သွားလေ၏။

ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်ပါသွားရလေ၏။ လှပသောပန်းခြံများကို ဖြတ်သွားရလေ၏။ သဘာဝတောအုပ်လေးတစ်ခုကို တက်၍သွားရလေ၏။ အပေါ်သို့ရောက်လျှင် အိမ်တစ်လုံးကို တွေ့ရလေ၏။ ယင်းအိမ်တစ်လုံး၏နောက်တွင် လှပသောပန်းခြံတစ်ခုလည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဝန်ချီတစ်ခုအတွင်း၌ ကြီးမားသော ရေစည်ပိုင်းကြီးအထဲတွင် မုတ်ဆိတ်ဖြူကြီးသည် ရေချိုးနေလေ၏။ လှပသောကျွန်းသူကလေးနှစ်ဦးသည် မုတ်ဆိတ်ဖြူကြီးအား ကြေး (ဂျီး)တွန်း ပေးနေလေ၏။ မုတ်ဆိတ်ဖြူကြီးသည် ထိုကျွန်းသူကလေးနှစ်ဦးအား မကြာခဏဆိုသလို ဖက်ယမ်းနမ်းရှုပ်နေလေ၏။ ၎င်း၏လက်များကလည်း ကျွန်းသူကလေးနှစ်ဦး၏ ကိုယ်ခန္ဓာအနှံ့အပြားကို ပွတ်သပ်ကိုင်တွယ်နေလေ၏။ မုတ်ဆိတ်ဖြူကြီးသည် ကျွန်ုပ်တို့အား သတိရပုံပင် မပေါ်တော့ပေ။ ထို့ထက်ဆိုရပါမူ လောကကြီးတစ်ခုလုံးကိုပင် သတိရပုံမပေါ်တော့ပေ။ သူ၏မျက်နှာတွင် ဤကျွန်း၌နေထိုင်ရခြင်းကို ကျေနပ်ပုံရှိလေ၏။

ကျွန်ုပ်သည် မျောက်နှင့်နေခဲ့ရ၏။ ဆိတ်နှင့်လည်း နေခဲ့ရ၏။ ခေါင်းတုံးပြောင်များနှင့် နေ့စဉ်သတ်ပုတ်ခဲ့ရ၏။ မုတ်ဆိတ်ဖြူကြီးမှာကား ကျွန်ုပ်ကဲ့သို့မဟုတ်ဘဲ မဟာရာဇာတစ်ဦး၏စည်းစိမ်ကို ရရှိနေခြင်းအတွက် ကျွန်ုပ်၏စိတ်ထဲတွင် မနာလိုသကဲ့သို့ ဖြစ်သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"မုတ်ဆိတ်ဖြူကြီး"

ဟု လှမ်း၍အော်လိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးလည်း အလန့်တကြား ကျွန်ုပ်အား လှမ်း၍ကြည့်လိုက်လေ၏။ ၎င်း၏မျက်နှာသည်





ကျွန်ုပ်အပေါ်၌ မကျေမနပ်ဖြစ်၍သွားလေ၏။

"သင်ဟာ ကိုယ့်နေရာမှာကိုယ်မနေဘဲ သူတစ်ပါးရဲ့နေရာကို ဘာဖြစ်လို့လာရတာတုံး။ သင်ဟာ ယဉ်ကျေးမှုမရှိတဲ့ လူတစ်ယောက်ပဲ"

ဟု ပြောလိုက်ပြီးလျှင် ရေစည်ပိုင်းအတွင်းမှထကာ သုတ်ပဝါကဲ့သို့ အဝတ်ရှည်ကြီးဖြင့် တစ်ကိုယ်လုံးကို ပွဝ လေ၏။

"ခင်ဗျားလိုချင်တဲ့အသက်ရှည်ဆေးကိုရပြီ မစဉ်းစားဘဲ ကောင်မလေးတွေနဲ့ လာပြီးမြူ"

ဟု ကျွန်ုပ်က ပြန်၍ငေါက်လိုက်လေ၏။

"အသက်ရှည်ဆေးဆိုတာ အခု ကျွန်ုပ်တွေ့နေရတဲ့ ဝတ္ထုတွေပဲဖြစ်လိမ့်မယ်ထင်တယ်။ ဒါကြောင့် ကျွန်ုပ်ဟာ အခြားအသက်ရှည်ဆေးကိုမရှာတော့ပါဘူး"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။ ထိုအချိန်၌မှာပင် ကျွန်းသူကလေးနှစ်ဦးသည် အိမ်တွင်းသို့ဝင်သွားပြီးလျှင် နွားနို့နှင့်မုန့်များကို ယူလာကာ မုတ်ဆိတ်ဖြူကြီးအား ကျွေးလေ၏။ မုတ်ဆိတ်ဖြူကြီးလည်း နွားနို့နှင့် မုန့်ကိုစားရင်း ကျွန်ုပ်၏စကားပြန်အား. .



www.burmeseclassic.com

www.burmeseclassic.com



"စကားပြန်ကြီး . . ။ သူ့ကို ဘာဖြစ်လို့ ဒီကိုခေါ်လာရတာလဲ။ ပြန်ခေါ်သွားပါ"

ဟု ပြောသဖြင့် စကားပြန်လည်း . .

"လာ . . သွားမယ်"

ဟု ဆိုကာ ကျွန်ုပ်အား အခြားနေရာသို့ ခေါ်သွားပြန်လေ၏။ ကျွန်းသူကံမှ လွန်စွာသွားရခက်၏။ ကျောက်ဆစ်ကျောက်ခဲများသည် နေလေ၏။ မှောက်လုံး၌ ထိုးထိုးထောင်ထောင်ထွက်နေသဖြင့် ဂရုစိုက်၍ လျှောက်ရလေ၏။ ထို့ မြေတိုက်ကလေးတစ်တိုက်သို့ ရောက်သောအခါ၌ မပေါ်တော့မှနေ၍ မြေတိုက်တွင်းသို့ ကြည့်ခွင့်ပေးလေ၏။ ကျွန်ုပ် နပ်ပုံရှိလေ၏ ကျောက်အတွင်းသို့ ကြည့်လိုက်ရာ မောင်ဘမှန်ကို တွေ့ရလေ

မောင်ဘမှန်၏ ခြေထောက်နှစ်ဖက်အား ထိတ်တုံးများ ခတ်ထားလေ၏။ ၎င်း၏ရှေ့၌မူ ကျောက်ရေကန်ကလေးတစ်ခုရှိလေ၏။ ၎င်းသည် ထိုကျောက်ရေကန်လေးမှရေကို ပုံးဖြင့်ခပ်သယ်၍ ၎င်းအနီးရှိ အခြားသောကျောက်ရေကန်ကလေးအတွင်းသို့ ထိုရေကို လောင်းထည့်ရလေ၏။ ပထမကျောက်ရေကန်သည် ဒုတိယကျောက်ရေကန်ထက် အနည်းငယ်နိမ့်လေ၏။ ထို့ကြောင့် ဒုတိယကျောက်ရေကန်အတွင်းသို့ မောင်ဘမှန်လောင်းထည့်လိုက်သောရေများသည် ကျောက်မြောင်း





ကလေးမှတစ်ဆင့် ပထမကျောက်ရေကန်အတွင်းသို့ စီး၍ဝင်သွားလေ၏။ ပထမကျောက်ရေကန်သည် ပြည့်မြဲပြန်၍ပြည့်ပြန်လေ၏။ ထိုအခါ ကျွန်းသားတစ်ဦးသည် ကျာပွတ်ဖြင့် မောင်ဘမှန်၏ကျောကို 'ရွှမ်း' ခနဲ ရိုက်လိုက်လေ၏။ မောင်ဘမှန်သည် ရေကို တစ်ဖန်ခပ်၍ လောင်းရပြန်လေ၏။ ထိုရေသည် ရှေးနည်းအတိုင်း မူလနေရာသို့ ပြန်လည်၍စီးဝင်သွားပြန်လေ၏။ ရွှမ်းခနဲ အရိုက်ခံရပြန်လေ၏။ ကျွန်ုပ်သည် မောင်ဘမှန်၏အဖြစ်ကိုကြည့်ကာ လွန်စွာသနားခြင်းဖြစ်မိလေ၏။ မောင်ဘမှန်သည် အရှင်လတ်လတ် ငရဲခံနေရသကဲ့သို့ဖြစ်၏။ ကျွန်ုပ်က . .

"မောင်ဘမှန်"

ဟု လှမ်း၍အော်လိုက်မိလေ၏။ မောင်ဘမှန်က ကျွန်ုပ်အား မော့ကြည့်ပြီးလျှင် . .

"အလို . . ကိုဘိုးတူပါလား။ ခင်ဗျား နေရထိုင်ရတာ ကျွန်ုပ်လောက် အရသာရှိရဲ့လား"

ဟု လှမ်း၍မေးလိုက်လေ၏။ ၎င်းသည် စိတ်ပျက်ခြင်း၊ အားငယ်ခြင်း ဖြစ်ပုံမရပေ။

"ခင်ဗျားကို ခိုင်းထားတာ ဘယ်တော့မှမပြီးနိုင်တဲ့ အလုပ်ကို ခိုင်းထားတာပဲ။ တော်တော်ရက်စက်တဲ့ ကျွန်းသားတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်ကပြောလိုက်ရာ မောင်ဘမှန်က. .

"သူတို့အလှည့်ပဲဗျာ။ လုပ်ပစေပေါ့။ ကျုပ်အလှည့်ပြန်ရောက်ရင်လည်း ဒီကောင်တွေ ဘယ်သက်သာလိမ့်မတုံး။ ကျွန်းတစ်ကျွန်းလုံး မီးနဲ့ကိုတိုက်ပစ်မယ်"

ဟု ကြုံးဝါးလိုက်လေ၏။

"အစားအသောက်ကော ကောင်းကောင်းစားရရဲ့လား"

ဟု ကျွန်ုပ်ကမေးရာ မောင်ဘမှန်က. .

"ဘယ်ကောင်းမတုံးဗျာ။ အဲဒီ မကောင်းတာကိုတောင် ဝအောင် မကျွေးဘူးဗျ။ ဒါပေမယ့် မပူပါနဲ့ကိုဘိုးတူရယ်။ ဒီငရဲကျွန်းကလွတ်အောင် ကျုပ်ကြံနေပါတယ်။ တစ်ခုခက်တာက အကြံကလေးပေါ်မလို လုပ်လိုက်၊ ကျောကို ကျာပွတ်နဲ့ အရိုက်ခံလိုက်ရနဲ့ဆိုတော့ အကြံကလေးပျောက်ပျောက်သွားတယ်ဗျ။ စိတ်မပျက်ပါနဲ့ကိုဘိုးတူရယ်။ လွတ်မြောက်ရေးဆိုတာ လွတ်မြောက်ချင်တဲ့လူဆီကို တစ်နေ့ ရောက်လာတာပါပဲ"

ဟု ၎င်းကပင် ကျွန်ုပ်ကို အားပေးစကားပြောလေ၏။

ထို့နောက် စကားပြန်သည် ကျွန်ုပ်အား ထိုနေရာမှ ခေါ်ခဲ့ပြီးလျှင် အခြားသောနေရာသို့ ခေါ်ဆောင်သွားပြန်လေ၏။ ထိုနေရာမှာ





လည်း တောင်ကုန်းကလေးတွင်ဖြစ်၏။ လှေကားထစ်သဖွယ်ပြုလုပ်ထားသော လမ်းကလေးပေါ်မှဖြတ်ကာ တောင်ကုန်းပေါ်သို့ တက်ရလေ၏။ တောင်ကုန်းကလေးပေါ်တွင် သပ်သပ်ရပ်ရပ်ဆောက်ထားသော ရွံ့အိမ်ကလေးတစ်လုံးတွေ့ရလေ၏။ ထိုရွှံ့အိမ်သို့ရောက်သောအခါ၌ ချောင်းကြည့်ပေါက်မှနေ၍ အတွင်းသို့ကြည့်ရန် စကားပြန်က ကျွန်ုပ်အား လက်ဟန်ခြေဟန်ဖြင့်ပြလေ၏။ ကျွန်ုပ်လည်း ချောင်းကြည့်ပေါက်မှနေ၍ ကြည့်လိုက်လေ၏။ အဘွင်း၌ကား ဖြူစင်သန့်ပြန့်၍ ဆံပင်လွန်စွာရှည်လျားသောမိန်းမတစ်ဦးနှင့် ပိန်ပိန်ကပ်ကပ် မည်းမည်းခြောက်ခြောက်နိုင်လှသော ယောကျ်ားတစ်ဦးတို့သည် အဝတ်ဗလာဖြင့် လွတ်လပ်စွာချစ်တင်းနှီးနှောနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က စကားပြန်အား မကြည့်လိုတော့ကြောင်း၊ တခြားနေရာသို့ သွားလိုကြောင်း လက်ဟန်ခြေဟန်ဖြင့်ပြောလိုက်ရာ စကားပြန်သည် ကျွန်ုပ်အား လည်ကုပ်မှကိုင်ကာ ချောင်းကြည့်ပေါက်အတွင်းသို့ ကျွန်ုပ်၏ဦးခေါင်းကိုထိုးသွင်းကာ ကျွန်ုပ် မကြည့်လိုသောအရာကို ကြည့်ခိုင်းလေ၏။ သို့ရာတွင် ကျွန်ုပ်က မျက်စိမှိတ်ထားလိုက်ပြီဖြစ်၏။

ကျွန်ုပ်မျက်စိပြန်၍ဖွင့်သောအခါ၌ မည်းခြောက်ခြောက် ပိန်ကပ်ကပ်ယောကျ်ားနှင့် ဖြူဖြူလှလှမိန်းမတို့၏ အချစ်စမ်းရေးသည် ရပ်တန့်သွားပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က. .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုဖူးညို"

ဟု လှမ်း၍ခေါ်လိုက်ရာကိုဖူးညိုသည် ရှက်ကိုးရှက်ကန်းဖြင့် အဝတ်များကိုဝတ်လေ၏။ ထို့နောက် ကျွန်ုပ်အား. .

"မင်းဟာ ငါ့တပည့် (၃၆)ယောက် ထဲမှာ အညံ့ဆုံးကောင်ပဲ။ ဒီကိုဘာ ဖြစ်လို့လာရတာလဲ။ ကိုယ့်နေရာမှာ ကိုယ်နေပါလား။ မင်းတို့ သိပ်ပြီးခက်တဲ့ကောင်တွေ။ ယဉ်ကျေးမှု မရှိဘူး။ အခုထွက်သွား"

ဟု ကျွန်ုပ်အား မာန်မဲလေတော့၏။

"ဒီကျွန်းကပြန်ဖို့ နည်းနည်းမှမစဉ်းစားတော့ဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဒါကြောင့် မင်းကို ညံ့တယ်လို့ပြောတာပေါ့။ အလုပ်လည်း မလုပ်ရဘဲ မိန်းမနှစ်ယောက်ကို တစ်ပြိုင်တည်း ရထားတဲ့ ဒီလိုနေရာမျိုး နောက်ထပ် ဘယ်မှာရှိသေးလို့တုံး။ ငါက တော့မလိုက်ဘူးမောင်။ မင်းတို့ ပြန်ချင်ပြန်ကြ"

ဟု ဆရာကိုဖူးညိုလည်း ကျွန်ုပ်အားပြောဆိုကာ မောင်းထုတ်လေတော့၏။

ကျွန်ုပ်သည် စကားပြန်အား တခြားနေရာသို့ သွားမည်ဖြစ်ကြောင်း ပြောလိုက်လေ၏။ စကားပြန်သည် ကျွန်ုပ်အားခေါ်၍ အခြားနေရာသို့ ပို့ပြန်လေ၏။ ထိုနေရာမှာလည်း ထောင်နှင့်လွန်စွာတူလေ၏။ နံရံလေးဘက်ကာရံထားပြီးလျှင် အတွင်း၌ မြေကွက်လပ်တစ်ခုရှိလေ၏။ ထိုမြေကွက်လပ်၏အလယ်၌ လူတစ်ယောက်သည် ထိုင်၍ သစ်တုံးကလေးတစ်တုံးကို ပန်းပုထုနေသည်ကို နောက်ကျောဘက်မှ မြင်တွေ့ရလေ၏။ ၎င်းထုနေသောပန်းပုရုပ်မှာ နွားရုပ်ဖြစ်လေ၏။ ၎င်း၏အနီး၌လည်း ၎င်းထုလုပ်ထားသော နွားရုပ်အမြောက်အမြား ရှိလေ၏။ ၎င်းသည် နွားရုပ်ပုံကို အလွတ်ထုရသည်မဟုတ်။ နမူနာ ရုပ်ပုံတစ်ခုကို ကြည့်ရှု၍ မတူ့တူအောင် ထုလုပ်နေခြင်းဖြစ်လေ၏။ ခဏစောင့်မျှကြာလျှင် ၎င်းနေရာသို့ လူတစ်ယောက်ရောက်လာလေ၏။ ထိုသူသည် ပန်းပုဆရာ၏လက်တွင်းမှ နွားရုပ်ကို ဆွဲယူကြည့်ရှုပြီးလျှင် ခေါင်းကို တွင်တွင်ယမ်းလေ၏။ အဓိပ္ပာယ်မှာ 'မတူဘူး' ဟု ငြင်းဆိုနေပုံရလေ၏။ ထို့နောက် ထိုသူက ပန်းပုဆရာ၏ကျောအား နှာပွတ်ဖြင့် 'ရွှမ်း' ခနဲရိုက်လိုက်လေ၏။ ပန်းပုဆရာလည်း. .

"အလိုလေး. ."

ဟု အော်လိုက်လေ၏။ ထိုအခါကျမှပင် ပန်းပုဆရာမှာ ကျွန်ုပ်တို့၏မိတ်ဆွေကြီး ကိုစိန်သွေးဖြစ်ကြောင်း သိရလေတော့၏။

"ကိုစိန်သွေး"

ဟု ကျွန်ုပ်က လှမ်း၍တစ်အော်လိုက်လေ၏။ ကိုစိန်သွေး







www.burmeseclassic.com

www.burmeseclassic.com



သည့် အသံလာရာဆီသို့ လှည့်ကြည့်ကာ ကျွန်ုပ်ကိုတွေ့မြင်သွားသော အခါ၌. .

"မောင်ဘိုးတူပါလား။ ကျုပ်တော့ အဖော်ကို ဒုက္ခရောက် နေပြီကွို့။ နေ့တိုင်း ကျာပွတ်နဲ့ တစ်ချက်တစ်ချက် အရိုက်ခံ နေရတယ်။ အိမ်ကိုလည်း လွမ်းလှပါပြီဗျာ။ ဒီကျွန်းပေါ်က ထွက်ပြေးလို့ရရင် အမြန်ဆုံးပြေးကြပါစို့"

ဟု ညည်းညူလေတော့၏။ ထိုအခါ ကျွန်ုပ်က. .

"ကျုပ်လည်း ကြိုးစားပါ့မယ်ဗျာ။ စိတ်တော့မပျက်ပါနဲ့"

ဟု ပြောလိုက်ရာ ကိုစိန်သွေးက. .

"မြန်မြန်လုပ်ပါ မောင်ဘိုးတူရယ်"

ဟု အားကိုးတကြီး ပြောလေ၏။ ထို့နောက် စကားပြန်အသည် အခြားနေရာတစ်ခုသို့ ကျွန်ုပ်အားခေါ်သွားပြန်လေ၏။ ထိုနေရာမှာ လည်း တောင်ကုန်းတစ်ခုပင်ဖြစ်လေ၏။ ကျွန်ုပ်သည် ထိုစကားပြန်နှင့် အတူ တောင်ကုန်းပေါ်သို့ တက်ကြလေ၏။ တောင်ကုန်းပေါ်တွင် ရွှံ့ ဖြင့်ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးကို တွေ့ရလေ၏။

ကျွန်ုပ်နှင့် စကားပြန်သည် ထိုအိမ်အနီးသို့ ချဉ်းကပ်လေ၏။ ထို့နောက် စကားပြန်က ပြတင်းပေါက်မှနေ၍ အိမ်ခန်းတွင်းသို့ ကျွန်ုပ် အား ကြည့်စေလေ၏။ ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း ကြည့်လိုက်





ရာ သွေ့နှစ်ရှာ ချောမောသော ကျွန်းသူလေးနှစ်ဦးသည် လွန်စွာထွားကျိုင်း သော လူကြီးတစ်ဦးအား သီချင်းဆိုကာ သပ်သိမ်းနယ်ပေးနေသည် ကို တွေ့ရလေ၏။ ထိုလူထွားကြီးလည်း ကျွန်းသူလေးတစ်ဦး၏ခါးကို ဖက်လျက် တမ်းပွဲဟဲ. .နှင့် ရယ်မောသာ ကျေနေနေ့လေ၏။ ထိုလူထွားကြီးမှာ မျက်စိတစ်ဖက်လပ်မှု 'တိုက်ဂါးကြီး' ဆိုသူ ဖြစ်လေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"တိုက်ဂါးကြီး"

ဟု ခေါ်လိုက်ရာ တိုက်ဂါးကြီးသည် ကျွန်ုပ်အား စားတော့ ဝါးတော့မည်ကဲ့သို့ ကြည့်ရှုလိုက်ပြီးလျှင်. .

"မင်းက ဘာကိစ္စ ငါ့နေရာကို လာရတာတုံး။ ကိုယ့်နေရာ ကိုယ်နေပါလား။ မင်းဟာ စောက်မှတ်ရှိရင်းတဲ့ အကောင် ပဲ။ ယဉ်ကျေးမှုမရှိဘူး"

ဟု ပြောလိုက်လေ၏။

"မဟုတ်ပါဘူး တိုက်ဂါးကြီးရယ်။ ခင်ဗျား ဒီကျွန်းပေါ်မှာ စိတ်သက်သာ နေတော့မှာလား။ ပြန်ဖို့ စိတ်မကူးတော့ ဘူးလား"

ဟု ပြောလိုက်ရာ တိုက်ဂါးကြီးက. .

"မင်းတာ အရူးပဲ။ ဘာမှမသိတတ်တဲ့ကောင်ပဲ။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်မျိုးကိုလိုချင်လို့ ငါဟာ ပင်လယ်ဓားပြ လုပ်ခဲ့တာကွ။ အခု ဒီစည်းစိမ်ကိုရပြီလေ။ ဘာဖြစ်လို့ အပင်ပန်းခံတော့မတုံး။ ပင်လယ်ဓားပြလုပ်ရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ ဘမှန်လိုကောင်မျိုးနဲ့တွေ့ရင် မျက်လုံးတစ်ဖက်ကျွတ်နိုင်တယ်။ မျက်နှာကို ပုဆိန်နဲ့ အခုတ်ခံရနိုင်တယ်။ ဒီမှာက ဘာအန္တရာယ်မှမရှိဘူး။ ကောင်မလေးနှစ်ယောက်နဲ့ အိမ်ထောင်ကျနေပြီ။ ငါဟာ နတ်ပြည်ကိုရောက်နေပြီ။ မင်းတို့ ပြန်ချင်ပြန်ကြပါ။ ငါ့ကိုမခေါ်ပါနဲ့"

ဟု ပြောဆိုကာ ကျွန်ုပ်အား မောင်းထုတ်လိုက်လေတော့၏။ ကျွန်ုပ်လည်း စကားပြန်နှင့်အတူ ထွက်ခဲ့လေ၏။

စကားပြန်သည် ကျွန်ုပ်အား အခြားနေရာတစ်ခုသို့ ခေါ်သွားပြန်လေ၏။ ထိုနေရာမှာလည်း ထောင်နှင့်လွန်စွာတူလေ၏။ ကျွန်ုပ်အား ထို ထောင်နှင့်တူသောအဆောက်အဦ၏အတွင်းသို့ ပြတင်းပေါက်မှကြည့်ခိုင်းလေ၏။ အတွင်း၌တွေ့ရသောအရာကား စားဖိုဆောင်ကြီးတစ်ဆောင် ဖြစ်လေသည်။

လွန်စွာကြီးမားသောမီးဖိုကြီးတွင် လူတစ်ယောက်သည် စားဖွယ်သောက်ဖွယ်များကို အိုးကြီးတစ်လုံးဖြင့်ချက်ပြုတ်နေလေ၏။ ထိုသူ





သည် ဆုံကြီးတစ်ဆုံအတွင်းသို့ ဟင်းချက်အမွှေးအကြိုင်များကိုထည့်ကာ ကြီးမားသောကျည်ပွေ့ကြီးဖြင့် ထောင်းထုနေလေ၏။ ပြီးလျှင် ထိုအရာကို ဟင်းအိုး၌စပ်လေ၏။ ထိုအချိန်၌ပင် လူတစ်ယောက် ဝင်လာပြီးလျှင် ဟင်းကိုမြည်းလေ၏။ ထို့နောက် ခေါင်းကိုတွင်တွင်ယမ်းလျက် ကျာပွတ်ဖြင့် 'ရွမ်း' ခနဲရိုက်လေ၏။ ထိုအခါ ထမင်းချက်တဟင်းအိုးအတွင်းသို့ ဆားများခတ်လေ၏။ ဟင်းမြည်းသူက ထပ်၍မြည်းကာ သဘောကျသွားလေ၏။ ထိုအခါကျမှပင် ခေါင်းတညိတ်ညိတ်ဖြင့် အပြင်သို့ထွက်သွားလေ၏။ များမကြာမီ၌ပင် လူတစ်ယောက်ဝင်လာပြန်၏။ ဟင်းကို မြည်းပြန်၏။ ပြီးလျှင် ရှုံ့မဲ့ကာ ထမင်းချက်အား ကျာပွတ်ဖြင့် 'ရွမ်း' ခနဲရိုက်ပြန်လေ၏။ ထိုအခါ ထမင်းချက်လည်း ဟင်းအိုးအတွင်းသို့ ရေနွေးများခပ်၍ ထည့်လိုက်လေ၏။ ဟင်းမြည်းသူကလည်း မြည်းပြန်လေ၏။ ထိုအခါကျမှပင် ဟင်းကိုသဘောကျကာ ခေါင်းတညိတ်ညိတ်ဖြင့် ထွက်သွားလေ၏။ ထမင်းချက်မှာကား အခြားသူမဟုတ်ပေ။ ကျွန်ုပ်၏မိတ်ဆွေကြီး မောင်ဘမျိုးပင်ဖြစ်လေ၏။

"ဟော့ . . မောင်ဘမျိုး"

ဟု ကျွန်ုပ်က လှမ်း၍ခေါ်လိုက်လေ၏။ မောင်ဘမျိုးလည်း ကျွန်ုပ်ရှိရာ ပြတင်းပေါက်ဆီသို့ လှမ်း၍ကြည့်ပြီးလျှင် . .

"ဟော့ . . မောင်ဘိုးတူ၊ တင်းလေး ဘာလေး [illegible]

www.burmeseclassic.com



ကြားမ၊ ကျွန်မတော့ မနက်လေးချက်၊ ညနေလေးချက် ထော
ထွက်နဲ့ အစွယ်ခံနေရတယ်ဗျ။ ဟင်းမြည်းတဲ့လူ နှစ်
ယောက်တွေ့ခဲ့ရတယ်။ တစ်ယောက်က အရေပါးသိမ်ပြီး
ကြိုးဆွဲတယ်။ တစ်ယောက်က အရေနက်သိမ်ပြီးကြိုးဆွဲတယ်။
အရေပါးသမားက ခေါင်းထွက်တယ်ဆိုပြီး ရိုက်တယ်။ အရေနက်သမား
ကလည်း ခေါင်းပါတယ်ဆိုပြီး ရိုက်တယ်။ တော်တော်ရယ်ရတဲ့အကြောင်း
ပါနေတယ်။ သူတို့နှစ်ယောက်ရဲ့ လျှာကို တစ်နေ့မှာ
ဆုံးတွေ့ရအောင် ချက်ပြုတ်နေရတယ်။ အပြင်မှာ သူများမြော
အပေါ်သမားရှေ့ရော လက်ခံနိုင်တဲ့ အဆင့်မှာ ကျနော်တော့မှ
ဟင်းအိုးချရတယ်။ အဲဒီအချိန်မှာ ကျွန်ုပ်တင်းတိုကျွမ်မ
ဆန်းပဲတို့။ ကျွန်းကလွှတ်မြောက်ဖို့ နည်းနည်းကြိုးစားဦးလေ။
ဒီလိုချည်းနေလို့ ဘယ်ဖြစ်မလဲ။ ကျွန်ုပ်လည်း ကြံနေပါ
တယ်။ အကြံကောင်းတဲ့တစ်နေ့မှာတော့ ဒီတောင်ကတွေ
မလွှမ်းဘူး။ တစ်ကျွန်းလုံးကို မီးတိုက်ပစ်မယ်”

ဟု မောင်ဘမျိုးက ကြုံးရိုးလိုက်လေ၏။

ထိုနောက် စကားပြန်သည် ကျွန်ုပ်အား ကျွန်းရှိ ကျွန်းသား
များအလုပ်လုပ်နေသည့်နေရာသို့ ခေါ်သွားလေ၏။
အချို့သည် ကောက်စိမ်းပဲသီးနှံများကို သန့်စင်၍ ကျီများအတွင်း
သို့ ပို့နေလေ၏။ အချို့မှာ ယက်ကန်းများခတ်နေလေ၏။ ပန်းပဲရုံ
တစ်ရုံလည်း တွေ့ရလေ၏။ ပန်းပဲသမားနှစ်ဦး အလုပ်လုပ်နေကြလေ
၏။ ထို့နောက် စိုက်ပျိုးထွန်ယက်နေသော လူ (၅၀)ခန့်ကို တွေ့ရလေ
၏။ ငါးခြောက်များပြုလုပ်နေသော လူအချို့ကို တွေ့ရလေ၏။ ထိုအခါ
ကျွန်ုပ်က စကားပြန်အား

“ဒီမှာ စကားပြန်ကြီးရဲ့၊ ခင်ဗျားတို့ရဲ့ ပညာရှိတလေး
ပြောတာကတော့ ဒီကျွန်းပေါ်မှာ လူတစ်ရာ့ရှစ်ယောက်
ပဲရှိတယ်ဆို။ အခု ကျုပ်သတိပြုမိတာကတော့ လူနှစ်ရာ
နီးပါးလောက် ရှိနေတယ်”

ဟု ပြောလိုက်ရာ စကားပြန်က

“ပညာရှိပြောတာက ကျွန်းအားတွေကို ပြောတာပါ။ သင်
တို့လို ကျွန်းကိုရောက်လာလို့ ဖမ်းပြီး အလုပ်လုပ်ခိုင်းထား
တဲ့လူ (၅၀) လောက်ရှိတယ်ဗျ။ အဲဒီလူတွေနဲ့ သင်တို့ကို
တစ်ပေါင်းတည်းထားပေးမှာပါ။ အခုတော့ ဆီးသန့်နေရ
ဦးမယ်။ သင့်မှာ ရွေးချယ်ခွင့်ရှိပါတယ်။ သင် အယ်ဘွန်နဲ့
နေချင်သလား။ နေချင်တဲ့လူနဲ့ ထားပေးပါမယ်။ မှက်ဆိုင်ကြို
ကြီးနဲ့နေချင်ရင်လည်း ထားပေးမှာပဲ။ ရေခပ်နေရတဲ့လူနဲ့
နေချင်ရင်လည်း ထားပေးမှာပဲ။ ကျူးဖိုဆောင်မှာ ကိန်းနှောင်







www.burmeseclassic.com

www.burmeseclassic.com

ရင်လည်း ထားပေးမှာပဲ၊ သင်ကြိုက်ရာကို ရွေးချယ်နိုင်ပါတယ်"

ဟု စကားပြန်ကြီးက ပြောလေ၏၊ ထိုအခါ ကျွန်ုပ်က. .

"ပညာရှိကလေးနဲ့ နေချင်တယ်"

ဟု ပြောလိုက်ရာ စကားပြန်ကြီးက. .

"ကောင်းပြီလေ. . ၊ ပညာရှိဆီမှာ ထားပေးပါမယ်၊ သင်ဟာ သူ့ရဲ့အစေခံအဖြစ်နဲ့နေပေါ့"

ဟု ပြောလိုက်လေ၏၊ ကျွန်ုပ်ကလည်း. .

"ကောင်းပါပြီ"

ဟု ဝန်ခံလိုက်ရာ စကားပြန်သည် ကျွန်ုပ်အား ပညာရှိကလေး နေထိုင်ရာ တောင်ကုန်းဆီသို့ ခေါ်သွားလေတော့၏။

ကျွန်ုပ်သည် ပညာရှိကလေးနှင့်အတူ နေရလေ၏၊ အစပထမပိုင်းတွင် ပညာရှိကလေးသည် ကျွန်ုပ်အား လက်ဟန်ခြေဟန်ဖြင့် တောက်တိုမည်ရကိစ္စများကို ခိုင်းလေ၏၊ ထို့နောက်တွင်ကား ခိုင်းစေခြင်းကို အနည်းငယ်လျှော့လေ၏၊ သို့ရာတွင် ကျွန်ုပ်အား သစ်သားချောင်းများဖြင့်ပြုလုပ်ထားသော ရသေ့စိတ်ဖြေ ဉာဏ်စမ်းပဟေဠိကိရိယာများကို ဖြုတ်ခြင်း၊ တပ်ခြင်း ပြုလုပ်ခိုင်းလေ၏၊ အလွယ်ဆုံးပဟေဠိကိုပင် ကျွန်ုပ်သည် နှစ်ရက်မျှစဉ်းစားပြီးမှ ပြုလုပ်နိုင်လေ၏။





အချို့သော ပဟေဠိကိရိယာများကိုမူ ကျွန်ုပ်၏တစ်သက်တာလုံးမှာရှိ မလပ်စဉ်းစား၍ ဖြေဆိုမည်ဆိုလျှင် ရနိုင်မည်မဟုတ်သည့် ပဟေဠိမျိုး ဖြစ်ပေ၏။

ကျွန်ုပ်၏အလုပ်တာဝန်မှာ ပညာရှိလေးစားသောက်ရန် ချက်ပြုတ်ပေးရ၏၊ ပညာရှိကလေးအား ရေချိုးပေးရ၏၊ ပညာရှိကလေးအတွက် အိပ်ရာခင်းပေးရ၏၊ အိပ်ရာမှာ လွန်စွာကောင်းပေ၏၊ သို့ရာတွင် ပညာရှိကလေးသည် ထိုအိပ်ရာ၌မအိပ်ဘဲ ဝါးတွင်ပျစ်ပေါ်၌ပင် ဝါးဘိုးဝါးကိုခေါင်းအုံး၍ အိပ်လေ့ရှိပေ၏၊ ပညာရှိကလေးအတွက် စီစဉ်ထားသော အဝတ်အစားများမှာ လွန်စွာသားနားလှ၏၊ သို့ရာတွင် ပညာရှိလေးသည် ထိုအဝတ်အစားများကိုမဝတ်ဘဲ ဟောင်းနွမ်းစုတ်ပြတ်သောအဝတ်အစားများကိုသာ ဝတ်လေ့ရှိ၏၊ ပညာရှိလေးအတွက် စီစဉ်ပေးရသော အစားအသောက်များမှာလည်း လွန်စွာကောင်းပေ၏၊ သို့ရာတွင် ပညာရှိလေးသည် ထိုအစားအသောက်များကို စားသောက်ခြင်းမပြုဘဲ ထမင်း၌ လွန်စွာခါးသောအသီးတစ်မျိုးကိုမြုပ်နှံ၍ ဆားဖြူးကာ စားသောက်လေ့ရှိပေ၏၊

ဤသည်မှာလည်း ထူးခြားချက်တစ်ရပ်ပင်ဖြစ်ပေ၏။

တစ်နေ့သ၌ စကားပြန်သည် လူကြီးတစ်ဦးနှင့်အတူ ပညာရှိ လေးထံ ဟှာယီးဟှာယာအမူအရာဖြင့်ရောက်ရှိလာပြီးလျှင် ပညာရှိ



www.burmeseclassic.com

www.burmeseclassic.com



အား တစ်ခုံတစ်ခုသောအကြောင်းအရာကို တင်ပြလေ၏။ ပညာရှိလေးသည် ထိုသူတို့တင်ပြသော အကြောင်းအရာကို နားထောင်ပြီးနောက် ရှင်းတ စကားအနည်းငယ်ပြန်၍ပြောလေ၏။ ထိုအခါ စကားပြန်နှင့် လူကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီးလျှင် ပညာရှိလေးအား အရိုအသေပြု၍ ပြန်မည်လုပ်၏။ ကျွန်ုပ်လည်း စကားပြန်၏လက်ကို ဖမ်း၍ဆွဲထားပြီးလျှင်

"စကားပြန်ကြီးရဲ့ ဘာတွေဖြစ်လာတာတုံး။ ကျုပ်ကို ပြောလို့ရရင်လည်း နည်းနည်းပါးပါးပြောခဲ့ပါဦး"

ဟု မေးလိုက်ရာ စကားပြန်ကြီးက

"ကျုပ်တို့ဆီမှာ ကျွန်အဖြစ်ဖမ်းထားတဲ့လူတွေရှိတယ်ဗျ။ အဲဒီလူတွေက သိပ်တော့မများပါဘူး။ ဒါပေမယ့် သူတို့လည်း ဒီကျွန်းမှာပျော်နေကြပြီ။ ဘယ်ကိုမှလည်း ပြန်ဖို့ စိတ်မကူးပါဘူး။ ပြန်လို့လည်းမရဘူး။ အခုအခါမှာ အဲဒီလူတွေက ကောက်ပဲသီးနှံထည့်ထားတဲ့ အိတ်တွေကို မီးရှို့ဖို့ကြံစည်နေကြတယ်။ အဲဒါတွေမီးရှို့ခံရရင် အားလုံးဒုက္ခရောက်ကုန်မယ်။ ဘယ်လိုလုပ်ရမလဲလို့ ပညာရှိလေးကို လာမေးတာ"

ဟု ပြောလေ၏။





"အဲဒီတော့ ကျုပ်ရဲ့ပညာရှိလေးက ဘယ်လိုပြောသတုံးဗျ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ပညာရှိလေးက ပြောလိုက်တော့လည်း လွယ်ပါတယ်။ ကောက်ပဲသီးနှံတွေကို တစ်ကျွန်းလုံးမှာရှိတဲ့ လူတွေကို အချိုးကျဝေပေးလိုက်တဲ့။ ကိုယ်စားဖို့ ကောက်ပဲသီးနှံ ကိုယ်ဟာကိုယ်သိမ်းကြတဲ့။ ကျန်တဲ့ကောက်ပဲသီးနှံတွေကို ကျွန်တွေအတွက်ထားလိုက်တဲ့။ အဲဒီအခါမှာ မီးရှို့ချင်လည်း ရှို့ပစေတော့တဲ့။ သူတို့ရဲ့ရိက္ခာတွေကို သူတို့ဟာ မီးရှို့မှာမဟုတ်ဘူးတဲ့။ အဲဒီအခါမှာ သူတို့ကို မီးရှို့ဖို့ပြောတဲ့။ မီးတုတ်တွေလည်း လုပ်ပေးလိုက်တဲ့"

ဟု စကားပြန်ကြီးက ပြန်၍ပြောကာ ထွက်သွားလေ၏။

များမကြာမီ၌ပင် ပညာရှိလေးနှင့် ကျွန်ုပ်အတွက် ရိက္ခာဖြစ်သော ကောက်ပဲသီးနှံများရောက်ရှိလာလေတော့၏။ ကျွန်ုပ်နှင့် ပညာရှိလေးသည် ရိက္ခာများကို ကောင်းစွာသိမ်းဆည်းကြလေတော့၏။

ညသို့ဖြစ်သွားပြီး သုံးရက်ခန့်ကြာသောအခါ၌ စကားပြန်နှင့် လူကြီးတစ်ဦးသည် ကျုပ်မံ၍ ရောက်ရှိလာပြန်၏။ ရောက်ရှိလာပြီးနောက် ပညာရှိလေးအား ပြဿနာတစ်ခုကို တင်ပြပြန်လေ၏။ ပညာရှိလေးသည် ထိုသို့တင်ပြသောပြဿနာကို နားထောင်ပြီးနောက် တစ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတို ပြန်၍ပြောလိုက်လေ၏။ ထိုအခါ စကားပြန်ကြီးနှင့် လူကြီးသည် ပြုံးကြလေ၏။ ကျွန်ုပ်လည်း စကားပြန်၏လက်ကိုဆွဲထားကာ. .

"စကားပြန်ကြီး. . ။ ဘာဖြစ်ပြန်ပြီလဲဗျ။ ပြောနိုင်ရင် ကျုပ်ကိုလည်းပြောခဲ့ပါဦး"

ဟု ကျွန်ုပ်ကဆိုလိုက်လေ၏။ ထိုအခါ စကားပြန်ကြီးက. .

"ကျုပ်တို့ခိုင်းထားတဲ့ ကျွန်တွေ အလုပ်မလုပ်ဘူး။ ကျွေးတဲ့ အစားအစာသောက်ကိုလည်း လုံးဝမစားဘူး။ အဲဒါ ဘယ်လို လုပ်ရမလဲလို့ ပညာရှိလေးကိုလာမေးတာ"

ဟု ပြောလေ၏။

"အဲဒီတော့ ပညာရှိလေးက ဘာပြောသတုံးဗျ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ စကားပြန်ကြီးက. .

"ဒါ သိပ်အရေးကြီးတယ်တဲ့။ သူတို့ အတော့်ကို ညီညွတ်သွားကြပြီတဲ့။ သူတို့ကိုနိုင်ချင်ရင် မညီညွတ်အောင် လုပ်ရမယ်တဲ့။ အုပ်စုနှစ်စု ခွဲပစ်ရ မယ်တဲ့။ သူတို့ဟာ အစာကို မစားတာတော့ ဟုတ်ပါပြီ။ ရေကော သောက်သေးလားလို့ မေးပါတယ်။ အဲဒီတော့ ကျွန်ုပ်က သူတို့ဟာ အစာမစားတာပါ။ ရေတော့သောက်ပါတယ်လို့ ပညာရှိလေးကိုပြောရတယ်။ အဲဒီအခါမှာ ပညာရှိလေးက အုပ်စုနှစ်စု





ခွဲထားပြီး အုပ်စုတစ်စုကိုတော့ ရေပေးပါ။ ကျန်တဲ့တစ်စုကိုတော့ ရေမပေးပါနဲ့တဲ့။ ရေမသောက်ရတဲ့လူတွေဟာ အရင်ဆုံး အရွှံ့ပေးလိမ့်မယ်တဲ့။ အဲဒီအခါမှာ ရေမသောက်ရတဲ့အုပ်စုနဲ့ ရေသောက်ရတဲ့အုပ်စု စိတ်ဝမ်းကွဲကြလိမ့်မယ်တဲ့။ အဲဒီလိုစိတ်ဝမ်းကွဲပြီဆိုရင် ခင်ဗျားတို့ ခိုင်းချင်တာခိုင်းတော့၊ ရပြီတဲ့"

ဟု ဆိုကာ စကားပြန်နှင့် လူကြီးသည် ထွက်ခွာသွားကြလေတော့၏။

ကျွန်ုပ်နှင့်ပညာရှိလေးလည်း ပျော်ရွှင်စွာဆက်လက်နေထိုင်ကြလေ၏။ ထိုအခါ ကျွန်ုပ်က ပညာရှိလေးနှင့်ဆက်လက်နေနိုင်ရန် အျွန်းစကားတတ်မှဖြစ်မည်ဟု သဘောပေါက်ကာ ပညာရှိလေးထံ၌ ကျွန်းစကားကို သင်ယူလေ၏။ ပညာရှိလေးလည်း ကျွန်ုပ်အား ကျွန်းစကားကို စတင်၍သင်ကြားလေ၏။ ကျွန်ုပ်လည်း ကြိုးစား၍ကျက်မှတ်သလေ၏။ သို့ရာတွင် ၎င်းတို့၏စကားမှာ ခက်၍လော၊ သို့တည်းမဟုတ် ကျွန်ုပ်ညံ့၍လား မဆိုနိုင်၊ သုံးရက်တိုင်တိုင် သင်ပြီးသည့်အချိန်၌ပင် တစ်လုံးတလေမျှ မမှတ်မိဘဲရှိလေ၏။ ထိုအခါ ပညာရှိလေးက ကျွန်ုပ်အား ပြုံးရယ်၍ ခေါင်းခါပြလေ၏။ အဓိပ္ပာယ်မှာ. .

"ခင်ဗျားကြီး မဖြစ်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်လေ၏။ ထို့နောက် ပညာရှိလေးသည် ကျွန်ုပ်အား သောက်ရေခွက်ကိုကိုင်မြှောက်၍ ပြောဆိုင်းလေ၏။ ကျွန်ုပ်က ယောင်ယမ်း၍. .

"ဘာလဲ"

ဟု ပြန်၍မေးမိလေ၏။ ထိုအခါ ပညာရှိလေးက ကျွန်ုပ်၏ အသံထွက်ကိုမှတ်၍ ရေခွက်ကို လက်ညှိုးထိုးကာ. .

"ဘာလဲ"

ဟု မေးလေ၏။ ကျွန်ုပ်က 'ရေခွက်' ဟု ပြန်၍ဖြေလျှင် ထို ရေခွက်ဟူသောအသံထွက်ကို ကောင်းစွာမှတ်သားလေ၏။ ပြီးလျှင် ရေအိုးကို လက်ညှိုးထိုး၍. .

"ဘာလဲ"

ဟု မေးပြန်လေ၏။ ကျွန်ုပ်က. .

"ရေအိုး"

ဟု ပြောလျှင် ပညာရှိလေးသည် ကောင်းစွာမှတ်သားပြန်၏။ ထို့နောက် ရေကန်ကိုလက်ညှိုးထိုး၍. .

"ဘာလဲ"

ဟု မေးပြန်လေ၏၊ ကျွန်ုပ်က. .

"ရေကန်"





ဟု ပြောလျှင် ပညာရှိလေးသည် ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်ပြီးလျှင် ရေခွက်အတွင်းမှရေကိုသွန်ချ၍ ထိုရေကို လက်ညှိုးဖြင့် ညွှန်ပြကာ. .

"ရေ"

ဟု ၎င်းက ပြောလေ၏။ တစ်ဖန် ခွက်အလွတ်ကို ညွှန်ပြ၍. .

"ခွက်"

ဟု ပီပီသသကြီး ၎င်းကပြောလေ၏။ ထို့နောက် အိုးအတွင်းမှ ရေကို ညွှန်ပြ၍. .

"ရေ"

ဟု ပြောပြန်လေ၏။ အိုးကိုလက်ဖြင့်ပုတ်ကာ. .

"အိုး"

ဟု ပြောပြန်လေ၏။ ထို့နောက်ဝေါင်းစပ်၍. .

"ရေအိုး"

ဟု ပြောပြန်လေ၏။

ထို့နောက် ပညာရှိလေးသည် သစ်ပင်ပေါ်တွင်ရှိသောငှက်ကလေးတစ်ကောင်ကို ညွှန်ပြ၍. .

"ဘာလဲ"

ဟု မေးလေ၏။ ကျွန်ုပ်က. .

www.burmeseclassic.com



"သစ်ပင်" •

ဟု ပြောလျှင် ပညာရှိလေးသည် ရေထဲတွင်ပေါက်နေသော သစ်ပင်ကို ညွှန်ပြကာ. .

"ရေသစ်ပင်"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ပညာရှိလေး၏ ရွှေဉာဏ်တော် နူးရောက်ပုံကို သဘောကျမိသေးတော့၏။

ဤသို့နှင့်ပင် ပညာရှိလေးသည်. .

"ဘာလဲ"

ဟူသော စကားတစ်ခွန်းကို အရင်းပြု၍ ကျွန်ုပ်ထံ၌ စကားသင် ခဲ့ရာ တစ်ပတ်အတွင်း၌ပင် သက်ရှိသက်မဲ့ ပစ္စည်းအကုန်လုံးလောက် နီးနီးကို တတ်ကျွမ်းသွားလေတော့၏။ ထို့နောက်. . 'ထိုင်မယ်၊ ထမယ်၊ စားမယ်၊ သောက်မယ်၊ လာမယ်၊ သွားမယ်' ဆိုသည့်စကားများကို ဆက်လက်မှတ်သားသင်ယူလေ၏။ ထိုမှတစ်ဆင့်တက်ကာ. .

'ထိုင်ချင်တယ်၊ ထချင်တယ်၊ စားချင်တယ်၊ သောက်ချင်တယ်၊ လာချင်တယ်၊ သွားချင်တယ်' ဆိုသည့်စကားများကို သင်ယူပြန်လေ၏။ ပြီးလျှင်တစ်ခါ. .

'ထိုင်မလား၊ ထမလား၊ စားမလား၊ သောက်မလား၊ လာမလား၊ သွားမလား' စသည်များကို သင်ယူပြန်လေ၏။ ဤသို့လျှင် ပညာရှိ





လေးသည် ကျွန်ုပ်ထံမှစကားများကိုသင်ယူခဲ့ရာ လအတော်ကြာသော အခါ၌. .

"ဒီမှာ ဦးဘိုးတူ. . ။ ကျုပ်တို့စကားကို ခင်ဗျားသင်နေရင် တော်တော်နဲ့ တတ်မှာမဟုတ်ဘူး။ ဒါကြောင့် ခင်ဗျား စကားကို ကျုပ်က သင်ယူလိုက်ရတာပဲ"

ဟူ၍ပင် ကျွန်ုပ်အား စီကာပတ်ကုံး ပြောဆိုနိုင်သောအဆင့် သို့ ရောက်ရှိလေတော့၏။

ထိုကျွန်းပေါ်တွင် အင်္ဂလိပ်စကား၊ ဂျပန်စကား၊ မြန်မာ စကားတတ်သော ကျွန်းသားအချို့ ရှိလေ၏။ ပညာရှိကလေးသည် ၎င်း တို့၏ မိရိုးဖလာကျွန်းစကားမှလွဲ၍ မည်သည့်စကားမှ သင်ယူခဲ့ခြင်း မရှိပေ။ သို့ရာတွင် ကျွန်ုပ်နှင့်အတူတကွနေထိုင်ရစဉ် စကားမပေါက် သောကြောင့် ကျွန်ုပ်နှင့်စကားပြောနိုင်ရန်အတွက် ကျွန်ုပ်၏စကားကို ၎င်းက လိုလိုချင်ချင်သင်ယူလိုက်ခြင်း ဖြစ်ပေ၏။

ပညာရှိလေး မြန်မာစကားတတ်သွားသောအခါ၌ ကျွန်ုပ်အဖို့ ကျွန်း၌နေရသော နေ့ရက်များသည် ပျော်ရွှင်ဖွယ်ရာကောင်းလာလေ တော့၏။

ပညာရှိလေးသည် ကျွန်ုပ်အား အပျင်းပြေဉာဏ်စမ်းပုစ္ဆာများ မေး၏။ ကျွန်ုပ်က ဖျင်းသည်ဟုဆိုလျှင် ၎င်းက တူရိယာတစ်မျိုးကိုတီး၍



www.burmeseclassic.com

www.burmeseclassic.com



မြှဲတော့်ပြောလေ၏၊ ထိုတူရိယာမှာ လွန်စွာရှည်လျားသော ဝါးပတ္တလား ကြီးပင်ဖြစ်၏၊ ထိုဝါးပတ္တလားကြီးကို တီးသောအခါ၌ ထိုင်၍မရပေ။ တော်တတ်ရပ်၍တီးရလေ၏။ ရှည်လျားသောပတ္တလားကြီး၏ ဟိုဘက်သည်ဘက် ထိပ်များဆီသို့ရောက်အောင် ပြေးလွှား၍ တီးခတ်ရလေ၏။ ပညာရှိလေးသည် လွန်စွာကျွမ်းကျင်၏။ ၎င်းပတ္တလားတီးသည်ကို ကြည့်ရသည်မှာ ကပြနေသကဲ့သို့ရှိသဖြင့် နားအရသာချည်းသက်သက် ခံစားရသည်မဟုတ်။ မျက်စိအရသာပါ ခံစားရလေ၏။

တစ်နေ့သ၌ စကားပြန်ကြီးနှင့် လူကြီးသည် ရောက်လာပြန်လေ၏။ ပြီးလျှင် ပညာရှိလေးအား ပြဿနာတစ်ခုတင်ပြလေ၏။ ပညာရှိလေးလည်း ကောင်းစွာနားထောင်ပြီးလျှင် ပြဿနာ၏အဖြေကိုမပြောဘဲ ၎င်းကပါ စကားပြန်ကြီးတို့အဖွဲ့နှင့် လိုက်ပါသွားလေ၏။ ထိုအခါ ကျွန်ုပ်ကလည်း လိုက်ပါလိုကြောင်းပြောရာ ပညာရှိလေးက ကျွန်ုပ်အားလိုက်ပါခွင့်ပေး၏။

ကျွန်ုပ်တို့သည် စကားပြန်ကြီးတို့နှင့်အတူ လိုက်ပါသွားရာ ရေစပ်တစ်ခုသို့ရောက်လေ၏။ ထိုရေစပ်သို့ရောက်သောအခါ၌ လူတစ်ယောက် ခေါင်းတွင်ဒဏ်ရာပြင်းထန်စွာရ၍ သေဆုံးနေသည်ကို တွေ့ရလေ၏။ ပညာရှိလေးသည် သေဆုံးသူ၏ဒဏ်ရာကို သေချာစွာကြည့်ရှုပြီးနောက် သေဆုံးသူ၏ပတ်ဝန်းကျင်တွင်ရှိသော ခြေရာများကို တစ်ခု





ပြီးတစ်ခု လိုက်လံ၍ကြည့်နေသည်ကို တွေ့ရလေ၏။ ထို့နောက် ပညာရှိလေးက မလှမ်းမကမ်းတွင်ရှိသော အိမ်စုကလေးဆီသို့ သွားလိုကြောင်းပြောလေ၏။ ထိုအိမ်စုကလေး၌ကား အခြားသောကျွန်းတစ်ကျွန်းမှ ရောက်ရှိလာ၍ ဖမ်းထားသော ကပ္ပလီကဲ့သို့ မည်းချိပ်သည့်အသားရောင်ရှိသော သုံ့ပန်းအလုပ်သမားတချို့ နေထိုင်လေ၏။ ထိုသုံ့ပန်းအုပ်စုထဲတွင် အထက်ပိုင်းဗလာကျင်းထားသော မိန်းမငယ်နှစ်ဦးလည်းပါ၏။ ပညာရှိလေးသည် ထိုသုံ့ပန်းအားလုံးအား တန်းစီခိုင်းပြီးလျှင် တစ်ဦးစီကို သေချာစွာကြည့်ရှုလေ၏။ ထိုသို့ကြည့်ရှုပြီးနောက် အရပ်မြင့်မြင့် သုံ့ပန်းတစ်ဦးရှေ့သို့ရောက်သောအခါ၌ ပညာရှိလေးသည် တစ်စုံတစ်ရာပြောဆိုခြင်းမပြုတော့ဘဲ အနီးရှိကျောက်ခဲတစ်လုံးအား ဆတ်ခနဲကောက်ယူကာ ထိုသုံ့ပန်း၏မျက်နှာအား ပစ်ပေါက်လိုက်လေ၏။

သုံ့ပန်းလည်း လက်ဝဲဘက်လက်ဖြင့် ပစ်ပေါက်လိုက်သော ကျောက်ခဲအား ဆတ်ခနဲဖမ်းလိုက်လေ၏။ ထိုအခါ ပညာရှင်းတူ ထိုသုံ့ပန်းအားညွှန်ပြ၍ မိမိတို့ကျွန်းသားအား ကျောက်ခဲဖြင့်ထုသူမှာ ထိုသူဖြစ်ကြောင်းပြောသည်ကို ၎င်း၏လက်ဟန်ခြေဟန်ကြည့်ခြင်းအားဖြင့် ကျွန်ုပ်ကောင်းစွာနားလည်လိုက်ပေသည်။

ထို့နောက် ကျွန်ုပ်နှင့် ပညာရှိလေးသည် ကျွန်ုပ်တို့နေထိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



**တောင်တုန်းဆီသို့ ပြန်လာကြလေ၏။ ကျွန်ုပ်သည် ပညာရှိလေးအား အတိုးအကြောင်းမေးမြန်းရာ ပညာရှိလေးက. .**

"ဒီနေ့မနက် အစောကြီးမှာသတ်တယ်။ ညက မဟုတ်ဘူး။ ညကဆိုရင် ခြေရာမရှိတော့ဘူး။ ညဥ့်သန်းခေါင်မှာ ရေ တက်တယ်။ ခြေရာတွေပျက်ကုန်မှာပေါ့။ ရေတက်ပြီးမှ ဖြစ်တာ။ သံ့ပန်းထဲက မိန်းမနှစ်ယောက် ရေချိုးလိမ့်မယ်။ အဲဒီနေရာကို ကျုပ်တို့ကျွန်းသားကသွားတာ။ အဲဒီတော့ သံ့ပန်းက ကျွန်းသားရဲ့ခေါင်းကို ကျောက်ခဲနဲ့ထုတာ"

ဟု ပြောလေ၏။

"သံ့ပန်းက နှစ်ဆယ်လောက်ရှိတယ်။ အဲဒီထဲကမှ ဟိုလူ ကြီးကို ဘာကြောင့် ရွေးပြီးပြောရတာလဲ ပညာရှိလေးရဲ့"

ဟု ကျွန်ုပ်ကမေးရာ ပညာရှိလေးက. .

"သေတဲ့လူနားက ခြေရာဟာ သူ့ခြေရာပါ။ ခြေရာကို မြင်ရင် အရပ်မြင့်တာကို စဉ်းစားလို့ရပါတယ်။ ပြီးတော့ ကျွန်ုပ်က သူ့မျက်နှာကို ခဲနဲ့ပစ်တာမဟုတ်လား။ သူဟာ ဘယ်လက်ကို အသုံးပြုတယ်။ သေဝဲ့အထိ ဘယ်လက် ကို အသုံးပြုမယ့်လူ ဖြစ်တယ် (ဘယ်သန်ဟု ပြောလိုခြင်း ဖြစ်သည်)"





ဟု ပြောလိုက်လေ၏။ ကျွန်ုပ်လည်း. .

"ပညာရှိလေး သိပ်ပြီးမှန်တာပဲ။ ပညာရှိလေး စဉ်းစား သလို ကျုပ်လည်း စဉ်းစားချင်တယ်။ ဘယ်လိုလုပ်ရမတုံး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ပညာရှိလေးက. .

"ရပါတယ်။ ဘာကိုမှ မစဉ်းစားပါနဲ့။ ဒီအတိုင်းထားပါ။ စဉ်းစားချင်တဲ့အချိန်မှာ စဉ်းစားပါ။ ပြီးလျှင် ဖျက်ပစ်ပါ"

ဟူ၍ ပြောလိုက်လေ၏။

ဂုင်း၏ဆိုလိုချက်မှာ ကြိုတင်၍တွေးထင်ထားခြင်းမရှိစေရ။ ဦးနှောက်၌ ဗလာသက်သက်ထားရမည်။ စဉ်းစားစရာပြဿနာနှင့် ...တွေ့၊ ဒူးတွေ့ တွေ့သောအခါကျမှသာလျှင် စဉ်းစားရမည်။ ပြီးလျှင် ...ထိုအကြောင်းအရာများကို မေ့ပစ်လိုက်ရမည်ဟူ၍ ဖြစ်၏။

ဂုင်းသည် ကျွန်ုပ်အား မကြာခဏဆိုသလို ပြောဖူးသည်မှာ ဦးနှောက်သည် ခွက်နှင့်တူသည်' ဟူ၏။ ခွက်သည် တစ်စုံတစ်ခုထည့် ...ပါက နောက်ထပ်ထည့်ရန် မဖြစ်နိုင်။ ခွက်အလွတ်မှသာလျှင် မိမိ ...ည့်လိုသောပစ္စည်းကိုထည့်နိုင်မည်။ ဦးနှောက်မှာလည်း ထိုနည်းတူ ... ဖြစ်၏။ ကြိုတင်၍တွေးခေါ်ထားသောအရာများနှင့် ပြည့်နှက်နေ ... ပြဿနာ၏အဖြေကို တိတိကျကျပေးနိုင်မည့်အတွေးမျိုး ရရှိနိုင် ...မည်မဟုတ်ဟူ၍ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပညာရှိလေးနှင့် နေရခြင်းအတွက် အပျင်းလည်း ပြေသကဲ့သို့ ပညာလည်းရပေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ၎င်းအားပညာစမ်းလိုသောကြောင့် အောက်ပါအတိုင်း မေးခွန်းထုတ်လေ၏။

"ဒီမှာ ပညာရှိလေး. .။ ဟောဟိုရေတွေရဲ့ဟိုဘက်မှာ ဘာတွေရှိမလဲ"

ပညာရှိလေးသည် ကျွန်ုပ်အား ပြုံး၍ကြည့်ပြီးလျှင်. .

"မြေကြီး"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"မြေကြီးရဲ့ဟိုဘက်မှာကော ဘာတွေရှိမလဲ"

ဟု မေးလေ၏။

ထိုအခါ ၎င်းက. .

"ရေ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. .

"မှန်တယ် ပညာရှိလေး။ ကျွန်ုပ်တို့ဟာ ရေတွေ၊ မြေကြီးတွေရှိတဲ့နေရာမှာ နေကြတာပဲ။ အဲဒါကမ္ဘာလို့ ခေါ်တယ်။ ဘယ်လိုပုံစံရှိသလဲတော့ ကျွန်ုပ်မပြောတတ်ဘူး"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ၎င်းက. .





"လုံးလုံးကြီးဖြစ်လိမ့်မယ်"

ဟု ဆိုလေ၏။

ထို့နောက်တွင်ကား ကျွန်ုပ်သည် သတ္တဝါတို့၌ အတိတ်ဘဝ ရှိခဲ့ကြောင်း၊ ယခုဘဝလည်းရှိကြောင်း၊ သေဆုံးသွားပြီးသည့်အခါ၌လည်း နောင်ဘဝများရှိလိမ့်ဦးမည်ဖြစ်ကြောင်း စသည်တို့ကို ၎င်းနားလည်နိုင်သောစကားလုံးများ ရွေးချယ်၍ ပြောပြရာ ပညာရှိလေးသည် လွန်စွာစိတ်ဝင်စားသောအမူအရာဖြင့် နားထောင်ပြီးလျှင်. .

"ခင်ဗျား အားကြီးပေ|ပါလား"

ဟု ကျွန်ုပ်အား ချီးကျူးလေ၏။ ထိုအခါ ကျွန်ုပ်က ကျွန်ုပ်တို့တိုင်းပြည်၌ လူတိုင်းလိုလိုသည် ဤမျှလောက်တတ်သိနားလည်ကြောင်း ပြောပြလိုက်ရာ ပညာရှိလေးက အံ့သြစွာဖြင့်. .

"ခင်ဗျားတို့အားလုံး ပညာရှိများဖြစ်ကြတယ်။ ကျုပ်မှာ ထိုအကြောင်းကို အရင်ကမသိပါ။ အခု ခင်ဗျားပြောပြမှပဲ သိပါတယ်။ ကျုပ် ဒီကျွန်းမှာမနေချင်တော့ဘူး။ ပညာရှိတွေများတဲ့ ခင်ဗျားတို့ကျွန်းကိုလိုက်မယ်"

ဟု ပြောလေတော့၏။

ထိုစကားကို ကြားရသောအခါ၌ ကျွန်ုပ်မှာ လွန်စွာဝမ်းသာရလေ၏။ အဘယ်ကြောင့်ဆိုသော် ပညာရှိလေး ကျွန်ုပ်တို့ဘက်သို့ပါလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့မှာ ထိုကျွန်းမှ ထွက်ပြေးလွတ်မြောက်ရန် နည်းလမ်းရပေတော့သည်ဖြစ်၏။

ကျွန်ုပ်သည် လွတ်လမ်းကိုမြင်သဖြင့် အပျော်ကြီးပျော်လေ၏။ ထို့ကြောင့် ပညာရှိလေးစိတ်ဝင်စားမည်ဖြစ်သော သာဘာရေးအကြောင်းကို ပြောပြလေ၏။ ဓာတ်ကြီးဆယ်ဘွဲ့ကို ပြောပြလေ၏။ ကျွန်ုပ်သိသော တရားတော်အချို့ကို ပြောပြလေ၏။ ထိုအခါ ပညာရှိလေးသည် လွန်စွာနှစ်ထောင်းအားရခြင်းဖြစ်၍. .

"ခင်ဗျားတို့ကျွန်းကိုသွားကြပါစို့"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း. .

"ကျုပ်တို့သွားဖို့ဆိုတာ ပညာရှိလေး စဉ်းစားပေးမှ ဖြစ်လိမ့်မယ်။ ကျုပ်တို့ဘာသာဆိုရင် ဘယ်နည်းနဲ့မှ ဒီကျွန်းက လွတ်မှာမဟုတ်တော့ဘူး"

ဟု ပြောရာ ပညာရှိလေးက ၎င်းအနေနှင့် ကြံစည်ပေးမည်ဖြစ်ကြောင်း ကျွန်ုပ်အား ကတိပေးလိုက်လေတော့၏။

ထိုနေ့မှစ၍ ပညာရှိကလေးသည် ကျွန်းပေါ်မှ ကျွန်ုပ်တို့အားလုံး ထွက်ပြေးလွတ်မြောက်နိုင်ရန်အတွက် စတင်၍စီစဉ်လေတော့၏။ ကျွန်ုပ်က ပညာရှိလေးအား. .

"ထွက်ပြေးဖို့ကိစ္စမှာ လှေဟာ အရေးကြီးဆုံးပဲ"





ဟု ပြောလိုက်ရာ ပညာရှိလေးက. .

"လှေလောက်နီးနီးအရေးကြီးတာ ရိက္ခာဖြစ်တယ်။ ရိက္ခာကို အခုကတည်းက စုရမယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့်ပညာရှိကလေးတို့သည် ရတတ်သမျှရိက္ခာများကို စုဆောင်းရလေတော့၏။ မီးတုတ်များလည်း ပြုလုပ်ထားရလေ၏။

ပြီးလျှင် ပညာရှိကလေးသည် လှော်တက်များကိုပြုလုပ်၍ လုံခြုံစွာ ဝှက်ထားခိုင်းလေ၏။ ကျွန်ုပ်မှာ လှော်တက်များဝှက်ပေးသော တာဝန်ကိုသာ ယူရလေ၏။ ထို့နောက် ပညာရှိကလေးသည် ရတတ်သမျှသော အဝတ်အထည်တို့ကို သင်္ဘောရွက်အဖြစ် အသုံးပြုရန်အတွက် ဆက်စပ်ချုပ်လုပ်နေလေ၏။

ထိုရွက်များကိုလည်း လုံခြုံရာ၌ ကျွန်ုပ်အား ဝှက်ခိုင်းလေ၏။ ကျွန်ုပ်နှင့်ပညာရှိကလေးသည် ဤသို့လျှင် တကုပ်ကုပ်ဖြင့် ကြံစည်ခဲ့ကြလေ၏။ ထိုအတောအတွင်း၌လည်း ကျွန်ုပ်သည် ပညာရှိကလေးအား ဓာတ်နိပါတ်နှင့် ဘုရားတရားအကြောင်းများကို ကျွန်ုပ်နားလည်တတ်သမျှသလောက်ပြောပြရာ ပညာရှိကလေးသည် လွန်စွာသဘောကျလေ၏။

ထိုအချက်ကြောင့်ပင်လျှင် ကျွန်ုပ်တို့နှင့်လိုက်ပါလိုခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပညာရှိကလေးသည် ကျွန်ုပ်အား နှစ်ရက်တစ်ခါဆိုသလို ပင်လယ်စပ်သို့သွားရောက်၍ ကျွန်းသားများဝှက်ထားသော လှေကို ရှာခိုင်းလေ၏။

သို့ရာတွင် မည်သည့်နေရာတွင်မှလှေကိုမတွေ့ရသောကြောင့် ကျွန်ုပ်သည် စိတ်ပျက်စပြုလာလေ၏။ ထိုအခါ ပညာရှိကလေးက ၎င်းကိုယ်တိုင်ရှာဖွေမည်ဟုပြောကာ ကျွန်ုပ်နှင့်အတူ ညတစ်ညသ္ဘ ကျွန်းတစ်ကျွန်းလုံး အနှံ့အပြား လှည့်လည်သွားလာ၍ လှေကိုရှာဖွေလေ၏။

ဤသို့ရှာဖွေရင်း လှိုဏ်ကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားလေတော့၏။ ကျွန်ုပ်တို့သည် ထိုလှိုဏ်ကြီးအတွင်းသို့ဝင်သွားကြရာ လွန်စွာကြီးမားသောကျောက်နံရံကြီးနှင့် ကျောက်ဂူကြီးအပေါက်တစ်ခုကို တွေ့ရလေ၏။

ဂူပေါက်အတွင်းမှ တစ်ဖက်သို့ကြည့်ရာ အလင်းရောင်ကိုတွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က. .

"ဒါလောက်မှောင်တဲ့ ညကြီးမှာ ဘယ်ကလာ အလင်းရောင်ရနေတာတုံး"

ဟု ပညာရှိကလေးအား မေးလိုက်လေ၏။

ထိုအခါ ပညာရှိလေးက. .

"ဒီဂူကြီးထဲမှာ အနှစ်တစ်ထောင်အသက်ရှင်နေတဲ့ မင်းသမီးလေးရှိတယ်"





ဟု ပြောလေ၏။

"ဩော်. . တကယ်ပဲလား"

ဟု ကျွန်ုပ်က အံ့အားသင့်စွာမေးလိုက်ရာ အသံသည် ကျယ်လောင်သွားသဖြင့် လိုဏ်သံပေါက်ကာ ဟိန်းသွားလေ၏။

"အံ့အားသင့်ခြင်းဟာ အမြဲတမ်းမကောင်းဘူး"

ဟု ပညာရှိကလေးက ပြောလိုက်လေ၏။

"အဲဒီမင်းသမီးလေးအခန်းကို သွားကြည့်ရအောင်"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ပညာရှိကလေးက. .

"ကျွန်ုပ်တို့ထွက်လာတာ လှေရှာဖို့မဟုတ်လား။ မင်းသမီးကလေးကိုတွေ့လို့ ဘာထူးမှာတုံး"

ဟု ပြောလေ၏။

"ထူးထူး မထူးထူး ပညာရှိရယ်. . ။ ကျုပ်ကတော့ သိပ်ပြီးကြည့်ချင်တာပဲ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ပညာရှိကလေးက. .

"အဲဒီမင်းသမီးကလေးနေတဲ့ဂူမှာ မြွေတစ်ကောင်ရှိတယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်လည်း မြွေဆိုသောကြောင့် ကြောက်လန့်တာ. .



www.burmeseclassic.com

www.burmeseclassic.com

"ကဲလေ . . ။ ဒီဂူကြီးထဲက မြန်မြန်ထွက်ရအောင်ပါ။ တော်တော်ကြာ မြွေက လူနံ့ရလို့ ထွက်လာပါဦးမယ်"

ဟု ပြောလိုက်ရာ ပညာရှိကလေးက . .

"အသက်တစ်ထောင်ကျော်ရှည်တဲ့ မင်းသမီးကလေးကို မကြည့်တော့ဘူးလား"

ဟု မေးလေ၏။

"မြွေရှိတယ်ဆိုတော့ ဘယ်ကြည့်မလဲ ပညာရှိကလေးရဲ့"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ပညာရှိကလေးက . .

"အဲဒီမြွေကြီးသေတာတစ်နှစ်ရှိပါပြီ"

ဟု ပြောလေ၏။

ထိုအခါတွင် ကျွန်ုပ်လည်း မင်းသမီးလေးဆိုသည်ကို ကြည့်ချင်စိတ်များပေါ်လာပြန်၍ . .

"ကဲ . . ဒီလိုဆိုရင် မင်းသမီးလေးကို သွားကြည့်ရအောင်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ပညာရှိကလေးက . .

"မြွေကြီးသေသွားတာ တစ်နှစ်လောက်ရှိပြီ။ ဒါပေမယ့် မြွေလိုပဲ အဆိပ်ပြင်းတဲ့တိရစ္ဆာန်တစ်ကောင်ရှိတယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . .





"ဒီလိုဆိုရင်လည်း မြန်မြန်ထွက်ရအောင်ပါ။ တော်တော်ကြာ အဲဒီတိရစ္ဆာန်က လူနံ့ရလို့ထွက်လာပါဦးမယ်"

ဟုပြောရာ ပညာရှိကလေးက ကျွန်ုပ်အား ရယ်မော၍ . .

"သင်ဟာ ကျွန်ုပ် ကြောက်အောင်ပြောရင် ကြောက်သွားတယ်။ ကျွန်ုပ်က မကြောက်အောင်ပြောရင် မကြောက်ပြန်ဘူး။ ရယ်ဖို့ သိပ်ကောင်းတယ်"

ဟု ပြောလိုက်လေ၏။

"ကဲပါ . . ပညာရှိလေးရယ်။ သွားကြည့်ရအောင်ပါ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ . .

"အရင်ဆုံး လှေကိုကြည့်ရမယ်။ ဒီအပေါက်ဟာ ကျွန်းတစ်ခုလုံးရဲ့ လှိုဏ်ထွက်ပေါက်ပဲ။ ဒီအထဲမှာ လှေရှိတယ်။ အဲဒီလှေနဲ့ ထွက်ပြေးရမှာ။ လှေကို အရင်ရှာရမယ်"

ဟု ပညာရှိလေးက ပြောလေ၏။

ထို့နောက် ကျွန်ုပ်နှင့် ပညာရှိကလေးတို့သည် ထိုကျောက်ဂူအတွင်းသို့ ဝင်ကြလေ၏။ ကျောက်ဂူ၏နံရံများမှာ ရေများစိုနေ၏။ ရွှံ့ညွန်များလည်းတက်နေ၏။ ကျွန်ုပ်တို့သည် ဂူတစ်လျှောက်တွင် အစီအရီရှိသော ကျောက်တုံးများကိုနင်းကာ ဝင်သွားကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့အရောက်၌ နံရံမှအလင်းရောင်တစ်ခု ဖြာ၍ထွက်နေသည်ကို ထင်ရှားစွာတွေ့မြင်ရလေ၏။

"အဲဒီမီးရောင်ဟာ မင်းသမီးလေးနေတဲ့ဂူပေါက်က အလင်းရောင်ပဲ"

ဟု ပညာရှိကလေးက ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် တဖြည်းဖြည်းနှင့်လျှောက်လာခဲ့ရာ နံရံမှအလင်းရောင်ထွက်နေသော ဂူပေါက်ကိုတွေ့ရလေ၏။ ထိုဂူ ပေါက်၏ရှေ့တွင် လွန်စွာကြီးမားသော သစ်တုံးကြီးများကိုလည်း တွေ့ရလေ၏။

ထိုသစ်တုံးကြီးများအား လွန်စွာခိုင်ခံ့သော ကြိုးကြီးများဖြင့် တုပ်နှောင်ထားသော ကြိုးစသည် အလင်းရောင်ထွက်နေသောဂူပေါက်၏ အထက်ဘက်ဆီသို့ သွယ်တန်းထားသည်ကိုတွေ့ရသဖြင့် ကျွန်ုပ်လည်း မော့ကြည့်မိလေ၏။

ထိုသို့မော့ကြည့်မိသည့်အခါမှပင် ကျွန်ုပ်သည် ကြီးစွာသော တုန်လှုပ်ခြင်းကို ဖြစ်လေတော့၏။ အဘယ်ကြောင့်ဆိုသော် သစ်တုံးများမှ ကြိုးစများသည် လွန်စွာကြီးမားလှသောကျောက်ဖျာကြီးတစ်ချပ်ကို ဆွဲတင်ထားကြောင်း တွေ့ရသောကြောင့်ဖြစ်၏။

အကယ်၍ ထိုကြိုးများပြတ်ကျသွားပါက ထိုကျောက်ဖျာကြီးသည် ကျွန်ုပ်တို့၏ခေါင်းပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကျလာပေတော့မည်။

ထို့ကြောင့် ကျွန်ုပ်သည် ကျောက်ဖျာနှင့်လွတ်ရာဘက်သို့ ရှောင်တိမ်းပြီး ပညာရှိကလေးအား. .

"အဲဒီကြိုးတွေပြတ်ရင်တော့ ကျောက်ဖျာကြီးဟာ ကျုပ်တို့ခေါင်းပေါ်ကျမှာ"

ဟု ပြောလိုက်ရာ ပညာရှိကလေးက. .

"သင်ဟာ သိပ်ပြီးအရသာရှိတဲ့လူပဲ။ အမြဲတမ်း ကြောက်နေတယ်။ ကျွန်ုပ်လည်း သင့်လိုပဲ ကြောက်တဲ့အရသာကို ခံစားချင်တယ်။ ဒါပေမယ့် ကျွန်ုပ်စိတ်မှာ ကြောက်တယ်ဆိုတာ မလာဘူး။ အဲဒီတော့ အရသာမရှိဘူး။ သင်ပြောတာ မှန်ပါတယ်။ ကြိုးတွေပြတ်ရင်တော့ အပေါ်က ကျောက်တုံးကြီးဟာ ကျွန်ုပ်တို့ကိုပိမှာ အမှန်ပဲ။ ဒါပေမယ့် ကြိုးတွေမပြတ်သေးပါဘူး။ အဲဒီတော့ ဘယ်လိုလုပ်ပြီး ကျွန်ုပ် ကြောက်ရမှာတုံး"

ဟု ပြောလေ၏။

"ဘာဖြစ်လို့ ဒီကျောက်တုံးကြီးကို ဒီလို လုပ်ထားရတာတုံး"

ဟု ကျွန်ုပ်က မေးမိလေ၏။







www.burmeseclassic.com

www.burmeseclassic.com



"တံခါးလေ. . တံခါးလုပ်ထားတာပေါ့။ ရေတက်လို့ရှိရင် ဒီဂူကြီးထဲကို ရေကဝင်လာတယ်။ အဲဒီအခါမှာတော့ ဟော ဟိုသစ်တုံးကြီးတွေဟာ ပေါ်လာတယ်။ ရေနည်းနည်း တက်ရင် နည်းနည်းပေါ်တယ်။ အဲဒီသစ်တုံးကြီးတွေ နည်း နည်းပေါ်တာနဲ့ အပေါ်ကကျောက်တုံးကြီးက အောက်ကို နည်းနည်းကျလာတယ်။ များများရေတက်ရင် များများ ကျလာတာပေါ့။ နောက်ဆုံးမှာ ဒီကျောက်တုံးကြီးဟာ ဒီဂူပေါက်ကြီးမှာ တစ်ခါတည်းပိတ်သွားတယ်၊ အဲဒီ အခါမှာ ဂူထဲကို ရေမဝင်တော့ဘူး။ ရေပြန်ကျသွားရင် ကျောက်တုံးကြီးလည်း ပြန်ပြီးတက်သွားတယ်။ ဒီတံခါးကို ရေမဝင်အောင် သေသေချာချာလုပ်ထားတယ်။ ဒီဂူ ပေါက်ထဲမှာ အသက် တစ်ထောင်ကျော်ရှည်တဲ့မင်းသမီး လေးနေတယ်မဟုတ်လား"

ဟု ပညာရှိကလေးက ပြောလေ၏။

"ကဲပါ. . အထဲကိုဝင်ကြည့်ရအောင်ပါ"

ဟု ကျွန်ုပ်ကပြောရာ ပညာရှိကလေးက. .

"ကြည့်လေ"

ဟု ဆိုကာ အရှေ့မှဝင်လေ၏။





အနည်းငယ်ဝင်မိသည့်အခါ၌ ထိုဂူပေါက်ကြီး၏တစ်နေရာ တွင် ထွန်းညှိထားသော ရွှေဖြင့်အတိပြီးသည့် လွန်စွာကြီးမားသော ဆီမီးခွက်ကြီးကို တွေ့ရလေ၏။

ထို့နောက် ကျွန်ုပ်နှင့် ပညာရှိကလေးတို့သည် ဆက်လက်၍ ဝင်သွားကြရာ ခြောက်သွေ့သော ကျောက်နံရံများကို တွေ့ရလေ၏၊ ကွေ့ကလေးတစ်ကွေ့သို့ရောက်သောအခါ၌ ဆီမီးခွက်ကလေးတစ် လုံးကို တွေ့ရပြန်၏။

ထိုနေရာ၌ကား အပေါက်တစ်ပေါက်ရှိ၍ ထိုအပေါက်အား သစ်သားတံခါးကြီးဖြင့်ပိတ်ဆို့ထားသည်ကို တွေ့ရလေ၏။ ကျွန်ုပ် တို့လည်း ထိုသစ်သားတံခါးကြီး၏မင်းတုပ်ကို မ၍ ဝင်သွားရာ ကျောက် လှေကားထစ်ပေါင်း ဆယ့်သုံးထစ်ကို တွေ့ရလေ၏။

ထိုလှေကားထစ်၌လည်း ဆီမီးခွက်တစ်လုံးကို ထပ်မံ၍တွေ့ရ ပြန်လေ၏။ တံခါးပေါက်ကိုလည်း တွေ့ရပြန်၏။ ထိုတံခါးမှာ သားရေ တစ်မျိုးဖြင့်ပြုလုပ်ထားသောတံခါးဖြစ်ကြောင်း ကျွန်ုပ်သတိပြုမိလေ၏။

ကျွန်ုပ်တို့သည် ထိုတံခါး၏မင်းတုပ်ကိုဖြုတ်၍ ထပ်မံ၍ဝင်သွား ကြရာ ခုနစ်ထစ်သောလှေကားကို တွေ့ရပြန်၏။ ထိုလှေကားသို့ တက် သည့်အချိန်မှစ၍ လွန်စွာမွှေးကြိုင်သောရနံ့ကို ရရှိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမွေးရနံ့မှာ ကျွန်ုပ်တို့ရှူရှိုက်ဖူးသော ကတိုးနံ့နှင့် လွန်စွာ ဆင်တူကြောင်းလည်း ကျွန်ုပ် သတိပြုမိလေသည်။

ထိုမှတစ်ဖန် ကျွန်ုပ်တို့သည် ဆက်လက်၍သွားကြပြန်ရာ ကြောင်လိမ်လှေကားကဲ့သို့စီမံထားသော ကျောက်လှေကားကလေး တစ်ခုကိုတွေ့ရလေ၏။ ထိုလှေကားလေးမှာ အထစ်အားဖြင့် ငါးထစ် သာရှိလေ၏။ ထိုလှေကားထိပ်၌ကား ရွှေဆီမီးခွက်တစ်လုံးကို တွေ့ရ ပြန်လေ၏။

ထိုဆီမီးခွက်၌ ကျောက်သံပတ္တမြားစီခြယ်ထားသည်ကို တွေ့ရ လေ၏။

ထိုဆီမီးခွက်အနီး၌လည်း သံဖြင့်ပြုလုပ်ထားသော သို့တည်း မဟုတ် စက္ကူတစ်မျိုးဖြင့်ပြုလုပ်ထားသော လူတစ်ယောက်ဝင်သာရုံ တံခါးငယ်တစ်ခုကို တွေ့ရလေ၏။ ကျွန်ုပ်တို့သည် ထိုမင်းတုပ်ကိုဖြတ် ကာ အတွင်းသို့ဝင်ကြလေ၏။

အတွင်း၌ကား လွန်စွာ မွှေးကြိုင်လှပေ၏။ ကြမ်းပြင် တစ်လျှောက်လုံး၌လည်း ရွှေ ငွေ ကျောက်သံပတ္တမြားများဖြင့် စီခြယ် ထားလေ၏။ တစ်နေရာ၌မူ ရှေးခေတ်သုံး ဓားလှံလက်နက်များကို တွေ့ ရလေ၏။

ရွှေဆီမီးခွက်ခုနစ်ခွက် ထွန်းညှိထားသည်ကိုလည်း တွေ့ရလေ





၏။ ငွေဒင်္ဂါးများပုံထားသည်ကိုလည်း တွေ့ရလေ၏။ ရွှေဖြင့်အတိပြီး သော အသုံးအဆောင်အမြောက်အမြားကိုလည်း တွေ့ရလေ၏။ အခန်း တစ်ဖက်၌မူ ကျောက်သလွန်ပေါ်၌ လတ်ဆတ်သောပန်းပွင့်များပုံထား သည့် ရှည်မျော့မျော့အရာဝတ္ထုတစ်ခုကို တွေ့ရ လေ၏။

ကျွန်ုပ်သည် ထိုကျောက်သလွန်အနီးသို့ ကပ်သွားလေ၏။ သလွန်ပေါ်တွင် ပန်းပွင့်များကို တွေ့ရလေ၏။ ပန်းပွင့်များ၏အောက်၌ ခုံးခုံးလုံးလုံးသဏ္ဌာန်ရှိသော မှန်ခေါင်းကြီးတစ်လုံးကို တွေ့ရလေ၏။

ပန်းပွင့်များကိုဖယ်၍ ထိုမှန်ခေါင်းအတွင်းသို့ ငုံ့ကြည့်လိုက် ရာ ပြုံးပြုံးကလေးအိပ်စက်နေသော အသက်ဆယ့်ခုနစ်နှစ်အရွယ်မိန်း ကလေးတစ်ဦးကို တွေ့ရလေ၏။

မိန်းကလေး၏အသားအရောင်သည် ဝါဝင်းလှပေ၏။ ဆံပင် မှာ ရှည်လျားလှပေ၏။ ကိုယ်လုံးကိုယ်ထည်မှာ သေးသွယ်ဖြောင့်စင်း လှပေ၏။ မိန်းကလေး၏လက်ချောင်းအစေ့၌ လက်စွပ်များဝတ်ထား သည်ကို တွေ့ရလေ၏။

ထိုလက်စွပ်များသည် ရွှေကြိုးများဖြင့် သွယ်တန်းထားသော မိန်းကလေး၏လက်ကောက်ဆီသို့ ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရ လေ၏။ မိန်းကလေးသည် လွန်စွာလှ၏။ ကျွန်ုပ်တွေ့ဖူးသမျှသော မိန်းမ ချောမိန်းမလှများ၊ တွေ့ဖူးသမျှသော မိန်းမချောဓာတ်ပုံများ နှိုင်းယှဉ်

www.burmeseclassic.com



မကွဲရင်းစာအုပ်များ၌ပါသည့် တွေ့ဖူးသမျှသော အလှမယ်များ၏ ဓာတ်ပုံများတို့မှ မိန်းမချောမိန်းမလှဆိုသူများနှင့် နှိုင်းစာကြည့်သော်လည်း မှန်ခေါင်းအတွင်းမှ မိန်းကလေး၏အလှက တစ်ဖက်စောင်းနင်း အလေးသာလျက်ရှိပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုမိန်းတလေး၏အလှကို စကားအားဖြင့်လည်း ပြော၍မပြတတ်သကဲ့သို့ စာအားဖြင့်လည်း ရေးသားမှတ်တမ်းတင်ခြင်းမပြုနိုင်ကြောင်း ဝန်ခံပါသည်။

ကျွန်ုပ်သည် ထိုမိန်းကလေးအားငေးမောကြည့်ရှုရင်း သတိလစ်သကဲ့သို့ ဖြစ်နေပေ၏။ မှင်တက်မိသကဲ့သို့လည်း ဖြစ်နေလေ၏။ ထိုအချိန်အတွင်း၌ ကျွန်ုပ်သည် အသက်ရှူနေသည် သို့မဟုတ် မရှူဘဲဖြစ်နေသည်ကိုလည်း ကျွန်ုပ်အတပ်မပြောနိုင်ပါ။ ဤမျှလှပသော မိန်းကလေးအား ကျွန်ုပ်တစ်သက်၌ နောက်တစ်ကြိမ် တွေ့နိုင်လိမ့်မည်ဟု မထင်တော့ပါ။

ကျွန်ုပ်သည် အချိန်မည်မျှကြာသည်အထိ သတိကင်းမဲ့နေသည်ဟု မဆိုနိုင်ပါ။ ပညာရှိကလေးက ကျွန်ုပ်၏ရင်ဘတ်သို့ အသာအယာ [illegible]

"သူလား [illegible] ပြိုဆိုတာ"

ဟု မေးလိုက်ရာ ပညာရှိကလေး [illegible]





"ဟုတ်ပါတယ်"

ဟု ပြန်၍ဖြေလေ၏။

"သူ ဘယ်အချိန်အိပ်ရာထသတုံး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"သူ ဘယ်တော့မှ မထဘူး။ ဒီအတိုင်းပဲ အိပ်နေမယ်"

ဟု ပညာရှိကလေးက ပြောလေ၏။

"အိပ်နေတာလား"

ဟု ကျွန်ုပ်က ထပ်၍မေးလိုက်ရာ ပညာရှိကလေးက . .

"လူတွေအားလုံးက ဒီလိုပဲထင်နေတယ်။ တစ်နေ့မှာ အိပ်ရာက နိုးလာလိမ့်မယ်လို့လည်း ထင်နေကြတယ်။ ဒါပေမယ့် မနိုးပါဘူး။ သူဟာ သေနေတာပါ။ သင်ပြောသလို နောင်ဘဝဆိုတဲ့နေရာမှာတော့ နိုးမလားမသိဘူး"

ဟု ပြောလိုက်လေ၏။

"ဘယ်လိုဖြစ်တာလဲ။ သေတာဆိုရင် ပုပ်သိုးသွားမှာပေါ့ ပညာရှိကလေးရယ်"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ပညာရှိကလေးက . .

"ပုပ်သိုးတာနဲ့ သေတာနဲ့ တခြားစီပဲ။ တချို့တိရစ္ဆာန်တွေ သေသွားတယ်။ ပုပ်သိုးခြင်းမဖြစ်ဘူး၊ ကျောက်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား။ သူလည်း ဒီလိုပေါ့။ ပုပ်သိုးခြင်းလည်း မဖြစ်အောင်၊ ကျောက်လည်းမဖြစ်အောင် ဆေးနဲ့လုပ်ထားတာပေါ့"

ဟု ပညာရှိကလေးကပြောလေ၏။

ထိုအခါ ကျွန်ုပ်က. . . .

"သင်တို့ဆီမှာ မှန်မှ မရှိဘဲ။ ဒီမှန်ခေါင်းကို ဘယ်လိုလုပ်ပြီးရတာတုံး"

ဟု မေးလိုက်မိလေ၏။

"မှန်မဟုတ်ဘူး။ အင်မတန်ကြီးမားတဲ့ ငါးကြီးတစ်ကောင်ရဲ့ အကြေးခွံတွေနဲ့ ပြုလုပ်ထားတာ။ အဲဒီ အကြေးခွံဟာ ဟိုဘက်ဒီဘက် ဖောက်ပြီးမြင်ရတယ်။ ရာသီဥတုဒဏ်ကိုလည်း ခံနိုင်တယ်။ ကွဲအက်ခြင်းလည်း မရှိဘူး။ ခိုင်ခံ့တယ်"

ဟု ပညာရှိကလေးက ပြောလေ၏။

ထိုအခါ ကျွန်ုပ်က. .

"အဲဒီမင်းသမီးကလေးအကြောင်း ပြောပြစမ်းပါ"

ဟု ပြောရာ ပညာရှိကလေးက. .

"ဒီကျွန်းကြီးဟာ အရင်တုန်းက လူတစ်ယောက်မှမရှိဘူး။ လွန်ခဲ့တဲ့အနှစ်တစ်ထောင်ကျော်ကမှ ဒီမင်းသမီးလေးကို





အကြောင်းပြုပြီး ဒီကျွန်းပေါ်ကို လူတွေရောက်လာတာ။ ဒီကျွန်းပေါ်မှာ အရင်တုန်းက လူတွေအများကြီးပဲနေခဲ့တယ်လို့ သိရတယ်။ နောက်တော့ ဝမ်းရောဂါဖြစ်ပြီး လူတွေသေကုန်တယ်။ နည်းနည်းကလေးပဲ ကျန်တော့တယ်။ အခုဆိုရင် ကျွန်းပေါ်မှာ လူတွေဟာ သိပ်ကိုနည်းသွားပြီ။ အလွန်ဆုံးရှိရင် နှစ်ရာကျော်ပဲ ရှိတော့မယ်။ အရင်တုန်းက ဒီကျွန်း ဟာ တိုင်းပြည်တစ်ခုပဲ။ နောက်တော့ မြို့တစ်ခုလောက်ပဲရှိတော့တယ်။ အခုတော့ ရွာလို့ခေါ်မလားမပြောတတ်ဘူး။ နောက်တစ်ခါ ရောဂါကြီးကြီးမားမားကျရောက်ခဲ့ရင်တော့ ဒီကျွန်းဟာ လူမရှိတဲ့ကျွန်းကြီး ဖြစ်သွားတော့မယ်။ အခုရှိနေတဲ့ကျွန်းဟာ အရင်တာရှိခဲ့တဲ့ကျွန်းရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲဖြစ်လိမ့်မယ်။ ပင်လယ်ထဲမှာ မြုပ်ကုန်တာ အများကြီးပဲ။ အခုဟာတာ ကျွန်းဟာ နည်းနည်းလေးပဲကျန်တော့တယ်။ အရင်က မြို့ရိုးတွေ၊ ဘာတွေ ရှိတယ်။ အခု မရှိတော့ဘူး။ နောက်ဆိုရင် ဒီကျွန်းကြီးပါ ရေမြုပ်သွားရင် မြုပ်သွားမှာ။ အဲဒီအခါမှာ ကျွန်းပေါ်ကလူတွေဟာ သင်ပြောတဲ့ နောင်ဘဝဆီ ရောက်သွားမယ်ထင်တယ်။ မတတ်နိုင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



တု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က. .

"မင်းသမီးလေးအကြောင်း ပြောစမ်းပါဦး ပညာရှိကလေးရဲ့"

ဟု ပြောလိုက်ပြန်ရာ ပညာရှိကလေးက မှန်ခေါင်းအတွင်းသို့ လက်ညှိုးညွှန်ပြ၍. .

"မင်းသမီးလေး ခေါင်းအုံးထားတဲ့အရာဝတ္ထု တွေ့တယ် မဟုတ်လား"

ဟု မေးလေ၏။

"တွေ့ပါတယ်၊ ရွှေနဲ့လုပ်ထားတဲ့ ခေါင်းအုံးလုံးလုံးကလေးပဲ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။

"ခေါင်းအုံးသက်သက်မဟုတ်ဘူး။ သေတ္တာတလေးတစ်လုံးဖြစ်တယ်၊ အဲဒီအထဲမှာ မှတ်တမ်းရှိတယ်၊ အဲဒီမင်းသမီးလေးအကြောင်း အကုန်ပါတယ်။ ကျွန်ုပ်ကတော့ အပြည့်အစုံ မပြောတတ်ဘူး။ လူကြီးတွေပြောတာတော့ နားထောင်ဖူးတယ်"





ဟု ပညာရှိကလေးက ပြောလေ၏။

"ဒီလိုဆိုရင်လည်း တစ်နေ့တော့ ဖတ်ရမှာပေါ့"

ဟု ကျွန်ုပ်ကပြောရာ ပညာရှိကလေး က. .

"မဖတ်ပါနဲ့၊ သင်နဲ့မှမဆိုင်ဘဲ။ ကျွန်ုပ် သင့်ကိုပြောပါရစေ၊ ဒီကျွန်းပေါ်ကနေ ထွက်ပြေးနိုင်အောင် ကျွန်ုပ် ကူညီပါ့မယ်။ ကျွန်ုပ်လည်းပဲ သင်တို့နဲ့အတူလိုက်ပါပါ့မယ်၊ ဒီလိုလိုက်ပါတာဟာ ဒီကျွန်းကိုမုန်းလို့ မဟုတ်ဘူး။ သင်တို့ဆီမှာ သင်ပြောတဲ့ နောင်ဘ၀ဆိုတဲ့အကြောင်းကို သိတဲ့လူတွေအများကြီးပဲဆို၊ အဲဒီပညာကို ကျွန်ုပ်သင်ချင်တယ်၊ ဒါကြောင့်လိုက်မှာပဲ၊ ကျွန်ုပ်က ပညာကို အလိုရှိတယ်၊ အဲဒီတော့ သင်တို့က ဒီကျွန်းပေါ်က လူတွေကို မသတ်ခဲ့ပါနဲ့၊ ကျွန်းပေါ်ကပစ္စည်းကို ဘာမှမယူပါနဲ့၊ အထူးသဖြင့် ဒီမင်းသမီးကလေးဆီကပစ္စည်းကို ဘာမှမယူပါနဲ့၊ ဒီကျွန်းပေါ်က ကျွန်းသားတွေဟာ အလွန်အငြိုးအမှတ်ကြီးကြတယ်၊ အဲဒီတော့ သင်တို့အန္တရာယ်ကျရောက်လိမ့်မယ်၊ ကျွန်ုပ်အနေနဲ့ကတော့ သင်တို့လည်း အန္တရာယ်မကျရောက်စေချင်ဘူး၊ ကျွန်းသားတွေလည်း အန္တရာယ်မကျရောက်စေချင်ဘူး၊ ကျွန်ုပ်လည်း သင်တို့နဲ့လိုက်ပြီး ပညာ



www.burmeseclassic.com

www.burmeseclassic.com



ယူချင်တယ်။ ဒါပဲ. .။ လာပါ။ အောက်ကိုဆင်းပြီး လှေကိုရှာရအောင်"

ဟုပြော၍ ရှေ့မှဆင်းသွားလေ၏။ ကျွန်ုပ်လည်း ၎င်းနောက်မှ လိုက်ပါ၍သွားရလေ၏။

အခန်းများမှပြန်ထွက်သောအခါ၌ ကျွန်ုပ်တို့သည် တံခါးများကို နေသားတကျ ပြန်၍ပိတ်ခဲ့ကြ၏။ ထို့နောက် ကျွန်ုပ်တို့သည် မှလကတွေ့ခဲ့သော ကျောက်တံခါးကြီးဆီသို့ ရောက်ရှိခဲ့ကြလေ၏။ ထိုအခါ၌ တံခါးပေါက်မှထွက်၍ ရေစပ်ဘက်သို့သွားရာ ဂူပေါက်တစ်ခုကိုတွေ့ပြန်၏။ ထိုဂူပေါက်၌ကား ရွက်လှေသုံးစင်း သိုလှောင်သိမ်းဆည်းထားသည်ကိုတွေ့ရလေ၏။ ကျွန်ုပ်နှင့် ပညာရှိကလေး၏သည် ထိုရွက်လှေများပေါ်သို့တက်၍ စစ်ဆေးကြည့်ရှုပြီးလျှင်ပြန်ကြလေတော့၏။

လမ်းတွင် ကျွန်ုပ်က. .

"မင်းသမီးလေးရဲ့ ခေါင်းပေါ်မှာ ပန်းတွေလည်း ကြဲထားတာတွေ့တယ်။ ဂူတစ်လျှောက်လုံးမှာလည်း ဆီမီးခွက်တွေထွန်းထားတာတွေ့တယ်။ ဒါက ဘယ်သူလုပ်ထားတာတုံး"

ဟု ပညာရှိကလေးအားမေးရာ ပညာရှိကလေးက. .





"မျက်စိမမြင်တဲ့ ခါးကုန်းကြီးတစ်ယောက်က အဲဒီအလုပ်ကို နေ့တိုင်းလုပ်ရတယ်။ ရေကျသွားတာနဲ့ သူရောက်လာပြီး ရေတက်ရင် သူပြန်သွားတယ်။ အဲဒါ နေ့တိုင်း သူ့အလုပ်ပဲ"

ဟု ပညာရှိကလေးကပြောလေ၏။ ထို့နောက် ပညာရှိကလေးနှင့် ကျွန်ုပ်တို့သည် ထွက်ပြေးမည့်ညကို ရွေးချယ်ကြလေ၏။ ပညာရှိလေးက. .

"မိုးတွေလေတွေ တအားတိုက်တဲ့ညမှာ သင်္ဘောလူတွေစခန်းထားတဲ့ဆီကိုသွားရမယ်။ သူတို့ကို လွတ်အောင်လုပ်ရမယ်။ အဲဒီမှာအစောင့်ကျတဲ့ ကျွန်းသားနဲ့ တိုက်ခိုက်ချင်တိုက်ခိုက်ရမယ်။ နိုင်အောင်တိုက်ခိုက်ပါ။ ဒါပေမယ့် အကြောင်းမဲ့ လူမသတ်ပါနဲ့။ သင့်ကို တစ်ခုမှာထားချင်သေးတာကတော့ ကျွန်ုပ်တို့ကျွန်းမှာ အစောင့်တာဝန်ယူရတဲ့လူတွေဟာ ဘယ်သန်တွေကိုပဲ အသုံးပြုလေ့ရှိတယ်။ အဲဒီတော့ သူတို့ရဲ့ဘယ်လက်ကိုဂရုစိုက်ပြီး တိုက်ခိုက်ပါ။ ဒါဆိုရင် ဖြစ်ပါပြီ"

ဟု ပညာရှိကလေးက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ပညာရှိကလေးနှင့် ကျွန်ုပ်တို့သည် စနစ်တကျ စီမံခဲ့ပြီး သုံးရက်မြောက်သော နေ့၌ ကျွန်းပတ်ပတ်လည်ပင်လယ်ပြင်၌ လှိုင်းလုံးကြီးများ ပြင်းထန်စွာတက်၍လာ၏။ မိုးသက်လေပြင်းလည်း ပြင်းထန်စွာတိုက်ခတ်လေ၏။ မိုးသံလေသံမှာ ကြောက်မက်ဖွယ်ပင် ကောင်းလှတော့၏။ ထိုအခါ၌ ပညာရှိကလေးသည် ကျွန်ုပ်အား. .

"ကဲ. . သွားကြမယ်"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ရိက္ခာပစ္စည်းများကို သယ်နိုင်သမျှသယ်၍တုတ်ကြီးတစ်ချောင်းကိုကိုင်ကာ ပညာရှိကလေး၏လက်ကိုဆွဲ၍ တောင်ကုန်းပေါ်မှဆင်းလာပြီးလျှင် မောင်ဘမှန်အချုပ်ခံနေ၏သော နေရာဆီသို့ မှန်း၍သွားလေ၏။ ကံကောင်းထောက်မ,၍လော မပြောတတ်ပေ။ ထိုနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလေတော့၏။ အစောင့်တစ်ဦးသည် တံခါးကိုမှီ၍ လှံကိုကိုင်ကာ ရပ်နေသည်ကို လျှပ်စီးလက်လိုက်သောအရောင်၌ ကောင်းစွာတွေ့ရလေ၏။ ကျွန်ုပ်ကိုမူ ထိုအစောင့်က သတိပြုမိပုံမပေါ်ပေ။

ကျွန်ုပ်သည် ထိုအစောင့်ဆီသို့ တန်းတန်းမတ်မတ်ပြေးသွားပြီးလျှင် ဝမ်းဗိုက်ဆီသို့ တုတ်ဖြင့်တအားလွှဲရိုက်လိုက်ရာ အစောင့်သည် 'အား' ခနဲအော်၍ ရှေ့သို့စိုက်လာလေ၏။ ထိုအခါ ကျွန်ုပ်သည် အစောင့်၏လက်ဝဲဘက်လက်ဆီသို့မှန်းဆ၍ ရိုက်ချလိုက်ရာ အစောင့်သည် လဲကျ





သွားလေတော့၏။ ကျွန်ုပ်လည်း တံခါးမင်းတုပ်ကိုဖြုတ်ကာ အခန်းတွင်းသို့ဝင်လေ၏။ အတွင်းသို့ရောက်လျှင်. .

"မောင်ဘမှန်. . မောင်ဘမှန်. . "

ဟု ခေါ်လေ၏။ ထိုအခါ မောင်ဘမှန်က . .

"မောင်ဘိုးတူလား"

ဟု ပြောလေ၏။

"ဟုတ်တယ်။ ကျုပ်တို့လွတ်ပြီဗျို့"

ဟု ပြော၍ မောင်ဘမှန်အသံလာရာဆီသို့ မှန်းဆ၍သွားကာ မောင်ဘမှန်အား ချည်နှောင်ထားသောကြိုးများကိုဖြေပေးလေ၏။ ထိုအခါ မောင်ဘမှန်လည်း ဝမ်းသာအားရဖြင့် ထကာ အခန်းပေါက်ဆီသို့ နှစ်ယောက်သား ပြေးထွက်ခဲ့ကြလေ၏။

အခန်းပေါက်သို့ ရောက်သောအခါ၌ လျှပ်စီးလက်လိုက်သဖြင့် ကျွန်ုပ်ရိုက်ထားသောကြောင့် လဲကျနေသည့်အစောင့်ကို မောင်ဘမှန်က တွေ့သွားသည်ဖြစ်ရာ ထိုအစောင့်၏လှံကိုကောက်ယူ၍ အစောင့်အားထိုးသတ်လိုက်လေတော့၏။ ထိုအခါ ပညာရှိကလေးသည် မသတ်[illegible]အတွက် ပြေးလာ၍[illegible] ကောင်းပန်လေ၏။ မော[illegible]

[illegible]ကိုး[illegible] မှုန်နှင့်လိုးမြည် ရုပ်နေ၏။ [illegible]

[illegible]ပြီးလျှင်. .



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်ပါနဲ့ မောင်ဘမှန်။ သူလုပ်ပေးလို့ ကျုပ်တို့လွတ်မှာ။ ကျေးဇူးရှင်ကလေးဗျ။ ပြီးတော့ သူက ပညာရှိကလေးလည်းဖြစ်တယ်"

ဟု ပြောပြရလေ၏။

ကျွန်ုပ်တို့သည် မောင်ဘမျိုးရှိရာ စားဖိုဆောင်သို့ သွားရပြန်လေ၏။ စားဖိုဆောင်သို့ရောက်သောအခါ၌လည်း စားဖိုဆောင်အစောင့်အား မောင်ဘမှန်က လှံနှင့်ထိုးသတ်ပြန်လေ၏။ ပြီးလျှင် စားဖိုဆောင်တံခါးကိုဖွင့်၍ မောင်ဘမျိုးအား ဆွဲထုတ်လေ၏။ မောင်ဘမျိုးလည်း လွတ်မြောက်ခဲ့ပြန်၏။ ထို့နောက် ကျွန်ုပ်တို့သည် မောင်စိန်သွေးရှိရာ ပန်းပုဆောင်သို့သွားပြန်၏။ မောင်ဘမှန်သည် အစောင့်အား လှံနှင့်ထိုးပြန်၏။ ထိုအခါ ပညာရှိကလေးသည် ပြင်းပြင်းထန်ထန်ကန့်ကွက်လေတော့၏။ အစောင့်အား လှံဖြင့်ထိုးပြီးနောက် မောင်စိန်သွေးအား ကယ်ထုတ်ခဲ့ပြန်၏။

ထို့နောက် ကျွန်ုပ်တို့သည် ဆရာကိုဖူးညို နေထိုင်ရာသို့ သွားကြပြန်၏။ ဆရာကိုဖူးညိုသည် ကျွန်ုပ်တို့က ကယ်တင်သည့်တိုင်အောင်ငြင်းက. .

"ကျုပ်မလိုက်တော့ဘူး"

ဟု ငြင်းဆန်နေလေ၏။





ငှင်းဆိတွင်ပို့ထားသော မိန်းကလေးနှစ်ဦးကလည်း ဆရာကိုဖူးညိုအား လိုက်မသွားရန် ငိုယို၍ဆွဲထားကြလေသည်။ ထိုအခါ မောင်ဘမှန်က ထိုမိန်းကလေးနှစ်ဦးအားရိုက်နှက်၍ ကြိုးဖြင့်တုပ်ကာ အခန်းတွင်း၌ ပိတ်လှောင်ခဲ့ပြီးလျှင် ဆရာကိုဖူးညိုအား အတင်းဆွဲထုတ်ခဲ့လေ၏။

ကိုဖူးညိုက မလိုက်ချင်၍ ရုန်းကန်နေသောကြောင့် မောင်ဘမှန်က လှံဖြင့်ထိုးသတ်မည်ဟု ပြောမှသာလျှင် လိုက်ပါခဲ့လေ၏။

မောင်ဘမှန်ကလည်း မောင်ဖူးညိုအား ပါးကို လက်ဖြင့်တအားလွှဲ၍ ရိုက်ချလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့လူစုသည် မုတ်ဆိတ်ဖြူကြီး၏အိမ်သို့ သွားကြပြန်လေ၏။ အစောင့်လုပ်သူအား မောင်ဘမှန်သည်ပင်လျှင် အဆုံးစီရင်လေ၏။ မုတ်ဆိတ်ဖြူကြီးသည် မိန်းကလေးနှစ်ယောက်ကိုဖက်၍ ခုတင်ပေါ်၌ အိပ်နေလေ၏။ မောင်ဘမှန်သည် မုတ်ဆိတ်ဖြူကြီးအား ကုပ်မှကိုင်ကာ အိပ်ရာထဲမှ ဆွဲထုတ်ခဲ့လေ၏။ မုတ်ဆိတ်ဖြူကြီးသည်. .

"စည်းစိမ်တွေ့နေပြီ။ ကျုပ်တော့ မလိုက်တော့ဘူး။ သင်တို့ ပြေးချင်ပြေးကြပါ"

ဟု ဆိုသောကြောင့်. .

"တကျော့ရှူးကြီး"



www.burmeseclassic.com

www.burmeseclassic.com



တု ဆိုကာ မောင်ဘမှန်သည် လှံရိုးဖြင့် ရိုက်လိုက်လေ၏။ ထိုအခါတွင်မှပင် မုတ်ဆိတ်ဖြူကြီးလည်း လိုက်ပါလာခဲ့ရလေ၏။

ပြီးလျှင် ကျွန်ုပ်တို့သည် တိုက်ဂါးကြီးရှိရာသို့ သွားကြပြန်လေ၏။ ထိုတိုက်ဂါးကြီး၏အိမ်တွင် စောင့်နေသောအစောင့်အား ကျွန်ုပ်က တိုက်ခိုက်ရလေ၏။ ပြီးလျှင် တိုက်ဂါးကြီးအားခေါ်ယူကာ တိုက်ဂါးကြီးက သူ၏မိန်းမနှစ်ယောက်ကို လက်ညှိုးထိုးပြပြီးလျှင်. .

"မခွဲနိုင်ဘူး"

ဟု ပြောလေ၏။

မောင်ဘမှန်က. .

"မခွဲနိုင်လို့မရဘူး။ သတ်ပစ်ခဲ့မယ်"

ဟု ပြောမှသာလျှင် တိုက်ဂါးကြီးလည်း မလိုက်ချင်လိုက်ချင်နှင့်လိုက်ပါခဲ့ရလေ၏။

ယင်းနောက် ကျွန်ုပ်လည်း ကျွန်ုပ်၏လူများအား ရိုက်ဖလာများ လှော်တက်များနှင့် မီးတုတ်များဖွက်ထားရာဆီသို့ ခေါ်သွားပြီးလျှင် လိုဏ်ဂူပေါက်ကြီးဆီသို့ ဝင်ကြလေ၏။ ကျွန်ုပ်တို့သည် မင်းသမီးလေး [illegible] လူများရှိရာဂူပေါက်ဆီသို့ သွားကြလေ၏။ [illegible] ဘမှန်မှာမူ လှေပေါ်သို့တက်သော အခြားသူများအား မည်သို့မည်ပုံပြုလုပ်ရမည်ကို ညွှန်ကြားနေလေ၏။ ထိုအချိန်၌ ကျွန်ုပ်





သည် မင်းသမီးလေးရှိရာဂူပေါက်ဆီသို့ ပြန်သွားပြီးလျှင် ယခင်က ကျွန်ုပ်ရောက်ဖူးသည့် မင်းသမီးလေးရှိရာအခန်းဆီသို့ ပြေးတက်သွားပြီးလျှင် ငါးအကြေးခွံဖြင့်ပြုလုပ်ထားသော မင်းသမီးလေး၏ခေါင်းကို ဆွဲကာ မင်းသမီးလေး၏ခေါင်းအောက်မှ ရွှေခေါင်းအုံး (ရွှေသေတ္တာ) ကို နှိုက်ယူလေ၏။

ကျွန်ုပ်က ခေါင်းဖုံးကိုဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ခေါင်းဖုံးအတွင်းမှ လေများထွက်လာပြီးလျှင် လှပဝင်းဝါသောမင်းသမီးလေး၏ ရုပ်အလောင်းသည် ညှိမည်း၍ မီးသွေးခဲသို့ဖြစ်သွားကာ တစ်ခဏချင်းနှင့်ပင် ပြာအဖြစ်သို့ရောက်ရှိသွားသည်ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရှိရလေတော့၏။

ကျွန်ုပ်သည် အချိန်မရသောကြောင့် ဆက်လက်၍ကြည့်မနေတော့ဘဲ ရွှေဖြင့်ပြုလုပ်ထားသော ခေါင်းအုံးသဏ္ဌာန်သေတ္တာကို ယူကာ ကျောက်တံခါးပေါက်သို့ထွက်မိသည်နှင့်တစ်ပြိုင်နက် မောင်ဘမှန်နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံလေ၏။

ထိုအခါ မောင်ဘမှန်က ကျွန်ုပ်၏လက်မှ ရွှေသေတ္တာကိုမြင်လျှင်. .

"အထဲမှာ ပစ္စည်းတွေအများကြီးပဲလား၊ ကျုပ်ဝင်သယ်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဂူပေါက်ဆီသို့သွားမည်အလုပ်မှာပင် ဂူပေါက်၏ သက်တွင် ချိတ်ဆွဲထားသော ကျောက်ဖျာကြီးသည် ကြောက်မက် ပ်ရာမြည်ဟည်း၍ 'ဝုန်း' ခနဲပြုတ်ကျသွားလေတော့၏။

ထိုမျှ ကြောက်မက်ဖွယ်ရာကောင်းသောအသံမျိုးကို ကျွန်ုပ် ၀်သက်တာတွင် နောက်တစ်ကြိမ်ကြားရတော့မည်မဟုတ်ပါ။ ကျောက် ကြီး၏ ပြုတ်ကျသံသည် ကျယ်လောင်လှသည်ကလည်းတစ်ကြောင်း၊ ကျောက်ဂူအတွင်း၌ ဖြစ်သောကြောင့်လည်းအသံကြီးမှာ ပြော၍မပြ လောက်အောင် ဟိန်း၍သွားလေတော့၏။

တစ်အောင့်မျှကြာလျှင် မောင်ဘမျိုးသည် မီးတုတ်နှစ်ချောင်း ကိုင်လျက် ကျွန်ုပ်တို့အနီးသို့ ရောက်လာလေ၏။ ထိုအခါကျမှပင် ကြိုးပြုတ်သွားသောနေရာဆီသို့ လှမ်း၍ကြည့်လိုက်ရာ ကြိုးမှာ သူ့အလို ပြုတ်သည်မဟုတ်။ မင်းသမီးလေး၏လိုဏ်ဂူအတွင်းမှ ပစ္စည်းများ ကျွန်ုပ်တို့သယ်ယူမည်စိုးသဖြင့် ပညာရှိကလေး... ကြိုးကိုဖြတ်ပစ် လိုက်ခြင်းဖြစ်ပေ၏။

ထိုအခါ မောင်ဘမှန်သည်. .

"ဒီခွေးကောင်ကလေးလုပ်တာကိုး"

ဟုဆိုကာ ပညာရှိကလေးအား လှံဖြင့်ပစ်၍ထိုးလိုက်လေ၏။ ကျွန်ုပ်ကဖမ်း၍ဆွဲလိုက်သော်လည်း မမိလိုက်တော့ပေ။





ကျွန်ုပ်သည် ပညာရှိကလေးထံသို့ ပြေး၍သွားလေ၏။ ပညာ ရှိကလေးသည် လှံတန်းလန်းစိုက်လျက် လဲကျကာ. .

"သင်နဲ့ ကျုပ်မလိုက်ရတော့ဘူးလား။ ကျုပ်ကို နောင်ဘဝ ဆိုတဲ့အကြောင်းတွေသင်ပေးမယ့်ဆီကို ခေါ်သွားမယ်ဆို။ ထားခဲ့တော့မလား။ သင်တို့သွားကြပါတော့. . သင်တို့ သွားကြပါတော့။ နောင်ဘဝကိုရောက်ရင် ဟိုလူ့ရဲ့ရင်ဝ ကို ကျွန်ုပ်လှံနဲ့ထိုးရမှာပေါ့။ သင်ပဲ ကျုပ်ကို မကြာခဏ ပြောတယ်မဟုတ်လား။ ကိုယ်က သူတစ်ပါးကို တစ်ခုခုလုပ် ရင် သူတစ်ပါးက ကိုယ့်ကို တစ်ခုခုပြန်လုပ်တယ်ဆို။ သင် ပြောတဲ့အတိုင်းမှန်ရင် ဟိုလူ့ရဲ့ရင်ဝကို ကျွန်ုပ်က လှံနဲ့ပြန် ထိုးနေရဦးမှာပေါ့။ ကျွန်ုပ်မထိုးချင်ဘူး။ ဒါပေမယ့် သင် ပြောသလို နောင်ဘဝရှိတယ်ဆိုရင်တော့ ပြန်ပြီးထိုးရဦး မှာပဲ။ ဟိုလူ့ကို ကျွန်ုပ်သနားပါတယ်"

ဟု ပြောဆိုနေစဉ်၌ပင် ပညာရှိကလေးသည် အသက်ပျောက် သွားလေတော့၏။

ကျွန်ုပ်သည် သံယောဇဉ်တွယ်နေပြီဖြစ်သော ပညာရှိကလေး ...သေဆုံးသွားခဲ့ရသည့်အတွက် ငိုကြွေးမိလေတော့၏။ ထိုအခါ ...မှန်က. .





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . မောင်ဘိုးတူ။ ငိုမနေနဲ့ ကျွန်းသားတွေလာရင် အကုန်သေကုန်လိမ့်မယ်"

ဟု ဆိုကာ ကျွန်ုပ်၏လက်ကိုဆွဲ၍ လှေဆီသို့ခေါ်သွားလေ၏။

ထိုအချိန်၌ ရေသည် တက်စပြုနေပြီဖြစ်ရကား လှေများ ဝှက်ထားသော ဂူပေါက်အတွင်းသို့ ရေများစတင်ဝင်ရောက်နေပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် လှေကြီးကို ကောင်းစွာ ဂူအပြင်ဘက်ဆီသို့ တွန်းထုတ်နိုင်ခဲ့လေ၏။ ဂူပေါက်အပြင်သို့ရောက်လျှင် ရေမှာ အတော်နက်နေပြီဖြစ်သဖြင့် လှော်တက်များကိုအသုံးပြုကာ ရေဝင်ရာ အပေါက်ဆီသို့ တရွေ့ရွေ့သွားလေ၏။ ရေဝင်ပေါက်ကြီးသို့ရောက်လျှင် ကျွန်ုပ်တို့ရှိလှေကြီးသည် ပင်လယ်ပြင်ဆီသို့ ချောမောစွာ ထွက်နိုင်ကြလေ၏။ ထိုအခါ တိုက်ဂါးကြီးက ရွက်များကိုတင်ရန် အမိန့်ပေးလေ၏။ ထိုအချိန်၌ပင် ဂူပေါက်အတွင်းမှ အသံများကြားသဖြင့် ကြည့်လိုက်ရာ ဂူပေါက်ကြီးတစ်ခုလုံး၌ လင်းထိန်နေသည်ကို တွေ့ရလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်းသားများသည် မီးတုတ်များကိုင်ဆောင်ကာ ဂူပေါက်အတွင်းသို့ ညာသံပေး၍ ပြေးဝင်လာနေကြသောကြောင့် ဖြစ်၏။

ထို့နောက် ကျွန်းသားများသည် လှေများရှိရာဆီသို့ သွားနေ





သည်ကို ကောင်းစွာတွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်က မောင်ဘမှန်အား . .

"လှေတွေထုတ်ပြီး လိုက်မယ်ထင်တယ်"

ဟု ပြောလိုက်ရာ မောင်ဘမှန်က . .

"အဲဒီအတွက်တော့မပူပါနဲ့ မောင်ဘိုးတူရာ။ ကျန်တဲ့လှေ တွေကို ကျုပ်တို့ဖျက်ဆီးပစ်ခဲ့ပါပြီ"

ဟု ပြန်၍ပြောလေ၏။

မှန်ပေသည်။ ကျွန်းသားများသည် လှေများကို တွ ခင်များ

သော်လည်း လှေများမှာ ရေများဝင်၍ နစ်မြုပ်လေ၏။ သော ဖိမ်ကျ

ရင်းတို့နှင့် အနည်းငယ်ဝေးသောနေရာဆီသို့ ... မ်မကျဘူး။

တိုက်ဂါးကြီးက မီးတုတ်ကြီးများကိုထွန်း ... သက်သာပါတယ်

ကျွန်ုပ်တို့လည်း မီးတုတ်များ ... ဘူ။ မောင်ဘမှန်တို့

လည်း မီးများ ထိ ... ဆိုရင် အနှိပ်စက်ခံနေရ

လေပတွေ ... သပ် အရိုက်ခံနေရတာ

မတုံးဗျ"

ဆိတ်ဖြူကြီးက . .

နှိပ်က သင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလျှင် ရိက္ခာများကို စားသောက်ရန် ထုတ်ကြ
ထိုအခါ ကျွန်ုပ်က မြိုးမြိုးမြက်မြက်စားသောက်ရန် မေတ္တာရပ်ခံ၍
များကို လိုက်လံဝေငှပေးရလေ၏။

သင်္ဘောသားများလည်း ပျော်ပါးစွာစားသောက်ကြ
မောင်ဘမှန်မှာမူ. .

"အခုမှပဲ ဝဝလင်လင်စားရတော့တယ်ဗျာ။
ဝအောင်လည်း မကျွေးဘူး။ ကောင်းကောင်းလည်
ဘူး။ မောင်ဘိုးတူမြင်တဲ့အတိုင်းပဲ။ ဒီကောင်တွေ
ရိုက်ချည်းပဲနေတော့တာပဲ"

ဟု ပြောလေ၏။ ထိုအခါ ဆရာကိုဖူးညိုက. .

"ကျုပ်တို့ကတော့ ဝဝလည်းစားရတယ်။ ကော
ဖွဲ့သီး နေရတယ်။ ကောင်မလေးနှစ်ယောက်လ
အဲဒီစည်းစိမ်ကို စွန့်လွှတ်ပြီး ခင်ဗျားတို့
ခင်ဗျားတို့ကို ခင်လို့နော်"

ဖွဲ့ဘမျိုးက. .

ဝင်ပါဘူးဆရာ ကိုဖူးညိုရယ်
ဒို့ ခင်ဗျားလိုက်ခဲ့တာ
လာက်ဆိုရင် ခ

ာအင်း
ငွဲ့ပင်
ါက်ကြီးတာ
င့်ဆိုသော်
ာတွင်းသို့ ညာ
ာက် ကျွန်းသာ





ဗျ။ ကိုဘမှန်မသတ်ဘဲ ကျွန်းသားတွေက
ဆိုရင် ခင်ဗျားတို့ကို သတ်ပါပြီဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက. .

"နေစမ်းပါဦး။ သင်တို့ကို မေးပါရစေ။ ဒါလောက်
ရှိရှိနေရတဲ့နေရာကနေ ဘာဖြစ်လို့များ ထွက်ပြေးချ
တာတုံး။ ကျုပ်မှာ ဆွေမျိုးမရှိလို့၊ ဆွေမျိုးရှိရင် တစ်
လုံးတစ်မျိုးလုံးတောင် ဒီကျွန်းကို ခေါ်ထားချင်တယ်

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်းမနေနိုင်တော့ဘဲ

"မဟုတ်ဘူး မုတ်ဆိတ်ဖြူကြီးရဲ့။ ခင်ဗျားရယ်၊
ကိုဖူးညိုရယ်၊ တိုက်ဂါးကြီးရယ်သာ ဇိမ်ကျနေတာ။
ကတော့ ခင်ဗျားတို့လောက်ဇိမ်မကျဘူး။ ပညာရှိ
နေရတာဆိုတော့ သက်တော့သက်သာပါတယ်။ ကျွန်
တွေက ဒုက္ခရောက်နေတာဗျ။ မောင်ဘမှန်တို့ မောင်
တို့၊ ကိုစိန်သွေးတို့ဆိုရင် အနှိပ်စက်ခံနေရတာ။
ဘမှန်ဆိုရင် နာရီမလပ် အရိုက်ခံနေရတာ။ ဒီကျွ
မပြေးလို့ ဘယ်ဖြစ်မတုံးဗျ"

ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖြူကြီးက. .

"ဒီလိုလား။ ကျွန်ုပ်က သင်တို့အားလုံးလည်း တွ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရနေပြီထင်တာ။ ဒီလိုဆိုတော့လည်း ဒီကျွန်းက ပြေးရမှာပေါ့လေ"

ဟု ပြောလိုက်လျှင် မောင်ဘမှန်က . .

"ပြေးရုံဘယ်ကမလဲ မုတ်ဆိတ်ဖြူကြီးရာ။ ကျုပ်ကတော့ ကျွန်းတစ်ကျွန်းလုံး မီးနဲ့တောင်ရှို့ပစ်ခဲ့ချင်တာ"

ဟု ပြောလိုက်လေ၏။

"ခင်ဗျားသတ်ခဲ့တာလည်း လူတွေ မနည်းပါဘူး"

ဟု ကျွန်ုပ်ကပြောရာ မောင်ဘမှန်က . .

"တစ်ကျွန်းလုံးသတ်ပစ်ချင်တာဗျ"

ဟု ပြောလေ၏။

"ပညာရှိကလေးကိုသတ်လိုက်တာတော့ ဆိုးသဗျာ"

ဟု ကျွန်ုပ်ကပြောရာ မောင်ဘမှန်က . .

"ရတနာပစ္စည်းတွေမရအောင်လုပ်လိုက်တဲ့ ဟိုကလေးကို ပြောတာလား"

ဟု ပြန်၍မေးလေ၏။

"ဟုတ်တယ်မောင်ဘမှန်။ သူဟာ ပညာရှိကလေးပဲ"

ဟု ပြောလိုက်လျှင် မောင်ဘမှန်က . .

"ဒီကလေးလေးက ဘယ်လိုလုပ် ပညာရှိဖြစ်နိုင်မှာတုံး"





ဟု ပြန်၍မေးလျှင် ကျွန်ုပ်၏ချစ်လှစွာ သောပညာရှိကလေး၏အကြောင်းကို နေ့စဉ်နေ့တိုင်း ပုံပြင်သဖွယ်ပြောပြခဲ့လေ၏။

ထိုအကြောင်းအရာကိုပြောပြသောအခါ၌ သက်ကြီးရွယ်အိုဖြစ်သော မုတ်ဆိတ်ဖြူကြီးနှင့်တကွ လွန်စွာရိုင်းစိုင်းသောတိုက်ဂါးကြီးသည်ပင်လျှင် စိတ်ဝင်စားစွာနားထောင်နေခဲ့လေ၏။

လှိုင်းလေများ ငြိမ်သက်သွားပြီဖြစ်ရကား သင်ဖြူးခင်းထားသကဲ့သို့ ညီညာလှသောရေပြင်၌ ကျွန်ုပ်တို့၏ရွက်လှေကလေးသည် တရိပ်ရိပ်ပြေးသွားနေပြီ ဖြစ်လေတော့၏။


ကျောင်းဆရာကိုဖူးညိုက ထမင်းချက်တာဝန်ကိုယူ၍ အချိန်မှန်မှန် ချက်ပြုတ်ကျွေးမွေးခဲ့လေတော့သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# ရွှေသေတ္တာလေးအန္တရာယ်

ကျွန်ုပ်တို့သည် ရွက်လှေကြီးနှင့် ပင်လယ်ပြင်ကိုဖြ
တရွေ့ရွေ့ခရီးနှင်ခဲ့ကြလေ၏။ ကျောင်းဆရာမှာ ကျွန်ုပ်တို့၏
ချက်အဖြစ်နှင့် လိုက်ပါခဲ့ရကား ကောင်းမွန်စွာချက်ပြုတ်ကျွေ
ကျွေးမွေးပေ၏။ သို့ရာတွင် ကျွန်းပေါ်၌ပေါင်းသင်းနေထိုင်ခဲ့
မိန်းကလေးနှစ်ဦးအား လွမ်းဆွတ်သည်ဟုဆိုကာ မကြာခဏ ငို
လေ၏။ မုတ်ဆိတ်ဖြူကြီးကလည်း . .

"ကျွန်းပေါ်မှာကျန်ခဲ့တဲ့ ငါ့မြေးမလေး တွေကို လွမ်းသ

ဟု ဆိုကာ တရှုပ်ရှုပ်ငိုလေ၏။ တိုက် ဦးမှာလည်း ကျွ
တွင်ကျန်ခဲ့သော မိန်းမနှစ်ဦးအား လွမ်းဆွတ်သတိရသော
ကျုံးမရဖြစ်ကာ ရွက်တိုင်ကြီးအား မကြာခဏ လက်သီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘမျိုးနှင့် မောင်ဘမှန်မှာမူ ကျွန်ုပ်၏ရွှေသေတ္တာကို မကြာခဏ မျက်စောင်းထိုး၍ ရှိနေလေတော့၏။

မယားတရုတ်များမှာ ကျွန်ုပ်၏ရွှေသေတ္တာကို မက်မောခြင်းမရှိကြသော်လည်း လောဘအိုးများဖြစ်ကြကုန်သော ကျွန်ုပ်၏သူငယ်ချင်းနှစ်ဦးမှာမူ ကျွန်ုပ်၏ရွှေသေတ္တာကို မည်သို့မည်ပုံအပိုင်ကြံရမည်ကို တွေးတောနေပုံရလေ၏။

ကျွန်ုပ်သည် ရွှေသေတ္တာကလေးကို အလစ်မပေးဝံ့ဘဲ ကြိုးဖြင့်သိုင်းကာ လွယ်၍ထားရလေ၏။ တစ်ချိန်ချိန်၌ ထိုသေတ္တာလေးကိုအကြောင်းပြု၍ ကျွန်ုပ်တို့သူငယ်ချင်းသုံးဦးသည် တစ်ဦးကိုတစ်ဦး ရက်စက်စွာသတ်ဖြတ်ကြလိမ့်မည်ဟုလည်း ကျွန်ုပ်အနေနှင့်တွေးတောထားနေပေသည်။ တစ်ခုထူးဆန်းသည်မှာ ကျွန်းမှထွက်ပြေးလာသည့်နေ့မှစ၍ ကျွန်ုပ်သည် မည်သည့်အချိန်၌ အိပ်သည်ဖြစ်စေ တစ်မျိုးတည်းသောအိပ်မက်ကို အစဉ်တစိုက်မက်နေခြင်းပင်ဖြစ်၏။ ထိုအိပ်မက်မှာကား ရင်း၌ ဘွင် လုံ့တန်းလန်းစိုက်လျက်ရှိသော ပညာရှိကလေးသည် ကျွန်ုပ်၏နောက်သို့ ပြေး၍လိုက်လာပြီးလျှင် ကျွန်ုပ်ထံမှရွှေသေတ္တာကို ပြန်လည်လုယူကာ. .

"မင်းသမီးကလေးရဲ့ပစ္စည်းကို ယူမသွားပါနဲ့။ ပြန်ထားလိုက်ပါ"





ဟု တတွတ်တွတ်ပြောဆိုနေခြင်းပင် ဖြစ်၏။

အစပထမတွင် ကျွန်ုပ်သည် ထိုအိပ်မက်အတွက် တစ်စုံတစ်ရာ ဘုန်လှုပ်ခြင်းမရှိသော်လည်း နေ့စဉ်ရက်ဆက်ဆိုသလို ထိုအိပ်မက်ကို ချည်း မြင်မက်နေသောအခါ၌မူကား တုန်လှုပ်မိလေတော့၏။

ထိုရွှေသေတ္တာကလေးအား ပြန်၍မထားပါက တစ်စုံတစ်ခုသောအန္တရာယ်ကျရောက်တော့မည်ဟုလည်း ထင်မှတ်မိလေ၏။ ပညာရှိကလေးသည် ကျွန်ုပ်အား အိပ်မက်အတွင်း၌. .

"သင်ဟာ ကျွန်ုပ်ကိုလိမ်ညာတယ်။ မင်းသမီးလေးရဲ့ ရုပ်အလောင်းကို ဖျက်ဆီးပစ်တယ်။ မင်းသမီးလေးရဲ့ ရွှေသေတ္တာခေါင်းအုံးကို ခိုးယူသွားတယ်။ သင်ဟာ ယုတ်မာသူ ဖြစ်တယ်။ ကောက်ကျစ်စဉ်းလဲသူ ဖြစ်တယ်။ ကျေးဇူးတရားကို မသိတတ်သူဖြစ်တယ်။ သင်နှင့်တကွ သင်၏လူများကို လွတ်မြောက်အောင် ကျွန်ုပ်က ကြံဆောင်ပေးခဲ့တယ်။ သင်က ကျွန်ုပ်အပေါ်မှာ သစ္စာဖျက်ကွက်တယ်။ မင်းသမီးလေးရဲ့ ရွှေသေတ္တာခေါင်းအုံးဟာ သင်နဲ့ ဘာမှ မဆိုင်ဘူး။ သင့်ပစ္စည်းလည်းမဟုတ်ဘူး။ ပြန်ထားပါ။ ဒီလိုမထားရင် သင်ဟာ ကျွန်းသားတစ်ဦးဦးရဲ့ အဆိပ်ပါသောမြှားနဲ့ပစ်သတ်ခြင်းကိုခံရပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတတ်လေ၏။

တစ်ညသ၌ ထိုအိပ်မက်မျိုးမက်ပြန်ရာ ကျွန်ုပ်သည် အိပ်မက်ဘွင်း၌ ပညာရှိကလေးအား အောက်ပါအတိုင်း ကတိပေးလိုက်လေ၏။

"ဒီမှာပညာရှိကလေး. . ။ သင်ပြောတာ မှန်ပါတယ်။ မင်းသမီးလေးရဲ့ ရွှေသေတ္တာကို ကျုပ် ပြန်ထားပေးပါ့မယ်။ ဒီလိုပြန်ထားပေးမယ်ဆိုတာကလည်း ကျုပ်ရဲ့အသက်အန္တရာယ်ကိုစိုးရိမ်လို့ မဟုတ်ဘူး။ ကျုပ်အနေနဲ့ ကြောက်လည်းမကြောက်ဘူး။ ပညာရှိကလေးကို ခင်မင်တာလည်းပါတယ်။ ပြီးတော့ ကိုယ်နဲ့မပတ်သက်တဲ့ပစ္စည်းကို မယူသင့်ဘူးလို့ ထင်တာလည်းပါတယ်။ အဲဒီတော့ ဖြစ်တဲ့နည်းနဲ့ ပြန်ထားပေးပါ့မယ်လို့ ကျုပ်ကတိပေးပါတယ်။ အခုအခါမှာတော့ ဘယ်လိုလုပ်ပြီးထားမှာတုံး ပညာရှိကလေး။ တစ်နေ့နေ့မှာတော့ မုချထားပေးပါ့မယ်"

ဟု ကျွန်ုပ်သည် အထက်ပါအတိုင်း အိပ်မက်အတွင်း၌ ကတိပေးလိုက်ရာ ပညာရှိလေးသည် နှစ်ခြိုက်စွာပြုံးလျက်. .

"အဲဒီလိုပြန်ထားနိုင်အောင် ကျုပ်ကူညီမှာပါမယ်"





ဟု ပြောကာ ပျောက်ကွယ်သွားလေ၏။

ထိုနေ့မှစ၍ အိပ်မက်မက်ခြင်း မရှိတော့ပါ။ ကျွန်ုပ်တို့လှေ ...သည် တရွေ့ရွေ့နှင့်လာခဲ့ကြရာ ကျွန်းတစ်ကျွန်းအနီးသို့ ရောက် ...ော့၏။ ကျွန်ုပ်တို့လည်း ထမင်းနှင့်သောက်ရေအလို့ငှာ ကျွန်း ...ကြလေ၏။ ကျွန်းပေါ်သို့တက်ကြလေ၏။ ထမင်းများ၊ သောက် ...ရှာဖွေကြလေ၏။ ထိုကျွန်း၌ နှစ်ရက်တိတိနားနေကြလေ၏။ ...သည် ကျွန်း၏ပတ်ပတ်လည်ကို လှည့်ပတ်ကြည့်ရှုရာ တစ် ...ပင်ထောင်၍နစ်မြုပ်နေသော သင်္ဘောပျက်ကြီးတစ်စီးကို ...၏။ ထိုသင်္ဘောကြီးသည် နှစ်ပေါင်းများစွာ နစ်မြုပ်ပျက်စီး ...၊ သံချေးများပင်တက်၍ အချို့နေရာများ၌ ပေါက်ပြဲစုတ် ...ပြင်၏။ ကျွန်ုပ်တို့အားလုံးသည် ထိုသင်္ဘောပျက်ကြီးပေါ်သို့ ...ငေ၏။ သင်္ဘောပျက်ကြီးပေါ်တွင် ပစ္စည်းများကို ရှာဖွေကြ ... အဖိုးတန်ပစ္စည်းဟူ၍ တစ်စုံတစ်ရာရရှိခြင်းမရှိပါ။ သို့ရာ ...်ကယ်ထောအချို့၊ သော့ခလောက်၊ သော့တွဲအရွယ်အစား ... အနီရောင်သင်္ဘောဆေးဘူးအချို့ကို တွေ့ရှိလေ၏။ ...ကျွန်ုပ်သည် သော့ခလောက်၊ သော့တံတစ်စုံနှင့် သင်္ဘော ...ဘူးကိုယူ၍ သင်္ဘောပေါ်မှဆင်းကာ ကျွန်းပေါ်သို့တက်ပြီး ...သို့သွားကာ ရွှေသေတ္တာကလေးကို ဖွင့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတွင်း၌ကား ရတနာကိုးပါးစီခြယ်ထားသော လက်ဝတ်ရတနာပစ္စည်း အချို့နှင့် ရွှေရောင်ကဲ့သို့ လင်းလက်တောက်ပသော မိုးကြိုးပုရပိုက် အပြားများကို တွေ့ရလေ၏။ ထိုပုရပိုက်ပြားများပေါ်တွင် ဟိန္ဒူစာကဲ့သို့သော ကောက်ကောက်ကွေးကွေးစာများ ရေးထွင်းထားသည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် လက်ဝတ်ရတနာများနှင့် ပုရပိုက်များကို အပြင်သို့ထုတ်ပြီးလျှင် ရွှေသေတ္တာလေးအား သင်္ဘောဆေးအနီဖြင့် အတွင်းရော၊ အပြင်ပါ သုတ်ပစ်လိုက်လေ၏။

နေကလည်း ချစ်ချစ်တောက်ပူနေသည်က တစ်ကြောင်း၊ လေကလည်း တဟူးဟူးတိုက်ခတ်နေသည်ကတစ်ကြောင်းကြောင့် ကျွန်ုပ်သုတ်သောဆေးများသည် မိနစ်အနည်းငယ်အတွင်း၌ပင် ကောင်းစွာခြောက်သွေ့သွားလေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် နောက်ထပ်တစ်ကြိမ်သုတ်ပြန်၏။ ဆေးမှာခြောက်သွားပြန်၏။ ကျွန်ုပ်မှာ ကျေနပ်ခြင်းမရှိသေးဘဲ နောက်ထပ်တစ်ကြိမ် ထူထူကြီးသုတ်ပြန်၏။ ဆေးမှာ ခြောက်သွားပြန်၏။ ထိုအခါ ကျွန်ုပ်၏ရွှေသေတ္တာလေးသည် ရွှေသေတ္တာနှင့်မတူတော့ဘဲ အနီရောင်သုတ်ထားသော သံသေတ္တာလေးတစ်လုံးနှင့်သာ တူလေတော့၏။ ထိုအခါကျမှပင် ကျွန်ုပ်သည် လက်ဝတ်ရတနာပစ္စည်းများအား သေတ္တာအတွင်းသို့ထည့်၏။ ၎င်းအပေါ်ကမှ မိုးကြိုးပုရပိုက်များ ကို





တင်ကာ သေတ္တာကိုပိတ်၍ သင်္ဘောပေါ်မှရရှိခဲ့သော အကောင်းစား သော့ခလောက်ကလေးဖြင့် ဂျောက်ခနဲခတ်လိုက်လေတော့၏။

ထို့နောက် ကျွန်ုပ်သည် ကြိုးဖြင့်သိုင်းကာ သေတ္တာနီကလေးအားလွယ်၍ မောင်ဘမှန်ထံသို့ ပြန်လာခဲ့လေ၏။ ထိုအခါ မောင်ဘမှန် က. .

"မောင်ဘိုးတူ. . သေတ္တာက အနီရောင်ကလေး ဖြစ်သွားပါပကောလား။ ရုပ်ဖျက်တဲ့သဘောပေါ့နော်။ ဘယ်လောက်ပဲရုပ်ဖျက်ဖျက်ပါဗျာ။ ရွှေဟာ ရွှေပါပဲ"

ဟု ပြောလေ၏။

"ကျုပ်ကတော့ ဒီရွှေသေတ္တာလေးကို သူ့နေရာမှာသူ ပြန်ပြီးထားချင်တယ်ဗျ"

ဟု ကျွန်ုပ်ကပြောရာ မောင်ဘမှန်က. .

"ဘယ်ဖြစ်မလဲ မောင်ဘိုးတူရယ်။ ကျုပ်ရယ်၊ ခင်ဗျားရယ်၊ မောင်ဘမျိုးရယ် သုံးယောက်ဟာ တစ်စီးပွားတည်းမဟုတ်လား။ ဒီပစ္စည်းကို ကျုပ်တို့သုံးယောက်ခွဲယူရမှာလေ။ ကျုပ်တို့နှစ်ယောက် သဘောမတူဘဲ ခင်ဗျားလုပ်ချင်တိုင်း လုပ်လို့ ဘယ်ဖြစ်မလဲ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပြင်ပစ္စည်းဆိုရင် ခင်ဗျားပြောတာ မှန်ပါပေတယ်။ သုံးယောက်အတွက် သုံးစုအညီအမျှခွဲမှာပါ။ ဒီပစ္စည်းကတော့ ဒီလိုလုပ်လို့မဖြစ်ပေဘူး။ ပြန်ပြီးထားရမယ့်ပစ္စည်းဖြစ်နေတယ်"

ဟု ကျွန်ုပ်ကပြောရာ မောင်ဘမျိုးက. .

"ပြန်ပြီးထားဖို့များ ဘာ့ဖြစ်လို့ယူလာခဲ့ရတာတုံး မောင်ဘိုးတူရယ်။ ယုတ္တိရှိတဲ့စကားကိုပြောစမ်းပါ။ ခင်ဗျား မယူချင်ရင် ကျုပ်ကိုပေးထား"

ဟု ဆိုကာ ကျွန်ုပ်၏သေတ္တာနီကလေးအား လက်ဖြင့် လှမ်း၍ဆွဲလိုက်သောကြောင့် ကျွန်ုပ်သည် ၎င်း၏လက်ကို ပုတ်ထုတ်လိုက်လေ၏။ ထိုအခါ မောင်ဘမျိုးကလည်း ကျွန်ုပ်အား ထိုးကြိတ်တော့မည့်ဟန်ပြင်လေ၏။ ကျွန်ုပ်လည်း မောင်ဘမျိုး၏ရင်ဝသို့ ခြေထောက်ဖြင့် လှမ်း၍ကန်လိုက်လေ၏။ မောင်ဘမျိုးလည်း ကျွန်ုပ်အား ဘ်ခိုက်ရန်အတွက် ရှေ့သို့တိုးလာလေ၏။ သို့ရာတွင် မောင်ဘမှန်က မောင်ဘမျိုးအားဆွဲ၍ထားပြီးလျှင်. .

"အချိန်တွေ အများကြီးရှိပါသေးတယ် မောင်ဘမျိုးရယ်။ ဒီသေတ္တာလေးကို သူ လွယ်ချင်လွယ်ထားစမ်းပါစေ။ နောက်တော့လည်း သုံးစုခွဲယူရမှာပါဗျာ"





ဟု ပြောလိုက်လေ၏။

"မရဘူး။ လုံးဝမပေးနိုင်ဘူး။ ကျုပ်လည်း မယူဘူး။ ဒီသေတ္တာနီလေးအတွက်ဆိုရင်တော့ ခင်ဗျားတို့နှစ်ယောက်ကို မဆိုထားနဲ့။ အင်္ဂလိပ်ဘဏီတပ်ကြီးနှစ်တပ်ကို တိုက်ရမယ်ဆိုရင်လည်း ကျုပ်အဖို့ တိုက်ဖို့အဆင်သင့်ပါပဲ။ ခင်ဗျားတို့ လုံးဝမရဘူး။ မျှော်လင့်မနေကြနဲ့"

ဟု ပြောလိုက်ရာ မောင်ဘမှန်သည် အသံနက်ကြီးဖြင့် တဟားဟားရယ်မောနေလေ၏။ ၎င်းရယ်မောခြင်းမှာ. .

"ကြည့်ကြသေးတာပေါ့"

ဟူ၍ ကျွန်ုပ်အားစိန်ခေါ်သကဲ့သို့ ရှိလေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် ရွက်လှေပေါ်သို့ပြန်တက်ပြီးလျှင် ခရီးဆက်ခဲ့ကြလေ၏။ နှစ်ရက်မျှခရီးထွက်ခဲ့ကြပြီးနောက် မိုးများ သည်းထန်စွာရွာလေ၏။ ထို့နောက် ကောင်းကင်တစ်ခုလုံးနီရဲလာပြီးလျှင် လေမုန်တိုင်းကျလေတော့၏။

ကျွန်ုပ်တို့သည် ရွက်များကိုဖြုတ်၍ ရွက်လှေ၏ဝမ်းပေါ်၌ ပြားပြားဝပ်မှောက်နေကြလေ၏။ လေ၏ဒဏ်ကြောင့် ရွက်တိုင်များသည်ဘပြောင်းပြောင်းကျိုးကျသွားလေတော့၏။ ရွက်လှေသည် လှိုင်းလုံးကြီးများပေါ်သို့ ကြွ၍တက်သွားလိုက်၊ ပြန်၍ကျလာလိုက်နှင့် လှိုင်းလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



အလှူအလဲခံရပြီးနောက် လှေကြီးသည် ခါးကျိုးကာ နစ်မြုပ်လေတော့၏၊

ကျွန်ုပ်တို့လည်း ရရာအသက်ကယ်ဘောများကို ဆွဲယူကာ ပင်လယ်တွင်း၌ ခေတ်သစ်မဟာဇနက္ကများအဖြစ် အသက်ဘေးကိုလုကာ ကူးခတ်ကြရလေတော့၏။

ကျွန်ုပ်သည် အသက်ကယ်ဘောကိုလည်း ဖက်ထား၏။ သေတ္တာနီကလေးကိုလည်း လက်တစ်ဖက်ဖြင့် ကိုင်၍ထား၏။ ထိုအချိန်၌မှာပင် သေတ္တာနီကလေးသည် ကျွန်ုပ်၏လက်အတွင်းမှ ဆတ်ခနဲ လွတ်၍သွားလေ၏။ ကျွန်ုပ်လည်း သေတ္တာလေးကို လှမ်း၍ကြည့်လိုက်ရာ မောင်ဘမှန်ကိုတွေ့ရလေ၏။ မောင်ဘမှန်သည် ကျွန်ုပ်၏လက်တွင်းမှ သေတ္တာနီကလေးကို ဆွဲယူလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်သည် မောင်ဘမှန်၏မျက်နှာကိုလက်သီးဖြင့်လှမ်းထိုးလိုက်ရာ ချက်ကောင်းထိသွားသဖြင့် ၎င်းသည် မှိန်ထူ၍သွားလေတော့၏။ ထို့ကြောင့် ကျွန်ုပ်အား ပြန်လည်တိုက်ခိုက်ရန်အတွက် သေတ္တာကိုလွှတ်ကာ ၎င်း၏လက်ဝဲလက်ဖြင့် ကျွန်ုပ်၏မျက်နှာအားလှမ်း၍ရိုက်လိုက်လေ၏။ မောင်ဘမုန်သည် ဘယ်သန်ဖြစ်သောကြောင့် ၎င်း၏ဘယ်လက်သည် လွန်စွာပြင်းလေ၏။ ကျွန်ုပ်သည် ၎င်း၏လက်ကို ရှောင်တိမ်းခြင်းမပြုတော့ဘဲ သေတ္တာနီကလေးကိုသာ လှမ်း၍ဆွဲလိုက်လေ၏။





ထိုအခါ ၎င်း၏လက်သည် ကျွန်ုပ်အားထိခိုက်ခြင်းမရှိတော့ဘဲ သေတ္တာကလေးကိုသွား၍ထိသဖြင့် သွင်သွင်ကျိုးလေတော့၏။ မောင်ဘမှန်သည် ဘယ်သန်ဖြစ်၏။ သို့ရာတွင် ၎င်း၏ဘယ်လက်သည် ယခုအခါ၌ အသုံးမဝင်တော့ပေ။ ၎င်း၏ညာလက်မှာလည်း အသက်ကယ်ဘောကိုဖက်၍ထားရသောကြောင့် ကျွန်ုပ်အားထိုးကြိတ်ခြင်း မပြုနိုင်တော့ပေ။ ထိုအခါ ကျွန်ုပ်သည် မောင်ဘမှန်အနီးသို့ ကပ်၍သွားကာ ၎င်း၏မျက်နှာအား လက်သီးဖြင့် စိတ်ကြိုက်ထိုးနှက်လေ၏။ ၎င်း၏ညာလက်အား သေတ္တာနီကလေးဖြင့် တအားလွဲ၍ ရိုက်ချိုး၏။

မောင်ဘမှန်သည် ကျွန်ုပ်အား တောင်းပန်ခြင်းမပြုဘဲ ကျွန်ုပ်ဘတစ်ချက်ရိုက်လိုက်တိုင်း ၎င်းက. .

“ရိုက်လိုက်ကွ”

“ကြိတ်လိုက်ကွ”

“ဆော်လိုက်ကွ”

ဟု အော်ဟစ်ကာ မှိတ်ကြိတ်၍ခံလေ၏။

သို့ရာတွင် ကျွန်ုပ်၏ရိုက်ချက်များသည် ပြင်းထန်လွန်းရကား အသက်ကယ်ဘောကို ဖက်ထားရသော ၎င်း၏ညာလက်သည် ကျိုးသွားတော့မည်ထင်ရပေသည်။ ၎င်းသည် အသက်ကယ်ဘောကို ဖက်ကိုင်မထားနိုင်တော့ဘဲ လွှတ်လိုက်ရလေတော့၏။ ထိုအချိန်၌ပင် လှိုင်းလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးသည် ကျွန်ုပ်တို့နှစ်ဦးအား ဝုန်းခနဲလွှမ်းခြုံလိုက်ရာ တစ်ယောက်တစ်ကွဲစီ ဖြစ်သွားကြလေတော့၏။ ကျွန်ုပ်မှာကား အသက်ကယ်ဗောလည်းရှိ၏၊ သေတ္တာနီကလေးမှာလည်း လေလုံသောကြောင့် အသက်ကယ်ဗောကဲ့သို့ပင် အသုံးပြုနိုင်၏။ သို့ရာတွင် မောင်ဘမှန်မှာကား အသက်ကယ်ဗောလည်း မရှိတော့။ လက်နှစ်ဖက်စလုံးမှာလည်း ကျိုးနေပြီဖြစ်သောကြောင့် ပင်လယ်တွင်း၌ နစ်မြုပ်၍ မရှုမလှသေရန်မှ တစ်ပါး အခြားနည်းလမ်းမရှိတော့ပေ။

လှိုင်းစီးများလက်၏၊ မိုးများသည်းထန်စွာ ရွာနေလေ၏။ ကျွန်ုပ်သည် ကူးမြဲကူးနေလေ၏။ မည်သည့်ဘက်ဆီသို့ကူးနေသည်ဟူ၍လည်း မပြောနိုင်ပေ။ ထိုသို့ကူးခတ်နေစဉ်၌ပင် တစ်စုံတစ်ယောက်သည် ကျွန်ုပ်အနီးသို့ရောက်ရှိလာပြန်၏။ ထိုသူသည်လည်း ကျွန်ုပ်၏သေတ္တာကိုလှမ်း၍ဆွဲသဖြင့် ကြည့်လိုက်ရာ မောင်ဘမျိုးဖြစ်ကြောင်း တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်သည် မောင်ဘမျိုး၏လက်အား သေတ္တာဖြင့် လွှဲ၍ရိုက်ပြန်၏။ ထိုသို့ရိုက်နှက်နေစဉ်၌ပင် လှိုင်းလုံးကြီးများက လွှမ်းခြုံလိုက်သောကြောင့် တစ်ဦးနှင့်တစ်ဦး ကွဲသွားကြပြန်လေ၏။ ထို့နောက်တွင်ကား အခြားသူများ မည်သို့မည်ပုံဖြစ်ပျက်သည်ကို မသိတော့ပါ။ ကျွန်ုပ်မှာမူကား လှိုင်းလုံးကြီးများဖြင့် လိမ့်၍လိမ့်၍ ပါခဲ့လေတော့၏။





ကျွန်ုပ်သည် တစ်ရက်နှင့်တစ်ညတိတိ ပင်လယ်တွင်း၌ မျော၍နေရလေ၏။ ကျွန်ုပ်၏မျက်လုံးများမှာ မခံမရပ်နိုင်အောင် ကျိန်းစပ်လျက်ရှိလေ၏။ ကျွန်ုပ်၏ကိုယ်လက်များမှာလည်း ဆွေးရိလျက်ရှိသည်ဟု ထင်မှတ်ရ၏။ နာလည်း လွန်စွာနာကျင်လှဘိ၏။ ထို့ကြောင့် ကျွန်ုပ်သည် သတိလစ်မေ့မြောသွားလေတော့၏။ ကျွန်ုပ်သတိရသောအခါ၌ ကုန်သည်သင်္ဘောကြီးတစ်စီးပေါ်သို့ ရောက်ရှိနေကြောင်း သိရလေတော့၏။ ကျွန်ုပ်သည် သတိရလျှင်ရချင်း သေတ္တာနီကလေးကိုကြည့်လိုက်လေ၏။ သေတ္တာနီကလေးသည် ကျွန်ုပ်၏အနီး၌ပင် ရှိလေ၏။ ထိုသင်္ဘောပေါ်၌ သင်္ဘောဆရာဝန်တစ်ဦးပါလာသည်ဖြစ်ရာ ထိုဆရာဝန်သည် ကျွန်ုပ်အား ကြိုးစား၍ ကုသပေးလေ၏။ ကျွန်ုပ်သည် နှစ်ရက်ခန့်နှင့်ပင် ပျောက်ကင်းချမ်းသာခဲ့လေ၏။

ထိုသင်္ဘောကြီးသည် မြိတ်မြို့၌ဆိုက်ကပ်လေ၏။ ကျွန်ုပ်သည်း မြိတ်မြို့၌ပင်ဆင်းကာ မောရစ်ကောလစ်ဆိုသည့် မျက်နှာဖြူအရာရှိကြီးနေထိုင်ရာ တောင်ကုန်းအနီးဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ မှီခိုကပ်ရပ်နေရလေ၏။

ထို့နောက် ဘုန်းကြီးကျောင်းတွင်နေထိုင်သော နှဲဆရာမောင်သိန်းရွှေဆိုသူနှင့် အသိအကျွမ်းဖွဲ့ကာ ဈေးအတွင်း၌ တောက်တိုမြည်စွပ်များကိုလုပ်ကိုင်ခဲ့၏။ နှစ်လခန့်လုပ်ကိုင်ခဲ့သောအခါ၌ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



အဖို့ အတော်အတန်လေး စုဆောင်းမိလာ၏။

ထိုအခါ၌မှာပင် ကျွန်ုပ်သည် ပညာရှိကလေးကို အိပ်မက်မြင်မက်ပြန်၏။ ပညာရှိကလေးသည် ရင်ဝ၌ လှံတန်းလန်းစိုက်လျက် ကျွန်ုပ်ထံသို့လာပြီးလျှင်. .

"သင် ဒီမြို့က အမြန်ဆုံးပြောင်းပါ။ မောင်ဘမျိုး ရောက်လာပြီး သေတ္တာနီကလေးကို လုလိမ့်မယ်"

ဟု ပြောဆိုလေ၏။ ကျွန်ုပ်သည် အိပ်မက်အား စွဲလမ်း၍ မက်သည်ဟု ထင်မှတ်ခဲ့လေ၏။

သို့ရာတွင် နောက်တစ်နေ့၌ သင်္ဘောဆိပ်အနီးတွင် မောင်ဘမျိုးအား ရိပ်ခနဲမြင်တွေ့လိုက်ရသောကြောင့် နောက်ယောင်ခံ၍ ချောင်းမြောင်းကြည့်ရှုရာ မောင်ဘမျိုးသည် ကျွန်ုပ်အား စုံစမ်းနေကြောင်းသိရသောကြောင့် ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသို့ပင်မပြန်တော့ဘဲ နှဲဆရာကိုသိန်းရွှေအား ကျောင်းတွင်ရှိသော ကျွန်ုပ်၏ သေတ္တာနီကလေးကိုယူပေးရန် ပြောဆိုပြီးလျှင် ထိုမြို့အား စွန့်ခွာခဲ့လေတော့၏။

ကျွန်ုပ်သည် ထားဝယ်မြို့သို့ရောက်ရှိခဲ့လေ၏။ ထားဝယ်မြို့သို့ရောက်ရှိသောအခါ၌ 'ကညွှံ' ရပ်တွင်ရှိသော ဇာတ်ထောင်သည့် အိမ်တစ်အိမ်၌ တယောထိုးခြင်း၊ ပတ္တလားတီးခြင်းအလုပ်ဖြင့် ဇာတ်၌





လိုက်ပါရန်ပြောဆိုရာ ဇာတ်ပိုင်ရှင်က. .

"ပတ္တလားဆရာလိုနေတာနဲ့အတော်ပဲ"

ဟု ဆိုကာ ကျွန်ုပ်အား လိုလိုချင်ချင်နှင့်ပင် အလုပ်ခန့်လိုက်လေ၏။ ကျွန်ုပ်သည် ထိုဇာတ်ဆရာအိမ်၌နေထိုင်၍ တီးလုံးများတိုက်၏။ ထို့နောက် ခေတ်မီဘင်ခရာဝိုင်းတစ်ဝိုင်းကို ဇာတ်၌အသုံးပြုရန် ပြောဆိုရာ ဇာတ်ဆရာက သဘောတူသဖြင့် ထိုဇာတ်၌ ဘင်ခရာဝိုင်းတစ် ဝိုင်းထည့်လေ၏။

ထိုဇာတ်အမည်မှာ 'စိန်ထားပျံ' ဟူ၍ ဖြစ်လေ၏။ ထို 'စိန်ထားပျံ' ဇာတ်အဖွဲ့နှင့် အနယ်နယ်အရပ်ရပ်သို့လိုက်ကာ ပတ္တလားဆရာ၊ ဘင်ဆရာ လုပ်၍နေလေ၏။

ထိုသို့နေခဲ့ရာ အချိန်အတော်ကြာသောအခါ၌ 'စိန်ထားပျံ' ဇာတ်အဖွဲ့တွင် မင်းသမီးအသစ်တစ်လက် ရောက်ရှိလာလေ၏။ ထိုမင်းသမီးမှာ မော်လမြိုင်သူဖြစ်ပေ၏။ ၎င်း၏အမည်မှာ မနှင်းဖြူဟုဆို၏။ ၎င်းမနှင်းဖြူသည် ကျွန်ုပ်ထံ၌ သီချင်းများသင်ယူ၏၊ က,ကွက်များ၊ တီးလုံးများ တိုက်၏။ ထို့ကြောင့် ကျွန်ုပ်နှင့်ရင်းနှီးခြင်းသို့ ရောက်ရလေ၏။ ရင်းနှီးခြင်းမှတစ်ဆင့် သံယောဇဉ်တွယ်ခြင်းသို့ ရောက်ရလေ၏။ နောက်ဆုံးတွင် ကျွန်ုပ်တို့နှစ်ဦးသည် ဇာတ်ဆရာအား ခွင့်ပြောကာ လူသိရှင်ကြားယူလိုက်ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်ယူသည့်နေ့မှစ၍ မနှင်းဖြူသည် ညစဉ်ညတိုင်း ထူးဆန်းသောအိပ်မက်တစ်ခုကို မက်သည်ဆို၏။

ထိုအိပ်မက်ကိုလည်း ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြလေ၏။

"ကိုဘိုးတူရယ်. . ။ အင်မတန်လှပတဲ့ မိန်းကလေးတစ်ယောက်က ကျွန်မတို့နဲ့နေပါရစေဆိုပြီး လာပြောတယ်။ အသက်ကတော့ ဆယ့်ခုနစ်နှစ်လောက်ပဲ ရှိသေးတယ်။ ခေါင်းမှာလည်း ပန်းတွေပန်ထားလိုက်တာ မနည်းဘူး။ နဖူးမှာလည်း ပန်းတွေကို ရွှေကြိုးနဲ့သီပြီး စည်းထားတယ်။ အသားရောင်ကလည်း ရွှေလိုဝင်းနေတာပဲ။ ကိုယ်ဟန်ကလေးကလည်း နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်းလေးရှင့်။ လက်ချောင်းကလေးတွေ၊ ခြေချောင်းကလေးတွေကလည်း သွယ်သွယ်ရှည်ရှည်လေးတွေ။ လှလိုက်တာမပြောနဲ့တော့။ သူ့လက်ချောင်းလေး အားလုံးမှာ လက်စွပ်တွေဝတ်ထားလိုက်တာ။ အဲဒီလက်စွပ်ကရွှေကြိုးကလေးတွေဟာ သူ့ရဲ့လက်ကောက်မှာ သွားပြီးချိတ်ထားတာ တွေ့ရတယ်။ အဲဒီအိပ်မက်မျိုးမက်တာ ရှင်နဲ့စပြီးရတဲ့နေ့ကပဲ။ အင်း. . အင်း. . ပြောဖို့တစ်ခု





ကျန်သေးတယ်။ အဲဒီ မင်းသမီးလေးလိုလှတဲ့ ကလေးမလေးရဲ့နောက် မလှမ်းမကမ်းတစ်နေရာမှာ ယောက်ျားကလေးတစ်ယောက်ပါတယ်။ သူကတော့ ကလေးပါ။ အဲဒီကလေးရဲ့ ရင်ဘတ်မှာလည်း သွေးတွေထွက်နေတယ်။ အဲဒီ မင်းသမီးလိုလှတဲ့မိန်းကလေးဟာ ကျွန်မတို့နဲ့နေပါရစေဆိုပြီး လာလာပြီးပြောနေတာ။ ကျွန်မက ဘာမှအဖြေမပေးခဲ့ဘူး။ ညကတော့ ကျွန်မလေ သူ့ကိုသနားလာတယ်။ အဲဒါကြောင့် 'မိန်းကလေး မင်းကဘယ်သူလဲ' လို့ ပြန်ပြီးမေးမိတယ်။ အဲဒီအခါမှာ သူက 'အမေရယ်. . ကျွန်မဟာ မင်းသမီးကလေးတစ်ပါးပါ။ ကျွန်မသေတာကတော့ အနှစ်တစ်ထောင်ကျော်ပါပြီ။ ကျွန်မကို မှန်ခေါင်းတစ်လုံးထဲမှာထည့်ပြီး ထားကြပါတယ်။ အဲဒီမှန်ခေါင်းကို အမေ့ယောက်ျားဟာ ဖျက်ဆီးပင်လိုက်ပါတယ်။ အဲဒါကြောင့် ကျွန်မနေဖို့မရှိတော့ဘူး။ အမေတို့နဲ့ပဲ နေပါရစေလို့ ငိုပြီးပြောရှာတယ်။ အဲဒီအခါမှာ ကျွန်မလည်း သနားပြီး 'အေးကွယ်. . နေစရာမရှိရင်လည်း အမေတို့နဲ့နေပေါ့' လို့ဆိုပြီး လက်ခံလိုက်မိတယ်။ အဲဒီလိုလည်း လက်ခံလိုက်ရော သူ့နောက်မှာပါတဲ့ကလေးဟာ မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



လေးကိုနှုတ်ဆက်ပြီး ထွက်သွားတယ်။ မင်းသမီးလေးဟာ ဝမ်းသာအားရနဲ့ ကျွန်မကိုပြေးပြီးဖက်လိုက်တယ်။ အဲဒီလိုလည်းဖက်လိုက်ကော ကျွန်မလည်း လန့်ပြီး နိုးတော့တာပဲ"

ကျွန်ုပ်သည် ကျွန်ုပ်မိန်းမ မနှင်းဖြူ၏အိပ်မက်မြင်မက်ပုံကို ကြားရသောအခါ၌ လွန်စွာမှလည်းအံ့ဩ၍ လွန်စွာမှလည်း တုန်လှုပ်မိလေ၏။ သို့ရာတွင် ကျွန်ုပ်မိန်းမအား ကျွန်ုပ်တွေ့ကြုံခဲ့ရသော ကျွန်ုပ်၏ အဖြစ်အပျက်များကို ပြောပြပါက ထိတ်လန့်ခြင်းဖြစ်မည်စိုးသဖြင့်. . .

"မင်းအိပ်မက်က ဆန်းသကွာ. . ။ ဘယ်လိုပဲဖြစ်ဖြစ်လေ မင်းတော့ ကလေးရတော့မှာပေါ့"

ဟူ၍လောက်သာ ခပ်ပေါ့ပေါ့ပြန်၍ဖြေခဲ့လေ၏။ အမှန်စင်စစ်၌လည်း ကျွန်ုပ်မိန်းမ မနှင်းဖြူ ထိုအချိန်၌ပင် သန္ဓေစွဲကပ်နေခဲ့သည် ဟူ၏။



# လူသတ်မှုကျူးလွန်ပြီ

ကျွန်ုပ်၏မိန်းမ မနှင်းဖြူသည် ကိုယ်ဝန် သုံးလရှိသည်အထိ ဇာတ်ကသေးတော့၏။ ထို့နောက်တွင်ကား ဇာတ်ကခြင်းမပြုတော့ဘဲ အနားယူလေတော့၏။ ထိုအခါ ကျွန်ုပ်လည်း ဇာတ်မှအနားယူကာ ရန်ကုန်ဗဟန်းအရပ်သို့ ပြောင်းရွှေ့လာလေတော့၏။ ဗဟန်းတွင် အိမ်ဈေးသက်သာသောကြောင့် အိမ်တစ်လုံးငှားရမ်း၍နေထိုင်လေ၏။ မနှင်းဖြူသည် အိမ်ဆိုင်ကလေးဖွင့်၍ထားလေ၏။ ကျွန်ုပ်မှာမူကား [illegible]များ၌ နေ့စားအလုပ်သမားအဖြစ် အလုပ်လုပ်ရလေ၏။ အလုပ်ရှိသောအခါများလည်း ရှိ၏။ အလုပ်မရှိသောအခါများလည်း ရှိ၏။ ကျွန်ုပ်၏စိတ်ကူးမှာ မနှင်းဖြူမွေးဖွားပြီးသည့်အခါ၌ အငြိမ့်တစ်ခုခု၌ဖြစ်စေ၊ ဇာတ်တစ်ခုခု၌ဖြစ်စေ၊ လင်မယားနှစ်ယောက်စလုံး ပြန်လည်ဝင်ရောက်ပါရန်ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်ပင် မနှင်းဖြူ၏ကိုယ်ဝန်သည် ခုနစ်လကျော် ရှစ်လအတွင်းသို့ ရောက်ရှိလာလေတော့၏။

တစ်နေ့သ၌ ကလေးသူငယ်တစ်ယောက်သည် ကျွန်ုပ်အိမ်သို့ စာတစ်စောင်လာ၍ပေးလေ၏။ ထိုစာကိုဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

> မောင်ဘိုးတူ
>
> သက်န်းကျွန်းဘူတာနားက အိမ်မည်းကြီးမှာ ကျုပ်ရောက်နေတယ်။ လာတွေ့ပါ။
>
> မောင်ဘမျိုး

ကျွန်ုပ်သည် ကလေးအား ထိုစာကို မည်သူကပေးခိုင်းသနည်းဟု မေးရာကလေးက .

"လူကြီးတစ်ယောက်က ကျွန်တော့်ကို မုန့်ဖိုးတစ်ပြားပေ
ပြီး ပေးခိုင်းလိုက်တာပဲ"

ဟု ပြောဆိုကာ ပြန်သွားလေ၏။

ကျွန်ုပ်လည်း စာကိုမီးရှို့လိုက်ပြီးနောက် ညနေပိုင်းသို့ရော
သောအခါ၌ ဓားမြှောင်နှစ်လက်ကိုယူဆောင်၍ မောင်ဘမျိုးချိန်း





သောနေရာသို့ သွားခဲ့လေ၏။ ဓားမြှောင်နှစ်လက်ကို ယူဆောင်သွားသည်ဆိုရာ၌ ဤသို့ဖြစ်၏။ တစ်လက်သောဓားမြှောင်ကို ကျွန်ုပ်သည် ခါးပုံစအနီး၌ မောင်ဘမျိုးမြင်သာအောင် အရိုးကိုဖော်၍ ထိုးထားလေ၏။ တစ်လက်ကိုမူ ကုတ်အင်္ကျီအိတ်အတွင်း၌ ဝှက်၍ထည့်ထားလေ၏။ ထို့နောက် ကျွန်ုပ်သည် ရန်ကုန်ဘူတာကြီးသို့သွားကာ သက်န်းကျွန်းလော်ကယ်ရထားဖြင့် လိုက်ပါခဲ့လေ၏။

သက်န်းကျွန်းဘူတာသို့ရောက်လျှင် မောင်ဘမျိုးချိန်းဆိုထားသော အိမ်မည်းကြီးသို့ အလွယ် တကူပင် ရှာဖွေတွေ့ရှိလေ၏။ ထိုအခါ လွန်စွာကြီးမားသော ခြံတံခါးကြီး၏မလွယ်ပေါက်မှ အတွင်းသို့ဝင်လေ၏။ အတွင်းသို့ရောက်လျှင် ခြံ၏အရိပ်အခြည်ကို အကဲခတ်ကြည့်ရှုလေ၏။ တစ်စုံတစ်ယောက်သော လူရိပ်လူခြည်ကိုမျှ မတွေ့သဖြင့် အိမ်မည်းကြီး၏အောက်ထပ်သို့ ကြည့်လိုက်ရာ ထိုအောက်ထပ်မှာလည်း သော့များခတ်ထားသည်ကို တွေ့ရလေ၏။ ထို့ကြောင့် အပေါ်ထပ်သို့ ကြည့်လိုက်ရာ အပေါ်ထပ်မှာ ပြတင်းပေါက်တံခါးပွင့်နေသည်ကိုလည်းကောင်း၊ ထိုပြတင်းပေါက်နှင့်ကပ်လျက် သွယ်တန်းထားသောကြိုးတန်း၌ မျက်နှာသုတ်ပဝါတစ်ထည်လှန်းထားသည်ကိုလည်းကောင်း တွေ့မြင်ရသောကြောင့် အပေါ်ထပ်တွင် လူရှိကြောင်း သေချာလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် အိမ်မည်းကြီး၏ဘေးမှ တပ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အပေါ်ထပ်သို့တက်သည့်လှေကားမှ တက်သွားလေ၏။ ထိုအခါ ဆတ်တီစားပွဲပေါ်၌ အရက်ပုလင်းနှင့်ဖန်ခွက်များကို အသင့်ပြင်ကာ အရက်သောက်တော့မည့်ဟန်ပြင်နေသည့် မောင်ဘမျိုးကို တွေ့ရလေ၏။ မောင်ဘမျိုးသည် ကျွန်ုပ်ကိုမြင်လျှင် ၎င်း၏ရှေ့တွင်ရှိသော နောက်မှီကုလားထိုင်ကိုညွှန်ပြကာ. .

"ထိုင်ပါ. . ထိုင်ပါ. . မောင်ဘိုးတူ"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ထိုကုလားထိုင်၌ ဝင်၍ထိုင်လေ၏။ ထိုအခါ မောင်ဘမျိုးက ကျွန်ုပ်အတွက် အရက်ငှဲ့ပေးလေ၏။ ကျွန်ုပ်က မသောက်လိုကြောင်းပြောလျှင် ၎င်းက မခိုးမခန့်ပြုံး၍ ၎င်း ဘာသာသောက်လေ၏။

"မောင်ဘိုးတူ မြိတ်မှာရှိတယ်ဆိုလို့ မြိတ်မှာကျုပ်ရှာသေးတယ်။ မတွေ့ပါဘူး။ ထားဝယ်ရောက်နေပြီဆိုလို့ ထားဝယ်မှာရှာသေးတယ်။ မတွေ့ပါဘူး။ တယ်လည်းလုံခြုံတာကိုး။ ဟော. . အခုတော့ ရန်ကုန်ရောက်နေပြီဆိုတော့ ရန်ကုန်လိုက်ရတာပေါ့ဗျာ။ မောင်ဘိုးတူတို့များ ပြေးရင်းလွှားရင်းနဲ့ အိမ်ထောင်တောင်ကျလိုက်ပါသေးလား"

ဟု မောင်ဘမျိုးက ပြောလေ၏။





"ဒါနဲ့ နေပါဦး. . ။ ကျန်တဲ့လူတွေကော အသက်ရှင်ကြရဲ့လား"

ဟု ကျွန်ုပ်ကမေးရာ. .

"ရှင်ဖို့မလွယ်ပါဘူး မောင်ဘိုးတူရာ။ အကုန်လုံး သေကုန်လောက်ပါပြီ။ ကျုပ်တောင်မှ ကံကောင်းလို့ ရွက်လှေတစ်စီးကတွေ့ပြီး ဆယ်လာခဲ့တာ။ ကျန်တဲ့လူတွေသတင်းတော့ ဘာမှမကြားရဘူး။ သေကုန်ပြီဆိုတာ စိတ်ချရပါတယ်။ သူတို့သေတာ မသေတာ အကြောင်းမဟုတ်ပါဘူး မောင်ဘိုးတူရယ်။ ကျုပ်ကတော့ ခင်ဗျားအသက်ရှင်ပါစေလို့ပဲ ဆုတောင်းလိုက်ရတာ။ ခင်ဗျားလည်း အသက်ရှင်ပါစေ၊ ခင်ဗျား ရဲ့သေတ္တာနီလေးလည်း မပျောက်မရှပါစေနဲ့ဆိုတာ နေ့စဉ်နဲ့အမျှပါပဲဗျာ ဆုတောင်းလိုက်ရတာ။ ဟဲ. . ဟဲ. . သေတ္တာနီကလေး ရှိသေးရဲ့မဟုတ်လား။ အခုအခါမှာ ခွဲဝေရမယ်ဆိုရင် ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်းပဲဗျာ။ မောင်ဘမှန်လည်း မရှိတော့ဘူးဆိုတော့ တစ်ဝက်စီယူကြရုံပေါ့"

ဟု မောင်ဘမျိုးက ပြောလေတော့၏။

"ဒီမှာ မောင်ဘမျိုး. . ။ ဒီပစ္စည်းနဲ့ပတ်သက်ပြီး ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မေ့ပစ်လိုက်ပါ။ ကျုပ်လည်း မယူဘူး။ ခင်ဗျားလည်း မယူပါနဲ့။ ကျုပ်စိတ်ကူးကတော့ ဒီပစ္စည်းကို အဲဒီကျွန်းကို ပြန်ပို့မယ်"

ဟု ကျွန်ုပ်ကပြောရာ မောင်ဘမျိုးက. .

"မဖြစ်နိုင်တာတွေမပြောပါနဲ့ ကိုယ့်လူရာ။ ဒီကျွန်းကိုပြန်သွားရင် ကျွန်းသားတွေကသတ်မှာပေါ့။ ပြီးတော့လည်း အဲဒီကျွန်းကို ပြန်သွားဖို့ဆိုတာ လွယ်တာမှမဟုတ်တာပဲ။ ရောက်သွားတုန်းကလည်း လေမုန်တိုင်းကျပြီး မတော်တဆရောက်သွားတယ်။ ပြန်ထွက်တော့လည်း လေမုန်တိုင်းကျပြီး ကျုပ်တို့လှေဟာ ရောက်ချင်တဲ့နေရာရောက်ပြီး ပျက်ချင်တဲ့နေရာပျက်နေခဲ့တယ်မဟုတ်လား။ လမ်းကို ဘယ်လိုမှတ်မိမှာလဲ။ ကျုပ်ကိုကယ်ခဲ့တဲ့နေရာကတော့ တစ်သက်တစ်ကျွန်းကျတဲ့လူတွေ အပို့ခံရတဲ့ အန်ဒမန်ကျွန်းနဲ့နီးနေပြီလို့ အဲဒီရွက်လှေကလူတွေ ပြောတာပဲ။ နှစ်ရက်လောက်သွားရင်တော့ အဲဒီကျွန်းကို ရောက်လိမ့်မယ်ဆိုပဲ။ ဒါတွေထားလိုက်ပါတော့ မောင်ဘိုးတူရယ်။ သေတ္တာနီကလေးကို တစ်ဝက်စီခွဲဝေဖို့ပဲပြောပါတော့"

ဟု ပြောလေ၏။





"ကျုပ် ခင်ဗျားကိုပြောပြီးပါပကောလား။ အဲဒီသေတ္တာနီကလေးကို ခင်ဗျားကိုလည်းမပေးဘူး။ ကျုပ်လည်းမယူဘူး"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မောင်ဘမျိုးက. .

"ခင်ဗျား ယူတာမယူတာ ကျုပ်မသိဘူး။ ကျုပ်ကတော့ တစ်ဝက်လိုချင်တယ်။ မရဘူးဆိုရင်တော့ အသက်ကို လုပ်ကြံရမှာပဲ။ အသက်ကိုလုပ်ကြံမယ်ဆိုတာ ခင်ဗျားကို သတ်မယ်လို့ပြောသေးတာမဟုတ်ဘူး။ ခင်ဗျားချစ်လှပါတယ်ဆိုတဲ့ခင်ဗျားရဲ့မိန်းမ ဇာတ်မင်းသမီး မနှင်းဖြူကိုသတ်မှာ။ ပြီးမှ ခင်ဗျားအလှည့်"

ဟု ပြောလိုက်လေ၏။

မောင်ဘမျိုး၏စကားတွင် ကျွန်ုပ်၏မိန်းမ ဇာတ်မင်းသမီး နှင်းဖြူကိုသတ်မည်ဟု ဆိုထား၏။ ကျွန်ုပ်၏မိန်းမဝမ်းကြာတိုက်၌ ကျွန်းမှမင်းသမီးကလေး ဝင်စားသန္ဓေယူလျက်ရှိသည်ကို ၎င်းမသိရှာပေ။ မောင်ဘမျိုးသည် ကျွန်ုပ်၏မိန်းမဇာတ်မင်းသမီးကိုသာမဟုတ်။ ထိုဇာတ်မင်းသမီး၏ဗိုက်အတွင်းမှ ကျွန်းမင်းသမီးလေး၏အသက်ကိုပါ လုပ်ကြံတော့မည်ဟု ကျွန်ုပ်သဘောပေါက်မိလေ၏။

ထိုအခါ ကျွန်ုပ်က မောင်ဘမျိုး၏အသက်ကို လက်ဦးအောင်

www.burmeseclassic.com



လုပ်ကြံမှုသာလျှင် ကျွန်ုပ်၏ ... ရော ဗိုက်တွင်းမှမင်းသမီးလေးပါ အသက်ရှင်ပေတော့မည်ဟု သဘောပေါက်သည့်အားလျော်စွာ မောင်ဘမျိုးအား အဆုံးစီရင်ရန် သန္နိဋ္ဌာန်ချလိုက်လေတော့၏။

ထို့ကြောင့် ကျွန်ုပ်က. . .

"ဒီကိစ္စမှာက အသက်ချင်းလဲရမယ့်ကိစ္စဖြစ်နေတယ်။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် ဒီနေရာမှာပဲ အပြတ်ရှင်းကြတာ ကောင်းပါတယ်။ ဟောဒီမှာ ဓားပါတယ်။ ခင်ဗျားထိုးဝံ့လို့ရှိရင်လည်း ထိုးပေတော့"

ဟုဆိုကာ ခါးပုံစတွင် ၎င်းမြင်အောင်ထိုးထားသော ဓားမြှောင်ကို စားပွဲပေါ်၌ 'ဒိုင်း' ခနဲစိုက်လိုက်လေ၏။

ထိုအခါ မောင်ဘမျိုးလည်း ကျွန်ုပ်စိုက်ထားသောဓားမြှောင်ကို ကုန်း၍နုတ်လိုက်လေ၏။ ကျွန်ုပ်သည် ထိုအခါကျမှပင် ကုတ်အင်္ကျီအိတ်အတွင်းမှ အသင့်ဆောင်လာသော ဓားမြှောင်ဖြင့် မောင်ဘမျိုး၏ နံကြားဆီသို့ တအားထိုးသွင်းလိုက်လေ၏။

မောင်ဘမျိုးသည် တစ်ချက်မျှ ပြင်းပြင်းထန်ထန်အော်ပြီးနောက် ထ၍ပြေးရာ ကျွန်ုပ်လည်း ၎င်းအားလည်ကုပ်မှကိုင်ဆွဲပြီးလျှင် ဓားမြှောင်ဖြင့် ရင်ဝဆီသို့ နှစ်ချက်ဆင့်၍ထိုးလိုက်လေ၏။





ထိုအခါ၌ မောင်ဘမျိုးမှာ ကြမ်းပြင်ပေါ်သို့ 'ဝုန်း' ခနဲ လဲကျသွားလေ၏။

ကျွန်ုပ်ကံဆိုးသည်မှာ ထိုသို့ ဓားဖြင့်ထိုးသတ်ပြီးသောအချိန်လောက်မှာပင် အိမ်လခတောင်းသော ကုလားမကြီးသည် အိမ်ပေါ်ထပ်သို့ ရောက်ရှိလာလေ၏။ ဓားဒဏ်ရာများဖြင့်လဲကျသေဆုံးနေသော မောင်ဘမျိုးနှင့် လက်ထဲတွင်ဓားမြှောင်ကိုင်၍မတ်တတ်ရပ်နေသော ကျွန်ုပ်ကိုမြင်လျှင် အိမ်ရှင်ကုလားမကြီးသည် အောက်သို့အော်ဟစ်၍ ဆင်းပြေးလေတော့၏။

ထို့နောက်တွင်ကား ခြံအပြင်ဘက်၌ လူများဝိုင်းအုံနေ၏။ သင်္ကန်းကျွန်းဂါတ်မှ ကုလားရာဇဝတ်အုပ်တစ်ဦးနှင့် ပုလိပ်များရောက်ရှိလာလေတော့၏။ ကျွန်ုပ်မှာမူ လူသတ်မှုဖြင့်အဖမ်းခံရလေတော့၏။

ကျွန်ုပ်အား ပုလိပ်ဘက်ဆိုင်ရာမှ ပုလိပ်များက အခြားသော တရားခံများနှင့်ပူးပေါင်း၍မထားဘဲ အင်းစိန်ထောင်သို့ပို့ကာ ကြိုးသမားများထားသည့် တိုက်ခန်းကျဉ်းကလေးတစ်ခုအတွင်း၌ ထည့်ထား၍ အမှုစစ်ဆေးလေ၏။

ကျွန်ုပ်ဘက်မှ လိုက်ပါဆောင်ရွက်သောရှေ့နေသည် ကျွန်ုပ်အား နေ့စဉ် (သို့မဟုတ်) တစ်ရက်ခြား လာရောက်တွေ့ဆုံကာ ကျွန်ုပ်၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလေ၏။ ထိုအခါ ကျွန်ုပ်မှာ ဘခနေ့



www.burmeseclassic.com

www.burmeseclassic.com



လို့ကြောင်းပြောရာ ရှေ့နေကြီးသည် စာရွက်၊ ဖောင်တိန်၊ ခဲတံ စသည်များတို့ အသုံးပြုနိုင်ရန် စီစဉ်ပေးလေ၏။

ကျွန်ုပ်သည် ဤမှတ်တမ်းကြီးအား ကြိုးတိုက်အတွင်း၌ နေရစဉ်အတွင်း အချိန်ယူ၍ စိတ်ရှည်လက်ရှည်ရေးသားခဲ့ပေသည်။

နောက်တစ်နေ့တွင် ကျွန်ုပ်အားစီရင်ချက်ချတော့မည်ဟု ရှေ့နေကြီးက လာ၍ပြော၏။ ထိုသတင်းနှင့်အတူ ယမန်နေ့ညက ကျွန်ုပ်၏ဇနီးသည်သည် သမီးကလေးတစ်ဦးဖွားမြင်ကြောင်း၊ ဇနီး မနှင်းဖြူမှာ သေဆုံးသွားကြောင်း စသည့်သတင်းများပါရှေ့နေကြီးနှင့် အတူပါလာလေ၏။

ထိုအခါ ကျွန်ုပ်သည် ငိုကြွေးပူဆွေးနေရန်ထက် သေတ္တာနီကလေး ၎င်း၏နေရာသို့ပြန်လည်ရောက်ရှိဖို့အရေးကို စဉ်းစားရလေ၏။ ထိုကိစ္စမှာ ယမန်နေ့ညကမွေးဖွားခဲ့သော ကျွန်ုပ်၏သမီးကလေးအား တာဝန်ပေးခဲ့ရန်မှအပ အခြားနည်းလမ်းမရှိတော့ပေ။

ထိုသေတ္တာနီကလေးသည်လည်း ယမန်နေ့ညကမွေးဖွားခဲ့သော ကျွန်ုပ်သမီးကလေး၏ဘဝဟောင်းမှ ပစ္စည်းကလေးဖြစ်ကြောင်းလည်း ကျွန်ုပ်ယုံကြည်ပေသည်။ ထို့ကြောင့် သေတ္တာနီကလေးကို ကျွန်ုပ်သမီးကလေးရရှိရန် မည်သို့မည်ပုံပြုလုပ်ရမည်ကို စဉ်းစားရာ ကျွန်ုပ်အား အမိန့်ချမည့် စက်ရှင်တရားသူကြီးမင်းဦးကံသာအား သေတ္တာနီ

လာဘ်မိုးရွာစေပေ



ကလေးနှင့်တကွ ကျွန်ုပ်၏သမီးကလေးကို ပေးအပ်လိုက်ရန်ပင် ရှိတော့၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏မိဘဆွေမျိုးများသည်လည်း မရှိကြတော့ပေ။

ကျွန်ုပ်၏မိန်းမ မနှင်းဖြူ၌လည်း ဆွေမျိုးဆို၍ ကွက်တစ်ကောင်ကြောင်တစ်မြီးမှ မရှိကြောင်း ကျွန်ုပ်သိပေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ရှေ့နေကြီးအား အကျိုးအကြောင်းအချို့တစ်ဝက်ကိုပြောဆို၍ ထောင်တွင်း၌ ကျွန်ုပ်ရေးသားခဲ့သော မှတ်တမ်းကြီးအား ကျွန်ုပ်အိမ်ရှိ သေတ္တာနီကလေးအတွင်း၌ထည့်ထားကာ သော့ခတ်ပြီးလျှင် သမီးကလေးအသက်အစိတ်ကျော်သောအခါ၌ ဖွင့်ပြရန် တရားသူကြီးအား ပြောဆိုပြီးလျှင် သမီးကလေးအား မွေးစားပါမည့်အကြောင်း ဦးတိုက်လျှောက်ထားရမည်ဖြစ်၏။ ကျွန်ုပ်၏ရှေ့နေကြီးကား. .

"ကိုဘိုးတူ ဖြစ်စေချင်တာတွေ အကုန်လုံးဖြစ်အောင် ကျုပ်လုပ်ပေးပါ့မယ်ဗျာ"

ဟု ဆိုကာ ကျွန်ုပ်ထံမှ ကျွန်ုပ်ကိုယ်တိုင်ရေးသားသော ကျွန်ုပ်၏မှတ်တမ်း သို့တည်းမဟုတ် 'ဘမျိုး၊ ဘိုးတူ၊ ဘယ်သန်ဘမှန်' ဆိုသည့် လူရမ်းကားကြီးသုံးဦး၏မှတ်တမ်းအား ယူဆောင်သွားလေတော့သတည်း။

မောင်ဘိုးတူ

❖ ❖ ❖

လာဘ်မိုးရွာစေပေ

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစာတော့ မြန်မာစာပဲ။ ဒါပေမယ့် ရေးထားတဲ့ အက္ခရာ၊ အရေးအသားနဲ့ အသုံးအနှုန်းတွေဟာ သရေခေတ္တရာခေတ်ထက်တောင် စောမလားမဆိုနိုင်ဘူး။ ပြီးတော့ မြန်မာစာသက်သက်ချည်းပဲမဟုတ်ဘူး။ သက္ကတ္တရစာတွေရော၊ ဘင်္ဂါလီ၊ နာဂရီစာတွေရော၊ ပါဠိတွေရော ရောနေတယ်"

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်က. .

"မောင်ကောင်းတုံ. . ဒီပုရပိုက်ကို ဘာသာပြန်ပေးနိုင်ပါသလား".

ဟုမေးရာ မောင်ကောင်းတုံက. .

"ကျွန်တော်တစ်ယောက်တည်း ဘာသာပြန်တာထက် တခြားတတ်ကျွမ်းတဲ့ လူတစ်ယောက်ယောက်နဲ့ ညှိနှိုင်းပြီး အလုပ်လုပ်ရရင် ကောင်းမယ်ထင်တယ်"

ဟု ပြန်၍ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေကြီး လူပြန်တော်ပညာရှိ ဦး (. . .) နှင့် မောင်ကောင်းတုံအား တွေ့ဆုံပေးပြီးလျှင် ပုရပိုက်ကြီးအား ဘာသာပြန်ရန်အတွက် ဘုရားခန်း၌ နေရာထိုင်ခင်းနှင့်





စာရွက်စာတမ်း၊ ဖောင်တိန်၊ ခဲတံ စသောစာရေးကိရိယာပစ္စည်းများ အစုံအလင် စီစဉ်ပေးရလေ၏။

ကျွန်ုပ်၏သမီး မဥ္ဇူသာကလည်း လက်ဖက်သုပ်၊ ရေနွေးကြမ်းဆေးပေါ့လိပ်တို့သာမကဘဲ မောင်ကောင်းတုံကြိုက်တတ်သော ပွတ်ချွန်းဆေးလိပ်ကိုပင် မလိပ်တတ်လိပ်တတ်နှင့် လိပ်ပေးထားရှာလေ၏။

မောင်ကောင်းတုံနှင့် လူပြန်တော်ပညာရှိ ဦး (. . .) တို့သည် မိုးကြိုးပုရပိုက်ပြားများကိုဖွင့်၍ ဘာသာပြန်ပေးခြင်းအမှုကို ပြုကြကုန်၏။ သို့ရာတွင် ထိုနေ့နံနက်ပိုင်း၌ပင် လူပြန်တော်ပညာရှိ ဦး (. . .) က ကျွန်ုပ်အား အောက်ပါအတိုင်းပြောလေတော့၏။

"ဦးကံသာရယ်. . ။ ခင်ဗျားကောင်လေးက အလွန်တော်တာကလားဗျာ။ ကျုပ်ကို အကူအညီသာ ခေါ်တယ်။ တကယ်က သူဟာ ကျုပ်ထက် အဆပေါင်းများစွာ တတ်တယ်ဗျ။ ပါဠိလည်း အတော်နှံ့နှံ့စပ်စပ်ရှိတယ်။ ဘင်္ဂါလီ နာဂရီသက္ကတ္တရကလည်း တတ်သေးတယ်ဗျို့။ မြန်မာစာကတော့မပြောနဲ့။ အတော့်ကို နိုက်နိုက်ချွတ်ချွတ်သိတယ်။ ကျုပ်တော့ ဒီသူငယ်ဟာ ပါရမီရှင်လို့ ထင်တာပဲဗျာ။ ဉာဏ်ကလည်း ကောင်းလိုက်တာဗျာ။ တစ်ခေါက်ဖတ်တာနဲ့ မှတ်မိတော့တာပဲ။ ကျုပ်လာဖို့ မလိုတော့ပါဘူး။ သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းလုပ်တာက ပိုပြီးကောင်းပါတယ်။ ကျုပ်ပါနေရင် ဆေးရိုးသည်က ကန့်လန့် ဆိုတာလို ဖြစ်နေဦးမယ်"

ဟု ပြောဆိုကာ မောင်ကောင်းတုံ၏ပညာအရည်အချင်းကို လက်မြောက်၍ ပြန်သွားလေတော့၏။ မောင်ကောင်းတုံသည် ခုနစ်ရက်ခန့်အချိန်ယူ၍ မိုးကြိုးပုရပိုက်များကို မြန်မာဘာသာသို့ ပြန်ဆိုလေတော့၏။ ခုနစ်ရက်မြောက်သောအခါ၌ မောင်ကောင်းတုံသည် မိုးကြိုးပုရပိုက်ကြီးအား မြန်မာဘာသာသို့ အလုံးစုံပြန်ဆိုပြီးသည်ဖြစ်ရာ ကျွန်ုပ်တို့အား ၎င်း၏ မြန်မာဘာသာသို့ ပြန်ဆိုပြီးသောစာထုပ်ကြီးကို အပ်နှံလေတော့၏။ ကျွန်ုပ်နှင့် မဥ္ဇူသာသည် မောင်ကောင်းတုံထံမှ ရရှိသော စာထုပ်ကြီးအား စတင်ဖတ်ရှုကြရာ ထိုစာထုပ်ကြီး၏ ပထမစာမျက်နှာသည်ပင်လျှင် ကျွန်ုပ်၏စိတ်ကို သိမ်းကျုံးဖမ်းစားထားနိုင်ပေ၏။



# [illegible]

## ပီယသလ္လ 'ခတ္တိယာနီ' မင်းသမီးကလေး မှတ်တမ်းစာ

### လေ့သူကြီးသမီး

ဆန်းကြယ်လှပသော အမြီးများကို ပိုင်ဆိုင်သည့် ဥဒေါင်းငှက်များသည် ချောင်းငယ်၏တစ်ဖက်တစ်ချက်၌ တစ်ကောင်နှင့်တစ်ကောင် အကပြိုင်လျက်ရှိကြ၏။ အောက်ချင်းငှက်မောင်နှံတို့သည် တစ်ကောင်နှင့်တစ်ကောင် သစ္စာနှံ၍နေကြလေ၏။ စက္ကဝက်ငှက်နှင့် ဟင်္သာတို့သည်လည်း အုပ်စုလိုက် နေစာလှုံ၍နေကြလေ၏။ ငန်းဖြူကြီးနှစ်ကောင်မှာမူ ရေပြင်၌ကျလျက်ရှိသော ၎င်းတို့၏အရိပ်ကို တစိမ့်စိမ့်ကြည့်ကာ ပီတိဖြစ်နေပုံရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရေပြင်သည် စီးမှန်းမသိ စီးနေ၏။ ရေ၌အရောင်မရှိသော်လည်း မိုးကောင်းကင်၏ ဒုတ္တာရောင်နှင့် ချောင်းတစ်ဖက်တစ်ချက် အုံ့မှိုင်းနေသော တောအုပ်ကြီး၏ မြစိမ်းရောင်သည် အရောင်မရှိသော ရေပေါ်၌ အုပ်မိုးနေသည်ဖြစ်ရာ ထိုရေသည် ပြာတော့မလို စိမ်းတော့မလိုနှင့် လှပဘိလှ၏။ ချောင်းတစ်ဖက်တစ်ချက်တွင် ပေါက်နေသည့် သက်ကြီးရွယ်အို သစ်ပင်တို့၏မုတ်ဆိတ်မွေးများဖြစ်ကြကုန်သော နွယ်ကြိုးနွယ်တန်းတို့သည် ရေပြင်ပေါ်၌ အချို့တွဲလဲဆွဲနေ၏။ အချို့မှာ ရေထဲသို့ပင်ငုပ်လျှိုးနေ၏။

ချောင်းစပ်တစ်လျှောက်တွင် အနီရောင်၊ အညိုရောင်၊ မဟူရာရောင် ပြိုးပြိုးပြောင်ပြောင် ကျောက်တုံးကျောက်ခဲတို့သည် ချောင်း၏ သဘာဝအလှကို ရတနာကိုးပါးနှင့် စီခြယ်ထားသည့်အလား ကျက်သရေရှိလှပေ၏။

ထိုအချိန်၌ လွန်စွာသာယာချိုအေးလှသော မိန်းကလေးတစ်ဦး၏ သီချင်းသံသည် ချောင်းအထက်ဆီမှ ထွက်ပေါ်လာလေ၏။ သီချင်းသံမှာ ကျယ်သည်လည်းမဟုတ်၊ လွန်စွာတိုးသည်လည်းမဟုတ်၊ နားထောင်ကောင်းရုံမျှလေးထွက်ပေါ်နေလေ၏။ ထိုသီချင်းသံသည် သားကောင်ကိုညို့သော စပါးကြီးမြွေ၏သတ္တိထူးမျိုးပါ၏။ ကြားရသူ အပေါင်းစွဲမက်စွာ နားထောင်ချင်စိတ်များ တဖွားဖွားဖြစ်ပေါ်ဖေ၏။





သီချင်းသံသည် ချောင်း၏အထက်ဘက်ဆီမှ တရွေ့ရွေ့ ချောင်းအောက်ဆီသို့ လွင့်မျောလာ၏။ အဘယ်ကြောင့်ဆိုသော် အသံပိုင်ရှင်မိန်းကလေးသည် လှေကလေးတစ်စီးကို ကိုယ်တိုင်လှော်ခတ်ရင်း အထက်မှအောက်သို့ မျောလာသောကြောင့်ဖြစ်လေ၏။

ထိုမိန်းကလေး၏ အသံမှာကောင်းသကဲ့သို့ သီချင်း၏ အဓိပ္ပာယ်မှာလည်း အပြစ်ကင်းလှပေ၏။

"သစ်ပင် . . တောတောင် . .

ကျောက်တုံး . . ကျောက်ဆောင် . .

ကျေးငှက်သာရကာ . . လှမျိုးစုံ စွာ . .

အဲဒါကြောင့် . . ကျွန်မလည်း ရော ပြီး လှနေတာ . .

ပြီးတော့လည်း တစ်ခုတည်းပါ . .

အဲဒါ သဘာဝရဲ့ မမွှေအရသာ . ."

မိန်းကလေးသည် အထက်ပါသီချင်းကို ဆွဲဆွဲငင်ငင်လေး ဆို၍လာလေ၏။ သူသည်လှော်တက်ကိုကိုင်ထား၏။ သို့ရာတွင် သူ၏ လှော်တက်သည် လှော်ခတ်ရသောအလုပ်ကို မလုပ်ရဘဲ မိမိသွားလိုရာဘက်သို့ ပဲ့ရှိသာပဲ့ပေးရသည့် တာဝန်ရှိလေ၏။ လှေကလေးသည် ရေစီးအတိုင်း ညင်ညင်သာသာလေး မျောပါနေခြင်းဖြစ်၏။

မိန်းကလေး၏အသားရောင်သည် ဆေးဒန်း၏အရောင်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှည့်၏၊ မိန်းကလေး ၏ဆံကေသာသည် နက်မှောင်၍ရှည်လျား၏။ ဆံကေသာကို မထုံးမစည်းဘဲ ဖြေချထားသည်ဖြစ်ရာ ရှည်လျားလှသော ဆံကေသာသည် မိန်းကလေး၏ပခုံးပေါ်မှကျော်၍ လှေဦးပေါ်တွင် ပုံ၍နေ၏။

မိန်းကလေး၏ကိုယ်လုံးသည် သွယ်လျ၏။ ခြေချောင်းလက်ချောင်းကလေးများမှာ သွယ်သွယ်ရှည်ရှည်ကလေးများဖြစ်၏။ မိန်းကလေး၏မျက်လုံးများသည် ဒေါင်းမြီးကွက်ပမာ ဆန်းကြယ်၏။ မိန်းကလေး၏နှာတံသည် ပေါ်လွင်၏။ မိန်းကလေး၏ နှုတ်ခမ်းနှင့်ပါးစပ်တို့သည် ဘဝပေါင်းများစွာက မုသားစကားကင်းခဲ့ကြောင်း ဖော်ပြနေ၏။

မိန်းကလေး၏ရင်သားသည် မြင်မကောင်းလောက်အောင် ကြီးခြင်း၊ ငယ်ချင်းဟူသော အစွန်းနှစ်ပါးလွတ်၏။ ခါးမှာ သေး၏။ တင်မှာ စွင့်၏။ မိန်းကလေး၏နဖူးဆံစတို့တွင် ပေါက်လျက်ရှိသော ဆံနုဆံယဉ်ကလေးများမှာ လေညင်းလေးများက မြှောက်ပင့်ပေးသဖြင့် ကခုန်မြူးတူးနေကြလေ၏။

မိန်းကလေးအလှကား နတ်သမီး၏အလှကိုပင် ပြိုင်ဆိုင်လျှင်ပြိုင်ဝံ့လိမ့်မလားမဆိုနိုင်ပေ။ မိန်းကလေးသည် အထက်ကဆိုခဲ့သည့်အတိုင်း သီချင်းလေးတအေးအေးဖြင့် ချောင်းရိုးအတိုင်း လှေကိုမျှောချ





ခဲ့ရာ ချောင်းကွေ့လေးတစ်ကွေ့သို့အရောက်တွင် တစ်စုံတစ်ယောက်ကိုတွေ့မြင်ရသဖြင့် လှော်တက်ကိုအသုံးပြုကာ လှေ၏အရှိန်ကို လျှော့လိုက်လေ၏။ တစ်စုံတစ်ယောက်ဆိုသည်မှာ ကျောက်တုံးကိုအားပြု၍ရပ်နေသော လုလင်ပျိုတစ်ဦးဖြစ်ပေ၏။

လုလင်ပျိုသည် အရွယ်မြင့်၏။ အသားအရောင်မှာ ကြေးနီ၏အရောင်ကဲ့သို့ ညိုမောင်း၏။ မျက်လုံးသည် သိမ်းငှက်ကဲ့သို့ ရဲရင့်၏။ ကိုယ်လုံးမှာ ဖြောင့်စင်းလှဘိ၏။ သူသည် ကြီးမားသောဓားကြီးကို ကျောက်တုံးပေါ်တွင်တင်ထား ၏။

နေရောင်အောက်တွင် ထိုလုလင်၏ ရုပ်ရည်ဟန်ပန်မှာ ကြည့်၍ပင်ကောင်းလှဘိတော့၏။ စစ်တိုက်ဝံ့သော ယောကျ်ားကောင်းဖြစ်ကြောင်း မြင်ရုံနှင့်ပင် သိသာ၏။ ခတ္တိယမျိုးနွယ်တစ်ဦးဖြစ်ကြောင်း သူ၏မျက်နှာက ဖော်ပြနေ၏။

သူသည် လှေနှင့်လှေရှင်မိန်းကလေးကိုမြင်သောအခါ ဓားကိုကိုင်လျက် ဓားဖြင့်ပင်လက်ယပ်ခေါ်လိုက်၏။

မိန်းကလေး၏လှေဦးသည် သူ့ရှေ့တွင်ရှိသော ကျောက်တုံးကြီးအနီးသို့ စွပ်ခနဲဝင်၍ထိုး၏။ လုလင်ပျိုက မိန်းကလေးအား. .

"ချောင်းရဲ့ဟိုဘက်ကို ပို့ပေးစမ်းပါ"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချောင်းရဲ့ဟိုဘက်မှာ ရွာမရှိဘူး။ လူလည်းမရှိဘူး။ ဘာဖြစ်လို့သွားမှာတုံး"

ဟု လှေပေါ်မှ နတ်သမီးတမျှလှပသောမိန်းကလေးက ပြန်၍မေးလေ၏။

"အို . . တောစောင့်နတ်သမီး။ သင်သည် ငါ၏ သစ္စာအဓိဋ္ဌာန်ချက်ကြောင့် ငါ့အားလှေဖြင့်သယ်ဆောင်ရန် လာခဲ့သည်မဟုတ်လော"

ဟု လုလင်က ခန့်ခန့်ညားညားပြန်၍မေးလိုက်လေ၏။

ထိုအခါ လှေရှင်မိန်းကလေးသည် 'ခစ်' ခနဲ အသံထွက်အောင်ရယ်မော၍ . .

"သင် ဘာကိုသစ္စာအဓိဋ္ဌာန်ပြုတာလဲ၊ ကျွန်ုပ်လည်း မသိရပါလား။ ပြီးတော့ ဒီချောင်းကိုဖြတ်ကူးဖို့လောက်ကိုများ သစ္စာအဓိဋ္ဌာန်တွေ ဘာတွေ ပြုနေရသလား။ ဒီအတိုင်းဖြတ်ပြီးကူးသွားပါလား။ ပြီးတော့ ကျွန်ုပ်သည် သင်ထင်သလို သင့်ရဲ့သစ္စာအဓိဋ္ဌာန်ကြောင့် သင့်ကိုလာပြီးကယ်တဲ့ နတ်သမီးမဟုတ်ဘူး။ ကျွန်ုပ်အဖေဟာ လှေငါးစီးထောင်ထားတဲ့ လှေသူကြီးတစ်ဦးဖြစ်တယ်။ ဒါကြောင့် ကျွန်ုပ်ဟာ လှေသူကြီးသမီးပဲဖြစ်တယ်။ ဘယ်နတ်တွေ၊ နတ်ဒေဝတာ





တွေနဲ့မှ ကျွန်ုပ်တို့နဲ့ အမျိုးမတော်ဘူး။ ဆွေမျိုးနီးစပ်တွေထဲမှာတောင် နတ်ဒေဝတာ တွေနဲ့ အမျိုးတော်တယ်လို့ တစ်ခါမှမကြားမိသေးပါဘူး"

ဟု နတ်သမီးတမျှလှပသော လှေပေါ်က မိန်းကလေးက ပြောလေ၏။

ထိုအခါ လုလင်က . .

"နတ်သမီးပဲဖြစ်ဖြစ်၊ လှေသူကြီးသမီးပဲဖြစ်ဖြစ် ကျွန်ုပ်ကို ဟိုဘက်ကမ်းပို့ပေးစမ်းပါ"

ဟု ပြောလိုက်လေ၏။

ထိုအခါ မိန်းကလေးသည် လုလင်ပျိုအား . .

"ကျွန်ုပ်ဟာ ကူးတို့ပို့တဲ့ ကူးတို့သမတစ်ဦးပါပဲ။ ဒါပေမဲ့ လူတိုင်းကိုတော့ ပို့တာမဟုတ်ဘူး။ ခတ္တိယမျိုးတွေကိုမှ ကျွန်ုပ်လှေပေါ်ကို တက်ခွင့်ပြုတယ်။ ပညာသာတတ်ပြီး ရဲရင့်ခြင်းမရှိတဲ့ ဗြာဟ္မဏတွေလည်း စီးခွင့်မရှိဘူး။ ငွေကြေးဓနသာရှိပြီး ရဲရင့်ခြင်းမရှိတဲ့ ကုန်သည်ဝေသမျိုးတွေကိုလည်း ဒီလှေမှာ စီးခွင့်မပေးဘူး။ ပြီးတော့ သူတစ်ပါးစေခိုင်းသမျှကိုလုပ်နေရပြီး ရဲရင့်ခြင်း၊ ဆင်ခြင်ခြင်းမရှိတဲ့ သုဒ္ဒမျိုးတွေကိုလည်း ဒီလှေပေါ်မှာ တက်ခွင့်မပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလှေဟာ သိပ်ပြီး ဇာတ်ကြီးတယ်။ ခတ္တိယတစ်မျိုးတည်းကိုပို့တဲ့လှေဖြစ်တယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ လုလင်သည် .

"မင်းဟာ ခတ္တိယရဲ့သမီးပျို ခတ္တိယာနီလား။ အပွေးကိုမြင်ရင် အပင်ကိုသိဖို့ကောင်းပါတယ်။ ငါလိုလူတစ်ယောက်ကို ခတ္တိယလားလို့ မေးမြန်းစုံစမ်းနေရတယ်ဆိုတာ မင်းရဲ့မလိမ္မာမှုတို ဖော်ပြနေတာပဲ။ ငါ့ကိုအကဲမခတ်နိုင်ဘူးပဲထားပါဦး။ ငါ့လက်ထဲကဓားကိုတော့ အကဲခတ်မိဖို့ကောင်းပါတယ်"

ဟု ပြောလိုက်လေ၏။

"ဓားကိုကိုင်ထားရုံနဲ့ ခတ္တိယလို့မဆိုနိုင်ဘူး။ ဓားဟာ သက်မဲ့ပစ္စည်းပါ။ ဒွန်းစဏ္ဍားလည်း ကိုင်ချင်ရင် ကိုင်လိမ့်မပေါ့"

ဟု လှေသူကြီးသမီး မိန်းမချောလေးက ပြောလိုက်ရာ လုလင်၏မျက်နှာသည် ဒေါသကြောင့် နီမြန်းသွားလေ၏။

လုလင်သည် လှေသူကြီး၏သမီးအား တစ်စုံတစ်ရာထပ်မံပြောဆိုခြင်းမပြုတော့ဘဲ လှေပေါ်မှအောက်သို့ဆွဲချလိုက်ပြီးလျှင် ရင်း ဘာသာ လှေကိုကူးခတ်သွားမည်ဟု လှေပေါ်သို့ လှမ်း၍တက်လိုက်လေ၏။

လှေသူကြီးသမီးလည်း မိမိအား စော်ကားမော်ကားပြု၍ လှေပေါ်မှဆွဲချသောလုလင်အား ကျောက်တုံးဖြင့်ထုသတ်ရန်အတွက် မဟူရာကဲ့သို့နက်မှောင်နေသော ကျောက်နက်တုံးတစ်တုံးကို လက်နှစ်ဖက်ဖြင့်ကောက်ယူ၍ လုလင်၏ဦးခေါင်းအား ထုချရန် ကြည့်လိုက်လေ၏။

သို့ရာတွင် လုလင်သည် လှေပေါ်သို့မရောက်ဘဲ လှေနှင့်ရေစပ်အကြားတွင် လဲကျမေ့မြောနေပြီဖြစ်၏။ ထိုအခါကျမှပင် လှေသူကြီးသမီးလည်း လက်တွင်းမှကျောက်နက်တုံးကြီးကို ပစ်ချလိုက်ပြီး လုလင်ဆီသို့ချဉ်းကပ်သွားရာ လုလင်၏ခြေထောက်နှစ်ဖက်တွင် ရရှိထားသည့်ကြီးမားသောဒဏ်ရာကြီးများကိုတွေ့ရ၍ ထိုဒဏ်ရာများသည် စစ်မြေပြင်မှရခဲ့သောဒဏ်ရာများဖြစ်တန်ရာ၏ဟု စဉ်းစားမိ၏။ စောစောကမူ လုလင်သည် ကျောက်တုံးကိုမှီ၍ရပ်နေသောကြောင့် သူ၏ခြေထောက်မှဒဏ်ရာများကို လှေသူကြီးသမီးသည် မြင်တွေ့နိုင်ခြင်းမရှိခဲ့ပေ။

"ဒါလောက်ဒဏ်ရာကြီးနဲ့ဟာကို မြင်းမပါဘဲနဲ့ ဒီနေရာကိုရောက်လာတာ ခတ္တိယတစ်ယောက်မို့လို့သာပဲ"







www.burmeseclassic.com

www.burmeseclassic.com



ဟု လေ့သူကြီးသမီးသည် တွေးတောရင်း သတိမေ့နေသော လုလင်အား မနိုင့်တနိုင်ဖြင့် သယ်ပိုးကာ လှေပေါ်သို့တင်လေ၏။ ထို့နောက် လက်တွင်းမှလွတ်ကျခဲ့သော လုလင်၏ဓားကိုလည်း လှေပေါ်သို့တင်လေ၏။ ပြီးလျှင် လေ့သူကြီးသမီးသည် လှော်တက်ဖြင့် ကျောက်တုံးအားတွန်းလိုက်ရာ လှေကလေးသည် နောက်သို့ရွေ့၍ ရေစီးအတိုင်း မျောသွားလေ၏။

လေ့သူကြီးသမီးသည် ချောင်း၏တစ်ဖက်သို့ မျှောချသွား၏။ ထိုတစ်ဖက်သို့ရောက်သော်လည်း လုလင်မှာ ပြန်လည်သတိရခြင်းမရှိဘဲ မေ့မြောလျက်ပင်ရှိသေး၏။ ထိုအခါ၌ လေ့သူကြီးသမီးသည် လုလင်အား သတိရစေရန် ပြုလုပ်၏။ သို့သော် လုလင်မှာ သတိရမလာ။

"အိမ်ကိုခေါ်သွားဖို့ပဲ ရှိတော့တာပေါ့"

ဟု လေ့သူကြီးသမီးက တစ်ကိုယ်တည်း ရေရွတ်ရင်း ချောင်းရိုးအတိုင်းလှေကိုမျှောခဲ့လေ၏။ ထိုသို့မျှောခဲ့ရင်း လှေဝမ်းအတွင်း၌ မေ့မြောနေသည့် လုလင်နှင့်သူ၏ဓားကြီးကို တစ်လှည့်စီကြည့်လိုက်လေ၏။ လုလင်သည် ခန့်ညားချောမောလှဘိ၏။ သူ၏ဓားကြီးမှာကား ကြီးမား၍ ကျက်သရေရှိလှပေ၏။

ဓား၏အရောင်သည် နေရောင်အောက်၌ တဖျပ်ဖျပ်လက်နေ၏။ လေ့သူကြီးသမီးသည် ထိုဓားကြီးကို ကောက်ယူပြီး သေချာစွာ





ကြည့်လိုက်၏။ အရိုးမှာ ကရမက်သားဖြင့်ပြုလုပ်ထား၏။ ထို့ကြောင့် သင်းပျံ့လှပေ၏။

အရိုး၏ထိပ်တစ်ဖက်တစ်ချက်တွင် တပ်ထားသော ခေါင်း၏ အခွေးမှာမူ မိုးကြိုးဖြင့်ပြုလုပ်ထားခြင်းဖြစ်၏။ ထိုအခွေး၏ အောက်နားတွင် လွန်စွာအရည်အသွေးကောင်းသောပတ္တမြားတစ်လုံးကို မြှုပ်နှံထား၏။

ဓားမှာမူ လွန်စွာကောင်းသောသံဖြင့် တတ်ကျွမ်းသောပန်းပဲဆရာတစ်ဦးက လက်စွမ်းပြပြုလုပ်ထားပုံရလေ၏။ ဓားနှောင့်နှင့်နီးကပ်သော ဓားရွက်ပေါ်၌ စာအချို့ထွင်းထားသည်ကို တွေ့ရလေ၏။

လေ့သူကြီးသမီးသည် ထိုစာများကို ဖတ်ကြည့်၏။ ထိုစာမှာ အောက်ပါအတိုင်းဖြစ်ပေ၏။

> *ငါသည် စစ်မြေပြင်၌ ဒဏ်ရာမရသော နေ့ပေါက်များကို တွေး၍ နှမြောလှ၏။*
>
> *ငါ၏မိခင်သည် စစ်မြေပြင်၌သေဆုံးရန်အတွက် ငါ့အားမွေးဖွားပေးခဲ့ခြင်းဖြစ်၏။*
>
> သစ္စာသရ (ခတ္တိယ)



www.burmeseclassic.com

www.burmeseclassic.com



လှေသူကြီးသမီးသည် ထိုစာကိုဖတ်ပြီးနောက် လုလင်၏ခြေ သောက်မှဒဏ်ရာများကိုကြည့်လိုက်ပြီး လှပစွာပြုံးလိုက်လေ၏။

"သူ့ရဲ့ဆုတောင်းတော့ ကောင်းကောင်းကြီး ပြည့်သွားပြီ ပေါ့။ စစ်မြေပြင်မှာသေဖို့တစ်ခုပဲကျန်တော့တယ်"

ဟု နတ်သမီးတမျှလှပသော လှေသူကြီးသမီးက ရေရွတ်လိုက် လေတော့၏။

လှေသူကြီးသမီးသည် ခတ္တိယလုလင်အား လှေဖြင့်တင်ဆောင် ကာ ချောင်းရိုးအတိုင်းမျှောခဲ့လေ၏။ တစ်နေရာသို့ရောက်သောအခါ၌ ချောင်းလက်တက်ကလေးအတွင်းသို့ဝင်လိုက်ရာ လှေသူကြီးအိမ်သို့ ဒိုက်ဆိုက်မြိုက်မြိုက်ရောက်လေ၏။

လှေသူကြီးသမီးသည် အိမ်သို့ရောက်လျှင် ဖခင်အား လှေပေါ် ရာရလာသည့် လုလင်ပျိုတစ်ဦးပါရှိလာကြောင်းပြောရာ ဖခင် ဖူက ၎င်း၏တပည့်ယောကျာ်းလူငယ်တစ်ဦးအား အိမ်ပေါ်သို့ ဒဏ်ရာရသော လုလင်ပျိုအား သယ်ယူခဲ့ရန် အမိန့်ပေးလိုက်လေ၏။

လှေသူကြီး၏တပည့်လည်း ခတ္တိယလုလင်အား သယ်ယူခဲ့ လေ၏။ လှေသူကြီး၏ရှေ့ကြမ်းပြင်ပေါ်တွင် ချ၍ထားပေးလိုက်၏။ လှေသူကြီးလည်း ဒဏ်ရာရသောလူငယ်အားကြည့်ကာ. .





"ဤလုလင်ကား စစ်တိုက်ဝံ့သော ယောကျာ်းကောင်းဖြစ် ၏။ အမှန်တရားကိုလိုလားပုံလည်းရ၏။ ခြေ့သည် ကောင်း၏ကျင့်ဝတ်နှင့်လည်း ညီပုံရ၏။ ၎င်းရရှိထားသော ဒဏ်ရာများမှာ တရားသဖြင့် ရရှိထားသော ဒဏ်ရာများ မဟုတ်။ သူရဲဘောနည်းသူတို့က အလစ်ချောင်းမြောင်း လုပ်ကြံသော ဒဏ်ရာများ ဖြစ်တန်ရာ၏။ အကြောင်းမူ ကား ဒူးခေါက်ခွက်အောက်နားမှ ဒဏ်ရာများသည် နောက်မှနေ၍ ခုတ်ထစ်ထားသော ဒဏ်ရာများဖြစ် ကြောင်း ထင်ရှားလှပေ၏"

ဟုပြောဆို၍ သမီးဖြစ်သူအား ခေါ်ယူကာ. .

"သမီးကလေးပီယသလ္လ။ ဒီလုလင်ကို ကောင်းစွာပြုစု လော့။ အနာတို့ကို ဖန်ရည်ဆေးပေးလော့။ ဆေးဖြင့်မြီး သောဖယောင်းချက်ကိုထည့်လော့။ အဝတ်တို့ဖြင့် ကောင်း စွာစည်းလော့။ သတိရသောအခါ၌ အာဟာရဖြစ်စေသော အစားအသောက်တို့ကို ကျွေးလော့။ ချိုသာသောစကား တို့ဖြင့် ဆက်ဆံလော့။ ခတ္တိယယောကျာ်းအား ခတ္တိယ မိန်းမက ပြုစုရခြင်းသည်မြတ်၏"

ဟူ၍ ပြောဆိုကာ ခတ္တိယလုလင်အား ပြုစုစောင့်ရှောက်ရမည့်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တို့ကို လှေသူကြီးသည် သူ၏သမီးဖြစ်သူ ပီယသလ္လအား တာဝန်လွှဲအပ်လေ၏။

ပီယသလ္လသည် ခတ္တိယလုလင်အား အိပ်ခန်းဆောင်တစ်ခုအတွင်းသို့ ပို့စေကာ နေရာချထားပေးလေ၏။ ထိုအိပ်ခန်းဆောင်ကိုလည်း ပီယသလ္လသည သန့်ရှင်းမွှန်မြတ်စေရန် ကိုယ်တိုင်လှည်းကျင်း၏။ ခိုင်ခံ့သော ကွပ်ပျစ်ညောင်စောင်းပေါ်၌ လုလင်ကို ချထားစေ၏။ ထိုကွပ်ပျစ်၏နံဘေး၌ စင်ကလေးတစ်စင်ရှိ၏။ ထိုစင်လေးပေါ်၌ ကျောက်ကိုထွင်းထားသော ကျောက်ပန်းအိုးကလေးတစ်လုံးရှိ၏။ ထိုကျောက်ပန်းအိုးကလေးအတွင်း၌ ပီယသလ္လသည် လွန်စွာမွှေးသော ပန်းပွင့်ကလေးများ ထည့်ထား၏။

ထိုပန်းပွင့်ကလေးတို့၏အမည်မှာ 'ကာမံ' ဟူ၍ဖြစ်၏။

နေအတော်မြင့်သောအခါ၌ လုလင်ပျိုသည် သတိရလာ၏။

ထိုအခါ ပီယသလ္လက . .

"ခတ္တိယမောင်။ စိုးရိမ်ကြောင့်ကြခြင်း မရှိပါနှင့်။ အမောင်ဟာ ပီယသလ္လတို့အိမ်ကို ရောက်နေတာပါ။ ပီယသလ္လရဲ့ ဖခင်ကလည်းအမောင့်ကို ပြုစုဖို့ ပီယသလ္လကို တာဝန်ပေးထားပါတယ်။ ဒါကြောင့် အမောင်ရဲ့ဦးခေါင်းခွက်က ဒဏ်ရာကို ဖန်ရည်ဆေးကြောခြင်း ပြုပါရစေ"





ဟု ဆိုကာ ပီယသလ္လသည် လွန်စွာမွှေးကြိုင်သောအရွက်တစ်မျိုးကို ပြုတ်ထားသည့်အရည်ဖြင့် လုလင်ပျို၏အနာကို ဖန်ရည်ဆေး၍ ပေးလေ၏။

ထို့နောက် ဖခင်ဖြစ်သူ လှေသူကြီးကိုယ်တိုင် ဖော်စပ်ထားသော ဆေးဖယောင်းချက်ကို အနာ၌လိမ်းကျံပေးလေ၏။ ပြီးလျှင် ပိတ်ဖြူနှင့် စည်းနှောင်ပေးလေ၏။

လုလင်ပျိုသည် ပီယသလ္လ၏ ကျွမ်းကျင်စွာ ဆေးလိမ်းခြင်း ကျပ်စည်းခြင်းကိုကြည့်၍ စိတ်တွင်း၌ချီးကျူးမိလေ၏။ ထို့နောက် . .

"နှမရဲ့အမည်က . . "

ဟု မေးတော့မည်ပြုလိုက်ရာ လှေသူကြီးသမီးက . .

"ပီယသလ္လလို့ ခေါ်ပါတယ်"

ဟု ပြောလိုက်လျှင် လုလင်သည် အနည်းငယ်တွန့်၍သွားပြီးလျှင် . .

"ကြောက်စရာကောင်းတဲ့ နာမည်ပါလား။ အသည်းနှလုံးကို ထုတ်ချင်းပေါက်အောင်တော့ မလုပ်လိုက်ပါနဲ့"

ဟု ပြောလိုက်လေ၏။ အဘယ်ကြောင့် ထိုသို့ဆိုရသနည်းဆိုမူ . .



www.burmeseclassic.com

www.burmeseclassic.com



'ပီယသလ္လ' ဟူသည့်အဓိပ္ပာယ်မှာ 'အချစ်မြား' ဟူ၍ အဓိပ္ပာယ် ရလေ၏၊ ထိုအခါ ပီယသလ္လက . .

"ခတ္တိယယောက်ျားတွေရဲ့အသည်းနှလုံးဟာ ကျောက်ဆောင်ကျောက်ခဲလို မာပါတယ်။ ဒါကြောင့် နှမလေးရဲ့မြားဟာ ခတ္တိယယောက်ျားတွေရဲ့အသည်းနှလုံးကို ထိုးဖောက်ဖို့တော့ စွမ်းဆောင်နိုင်မှာမဟုတ်ပါဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ လုလင်ပျိုသည် သဘောကျစွာပြုံးပြီးနောက် . .

"ခတ္တိယယောက်ျားတွေဟာ အခြားသူတွေထက် အခြားနေရာ၊ အခြားကိစ္စတွေမှာ ရဲရင့်ခြင်းရှိတယ်ဆိုတာတော့ မငြင်းပါဘူး။ ဒါပေမဲ့ အသည်းနှလုံးကတော့ တခြားသူတွေလိုပါပဲ။ ပိုပြီးမထူးပါဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ ပီယသလ္လက . .

"အမောင်ရဲ့ အမည်နာမကိုပြောပါဦး"

ဟု မေးလေ၏။

"အမည်နာမကတော့ 'သစ္စာသရ' လို့ခေါ်တယ်၊ အမျိုးကတော့ ခတ္တိယမျိုးပဲ။ ဇာတိကတော့ ဗြဟ္မပုတြမြစ်ရဲ့





မြစ်ညာဘက်က ရွာကလေးတစ်ရွာက ဆိုပါတော့၊ လှံနဲ့ဓားကို ဖခင်ဆီကအမွေရခဲ့တဲ့ အသက်ဆယ့်ခြောက်နှစ်သားအရွယ်ကစပြီး စစ်မြေပြင်ပေါ်ကို ရောက်နေခဲ့လေတော့ အိမ်ထောင်သက်ထား ဇနီးသားမယားဆိုတာ ဝေလို့ ရင်ထဲမှာနွေးခနဲအေးခနဲဖြစ်သွားလောက်အောင် သူစိမ်းတစ်ရံဆံမိန်းမကို လက်ဖျစ်တစ်တွက်တည်းအချိန်ထက် ပိုပြီး မျက်စိနဲ့တောင် မကြည့်ဖူးသေးတာအမှန်ပါပဲ၊ လူပျိုကိုယ်လွတ်စစ်စစ်ကို သေနာပတိရာထူးခန့်မယ်ဆိုရင် အဲဒီရာထူးကို ကျုပ်တစ်ယောက်တည်း ရလိမ့်မယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်နဲ့အတူ အမှုထမ်းနေတဲ့ စစ်သည်တော်တွေဟာ အနည်းဆုံး မိန်းမနှစ်ယောက်ကို ယူဖူးတဲ့လူချည်းပဲ"

ဟု သစ္စာသရဟူသော ပုလင်ပျိုကပြောလိုက်ရာ ပီယသလ္လသည် ပြုံးလိုက်လေ၏။

"အမောင်ဟာ တော်တော်စကားတတ်တယ်"

ဟုလည်း ပီယသလ္လက ပြောလိုက်လေ၏။

ထိုအခါ သစ္စာသရက . .

"စကားတတ်တာမဟုတ်ဘူး။ ကဗျာတတ်တာ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သင်လို့မရဘူး။ အသည်းနှလုံးက အလုပ် လုပ် လာမှ သူ့အလိုလိုတတ်တာ။ ကျုပ်ဟာ အခု ကဗျာတတ် လာပြီဆိုကော့ ကျုပ်ရဲ့အသည်းနှလုံးဟာ အလုပ်လုပ် လာပြီလားမပြောတတ်ဘူး။ အသည်းနှလုံးတွေ လှုပ်တာ ပဲဖြစ်ဖြစ်၊ အလုပ်လုပ်တာပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ သူတို့ ကို မြားမှန်မှာပဲ စိုးရိမ်တယ်။ အဲဒီမြားဟာလည်း အချစ် မြားဖြစ်လေတော့ ႁုၣၢ်ပြီးရင် အနုတ်ရခက်လိမ့်မယ်"

ဟု ပြောလိုက်ရာ ပီယသလ္လသည်. .

"အမောင် ဘာစားချင်ပါသလဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ သစ္စာသရက. .

"နှမလေးကျွေးတာ စားမယ်"

ဟု ပြန်၍ပြောလိုက်၏။

"တကယ်လို့ နှမလေးက အဆိပ်သီးကျွေးမယ်ဆိုရင်ကော အမောင်က စားမလား"

ဟု ပီယသလ္လက မေးလေ၏။

"ကျွေးရက်တဲ့သူရှိရင်တော့ စားရမှာပေါ့လေ။ ဒါပေမယ့် နတ်သမီးလောက်လှတဲ့ မိန်းကလေးကိုတွေ့ပြီးမှတော့





ကျုပ်မသေချင်သေးဘူး။ အဲဒါဟာ ကျုပ်ရဲ့သစ္စာစကား ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်၏ဒဏ်ရာမျာ သည် ဆောလျင်စွာပျောက်ကင်းရပါစေသတည်းလို့ ကျွန် တိုင်တည်ပါတယ်"

ဟု သစ္စာသရက ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ရဲရင့်သော သစ္စာသရနှင့် လှပသောပီယသလ္လ သည် ရင်းနှီးသွားကြလေတော့၏။

သစ္စာသရ၏ခြေထောက်မှဒဏ်ရာ သက်သာသောအခါ သစ္စာသရသည် လမ်းလျှောက်လေ့ကျင့်ရလေ၏။ ရက်ပေါင်းများစွ လမ်းမလျှောက်ရသောကြောင့်လည်းကောင်း၊ တံကောက်ခွက်မှ အန ရွတ်က ခြေသလုံးကြောကိုလက်ဖြင့်ဆုပ်ထားဘိသကဲ့သို့ ဆွဲ၍ဆု ထားသောကြောင့်လည်းကောင်း သစ္စာသရသည် လမ်းမလျှောက်တ အောင် ဖြစ်နေလေ၏။

ထိုအခါ ပီယသလ္လက သစ္စာသရအား မှီတွဲ၍ လမ်းလျှော လေ့ကျင့်ပေးရလေ၏။ သစ္စာသရသည် ပီယသလ္လ၏ ချောမွတ်နူးည သောပခုံးကလေးကို လက်ဖြင့်အသာအယာကိုင်၍ အားပြုကာ လ လျှောက်လေ့ကျင့်ရလေ၏။

ရင်းတို့နှစ်ဦးသည် တောစပ်မြေနီလမ်းကလေးပေါ်၌ အ



www.burmeseclassic.com

www.burmeseclassic.com



တကွ လျှောက်သွားကြ၏။ မြက်ခင်းပြင်များပေါ်တွင် အတူတကွထိုင်ကြ၍ အမောဖြေကြ၏။ တောအုပ်ကို ဖြတ်၍တိုက်လာသော ရနံ့တို့ကို အတူတကွရှူရှိုက်ကြ၏။

ထို့နောက် ၎င်းတို့သည် တောအုပ်အတွင်းရှိ ရေကန်ကို ကွေ့ပတ်၍ လျှောက်ကြပြန်၏။ ထိုသို့လျှောက်ရင်း ပီယသလ္လက. .

"အမောင်. . ဒီနားမှာ ခဏရပ်ပြီး စောင့်နေဦးနော်။ ပီယသလ္လဟို ကန်ထဲက ကြာပန်းလေးတွေ သွားခူးလိုက်ဦးမယ်"

ဟု ပြောလိုက်ရာ သစ္စာသရက. .

"ဘာဖြစ်လို့ ခူးမှာလဲ အချစ်မြားရယ်။ အဲဒီကြာပန်းကလေးတွေက မင်းလောက်မှမလှဘဲ။ ပြီးတော့ သူတို့ရဲ့ ရနံ့ကလည်း မင်းကိုယ်ကထွက်တဲ့ ရနံ့လောက်မှမသင်းပျံ့ဘဲ။ ဘာဖြစ်လို့များ ခူးမှာတုံး"

ဟု ပြောလိုက်လေ၏။

"တကယ်ပြောတာလား အမောင်။ မိန်းမဆိုတာ ယောကျ်ားတွေရဲ့ဆိုစကားကို ယုံလွယ်တတ်တဲ့သဘောရှိပါတယ်"

ဟု ပီယသလ္လက ပြန်၍မေးလိုက်လေ၏။

"အမောင်တစ်ခုစဉ်းစားကြည့်တယ်။ အမောင်ဟာလေ





အခုလို ခတ္တိယလူသားတစ်ယောက်မဟုတ်ဘဲ အဲဒီရေကန်ထဲက ငါးလေးတစ်ကောင်ဖြစ်နေတယ်ဆိုပါစို့ကွယ်။ အဲဒီအခါမှာ အချစ်မြားကလေးက ကြာပန်းကို လာပြီးခူးတယ်ပဲ ထားလိုက်ပါတော့။ ရေထဲက ငါးကလေးဖြစ်နေတဲ့အမောင်က ကန်ပေါ်ကနေ ပန်းခူးနေတဲ့ အချစ်မြားကလေးကို မော့ပြီးများကြည့်ခဲ့မိရင် အချစ်မြားကလေးဟာ လှလွန်းလို့ ကန်ထဲက ငါးကလေးဖြစ်နေတဲ့ အမောင်ဟာ ပါးဟက်ကလေးတွေ၊ အတောင်ကလေးတွေကိုယက်ဖို့ မေ့ကောင်းမေ့သွားလိမ့်မယ်။ အဲဒီလိုမေ့သွားတဲ့အတွက်ကြောင့် ရေကန်ထဲက ငါးကလေးဖြစ်တဲ့ အမောင်ဟာ ရေနစ်ပြီးများသေသွားမလား မပြောနိုင်ဘူး"

ဟု သစ္စာသရကပြောလိုက်ရာ ပီယသလ္လက အသံလွင်လွင်တလေးဖြင့် ရယ်လိုက်လေ၏။

"သိပ်ပြီး နားထောင်လို့ကောင်းတာပဲ အမောင်ရယ်။ ပီယသလ္လနားမှာ အဲဒီလိုစကားမျိုးတွေ နှစ်ပေါင်းတစ်ထောင်လောက် ပြောနေပါလား။ ပီယသလ္လ နားထောင်ချင်စမ်းပါပေ့ အမောင်ရယ်"

ဟု ပီယသလ္လက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာလား အချစ်မြားကလေးရယ်။ အမောင်လေ အချစ်မြားကလေးနားမှာ နှစ်ပေါင်းတစ်ထောင်၊ နှစ်ပေါင်းတစ်သောင်း၊ နှစ်ပေါင်းတစ်သိန်း၊ နှစ်ပေါင်းကုဋေကဋာ ပြောနေချင်ပါတယ်"

ဟု သစ္စာသရက ပြောလိုက်လေ၏။

"အဲဒီနှစ်တွေမတိုင်မီ ပီယသလ္လကသေသွားရင်ကော အမောင်က ဆက်ပြီးပြောနေမှာလား"

ဟု ပီယသလ္လက မေးလိုက်လေ၏။

"သေခြင်းတရားဆိုတာ ရှည်ကြာစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခြင်းပါကွယ်။ အဲဒီတော့ အမောင်က အိပ်မပျော်သေးဘဲ အချစ်မြားကလေးက အိပ်ပျော်သွားရင်လည်း ဒီလိုစကားမျိုးတွေ အမောင်ပြောနေမိမှာပါပဲ"

ဟု သစ္စာသရက ပြောလိုက်လေ၏။

"တကယ်ပြောတာလား အမောင်။ မိန်းမတွေဟာ ယောကျ်ားတွေပြောတဲ့စကားတွေကို ယုံလွယ်တတ်ပါတယ်"

ဟု ပီယသလ္လက ပြန်၍ပြောလေ၏။

"တကယ်ပြောတာပါ အချစ်မြားရယ်။ မောင့်အရင်များ





အချစ်မြားကလေး သေသွားခဲ့ရင် အမောင်လေ အချစ်မြားကလေးအတွက် ကြီးကျယ်တဲ့သင်္ချိုင်းကြီးတစ်ခုလုပ်ပေးမယ်။ အမောင်ကိုယ်တိုင်လည်း အဲဒီသင်္ချိုင်းမှာနေမယ်။ အမောင်နဲ့ပတ်သက်တဲ့ စစ်တိုက်ဖက်သူငယ်ချင်းတွေကိုလည်း အချစ်မြားရဲ့သင်္ချိုင်းမှာ နေခိုင်းမယ်။ သူတို့ရဲ့ သားမယားတွေကိုလည်း နေခိုင်းမယ်။ အချစ်မြားကလေးရဲ့ သင်္ချိုင်းဟာ အမောင်ရဲ့ချစ်ဗိမာန်ကြီးအဖြစ် တည်ဆောက်ပေးမယ်"

ဟု သစ္စာသရက ပြောလိုက်လေ၏။

"တကယ်ပြောတာလား အမောင်ရယ်။ မိန်းမတွေဟာ ယောကျ်ားတွေရဲ့စကားကို ယုံလွယ်တတ်ပါတယ်"

ဟု ပီယသလ္လက ပြောလိုက်လေ၏။

"တကယ်ပြောတာပေါ့ကွယ်။ ခတ္တိယတွေရဲ့စကားဟာ မဟုတ်မမှန်တာ ရှိလို့လား။ တကယ့်ကို အချစ်သင်္ချိုင်းကြီး တည်ဆောက်ပေးမှာပါ"

ဟု သစ္စာသရက ပြောလိုက်လေ၏။

"ဒီ့ထက် ယုံအောင် ပြောပါဦး အမောင်ရယ်"

ဟု ပီယသလ္လကပြောလိုက်ရာ သစ္စာသရက. .



www.burmeseclassic.com

www.burmeseclassic.com



"အို . . တောစောင့်နတ်အပေါင်းတို့။ ကျွန်ုပ်ခတ္တိယ ယောက်ျားသစ္စာသရသည် ကျွန်ုပ်၏ချစ်သူ ပီယသလ္လ သေဆုံးသွားသည်ရှိသော် သချိုင်းကြီးတစ်ခုတည်ဆောက် ပေးပါမည်။ ထိုသချိုင်းကြီး၌လည်း ပီယသလ္လနှင့်အတူ မခွဲမခွာဘဲ နေထိုင်ပါမည်။ ထိုသို့မဟုတ်ဘဲ ပီယသလ္လ၏ သချိုင်းအားစွန့်ပစ်၍ အရပ်တစ်ပါးသို့ ပီယသလ္လ၏ ခွင့်ပြုချက်မရဘဲ ထွက်ခွာသွားခဲ့သည်ရှိသော် ကျွန်ုပ်၏ ရင်ဝ၌ လင်ကောင်မပေါ် သောသား၊ သို့တည်းမဟုတ် အမိအဖမရှိသောသူယုတ်၏လက်ချက်ဖြင့် လှံစူးဝင်ပါစေသား"

ဟု တိုင်တည်လိုက်လေ၏။

ထိုအခါ ပီယသလ္လက . .

"ယုံပါပြီအမောင်။ ပီယသလ္လက နဂိုကတည်းက ယုံချင်နေတာပါ"

ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ချစ်သူနှစ်ဦးသည် ရက်ပေါင်းများစွာ ကြည်နူးခဲ့ပြီးနောက် သစ္စာသရသည် ကောင်းစွာကျန်းမာ၍ ကောင်းစွာလမ်းလျှောက်နိုင်ပြီဖြစ်သောအခါ၌ စစ်မြေပြင်သို့ပြန်ခဲ့ရလေ၏။





ထိုသို့ပြန်ခါနီး၌မူ ပီယသလ္လသည် ချစ်သူနှင့်ခွဲခွာရမည်ဖြစ်၍ ဝမ်းနည်းကြေကွဲခြင်းဖြစ် ၏။ သို့ရာတွင် စစ်မျိုးစစ်နွယ်ဖြစ်သော ခတ္တိယသမီးပျိုဖြစ်ခြင်းကြောင့် မျက်ရည်မကျဘဲရှိလေ၏။

"အမောင် သွားပါ။ ဘယ်တော့မှ ပျက်စီးယိုယွင်းခြင်းမရှိတဲ့ ကာမံဆိုတဲ့ပန်းကလေးကို လက်ဆောင် ပေးလိုက်ပါရစေ။ ပီယသလ္လရဲ့ အမောင့်အပေါ်မှာ ချစ်တဲ့အချစ်ဟာလည်း အဲဒီ ကာမံဆိုတဲ့ပန်းကလေးလိုပါပဲ"

ဟု ပြောဆိုကာ ၎င်း၏ခေါင်းပေါ်တွင် ပန်၍ထားသော မြောက်မြားစွာသော ကာမံပန်းကလေးများအနက်မှ ပန်းကလေးတစ်ပွင့်ကို သစ္စာသရအားပေးလိုက်လေ၏။

သစ္စာသရသည် ပီယသလ္လပေးလိုက်သော ကာမံပန်းကလေးအား ဓားရိုးအတွင်း၌ ထွင်း၍ထည့်ကာ အဆောင်လက်ဖွဲ့ပမာ ဆောင်၍ စစ်မြေပြင်သို့ ပြန်ခဲ့လေ၏။ စစ်မြေပြင်သို့ရောက်သောအခါ၌ ၎င်းနှင့်တိုက်ဖော်တိုက်ဖက်သူငယ်ချင်းများသည် ၎င်းအားပြန်လည်တွေ့ရသောကြောင့် ပျော်ရွှင်ကြလေ၏။

"အို . . သစ္စာသရ။ သင်သည် ရန်သူ့လက်ချက်ဖြင့် ကျဆုံးခဲ့ပြီဟု ငါတို့အားလုံးက ထင်မှတ်ခဲ့ကြသည်။ ယခုမူ သင်သည် ကျဆုံးခြင်းမရှိဘဲ မိုးကောင်းကင်က နတ်သား



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးဆင်းလာသည့်ပမာ ငါတို့ထံသို့ ဖြုန်းခနဲရောက်ရှိလာ၏။ ငါတို့သည် ဝမ်းသာလှဘိ၏။ သင်သည် ဇါတို့၏ သူငယ်ချင်းကောင်းဖြစ်သကဲ့သို့ တိုက်ဖော်တိုက်ဖက်ကောင်းလည်း ဖြစ်ပေသည်။ သင့်အတွက် ငါတို့သည် ရန်သူကို လက်စားချေရန် သစ္စာအဓိဋ္ဌာန်ပြုထားကြ၏"

ဟု တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြောဆိုကြလေ၏။ ထိုအခါ သစ္စာသရကလည်း. .

"အို. . သူငယ်ချင်းအပေါင်းတို့။ သင်တို့ကလည်း ငါမသိပါဘဲလျက် ငါ့အတွက် သစ္စာပြုထားကြ၏။ ငါကလည်း သင်တို့မသိပါဘဲလျက် သင်တို့ကိုယ်စား ငါ၏ချစ်သူထံ၌ သစ္စာပြုခဲ့ပြီဖြစ်၏"

ဟု သစ္စာသရက ပြောလေ၏။

သစ္စာသရ၏စကား၌ 'ငါ၏ချစ်သူ' ဟူသော စကားလုံး ပါ၍လာခြင်းကြောင့် ၎င်း၏သူငယ်ချင်း စစ်သားများသည် ဝိုင်းဝန်း၍ မေးမြန်းကြလေ၏။ သစ္စာသရကလည်း 'ပီယသလ္လ'ဟူသည့် အချစ်များနှင့်တွေ့ပုံ၊ အချစ်များအား အကယ်၍ သေဆုံးသွားပါက အချစ်သင်္ချိုင်းကြီးတစ်ခုတည်ဆောက်ပေးပါမည်။ ထိုအချစ်သင်္ချိုင်းကြီး၌ ၎င်းနှင့်တကွ သူငယ်ချင်းများနှင့် သူငယ်ချင်းများ၏ ဇနီးသားမယားပါမကျန် နေထိုင်





ကြပါမည်ဟု သစ္စာပြုခဲ့ပုံ' များကို အသေးစိတ်နိုင်သမျှစိတ်၍ ပြောပြခဲ့လေတော့၏။

ထိုအခါ သစ္စာသရ၏သူငယ်ချင်း စစ်သားများကလည်း သစ္စာသရအား. .

"မှန်ပါတယ် သူငယ်ချင်း။ သင်ရဲ့ချစ်သူသေသွားရင် သင်က ချစ်သူအတွက် သင်္ချိုင်းကြီးတစ်ခုပြုလုပ်ပေးပါ။ အဲဒီအချစ်သင်္ချိုင်းကြီးမှာလည်း အသင်ကိုယ်တိုင်လည်းနေပါ။ သင်နှင့်တကွ ငါတို့လည်း အတူနေပါမည်ဟု ငါတို့သစ္စာပြုပါတယ်"

ဟု ဝိုင်းဝန်းသစ္စာပြုကြကုန်၏။

ထို့နောက်တွင်ကား ၎င်းတို့စစ်သည်တော်များသည် ကြောက်မက်ဖွယ်ရာကောင်းသော စစ်မြေပြင်၌ စစ်တိုက်ရင်းနေကြလေ၏။ သစ္စာသရကိုယ်တိုင်ပင် စစ်တိုက်နေရသောကြောင့် သူ၏အချစ်များကလေးအကြောင်းကို စဉ်းစားချိန်မရဘဲရှိနေ၏။ သို့တည်းမဟုတ် မေ့လျော့နေလေ၏။

တစ်နေ့သ၌ ဝေးလံသောအရပ်ဒေသမှ လူငယ်တစ်ဦးသည် သစ္စာသရတို့နေထိုင်ရာ စစ်စခန်းဆီသို့ ခြေလျင်ခရီးဖြင့် ရောက်ရှိလာလေ၏။ ထိုလူငယ်က သစ္စာသရအား တွေ့လိုကြောင်းပြော၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျန်သောစစ်သည်များက ထိုလုလင်ယ်နှင့် သစ္စာသရကို တွေ့ခွင့် ပြုလိုက်လေ၏။ သစ္စာသရသည် ထိုလုလင်ယ်ကို မြင်လျှင်မြင်ချင်း တစ်နေရာရာ၌ မြင်ဖူးသကဲ့သို့ ရှိလေ၏။ ထို့ကြောင့် သစ္စာသရက ထိုလုလင်ယ် အား. .

"သင့်ကို ကျွန်ုပ် တစ်နေရာရာမှာမြင်ဖူးသလိုလိုပဲ"

ဟု ပြောလိုက်ရာ ထိုလုလင်ယ်က. .

"ကျွန်ုပ်သည် လွန်စွာဝေးလံသောခရီးမှ သင့်ထံသို့ ရောက်အောင်လာခဲ့သည်။ သင်သည် ကျွန်ုပ်အား မြင်ဖူးသလိုပဲဟု ပြောရက်လေစွ။ သင်သည် သင်၏အသက်ကိုကယ်ခဲ့သော လှေသူကြီးကိုမေ့သွားပြီလော။ ကျွန်ုပ်သည် ထိုလှေသူကြီး၏တပည့်ဖြစ်သည်။ သင်သည် ထိုလှေသူကြီးနှင့် ကျွန်ုပ်အား မေ့လျော့ချင် မေ့လျော့ပါဦး။ သင်၏ချစ်သူ လှေသူကြီး၏သမီး ပီယသလ္လကို မေ့လျော့ဖို့တော့ မကောင်းပါ"

ဟု ပြောလိုက်ရာ သစ္စာသရသည် လွန်စွာတုန်လှုပ်၍သွားလေ၏။

"စိတ်မဆိုးပါနဲ့မိတ်ဆွေ။ ကျွန်ုပ်ဟာ သင့်ကိုလည်း မေ့ချင်မေ့နိုင်ပါတယ်။ သင့်ရဲ့ဆရာ လှေသူကြီးကိုလည်း မေ့ချင်





မေ့သွားနိုင်ပါတယ်။ ဒါပေမယ့် ပီယသလ္လဆိုတဲ့ **အချစ်**များကလေးကို ကျွန်ုပ်ဘယ်တော့မှ မမေ့နိုင်ပါ"

ဟု သစ္စာသရက ပြောလိုက်လေ၏။ ထိုအခါ လုလင်ယ်က. .

"ကျွန်ုပ်ဟာ ပီယသလ္လက စေလွှတ်လိုက်ခြင်းကြောင့် လာခဲ့ရခြင်းဖြစ်ပါတယ်။ ပီယသလ္လမှာ အန္တရာယ်တစ်ခု ကျရောက်နေပါပြီ။ သခင်တို့၊ ကျွန်ုပ်တို့ရဲ့အရှင်သ**ခင်မြစ်**တဲ့ နာလဆိုတဲ့ဘုရင်ကြီးဟာ ပီယသလ္လတို့နဲ့သိပ်**မဝေးတဲ့**တောအုပ်ထဲကို၊ တောကစား ထွက်လာခဲ့ပါ**တယ်။** အဲဒီအခါမှာ ပီယသလ္လကိုတွေ့မြင်သွားပြီး နာလဘု**ရင်ကြီး**ဟာ အလွန်ပဲစွဲလမ်းသွားပါတယ်။ ဒါကြောင့် ဆိမ်းပိုက်ဖို့လုပ်နေပါပြီ။ နာလဘုရင်ရဲ့တပ်ဟာ တောအုပ်ထဲမှာ စခန်းချနေပါတယ်။ ပီယသလ္လရဲ့အိမ်မှာလည်း ရာဇတံဆိပ်နဲ့ရာဇအလံများ စိုက်ထူထားပြီးပါပြီ။ ပီယသလ္လဟာ နာလဘုရင်ရဲ့ မင်းဘဏ္ဍာဖြစ်ဖို့ အချိန်ပိုင်းကိုရောက်နေပါပြီ။ ပီယသလ္လဟာ နာလဘုရင်ကို သူ့မှာချစ်သူရှိကြောင်း ရဲဝံ့စွာသံတော်ဦးတင်ခဲ့ပါတယ်။ ဒါပေမယ့် နာလဘုရင်ဟာ ပီယသလ္လရဲ့စကားကို အသိအမှတ်မပြုပါဘူး။ ပီယသလ္လဟာ အလွန်အင်မတန်စိတ်ဆင်းရဲနေပါတယ်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်ုပ်ကို တိတ်တဆိတ် သင့်ထံကို စေလွှတ်လိုက်ပါတယ်"

ဟု ပြောလိုက်လေ၏။

သစ္စာသရသည် တစ်စုံတစ်ခုသော အကြောင်းအရာကို အလေးအနက်စဉ်းစားနေလေ၏။ သစ္စာသရ၏သူငယ်ချင်းဆယ့်နှစ်ယောက်တို့သည် ဂျုပ်လုပ်ရှုပ်ရှုပ်ဖြစ်သွားကြလေ၏။

ထို့နောက် ဆယ့်နှစ်ယောက်သောသူငယ်ချင်းတို့က . .

"သစ္စာသရ . . ။ သင်ရဲ့ချစ်သူကို အမြန်ဆုံးသွားရောက်ကယ်တင်ပါ။ ငါတို့လည်း သင်နဲ့အတူလိုက်ပါမယ်။ သင်နဲ့အတူ တိုက်ပွဲဝင်ပါ့မယ်။ အခွင့်အရေးရရင် နာလဘုရင်ရဲ့လည်ချောင်းကို ငါတို့ဖောက်ပစ်မယ်"

ဟု ပြောဆိုကြလေ၏။

ထို့နောက် သစ္စာသရနှင့် သူ၏သူငယ်ချင်း စစ်သားဆယ့်နှစ်ယောက်၊ လာရောက်သတင်းပေးသူ လူငယ်ပါမကျန် တပ်စခန်းမှ တိတ်တဆိတ်ထွက်သွားကြပြီး သူတို့သည် သူတို့၏အထက်ထက်မှ တပ်မင်းတို့အား အသိမပေးဘဲ တပ်မှပျောက်သွားကြလေ၏။ မြင်းများကို ယူဆောင်သွားကြလေ၏။ လက်နက်နှင့် ရိက္ခာများကိုလည်း ရတတ်သမျှသယ်ယူသွားကြလေ၏။





သူတို့သည် ဝေးလံသောခရီးကို အပြင်းနှင်ကြလေ၏။ နောက်ဆုံးတွင် ခက်ခဲပင်ပန်းစွာနှင့် တောအုပ်ကလေးကြားမှ ဖြတ်၍စီးနေသော စမ်းချောင်းကလေးတစ်ခုသို့ ရောက်ရှိခဲ့လေ၏။ ထိုစမ်းချောင်းကလေးမှာ သစ္စာသရနှင့် ပီယသလ္လတို့ စတင်တွေ့ဆုံသော စမ်းချောင်းကလေးပင်ဖြစ်ပေသည်။

ထိုနေရာသို့အရောက်တွင် သတင်းလာပေးသောလူငယ်က သစ္စာသရတို့လူစုအား တောအုပ်အတွင်း၌ ပုန်းအောင်းနေပါ။ ၎င်းက ပီယသလ္လ၏အိမ်နှင့် ရပ်ရွာ၏အခြေအနေ၊ နာလဘုရင်၏ ကိုယ်ရံတော်တပ်၏အခြေအနေကို သွားရောက်ကြည့်ရှုပါမည်ဟု ပြောဆိုကာထွက်သွားလေ၏။

သစ္စာသရတို့လူစုသည် တောအုပ်အတွင်း၌ ပုန်းအောင်းနေကြလေ၏။ ချောင်းကလေး၏အခြားတစ်ဖက်တွင်ရှိသော တောအုပ်အတွင်း၌မူ နာလဘုရင်နှင့် ၎င်း၏ကိုယ်ရံတော်တပ်သည် စခန်းချနေလေ၏။

သစ္စာသရတို့လူစုသည် သတင်းထောက်လှမ်းရန်သွားသော လူငယ်အား ထက်သန်သောစိတ်များဖြင့် စောင့်မျှော်နေကြလေ၏။ အချိန်အတန်ကြာသောအခါ၌ ထိုလူငယ်သည် သစ္စာသရတို့ထံသို့ ပြန်၍ရောက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရောက်လာပြီးနောက် လူငယ်က သစ္စာသရတို့အား. .

"အို. . သူ့ရဲကောင်းမိတ်ဆွေ။ ပီယသလ္လဟာ အချိန်အနည်းငယ်အတွင်းမှာပဲ အင်မတန် အဆိပ်ပြင်းထန်တဲ့ ကာမံဆိုတဲ့ ပန်းပွင့်တွေကိုမျိုချပြီး သူ့ရဲ့အသက်ဇီဝိန်ကို လုပ်ကြံလိုက်ပါပြီ။ ဒီလိုမလုပ်ကြံရင်လည်း မဖြစ်တော့ပါဘူး။ နာလဘုရင်ဟာ သူ့ရဲ့အိမ်ကိုရောက်နေပါပြီ။ သူ့ကို မတရားအနိုင်ယူပြီး သားမယားအဖြစ်ကို ရောက်စေမယ့် အချိန်ပိုင်းဖြစ်ပါတယ်။ ပီယသလ္လရဲ့ဖခင်ဟာ နာလဘုရင်ကို လုပ်ကြံခဲ့ပါတယ်။ ဒါပေမယ့် နာလဘုရင်ရဲ့ ကိုယ်ရံတော်တပ်သားနှစ်ဦးက ပီယသလ္လရဲ့ဖခင် ကျွန်ုပ်ဆရာ လေ့သူကြီးကို ခေါင်းဖြတ်သတ်လိုက်ပါတယ်။ ယခုအခါမှာ ပီယသလ္လရဲ့အိမ်မှာ ဘုရင်ရဲ့စစ်သားလေးဦး စောင့်နေပါတယ်။ အိမ်ပေါ်မှာတော့ ပီလသလ္လရဲ့ပူပူနွေးနွေး အလောင်းပဲရှိပါတယ်။ ဟိုဘက်တောအုပ်ထဲမှာ နာလဘုရင်နဲ့တကွ သူ့ရဲ့ကိုယ်ရံတော်တပ်သား သုံးရာကျော်ရှိပါတယ်။ အဲဒါကို ချင့်ချိန်ပြီး သင်သူရဲကောင်းမိတ်ဆွေ တိုက်ပွဲဝင်ပါလော့။ သင်တို့နှင့်အတူ ကျွန်ုပ်လည်း ကျွန်ုပ်ဆရာအတွက်လည်းကောင်း၊ ကျွန်ုပ်ဆရာ၏သမီးအတွက်





သော်လည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်မြတ်နိုးသော တရားမျှတမှုအတွက်လည်းကောင်း တိုက်ပွဲဝင်ပေအံ့"

ဟု ပြောလိုက်လေ၏။

ထိုအခါတွင် သစ္စာသရ၏ရောင်းရင်းစစ်သည်များသည် နေရာမှဝုန်းခနဲထ၍. .

"သစ္စာသရ. . ။ သင့်ချစ်သူဟာသင့်အပေါ်မှာ သစ္စာရှိစွာ သေဆုံးသွားပြီ။ သင့်ရဲ့ကတိသစ္စာအတိုင်း အချစ်သင်္ချိုင်းကြီးတစ်ခု တည်ဆောက်ပါ။ အချစ်ဗိမာန်ကြီးတစ်ခု တည်ဆောက်ပါ။ အဲဒီအချစ်သင်္ချိုင်းကြီးမှာ သင်နှင့်တကွ ငါတို့အားလုံးနေထိုင်မယ်။ အခုပင် သင့်ချစ်သူ ပီယသလ္လရဲ့ အလောင်းကို တိုက်ပွဲဝင်၍ လုယူပါလော့။ နာလဘုရင်မှာ စစ်သားသုံးရာကျော်ဖြစ်စေ၊ သုံးထောင်ကျော်ဖြစ်စေ ရှိစမ်းပါစေ။ ငါတို့နိုင်အောင်တိုက်မယ်"

ဟု ပြောဆိုကြလေ၏။

သစ္စာသရလည်း ပြောင်လက်သောဓားကြီးကို ကိုင်မြှောက်လျက်. .

"အချစ်မြားအတွက်ရော၊ ငါရဲ့သစ္စာစကားအတွက်ပါ တိုက်ပွဲဝင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆို၍ ရှေ့မှတက်ကာ ချောင်းရိုးအတိုင်း စုန်ဆင်းခဲ့လေတော့၏။

ပိယသလ္လ၏အိမ်တွင်စောင့်နေသော စစ်သားလေးဦးအား ၎င်းတို့ဝင်ရောက်တိုက်ခိုက်၏။ ပိယသလ္လအလောင်းကို ထုတ်ယူကာ လှေပေါ်၌ တင်ပြီးလျှင် ကျန်သောလှေများပေါ်၌လည်း စီးနင်းကြကာ ချောင်းရိုးအတိုင်း စုန်ဆင်းခဲ့ကြလေ၏။

ပိယသလ္လအိမ်၌ တိုက်ပွဲဖြစ်ပွားသောကြောင့်. တောအုပ်အတွင်း၌ စခန်းချလျက်ရှိနေသော နာလဘုရင်၏ ကိုယ်ရံတော်တပ်သည် လှုပ်လှုပ်ရွရွဖြစ်ကာ စုပြုံ၍ချီတက်လေ၏။ နာလဘုရင့်ကိုယ်တိုင်ကလည်း. .

"ငါ၏အနားမှာ တစ်ယောက်မှမနေကြလင့်။ အားလုံးထွက်၍လိုက်ကြကုန်လော့"

ဟု ရာဇသံထုတ်ဆင့်လိုက်သည်ဖြစ်ရာ နာလဘုရင်အနီး၌ စစ်သားများသာမက အလွန် အချက်အပြုတ်ကောင်းသော စားတော်ကဲကြီးပင် စစ်သားများနှင့်အတူလိုက်ပါသွားပြီဖြစ်လေ၏။

ထိုအချိန်၌ အခွင့်အရေးကိုစောင့်နေသောလှေသူကြီး၏တပည့်လူငယ်သည် နာလဘုရင်အနီးသို့ချဉ်းကပ်ကာ နာလဘုရင်ကိုင်ဆောင်သော ကျောက်စီဓားကိုလုယူလျက်. .





"မြက်ပင်လောက်ပင် အသုံးမဝင်တဲ့ နာလဘုရင်။ သင်၏အသက်ရှင်ခြင်းသည် အမွှမ်မှုများအတွက် အသက်ရှင်ခြင်းဖြစ်၏။ သင့်ကိုယ်တွင်း၌ရှိသော သွေးများသည် တရားမျှတမှုနှင့် ဖီလာဖြစ်၏။ ထိုသွေးတို့သည် သင့်အား အမွှမ်မှုများကိုလုံ့ဆော်၏။ ထို့ကြောင့် သင်၏လည်ချောင်းသွေးများသည် ငါ၏ခြေထောက်ကို ဆေးကြောရုံမှအပ အခြားပြုလုပ်ဖွယ်ရာမထိုက်ပေ"

ဟုဆိုကာ နာလဘုရင်၏လည်ချောင်းအား ကျောက်စီဓားဖြင့် ဖောက်၍ပစ်လိုက်လေ၏။

ပန်း၍ထွက်လာသော သွေးများကိုမူ လူငယ်သည် ခြေထောက်ကို ဆေးကြောပစ်လိုက်လေ၏။ ပြီးလျှင် နာလဘုရင်၏အနီးအပါး၌ရှိသော ရွှေငွေတို့ကိုလည်းကောင်း၊ နာလဘုရင်ဝတ်ဆင်ထားသော ရတနာပစ္စည်းများတို့ကိုလည်းကောင်း ဖြုတ်ယူလိုက်လေ၏။ ထို့နောက် သစ္စာသရုတ်လူစု မည်သည့်အရပ်ဒေသလောက်ရောက်လောက်ပြီကို ကောင်းစွာခန့်မှန်းနိုင်သော လူငယ်သည် တောင်တစ်လုံးကိုဖြတ်ကျော်၍နှင့်ပင် သစ္စာသရုတ်လူစုနှင့် ပြန်လည်ပေါင်းမိသွားလေ၏။

ထိုလူငယ်သည် ထိုအရပ်ဒေသသားတစ်ဦးဖြစ်သည့်အားလျော်



www.burmeseclassic.com

www.burmeseclassic.com



စွာ လမ်းခရီးကိုကျွမ်းကျင်လေ၏။ နာလဘုရင်၏တပ်သားများ မည်သည့်လမ်းမှလိုက်မည်ကိုလည်း ကောင်းစွာခန့်မှန်းနိုင်၏။

နောက်မှလိုက်လာသော နာလဘုရင်၏တပ်သားများ မရောက်မပေါက်နိုင်သောလမ်းများမှ သစ္စာသရတို့အားသွားစေ၏။ ကျောက်တောင်နှစ်ခုအကြားသို့ရောက်လျှင် ၎င်းတို့သည် စခန်းချကြလေ၏။

သစ္စာသရသည် သူ၏ချစ်သူ ပီယသလ္လအား သဘာဝအတိုင်းဖြစ်နေသော ကျောက်သလွန်ထက်၌ တင်ထားလိုက်ပြီးလျှင် အနီးရှိ တောပန်းများကိုခူး၍ ပီယသလ္လကိုယ်ပေါ်၌ လာရောက်တင်ထားပေးလေ၏။

သစ္စာသရ၏သူငယ်ချင်းစစ်သားများကလည်း တောပန်းများကိုခူး၍ ပီယသလ္လ၏ကိုယ်ပေါ်၌ လာရောက်တင်ကြလေ၏။

ထိုအခါတွင် လှေသူကြီး၏တပည့် လူငယ်က နာလဘုရင်ထံမှ ယူဆောင်ခဲ့သော ရွှေငွေကျောက်သံပတ္တမြားလက်ဝတ်လက်စားတို့ကို သစ္စာသရလက်သို့အပ်နှံ၍. .

"၎င်းပစ္စည်းများသည် နာလဘုရင်အား ကျွန်ုပ်ကိုယ်တိုင်သတ်ဖြတ်၍ ယူဆောင်ခဲ့သောပစ္စည်းများဖြစ်ပါတယ်။ ပီယသလ္လအတွက် အချစ်သင်္ချိုင်းကြီး တည်ဆောက်တဲ့အခါမှာ အသုံးပြုဖို့ ကျွန်ုပ်က ပေးအပ်ပါတယ်"





ဟု ပြောလိုက်လေ၏။

သစ္စာသရသည် ထိုလူငယ်ပေးအပ်သော ကျောက်မျက်ရတနာရွှေငွေတို့ကိုလက်ခံရင်း ထိုလူငယ်အား. .

"ဒီမှာမိတ်ဆွေ။ ပီယသလ္လရဲ့ကိုယ်ဟာ အခုအချိန်ထိ အေးစက်ခြင်းမရှိဘူး။ ပူနွေးနေတုန်းပဲ။ သူဟာ သေတာမှ ဟုတ်ရဲ့လား"

ဟု မေးလိုက်လေ၏။

"အမှန်တကယ်သေတာပါမိတ်ဆွေ။ ကျွန်ုပ်တစ်ခုပြောပြပါရစေ။ ကျွန်ုပ်ရဲ့အဘိုးဟာ မဟာဘိသက္ကဆေးဆရာတစ်ဦးဖြစ်ပါတယ်။ သူက ကျွန်ုပ်ကို တစ်ခါကပြောဖူးပါတယ်။ သေပြီးပြီးချင်းလူရဲ့ပါးစပ်ထဲကို ကာမံဆိုတဲ့ပန်းတွေထည့်ပေးလိုက်ရင် အဲဒီလူရဲ့ ဥဿာကိုယ်ငွေ့ဟာ တစ်နှစ်တိတိမပျောက်ဘဲ ရှိနေတတ်ပါတယ်တဲ့။ အဲဒါကြောင့် မပုပ်မသိုးဘဲနေပါလိမ့်မယ်တဲ့။ အဲဒီတစ်နှစ်အတွင်းမှာ အဲဒီရုပ်အလောင်းကို အပလေမတိုက်အောင် လုံခြုံတဲ့ ဘူးကြီးတစ်ခုအတွင်းမှာ သွတ်သွင်းလိုက်မယ်ဆိုရင်တော့ အဲဒီဘူးကြီး မပျက်စီးသရွေ့ ရုပ်အလောင်းဟာ ဘယ်တော့မှ ပုပ်သိုးဆွေးမြည့်ခြင်း မရှိပါဘူးတဲ့။ ဒါကြောင့် ပီယ



www.burmeseclassic.com

www.burmeseclassic.com



သလ္လရဲ့ရုပ်အလောင်းကို လုံခြုံတဲ့ဘူးတောင်းကြီးတစ်ခု
အတွင်းမှာ သွတ်သွင်းဖို့လိုပါတယ်"

ဟု လူငယ်က ပြောပြလေတော့၏။

ထို့ကြောင့် သစ္စာသရတို့လူစုသည် သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲကာ ဓားများဖြင့်ထွင်းကြ၍ ပိယသလ္လ၏ရုပ်အလောင်းကို သစ်ခေါင်းကြီးအတွင်း၌ ထည့်ကြလေ၏။

ထို့နောက် ကြီးမားသောသစ်သားဘူးဆို့ကြီးဖြင့် ပိတ်ဆို့ကြလေ၏။ နာလဘုရင်၏ စစ်သားများမှာမူ သစ္စာသရတို့လူစု ပုန်းအောင်းနေသောနေရာကို ကျော်လွန်၍ ဝေးလံသောအရပ်ဒေသဆီသို့ ဆက်လက်၍ ချီတက်သွားကြလေတော့၏။

လှေသူကြီးတပည့် လူငယ်ကမူ -

"အသင်သစ္စာသရ။ သင်၏ချစ်သူအတွက် အချစ်သင်္ချိုင်းကြီးကို မည်သည့်အရပ်ဒေသမှာတည်ဆောက်ဖို့ စဉ်းစားထားပါသလဲ"

ဟု မေးပြန်၏။

"ကျွန်ုပ် မပြောတတ်အောင်ပါပဲ။ မပြောတတ်အောင်ရှိပါတယ်။ အကြံကောင်းများရှိရင် ကျွန်ုပ်ကိုပေးပါ"





ဟု ပြောလိုက်လေ၏။

"သင်ဟာ ဒီအရပ်ဒေသမှာ အချစ်သင်္ချိုင်းကြီးတည်ဆောက်ရင်တော့ သင့်ရဲ့အချစ်သင်္ချိုင်း၊ အချစ်ဗိမာန်ကြီးကို နာလဘုရင်ရဲ့လူတွေက ဖျက်ဆီးပစ်ကြလိမ့်မယ်။ အကောင်းဆုံးအကြံပေးချင်တာကတော့ဟော ဒီချောင်းကနေပြီး မြစ်ထဲကို မျှောသွားမယ်။ မျှောသွားတဲ့အခါမှာလည်း တိတ်ဆိတ်မှောင်မိုက်တဲ့ ညအခါတွေမှာ မျှောသွားမယ်။ အဲဒီချောင်းဟာ ဖြုဟ္မပုတြမြစ်နဲ့ ဆက်သွယ်နေတဲ့ချောင်းဖြစ်တယ်။ အဲဒီတော့ ကျွန်ုပ်တို့ဟာ ဖြုဟ္မပုတြမြစ်ထဲကို ရောက်သွားမယ်။ အဲဒီမြစ်ကနေပြီး အခြားမြစ်တစ်ခုကိုကူး၍ဖြစ်စေ၊ ကုန်းလမ်းခရီးကဖြစ်စေ ပင်လယ်သမုဒ္ဒရာကို သွားရမယ်။ ပင်လယ်စပ်ကို ရောက်တဲ့အခါမှာ ဖောင်တွေဖွဲ့ပြီး ပင်လယ်သမုဒ္ဒရာအဟွင်းကို သွားကြမယ်။ ပင်လယ်သမုဒ္ဒရာတွင်းက လူသူအရောက်အပေါက်နည်းတဲ့ ကျွန်းတစ်ကျွန်းကို ရှာဖွေရမယ်။ အဲဒီကျွန်းမှာ သင့်ချစ်သူပိယသလ္လအတွက် အချစ်သင်္ချိုင်းကြီး တည်ဆောက်ရမယ်။ ဒါပေမယ့် သင်တို့ ကျွန်ုပ်တို့ချည်း သွားလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး။ အချစ်သချိုင်းကြီးကို ဆက်လက်ထိန်းသိမ်းဖို့ မျိုးဆက်လိုတယ်။ ဒါကြောင့် သင်တို့မှာ ချစ်သူဇနီးမယား ရှိရင် သူတို့ကိုပါ ခေါ်သွားရမယ်။ မရှိရင်လည်း မိန်းမတွေ ကို ဖမ်းသွားရမယ်။ ပြီးတော့ စိုက်ပျိုးတတ်သူတွေ၊ အဝတ် အထည်ရက်လုပ်တတ်သူတွေ၊ ဗိသုကာအတတ်ကို တတ် ကျွမ်းတဲ့လူတွေ၊ ပန်းထိမ်အတတ်၊ ပန်းပုအတတ်ကို တတ် ကျွမ်းတဲ့သူတွေကိုပါ စနစ်တကျ ဖမ်းပြီးသွားရမယ်။ ကျွန်ုပ် ပြောတဲ့အတိုင်း မလုပ်ဘူးဆိုရင် သင်တည်ဆောက်ချင်တဲ့ သင့်ချစ်သူရဲ့အချစ်သချိုင်း၊ အချစ်ဗိမာန်ကြီး မဖြစ်နိုင် ဘူး"

ဟု လူငယ်က ပြောဆိုလေ၏။

ထို့ကြောင့် သစ္စာသရ၏လူများသည် လူငယ်ပြောသည့်အတိုင်း တစ်သဝေမတိမ်းပြုလုပ်မည်ဟု ပြောဆိုကာ ၎င်းတို့၏ချစ်သူများ၊ ဇနီး မယားများကိုသာမက ခယ်မများ၊ ယောက်ဖများကိုပါ နာလဘုရင်၏ မိုက်မဲယုတ်မာပုံကိုပြောပြ၍ ၎င်းတို့ပုန်းအောင်းရာ ကျောက်တောင် ကြားသို့ခေါ် ဆောင်ခဲ့ကြလေ၏။

ပန်းထိမ်ဆရာ၊ ပန်းပုဆရာများ၊ ယက်ကန်းသည်များ၊ ဗိသုကာ





ဆရာများကိုလည်း ၎င်းတို့သည် တိတ်တဆိတ်ဖမ်းဆီး၍ ၎င်းတို့၏ လျှို့ဝှက်ရာ တောင်ကြား၌ ခေါ်ထားကြလေ၏။

ထိုအချိန်အတွင်း၌လည်း ၎င်းတို့သည် နာလဘုရင်၏ ဘဏ္ဍာ တိုက်များကို ဖောက်ထွင်း၍လည်းကောင်း၊ မတရားချမ်းသာသူများ၏ အိမ်ကို ဖောက်ထွင်း၍လည်းကောင်း၊ ရွှေငွေကျောက်သံပတ္တမြားတို့ ခိုးယူခြင်း၊ လုယူခြင်းများ ပြုလုပ်ခဲ့ကြပြီးလျှင် လှေသူကြီး၏လူငယ် ပြောသည့်အတိုင်း လျှို့ဝှက်သောတောင်ကြားမှထွက်ကာ ညအခါများ တွင် ပြုပြင်ထားသော သစ်ဖောင်များကိုအသုံးပြု၍ တရွေ့ရွေ့ခရီးနှင်ခဲ့ကြ လေ၏။

ထို့နောက်တွင်ကား တောလမ်းခရီးကို အသုံးပြု၍လည်း ကောင်း၊ တောင်ကြားများကို အသုံးပြု၍လည်းကောင်း တောင်ဘက် စူးစူးရှိပင်လယ်ကမ်းစပ်ဆီသို့ တရွေ့ရွေ့ခရီးနှင်ခဲ့ကြလေ၏။

ပင်လယ်ကမ်းစပ်သို့ရောက်သောအခါ၌မူ သစ်ဖောင်များပြု လုပ်၍ သစ်ဖောင်များ၌ ပိုက်များကိုတပ်ဆင်ကာ မဟာသမုဒ္ဒရာကို ခက်ခဲပင်ပန်းစွာဖြတ်ကြလေတော့၏။

ထို့နောက် ၎င်းတို့သည် လူသူအရောက်အပေါက်နည်းသော ကျွန်းတစ်ကျွန်းကို ကံအားလျော်စွာ တွေ့ရှိကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျွန်းသို့ရောက်သောအခါ၌ ဗိသုကာဆရာများနှင့် တိုင်ပင်ကာ ပီယသလ္လ၏အချစ်သချိုင်းကြီးကို တည်ဆောက်ကြလေတော့၏။

ကျောက်တံခါးများ အထပ်ထပ်ပြုလုပ်ကြ၏။ ကျောက်လှေကားများ အဆင့်ဆင့်ပြုလုပ်ကြ၏။ ကျောက်မောင်းများ ဆင်ကြ၏။

ထိုသို့ပြုလုပ်နေစဉ်အတွင်း၌ပင် လေမုန်တိုင်းဒဏ်ကြောင့် သေဆုံးသွားသော ငါးကြီးတစ်ကောင်သည် ၎င်းကျွန်းကြီး၏အပေါ်သို့ လာရောက်၍တင်လေ၏။

ထိုအခါ ပန်းပုဆရာနှင့် ပန်းထိမ်ဆရာ တို့သည် ထိုငါးကြီး၏ အကြေးခွံများကို အပလေမတင်အောင် စေ့စပ်သေချာလှသော ခေါင်းကြီးတစ်လုံးလုပ်လေ၏။

ထိုခေါင်းကြီး လုပ်နေစဉ်၌ပင် လှေသူကြီး၏တပည့် သူငယ်သည် ပီယသလ္လ၏အချစ်သချိုင်း ဖြစ်ပေါ်လာပုံအကြောင်းအရာတို့ကို ပန်းထိမ်ဆရာနှင့်တိုင်ပင်ကာ မိုးကြိုးပုရပိုက်များပေါ်၌ ကမ္ပည်းစာတန်းများ ရေးထွင်းကြလေတော့၏။

ပြီးလျှင် ကမ္ပည်းစာတန်းများထည့်ရန် ရွှေသေတ္တာတစ်လုံးကို ပန်းထိမ်ဆရာက ပြုလုပ်ပေးလေ၏။ ရွှေသေတ္တာမှာလည်း ရွှေအလေးချိန် ကိုးပိဿာတိတိရှိ၏။





ထို့နောက် ကမ္ပည်းစာတန်းမိုးကြိုးပုရပိုက်ပြားများကို ထိုရွှေသေတ္တာအတွင်းသို့ ထည့်လေ၏။ ပြီးလျှင် သစ်ခေါင်းကြီးအတွင်း၌ သစ်သားဘူးဆို့ကြီးဖြင့်ပိတ်၍ ယူလာသော ပီယသလ္လ၏ရုပ်အလောင်းကို ထုတ်ကြလေ၏။

သစ္စာသရသည် သူ့ချစ်သူအလောင်းကို နောက်ဆုံးကိုင်တွယ်ခြင်းအနေနှင့် ကိုယ်တွယ်လေ၏။ နောက်ဆုံးနမ်းရှုပ်ခြင်းအနေဖြင့် နမ်းရှုပ်လေ၏။

ထို့နောက် ငါးအကြေးခွံဖြင့် ပြုလုပ်ထားသော ခေါင်းကြီးအတွင်းသို့ ချစ်သူ၏အလောင်းကို ကိုယ်တိုင်ပွေ့၍ထည့်ကာ ပန်းထိမ်ဆရာအား ခေါင်းအဖုံးကိုအသေပိတ်ခိုင်းလိုက်လေတော့၏။

ထို့နောက်တွင်ကား ထိုကျွန်းပေါ်ရှိလှိုဏ်ကြီးအတွင်း၌တွင် ခမ်းနားစွာတည်ဆောက်ထားသော သစ္စာသရ၏ချစ်သူသချိုင်း၌ ပီယသလ္လ၏အလောင်းကို ထားလိုက်လေတော့၏။

ပြီးလျှင်ကား ပီယသလ္လ၏ချစ်သူ သစ္စာသရအပါအဝင် သစ္စာသရ၏သူငယ်ချင်း စစ်သားဆယ့်နှစ်ဦးနှင့်တကွ လှေသူကြီး၏တပည့်လူငယ်အပါအဝင် သစ္စာသရ၏ သူငယ်ချင်းစစ်သားများ၏ ဇနီးမယားများ၊ ချစ်သူများ၊ ခယ်မများ၊ ယောက်ဖများ၊ ဖမ်းဆီး၍ ပါလာရသော



www.burmeseclassic.com

www.burmeseclassic.com



ယက်ယန်းတတ်သူများ၊ ပန်းထိမ်တတ်သူများ၊ ပန်းပုတတ်သူများနှင့် ဗိသုကာများသည် ပီယသလ္လ၏ခေါင်းအရှေ့၌ သေတစ်ပန်သက်တစ်ဆုံး နေထိုင်သွားမည်ဖြစ်ကြောင်း သန္ဓာပြုကြလေတော့သတည်း။

ဤကမ္ဘည်းစာတန်းရေးထိုးသူ
ပဏ္ဍိတသိဟ
လေ့သူကြီး၏တပည့်လူငယ်
မိုးကြိုးကမ္ဘည်းပြားများ
ထွင်းထုပေးသူ
ပန်းထိန်ဆရာ (မောက်ခီ)

❖ ❖ ❖



# မဥ္ဇူသာကို အပ်နှံလိုက်ပြီ

ကျွန်ုပ်နှင့် ကျွန်ုပ်၏သမီးကလေးမဥ္ဇူသာတို့သည် မောင်ကောင်းတုံ့ဘာသာပြန်ဆိုပေးခဲ့သော ကြေးပုရပိုက်ပြားများ၏ ဘာသာပြန်စာအုပ်ကြီးကို ဖတ်ရှုခဲ့ရလေ၏။ မဥ္ဇူသာ၏ဖခင်အရင်းဖြစ်သော မောင်ဘိုးတူတွေ့ရှိခဲ့သည်ဆိုသည့် ငါးအကြေးခွံဖြင့်ပြုလုပ်ထားသည်ဆိုသော ခေါင်းအတွင်းမှ မပုပ်မသိုးတဲ့ အနှစ်တစ်ထောင်ကျော်တိုင်အောင်ရှိခဲ့သည့် မင်းသမီးလေးမှာ 'ပီယသလ္လ' ဆိုသည့်မင်းသမီးလေးတစ်ဦးဖြစ်ကြောင်း ကျွန်ုပ်တို့သိရပေ၏။

မောင်ဘိုးတူ၏မှတ်တမ်းအရဆိုလျှင် မဥ္ဇူသာမှာ ထိုမင်းသမီးလေးဝင်စားသူဟု ယူဆရန်သာ ရှိပေတော့၏။ ထို့ပြင် ဆေးရုံပေါ်၌ ပျောက်ဆုံးသွားသော ကျွန်ုပ်၏သားကလေးမှာလည်း မောင်ဘိုးတူနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ကျွန်း၌နေထိုင်ခဲ့ရသည့် ပညာရှိကလေးဆိုသူ ဝင်ဖားသည်ဟု ဆိုနိုင်ပေ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏မိန်းမသည် ကလေးတစ်ယောက် ရင်ဘတ်၌ သွေးများယိုစီမ့်လျက် ကျွန်ုပ်တို့နှင့်အတူ နေထိုင်ရန်လာသည်ဟု အိပ်မက်မက်ခဲ့ပြီးနောက် ကိုယ်ဝန်ရရှိလာသောကြောင့် ဖြစ်ပေ၏။

ထို့ပြင် ထိုအိပ်မက်မှာလည်း ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီး ထားဝယ်သို့သွားစဉ် မြင်မက်ခဲ့သောကြောင့် မဥ္ဇူသာ၏မိခင်က မဥ္ဇူသာကိုယ်ဝန်ရရှိရန်အတွက် အိပ်မက်မြင်မက်ခဲ့သောအချိန်ကာလနှင့် နေရာဒေသမှာလည်း တူညီနေပေ၏။

ကျွန်ုပ်သည် ထိုအကြောင်းကို မဥ္ဇူသာအားပြောပြရာ မဥ္ဇူသာက. .

"သမီးဟာ ကျွန်းပေါ်က အနှစ်တစ်ထောင်မပုပ်မသိုးဘဲ နေခဲ့တဲ့ မင်းသမီးကလေး ပီယသလ္လ ဝင်စားတယ်၊ မဝင်စားဘူးဆိုတာက အကြောင်းမဟုတ်ပါဘူးဖေဖေရယ်။ ဒါပေမယ့် သမီးရဲ့အဖေအရင်းဖြစ်တဲ့ မှာတမ်းမှာက ဒီသေတ္တာလေးကို သူ့နေရာသူ ပြန်ပြီးပို့ပေးရမယ်လို့ ဆိုထားတယ်မဟုတ်လား။ အဲဒီလိုမပို့ပေးခဲ့ရင် သမီးရဲ့အဖေဟာ





[illegible]မလွတ်ဘဲ အစိမ်းသရဲ ဖုတ်ပြိတ္တာဘဝနဲ့ နေရပါ[illegible]ရေးထားတဲ့စာကိုလည်း သမီးတို့ ဖတ်ခဲ့ရပြီမဟုတ်[illegible]တော့ ဘာပဲဖြစ်ဖြစ် ဒီသေတ္တာကလေးကို သူ့နေရာ[illegible]အောင် ပြန်ပြီးပို့ချင်တာပဲ"

ဟု မဥ္ဇူသာကပြောလေ[illegible] ကျွန်ုပ်က. .

"ဒီကိစ္စမှာ ဖေဖေလည်း[illegible] အသက်က ကြီးနေပြီ ပြီးတော့ သမီးလည်း ဆောင်[illegible]နိုင်မှာမဟုတ်ဘူး။ အဲဒီတော့ မောင်ကောင်းတုံကို အကူအညီတောင်းရင် ဖြစ်နိုင်ဖွယ်ရှိမလား မဆိုနိုင်ဘူး"

ဟု ကျွန်ုပ်ကပြောလိုက်လေရာ မဥ္ဇူသာက. .

"သမီးလည်း အဲဒီလိုပဲ စဉ်းစားမိတယ်။ သမုဒ္ဒရာထဲက အမည်မသိတဲ့ကျွန်းတစ်ကျွန်းကို စွန့်စားသွားလာဖို့ တို့ဟာ တော်ရုံယောက်ျားမျိုး မဖြစ်နိုင်ဘူးဖေဖေ။ ကိုတောင်းတုံကတော့ ဉာဏ်ပညာလည်းရှိတယ်၊ ရဲလည်းရဲရင့်တယ်။ သူ့ဘစ်ပါးရဲ့အကျိုးကို ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက်ချထားတဲ့လူတစ်ယောက်လည်းဖြစ်တယ်။ သူလုပ်ပေးရင်တော့ ဖြစ်နိုင်ပါတယ်"

ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုခိုင်းတာတော့ ဟုတ်ပါပြီ သမီးရယ်။ [illegible]သက်စွန့်ပြီးလုပ်ရတဲ့ကိစ္စမျိုးကို ဆော[illegible] အတွက် ထိုက်ထိုက်တန်တန်ချီးမြှင့်[illegible]ခယ်ကွယ့် သမီးရဲ့။ အဲဒီဝစ္စည်းကိုပို[illegible]အခါမှာ ဖေဖေတို့က ဘယ်လိုဆုလာ[illegible]င်ကောင်းတုံကိုချီးမြှင့်ရမယ်ဆိုတာ[illegible]ဆုံးပဲ သမီးရဲ့"

ဟု ပြောလို[illegible]လေ၏။ ထိုအချိန်၌. .

"ဘယ်လိုအဖိုးအခမျိုးကိုမှ ချီးမြှင့်စရာမလိုပါဘူးဦးရာ။ ကျွန်တော်က စွန့်စားမှုဆိုတဲ့ အရင်းအနှီးကို လိုက်ရှာနေတဲ့သူပါ။ သူတစ်ပါးအတွက် ကိုယ့်ဘဝကို စတေးရတာဟာ ကျွန်တော့်အတွက်တော့ လောကကြီးကပေးထားတဲ့ ထိုက်ထိုက်တန်တန်ဆုလာဘ်ကြီးပါပဲ"

ဟူသော မောင်ကောင်းတုံ၏ ပြောလိုက်သောစကားကို ကြားလိုက်ရလေရာ ကျွန်ုပ်နှင့် ကျွန်ုပ်၏သမီးကလေး မဥ္ဇူသာတို့သည်[illegible]ခန်းတံခါးဝ၌ရပ်နေသော မောင်ကောင်းတုံအား အံ့ဩခြင်း၊ ဝမ်း[illegible]ခြင်း၊ အားကိုးခြင်းတည်းဟူသော အကြည့်များဖြင့် ကြည့်မိကြလေ[illegible]၏။

ထို့နောက် ကျွန်ုပ်က. .

"မောင်ကောင်းတုံ. . မောင်ရင်ကတော့ ဦး[illegible]အဖ





နှစ်ယောက် အခက်အခဲတွေ့တဲ့အချိန်မှာ ရောက်ရောက်လာတတ်တဲ့ လူစွမ်းကောင်းကြီးပါပဲကွယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏သမီးကလေး မဥ္ဇူသာကလည်း. .

"တကယ်ပါပဲ ကိုကောင်းတုံရယ်။ ဖေဖေပြောသလို မဥ္ဇူသာတို့သားအဖနှစ်ယောက် အကျပ်အတည်းတွေ့ရင် ကိုကောင်းတုံရောက်ရောက်လာတတ်တာယ်နော်။ တကယ်ပါပဲ ကိုကောင်းတုံရယ်။ မဥ္ဇူသာအတွက်ကတော့ ကိုကောင်းတုံဟာ ရောမပုံပြင်တွေထဲက လူစွမ်းကောင်းကြီးပါပဲ"

ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က သေတ္တာနီလေးကိုယူ၍ မောင်ကောင်းတုံ၏လက်ထဲသို့ အပ်လိုက်လေ၏။ မောင်ကောင်းတုံသည် သေတ္တာနီလေးအား မောင်းချမားဖြင့် အနည်းငယ်ခြစ်ကြည့်ရာ ထူထဲသောဆေးနီများအောက်တွင် ဝင်းဝါသော ရွှေရောင်ကို တွေ့ရလေ၏။

မောင်ကောင်းတုံသည် သေတ္တာအတွင်းမှ မိုးကြိုးပုရပိုက်ပြားများ၊ ရွှေးဟောင်းရတနာပစ္စည်းများနှင့် မောင်ဘိုးတူ၏မှတ်တမ်းများသို့ ထုတ်ကာ သေတ္တာနီကလေးအား အလွတ်ချိန်ကြည့်ရာ ကိုးပိဿာတိတိရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေ့ရလေ၏။

ထို့နောက် လက်ဝတ်လက်စားရတနာများကိုချိန်တွယ်၍ ကျောက်အမျိုးအစား၊ အလုံးအရေအတွက်နှင့်တကွ ချိန်တွယ်၍ မဥ္ဇူသာ၏လက်သို့ ပစ္စည်းစာရင်းကိုအပ်လိုက်လေ၏။ ပြီးလျှင် မောင်ကောင်းတုံသည် သေတ္တာနီကလေးအတွင်းသို့ ပစ္စည်းများကိုပြန်ထည့်၍ သော့ပိတ်ကာ ထိုသေတ္တာနီကလေးကို သားရေပြားများဝယ်၍ သားရေသေတ္တာပုံသဏ္ဌာန်ဖြစ်စေရန်အတွက် သားရေပြားများဖြင့် ကပ်၍ချုပ်လေ၏။

ထိုသို့ချုပ်လုပ်သောလုပ်ငန်းသည်ပင်လျှင် နှစ်ရက်ခန့်အချိန်ကြာလေ၏။

ထိုသို့ချုပ်လုပ်ပြီးနောက် မောင်ကောင်းတုံသည် ခရီးထွက်ခြင်းမပြုသေးဘဲ ကျွန်ုပ်တို့၏အိမ်၌ 'နှစ်ဆယ့်ခုနစ်ရက်' တိတိ တည်းခိုနေထိုင်လေ၏။ ထိုသို့တည်းခိုနေစဉ်ရက်အတွင်း၌ ၎င်းသည် အန္တရာယ်များသောခရီးသို့သွားရန်အတွက် တစ်စုံတစ်ခုကို အကွက်ကျကျပြင်ဆင်နေသည်ဟု ကျွန်ုပ်ရော မဥ္ဇူသာပါ နားလည်ပေသည်။

မောင်ကောင်းတုံသည် တစ်ခါတစ်ရံ၌ နံနက်စောစောကပင် အိမ်ကထွက်သွားပြီး အတော်ကြီးမိုးချုပ်မှ ပြန်လာတတ်၏။ တစ်ခါတစ်ရံ၌မူ ကျွန်ုပ်တို့အိမ်သို့ နှစ်ရက်၊ သုံးရက် ပြန်မလာဘဲ ရှိလေ၏၊ တစ်ခါတစ်ရံ၌လည်း တစ်နေ့လုံးအိမ်၌နေပြီးလျှင် ညမိုးချုပ်သည့်အခါမှ





အိမ်မှထွက်ကာ တစ်ညလုံးပြန်မလာတော့ဘဲ နံနက်မိုးထိန်ထိန်လင်းမှပင် ပြန်လည်၍ရောက်ရှိလေ၏။

ကျွန်ုပ်နှင့် မဥ္ဇူသာသည် မောင်ကောင်းတုံ ဤသို့ပြုမူနေသည့်အတွက် မေးမြန်းခြင်းလည်း မပြုခဲ့ပါ။ ၎င်းသည် အန္တရာယ်များသောခရီးကိုသွားရမည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေသည်ဟုသာ ကျွန်ုပ်တို့ သဘောထားကြပါသည်။

ဤသို့နှင့်ပင် မောင်ကောင်းတုံသည် ကျွန်ုပ်တို့ကိုယ်စားစွန့်စားပါမည်ဟု ကတိပေးခဲ့သောရက်မှ ရေတွက်လျှင် နှစ်ဆယ့်ခုနစ်ရက် တင်းတင်းပြည့်သောရက်သို့ ရောက်ရှိလာလေ၏။ ထိုညနေပိုင်းတွင် မောင်ကောင်းတုံသည် လေကလေးတချွန်ချွန်နှင့် အိမ်သို့ရောက်ရှိလာ၏။ ပြီးလျှင် ကျွန်ုပ်နှင့် မဥ္ဇူသာအား ပြုံးရယ်၍နှုတ်ဆက်လေ၏။

"နက်ဖြန် ကျွန်တော်ခရီးထွက်မယ်ဦး။ ဒီခရီးဟာ ကျွန်တော်စဉ်းစားမိသလောက်ပြောရရင် အသက်အန္တရာယ်အင်မတန်နီးပါတယ်။ ဒါပေမယ့် ဒီသေတ္တာကလေးကိုတော့ မရောက် ရောက်တဲ့နည်းနဲ့ ပို့ပေးပါ့မယ်။ ဒီသေတ္တာကလေး သူ့နေရာသူပြန်ရောက်သွားပြီလို့ ဦးရော၊ မဥ္ဇူသာပါ စိတ်ချလက်ချနေကြပေတော့။ ကျွန်တော်လည်းတော့ ဦးကိုရော၊ မဥ္ဇူသာကိုပါ တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မောင်ကောင်းတုံက ပြောလေ၏။

နောက်တစ်နေ့နံနက်သို့ရောက်သောအခါ၌ မောင်ကောင်းတုံသည် ဝေလီဝေလင်းအချိန်၌ ကျွန်ုပ်တို့၏အိမ်မှထွက်လေ၏။ ထိုနေ့မှာ စနေနေ့ဖြစ်ပေသည်။ ကျွန်ုပ်နှင့် မဥ္ဇူသာသည် မောင်ကောင်းတုံအား ခြံဝအထိလိုက်လံပို့ဆောင်၍ နှုတ်ဆက်ကြလေ၏။ မောင်ကောင်းတုံသည် သားရေသေတ္တာဟန်ဆောင်ထားသော သေတ္တာနီကလေးကို လက်မှဆွဲလျက် အိမ်မှထွက်သွားလေတော့၏။ ကျွန်ုပ်နှင့် ကျွန်ုပ်၏သမီးကလေး မဥ္ဇူသာတို့သည် မောင်ကောင်းတုံ၏နောက်ကျောကို မျက်စိတစ်ဆုံး ကြည့်ရှု၍ ကျန်ရစ်ခဲ့ကြလေတော့၏။

ကျွန်ုပ်တို့၏မြင်ကွင်းတွင် မောင်ကောင်းတုံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ပျောက်ကွယ်သွားလေတော့၏။

ထိုအခါ၌ မဥ္ဇူသာသည် မျက်ရည်များစီးကျလာကာ တသိမ့်သိမ့်ခါ၍ ငိုကြွေးလေတော့၏။ ထို့နောက် ကျွန်ုပ်အား. .

"ဖေဖေရယ်. .။ ကိုကောင်းတုံဟာ သိပ်ပြီး သနားစို ကောင်းတာပဲနော်။ သူ့တစ်သက်လုံးမှာ အေးအေးချမ်းချမ်း နေရတယ်ကို မရှိပါဘူး။ ဒုက္ခတွေနဲ့ပဲ အမြဲရင်ဆိုင်နေရ တယ်။ အခုလည်း သူဟာ သမီးအတွက် အသက်အန္တရာယ် ကြားကို တိုးပြီးသွားရှာပြီ။ သူသွားတဲ့လမ်းဟာ အသင်





ရှင်ဖို့ သိပ်ပြီးမလွယ်တဲ့လမ်းပဲဖေဖေ။ တကယ်လို့များ သူဟာ သေတ္တာနီကလေးကို မူလနေရာကိုရောက်အောင် ထားပြီး မသေမပျောက်ဘဲ ပြန်လာခဲ့ရင်တော့ သမီးလေ သူ့ကို လက်ထပ်ပြီးယူမယ်။ သူ့ကို လင်သားအဖြစ်နဲ့ ပြုစု မယ်။ သူ့ကို အေးအေးချမ်းချမ်းနေရအောင်ထားမယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. .

"အသင့်တော်ဆုံးပါပဲသမီးရယ်။ ဒီလိုရဲရင့်တဲ့ ယောကျ်ား မျိုးရဲ့လက်ထဲမှာပဲ သမီးကို ဖေဖေအပ်ခဲ့ချင်တယ်"

ဟု ကျေကျေနပ်နပ်ကြီး ပြောလိုက်မိလေတော့၏။

ထိုနေ့မှစ၍ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်လုံးလုံး အခက်အခဲ အမျိုးမျိုးကိုရင်ဆိုင်၍ ကျွန်ုပ်ကိုယ်တိုင်သိမ်းဆည်းခဲ့သော သေတ္တာနီ ကလေးသည် ကျွန်ုပ်ထံမှ အပြီးအပိုင်ထွက်သွားပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏မှတ်တမ်းကြီးသည်လည်း ဤတွင် နိဂုံးတံလေတော့သတည်း။

ဦးတံသာ

စက်ရှင်တရားသူကြီးဟောင်း

မန္တလေးမြို့၊



www.burmeseclassic.com

www.burmeseclassic.com



## ပြည်တော်ပြန်

ကောင်းတုံသည် ဦးကံသာနှင့် မဋ္ဌုသာအား သေတ္တာနီကလေးကို မူလနေရာသို့ ပြန်လည်ပို့ပေးမည်ဟု ကတိပေးပြီးနောက် ဦးကံသာ၏အိမ်၌ နှစ်ဆယ့်ခုနစ်ရက်တိတိ တည်းခိုနေထိုင်ခဲ့ကြောင်း ဦးကံသာ၏မှတ်တမ်း၌ ဖော်ပြခဲ့ပြီးဖြစ်၏။ ထိုရက်ပိုင်းအတွင်း၌ပင် ကောင်းတုံသည် တစ်ခါက ၎င်းနှင့်အတူ ဓားပြတိုက်ခဲ့ဖူးသော မောင်လပ်ကလေးနှင့် မောင်လပ်ကြီးဆိုသူ မျက်စိတစ်ဖက်လပ်နှစ်ဦးကို စုံစမ်းထောက်လှမ်း၍ မန္တလေးသို့လိုက်လာရန်အကြောင်းကြားခေါ်ယူလိုက်လေတော့၏။

ထိုမျက်စိတစ်ဖက်လပ် ဓားပြနှစ်ဦးမှာ ၎င်းအား လွန်စွာရိုသေကြသော ၎င်း၏တပည့်များဖြစ်ကြပေ၏။ မျက်စိတစ်ဖက်လပ်ဓားပြ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသည် တစ်နေရာစီနေထိုင်ကြသူများ ဖြစ်ကြပေ၏။ ကောင်းတုံက ၎င်းတို့နှစ်ဦးအား မန္တလေးသို့ပြိုင်တူရောက်ရှိရန် စီမံ၏။

၎င်းတို့သည် မန္တလေးမြို့တရုတ်တန်းရှိ 'ရောင်တဗူ' လက်ဖက်ရည်ဆိုင်၌ အချိန်းအချက်လုပ်၍ ဆုံတွေ့ရန် စီမံခဲ့လေ၏။ ၎င်း၏တပည့်များဖြစ်ကြကုန်သော မျက်စိတစ်ဖက်လပ်နှစ်ဦးတို့သည် 'ရောင်တဗူ' လက်ဖက်ရည်ဆိုင်၌ ဆုံတွေ့ကြပြီးလျှင် မဟာမြတ်မုနိဘုရားဆီသို့ လာခဲ့ကြ၏။ မဟာမြတ်မုနိဘုရားကြီး၌ကား ၎င်းတို့၏ဆရာဖြစ်ခဲ့ဖူးသော မားပြခေါင်းဆောင်ကောင်းတုံသည် အဆင်သင့်စောင့်နေလေ၏။ ကောင်းတုံကိုတွေ့လျှင် ၎င်းတို့နှစ်ဦးက ရိုသေသမှုဖြင့် ရှိခိုးဦးချလေ၏။

"ဆရာကိုကောင်းတုံရယ်။ မတွေ့ရတာ ကြာပြီနော်။ ကျုပ်တို့ကလည်း တွေ့ချင်လိုက်တာဗျာ"

ဟု တစ်ဖက်လပ်နှစ်ဦးက ပြောလေ၏။

ထိုအခါ ကောင်းတုံက. .

"သိပ်ကိုအရေးကြီးတဲ့ကိစ္စအတွက် ကိုယ့်လူတို့ကို ခေါ်လိုက်တာပဲ။ ဒီကိစ္စဟာ ကျုပ်နဲ့တော့ တိုက်ရိုက်မပတ်သက်ပါဘူး။ ကျုပ်ခင်မင်နေတဲ့လူတွေနဲ့ပတ်သက်နေတဲ့ကိစ္စဖြစ်တယ်။ ကိစ္စကတော့ ဟောဒီသေတ္တာကလေးကို ပင်လယ်ထဲက ကျွန်းကလေးတစ်ကျွန်းမှာ သွားပြီးထားဖို့ပဲ။ ဒါပေ





မယ့် လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ ပင်လယ်ထဲမှာ အဲဒီကျွန်းကို အတော့်ကို ခက်ခက်ခဲခဲ ရှာယူရမယ်။ ပင်လယ်ကို မရောက်ခင်မှာတင်ပဲ ဒီသေတ္တာကလေးဟာ ကျုပ်တို့ဆီမှာရှိတယ်လို့ သတင်းကြားရင် ကျုပ်တို့ကို လာပြီးတိုက်ခိုက်မယ့် အဖွဲ့တစ်ဖွဲ့ရှိနေတယ်။ အဲဒီအဖွဲ့ဟာ ကျုပ်တို့ကိုလည်းတိုက်ခိုက်မယ်။ ဒီသေတ္တာကလေးကို နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်တိတိ သိမ်းဆည်းပေးခဲ့တဲ့ ဦးကံသာနဲ့ သူ့ရဲ့သမီး မဥ္ဇူသာရဲ့အသက်ကိုလည်း လုပ်ကြံကြလိမ့်မယ်။ အဲဒါကြောင့် သူတို့သားအဖရဲ့ အသက်ကိုလည်း ကျုပ်တို့က ကာကွယ်ပေးရလိမ့်မယ်"

ဟု ပြောလိုက်ရာ ကောင်းတုံ၏တပည့်များဖြစ်သော မျက်စိတစ်ဖက်လပ်နှစ်ဦးက. .

"အဲဒီအဖွဲ့က ဘယ်သူတွေတုံး"

ဟု မေးလိုက်လေ၏။

"တခြားလူမဟုတ်ဘူး ကိုယ့်လူတို့ရေ။ ကိုယ့်လူတို့ရဲ့မျက်လုံးတွေကို ဖောက်ပစ်ခဲ့တဲ့ ဘယ်သန်ကြီးဘမှန် ဆိုတာပဲ။ သူနဲ့ သူ့တပည့်တွေဟာ အဲဒီကိစ္စအတွက် အသက်စွန့်ကြလိမ့်မယ်။ ကိုယ့်လူတို့ကော စွန့်ဝံ့ကြပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကောင်းတုံက မေးလိုက်လေ၏။

ထိုအခါ ၎င်း၏တပည့် မျက်စိတစ်ဖက်လပ်နှစ်ဦးတို့သည် အောက်ပါအတိုင်း ပြန်၍ဖြေကြလေ၏။

"ဆရာကိုကောင်းတုံရဲ့ကိစ္စသတ်သတ်ဆိုရင်တောင်မှ ကျုပ်တို့ဟာ အသက်စွန့်ပြီးပါဝင်ဖို့ ဆုံးဖြတ်ထားပါတယ်။ အခုကိစ္စမှာက ကိုကောင်းတုံရဲ့ကိစ္စသက်သက်မဟုတ်ဘဲ ဘယ်သန်ကြီးဘမှန်ကို လက်စားချေရမယ့်ကိစ္စ ဖြစ်နေလေတော့ ဟောဒီ မဟာမြတ်မုနိဘုရားကြီးရှေ့မှာ သစ္စာဆိုပါ့မယ်ဗျာ"

မျက်စိတစ်ဖက်လပ်နှစ်ဦးသည် အထက်ပါအတိုင်း ပြောဆိုပြီးနောက် ဘုရားရှိခိုးကာ ကောင်းတုံနှင့်အတူ အသက်စွန့်၍ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သစ္စာဆိုကြလေတော့၏။

ထို့နောက် ၎င်းတို့သုံးဦးသည် သွားရမည့်ခရီးအတွက် အသေးစိတ်အကွက်ရိုက်၍ စီမံကြလေတော့၏။ ပင်လယ်ပြင်သုံး မြေပုံများ၊ အိမ်မြှောင်များကို စုဆောင်းကြလေတော့၏။ ၎င်းတို့၏အစီအစဉ်မှာ သုံးဦးစလုံးသည် ခရီးထွက်ရန် မဟုတ်ပေ။ ကောင်းတုံနှင့် လပ်ကလေးတို့နှစ်ဦးသာလျှင် ခရီးထွက်ကြပေမည်။ ၎င်းတို့နှစ်ဦးသည် ထားဝယ်ဘက်သို့သွား၍ ပင်လယ်ပြင်သို့ထွက်မည့် စက်လှေ၊ ရွက်လှေ တစ်စီး





ဖြင့်လိုက်ပါမည်။ ပင်လယ်ပြင်သို့ရောက်လျှင် ၎င်းလှေကို အပိုင်စီးမည်။

ထို့နောက် ၎င်းတို့သွားလိုသောကျွန်းကို မြေပုံများအသုံးပြု၍ ရှာဖွေရန်ဖြစ်သည်။ လပ်ကြီးဆိုသည့် မျက်စိတစ်ဖက်လပ်မှာမူ မန္တလေး၌ပင် နေခဲ့ရမည်။ ၎င်းသည် ဦးကံသာနှင့် ဦးကံသာတို့၏အိမ်နားအ၌ မယောင်မလည်အကဲခတ်ရင်း ဦးကံသာနှင့် မဥ္စူသာအား တစေ့တစောင်း စောင့်ရှောက်နေရန်ဖြစ်၏။ ဘယ်သန်ဘမှန်တို့အုပ်စု လူစ်ရှားလာသည်နှင့်တစ်ပြိုင်နက် ၎င်းက တိုက်ခိုက်ရန်ဖြစ်၏။

အကယ်၍ ကောင်းတုံခရီးမထွက်ခင် ဘယ်သန်ဘမှန်တို့လူစုတာ ကောင်းတုံတို့ခြေလှမ်းကို ရိပ်မိသွားပါကလည်း လပ်ကြီးဆိုသည့် မျက်စိတစ်ဖက်လပ်က ကောင်းတုံထံသို့အကြောင်းကြားရန် ဖြစ်ပေသည်။ မည်သို့မည်ပုံအကြောင်းကြားရမည်၊ မည်သို့မည်ပုံဆက်သွယ်ရမည်ကိုလည်း ၎င်းတို့သုံးဦးသည် အသေးစိတ်တိုင်ပင်ထားပြီး ဖြစ်၏။

ထိုသို့တိုင်ပင်ထားပြီးနောက် လပ်ကြီးအား မန္တလေး၌ထားခဲ့ကာ ကောင်းတုံနှင့်လပ်ကလေးတို့သည် ရန်ကုန်သို့ သားရေသေတ္တာကလေးကို ယူဆောင်ကာ ထွက်သွားကြလေတော့၏။

လပ်ကြီးမှာမူ ဦးကံသာ၏အိမ်နားသို့ မယောင်မလည် အကဲခတ်ကြည့်ရင်း မန္တလေး၌ပင် နေခဲ့လေ၏။

ကောင်းတုံနှင့်လပ်ကလေးတို့မှာမူ ရန်ကုန်သို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၌ ထားဝယ်သို့ထွက်မည့် စက်လှေကိုရှာဖွေကြလေ၏။ တစ်ပတ်ခန့်စောင့်ဆိုင်းခဲ့ရာ အနီရောင်သုတ်ထားသော လွန်စွာလှပသည့် စက်လှေကြီးတစ်စီးသည် ယခုည ရှစ်နာရီ၌ပင် ထားဝယ်သို့ထွက်မည်ဖြစ်ကြောင်း၊ ထားဝယ်မှတစ်ဆင့် မြိတ်၊ ကော့သောင်း အစရှိသော မြို့များသို့ ရောက်မည်ဖြစ်ကြောင်း သိရလေတော့၏။

ငင်းတို့သည် လှပသောအနီရောင်စက်လှေကြီးနှင့် လိုက်ပါရန် ဆုံးဖြတ်ကြလေတော့၏။

ထိုစက်လှေကြီး၏အမည်မှာ 'ပြန်တော်ပြန်' ဟူ၍ဖြစ်လေ၏။ ကောင်းတုံသည် စက်လှေကြီး၏အမည်ကိုဖတ်ပြီးနောက် လပ်ကလေးအား . .

"ဟောဒီသင်္ဘောလေး ပြည်တော်ပြန်ရမယ့်နိမိတ်ပဲ"

ဟု ပြောလိုက်လေ၏။ ထို့နောက် ငင်းတို့သည် ထိုစက်လှေနှင့် လိုက်ပါရန်အတွက် ခရီးစရိတ်များ ပေးဆောင်ကြလေ၏။

လပ်ကလေးသည် စက်လှေကြီးတစ်စီးလုံး အနှံ့အပြား လှည့်လည်သွားလာ အကဲခတ်ကြည့်ရှုပြီးနောက် ကောင်းတုံအား အောက်ပါအတိုင်းပြောလေ၏။

"ဆရာကိုကောင်းတုံရေ၊ လှေကြီးပေါ်မှာအလုပ်လုပ်တဲ့ အကောင်တွေအားလုံး ကုလားတွေချည်းပဲဗျာ၊ ဒီကောင်တွေအထဲမှာ အကြီးအကဲလုပ်တဲ့သူက မုတ်ဆိတ်မွေးရှည်ရှည်နဲ့ကောင်ပဲ။ အဲဒီကောင်တို့ အပိုင်ကိုင်ရင်တော့ လှေကြီးဟာ ကျွန်တော်တို့လက်ထဲ ရောက်ပြီပဲ၊ အရေးအကြောင်းဆိုရင်သုံးဖို့ ခြောက်လုံးပြူးတစ်လက်ကျွန်တော် ယူလာတယ်။ ပေါင်မှာ သားရေကြိုးနဲ့ချည်ထားတယ်၊ ဘယ်လိုကဘယ်လို စ,ရမယ်ဆိုတာသာ ပြောပါ၊ အားလုံး ကျွန်တော်ကြည့်လုပ်သွားမယ်"

ထိုအခါ ကောင်းတုံက . .

"ညရှစ်နာရီမှ ထွက်မှာပါကွာ။ ပြီးတော့လည်း ရက်တွေက ကျန်ပါသေးတယ်။ လှေပေါ်မှာ ကိုယ်တို့လူတွေဖြစ်လာအောင် စည်းရုံးသိမ်းသွင်းရမယ်ကွ။ မြိတ်ကနေအထွက်မှာဖြစ်ဖြစ်၊ ကော့သောင်းကနေပြန်ပြီးအထွက်မှာဖြစ်ဖြစ် တို့စီစဉ်ထားတဲ့အတိုင်း လုပ်ရမှာပဲ။ ဒီစက်လှေကြီးကို အပိုင်စီးပြီးရင် 'အန်ဒမန်' ကျွန်းဘက်ကို မောင်းခိုင်းမယ်၊ အဲဒီကျွန်းဘက်ကနေပြီးတော့မှ တောင်ဘက်စူးစူးကို မောင်းခိုင်းပြီး ကျွန်းစုကလေးတွေမှာ ရှာရမှာပဲကွ။ မတွေ့ရင် အဲဒီထက် ကမ်းနဲ့ဝေးတဲ့နေရာကို ဆက်ပြီးထွက်ရမယ်၊ မတွေ့မချင်းရှာရမှာပဲဟေ့။ ငါပြောချင်တာကတော့







www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ငါတစ်ခုခုဖြစ်ရင် မင်းက နောက်ကြောင်းကို ပြန်မလှည့်နဲ့။ ငါပြောထားတဲ့ ခရီးစဉ်အတိုင်း မရောက် ရောက်အောင် ဆက်ပြီးသွားပါ”

ဟု ပြောလေ၏။

‘လပ်ကလေး’နှင့် ကောင်းတုံတို့သည် တစ်နေကုန် အချိန်ဖြုန်း၍ နေကြလေ၏။ ညခုနစ်နာရီထိုးသောအခါကျမှပင် စက်လှေပေါ်၌ စားသောက်ရန် အစားအသောက်များကိုဝယ်ယူကာ စက်လှေပေါ်သို့ တက်ကြလေ၏။ ထိုအချိန်၌ပင် မန္တလေး၌ထားခဲ့သော လပ်ကြီးဆိုသည့် မျက်စိတစ်ဖက်လပ်သည် စက်လှေပေါ်သို့ ရောက်၍လာလေတော့၏။

ကောင်းတုံနှင့် ‘လပ်ကလေး’လည်း. .

“ဘယ်လိုဖြစ်တာလဲ လပ်ကြီး”

ဟု မေးကြလေ၏။ ထိုအခါ ‘လပ်ကြီး’ က. . .

“မဥ္ဇူသာကို ဘယ်သန်ကြီးတို့လူစု ဖမ်းသွားကြပြီ။ မန္တလေးမှာ မရှိတော့ဘူး။ ရန်ကုန်ကို ကားနဲ့တင်ပြီး ခေါ်လာလိမ့်မယ်ထင်လို့ ကျွန်တော်လည်း ရန်ကုန်ကို လိုက်လာတာ။ မနက်က ရန်ကုန်ကိုရောက်တယ်။ ကျွန်တော်လည်း ရထားပေါ်ကဆင်းရော အသက်ငါးဆယ်လောက်ရှိတဲ့ကုလားကြီးတစ်ယောက် ကျွန်တော့်ပုခုံးကိုလက်နဲ့ပုတ်တယ်။ အဲဒီ





အဘိုးကြီးမှာ ကျွန်တော်တို့လိုပဲ ဘယ်ဘက်မျက်လုံးမရှိဘူး။ မုတ်ဆိတ်တွေ၊ ပါးမြိုင်းမွေးတွေနဲ့။ သူက ကျွန်တော့်ကို ပြောင်ပြောင်တင်းတင်းပဲပြောတယ်။ မဥ္ဇူသာကို သူတို့ ဖမ်းမိထားတယ်တဲ့။ ဂါတ်ကိုတိုင်ရင်တော့ သတ်ပစ်မယ်တဲ့။ သေတ္တာနီကလေးနဲ့လဲရင် မှဲ့တစ်ပေါက်မစွန်းစေရဘူး။ ပြန်ပို့မယ်လို့ ပြောတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ဆရာကိုကောင်းတုံတို့ချိန်းထားတဲ့အိမ်ကိုသွားတယ်။ အဲဒီမှာမတွေ့လို့ ဒီကိုလိုက်လာတာပဲ။ ဒီနေ့ည လာပြီးမရွေးရင် နေရာပြောင်းဦးမယ်လို့ပြောတယ်။ မဥ္ဇူသာရဲ့အဖေ ဦးကံသာကြီးလည်း ရန်ကုန်ရောက်နေတယ်။ ကျွန်တော်တွေ့ပြီးပြီ။ ကျွန်တော်ဟာ ကိုကောင်းတုံရဲ့လူဖြစ်ကြောင်း ဦးကံသာကို ပြောပြထားတယ်”

ဟု ပြောလေ၏။

ထိုအချိန်၌ပင် နာရီသံချောင်း ရှစ်ချက်ခေါက်သံ ကြားရလေ၏။ ပြည်တော်ပြန်စက်လှေကြီးလည်း ကမ်းမှခွာရန်အတွက် ပြင်ဆင်လေ၏။ ကောင်းတုံသည် လပ်ကလေးဘက်သို့လှည့်ကာ. .

“ဟေ့. . လပ်ကလေး။ မင်းလက်ထဲကပစ္စည်းကိုတော့ ဒီကောင်တွေလက်ထဲကို ဘယ်နည်းနဲ့မှ အပါခံလို့ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဲဒီတော့ ငါပြောထားတဲ့အစီအစဉ်အတိုင်း မင်းလိုက်သွားပါ။ မညှာသာကိုကယ်ဖို့ ငါဆင်းပြီးနေခဲ့မယ်။ မင်းအတွက် အဖော်လိုချင်ရင် လပ်ကြီးကိုခေါ်သွားပါ"

ဟုပြောလိုက်လျှင် လပ်ကလေးက. .

"နေပါစေဆရာ။ လပ်ကြီးကို ဆရာသုံးဖို့ ခေါ်ထားပါ။ ကျွန်တော်ကတော့ တစ်ယောက်တည်း သွားနှင့်မယ်ဆရာ။ မြိတ်ရောက်ရင် ဆရာ့ကိုစောင့်နေမယ်။ ကျွန်တော်ရောက်ပြီးတစ်ပတ်ကြာလို့မှ ဆရာရောက်မလာရင် ကျွန်တော့်ဘာသာ ဆက်ပြီးသွားမယ်။ ဒီသေတ္တာလေး သူ့နေရာသူ ပြန်ရောက်ဖို့တော့ ကျွန်တော့်တာဝန်ထားပါ"

ဟု ပြောဆိုလိုက်လေ၏။ ထိုအခါ ကောင်းတုံနှင့် လပ်ကြီးသည် စက်လှေပေါ်မှ ဆင်းလေ၏။

စက်လှေကြီးသည် စတင်၍ ကမ်းမှခွာပြီဖြစ်၏။ သေတ္တာနီကလေးသည် အနီရောင်စက်လှေကြီးပေါ်၌ ပြန်တော်ပြန်ခရီးကို ထွက်ခွာသွားပြီဖြစ်လေ၏။ ကောင်းတုံသည် လပ်ကြီးနှင့်အတူ သဘော်ဆိပ်သို့ လျှောက်၍ပြန်လာခဲ့လေ၏။ လမ်းတွင် ကောင်းတုံက လပ်ကြီးအား. .

"ဦးကံသာကို ဂါတ်တွေဘာတွေမတိုင်ဖို့ ပြောထားရဲ့လား။





ဒီကိစ္စဟာ ဂါတ်တိုင်လို့ဖြစ်တဲ့ကိစ္စမျိုးမဟုတ်ဘူး။ သူတို့လိုချင်တဲ့ပစ္စည်းကို ပေးချင်ပေး၊ မပေးချင်ရင် တစ်ဦးချင်းစွန့်စားယူရမယ့်ကိစ္စမျိုးဖြစ်တယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ လပ်ကြီးက. .

"စိတ်ချပါ ဆရာရယ်။ ကျွန်တော်လည်း ဒီအတိုင်း မှာထားပါတယ်"

ဟု ပြောလေ၏။

"နေစမ်းပါဦးကွ။ မင်းနဲ့တွေ့ခဲ့တဲ့ မျက်စိတစ်ဖက်လပ်ကုလားအဘိုးကြီးဆိုတာက မျက်နှာမှာအမာရွတ်ကြီးနဲ့လား"

ဟု ကောင်းတုံက မေးလိုက်လေ၏။

"အစစ်ပါပဲဆရာရယ်။ မျက်နှာမှာ ဓားခုတ်ရာကြီးနဲ့၊ လူကြီးက ကြမ်းကြမ်းတမ်းတမ်းကြီး။ ဓားပြကြီးနဲ့ တူပါတယ်ဆရာရယ်"

ဟု လပ်ကြီးက ပြောလိုက်လေ၏။

"အဲဒီလူကြီးဟာ ပင်လယ်ဓားပြကြီးကွ။ ငါတို့မင်းတို့မမွေးခင်ကတည်းက ပင်လယ်ဓားပြလုပ်လာတဲ့လူကြီး



www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီးမဟုတ်ဘူး။ ပေါ်တူဂီလူမျိုးကွ။ သူ့မျက်လုံး တစ်ဖက်ဟာ မင်းတို့လိုပဲ အဖောက်ခံထားရတာ။ ဖောက်တဲ့လူက မင်းတို့မျက်လုံးကိုဖောက်တဲ့ ဘယ်သန်ဘမှန်ကြီးပဲကွ။ ဒီကောင်ကြီးနာမည်က တိုက်ဂါးကြီးလို့ခေါ်တယ်။ သူဟာ မဥ္ဇူသာတို့အဖေ ဦးဘိုးတူနဲ့အတူ ပင်လယ်ဓားပြလုပ်ခဲ့တဲ့လူကြီးပေါ့ကွာ။ ပင်လယ်ခရီးမှာ ဘယ်သန်ဘမှန်ကြီးနဲ့ တိုက်ဂါးကြီးတို့ ခေါင်းဆောင်လုကြတာကွ။ ဒီလူကြီးဟာ ပင်လယ်ထဲမှာ ရွက်လှေမှောက်လို့ သေသွားပြီထင်နေတာ။ မသေသေးပဲကိုးကွ"

ဟု မောင်ကောင်းတုံက ပြောလိုက်လေ၏။ ထိုအခါ လပ်ကြီးက. .

"ဆရာကလည်း အံ့မခန်းမပ်ကျသိနေပါလား"

ဟု မေးလိုက်လေ၏။

"သိတာက ဒီလိုကွ။ သူတို့နဲ့အတူ ပင်လယ်ဓားပြဖြစ်ခဲ့ဖူးတဲ့ မဥ္ဇူသာတို့အဖေ ဦးဘိုးတူရဲ့မှတ်တမ်းကို ငါက ဖတ်ထားရတာကွ။ အဲဒီတော့ ဦးဘိုးတူအကြောင်းလည်း သိတာပဲ။ ဘယ်သန်ကြီးဘမှန်အကြောင်းလည်း ငါကသိတာပဲ။ အဲဒီတိုက်ဂါးကြီးအကြောင်းလည်း သိတာပဲ။ သူတို့အားလုံး





ဟာ အလွန်အင်မတန် ရက်စက်တတ်တယ်။ အဲဒီအထဲမှာ ဘယ်သန်ကြီးဘမှန်ဟာ ဉာဏ်နီဉာဏ်နက်လည်း အင်မတန်များတယ်။ အတိုက်အခိုက်လည်း အင်မတန်ကျွမ်းကျင်တယ်ကွ။ သူနဲ့ငါနဲ့ ပြိုင်ရမယ့်အချိန်ပဲ"

ဟု ပြောလိုက်လေ၏။

"ကျွန်တော်ကလည်း ဆရာရဲ့တပည့်ကောင်းတစ်ဦးပါပဲ ဆရာရယ်. . ။ ဆရာနဲ့အတူ အသက်စွန့်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။ ကျွန်တော့်ကိုလည်း ဘယ်သန်ကြီးကို လက်စားချေခွင့်ပေးပါဆရာရယ်"

ဟု လပ်ကြီးက ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် ပန်းဆိုးတန်းလမ်းရှိ တရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်၌ ခေါက်ဆွဲစားကြလေ၏။ လပ်ကြီးက "အရက်သောက်ပါရစေ" ဆို၍ အရက်သောက်ခွင့်ပေးလေ၏။ ကောင်းတုံသည် ခေါက်ဆွဲစားရင်း စဉ်းစားနေလေ၏။ ထို့နောက် ကောင်းတုံက လပ်ကြီးအား. .

"မင်းနဲ့ တိုက်ဂါးကြီးဆိုတဲ့ ပင်လယ်ဓားပြကြီးနဲ့ ဘယ်မှာချိန်းထားတာတုံး"

ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘောက်ထော်မှာ ချိန်းထားတာဆရာ"

တု လပ်ကြီးက ဖြေလေ၏။

"ဘယ်လိုအချိန်းအချက်လုပ်ထားသလဲ"

ဟု ကောင်းတုံကမေးရာ လပ်ကြီးက. .

"ဗိုက်ကင်းလို့ သုံးခါအော်ရမယ် ပြောတယ်။ အဲဒီလို သုံးခါအော်မှ တံခါးဖွင့်ပေးမယ်လို့ပြောတယ်။ နှစ်ယောက်လည်း မလာရဘူးတဲ့။ တစ်ယောက်ပဲလာရမယ်လို့ ပြောတယ်"

ဟု ပြောလေ၏။

"ဒီလိုဆိုရင်လည်း အဲဒီနေရာမှာ ဘယ်သန်ဘမှန်ဆိုတဲ့လူကြီးမရှိဘူးကွ။ သူက တစ်နေရာမှာနေလိမ့်မယ်။ သူရှိတဲ့နေရာမှာ မဍ္ဍူသာကို ထားလိမ့်မယ်။ သူတို့လိုချင်တဲ့ပစ္စည်းပေးမယ်ဆိုမှ ဒီကောင်ကြီးက သူ့ဆရာဘမှန်ကြီးရှိတဲ့နေရာကိုသွားပြီး အကြောင်းကြားမှာ။ တကယ်လို့ ပုလိပ်ဘက်ကိုတိုင်ရင်လည်း ဒီကောင်ကြီးကိုပဲမိမယ်။ မဍ္ဍူသာကိုတော့ ဘယ်သန်ဘမှန်ကြီးက သတ်ပစ်လိုက်မှာပဲ။ အဲဒီတော့ ဒီလိုလုပ်ကွာ။ ဘောက်ထော်ကို မင်းနဲ့ငါသွားမယ်။ မင်းက အဲဒီကောင်ကြီးနဲ့ဝင်တွေ့။ သေတ္တာနီကလေးဟာ





အဝေးကိုရောက်နေကြောင်း၊ ဒါကြောင့် ရက်ချိန်းထပ်ပေးဖို့ပြော။ သူတို့က လက်မခံဘူးဆိုရင် မင်း ဒီအတိုင်းပြန်မထွက်နဲ့။ ဒီအတိုင်းပြန်ထွက်လာရင်လည်း မင်းကို နောက်ကျောကနေ ဓားနဲ့ခုတ်ချလိုက်မှာပဲ။ အဲဒီတော့ မင်းက လက်ဦးအောင်သာလုပ်ပေတော့။ ငါကတော့ သူတို့ ထွက်နိုင် ဝင်နိုင်တဲ့လမ်းကနေ ချောင်းပြီးနေမယ်။ မင်းကို လာကူညီလို့ မဖြစ်ဘူး။ သူတို့က မင်းကိုသတ်ရင်လည်း မင်း အသေခံရုံပဲ။ မင်းက သူတို့ကိုသတ်ရင်လည်း သတ်ခွင့်ဖို့ပဲရှိတယ်"

ဟု ကောင်းတုံက ပြောလေ၏။ လပ်ကြီးကလည်း. .

"စိတ်ချပါဆရာကိုကောင်းတုံ။ ကျွန်တော်ကပဲ သတ်ရသတ်ရ သူတို့ကပဲ ကျွန်တော့်ကိုသတ်သတ်၊ အရေးမကြီးပါဘူး သရာရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ကောင်းတုံက. .

"ဒီနည်းလည်း သိပ်မကောင်းသေးဘူးကွ။ မင်းကို ငါ စိတ်မချဘူး။ မင်းခံလိုက်ရမှာ ငါ သိပ်ပြီးစိုးရိမ်နေတယ်။ အဲဒီတော့ ဒီလိုလုပ်ကွာ။ မင်းအစား ငါသွားမယ်။ မင်းက ငါစောင့်ဆိုတဲ့နေရာကနေပြီး အဝင်အထွက်ကို စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေ၊ သူတို့ဆီက လူအဝင်အထွက်ကို၊ အထူးသဖြင့် အထွက် ကိုပေါ့ကွာ။ တစ်ခါတည်း နောက်ယောင်ခံပြီးလိုက်ပေ တော့။ မျက်ခြည်မပြတ်စေနဲ့"

ဟု အစီအစဉ်ကိုပြောင်း၍ ကောင်းတုံက ပြောလိုက်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ဘောက်ထော်သို့ ရထားလုံးငှား၍ သွားလေ၏။ ထိုအချိန်၌ပင် မိုးသည် သည်းထန်စွာရွာလေတော့၏။ ဘောက်ထော်သို့မရောက်မီ၌ပင် မှောင်မိုက်သောနေရာတစ်ခုသို့ ရောက်သောအခါ၌ ကောင်းတုံသည် ရထားလုံးအတွင်းမှ ရထားလုံး အမိုးပေါ်သို့တက်ကာ ရထားလုံးမောင်းသော ကုလားအား ပါးစပ်ပိတ်၍ လိုက်လေတော့၏။ ပြီးလျှင် ကုလား၏လုံချည်ကိုချွတ်ကာ လက်ဖြန့် ကြိုးတုပ်၍ ကုလားအား လမ်းဘေးမြောင်းထဲသို့ ပစ်ချထားခဲ့လေ၏။ ထို့နောက်. .

"လပ်ကြီးရေ. . အပေါ်တက်ခဲ့ပါဦးကွ"

ဟုဆိုကာ လပ်ကြီးအား ရထားလုံးမောင်းသောနေရာသို့ ခေါ် လေ၏။ လပ်ကြီးလည်း ကောင်းတုံအနီးသို့ သွား၍ထိုင်လေ၏။ ထိုအခါ ကောင်းတုံသည် မြင်းဇက်ကြိုးကို လပ်ကြီး၏လက်တွင်းသို့ထည့်၍ ဘောက်ထော်မှဖြတ်ကာ သက်န်းကျွန်းလမ်းဘက်သို့ရောက်အောင် မောင်းခိုင်းလေ၏။ သက်န်းကျွန်းလမ်းဆုံသို့ရောက်လျှင် ရထားကို ရပ် ခိုင်းပြီးနောက်. .

"မင်းက ဒီနေရာကနေ စောင့်နေကွ။ အရေးတကြီးလာ ငှားတဲ့လူရှိရင်တော့ လိုက်ပို့ပေါ့ကွာ။ မြို့ထဲဘက်ဆိုရင် မလိုက်နဲ့ကွာ။ သက်န်းကျွန်းဘက်ဆိုရင်တော့ လိုက်ပေ တော့။ နည်းနည်းလည်း အကဲခတ်ပေါ့ကွာ။ ဒါနဲ့ နေစမ်း ပါဦး။ မင်းနဲ့တိုက်ဂါးကြီးနဲ့ချိန်းထားတာ ဘောက်ထော် ဘယ်နေရာမှာလဲ"

ဟု ကောင်းတုံက မေးလိုက်လေ၏။

"ဘောက်ထော်မြေနီလမ်းကလေးအတိုင်း ဝင်သွားရုံပဲ ဆရာ။ အဲဒီမှာ တိုက်ပျက်ကြီးရှိတယ်တဲ့။ တိုက်ပျက်ကြီး ရှေ့ရောက်ရင် 'ဗိုက်ကင်း' လို့ သုံးခါအော်ရုံပဲ။ သတိဝီရိယ နဲ့သွားပါ ဆရာရယ်"

ဟု လပ်ကြီးက ပြောလိုက်လေ၏။

"အခုမသွားသေးပါဘူးကွာ။ ဟောဟို ချစ်တီးဘုရား ကျောင်းရှေ့မှာ မိုးခိုကြသေးတာပေါ့ကွာ"

ဟု ဆိုကာ နှစ်ယောက်သားမိုးခိုကြလေ၏။ မိုးသည် အ[illegible] နီးပါးခန့် သည်းသည်းမည်းမည်းရွာပြီးနောက် ခလုတ်ဝိတ်ထိုး[illegible]







www.burmeseclassic.com

www.burmeseclassic.com



သို့ 'ဒတ်' ခနဲရပ်သွားလေတော့၏။ ထိုအခါ၌ ကောင်းတုံလည်း ပွတ်ချွန်းဆေးလိပ်ကို မီးတို့၍ ရထားလုံးပေါ်မှဆင်းကာ ဘောက်ထော် ဘက်ဆီသို့ ပြန်၍လျှောက်သွားလေ၏။

ဘောက်ထော်သို့ရောက်လျှင် မြေနီလမ်းကလေးအတိုင်း ဝင်၍ သွားလေ၏။ မိုးရွာထားသောကြောင့် မကြာခဏချော်လဲလေ၏။ အတော် အတန်ဝင်မိသောအခါ၌ လပ်ကြီးပြောသော တိုက်ပျက်ဟောင်းကြီး တစ်လုံးကို တွေ့ရလေ၏။ ကောင်းတုံသည် တိုက်ကြီး၏ဆောက်ထားပုံ၊ တည်နေပုံတို့ကို အကဲခတ်ပြီးနောက် တိုက်အနီးသို့ချဉ်းကပ်ကာ. .

"ဗိုက်ကင်း. . ဗိုက်ကင်း. . ဗိုက်ကင်း. ."

ဟု သုံးကြိမ်တိတိအော်လိုက်လေ၏။ များမကြာမီ၌ပင် တိုက် ပျက်ကြီး၏အပေါ်ထပ်ဆီမှ ပြတင်းပေါက်တစ်ချပ်ပွင့်လာပြီး. .

"အပေါ်ကိုလာခဲ့။ လှေကားက ဘေးမှာ"

ဟု ပြောလေ၏။

ကောင်းတုံလည်း ခြံတံခါးဆီသို့ သွားလေ၏။ ခြံတံခါးမှာ သော့ ဖြင့်အသေခတ်ထားခြင်းဖြစ်၏။ ထို့ကြောင့် တိုက်ပျက်ပေါ်မှလူက. .

"အဲဒီက မလာနဲ့. . မရဘူး။ တံခါးပိတ်ထားတယ်။ ခြံဘေး ကလာခဲ့။ ခြံဘေးမှာလည်း တံခါးရှိသေးတယ်။ တွန်းပြီး ဝင်လိုက်"





ဟု ပြောလေ၏။ ကောင်းတုံလည်း ခြံရှေ့တံခါးမှ ခြံဘေးသို့ ကွေ့ပတ်၍လျှောက်ကာ ခြံဘေးရှိမလွယ်ပေါက်တံခါးကို တွန်းဖွင့်၍ ဝင်လေ၏။ ပြီးလျှင် အပေါ်ထပ်ဆီသို့ ဘေးလှေကားမှတက်လေ၏။ အပေါ်ထပ်သို့ရောက်လျှင် တံခါးကိုတွန်းလိုက်ရာ တံခါးပွင့်သွားလေ၏။

ထိုအခါ၌ ကောင်းတုံလည်း အပေါ်ထပ်အိပ်ခန်းအတွင်းသို့ ဝင်လိုက်လေ၏။ ၎င်းဝင်လိုက်သည်နှင့်တစ်ပြိုင်နက် မီးခြစ်ခြစ်သံ 'ရှဲ' ခနဲအသံ ကြားလိုက်ရပြီးလျှင် ဖယောင်းတိုင်၌ မီးတို့လိုက်သည်ကို တွေ့ ရလေ၏။

အခန်းသည် ဖယောင်းတိုင်မီးကြောင့် လင်းသွားလေ၏။ စိတ်တတ်ရပ်နေသောလူနှစ်ယောက်ကို တွေ့ရလေ၏။ တစ်ယောက်မှာ အသက်ငါးဆယ်ကျော်ခန့်ရှိ မျက်လုံးတစ်ဖက်လပ်နေသော ဘီးလူး သူရဲပမာ လူကြီးဖြစ်၏။ ထိုလူကြီးသည် တိုက်ဂါးကြီးဖြစ်ကြောင်း ကောင်းတုံရိပ်မိလေ၏။

ကျန်တစ်ဦးမှာမူ အသက်သုံးဆယ်အရွယ်ရှိ လူတစ်ယောက် ဖြစ်လေ၏။

ထိုလူနှစ်ဦးသည် ကောင်းတုံကို သေချာစွာကြည့်ရှုလေ၏၊ ကောင်းတုံကို ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်ခိုင်းလေ၏။ ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးမှာမူ မတ်တတ်ရပ်မြဲရပ်နေလေ၏။ ထို့နောက် တိုက်ဂါးကြီးက အသံနက်ကြီးဖြင့်. .

"သေတ္တာအနီဘယ်မှာလဲ"

ဟု မေးလေ၏။

"အဲဒါပြောမလို့. . ။ သေတ္တာအနီ အဝေးကို ရောက်နေတယ်။ တစ်ယောက်က သွားယူနေပါတယ်။ ရက်ချိန်းနည်းနည်းပေးပါဦး"

ဟု ကောင်းတုံကပြောလိုက်လေ၏။ ထိုအခါ တိုက်ဂါးကြီးက ကောင်းတုံအား. .

"ပြန်တော့"

ဟု ပြောလိုက်လေ၏။

ကောင်းတုံလည်း. .

"ကောင်းပါပြီ"

ဟုဆိုကာ ထိုင်နေရာမှထ၍ တံခါးပေါက်ဆီသို့ သွားလေ၏။ ထိုအခါတွင် တိုက်ဂါးကြီးသည် လွန်စွာကြီးမားသော ဓားကောက်ကြီးဖြင့် ကောင်းတုံ၏လည်ပင်းအား နောက်မှနေ၍ တအားခုတ်ချလိုက်လေတော့၏။ ထိုအခါ ကောင်းတုံလည်း ငုံ့၍ရှောင်လိုက်ရာ တိုက်ဂါးကြီး၏ဓားသည် တံခါး၌စိုက်ဝင်သွားလေ၏။ ကောင်းတုံလည်း တိုက်ဂါး





ကြီးအား တံတောင်ဖြင့် နောက်မှပြန်တွက်ကာ ခြေဖြင့်ဆောင့်ကန်လိုက်လေ၏။ တိုက်ဂါးကြီးလည်း နောက်သို့လန်၍လဲကျသွား၏။

ထိုအချိန်၌ ကျန်တစ်ယောက်သည် ကောင်းတုံအား ဓားမြှောင်ဖြင့်ဝင်၍ထိုးလေ၏။ ကောင်းတုံသည် ထိုလူအား လက်သီးဖြင့်ထိုးရင်း ထိုသူ၏ဓားကို ခြေဖြင့်ခတ်ချလိုက်လေ၏။

တိုက်ဂါးကြီးလည်း လဲကျနေရာမှထ၍ ကောင်းတုံအား ခုံဖြင့်ရိုက်လေ၏။ ထိုအခါ ကောင်းတုံသည် တိမ်းရှောင်လိုက်ပြီးနောက် တိုက်ဂါးကြီး၏ တစ်လုံးတည်းသော မျက်လုံးအား လက်ဝါးဖြင့် ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်လေ၏။ တိုက်ဂါးကြီးသည် မျက်လုံးကို ပိတ်၍ နောက်သို့ဆုတ်သွားလေ၏။

ထိုအခါ ကောင်းတုံသည် တံခါးတွင်စူးဝင်နေသော ဓားကောက်ကြီးအား ဆွဲနုတ်လိုက်ပြီ ဖြစ်၏။

ဓားမြှောင်သမားသည် လွတ်ကျသွားသော ဓားမြှောင်ကို ကောက်ယူ၍ ကောင်းတုံ၏ရင်ဝအား တအားပြေး၍ထိုးလေ၏။ ကောင်းတုံလည်း တိမ်းရှောင်ခြင်းမပြုတော့ဘဲ ၎င်း၏လက်တွင်းမှ ဓားကောက်ဖြင့် ပြန်၍ သူထိုးကိုယ်ထိုး ပြိုင်တူထိုးလိုက်လေ၏။

လက်တံရှည်သော ကောင်းတုံ၏ဓားဦးသည် ထိုသူ၏ရင်ခေါင်းဆီသို့ အရင်ဝင်၍သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ထိုသူသည် နောက်သို့လန်ကျသွားလေတော့၏။ ကောင်းတုံလည်း ဓားကောက်ဖြင့်ပင် ထိုသူ၏ရင်ဝသို့ နောက်တစ်ချက် ထိုးစိုက်ချလိုက်လေတော့၏။ ထို့နောက် တိုက်ဂါးကြီးအား တိုက်ခိုက်ရန်အတွက်ကြည့်လိုက်ရာ တိုက်ဂါးကြီးမရှိတော့ကြောင်း တွေ့လိုက်ရလေ၏။

ကောင်းတုံသည် ဖယောင်းတိုင်ကိုယူ၍ တိုက်ဂါးကြီးအား ရှာဖွေကြည့်သေး၏။ သို့ရာတွင် မတွေ့ရှိရသောကြောင့် ဖယောင်းတိုင်ကို စားပွဲတစ်ခုပေါ်၌ စိုက်၍ထွန်းကာ ၎င်း၏ဓားချက်ဖြင့် သေဆုံးနေသောသူကို သေချာစွာကြည့်လေ၏။ ထိုသူသည် သွေးအိုင်ထဲတွင် အသက်ပျောက်နေပြီဖြစ်၏။ သွေးများသည် ကြမ်းပြင်တစ်လျှောက် စီးကျနေလေ၏။ ကောင်းတုံသည် အိတ်အတွင်းမှ ပွတ်ချွန်းဆေးလိပ်ကိုထုတ်၍ ဖယောင်းတိုင်၌မီးတို့ကာ အကြံတစ်ခုထုတ်လေ၏။ ထို့နောက် သွေးများကို လက်ညှိုးနှင့်တို့ယူကာ အုတ်နံရံ၌ (Tiger) ဟူသော စာတန်းကိုရေး၍ တိုက်ပျက်ကြီးပေါ်မှဆင်းလာလေတော့၏။ ထို့နောက် သက်န်းကျွန်းဘက်ဆီသို့လျှောက်လာရာ ရထားလုံးတစ်စီးကို တွေ့ရလေ၏။ ကောင်းတုံသည် လမ်းဘေးသစ်ပင်ရိပ်၌ကွယ်၍ ရထားလုံးကို အကဲခတ်ရာ ရထားလုံးမှာ လပ်ကြီးမောင်းလာသော ရထားလုံးဖြစ်ကြောင်းတွေ့ရလျှင် ကောင်းတုံက လမ်းပေါ်သို့တက်၍ ရပ်လေ၏။





ထိုအခါ၌ လပ်ကြီးသည် ကောင်းတုံအား ရထားလုံးအတွင်းသို့ လက်ညှိုးညွှန်ပြပြီးလျှင် မျက်စိတစ်ဖက်ကိုလည်း လက်ဝါးဖြင့်အုပ်ပြလေ၏။ ထို့ကြောင့် ကောင်းတုံသည် ရထားလုံးအတွင်း၌ တိုက်ဂါးကြီးစီးနင်းလိုက်ပါလာကြောင်း သိရလေတော့၏။

ထိုသို့သိရလျှင်သိရချင်း ရထားလုံးတံခါးကိုဆွဲဖွင့်လိုက်ရာ လမ်း၏မီးရောင်ကြောင့် တိုက်ဂါးကြီးကို ကောင်းစွာမြင်တွေ့ရလေ၏။ တိုက်ဂါးကြီးမှာ မျက်လုံးတစ်ဖက်မှ သွေးများစီးကျ၍ မျက်လုံးတစ်ဖက်ကို လက်ဝါးဖြင့်အုပ်ထားသည်ကို တွေ့ရလေ၏။ ကောင်းတုံသည် တိုက်ဂါးကြီး၏ပါးချိတ်ဆီသို့ လက်သီးဖြင့် နှစ်ချက်ဆင့်၍ ထိုးချလိုက်လေ၏။ တိုက်ဂါးကြီးလည်း ကောင်းတုံ၏ ပြင်းထန်လှသော လက်သီးဒဏ်ကြောင့် မေ့မြောသွားလေ၏။

ထိုအခါ၌ ကောင်းတုံတို့နှစ်ဦးသည် တိုက်ဂါးကြီးအား ချောင်းထပ်ကြီးဘုရားအနီး လှိုဏ်ကြီးတစ်ခုအတွင်းသို့ ခေါ်သွားကာ လှိုဏ်အတွင်းသို့ တိုက်ဂါးကြီးအား ဆွဲသွင်းကာ ကောင်းတုံက စောင့်နေလေ၏။ လပ်ကြီးကိုမူ ရထားလုံးအား ရွှေဂုံတိုင်ဘက်သို့မောင်းနှင်သွားစေကာ ရွှေဂုံတိုင်၌ ရထားလုံးကို ထားပစ်ခဲ့ပြီးလျှင် လပ်ကြီးအား ပြန်လာရန် မှာလိုက်လေ၏။

လပ်ကြီးလည်း ရွှေဂုံတိုင်ဘက်သို့ ရထားလုံးအား [illegible]



www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်သွား၍ ရွှေဂုံတိုင်၌ ရထားလုံးကိုထားခဲ့ပြီးလျှင် ဇင်းက ခြေကျင်လျှောက်၍ ကောင်းတုံနှင့် တိုက်ဂါးကြီးရှိရာ ခြောက်ထပ်ကြီး ဘုရားအနီးရှိ လျှိုကြီးအတွင်းဆီသို့ ပြန်လာလေတော့၏။

လပ်ကြီးပြန်ရောက်ချိန်၌မူ ကောင်းတုံသည် တိုက်ဂါးကြီးအား နွယ်ကြိုးများတုပ်နှောင်ကာ ပါးစပ်ကိုအဝတ်စည်းလျက် ညှဉ်းပန်းနှိပ်စက်ကာ အမှုစစ်ဆေးနေပြီဖြစ်လေ၏။

"မင်းဆရာ ဘယ်သန်ကြီးဘမှန် ဘယ်မှာတုံး။ ကောင်မလေးကို ဘယ်မှာထားသတုံး။ အဲဒါကို အဖြေပေးမယ်ဆိုရင် မင်းပါးစပ်မှာစည်းထားတဲ့အဝတ်ကို ဖြေပေးမယ်။ အဲဒါကိုမဖြေဘူးဆိုရင်တော့ ကျန်တဲ့မျက်လုံးတစ်ဖက်ကို ဖောက်ပစ်လိုက်ရမှာပဲ"

ဟု ကောင်းတုံက ပြောလိုက်ရာ တိုက်ဂါးကြီး ခေါင်းကိုညိတ်သဖြင့် ကောင်းတုံက ပါးစပ်တွင်စည်းထားသောအဝတ်ကို ဖြေပေးလိုက်လေ၏။ ထိုအခါ တိုက်ဂါးကြီးက သက်နှန်းကျွန်းဘူတာနှင့် လွန်စွာမဝေးသော အိမ်ကြီးတစ်အိမ်ကို ညွှန်ပြပြောဆိုလေ၏။ ကောင်းတုံက. .

"အဲဒီအိမ်ကြီးထဲမှာဖမ်းထားတဲ့ ကောင်မလေးကော ရှိသလား"

ဟု မေးလိုက်ရာ တိုက်ဂါးကြီးက. .





"ရှိပါတယ်။ အခုအချိန်ထိတော့ ကောင်းကောင်းထားပါတယ်။ ခင်ဗျားတို့က သေတ္တာနီကလေးကို အခုလိုလုပ်လိုက်တဲ့အတွက် မိန်းကလေးကိုသတ်မဆိုနိုင်ဘူး"

ဟု ပြောလေ၏။

"အဲဒါ အရေးမကြီးဘူး။ အဲဒီအိမ်မှာ မင်းတို့လူ ဘယ်နှစ်ယောက်ရှိသလဲ။ ဘယ်သန်ဘမှန်ကြီးအပြင် တခြား ဘယ်သူရှိသေးလဲ"

ဟု ကောင်းတုံကမေးရာ တိုက်ဂါးကြီးက. .

"ဘမှန်ရဲ့မိတ်ဆွေတစ်ယောက်ပဲရှိတယ်။ နာမည်တော့မသိဘူး။ ထောင်ထဲမှာ ဘမှန်နဲ့သိခဲ့တယ်လို့ ပြောတာပဲ"

ဟု ဆိုလေ၏။

"အဲဒီလူက ဘယ်အရွယ်လောက်ရှိပြီလဲ"

ဟု ကောင်းတုံက မေးလေ၏။

"ခင်ဗျားနဲ့ ရွယ်တူလောက်ပဲ ရှိမယ်"

ဟု တိုက်ဂါးကြီးက ပြန်၍ပြောလေ၏။ ထိုအခါ ကောင်းတုံသည် တိုက်ဂါးကြီးအား လပ်ကြီးလက်သို့ လွှဲအပ်လိုက်လေ၏။ လပ်ကြီးသည်း တိုက်ဂါးကြီးအားခေါ်ယူ၍ မလွှကုန်းဘူတာရုံအနီးသို့ သွား



www.burmeseclassic.com

www.burmeseclassic.com



ါ၊ တိုက်ဂါးကြီးမှာ သွေးများယိုစီးနေသော မျက်လုံးကြီးပြီး ၌၍ လပ်ကြီးဆွဲခေါ်ရာသို့ လိုက်ပါခဲ့ရလေ၏။ လက်၌မည်း ..များတုပ်နှောင်ထားသည်ဖြစ်ရာ တိုက်ဂါးကြီးအနေနှ ..း မရှိပေ။ ..ရှ မှ

လပ်ကြီးသည်တိုက်ဂါးကြီးအား ရထားခုံးတံတားဆီသို့ ..၏။ ..သာအခါ၌ . .

"မျက်လုံးတစ်ဖက်ကို ဘယ်သူဖောက်ပစ်ထားတာလဲ"

ဟု မေးလိုက်လေ၏။ တိုက်ဂါးကြီးက . .

"ဘမှန်"

ဟု ဖြေလိုက်၏။

"ကိုယ့်မျက်လုံးကိုဖောက်ထားတဲ့လူရဲ့စကားကို ဘ.. လို့ နားထောင်နေရတာလဲ။ ကျုပ်မျက်လုံးကိုလည်း ဖြစ် ဘမှန်ဆိုတဲ့လူကြီးပဲ ဖောက်ပစ်တာ။ ကျုပ်ကဗေဒသို့ပင် မကျေဘူး။ ကဲ . . ခင်ဗျားသွားလိုရာ သွားနိုင်ပြီ။ ကျ..ာင် တော့ ကံအတိုင်းပဲ" ..နိုပ်

ဟု ပြောဆိုကာ လပ်ကြီးလည်း ပြန်လာလေ၏။ တိုက်ငနေ မှာ မမြင်မကန်းနှင့် ရထားလမ်းပေါ်သို့ တက်လေ၏။





သည်ပင်လျှင် ခြေလှမ်းကို တုံ့သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဧည့်ခန်းအတွင်း၌ထိုင် နေရာမှ ခွေးဟောင်သံကြားသဖြင့် လက်နှိပ်ဓာတ်မီးကိုယူကာ ဝရန်တာ သို့သွား၍ ဝရန်တာမှ ခြံတွင်းသို့ မီးဖြင့်ထိုးကြည့်ခဲ့ခြင်းဖြစ်၏။ ထိုသို့ ကြည့်ပြီးနောက် ဧည့်ခန်းဆီသို့ပြန်လာရာ ၎င်းထိုင်သွားသောကုလား ထိုင်၌ တစ်စုံတစ်ယောက်သည် အေးဆေးစွာလာရောက်ထိုင်နေသည် ကို အံ့သြဖွယ်ရာတွေ့ရှိလိုက်ရသောကြောင့်ပင် ဖြစ်၏။

ခြံသည် လုံလုံသည်။ ခြံလုံကြောင်းကိုလည်း ဦးဘမှန်သိ၏။ ခြံတွင်းမှ ခွေးများသည်လည်း ကောင်းလှ၏။ အိမ်အောက်ထပ်၌လည်း တိုက်စွမ်းရည်ကောင်းလှသော ၎င်း၏မိတ်ဆွေတစ်ဦး ရှိနေ၏။ အိမ်ခန်း တံခါးများကိုလည်း လုံခြုံစွာပိတ်ထား၏။

ထိုသို့စိတ်ချရပါလျက် မိမိ၏ဧည့်ခန်း ကုလားထိုင်တွင် မည် သို့မည်ပုံဝင်ရောက်လာသည်မသိသော လူငယ်တစ်ဦးသည် အခန့်သား ထိုင်နေသည်ကို တွေ့ရလေ၏။ ဦးဘမှန်က ထိုသူအား . .

"လူစွမ်းကောင်းလှချည်လား"

ဟု မေးလိုက်လေ၏။ ထိုသူက . .

"ကောင်းရုံတင် ကောင်းတာမဟုတ်ဘူး ကက်ပတိန် စလံ ပတ္တောရေ။ ကျုပ်နဲ့ယှဉ်ပြိုင်ရရင် ခင်ဗျားဟာ တစ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



...၏။ တိုက်ဂါးကြီးမှာ သွေးများယိုစီးနေသော မျက်လုံးတစ်ဖက် ...၍ လပ်ကြီးဆွဲခေါ်ရာသို့ လိုက်ပါခဲ့ရလေ၏။ လက်၌လည်း ...များတုပ်နှောင်ထားသည်ဖြစ်ရာ တိုက်ဂါးကြီးအနေနှင့် ခုခံ ...းမရှိပေ။

လပ်ကြီးသည်တိုက်ဂါးကြီးအား ရထားခုံးတံတားဆီသို့ ရောက် ...သာအခါ၌. .

"မျက်လုံးတစ်ဖက်ကို ဘယ်သူဖောက်ပစ်ထားတာလဲ"

ဟု မေးလိုက်လေ၏။ တိုက်ဂါးကြီးက. .

"ဘမှန်"

ဟု ဖြေလိုက်၏။

"ကိုယ့်မျက်လုံးကိုဖောက်ထားတဲ့လူရဲ့စကားကို ဘာဖြစ် ...လို့ နားထောင်နေရတာလဲ။ ကျုပ်မျက်လုံးကိုလည်း အဲဒီ ဘမှန်ဆိုတဲ့လူကြီးပဲ ဖောက်ပစ်တာ။ ကျုပ်ကတော့ သူ့ ... မကျေဘူး။ ကဲ. . ခင်ဗျားသွားလိုရာ သွားနိုင်ပြီ။ ကျုပ်ကတော့ ကံအတိုင်းပဲ"

ဟု ပြောဆိုကာ လပ်ကြီးလည်း ပြန်လာလေ၏။ တိုက်ဂါးကြီးမှာ မပြင်မကန်းနှင့် ရထားလမ်းပေါ်သို့ တက်လေ၏။





...င်လျှင် ခြေလှမ်းကို တို့သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ဂုင်းသည် ဧည့်ခန်းအတွင်း၌ ထိုင်...ကို ...မှ ခွေးဟောင်သံကြားသဖြင့် လက်နှိပ်ဓာတ်မီးကိုယူကာ ဝရန်တာ ...ရပ်...ား၍ ဝရန်တာမှ ခြံတွင်းသို့ မီးဖြင့်ထိုးကြည့်ခဲ့ခြင်းဖြစ်၏။ ထိုသို့ ...ပြီးနောက် ဧည့်ခန်းဆီသို့ပြန်လာရာ ဂုင်းထိုင်သွားသောကုလား ...၌ တစ်စုံတစ်ယောက်သည် အေးဆေးစွာလာရောက်ထိုင်နေသည် ...အံ့သြဖွယ်ရာတွေ့ရှိလိုက်ရသောကြောင့်ပင် ဖြစ်၏။

ခြံသည် လုံလှသည်။ ခြံလုံကြောင်းကိုလည်း ဦးဘမှန်သိ၏။ ...တွင်းမှ ခွေးများသည်လည်း ကောင်းလှ၏။ အိမ်အောက်ထပ်၌လည်း ...ကျစွမ်းရည်ကောင်းလှသော ဂုင်း၏မိတ်ဆွေတစ်ဦး ရှိနေ၏။ အိမ်တံ...ခါးများကိုလည်း လုံခြုံစွာပိတ်ထား၏။

ထိုသို့စိတ်ချရပါလျက် မိမိ၏ဧည့်ခန်း ကုလားထိုင်တွင် ...အ...သ်ပုံဝင်ရောက်လာသည်မသိသော လူငယ်တစ်ဦးသည် ...ခေ...နေသည်ကို တွေ့ရလေ၏။ ဦးဘမှန်က ထိုသူအား. .

"လူစွမ်းကောင်းလှချည်လား"

ဟု မေးလိုက်လေ၏။ ထိုသူက. .

"ကောင်းရုံတင် ကောင်းတာမဟုတ်ဘူး ... ပတွေ့ရေ။ ကျုပ်နဲ့ယှဉ်ပြိုင်ရရင် ခင်ဗျား...



www.burmeseclassic.com

www.burmeseclassic.com



လုံး တသိမ့်သိမ့်တုန်သွားလိမ့်မယ်။ ကျွပ်နာမည် ကောင်းတုံတဲ့"

ဟု ပြောလိုက်လေ၏။

"ဪ. . မင်းကိုး။ နာမည်ကြားဖူး နေတာတော့ ကြာပါပြီကွာ။ အခုမှ နဖူးတွေ့ဒူးတွေ့ တွေ့ရတော့တယ်။ ငါလိုချင်တဲ့ ပစ္စည်းကလေးမပါဘဲနဲ့ ငါ့ဆီကိုလာတာဟာ သေမင်းဆီကိုလာတာနဲ့ အတူတူပေါ့ ငါ့လူရာ"

ဟု ဦးဘမှန်က ပြောလိုက်လေ၏။

"ဖဲသမားစကားနဲ့ပြောရင်တော့ ဒီတစ်ပွဲဟာ ဒိုင်ရေလျှော်ရမယ့်အလှည့်ပဲ ဦးဘမှန်။ ခင်ဗျားစားလာတာများပြီ။ ဒီတစ်လှည့်ဟာ လျော်ဖို့ပဲစိတ်ကူးပေတော့"

ဟုဆိုကာ ကောင်းတုံသည် နေရာမှ 'ဝုန်း' ခနဲ ထလိုက်လေ၏။ ထို့နောက် နံရံတွင်ထောင်ထားသောလှံကို ဆွဲယူလိုက်လေ၏။

ဦးဘမှန်လည်း ခုခံရန်ကြိုးစားသေး၏။ သို့ရာတွင် မည်သို့မည်ပုံခုခံမည်ကို ကောင်းတုံက နားလည်ထားပြီဖြစ်ရာ ဦးဘမှန်၏ ရင်ဝဆီသို့ လှံဖြင့် မိမိရရထိုးစိုက်နိုင်လိုက်လေတော့၏။ ဦးဘမှန်သည် အံကြိတ်ရင်း လဲကျသွားလေ၏။ ထိုအချိန်၌ပင် အောက်ထပ်၌လည်း တိုက်ခိုက်သတ်ပုတ်နေသံများ ကြားရလေ၏။





ကောင်းတုံသည် အပေါ်ထပ်မှနေ၍ အောက်ထပ်သို့ ပြေးဆင်းလာ၏။ အောက်ထပ်သို့ရောက်သောအခါ၌ ရင်း၏တပည့် လပ်ကြီးသည် ဓားဒဏ်ရာဖြင့် သဆုံးနေပြီဖြစ်၏။ ကောင်းတုံသည် အောက်ထပ်အခန်းတွင်းသို့ သတိကြီးစွာဖြင့် ဝင်သွားလေ၏။ အခန်းတစ်ခု၏တံခါးသည် ပွင့်၍နေ၏။

ကောင်းတုံသည် ထိုတံခါးပေါက်မှနေ၍ ခြံတွင်းသို့ ကြည့်လိုက်ရာ မိန်းကလေးတစ်ဦးသည် ခြံစည်းရိုးအားကျော်တက်ရန် ကြိုးစားနေသည်ကို မြင်ရလေ၏။ ကောင်းတုံသည် ထိုမိန်းကလေးအား မဥ္ဇူသာဖြစ်ကြောင်း ကောင်းစွာမှတ်မိသွားလေ၏။ ထို့ကြောင့်. .

"မဥ္ဇူသာ"

ဟု လှမ်း၍အော်လိုက်လေ၏။ အသံမဆုံးမီ၌ပင် ရင်း၏ဒူးခေါက်ခွက်ဆီသို့ တစ်စုံတစ်ယောက်သည် ဓားဖြင့်ပိုင်းချလိုက်လေတော့၏။ ကောင်းတုံသည် ခွေ၍ကျသွားလေတော့၏။

ထိုအချိန်၌ အခန်းတွင်းမှ မီးများလင်းလာကာ လူတစ်ယောက်သည် ရင်းအပေါ်မှအုပ်မိုး၍ ရပ်နေသည်ကို တွေ့ရလေ၏။ ထိုသူသည် မည်သူမည်ဝါဖြစ်သည်ကို ကောင်းတုံက ကြည့်လိုက်လေ၏။ ထို့နောက်. .

"ကောင်းစံပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

"အေး. . ဟုတ်တယ်။ ငါက မင်းလာမယ်ဆိုတာ သိပါတယ်။ မဥ္စူသာကို ငါလိုက်ပြီးသတ်ရင် မီပါတယ်။ အပေါ်ထပ်မှာ မင်းရောက်နေတယ်ဆိုတာလည်း ငါသိတယ်။ မင်းလက်ချက်နဲ့ ငါ့မိတ်ဆွေကြီးတော့ သေရှာပြီပေါ့။ မင်းမှတ်မိသေးလားကောင်းတုံ။ ငါ့ကို သေတ္တာထဲထည့်ပြီး ထောင်ထဲကိုပို့လိုက်တာလေ။ ငါမကျေဘူးကွ။ အခု မင်း သေရတော့မယ်။ မင်းခြေထောက်ကို ငါဓားနဲ့ခုတ်လိုက်တဲ့ဒဏ်ရာဟာ တကယ်တော့ သေလောက်တဲ့ ဒဏ်ရာ မဟုတ်ပါဘူး။ ဒါပေမယ့် မင်းဟာ ဒီနေရာကနေ ဘယ်ကိုမှ မရွေ့နိုင်တော့ဘူး။ ငါဘာလုပ်မလဲ. . သိလား။ ဟောဟိုဘေးကအခန်းထဲမှာ ရေနံဆီပုံးကြီးတွေ ရှိတယ်ကွ။ တစ်အိမ်လုံးကို ငါ လိုက်ပြီးဖျန်းမယ်။ ပြီးတော့ မီးရှို့လိုက်မယ်။ မင်းဟာ မီးတောက်မီးလျှံတွေကိုကြည့်ရင်း အသက်ထွက်သွားရလိမ့်မယ်"

ဟု ဆိုကာ ကောင်းစံသည် ထွက်သွားလေတော့၏။

ထို့နောက်တွင်ကား ပီပါဖွင့်သံများ၊ ရေနံဆီများ ပက်ဖျန်းနေသံများနှင့်တကွ ရေနံဆီနံ့များကိုပါ ရလေ၏။ ကောင်းတုံသည် နေရာမှ





ရွေ့ရန် ကြိုးစားကြည့်၏။ သို့ရာတွင် ၎င်း၏ ဒဏ်ရာမှာ လုံးဝ ရွေ့၍မရနိုင်အောင်ဖြစ်လေ၏။ ထို့ကြောင့် ၎င်းသည် ဝမ်းလျားမှောက်၍ တရွေ့ရွေ့ ရွေ့သို့သွားလေ၏။ ကောင်းစံမှာ တံခါးများအားလုံးကို ပိတ်ဆို့သွားပြီဖြစ်၏။

ကောင်းတုံသည် လွတ်လိုလွတ်ငြား တံခါးပေါက်တစ်ခုမှတစ်ခုသို့ ဖင်ရွေ့ဖင်ရွေ့ဖြင့်သွားလေ၏။ ထိုအချိန်၌ပင် ကောင်းစံက အိမ်ကြီးအား မီးရှို့လိုက်ပြီဖြစ်၏။

ကောင်းတုံသည် မီးရှို့လိုက်ကြောင်းကို သိ၏။ ထို့ကြောင့် လွတ်မြောက်ရန်လမ်းစကို အပူတပြင်းရှာဖွေနေလေသည်။ ထိုအချိန်၌ပင် မီးသည် တဟုန်းဟုန်းတောက်လောင်လာလေတော့၏။ တစ်စုံတစ်ယောက်သည် ကောင်းတုံရှိရာအခန်း၏ တံခါးပေါက်အား ထုခွဲချိုးဖျက်နေသည်ကို တွေ့ရလေ၏။

တံခါးသည် တစ်ချပ်လုံးကျိုးမသွားသည့်တိုင်အောင် လျှာထိုးပျဉ်တံခါးရွက်များသည် ပေါက်ပြကျိုးပျက်၍သွားလေ၏။ ထိုအခါ လူတစ်ယောက်သည် ထိုအပေါက်မှဝင်လာကာ ကောင်းတုံအား ဆွဲ၍ထုတ်လေ၏။ အပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ကောင်းတုံအားဆွဲထုတ်လာသူအား တစ်စုံတစ်ယောက်က ဓားဖြင့်ဝင်၍ခုတ်လေ၏။

ကောင်းတုံအား ဆွဲထုတ်လာသူသည် ထိုသူအား ပြန်လှန်ခုခံ



www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက် ကောင်းတုံအား လွှတ်လိုက်လေ၏။

ထို့နောက် ကောင်းတုံကို ဆွဲထုတ်လာသူနှင့် ထိုဆွဲထုတ်လာသူအား ဓားဖြင့်ခုတ်သူတို့သည် ထွေးလားလုံးလား သတ်ပုတ်နေသည်ကို တွေ့ရလေ၏။ ကောင်းတုံသည် ထိုသူနှစ်ဦးအားကြည့်ရှုနေစဉ်၌ပင် ထိုသူနှစ်ဦးသည် ထွေးလားလုံးလားသတ်ပုတ်ရင်း အိမ်၏အောက်ဘက်ဆီသို့ ရောက်ရှိသွားကြလေတော့၏။

ထိုအချိန်၌ပင် မီးသည် ၎င်းတို့နှစ်ဦး ဝင်သွားသောနေရာ၏ အပြင်ဘက်မှ သစ်သားတန်းများကို ကူးစက်လောင်ကျွမ်းလေတော့၏။

ကောင်းတုံသည် ထိုသူနှစ်ဦးအား မီးရောင်ဖြင့် ကောင်းစွာ တွေ့ရလေ၏။ တစ်ဦးမှာ ကောင်းစံဖြစ်၍ ကျန်တစ်ဦးမှာ ၎င်း၏ဆရာကြီး ဦးလောစံဖြစ်ကြောင်း သိရလေတော့၏။ ၎င်းအား ပိတ်နေသောအခန်းကို ရိုက်ချိုးဖျက်ဆီး၍ ကယ်ထုတ်ခဲ့သူမှာ ၎င်း၏ဆရာကြီး ဦးလောစံဖြစ်ကြောင်း သိရလေတော့၏။

ဦးလောစံနှင့် ကောင်းစံတို့သည် အကြိတ်အနယ်သတ်ပုတ်နေကြလေ၏။ ၎င်းတို့သတ်ပုတ်သောနေရာမှာ ကောင်းတုံအား ကောင်းစံက တံခါးများပိတ်၍ထားခဲ့သောအခန်းနှင့် ကပ်လျက်အခန်း၌ဖြစ်၏။

ဦးလောစံသည် ကောင်းစံအားအရှိုက်ကို လက်သီးဖြင့်ထိုး၍ အခန်း၏အတွင်းကျသောဘက်သို့ ကန်ထုတ်လိုက်လေ၏။ ထို့နောက်



၎င်းသည် အပြင်သို့ပြန်ထွက်ရန်ကြည့်လိုက်ရာ ထွက်ပေါက်တွင်ရှိသော သစ်သားများအား မီးများလောင်ကျွမ်းနေသည်ကို တွေ့ရလေတော့၏။

သို့ရာတွင် ဦးလောစံသည် ထိုမီးလောင်သောအပေါက်မှပင် ခုန်၍ထွက်လေ၏။ ၎င်းသည် တစ်ကိုယ်လုံး မီးအဟပ်ခံရ၏။ မျက်နှာမှာလည်း မီးရဲနေသောသစ်သားတန်းဖြင့် ရိုက်မိ၏။ သို့ရာတွင် ဦးလောစံသည် မသေပေ။ ကောင်းတုံအနီးသို့ရောက်သောအခါ၌ သတိလစ်မေ့မြောသွားလေတော့၏။

ကောင်းတုံသည် ၎င်း၏ဆရာကြီးအား ကျောပေါ်၌တင်ကာ အိမ်နောက်ဖေးခြံပေါက်ဆီသို့ တရွေ့ရွေ့ထွက်ခဲ့လေ၏။ ခြံပေါက်သို့ ရောက်လျှင် ခြံအောက်ရှိ အပေါက်ငယ်တစ်ခုကိုတွေ့ရာ ထိုအပေါက်ငယ်မှ ကြိုးစား၍ အပြင်သို့ထွက်လေ၏။ အပြင်သို့ရောက်သောအခါ၌ လမ်းအတိုင်းတရွေ့ရွေ့သွားနေစဉ်မှာပင် မော်တော်ကားတစ်စီးသည် ၎င်းတို့အနီးသို့ ရောက်ရှိလာလေတော့၏။

ကားပေါ်မှ မဥ္စူသာနှင့်လူတစ်ယောက် ဆင်းလာပြီးလျှင် မောင်ကောင်းတုံနှင့် ဦးလောစံအား ကားပေါ်သို့တွဲ၍တင်လေ၏။ ထို့နောက် မော်တော်ကားသည် တရွေ့ရွေ့နှင့် မြေနီလမ်းကလေးကို ဖြတ်ကျော်ကာ ကတ္တရာလမ်းဆီသို့ ထွက်သွားလေတော့၏။

ထိုမော်တော်ကားလေးသည် ကတ္တရာလမ်းသို့ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ၌မူ အိပ်မောကျလျက် ရှိသောထိုဒေသသည် လှုပ်လှုပ်ရွရွဖြစ်လေတော့၏။ အိမ်မည်းကြီးမှာလည်း မီးတောက်မီးလျှံများ တက်လာလေတော့၏။ အနီးအပါးမှလူအများသည် မိမိတို့ပစ္စည်းကို သယ်ပိုးသူကသယ်ပိုး၊ ထိုအိမ်ကြီးကို ရေပက်ငြှိမ်းသတ်သူက ငြှိမ်းသတ်ခြင်းပြုလုပ်ကြလေ၏။

များမကြာမီ၌ပင် မီးသတ်ကားများရောက်ရှိလာကာ မီးသတ်ပိုက်များဖြင့်ပက်လေတော့ရာ ထိုအိမ်မည်းကြီး၏အောက်ထပ်သည် အချို့နေရာများ၌ မီးကျွမ်း၏။ အချို့နေရာများ၌ လုံးဝလောင်ကျွမ်းခဲ့၏။ မီးသတ်ကားများလည်း နိုင်နင်းစွာငြှိမ်းသတ်နိုင်သောကြောင့် မီးသည် ငြှိမ်းသွားလေတော့၏။

အော်စတင်ကားနက်ကလေးတစ်စီးမှာမူ သက်န်းကျွန်းလမ်းမှ တစ်ဆင့် ရွှေဂုံတိုင်ဘက်သို့မောင်းနှင်ကာ မင်္ဂလာဒုံဘက်သို့ တရွေ့ရွေ့သွားနေလေတော့၏။ မင်္ဂလာဒုံသို့ရောက်လျှင် ထိုကားကလေးသည် ထောက်ကြံ့ဘက်ဆီသို့ ဆက် လက်မောင်းနှင်လေတော့၏၊ ထောက်ကြံ့ရှိ ခြံဝင်းကျယ်ကြီးတစ်ခုသို့ရောက်သောအခါ၌မူ မော်တော်ကားကလေးသည် ထိုခြံဝင်းအတွင်းသို့ ဝင်သွားလေတော့၏။

ခြံတွင်းသို့ရောက်သောအခါ၌ ဦးလောစံသည် ကောင်းစွာသတိရပြီဖြစ်၏။ ၎င်းကပင် ကားမောင်းသောသူအား မည်သည့်ပုလင်းထဲက ဆေးကို မည်သို့ဖော်စပ်ရမည်ဟု ညွှန်ကြားပြောဆိုကာ ၎င်းတစ်ကိုယ်လုံးအား သုတ်လိမ်းခိုင်းလေ၏။

မောင်ကောင်းတုံအတွက်လည်း ဦးလောစံသည် ဆေးများကို ညွှန်ကြားပြောဆို၍ မဉ္ဇူသာကို ဆေးများစပ်ခိုင်းလေ၏။ ပြီးလျှင် မဉ္ဇူသာကိုပင် မောင်ကောင်းတုံ၏ဒူးခေါက်ခွက်အနီးရှိ မားဒဏ်ရာကို ဆေးများထည့်ခိုင်းလေ ၏။

မဉ္ဇူအာသည်လည်း ဦးလောစံညွှန်ကြားသည့်အတိုင်း ဆေးပုလင်းများကိုစပ်၍ မောင်ကောင်းတုံ၏ခြေထောက်အား ကြင်နာစွာနှင့်ဆေးထည့်ပေးလေ၏။

သုံးရက်မြောက်သောနေ့၌ မောင်ကောင်းတုံ၏ဒဏ်ရာမှာ ကောင်းစွာမသက်သာသေးသော်လည်း ဦးလောစံ၏ မီးလောင်ခံရသောဒဏ်ရာများမှာ ကောင်းစွာသက်သာပြီဖြစ်၏။ သို့ရာတွင် ဦးလောစံမှာမူ မီးလောင်ခံရသောဒဏ်ရာကြောင့် မီးသွေးတစ်တုံးမျှမည်းနက်၍သွား၏။ မီးကျွမ်းသောတိုင်ကို မျက်နှာနှင့်တိုက်မိသောကြောင့် မျက်နှာတစ်ခြမ်းရွဲ့သွား၏။ စကားသံမှာလည်း မပီမသဖြစ်သွားလေတော့၏။ ဦးလောစံမှာ လူစင်စစ်ဖြစ်ပါလျက် သရဲတစ္ဆေတမျှ ရုပ်ဆိုးသွား၏။ ခါးလည်း အနည်းငယ်ကိုင်းသွား၏။

မဉ္ဇူသာမှာမူ မောင်ကောင်းတုံအား တစ်ပတ်ခန့် ဆက်လက်၍







www.burmeseclassic.com

www.burmeseclassic.com



ပြုစုပေးနေရလေ၏။ မောင်ကောင်းတုံသည် အိပ်ရာတွင်းမှ ထ
အောင်ရှိလေ၏။ မဥ္ဇူသာက မောင်ကောင်းတုံအား မန္တလေးသို့
၍ ကုသမည်ဟုပြော၏။ သို့ရာတွင် မောင်ကောင်းတုံက. .

"မဖြစ်ဘူး မဥ္ဇူသာ။ ကျုပ်ဟာ လူသတ်မှုတွေ ကျူး
ထားတာ။ အပြင်ထွက်တာနဲ့ ပုလိပ်လက်ထဲ ရောက်
လိမ့်မယ်။ အဲဒီလူသတ်မှုတွေဟာ ကျုပ်ရဲ့လက်ချက်
တယ်လို့ ပုလိပ်ဘက်က ခန့်မှန်းနိုင်သလား၊ မခန့်မှန်း
သလားဆိုတာ လေ့လာရမယ်။ အဲဒီလိုလေ့လာပြီးမှ
လို့ဖြစ်မယ်။ အရမ်းထွက်လို့ မဖြစ်ဘူး။ မဥ္ဇူသာရဲ့
က မဥ္ဇူသာအတွက် စိတ်ပူချင် ပူနေလိမ့်မယ်။ အဲဒီ
မဥ္ဇူသာ တိတ်တဆိတ် လှမ်းပြီးဆက်သွယ်ချင် ဆက်
ပါ။ လပ်ကြီးရဲ့ ပြောပြချက်အရဆိုရင် မဥ္ဇူသာရဲ့
ဟာ ကြို့ကုန်းဘူတာနားက ဦးတောကျော်ဆိုတဲ့ လူ
ရဲ့အိမ်ကို ရောက်နေတယ်။ အဲဒီလူကြီးဟာ မဥ္ဇူသာ
တရားသူကြီးလုပ်တုန်းက သူ့ကရုံးမှာ ပြွန်းလုပ်ခဲ့ဖူး

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ် ကိုကောင်းတုံ။ ဦးတောကျော်ကို မဥ္ဇူ
သိပါတယ်။ ဖေဖေ့တပည့်ကြီးပါ။ ရန်ကုန်လာတိုင်း





ဟာ အဲဒီအိမ်မှာတည်းလေ့ရှိပါတယ်။ မဥ္ဇူသာ အဲဒီအိမ်
ကို လှမ်းပြီးဆက်သွယ်မယ်နော်"

ဟု မဥ္ဇူသာက ပြောလေ၏။

ထို့နောက် မဥ္ဇူသာသည် ၎င်း၏ဖခင်နှင့် ဆက်သွယ်လေတော့၏။ ဖခင်ဖြစ်သူလည်း ညအခါ၌လာရောက်၍ မဥ္ဇူသာနှင့် မောင်ကောင်းတုံတို့ကိုကြည့်ရှုကြလေ၏။ ထို့ကြောင့် ဦးလောစံနှင့်ပါ တွေ့ဆုံရလေတော့၏။ ဦးလောစံ၏ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားပုံကို တွေ့ရလျှင် မဥ္ဇူသာ၏ဖခင် ဦးကံသာသည် စိတ်မကောင်းဖြစ်ရလေတော့၏။

"ဦးလောစံရဲ့တပည့် မောင်ကောင်းတုံဟာ ဆရာကောင်း
တပည့် ပန်းကောင်းပန်ဆိုသလိုပါပဲ။ ဦးလောစံကိုလည်း
အလွန်ရှိသေလေးစားပုံပဲဗျာ"

ဟု ဦးကံသာက ပြောလေ၏။

ထိုအခါ ဦးလောစံက. .

"ကောင်းစံဆိုတဲ့ကောင် ရန်ကုန် ကိုရောက်နေတယ်ဆိုတဲ့
သတင်းကြားကတည်းက ကျုပ်ဟာ ကျုပ်တပည့် မောင်
ကျင်စိန်ရဲ့ကားကို အသုံးပြုတယ်။ ကောင်းစံဟာ ကောင်းတုံ
ကို ကောင်းကောင်းကြီး ဒုက္ခပေးလိမ့်မယ်လို့လည်း မျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်နေမိတာ။ မောင်ကျင်စိန်ဆိုတာကလည်း သူ့ရဲ့မော်တော်ကားစုတ်ကလေးနဲ့ ကျုပ်သွားချင်တဲ့နေရာကို လိုက်ပို့ရှာပါတယ်။ သူကလည်း ကျုပ်ကိုလေးစားတာပေါ့ဗျာ။ သူ့ရဲ့မိသားစုတစ်စုလုံးရဲ့အသက်ကို ကျုပ်က ကျုပ်တတ်တဲ့ဆေးပညာနဲ့ကယ်ဆယ်ထားရတာ။ ဒီကောင်လေးဟာ ကြောက်တတ်ပါတယ်။ ဒါပေမယ့် ကျုပ်ကိုလေးစားလို့ ကျုပ်သွားချင်တဲ့နေရာကို လိုက်ပြီးပို့ပေးရှာတယ်။ ကျုပ်ဟာ ကောင်းစံရဲ့ သွားလာလှုပ်ရှားပုံကို လေ့လာခဲ့တာ။ နောက်ဆုံးမှာ ကောင်းစံဟာ လူဆိုးတွေနဲ့ပေါင်းပြီး သက်န်းကျွန်းဘက်မှာ စတည်းချနေတယ်ဆိုတာကို သိရတယ်။ သူတို့လူစု မန္တလေးဘက်ကိုသွားတယ်ဆိုလို့ မန္တလေးဘက်ကို တစေ့တစောင်းကြည့်တော့လည်း သူတို့ဟာ တရားသူကြီးဦးကံသာရဲ့အိမ်ကို ချောင်းမြောင်းနေတာ တွေ့ရပြန်တယ်။ အဲဒါနဲ့ ဆက်ပြီးလေ့လာလိုက်တော့ အဲဒီအိမ်မှာ ကောင်းတုံကိုတွေ့ရတယ်။ ဒီကတည်းကိုက ကောင်းစံတို့လူစုဟာ ကောင်းတုံကို လုပ်ကြံတော့မယ်ဆိုတာ ကျုပ်ရိပ်မိပါတယ်။ ဒါကြောင့် သူတို့ရဲ့ခြေလှမ်းကို မျက်ခြည်မပြတ်ကြည့်ခဲ့တာပဲ။ မောင်ကျင်စိန်ကိုလည်း အဲဒီနားမှာ





စောင့်ကြည့်ဖို့ တာဝန်ပေးခဲ့တယ်။ အဲဒီညမှာ မောင်ကျင်စိန်က သက်န်းကျွန်းက ကောင်းစံတို့ရှိနေတဲ့အိမ်နားမှာ လူနှစ်ယောက်ကိုတွေ့ရတယ်လို့ ပုံပန်းသဏ္ဌာန်နဲ့တကွ လာပြီးပြောတယ်။ ဒီတော့ အဲဒီလူနှစ်ယောက်ဆိုတာ တစ်ယောက်ဟာ ကျုပ်တပည့်ကြီး ကောင်းတုံဆိုတာ ဖြစ်ရမယ်လို့ ကျုပ်အတပ်သိပါတယ်။ အဲဒီနေ့မနက်က သတင်းစာမှာလည်း ဘောက်ထော်က တိုက်ပျက်ကြီးထဲမှာ ဖြစ်ပွားတဲ့ လူသတ်မှုသတင်းကို ဖတ်ရတယ်လေ။ အဲဒီလက်ချက်ဟာ ကောင်းတုံရဲ့လက်ချက်ပဲလို့ ကျုပ်နားလည်တယ်။ ဒါနဲ့ ကျုပ်လည်း မောင်ကျင်စိန်ရဲ့ကားနဲ့ သက်န်းကျွန်းကို သွားခဲ့တာ။ ကျုပ်တပည့်ကြီးအကူအညီလိုအပ်ရင် ကူညီဖို့ပဲဆိုပါတော့။ ကျုပ်ထင်တဲ့အတိုင်းပဲ ကျုပ်တပည့်ကြီးဟာ ကောင်းစံဆိုတဲ့ကောင်ရဲ့ ထောင်ချောက်ထဲမှာ ပိတ်မိနေရှာတော့တာကိုး။ မဋ္ဌသာလည်း ပိတ်လှောင်ထားတဲ့ဆီက လွတ်ထွက်လာတာကိုမြင်လို့ ကျုပ်ကခေါ်ထားလိုက်ပြီး မောင်ကျင်စိန်နဲ့ထားခဲ့ပြီး ခြံကြီးထဲကို ကျုပ်ဝင်တာ။ ကျုပ်ရောက်ခဲ့ပေလို့သာပေါ့ဗျာ။ ကောင်းစံရှို့ထားတဲ့မီးတွေက အိမ်အောက်ထပ်တစ်ထပ်လုံးကို ဝိုင်းနေပြီဗျ။ ကျုပ်သိတဲ့



www.burmeseclassic.com

အခါကျတော့ လွယ်ပါပြီဗျာ။ ခြံစောင့်ခွေးနှစ်ကောင်ဟာ ကောင်းတုံရဲ့တဖည့်လက်ချက်နဲ့ သေနေကြပြီပဲ"

ဟူ၍ အဖြစ်အပျက်တစ်ခုလုံးကို ရှည်လျားစွာ ပြောပြလေတော့၏။

❖ ❖ ❖

ထို့နောက်တွင်ကား မဥ္ဇူသာ၏ဖခင် ဦးကံသာသည် မကြာခဏဆိုသလို ဦးလောစံ၏အိမ်ကြီးသို့ လာရောက်ခဲ့လေ၏။ မဥ္ဇူသာမှာမူ ထိုအိမ်ကြီး၌နေထိုင်၍ ကောင်းတုံအား ပြုစုနေလေ၏။

တစ်နေ့သ၌ သတင်းစာထဲတွင် သားရေသေတ္တာကလေးတစ်လုံး ကောက်ရထားကြောင်း ကြော်ငြာတစ်ခုပါလာလေ၏။ ထိုကြော်ငြာတွင် သေတ္တာ၏အရွယ်အစားနှင့်တကွ သေတ္တာသည်လွန်စွာလှပကြောင်း၊ သားရေသေတ္တာဖြစ်လင့်ကစား အတွင်း၌ သံဖြင့်ပြုလုပ်ထားဖွယ်ရှိကြောင်း၊ ထိုသေတ္တာကို မြိတ်သင်္ဘောဆိပ်မှ ရရှိခဲ့ကြောင်း၊ မြိတ်မြို့တွင်လည်း စုံစမ်းခဲ့ရာ ပိုင်ရှင်မတွေ့ရသောကြောင့် သတင်းစာမှ ကြော်ငြာရကြောင်း၊ သေတ္တာပိုင်ရှင်သည် ထိုကြော်ငြာကို တွေ့ရှိပါက ၂၉၇ ဘိုးလိန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့သို့ လာရောက်၍ မိမိ၏သေတ္တာပုံပန်းသဏ္ဌာန်ကို အတိအကျဖော်ပြနိုင်လျှင် ပေးအပ်မည်ကြောင်း ဖော်ပြထားလေ၏။ ထိုသတင်းကို ဖတ်ရှုပြီးနောက် ကောင်းတုံနှင့် မဥ္ဇူသာတို့သည် အထူးပင် တုန်လှုပ်သွားကြလေတော့၏။

'ပြည်တော်ပြန်' စက်လှေကြီးဖြင့် လိုက်ပါသွားခဲ့ပြီဖြစ်သော ကောင်းတုံ၏တပည့် 'လပ်ကလေး' ဆိုသူသည် အန္တရာယ်တစ်ခုကျရောက်ခဲ့ကြောင်း ထင်ရှားပေသည်။ ထိုသေတ္တာကို ရရှိထားသူသည် ရိုးသားသော၊ ပစ္စည်းချင်းစာနာတတ်သောသူဖြစ်သောကြောင့်သာ ဤသို့ကြော်ငြာနေခြင်းဖြစ်၏။

မိမိတို့မှာမူ ဤသေတ္တာကလေးအတွက် အသက်စွန့်သူများစွန့်သွားကြ၏။ ထိုသေတ္တာကလေးရထားသူသည် သေတ္တာကလေး၏တန်ဖိုးရှိပုံကိုမသိသောကြောင့်သာ ဤသို့ သတင်းစာကြော်ငြာထည့်၍ ပြန်ပေးရန် စီစဉ်ခြင်းဖြစ်၏။

ဤလောကသည် ဆန်းကြယ်၏။ လူညစ် လူကောက်များရှိသကဲ့သို့ လူရိုးလူဖြောင့်လည်း ရှိတတ်ပေသည်။ မဥ္ဇူသာတို့၏ သေတ္တာကလေးသည် ကံကောင်းထောက်မသောကြောင့် သူတစ်ပါး၏ပစ္စည်းဆိုလျှင် မက်မောခြင်းမရှိတတ်သော လူရိုးလူဖြောင့်တစ်ဦး၏လက်တွင်းသို့ ရောက်ရှိသွားခြင်းဖြစ်ပေသည်ဟု တွေးမိကြသောကြောင့် သတင်းစာတွင်ပါသောလိပ်စာသို့သွားရောက်၍ သေတ္တာကလေးကိုယူရန် စီစဉ်ကြလေတော့၏။







www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကောင်းတုံက တစ်ခုစဉ်းစားမိသည်မှာ ထိုသတင်းစာကြော်ငြာသည် မိမိအား ထောင်ချောက်ဆင်ခြင်းလည်း ဖြစ်နိုင်ဖွယ်ရာရှိ၏။ အကယ်၍ ထောင်ချောက်ဆင်ခဲ့လျှင်လည်း မိမိအနေနှင့် ရှောင်တိမ်းနိုင်ရန် စီစဉ်ရလေသည်။ စီစဉ်ပုံမှာ ဤသို့ဖြစ်၏။ သေတ္တာကလေးအား ညနေစောင်းတွင် ဦးကံသာ၏တပည့် ဦးတောကျော်က သွားရောက်ယူရန်ဖြစ်၏။

ဦးတောကျော်နှင့် မောင်ကျင်စိန်တို့သည် ထိုသေတ္တာကလေးအား ရွှေတိဂုံဘုရားပေါ်၌ အချိန်းအချက်လုပ်၍ လက်ပြောင်းပေးရန်ဖြစ်၏။ မောင်ကျင်စိန်သည် ဦးတောကျော်ထံမှသေတ္တာကို လက်ခံပြီးနောက် ဦးလောစံ၏အိမ်သို့ လာရောက်ကာ ပေးအပ်ရန်ဖြစ်၏။ ထိုသို့ပြုလုပ်ရန် အစီအစဉ်ကို နာရီ၊ မိနစ်နှင့်တကွ အတိအကျ သတ်မှတ်ထား၏။

အကယ်၍ ထောင်ချောက်ဆင်ထားခြင်းဖြစ်သောကြောင့် ဦးတောကျော်အား ဖမ်းဆီးခြင်း၊ တစ်စုံတစ်ခုပြုလုပ်ခြင်းပြုပါက ဦးတောကျော်အနေနှင့် မောင်ကျင်စိန်နှင့်တွေ့ဆုံရန် ရွှေတိဂုံဘုရားပေါ်သို့ မလာရောက်နိုင်ဘဲရှိလိမ့်မည်။ ထိုအခါ မောင်ကျင်စိန်သည် ကောင်းတုံတို့ထံ လာရောက်၍ အကျိုးအကြောင်းပြောရန် ဖြစ်၏။ ထိုအခါ၌ ကောင်းတုံသည် ရှောင်တိမ်းရန် အချိန်ရပေလိမ့်မည်။





ဦးတောကျော်ကို ဖမ်းမိ၍ စစ်ဆေးပါကလည်း ဦးတောကျော်သည် ကောင်းတုံ၏နေရာကိုလည်းမသိ၊ ကောင်းတုံ၏အကြောင်းကိုလည်း မသိသောကြောင့် မည်သို့မျှ ဖော်ပြောနိုင်လိမ့်မည်မဟုတ်ပေ။ ထိုသို့စီစဉ်ပြီးနောက် ဦးကံသာသည် ဦးတောကျော်၏အိမ်၌ မနေတော့ဘဲ ကောင်းတုံတို့နှင့်အတူ လာရောက်နေထိုင်ရလေ၏။

ဦးကံသာသည် ကောင်းတုံစီစဉ်ခိုင်းသည့်အတိုင်း ၂၉၅၊ ဘိုးလိန်းလမ်း၊ ကျောက်မြောင်းသို့ သေတ္တာကလေးကိုယူရန်အတွက် မည်သို့မည်ပုံသွားရမည်ကို အသေးစိတ်ညွှန်ပြပေးလိုက်လေ၏။ သေတ္တာကိုရရှိသောအခါ၌ ရွှေတိဂုံဘုရားသို့ တက်ရမည်။ ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်တွင်ရှိသော ခေါင်းလောင်းကြီးအနီး၌ အကျႌအနီဝတ်ထားသောလူတစ်ယောက် ထိုင်နေမည်။ ထိုလူအနီးသို့ ဦးတောကျော်က သေတ္တာနှင့်တကွ သွားရောက်၍ထိုင်ရမည်။ ပြီးလျှင် ထိုသူအား. .

"စလံပတ္တော"

ဟု နှုတ်ဆက်ရမည်။

ထိုသူကလည်း. .

"စလံပတ္တော"

ဟုပင် ပြန်၍နှုတ်ဆက်ရမည်။ ထို့နောက် ထိုအကျႌနီဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သူသည် သေတ္တာကိုယူ၍ နေရာမှထသွားမည်။ ဦးတောကျော်က ထိုင်နေခဲ့ရမည်၊ အကျီနီဝတ်ထားသူသည် သေတ္တာကိုရသောအခါ၌ ထောက်ကြံ့သို့ပြန်လာရန်ဖြစ်၏။

ကောင်းတုံသည် ဤသို့လျှင် စနစ်တကျ စီမံ၍ ဦးကံသာအား ပြောပြလေ၏။ ဦးကံသာကလည်း ကောင်းတုံပြောသည့်အတိုင်း ဦးတောကျော်ကိုပြော၍ ၂၉၅၊ ဘိုးလိန်းလမ်းသို့ လွှတ်လိုက်လေတော့၏။

ဦးတောကျော်သည် ၂၉၅၊ ဘိုးလိန်းလမ်းသို့ ထိုနေ့ည (၆) နာရီတိတိတွင်ရောက်၍ သေတ္တာ၏ပုံပန်းသဏ္ဌာန်၊ အရွယ်အစားကို ပြောပြရာ ထိုအိမ်မှလူတစ်ဦးက (ဆားပုလင်းနှင်းမောင်) သေတ္တာကိုယူ၍. .

"ခင်ဗျားပျောက်သွားတာ ဟုတ်ရဲ့လား"

ဟု ပြောဆိုကာပြလေ၏။

ထို့နောက် သူကပင် ဦးတောကျော်အား အနည်းငယ်မေးမြန်းပြီးနောက် သေတ္တာကို ပေးလိုက်လေ၏။

ထိုအချိန်၌ပင် ထိုအိမ်တွင် သေတ္တာကိုပေးလိုက်သူအပြင် အခြားလူတစ်ယောက်လည်း ရှိလေ၏။ (ထိုလူမှာ ကွန့်ပ်ဦးအောင်သင်းဖြစ်၏။) ဦးတောကျော်သည် သေတ္တာကိုယူခဲ့၍ ရွှေတိဂုံဘုရား တောင်ဘက်မုခ်နားရှိ ခေါင်းလောင်းကြီးဆီသို့ ရောက်ရှိလေ၏။ ခေါင်းလောင်းကြီး





အနီး၌ကား အကျီနီဝတ်ထားသော တရုတ်ကပြားလူငယ်တစ်ယောက်ကို တွေ့ရလေ၏၊ ထိုလူငယ်အား ဦးတောကျော်က. .

"စလံပတ္တော"

ဟု နှုတ်ဆက်ရာ ထိုလူငယ်ကလည်း. .

"စလံပတ္တော"

ဟု ပြန်၍နှုတ်ဆက်သဖြင့် သေတ္တာကို ထိုလူငယ်လက်သို့ ပေးလိုက်လေ၏။ ထိုအကျီအနီဝတ်ထားသောလူငယ်သည် သေတ္တာကိုရလျှင် တောင်ဘက်မုခ်မှဆင်း၍ ၎င်း၏မော်တော်ကားအနက်ကလေးပေါ်သို့တက်ကာ မောင်းနှင်သွားလေတော့၏။

ထိုမော်တော်ကားလေးသည် ပြည်လမ်းအတိုင်း မောင်းနှင်ခဲ့ရာမှ မင်္ဂလာဒုံသို့ ရောက်ရှိ၏။ မင်္ဂလာဒုံမှတစ်ဖန် ထောက်ကြံ့ရှိ ဦးလောစံ၏ခြံကြီးအတွင်းသို့ ရောက်ရှိလာလေ၏။ ဦးလောစံက မောင်ကျင်စိန်အား. .

"နေရာကျခဲ့ရဲ့လား"

ဟု မေးလေ၏။

"ရခဲ့ပါပြီ ဆရာကြီး"

ဟု မောင်ကျင်စိန်ကပြောပြီးလျှင် သေတ္တာအား ကောင်းတုံလက်သို့ အပ်လိုက်လေ၏၊ ကောင်းတုံသည် သေတ္တာကိုယူလိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်နှာဖုတ်၍သွားလေ၏။ ထိုအခါ ဦးကံသာက. .

"ဘာလဲ. . မောင်ကောင်းတုံ"

ဟု မေးလေ၏။

"ဒီသေတ္တာဟာ ကျွန်တော်တို့သေတ္တာနဲ့ အနီးစပ်ဆုံး တူအောင်လုပ်ထားတာ။ အလေးချိန်လည်း အတူတူလောက်ပဲ။ ဒါပေမယ့် ကျွန်တော်တို့ဟာ မဟုတ်ဘူး။ ဒါအတုပဲ"

ဟု ပြောဆိုကာ သေတ္တာသော့ကလေးအား ရိုက်ချိုး၍ သေတ္တာအဖုံးကိုဖွင့်လိုက်ရာ အတွင်း၌ အခြားမည်သည့်ပစ္စည်းကိုမျှ မတွေ့ရဘဲ စာရွက်ဖြူကလေးတစ်ရွက်သာတွေ့ရလေ၏။

ကောင်းတုံသည် ထိုစာရွက်ကလေးကို ဆွဲထုတ်၍ ကြည့်လိုက်ရာ လွန်ခဲ့သော '၄ ရာစု-၆ ရာစု' အတွင်း အသုံးပြုရေးသားလေ့ရှိသော ကျောက်စာစာလုံးပုံစံများဖြင့် ရေးထားသော စာနှစ်ကြောင်းကို တွေ့ရလေ၏။ ထိုအခါ ဦးကံသာက. .

'ဘာတွေရေးထားတာလဲ မောင်ကောင်းတုံ"

ဟု မေးလိုက်လေ၏။ ထို့ကြောင့် မောင်ကောင်းတုံက. .

ဆားပုလင်းနှင်းမောင်မှ

ကောင်းတုံသို့

လာဘ်မိုးရွာစေ



လို့ ရေးထားတယ်ဦးလေး။ ဆားပုလင်းနှင်းမောင်ဆိုတာ စုံထောက်ဘက်က ဖြစ်လိမ့်မယ်ထင်တယ်။ သူဟာ ဒီအမှုကြီးရဲ့ လက်သည်တရားခံဟာ ကျွန်တော်ဖြစ်တယ်ဆိုတာ ဂဃနဏ သေသေချာချာသိနေတဲ့သဘောပဲ"

ဟု ပြန်၍ပြောလိုက်စဉ် အရုပ်အမောင်းကောင်းကောင်း၊ ဥပဓိရုပ်သန့်သန့်ပြန့်ပြန့်ရှိ၍ ကုတ်အင်္ကျီ၊ ဘောင်းဘီတို့ကို အချိုးကျစွာ ဝတ်ဆင်ထားသောလူတစ်ယောက်သည် လှေကားထိပ်တွင်ရပ်ကာ. .

"သိပါတယ်ကိုကောင်းတုံ။ ဟိုဟာက မဥ္ဇူသာထင်တယ်။ ဟောဒီကတော့ စက်ရှင်တရားသူကြီးဟောင်း ဦးကံသာ မှတ်တယ်။ ဩော်. . ဒါနဲ့ ကိုကောင်းတုံရဲ့ဆရာကြီး ဦးလောစံကောခင်ဗျာ"

ဟု ပြောဆိုလိုက်သံကိုကြားလိုက်သဖြင့် ကောင်းတုံသည် ထိုသူအား လှမ်း၍ကြည့်လိုက်ပြီးလျှင်. . .

"ခင်ဗျား ဘယ်သူတုံး"

ဟု မေးလိုက်လေ၏။

"ကျုပ်. . ဆားပုလင်းနှင်းမောင်ပါ။ အင်းစိန်စီအိုင်ဒီက စုံထောက်တစ်ယောက်ဆိုပါတော့။ ကျုပ်ရဲ့မိတ်ဆွေကြီး

လာဘ်မိုးရွာစေ

www.burmeseclassic.com

www.burmeseclassic.com



အိုင်ပီဦးအောင်သင်းလည်း ပါပါတယ်။ ကျုပ်ဟာ ကိုကောင်းတုံတို့၊ မဥ္စူသာတို့ကို နှောင့်ယှက်ဖို့လာခဲ့တာ မဟုတ်ပါဘူး။ တာဝန်အရလာခဲ့ရတာပါ။ ဒီမှာကိုကောင်းတုံ၊ အမှုကလည်း ဖြစ်ပြီးနေပြီ။ ရှောင်လားတိမ်းလား လုပ်ဖို့တော့ စိတ်မကူးပါနဲ့ဗျာ။ ဥပဒေနဲ့ မျက်နှာချင်းဆိုင် လိုက်ပါ။ အပြစ်ဒဏ်ဆိုတာဟာလည်း လူတစ်ယောက် မှာရှိနေတဲ့ မကောင်းမှုကို ခဝါပေးခြင်းတစ်မျိုးလို့ ခင်ဗျား လည်း နားလည်ထားတာပဲဗျာ"

ဟု ဆားပုလင်းနှင်းမောင်က ပြောဆိုလိုက်လေတော့၏။

❖ ❖ ❖

ထို့နောက်တွင်ကား ဆားပုလင်းနှင်းမောင်သည် ကောင်းတုံ၏ အမှုကို အမြန်ဆုံး ရုံးတင်နိုင်အောင် စီစဉ်ပေးလေ၏။ ထိုသို့စီစဉ်ပေး နေစဉ်အတွင်း ကော့သောင်းမှထွက်လာသော 'ပြည်တော်ပြန်' ဆိုသည့် စက်လှေအား မျက်လုံးတစ်ဖက်လပ်လူတစ်ယောက်ခေါင်းဆောင်သော ဓားပြအဖွဲ့တစ်ဖွဲ့က လုယူသွားကြောင်း၊ ထို့နောက် ဓားပြအဖွဲ့သည် 'ပြန်တော်ပြန်' စက်လှေအား ပင်လယ်ပြင်သို့မောင်းနှင်သွားကြရာ 'အန်ဒမန်' ကျွန်းနှင့် ဆယ့်နှစ်မိုင်ခန့်ကွာဝေးသောနေရာတွင် လေမုန်





တိုင်းမိသဖြင့် နစ်မြုပ်သွားကြောင်း သတင်းများရရှိလေတော့၏။

ကောင်းတုံသည် အမှုတစ်ခုလုံးကို ငှင်းတစ်ယောက်တည်း ကျူးလွန်ခဲ့ကြောင်းဝန်ခံ၍ ငှင်းတစ်ယောက်တည်းတိုပင် ရုံးတင်၍ စစ်ဆေးခဲ့ရလေ၏။ ရုံးတော်မှ ဘောက်ထော်တိုက်ပျက်ကြီးအတွင်း လူသတ်မှုအတွက် တရားခံအား မိမိအသက်ကို ခုခံကာကွယ်ခြင်းဟု ယူဆခဲ့သော်လည်း မီးရထားလမ်းတွင် တိုက်ဂါးကြီးအား မီးရထားကြိတ်၍သေစေမှု၊ သက်န်းကျွန်းလူသတ်မှုတို့မှာ မျက်မြင်သက်သေမရှိသော်လည်း မောင်ကောင်းတုံ၏လက်ချက်ဖြစ်ကြောင်း သိသာသောကြောင့် မောင်ကောင်းတုံအား တစ်သက်တစ်ကျွန်းအပြစ်ဒဏ် ချမှတ်လိုက်လေတော့သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## သရဲကြီးနေသောအိမ်

ဦးလောစံသည် ထိုအိမ်ကြီး၌ပင် ဆက်လက်နေထိုင်လေ၏။ ဦးလောစံမှာ ခါတိုင်းကဲ့သို့ ဆေးကုသသောလုပ်ငန်းကို မပြုလုပ်နိုင်တော့ပေ။ ထို့ကြောင့် မဥ္ဇူသာက လစဉ် အသုံးစရိတ်အတွက် ငွေကြေးထောက်ပံ့ခဲ့ရလေ၏။ ဦးလောစံသည် ထိုအိမ်ကြီး၌ပင် ဆက်လက်နေထိုင်ခဲ့သော်လည်း အပြင်သို့မူ လုံးဝမထွက်တော့ပေ။ ညအချိန်မတော်၌ ၎င်းအားမြင်တွေ့ဖူးသူတို့သည် လူဟူ၍ပင်မထင်မှတ်တော့ပေ။ ဦးလောစံအား သရဲတစ္ဆေကြီးဟု ထင်မှတ်သွားကြသည်ချည်းဖြစ်၏။ ၎င်း၏တပည့် မောင်ကျင်စိန်မှာမူ တစ်ပတ်လျှင်တစ်ခေါက်ကျ လာရောက်၍ ဦးလောစံအတွက် လိုအပ်သောပစ္စည်းများကို ဈေးဝယ်ခြမ်းပေးလေ၏။ တစ်လတစ်ခါဆိုသလို စာတိုက်၌ မဥ္ဇူသာပေးပို့သောငွေတို့ ထုတ်ယူပေးလေ၏။ ဦးလောစံကမူ လူမတွေ့စေရန် ကျစ်လျစ်သိပ်သည်းစွာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နေသည့်ကြားကပင် ၎င်းအား မတော်တဆ တွေ့ဖူးသူများလည်းရှိ၏။ တစ်ခါကဆိုလျှင် မိန်းကလေးတစ်ဦးနှင့် ယောက်ျားလေးတစ်ဦးသည် မိုးရွာသောညတစ်ညဌ် မော်တော်ကားမောင်းလာရင်း မိန်းကလေးက ကိုယ်ဝန်လေးလဖြင့် ကလေးပျက်လေ၏။ ထိုအခါ ယောက်ျားလေးက မကြံတတ်သဖြင့် ဦးလောစံ၏ခြံတွင်းသို့ မော်တော်ကားကို မောင်းဝင်လာကာ ဦးလောစံအား အကူအညီတောင်းလေ၏။

ဦးလောစံမှာလည်း မကူညီလျှင်မဖြစ်တော့သည့်အဆုံး၌ ကလေးပျက်ကျသော ထိုမိန်းကလေးအား ကူညီရလေတော့၏။ မိန်းကလေးသည် အသက်ချမ်းသာရ ရသွား၏။ သို့ရာတွင် ယောက်ျားကလေးကမူ ဦးလောစံအား လူတစ်ယောက်ဟုမထင်မှတ်ဘဲ သရဲကြီးတစ်ကောင်ဟုသာ ထင်မှတ်သွားလေ၏။

မှတ်ချက်။ ။ မောင်သီဟဆိုသောသူငယ်လေး ကားမောင်းလာပုံ၊ ထိုသူငယ်လေး သရဲကြောက်ပုံ၊ ကိုယ်ဝန်လေးလနှင့် စိန်စိန်ဆိုသည့်မိန်းကလေးက လှည်းကူးမြို့ သချိုင်းအနီးမှ မောင်သီဟ၏ကားကို တက်စီးခဲ့ပုံ၊ လမ်း၌ စိန်စိန့်ကလေးပျက်ပုံ၊ ဦးလောစံကြီး၏အိမ်သို့ ရောက်ရှိပုံတို့မှာ လွန်စွာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ချစ်စွာသောစာဖတ်သူအား ဖတ်စေချင်လွန်းသဖြင့် ထိုအခန်းကို ဤဝတ္ထု၏အစပိုင်းတွင် တသီးတခြား ရေးသားဖော်ပြခဲ့ပြီးဖြစ်၏။ ထိုအခန်းကို ဖတ်ရှုလိုပါက ဤဝတ္ထု၏ အစပိုင်းတွင်ရှိသော မိုး ရာသီ၏ညတစ်ည ဆိုသည့် ခေါင်းစဉ်တပ်ထားသော အခန်းကို ပြန်လည်ဖတ်ရှုကြပါကုန်။

စာရေးသူ

❖ ❖ ❖

တစ်နေ့သ၌ မဉ္ဇူသာနှင့် ဦးကံသာတို့သည် ဦးလောစံထံသို့ အလည်အပတ်လာကြလေ၏။ မဉ္ဇူသာသည် မောင်ကောင်းတုံအတွက် အလှူအတန်းများ မပြတ်ပြုလုပ်ပေး၏။ မောင်ကောင်းတုံအတွက် ရည်စူး၍ ဇရပ်တန်ဆောင်းကျောင်းကန်များ ဆောက်လုပ်လှူဒါန်းပေး၏၊

ယခုလည်း ရွှေတိဂုံကြီးအနီး ဗဟန်းကြေးသွန်းဘုရားကြီး၌ ဂေါပကအဖွဲ့နှင့်တိုင်ပင်ကာ အလှူငွေများထည့်ဝင်လှူဒါန်းလိုခြင်း၊ အဆောက်အအုံများဆောက်လုပ်လိုခြင်းတို့ကြောင့် ရန်ကုန်သို့လာခဲ့ခြင်း







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ပြင် ဦးလောစံနှင့်လည်း မတွေ့ရသည်မှာ ကြာပြီဖြစ်သဖြင့် တွေ့ချင်သည့်အကြောင်းလည်းပါ၏။ ထို့ကြောင့် ၎င်းတို့သားအဖသည် ဦးလောစံ၏အိမ်၌ပင် တည်းခိုကြလေ၏။ ဦးလောစံကြီးလည်း လွန်စွာ ပျော်လေ၏။ ၎င်းတို့သုံးဦးသားသည် ညအချိန်များ၌ ကော်ဖီနှင့်မုန့် စားသောက်ရင်း စကားပြောကြလေ၏။

"မောင်ကောင်းတုံလို သတ္တိရှိပြီး အဘက်ဘက်တော်တဲ့ လူမျိုးကတော့ ရှားပါတယ် ဦးလောစံ"

ဟု ဦးကံသာက ပြောလိုက်လေ၏။

"ဒါကတော့ ဦးကံသာရဲ့သားပဲ။ ဦးကံသာ ကြိုက်သလောက် ချီးမွမ်းပေတော့"

ဟု ပြောလိုက်ရာ မဥ္ဇူသာသည် ၎င်းအား မောင်ကောင်းတုံနှင့် စောင်းချိတ်၍ပြောသည်ဟုထင်မှတ်ကာ ရှက်သွေးများဖြာ၍ မျက်နှာ တစ်ခုလုံး နီမြန်းသွားလေ၏။

"ကျုပ်ကလည်း ပေးစားချင်ပါတယ်ဗျာ မောင်ကောင်းတုံနဲ့ ကျုပ်သမီးကို။ ကျုပ်သမီးကလည်း မောင်ကောင်းတုံကို လက်ထပ်ဖို့ စဉ်းစားပြီးသားပါ။ ဒါပေမယ့် အခုလို ဦးလောစံက တည့်တည့်ကြီးနောက်လိုက်လေတော့ ကျုပ် သမီးကလေး အတော်ပဲရှက်သွားရှာတယ်"



BURMESE CLASSIC .com



ဟု ဦးကံသာက ပြောလိုက်လေ၏။

"ဘာလဲ ဦးကံသာ၊ မောင်ကောင်းတုံက ခင်ဗျားသားပါလို့ ပြောတာက မဥ္ဇူသာနဲ့လက်ထပ်မှာကို ရည်ရွယ်ပြီး ပြောတာ မဟုတ်ဘူး။ ခင်ဗျားရဲ့သားမို့လို့ သားလို့ပြောတာ။ ဒီကောင်ကလေးကို ကျုပ်ဟာ ဖဲသမားတစ်ယောက်ဆီက ငွေတစ်ရာငါးဆယ်ပေးပြီး ဝယ်ယူခဲ့ပြီး မွေးခဲ့တာ။ အဲဒီဖဲသမားက ရိုက်လိုက်နှက်လိုက် ညှဉ်းပန်းတာ မပြောပါနဲ့တော့ဗျာ။ ကျုပ်ဝယ်ခဲ့တုန်းက ခြောက်နှစ်သားလောက်ပဲ ရှိသေးတယ်။ အဲဒီတုန်းက သူ့နာမည်က မောင်နီတဲ့ဗျ။ ကျုပ်ဆီရောက်မှ ကျုပ်က ကောင်းစံနဲ့ နာမည်ချင်းဆင်တူအောင်ဆိုပြီး ကောင်းတုံလို့ နာမည်ပေးခဲ့တာပဲ။ သူ့ကို ဖဲသမားက မိန်းမကြီးတစ်ယောက်ဆီက ငွေငါးဆယ်နဲ့ဝယ်ခဲ့တာ။ ဖဲရှုံးလို့ ကျုပ်ကိုပြန်ပြီးရောင်းတာ။ ဖဲသမားရဲ့နာမည်က ညီင  တဲ့။ ကျုပ်သေသေချာချာ မှတ်မိပါတယ်။ အဲဒီ ဖဲသမားညီတင်က မိန်းမကြီးဆီက ဝယ်ခဲ့တာ။ အဲဒီ မိန်းမကြီးနာမည်က ဒေါ်အုံးကြည်၊ အင်မတန်ရက်စက်တဲ့ အပျိုကြီးပေါ့ဗျာ။ ဖဲသမားညီတင် ပြောပြချက်အရ ဒေါ်အုံးကြည်နေတဲ့မြို့ရွာကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းသိတယ်။ အဲဒီမြို့မှာကို ကျုပ်က မောင်ကောင်းစံတို့ မောင်ကောင်းတုံတို့နဲ့ အတူတူနေခဲ့ဖူးတယ်။ ဒေါ်အုန်းကြည်ကို ကျုပ်စုံစမ်းကြည့်ဖူးတယ်။ သူကလည်း တစ်ဆင့်ရခဲ့တာ။ အဲဒါက ဝါးနက်ချောင်းကကိုမြကောင်းဆိုတဲ့ လူရှုပ်လူပွေတစ်ယောက်ဆီကပဲ။ အဲဒီကိုမြကောင်းဆီကိုတော့ မောင်ကောင်းတုံကလေးပေါက်စအရွယ်က ငွေတစ်ရာနဲ့အတူ မွေးဖို့ လူတစ်ယောက်က လာပေးခဲ့တာ။ မြကောင်းဆီကို ပေးတဲ့လူက မောင်ကောင်းတုံရဲ့လက်ချက်နဲ့ လှံစူးပြီးသေသွားတဲ့ ဘယ်သန်ဘမှန်ဆိုတဲ့ လူဆိုးကြီးပေါ့ဗျာ။ သူက တရားသူကြီးမင်းဦးကံသာဆီက ခိုးလာတာလို့ သိရတယ်။ ဦးကံသာရဲ့ဇနီးဟာ ဆေးရုံမှာ အဲဒီကလေးကို မွေးခဲ့တာ။ ဘယ်သန်ဘမှန်ဆိုတဲ့ကောင်ကြီးက ခိုးယူသွားတာ။ ဝါးနက်ချောင်းက မြကောင်းဆိုတဲ့ကောင်က ကလေးကို သုံးနှစ်သားအထိတော့ မွေးပါသေးတယ်။ ကလေးလည်း သုံးနှစ်သားရောက်တော့ သူ့မိန်းမလည်း ဆုံးရှာတာနဲ့ ဆက်ပြီးမမွေးနိုင်တော့ဘူးလေ။ အဲဒီမှာ ဒေါ်အုန်းကြည်ကို ပေးလိုက်တာ။ ဒေါ်အုန်းကြည်ကလည်း ပထမတော့ ကလေးကို မွေးပါသေးတယ်။ နောက်တော့ သူ့ထက် အသက်ငယ်တဲ့ ပုလိပ်ကလေးတစ်ယောက်နဲ့ယူမယ်လည်းလုပ်ကော ကလေးကိုလည်း ဖဲသမားညီတင်ကို ငွေငါးဆယ်နဲ့ရောင်းစားလိုက်ကောဆိုပါတော့ဗျာ။ အဲဒီတော့ ဒီကလေးဟာ ဦးကံသာရဲ့ကလေးပေါ့ဗျာ"

ဟု ဦးလောစံက ရှည်လျားစွာရှင်းပြလိုက်ရာ ဦးကံသာနှင့် မဥ္ဇူသာတို့သည် ရှိက်ကြီးတငင်ငိုကြွေးကြလေတော့၏။

ထိုအခါ မဥ္ဇူသာက. .

"ဆရာကြီး ဦးလောစံရယ်. .။ ကိုကောင်းတုံက တစ်ကျွန်းကိုမပို့ခင်မှာ ဘာဖြစ်လို့ ဒီအကြောင်းကိုမပြောခဲ့တာတုံး။ ကိုကောင်းတုံသိသွားရင် ဘယ်လောက်ကောင်းမတုံး။ သူဟာ သူ့အဖေအရင်း ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ သိသွားရမယ်မဟုတ်လား"

ဟု ပြောလိုက်လေ၏။

"ဒါက မိန်းကလေးရဲ့စေတနာပေါ့လေ။ ကျုပ်လည်း ပြောသင့် မပြောသင့် အများကြီးစဉ်းစားပါတယ်။ ဒီအကြောင်းကိုသိရရင် ကျုပ်တပည့်ကလေးရဲ့ရင်ထဲမှာ တဆွေးဆွေး တမြည့်မြည့်ဝေဒနာမျိုး ခံစားသွားရမှာကို စိုးရိမ်မိတယ်။ ကျုပ်တပည့်ကလေး မောင်ကောင်းတုံကို ဒီလိုဒီဝေဒနာ





www.burmeseclassic.com

www.burmeseclassic.com



မျိုး မခံစားစေချင်ဘူး။ ဒါကြောင့် မပြောလိုက်တာပဲ။ အဲဒါ မှားတယ်ဆိုရင်တော့ ကျုပ်အပြစ်ပါပဲ မိန်းကလေးရယ်"

ဟု ဦးလောစံက ပြောလိုက်လေ၏။

သို့ရာတွင် မဈူသာနှင့် ဦးကံသာတို့သည် တဆွေးဆွေး တမြည့်မြည့် ငိုကြွေးနေကြလေတော့၏။ နောင်တွင်လည်း ထိုအကြောင်းကို စဉ်းစားမိတိုင်း ၎င်းတို့နှစ်ဦးသည် မျက်ရည်များ ဖြေမဆည်နိုင်အောင် တတွေတွေစီးကျလာပြီးလျှင် ငိုပွဲကြီးဆင်ကြရတတ်မြဲဟူသတည်း။

❖ ❖ ❖



BURMESE CLASSIC .com

## လာပြန်ပြီတစ်ခေါက်

တစ်ညသ၌ မိုးသည် သည်းထန်စွာရွာသွန်းနေ၏။ လေလည်း ပြင်းထန်စွာတိုက်နေ၏။ မော်တော်ကားလေးတစ်စီးသည် ရန်ကုန်ဘက်မှ ပဲခူးဘက်ဆီသို့ မောင်းနှင်၍လာနေလေ၏။ ထိုကားပေါ်တွင် လူနှစ်ဦးသာပါ၏။ တစ်ဦးမှာ ယောက်ျားဖြစ်၏။ ထိုယောက်ျားသည် ကားကိုမောင်း၏၊ တစ်ဦးမှာ မိန်းမဖြစ်၏။ သူသည် ကားမောင်းသော ယောက်ျား၏ပခုံးကို ခေါင်းနှင့်မှီလျက် လိုက်ပါလာလေ၏။ မင်္ဂလာဒုံသို့လွန်သည်နှင့်တစ်ပြိုင်နက် မိန်းကလေးက. .

"ကိုသီဟရယ်. . စိန်စိန်သိပ်ပြီးဝမ်းနာလာတယ်"

ဟု ပြောလိုက်လေ၏။ မောင်သီဟဆိုသော ကောင်ကလေးက. .



www.burmeseclassic.com

www.burmeseclassic.com



"တောဗျာ. . စိန်စိန်ကတော့ လုပ်ပြီ။ ဒါကြောင့် မလိုက်ခဲ့ပါနဲ့ဆိုတာလည်း ပြောလို့မရဘူး။ အခု ဘယ့်နဲ့လုပ်ကြမတုံး"

ဟု စိတ်ညစ်သောလေသံဖြင့် အပြစ်တင်လိုက်လေ၏။

"အရေးထဲ အပြစ်တင်မနေပါနဲ့ ကိုသီဟရယ်။ ဝမ်းကသိပ်နာလာပြီ။ အနီးဆုံးအိမ်ကိုဝင်စမ်းပါ"

ဟု ပြောလိုက်ရာ မောင်သီဟသည် အနီးဆုံးအိမ်သို့ဝင်ရန် လမ်းဘေးသို့ကြည့်လိုက်လေ၏။

"အလိုလေး. . ဟိုသရဲကြီးအိမ်ရှေ့ရောက်နေပြီ စိန်စိန်ရေ"

ဟု မောင်သီဟက ပြောလိုက်လေ၏။

"သရဲအိမ်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ဝင်စမ်းပါကိုသီဟရယ်"

ဟု ဆိုသဖြင့် မောင်သီဟလည်း ခြံဝ၌ ကားကိုရပ်လျက် ခြံတံခါးကိုဖွင့်ကာ မော်တော်ကားကို ခြံတွင်းသို့မောင်းဝင်ခဲ့လေ၏။

ထို့နောက် မောင်သီဟသည်. .

"အိမ်ရှင်တို့. . အိမ်ရှင်တို့. . တံခါးဖွင့်ပေးစမ်းပါ။ မိန်းမတစ်ယောက် ဝမ်းနာလာလို့ ကူညီကြစမ်းပါ"

ဟု ပြောလိုက်ရာ အပေါ်ထပ်မှအသံနက်ကြီးဖြင့်. .





"တံခါးတ ဖွင့်ထားတယ်၊ တွန်းပြီးဝင်ခဲ့"

ဟု ပြောသဖြင့် မောင်သီဟလည်း ၎င်း၏မိန်းမဖြစ်သူ စိန်စိန်အား ပွေ့ချီ၍ အောက်ထပ်မှဝင်ကာ ယခင်ကတက်ခဲ့ဖူးသောလှေကားအတိုင်း အပေါ်ထပ်သို့ သယ်ယူသွားလေ၏။

❖ ❖ ❖

BURMESE CLASSIC .com

အပေါ်ထပ်သို့ရောက်လျှင် သရဲကြီးကို တွေ့ရလိမ့်မည်ဟု မောင်သီဟမျှော်လင့်ထား၏။ သို့ရာတွင် ၎င်းမျှော်လင့်ထားသော သရဲကြီးကိုမတွေ့ရဘဲ လွန်စွာချောမောလှပသည့် မိန်းမတစ်ဦးက မောင်သီဟအား ကူညီ၍ စိန်စိန်ကို မ,ပေးပြီးလျှင် ခုတင်လွတ်တစ်လုံးပေါ်၌ ချပေး လေ၏။

ထိုအခါ မောင်သီဟစိတ်၌. .

"ဒီသရဲကြီးအိမ်မှာ ဒါလောက်လှတဲ့မိန်းမ ဘယ်နည်းနဲ့မှ မရှိနိုင်ဘူး။ ဒီမိန်းမဟာ ဥစ္စာစောင့်မဖြစ်လိမ့်မယ်။ သရဲကြီးကတော့ သူ့ရဲ့သိုက်စောင့်တပည့်ကြီး ဖြစ်လိမ့်မယ်"

ဟု တွေးထင်မိလေ၏။

ထိုအချိန်၌ပင် အခန်းတွင်းမှ သရဲကြီး၏အသံ ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်. . အောက်ကိုဆင်းပေး။ ငါက လာဆိုမှ အပေါ်တက်ခဲ့"

ဟုပြောသဖြင့် မောင်သီဟလည်း ကြောက်ကြောက်လန့်လန့်နှင့် အောက်သို့ဆင်းရလေ၏။ ထိုအခါ သရဲကြီးက. .

"မဥ္ဇူသာရေ. .။ ရေနွေးရှိတယ် မဟုတ်လား"

ဟု မေးလိုက်လေ၏။

"ရှိပါတယ်"

ဟု မဥ္ဇူသာက ပြန်၍ဖြေလိုက်လေ၏။

"အေးကွယ်. .။ ကလေးမွေးပေးရဦးမယ်။ ကူညီစမ်းပါဦး။ ဒုက္ခသည်လင်မယားပါကွယ်။ သနားပါတယ်"

ဟု အသံနက်ကြီးဖြင့် ပြောလိုက်သံကိုလည်း မောင်သီဟ အောက်ထပ်မှနေ၍ ကြားနေရ၏။

"ဥစ္စာစောင့်မရဲ့နာမည်က မဥ္ဇူသာလို့ ဆိုပါလား။ သရဲကြီးကလည်း တို့လင်မယားကို သနားတယ်ဆိုပဲ။ ဒီလိုသနားတတ်တဲ့သရဲမျိုး ငါတော့ မကြားဖူးပေါင်"

ဟု မောင်သီဟသည် တွေးတောနေမိသည်။

တစ်အောင့်မျှကြာလျှင် အပေါ်ထပ်မှ စိန်စိန်၏ညည်းသံများ၊ ဥစ္စာစောင့်မချော့ချော့လေး၏ အားပေးသံများကို ကြားနေရလေ၏။





ထို့နောက် ကလေးငိုသံကို ကြားရလေ၏။ မောင်သီဟသည် လှေကားတစ်ဝက်သို့ ပြေးတက်သွားပြီးလျှင်. .

"သရဲကြီး. . အဲ. . အဲ. . ယောင်လို့. . ဒေါက်တာကြီး ဘာလေးလဲဗျ"

ဟု အော်၍မေးလိုက်ရာ အပေါ်မှ အသံနက်နက်ကြီးဖြင့်. .

"ဟော့ကောင် တက်မလာနဲ့"

ဟု ပြောလိုက်သဖြင့် မောင်သီဟလည်း အောက်သို့ပြေးဆင်းသွားရလေ၏။ သို့ရာတွင် လွန်စွာချိုအေးသော ဥစ္စာစောင့်မ၏အသံလေး ထွက်လာလေ၏။

"ကလေးအဖေရေ. . ယောက်ျားလေး. . ယောက်ျားလေး"

ဟူ၍ ဥစ္စာစောင့်မလေးက အော်၍ပြောလိုက်လေ၏။ ထိုအခါ မောင်သီဟသည် ဝမ်းသာအားရဖြင့်. .

"ဝမ်းသာလိုက်တာ ဥစ္စာစောင့်မလေးရယ်. . အဲ. . အဲ. . သူနာပြုဆရာမလေးရယ်"

ဟု ပြန်၍ပြောလိုက်လေ၏။ ထို့နောက်တွင် မဥ္ဇူသာသည် ကလေးအား ရေမိုးသန့်စင်ပေး၏။ ကလေး၏မိခင်မှာလည်း နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီဖြစ်၏။

ထိုအခါ၌ သရဲကြီးက. .



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်. . တက်ခဲ့တော့”

ဟု ခေါ်လိုက်ရာ သရဲကြောက်တတ်သော မောင်သီဟသည် သရဲကြီးရှိရာ အပေါ်ထပ်ဆီသို့ ပြေး၍တက်သွားလေတော့၏။ ထို့နောက် ၎င်း၏သားလေးအား ဆွဲယူကြည့်ရှုလေ၏။ မဥ္ဇူသာက မောင်သီဟအား. .

“ဟိုမှာ ကော်ဖီရှိတယ်။ သောက်လိုက်ပါဦးရှင့်”

ဟု ပြောသဖြင့် မောင်သီဟလည်း ကော်ဖီကိုသောက်လေ၏။

ထိုအချိန်၌မှာပင် သရဲကြီးသည် မောင်သီဟအနီးသို့ လာ၍ထိုင်လေ၏။ မောင်သီဟသည် သရဲကြီးကိုမကြည့်ရဲသဖြင့် တစ်ဖက်သို့ မျက်နှာလွှဲထားလေ၏။ ထိုအချိန်၌ပင် သရဲကြီးက လှပချောမောသော မိန်းကလေးဘက်သို့လှည့်ကာ. .

“မဥ္ဇူသာ. . ဒီကလေးကို နာမည်ပေးရမယ်ဆိုရင် မင်း ဘယ်လိုပေးမတုံး”

ဟု မေးလိုက်ရာ မဥ္ဇူသာက မဆိုင်းမတွပင်. .

“မောင်ကောင်းတုံလို့ ပေးမှာပေါ့ရှင်”

ဟု ဖြေလိုက်လေ၏။

“အေး. . ဟုတ်တယ်။ ငါလည်း သဘောတူတယ်။ မောင်ကောင်းတုံလို့ နာမည်ပေးရမယ်”





[illegible] သရဲကြီးက အသံနက်ကြီးဖြင့် ပြောလိုက်လေ၏။

“[illegible] ကောင်းသုံ့ရှိသော [illegible] ဥစ္စာ။ ကျွန်တော်တို့က တရုတ်မှမဟုတ်ဘဲ”

ဟု မောင်သီဟက စောဒကတက်လျှင် သရဲကြီးက. .

“ဟော့ကောင် လျှာမရှည်နဲ့။ မောင်ကောင်းတုံလို့ပဲ ခေါ်မယ်”

ဟု ပြောလေ၏။

“ကျွန်တော့်ကလေးပဲဗျာ. .။ ကျွန်တော်ကြိုက်တဲ့နာမည် ပေးရမှာပေါ့”

ဟု မောင်သီဟက ပြောလေ၏။

“မလိုချင်ဘူး။ မင်းကလေးတော့ မှန်တယ်။ ဒါပေမဲ့ ငါ တို့မွေးပေးရတာ”

ဟု သရဲကြီးကကြိမ်းမောင်းလေ၏။ ထိုအချိန်၌မှာပင် အခန်းတွင်းမှ လူကြီးတစ်ယောက် အိပ်ရာမှနိုးလာကာ. .

“သမီးနဲ့ ဦးလောစံတို့ ဘာတွေငြင်းနေကြတာတုံး”

ဟု ပြောလေ၏။

ထိုအခါ မဥ္ဇူသာဆိုသော မိန်းမချောကလေးက. .

“ဒီလိုပါဖေဖေ။ ဟောဒီလင်မယားနှစ်ယောက် [illegible]



www.burmeseclassic.com

တော်ကားနဲ့ ခရီးသွားရင်း မိန်းမလုပ်တဲ့သူ ဝမ်းနာလို့ ဒီအိမ်မှာဝင်ပြီး ကလေးမွေးကန်ရာမြင်တယ်။ ကလေးက ယောကျ်ားလေးဖေဖေရဲ့။ ကလေးကို နာမည် ဘယ်လို ပေးရမလဲလို့ တိုင်ပင်နေကြတာပါ"

ဟု ပြောလိုက်ရာ ထိုလူကြီးက. .

"ဒါများ စဉ်းစားနေရသေးသလား သမီးရယ်။ မောင်ကောင်းတုံလို့ ပေးလိုက်ရောပေါ့ကွယ်"

ဟု ပြောလိုက်ရာ မောင်သီဟသည်. .

"လာပြန်ပြီဟ။ ဒီမောင်ကောင်းတုံဆိုတဲ့နာမည်ကို ဘယ်လိုများကြိုက်နေကြမှန်းမသိဘူး"

ဟု ပြောလိုက်ရာ အိပ်ရာမှထလာသော လူကြီး (ဦးကံသာ) က. .

"ဒီလိုမောင်ရင်ရဲ့။ ဟောဒီအိမ်ကြီးမှာ အခုရှိနေတဲ့ ကျုပ်ရယ်၊ ကျုပ်ဆိုတာက စက်ရှင်တရားသူကြီးဟောင်း ဦးကံသာ၊ ပြီးတော့ ကျုပ်သမီး မဉ္ဇူသာ၊ ဟောဟိုကဆရာကြီးဦးလောစ်တို့ရဲ့ နှလုံးသည်းပွတ်မှာ ကမ္ပည်းထိုးထားတဲ့ နာမည်တစ်ခုရှိတယ်။ အဲဒီနာမည်က 'မောင်ကောင်းတုံ' တဲ့။ ဒါကြောင့် ကျုပ်တို့ကိုခင်ရင်၊ ကျုပ်တို့ရဲ့စေတနာကို





လေးစားရင် မောင်ရင့်သားလေးကို မောင်ကောင်းတုံဆိုတဲ့နာမည်ကို မှည့်စေချင်တယ်။ မောင်ကောင်းတုံဆိုတာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ကျုပ်တို့က ပြောပြပါ့မယ်"

ဟု ဆိုကာ ဦးကံသာဇာတ်လမ်းပါအချက်အလက်များကို မောင်သီဟအား တစ်သောတ်တစ်လဲပြောပြရင်းနှင့်ပင် မိုးစင်စင်လင်းခဲ့လေတော့၏။

❖ ❖ ❖

